ဓမ္မရုံသီစာစဉ် (၅)

မိုးကုတ်၊ မန္တလေး၊ မုံရွာ
ဓမ္မရုံသီ မိုးကုတ်ရိပ်သာ ကျောင်းတိုက်ကြီးများ၏
ဦးစီးပဓာန နာယကက
နိုင်ငံတော် ကမ္မဋ္ဌာနာစရိယ
ပြည်တွင်းပြည်ပ သာသနာပြုဓမ္မကထိက


ဘဒ္ဒန္တ ဉာနန္ဒ


# ဗုဒ္ဓရည်မှန်း မြတ်ပဋ္ဌာန်း




အရှင် ဇောတိသာရ
(စဥ့်ကူး)
စီစဉ်ပူဇော်သည်

2011 GRAPHIC DESIGN : KYAW MINN MOUNG











ဗုဒ္ဓပါဠိတော် (၅)

မိုးကုတ် ဝေဠုဝန ဆရာတော်
ဓမ္မဒီပနီဆုံးမစာမိန့်ခွန်းတော်များနှင့်
နိဗ္ဗာန်ရောက်ကြောင်း
ဝိပဿနာ ကမ္မဋ္ဌာန်း
မြန်မာနိုင်ငံ သာသနာ့ ဗဟိုအဖွဲ့

# ဗုဒ္ဓဂုဏ်တော်

# မူရင်းမှန်း ပြတ်မှုရှိန်း

ရွှေကုန်ဓမ္မဆိုင် (မန္တလေး)
ဝိဇ္ဇာမဂ်စာပေ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၇၅၂၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၆၆၆၀၅၁၀

ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

အုပ်ရေ - ၃၀၀၀

အဖြင့်အဆင် - ဇူးထက်

စာအုပ်ချုပ် - ဆုလာဘ်ပြည့်

ကွန်ပျူတာ - Dream City, Ph: 09 73052433

ဖလင် - A7 Group

မျက်နှာဖုံးဒီဇိုင်း - ကျော်ခင်းဖေဝင်

မျက်နှာဖုံးနှင့် - ဆုလာဘ်ပြည့်

အတွင်းပုံနှိပ် ၃၅၇(က)၊ ၁၃ လမ်း၊ ၃ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၇၃၆၈၀

တန်ဖိုး - ၄၀၀၀ ကျပ်

၂၉၄.၇

သုခုမ လူမှု

ဗုဒ္ဓရည်မှန်း ဖြတ်လမ်းခိုင်း / ဘဝရှု လူမှုနှ။ - ရန်ကုန်။

ပန်းလေးဝေလယ်၊ ၂၀၁၀။

၄၇၀ စာ၊ ၁၃ x ၂၀ စင်တီ။

(၁) ဗုဒ္ဓရည်မှန်း ဖြတ်လမ်းခိုင်း

ညီအစ်ကိုမောင်နှမ ဖြစ်ကြသည့်ကျွန်ုပ်တို့

..........................................................................................

..........................................................................................

..........................................................................................

တို့အား ထမ်းဆောင်ခဲ့သော ကျေးဇူးတင်ပိုင်ခွင့်

ညီအစ်ကိုမောင်နှမတို့ ပိုင်ဆိုင်သည် ... ရေးထိုးချုပ်ဆိုခြင်း

ဆေးလောကဓံဆိုင်ရာ ဖြစ်ပါသောကြောင့်

ကောင်းမွန်စွာ

..........................................................................................

..........................................................................................

..........................................................................................

အချစ်ကြီးမှုသာလျှင်

သစ္စာရှိ လူ့လောက
ချစ်ခင်မှု ဖြစ်ကြပါစေ
ရေးရာ လူ့ ထိန်းသိမ်းရေး
မိမိရင်ထဲ ထွန်းလင်းပါစေ

# ဗုဒ္ဓညွှန်မှန်း မြတ်ပဋ္ဌာန်း

## မာတိကာ


(က) ပဋ္ဌာန်းတရား ရည်မှန်းချက်များ
ဓမ္မရံသီဆရာတော်ဘုရား၏ အမှာစာ (က)
(ခ) ပန်းအကော ကိုတင်မြင့် အမှာစာ (င)
(ဂ) ကျေးဇူးတော်လွှန်း (ဋ)


## (၁) ဟေတုပစ္စည်း


၁။ ပဋ္ဌာန်းအရှင် ဦးထိပ်တင် ၃
၂။ ပစ္စယုဒ္ဒေသပါဠိတော် ၄
၃။ ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော် ၄
၄။ ကျေးဇူးရှင်များ မှိုနိုင်လား ၅
၅။ နတ်နဲ့လူ့ယဉ်ပွဲ မြတ်ပဋ္ဌာန်း ၆
၆။ ခန္ဓာဖြစ်စဉ် ကြောင်းကျိုးပင် ၈
၇။ အကြောင်းတရားဆိုလျှင် အဟေတုကတဒ်မှီ ၁၀
၈။ လူသိုက်လပ်ပိတ်များ ကျင့်ကြံပွား ၁၁
၉။ ပြင်သင့်တာ မပြင်သင့်တာ ၁၃
၁၀။ ကိုယ့်စိတ်ကို စမ်းဆေးပါ ၁၅
၁၁။ အဓမ္မဟပိတ် ရှိနိုင်တယ် ၁၆
၁၂။ ဆင်းရဲကြောင်းနှင့် ဆင်းရဲကျိုး ၁၈

၁၃။ အကြောင်းတရား မချုပ်သေး အကျိုးရနေဦးမည် ၂၀
၁၄။ အကြောင်းအကျိုးဝယ် ဒိဋ္ဌိသုံးမျိုးတွယ် ၂၂
၁၅။ ပဋ္ဌာန်းနဲ့ ဒိဋ္ဌိသတ်သက် ကြောက်စရာကောင်း ၂၄
၁၆။ ဟေတုပစ္စည်းဟောရသည့် ရည်ရွယ်ချက် ၂၅

## (၂) အာရမ္မဏပစ္စည်း

၁၇။ အာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော် ၂၉
၁၈။ အမိကျေးဇူးဆပ်တရား ၃၀
၁၉။ ဒေသနာတော်သုံးမျိုး ၃၂
၂၀။ ဆရာတော်ကြီးများ ကျေးဇူး ၃၅
၂၁။ ဘုရားရှင်တော် မြင့်ပေါ်လွင် ၃၇
၂၂။ ဒေဝအယောင်ကို အစစ်အမှန်ထင်မို့ ၃၉
၂၃။ ခန္ဓမိဋ္ဌနှိုင်းဒေသနာ အသိစရာ ၄၂
၂၄။ ဝိညာဉ်လိပ်ပြာ မဟုတ်ပါ ၄၄
၂၅။ ရုပ်ရုံနဲ့ အဆင်းတိုက်တဲ့အခါ ၄၅
၂၆။ အာရုံရှိရ မြင်စိတ်အကြောင်းအကျိုး ၄၇
၂၇။ ကြောင်းကျိုးမြင်စိတ် သတ္တဝါ ၄၈

## (၃) အဓိပတိပစ္စည်း

၂၈။ အဓိပတိပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော် ၅၀
၂၉။ စကြဝတေးမင်းကြီး ဥပမာ ၅၂
၃၀။ အဓိပတိ နှစ်ဖက်ရှိတယ် ၅၄
၃၁။ အဓိပတိ ဘယ်, မသော် နှစ်မျိုးရှိ ၅၅
၃၂။ ဝါးဝါးအလုံမှာ အဓိပတိတပ်သူများ ၅၆
၃၃။ အာရုံခရောက်ယိုက်ရင် အဆာဆိုးနှင့်သေ ၅၉

၃၄။ သဗ္ဗသိရှင်ဘုရား ဆန္ဒတော် ၆၀
၃၅။ ဖြစ်ပျက်ပေါ်သောတာ အစကြောင်းအကျိုးပါ ၆၂
၃၆။ အတိစမ္မယာ နွေနဖက်တဲ့ပါ ၆၄
၃၇။ ဖြစ်ပျက်ခြင်းနှင့် စာရွာခံပင်တပ်ထားပါ ၆၆
၃၈။ ဆန္ဒအစိပတ်တစ်ရှင် ဝီရိယလည်း
အဓိပတိတဂ်ဖယ် ၆၇
၃၉။ အဓိပတိလေးပါးညီမှ ဖြစ်ပျက်ခြင်းရနည်း ၆၉
၄၀။ အဓိပတိလေးပါးဖြင့် နိဗ္ဗာန်သို့ရှိ ၇၀

## (၄) အနုရုပ္ပစ္စည်း

၄၁။ အနုရုပ္ပစ္စည်း၏ ပွေ့သန့်စွဲသဝါဠ်တော် ၇၃
၄၂။ အခြားမရှိ တျူးနူးပြဲ ၇၇
၄၃။ အနုရုပ္ပစ္စည်းသိရှင် ဓိဋ္ဌိစင် ၇၉
၄၄။ သိတ္တဲ့အတိုင်းကျင့် ကျင့်တဲ့အတိုင်းပေါက် ၈၀
၄၅။ ဖြင်စိတ်နှင့် ဖြင်သိစိတ် ၈၂
၄၆။ ဖြင်စိတ်သည် အဖူတသတရား ၈၄
၄၇။ ဓိဋ္ဌိပြုတ်ရေး ရှည်မှန်းမေး ၈၅
၄၈။ တရားအစပ်မှ ကုသိုလ်အဆက်ဆက်ဖြစ်ပံ ၈၇
၄၉။ ကုသိုလ်နဲ့အကုသိုလ် ဘယ်ဟာက များလဲ ၈၈
၅၀။ အနုရုပ္ပစ္စည်းက ထဝင်မခြား ကျေးဇူးပြုတယ် ၉၀
၅၁။ အနုရုပ္ပသဘော် စွန့်ရှိတယ် ၉၀

## (၅) သအနုရုပ္ပစ္စည်း

၅၂။ သအနုရုပ္ပစ္စည်း၏ ပွေ့သန့်စွဲသဝါဠ်တော် ၉၃
၅၃။ ဘုန်းတူးသမ္မာရှိခြံသာ ၉၇

၅၄။ ရောင်ခြည်တော် ကွန့်မြူးတဲ့ ပဋ္ဌာန်းဒေသနာ ၉၈
၅၅။ ပဋ္ဌာန်းသင်ကော သာသနာ့အခင်းကောင် ၁၀၀
၅၆။ ကံအကျိုးပေးကို ဖြတ်သည့် မဂ် ၁၀၂
၅၇။ မဂ်ထင်ကြိမ်ရှင် အပါယ်ကျွန်ုံတော့ ၁၀၄
၅၈။ သုတ္တသိဖြင့်ရေး ကြိုးစားပေး ၁၀၅
၅၉။ မြင်စိတ်နှင့် မကျေနပ်စိတ် ဆက်သွယ်ပုံ ၁၀၇
၆၀။ မြင်စိတ်နှင့် လိုချင်စိတ် ပေါ်ရာပွားနမတူပါ ၁၀၉
၆၁။ စုတိပြီးတာနဲ့ ချက်ချင်း ပဋိသန္ဓေဖြစ် ၁၁၀
၆၂။ ဝိပဿနာဉာဏ် မဂ်ဉာဏ် အကြားမရှိစေရေး ၁၁၂

## (၆) သဟဇာတပစ္စည်း

၆၃။ သဟဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော် ၁၁၅
၆၄။ လူနားလည်တဲ့နည်းနဲ့ ပြောမယ် ၁၁၆
၆၅။ နာမ်ခန္ဓာတို့ရဲ့ သဟဇာတဖြစ်ပုံ ၁၁၇
၆၆။ ပဋ္ဌာန်းကပေးတဲ့ သုညတအမြင် ၁၁၉
၆၇။ သိကြီးကျွင်း ကျင့်ရမည် ၁၂၀
၆၈။ ခန္ဓာကို သိရမယ် ၁၂၁
၆၉။ အတိတ်ကိုလည်း မလွမ်းနဲ့
အနာဂတ်ကိုလည်း မကြံနဲ့ ၁၂၂
၇၀။ လမ်းပေါ်မှာ လမ်းမလျှောက်ရအောင် ၁၂၄
၇၁။ ခန္ဓာပြောတာ ယုံလိုက်ပါ ၁၂၆
၇၂။ လူသိမခံချင်တဲ့ သူတော်ကောင်းများ ၁၂၇
၇၃။ ကိုယ့်အလုပ်သာ ကိုယ်လုပ်ပါ ၁၂၈
၇၄။ ရုပ်နာမ်ဆိုတာ သိစရာ ဖြစ်ပျက်တာမှ ရှုစရာ ၁၃၀
၇၅။ မဝင်ပါဘဲဖြစ်ခဲ့တာ သဟဇာတပါ ၁၃၁

၇၆။ ဖြစ်ပျက်တို့မြင် သောကစင် ၁၃၃
၇၇။ ခေတ်ကြီးလေးမြွာ သာသနာတလျှောက် ၁၃၅
၇၈။ ပဋိသမ္ဘိဒါ ရုပ်နဲ့နာမ်သာသနာတော်ဖြစ်ပုံ ၁၃၆
၇၉။ နာမ်နဲ့ရုပ် သာသနာတော်ဖြစ်ပုံ ၁၃၇
၈၀။ ယုညာဏဆိုက်ရှန် ယောခဲ့ပြန် ၁၃၈

## (၇) အညာရေညာပန္နည်း

၈၁။ အညာရေညာပန္နည်း ဝမ့်ယန်းဆွေသပါဦးတော် ၁၄၀
၈၂။ သာသနာတော်နှင့် အညာရေညာ နှိုင်းယှဉ်ချက် ၁၄၁
၈၃။ နာမ်ခန္ဓာလေးပါး အချင်းချင်းအတူဖြစ်ပုံ ၁၄၃
၈၄။ ဓာတ်လေးပါးညီမျှမှ အသက်ရှင်ရတယ် ၁၄၅
၈၅။ ဓာတ်တစ်ပါး အားနည်းလာရင်
ဖျော့နှမ်းလာတော့ ၁၄၆
၈၆။ လောကသားတိုင်း အညီအမျှ
ခံစားရောက်တော်မူခဲ့ ၁၄၇
၈၇။ ဝိဋ္ဋိက အခကြောင်း
အပါယ်ဖိလေးတို့ကျရခြင်းက အကျိုး ၁၄၉
၈၈။ လူ့သားဆန့်တဲ့ဝိဇ်နဲ့ ရောင့်ရှောက်သော ၁၅၀
၈၉။ မြတ်စွာ၏ ဥာဏ်သွေးဂိုယ ၁၅၂
၉၀။ သတ္တဝါနှင့်ပါး လေးပါးလုံးကြည် ၁၅၃
၉၁။ တန်ဖိုးနတော်တော့ ပရေးရကြဲရာ ၁၅၄
၉၂။ ခြေသင့်တဲ့ကော မခြေသင့်တဲ့ကော ၁၅၆
၉၃။ အညာရေညာပန္နည်းကို နည်းယူပါ ၁၅၇

## (ဂ) နိဿယ ဆရာ ဆွေးဦး


၉၄။ နိဿယဆရာဆွေးဦး၏ ဝတ္ထုနှင့်ဓမ္မသဝါဌ်တော် ၁၆၁
၉၅။ ဝမ်းမြောက်ဝမ်းသာ ဖတ်နှိုးရာ ၁၆၂
၉၆။ မိုးရာကောင်းရှိမှ အောင်မြင်မယ် ၁၆၃
၉၇။ မိုးရာမရှိဘဲ ရဟန်းညီနိုင်သလား ၁၆၅
၉၈။ တိုသိုပြောင်း လောကကြီး တိုးတက်ပါစေ ၁၆၆
၉၉။ မိဘနိုးရာ ကောင်းစုံပါစေ ၁၆၈
၁၀၀။ တရားတော်မိုးရာ အကျိုးများစွာ ၁၇၀
၁၀၁။ မိုးရာကောင်းမှ တည်းရာရမယ် ၁၇၁
၁၀၂။ ကျေးဇူးမိုးရာ ရှိစွပါသည် ၁၇၂
၁၀၃။ ချက်ခိုးအကြည်တို့ မိုးရှိ မြင်ရတယ် ၁၇၃
၁၀၄။ အကြည်တော်ပါးဖြာ မိုးရာ ၁၇၅
၁၀၅။ ဆရာကောင်းရှိမှ တပည့်ကောင်းဖြစ်နိုင် ၁၇၇
၁၀၆။ အရိုတိုသိလျှင် မိဋ္ဌစင် ၁၈၀
၁၀၇။ မိနေ့ရာပေါ် မိနေ့ရာချုပ် မိနေ့ရာသိအောင်ရှုပါ ၁၈၂


## (ဃ) ဥပနိဿယ ဆ ဆွေးဦး


၁၀၈။ ဥပနိဿယသတ္တညီး၏ ဝတ္ထုနှင့်ဓမ္မသဝါဌ်တော် ၁၈၇
၁၀၉။ နိဿယနှင့် ဥပနိဿယ
မြေကြီးနှင့် မိုးကောင်းကင် ၁၈၈
၁၁၀။ သတ္တာဆသိတဲ့ လောကတဝန်ဖတည်းနိုင် ၁၉၀
၁၁၁။ သတ္တသိချင်တဲ့ ကုသိုလ်က
တရားနာတဲ့ ကုသိုလ်သို့ ၁၉၂
၁၁၂။ ကုလာပစ္စုန်နဲ့ ကြားတိုးသစ္စာရှိ ၁၉၃

၁၁၃။ ဝိပဿနာ လုပ်ချင်စိတ်သည်
အားကြီးသော ကုသိုလ် ၁၉၃
၁၁၄။ ခန္ဓာ၏ ဖိတ်ခေါ်သံ ၁၉၆
၁၁၅။ ဝေဒနာပေါ်တဲ့အခါ အကုသိုလ်လာတယ် ၁၉၇
၁၁၆။ တစ်ခါတစ်ခါ အမှားကလေးလည်းလာ ၁၉၉
၁၁၇။ ကုသိုလ်ထဲမှာ အကုသိုလ်ရောရော ၂၀၀
၁၁၈။ သစ္စာမသိတော့ အကုသိုလ်ဖြစ်ရ ၂၀၁
၁၁၉။ အကုသိုလ်စိတ်လည်း ဖြစ်ပျက်ပဲ ၂၀၃
၁၂၀။ ကုသိုလ်ဥပနိဿယ ရကြပါစေ ၂၀၄

## ဥပနိဿယ ပစ္စည်း အပိုင်း(ခ)

၁၂၁။ ဥပနိဿယပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော် ၂၀၆
၁၂၂။ အထောက်အပံ့အားကြီးသော ရှေးကုသိုလ် ၂၀၇
၁၂၃။ ပွားရမည့် ရွှေငါးပါး ၂၀၉
၁၂၄။ သစ္စာသိတဲ့နဲ့ ရှိးလုပ်ခဲ့ကြတယ် ၂၁၀
၁၂၅။ သစ္စာမသိရင် မိဿကကံ ဖြစ်တတ်တယ် ၂၁၁
၁၂၆။ အကုသိုလ်ရောစိတ်လို့ အရှုံးသာကြုံရတယ် ၂၁၃
၁၂၇။ ဝတ်စင်ဖြူသော လမ္ဘဒသာတဏှာ ၂၁၄
၁၂၈။ သန့်သန့်လေး လုပ်ခဲ့ပါ ၂၁၆
၁၂၉။ တရားအလှူ သစ္စာရှု ၂၁၇
၁၃၀။ လောဘဒေါသများ ကျော်ခဲ့ပါစေ ၂၁၈
၁၃၁။ အကုသိုလ်စိတ်မှန်း သိကြပါစေ ၂၂၀
၁၃၂။ ဝိပဿနာဉာဏ် အားကောင်းစေသောကုသိုလ် ၂၂၂
၁၃၃။ လောကဖြစ်စဉ် ပဋ္ဌာန်းဖွင့် ၂၂၄
၁၃၄။ အကြောင်းမှန်မြင် ဒိဋ္ဌိစင် ၂၂၆

၁၃၅။ အာသေဝနရက်ကိုမှီ၍ ကုသိုလ် အကုသိုလ်ဖြစ်ပုံ ၂၂၆
၁၃၆။ သက်သတ်လွတ်က သာစေသူ၊
နှလုံးသွင်းမှန်ဖို့ရာက အဓိက ၂၂၈
၁၃၇။ နှလုံးသွင်းမှားလျှင် အကုသိုလ်ဝင် ၂၃၀
၁၃၈။ ဗုဒ္ဓအလိုကျ မှီဝဲကြ ၂၃၂
၁၃၉။ အာသေဝနရက်ကိုမှီ ဖြစ်ပျက်မြင် ၂၃၆
၁၄၀။ အာသေဝနမှာ ဝိပဿနာရှုနည်း ၂၃၇
၁၄၁။ စိတ်ကောင်းကျေးဇူး နိဗ္ဗာန်ကူး ၂၄၀
၁၄၂။ နှလုံးသွင်းမှားမှုနှင့် ဆင်ခြင်ရန် ၂၄၀
၁၄၃။ အမှီကောင်းရှိမှ ချမ်းသာရ ၂၄၂
၁၄၄။ အစဉ်မှန်လျှင်၊ နိဗ္ဗာန်မြင် ၂၄၃
၁၄၅။ ဝိသုဒ္ဓိ ခုနစ်ပါး၊ ရထားခုနစ်စင်း ၂၄၅
၁၄၆။ သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင်ဘေး ၂၄၈

## (၁၀) ဗုဒ္ဓါနုဿတိပွားနည်း

၁၄၇။ ဗုဒ္ဓါနုဿတိပွားနည်း၏ ပဋ္ဌာန်ဒေသနာပါဠိတော် ၂၅၀
၁၄၈။ ရှေ့ကဖြစ်နှင့်ပြီး ကျေးဇူးပြုတယ် ၂၅၂
၁၄၉။ အကြောင်းညီခံတက်လည်း အကြောင်းတရားကောင်း ၂၅၄
၁၅၀။ ဝန္တာနီးရပ် ဝဋ္ဋသမုဒ္ဓါရ်ရပ် သဗ္ဗတရားရပ် ၂၅၆
၁၅၁။ အာသေဝနနေတွေက ရှိ
မြင်မိတ်ကြွားစိတ်တွေက နှစ် ၂၅၇
၁၅၂။ ခန္ဓာမှာရှိတဲ့ တရားများ ၂၅၉
၁၅၃။ ကျူနပ် တင်းတိမ်စေနေပါနဲ့ ၂၆၁
၁၅၄။ ကုသိုလ် အကုသိုလ် ရှေ့က
သုဂတိ ဒုဂ္ဂတိ နေ့တိုက ၂၆၂

၁၅၅။ လှေလှော်း လှေအနှံ့တွေနဲ့ ရှုရှိုက်ခြင်းမျိုး ၂၆၄
၁၅၆။ မြတ်သော အသင်္ချေရှည်ခြင်းဖြစ်ပါစေ ၂၆၅
၁၅၇။ ဝိပဿနာဉာဏ်က နိဗ္ဗာန်ကို ကျေးဇူးပြုပုံ ၂၆၆


## (၁၁) ပဋ္ဌာနတရားစုစည်း

၁၅၈။ ပဋ္ဌာနတရားစုစည်း၏ ပစ္စယနိဒ္ဒေသပါဠိတော် ၂၆၈
၁၅၉။ နောက်စိတ်က စောင့်ရှောက်ပေးတယ် ၂၆၈
၁၆၀။ သင်းတဲ့ ပဲ့ ပဋ္ဌာနတော ၂၇၁
၁၆၁။ နောက်ပဋိသန္ဓေစိတ်က
ရှေ့ဘဝလဝကျော်ကြည်ကို ကျေးဇူးပြု ၂၇၄
၁၆၂။ သားသမီးကြီးပွားရေး မိဘစောင့်ရှောက်ပေး ၂၇၅
၁၆၃။ မခေါ်တဲ့လာ နေတတ်ပြန် သူ့ကိန်းဝင်သူ ၂၇၇
၁၆၄။ ရှေ့လောကစံကို နောက်အသိဉာဏ်နဲ့ခံပါ ၂၇၈
၁၆၅။ ရှုစိတ်က အရင် သိတတ် နောက် ၂၈၀
၁၆၆။ ဝိပဿနာမဂ်ရဲ့ ပဋ္ဌာနတရားစုစည်းဖြစ်ပုံ ၂၈၁
၁၆၇။ ဖြစ်ပျက်မြင်တော ပဋ္ဌာနတရားမွေ့သည်ပါ ၂၈၄
၁၆၈။ ကိလေသာစိတ်က အပါယ်ကိုကျေးဇူးပြု ၂၈၄
၁၆၉။ ရှင်ထဲမှာနေတော ကိလေသာအေးလို့ပါ ၂၈၆
၁၇၀။ ဉာဏ်လက်နက် ဆောင်ထားပါ ၂၈၇


## (၁၂) အာနာပါနစုစည်း

၁၇၁။ အာနာပါနစုစည်း၏ ပစ္စယနိဒ္ဒေသပါဠိတော် ၂၉၀
၁၇၂။ အာနာပါနရှုပုံဖြင့် သိစွမ်းရာ ၂၉၁
၁၇၃။ ဘုရားရှင်ဘဝမှာ ကြီးပွားချမ်းသာဖြစ် ၂၉၄
၁၇၄။ ဘဝများစွာ ပါရမီတော်တွေ ဖြည့်ခဲ့ရတယ် ၂၉၅

၁၇၅။ ပါရမီဖြည့်ဖက်ချစ်ရှင် ကျောဒီဦးဖေမောင်နဲ့ ၂၉၇
၁၇၆။ ပုရာဇဦးမိတ်ထားဟာ အမြဲဖြစ်ပါ ၂၉၉
၁၇၇။ တို့ကစ်တွေမှာက် ဘုရားရှာမှာ
ကြီးလာရှာတာ ၃၀၀
၁၇၈။ အာလောဝန ဖိုတော အနန္တတဲ့ ဖဝ်ပေး ၃၀၂
၁၇၉။ မိခီအကြောသိုလ်ကြောင့် သူကာစ်ပါး ဖနစ်စုသေနဲ့ ၃၀၄
၁၈၀။ ဇောတိကလျာမွေးရဲ့ ကုသိုလ်အာလောဝန ၃၀၅
၁၈၁။ ကုသိုလ်အာလောဝနတစ်ညီး
ကြီးသည်ထက် ကြီးပါစေ ၃၀၈

(၁၈ - ၁၉) ကမ္ဘာစည်းနှင့် ဝိပါကစည်း

၁၈၂။ ကမ္မဝစ္စည်းနှင့် ဝိပါကဝစ္စည်း
ပစ္စယာနိဒ္ဒေသ ပါဠိတော် ၃၁၃
၁၈၃။ သစ္စာသိစေချင်လို့ ဟောတော်မူခဲ့တာ ၃၁၃
၁၈၄။ ဘယ်လိုဝါကျင့်ကျင့် သစ္စာသိဖို့အဓိက ၃၁၅
၁၈၅။ ဝဋ်လည်ကြောင်း ဝဋ်ပြတ်ကြောင်း ၃၁၆
၁၈၆။ ဥပါဒါန်ရဲ့သတ္တိ ၃၁၇
၁၈၇။ ခန္ဓာကို ကြည့်ပါ ၃၁၉
၁၈၈။ ခန္ဓာနှိပ်စက်နေတာ မြင်ပါရဲ့လား ၃၂၀
၁၈၉။ ခန္ဓာအနှိပ်စက်ခံရတာ ဝိပါကဝဋ်ပါ ၃၂၂
၁၉၀။ သစ္စာသိစေဘာ ဆရာတော်ဘုရားပါ ၃၂၃
၁၉၁။ ဉာဏ်သုံးဆင့်နှင့် မိုဃသနုလွှာ ၃၂၄
၁၉၂။ ခန္ဓာဥစ္စာရှောင် ဒိဋ္ဌိပျောက် ၃၂၆
၁၉၃။ ကလာပခြောက်ပြာ စုံလင်စွာ ၃၂၇
၁၉၄။ သစ္စာသိဖို့ လှုပ်ပါ ၃၂၉

၁၉၅။ အနိုင်ပိုင်းပြီးသားတဲ့ အဝိဇ္ဇာ ၄၄၀
၁၉၆။ ကာမဂုဏ်မှာမျော့တဲ့ လောကီကုသိုလ်များ ၄၄၁
၁၉၇။ အကြောင်းသဘောတရားရင် အကျိုးပေးသဘောလည်းရှေ့ ၄၄၃
၁၉၈။ ကံပေါ်ဉာဏ်ဆင့် ဉာဏ်ဟုရားမှန် ၄၄၄

## (၁၅) အာဟာရပစ္စည်း

၁၉၉။ အာဟာရပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော် ၄၄၇
၂၀၀။ သဘာဝဓမ္မကို ရှင်းလင်းဖော်ပြခြင်းသာ ၄၄၇
၂၀၁။ အဇ္ဈတ္တိကဗြိ ဖန်ဆင်းရှင် အာယူဟာ ၄၄၉
၂၀၂။ သဝေနသားတော အာဟာရလေးပါး ၄၅၀
၂၀၃။ အစားကြောင့်တော့ အနှိပ်ဖြစ်ကတ်တယ် ၄၅၂
၂၀၄။ ပဋိသန္ဓေနေခြင်း ဆင်းရဲ ၄၅၃
၂၀၅။ မွေးဖွားခြင်း ဆင်းရဲ ၄၅၅
၂၀၆။ ကြွေစာလေးပါး အာဟာရရှင် ၄၅၇
၂၀၇။ နာမ်အာဟာရသုံးမျိုး ၄၅၈
၂၀၈။ မွေ့ဉာဏ်ကျော် နာမ်အာဟာရများများကျွေး ၄၆၀
၂၀၉။ အကြောင်းမှ အကျိုးမွေသော ရှိပါသည် ၄၆၂

## (၁၆) ဣန္ဒြိယပစ္စည်း

၂၁၀။ ဣန္ဒြိယပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော် ၄၆၆
၂၁၁။ ဣန္ဒြေနှစ်မျိုးရှိတယ် ၄၆၆
၂၁၂။ ဣန္ဒြိယနဲ့ အဓိပတိပစ္စည်း ၄၆၇
၂၁၃။ ကံမျက်လုံး မွဲတေကြည်း
ဉာဏ်မျက်လုံး လင်းရမယ် ၄၆၈
၂၁၄။ ရှေ့က ကြိုတင်ကျော်ရွှေ့ဖြတ်တဲ့ မိဘနှစ်ပါး ၄၆၉

၂၁၅။ မိုးကောင်းမှ သားသမီးလိမ္မာမယ် ၃၆၂
၂၁၆။ ဝဓိဝိတ်ကျွန်းသား ဘုရားမပေါ်ပါ ၃၆၃
၂၁၇။ ကိစ္စသော မင်းဆောင်
ရုံးမြဲနဲ့ ဆောင်ရွက်ပါ ၃၆၅
၂၁၈။ ကံမကြောက်ချင်ရင် ဉာဏ်မကြောက်ပါစေ ၃၆၇

(၁၇) ဈာနပစ္စည်းနှင့် မဂ္ဂပစ္စည်း

၂၁၉။ ဈာနပစ္စည်းနှင့် မဂ္ဂပစ္စည်းတို့၏
ပစ္စယနိဒ္ဒေသပါဠိတော် ၃၇၁
၂၂၀။ ဈာန်နှင့် ဈာန်အင်္ဂါ သိမှတ်ရာ ၃၇၁
၂၂၁။ ဈာန်အင်္ဂါငါးပါး လုပ်ငန်းများ ၃၇၄
၂၂၂။ ကုသိုလ်ဈာန်နဲ့ အကုသိုလ်ဈာန် ၃၇၅
၂၂၃။ မွေးရာပါ ဈာန်တွေ ရှားနေကြတယ် ၃၇၇
၂၂၄။ သမထဈာန်ကို ဝိပဿနာမမှတ်နဲ့ ၃၇၈
၂၂၅။ ဈာန်အကျိုးသာဉ်အတွက်
သာသနာတည်ထောင်တာ မဟုတ် ၃၈၀
၂၂၆။ သစ္စာမြင်မှ သာဓုခေါ်မယ် ၃၈၃

(၁၈) ဈာနပစ္စည်းနှင့် မဂ္ဂပစ္စည်း

၂၂၇။ ဈာနပစ္စည်းနှင့် မဂ္ဂပစ္စည်းတို့၏
ပစ္စယနိဒ္ဒေသပါဠိတော် ၃၈၇
၂၂၈။ မဂ္ဂင်အကြောင်း သိကောင်းစရာ ၃၈၇
၂၂၉။ သစ္စာဉာဏ်ရမှ ဘုရားပုံ ဝန်ခံတော်မူ ၃၈၉
၂၃၀။ ဈာန်နှင့်မဂ္ဂင် တွဲလျှင်ယှဉ် ၃၉၁
၂၃၁။ လောကုတ္တရာဈာန် သောတာပန်အကျိုး ၃၉၂

၂၃၂။ ဝေဘာဂီရှာနီ အပါယ်သံသရာလည်ဦးမှာ ၃၉၄
၂၃၃။ ဝဋ်ခြေကြွေးရဲ့ ဥက္ကာရှာသာ ၃၉၆
၂၃၄။ ချုပ်ရှုဥပဇ္ဈာ ဥက္ကာရှာမသေနိဗ္ဗာန်ပင် ၃၉၉

(၂၆ - ၂၇) သစ္စလုလ္လာပန္နည်းနှင့် ဝိပ္ပလုလ္လာပန္နည်း

၂၃၅။ သစ္စလုလ္လာပန္နည်းနှင့် ဝိပ္ပလုလ္လာပန္နည်း၏
ပစ္စယန်စွေ့သပါဦးတော် ၄၀၅
၂၃၆။ သုတ္တန်လေးတွေနဲ့ ဖောာခေးမယ် ၄၀၆
၂၃၇။ ခန္ဓာ ဥစ္စာ ငြိမ်းပဇာ နှံ့ပဇာ ၄၀၇
၂၃၈။ စိတ်နဲ့ဝေဒနာ ခွဲထုတ်လို့မရပါ ၄၀၈
၂၃၉။ ဖြစ်ပျက်မင်္ဂလာ နာမ်ခန္ဓာလေးပါးလုံးပါတယ် ၄၁၀
၂၄၀။ ဉာဏ်ခန္ဓာ ဦးဆောင်တဲ့အခါ
ပေါ့ပါးကြည်လင်မှု ၄၁၀
၂၄၁။ နာမ်မပါဘဲလို့ ရုပ်ချွေးဖြစ်ရုံ ၄၁၃
၂၄၂။ ယုဉ်ဖက်ပေါင်းတဲ့ ကျေးဇူးပြုတဲ့ ဝိပ္ပလုလ္လာ ၄၁၄
၂၄၃။ သုညတာရှိတဲ့မှ နိဗ္ဗာန်ရမည် ၄၁၆

(၂၈) အင်္ဂုလိပန္နည်း

၂၄၄။ အင်္ဂုလိပန္နည်း၏ ပစ္စယန်စွေ့သပါဦးတော် ၄၁၉
၂၄၅။ ထွေတိတန်းဝင်စေမှာ ဖြစ်ပျက်နှုန်းအေးသာမှာ ၄၂၀
၂၄၆။ အရှိတရား ကျေးဇူးများ ၄၂၂
၂၄၇။ နာမ်ခန္ဓာလေးပါး ကျေးဇူးတရား ၄၂၄
၂၄၈။ အားထုတ်ကျင့်ကြံ ပေါ်ခြိမ့်ရမ်း ၄၂၅
၂၄၉။ ပဋ္ဌာန်းဆိုတာ ရှုသတဲ့မှာရှိတယ် ၄၂၆
၂၅၀။ အသုံးမရှိ ပေါ်ခြိမ့်မယ် ၄၂၈
၂၅၁။ အလုပ်မလွဲစေရာ ခန္ဓာဉာဏ်ရောက်ပါ ၄၂၉

# (၂၂) နတ္ထိပစ္စည်း


၂၅၂။ နတ္ထိပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော် ၄၃၃

၂၅၃။ လူအားလုံးနဲ့ဆိုင်တဲ့ တရား ၄၃၃

၂၅၄။ အားလုံးနဲ့ကိုက်စေအောင် ပေးရတယ် ၄၃၄

၂၅၅။ ချုပ်တာနဲ့ ဖျက်ချင်း အစားထိုး ၄၃၆

၂၅၆။ ဒိဋ္ဌက အပေါ်ယံချွရှာ ၄၃၇

၂၅၇။ ခရိုတာကိုသိမှ ဝိပဿနာ ၄၃၈

၂၅၈။ ကိလေသာမရှိဟာ နိဗ္ဗာန်ပါ ၄၅၀

၂၅၉။ လူအဖြစ်မှ နတ်အဖြစ်သို့ နတ္ထိကျေးဇူး ၄၅၁

၂၆၀။ နတ္ထိပစ္စည်း ကျေးဇူးဖြင့် နိဗ္ဗာန်သို့ ၄၅၄


# (၂၃ - ၂၄) ဝိဂတပစ္စည်းနှင့် အဝိဂတပစ္စည်း


၂၆၁။ ဝိဂတပစ္စည်းနှင့် အဝိဂတပစ္စည်း၏
ပစ္စယနိဒ္ဒေသပါဠိတော် ၄၅၆

၂၆၂။ ဆရာတော်ကြီးများ ကျေးဇူးတော် ၄၆၁

၂၆၃။ ဝိဂတ အဝိဂတ ဟင်းလုံးကောင်းပုံ ၄၆၃

၂၆၄။ ကိလေသာကင်း ဉာဏ်စင်ကောင်း ၄၆၅

၂၆၅။ ဝိပဿနာဉာဏ်ဟာ ဖြစ်ပျက်နဲ့ကောင်းသော ၄၆၇

၂၆၆။ ခန္ဓာကောင်းတော့ ရှင်လန်း
အခါလကောင်းတော့ ကြမ်းပြင်း ၄၆၉

၂၆၇။ ခဏမစ္ဆာ ကောင်းတရား ၄၇၀

၂၆၈။ သစ္စာနဲ့ကင်းပြီး အရိယာဖြစ်ပါ ၄၇၁

၂၆၉။ ကိလေသာနတ် ဉာဏ်ကိုအတ်
နိုင်တတ်စေတဲ့ ၄၇၂

# ဓမ္မရံသီဆရာတော်ဘုရား၏ အမှာစာ

## ပဋ္ဌာန်းတရား ရည်မှန်းချက်များ

စာရှုသူ ယောဂီတို့လက်ဝယ် ရောက်ရှိနေသော "ဂုဏ်ရည်မှန်း မြတ်ပဋ္ဌာန်း" တရားတော်စာအုပ်မှာ ဒေသအသီးသီး၌ ဘုန်းကြီး ကြိမ်ဖန်များစွာ ဟောကြားခဲ့သည့် ပဋ္ဌာန်းတရားတော်များမှ အနှစ်ချုပ် ရေးသားတင်ဆက်ထားခြင်း ဖြစ်သည်။

"ဂုဏ်ရည်မှန်း မြတ်ပဋ္ဌာန်း" တရားတော်များကို လွန်ခဲ့သော ရှစ်နှစ်ခန့်က စတင်၍ မန္တလေးမြို့ မုန့်ဟိုရပ်တွင် တစ်ကြိမ်၊ ရွှေကျီးမြင့် မြတ်စွာဘုရားတွင် တစ်ကြိမ် ဟောကြားခဲ့သည်။ ထို့နောက် စဉ်ဆက်မပြတ်ဆိုသလိုပင် မုံရွာ၊ လားရှိုးမြို့များနှင့် ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံ စသော နိုင်ငံရပ်ခြား ဒေသများတွင်လည်း အကြိမ်ကြိမ် ဟောကြားပေးခဲ့သည်။ ယခုနှစ် (၁၃၇၂ ခုနှစ်) အမေရိကန်နိုင်ငံမှာ ဟောကြားပြီး ပြန်အလာ မန္တလေးမြို့ ရွှေကျီးမြင့် မြတ်စွာဘုရားတွင် အကြိမ်ကြိမ် ထပ်မံ၍ ဟောကြားဖြစ်ပါသည်။

နှစ်ကာလများစွာ အကြိမ်ကြိမ် ဟောကြားခဲ့သော အတွေ့အကြုံများကို အခြေခံပြီး ရှေးက ဟောခဲ့သမျှမှ လိုအပ်ချက်များ

ကို ဖြည့်စွက် ဟောကြားနိုင်ခဲ့သဖြင့် ရွှေကျီးမြင့် မြတ်စွာဘုရားတွင် ဟောကြားခဲ့သော တရားများ ပို၍ မှန်ကန်လင်းလင်း ရှိသည်။ ဘုန်းကြီးကိုယ်တိုင်လည်း အားရကျေနပ် နှစ်ခြိုက်မှု ရှိသည်။ တရားဟောရာမှာ နာယူသူဘက်က အင်အားလည်း အရေးကြီး၏။ တရားနာယူသူက တရားဓမ္မ အသိအမြင် ရှိသူက ပညာဗဟုသုတ ကောင်းလျှင် ကောင်းသလောက် ဟောပြောသူဘက်ကလည်း ပဋိဘာနဉာဏ် ပိုမို ထက်သန် အားကောင်းလေ၏။

ပညာရှိ သူတော်ကောင်းများ ပေါများရာ ဒေသတွင် ဟောကြားရသဖြင့် ဘုန်းကြီးတကာမှ မနက်ပိုင်း၊ နေ့လယ်ပိုင်း၊ ညနေပိုင်း အချိန်တိုင်းတွင် ရွှင်လန်းအားရစွာ၊ လန်းဆန်းကျန်းမာစွာ ဟောကြားနိုင်ခဲ့သည်။ ဉာဏ်ရည်တွက်လက် ထက်မြက်လာ၍ တရားသား ပိုမို စေ့စပ်လာသည်။ ပို၍ ပို၍ သဘောပေါက်လာသည်။ အလုပ်သင် သဘောများကိုလည်း ကျနစွာ ထည့်သွင်း ဟောကြားပေးနိုင်ခဲ့၍ မန္တလေးမြို့ ရွှေကျီးမြင့် မြတ်စွာဘုရားတွင် (၁၃၇၂ ခု) ဟောကြားခဲ့သော ပဋ္ဌာန်းတရားတော်ကို အားအရဆုံးဖြစ်သည်။ ယခု "ဗုဒ္ဓရည်မှန်း မြတ်ပဋ္ဌာန်း" စာအုပ်မှာ အထက်ပါ ရွှေကျီးမြင့် မြတ်စွာဘုရားတွင် ဟောကြားသော တရားတော်ကို မူတည်ပြီး ကျန်ဒေသများတွင် ဟောကြားခဲ့သော ကိစ္စများကိုပါ ညှိနှိုင်းကာ ရေးသားတင်ဆက်ထားခြင်း ဖြစ်သည်။

အနန္တ ကျေးဇူးတော်သခင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ထုတ်ဖော်ဟောကြားတော်မူခဲ့သော ပဋ္ဌာန်းကျမ်းတော်ကြီးမှာ မူလကတည်းကပင် ပြည့်စုံကောင်းမွန်ပြီး ဖြစ်ပါ၏။ ယောဂီသူတော်စင်များ ကောင်းစွာ နားလည် သဘောပေါက်စေဖို့ ဘုန်းကြီးက "အချိုပေါ် သကြားလောင်း၊ ကြိုက်ပြီးသားပေါ်တွင်

အသည်းဆင်း၊ ရွှေစလား ရွှေနားကွင်း၊ နိုင်ပြီးသားအရာ သိမ်းပြီး သားအရာ သိပ်" ဆိုသလို မိမိညာဏ်စွမ်းရှိသမျှ အားပေးထုတ် ဟောကြားပေးထားခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဟောကြား ဖြတ်ပဋ္ဌာန်းတရား ဒေသနာတော်ကြီးကို ကျေးဇူးတော်ရှင် အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရား ကြီး၏ "အခြေပြုပဋ္ဌာန်းတရားတော်" နှင့် ကျေးဇူးတော်ရှင် အမရပူရမြို့၊ မင်းလေးရိပ်သာ၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ "အလွယ်လေး အလုပ်သင် ပဋိစ္စသမုပ္ပါဒ်တရားတော်" များကို မှီငြမ်းလေးလျက် ဟောကြားပေးခဲ့ခြင်း ဖြစ်သည်။ မဟာဂန္ဓာရုံ ဆရာတော်ကြီးသည် ပရိယတ္တိ သာသနာတော်မှာ နေမင်းတစ်ဆူ ပမာ၊ မိုးကုတ်ဆရာတော်ကြီးသည် ပဋိပတ္တိသာသနာတော်မှာ လမင်းတစ်ဆူပမာ ထင်ရှားကျော်ကြားတော်မူကြပါသည်။ ဘုန်းကြီး မှာ ဆရာတော်ဘုရားကြီးများ သီတင်းသုံး စံပျော်ရာဖြစ်သော အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးတွင် ပရိယတ္တိစာပေ များ သင်ယူခဲ့ပြီး မိုးကုတ်မင်းလေးရိပ်သာကြီး၌လည်း ပဋိပတ် ကျင့်စဉ်များ လေ့လာခွင့် ရခဲ့သဖြင့် ဆရာတော်ဘုရားကြီးများ၏ တပည့်ရင်း ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးများထံမှ အာစရိယ ပါဠိမုဋ္ဌိ ရရှိအောင် သင်ယူနိုင်ခဲ့၍ အရှင်မြတ်ကြီးများ၏ ဩဝါဒ တော်များ၊ အဆုံးအမနှင့် အတွေးအခေါ်အယူအဆများကို ရှင်းလင်းပြတ် သားစွာ ဝေဖန်ထောက်ပြနိုင်စွမ်း ရှိခဲ့ပါသည်။ ဆရာတော် ဘုရား ကြီးများ၏ အနန္တ ကျေးဇူးဂုဏ်တော်များကို သတိရ၍ ဦးထိပ်ရွက် နှီး ပူဇော်လျက် ရှိပါ၏။

ဆရာတော်ဘုရားကြီးများ၏ ဉာဏ်တော်ကို မှီရပြီး ပဋ္ဌာန်းကျမ်းတော်ကြီးကို အခြေခံလျက် ပဋိစ္စသမုပ္ပါဒ် အလုပ်သင် စန္ဒာညာဏ်ရောက် ဝိပဿနာအနေဖြင့် ဟောကြားထားခြင်း ဖြစ်

၍ တရုတ် ယောဂီတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလိမ့်မည်ဟု ဘုန်းကြီး လေးနက်စွာ ယုံကြည်ပါသည်။ "ဗုဒ္ဓရည်မှန်း မြတ်ပဋ္ဌာန်း" ကျမ်းစာအုပ် ဖြစ်ပေါ်လာအောင် ရေးသား စီစဉ် ဆောင်ရွက်ပေးသော အရှင်ဇောတိကာရ (ဗုဒ္ဓဂူး)၏ ကြိုးပမ်း အားထုတ်မှုကိုလည်း အသိအမှတ်ပြု သာဓုခေါ်ပါသည်။

"ဗုဒ္ဓရည်မှန်း၊ မြတ်ပဋ္ဌာန်း" ကျမ်းစာအုပ်ကို ဖတ်ကြား မှတ်သား လေ့လာခြင်းဖြင့် တရုတ် ယောဂီသူတော်စင်အပေါင်း မြတ်ဗုဒ္ဓရည်မှန်းရာ နိဗ္ဗာန်ပန်းတိုင်သို့ မဝေမဝန်း ချမ်းသာ ရွှင်လန်းသော အသိဉာဏ်ဖြင့် ရောက်ရှိနိုင်ကြပါစေသော်။

ဓမ္မရံသီဆရာတော်

## ငွေရှာတော့ ကျော်ပါစေ
## မြတ်လေး ကို့ရော

'တာဝန်ကျေတယ်' ဆိုတာ တစ်စုံတစ်ယောက်က ခိုင်းစေထားတဲ့ လုပ်ငန်းစဉ်ကို ပြီးစီးအောင် မဖြစ်မနေ၊ မရှိမဖြစ်၊ တရစပ် ဆောင်ရွက်လိုက်တာပါပဲ။ 'ဒါဖြင့် တာဝန်က ဘာကြောင့် ကျေရတာလဲ' လို့ မေးရင် 'ခိုင်းစေသူထံက လောက်လော၊ အခွင့်အရေး၊ နေရာ၊ အဆင့်အတန်း၊ အနိမ့်အမြင့်၊ သင့်တင့်သလို ရယူထားတဲ့အတွက် အနီးရလာဒ်တွေ ပျောက်ပျက်သွားမှာ ကြောက်ရွံ့ရလို့ မဖြစ်မနေ တာဝန်က ကျေရတာ' ဖြစ်လေတော့ တာဝန်ထဲမှာ '**စေတနာ**' ဟာ နေရာမရှိပါဘူး။

လောက်လော၊ အခွင့်အရေး တစ်စုံတစ်ခု ရယူထားပြီးရင် အဲဒီလုပ်ငန်း ကိုယ်ပိုင် အရည်အချင်းနဲ့ တာဝန်၊ ထွေးရောယှက်တင်ပြီး ဝန်းပေါ်ကို ဝန်ထုပ်ဝန်ပိုးအဖြစ် တာဝန်ရှိသွားပါတယ်။ ရှိတာကိုလည်း သိရပါတယ်။ သိရလေတော့ ကျေအောင် ဆောင်ရွက်ရတော့တာပါပဲ။ မဆောင်ရွက်ရင် တာဝန်ပျက်မှာပေါ့။ ဒါဖြင့် တာဝန်ရှိလို့ တာဝန်သိပြီး ကျေပွန်ရမည့် လုပ်ဆောင်ချက်တိုင်းဟာ '**သတိုင်းဟေးတာဝန်**' လို့ ခေါ်ဝေါ်ရသလို ဘုံထားမယ့် စေတနာ

အဖော်မွန်မပါတဲ့အတွက် ရှုရင်းမပျက် ဘာသာပြန်ရင် 'ရှုန်းစိတ်' ပါပဲ။

'ဝတ္တရား ဆကျော' ဆိုတော့ လူအချို့က 'ဝတ်ကျေ တန်းကျေ' လို့ ပြောကြပါတယ်။ 'ဝတ်ကျေ တန်းကျေ–ဆိုတာ စိတ်မပါ၊ သတိမပါ၊ ဖြစ်သလို၊ ပုံစံသာလို့' လို့ ဘာသာပြန်ရင် ကြမ်း ပေါ်ပါတယ်။ မဟုတ်ပါဘူး၊ ဝတ္တရား–ဆိုတာ 'ဝတ္တ၊ ဓမ္မ၊ ဝတ္တပေါင်း၊ ဓမ္မ–တရား၊ ဝတ်နဲ့တရား နှစ်ခုပေါင်းလိုက်လို့ 'ဝတ္တရား' ဖြစ်သွားတာပါ။ 'ဝတ်' ဆိုတဲ့ ဝေါဟာရကို တိုက်ရိုက် ဘာသာပြန်ရင်–ဝတ်တစ်ခုလာပြီး မဖြစ်မနေ လုပ်ကို လုပ်ရမယ့် လုပ်ငန်းစဉ်' လို့ အဓိပ္ပာယ်ရပါတယ်။

'မဖြစ်မနေ လုပ်ကို လုပ်ရမယ့် ဝတ္တရား လုပ်ငန်းစဉ်တွေက ဘာတွေလဲဆိုရင်–မိဘကို သားသမီးက ပြုစုလုပ်ကျွေးဖို့အတွက် သူ့မှုအရိုင်းကို စောင့်ရှောက်ရမှာလား။ လာဘ်လာဘ အခွင့်အရေး တစ်စုံတစ်ရာအပေး စောင့်ရှောက်ရမှာလား။ ဘယ်သူ့ အချိန်ကို ခံယူရမှာလဲ။'

မိဘက သားသမီးကို၊ သားသမီးက မိဘကို၊ ဆရာက တပည့်ကို၊ တပည့်က ဆရာကို၊ ဇနီးက သမီးကို၊ သမီးက ဇနီးကို အပြန်ပြန် အလှန်လှန် လုပ်ငန်းစဉ်တွေပဲ မဟုတ်လား။ ဘယ်သူ့နိုင်းစေချက်၊ အခွင့်အရေးဆိုတာတွေ တစ်ခုတစ်ရာမှ မပါတဲ့ အသိတရား ပြည့်ဝနေပြီး ကိုယ်ပိုင်ဉာဏ်နဲ့ ဆောင်ရွက်ရတာမို့ 'သစ္စာစိတ်' လို့ ပြောရင် ပိုပြီး မှန်ကန်ပါတယ်။

ဒီယာက် ရှုမြင်ပြောရင် ဝတ္တရား–ဆိုတာ အရှင်းရှင်း အပြန် ပြန် အလှန်လှန် ကျင့်သုံး လိုက်နာကြရတဲ့ 'စာရိတ္တသီလ' တွေ ဖြစ်ပါတယ်။ တစ်နည်းပြောရင် 'ဓမ္မတာ' ပေါ့။ ဓမ္မတာ–

ကို ဖြန့်တေသ 'ခရိုက်' လို့ ဘာသာပြန်ပါတယ်။ ခရိုက်–ဆိုတာ 'အကျင့်' ကို ခေါ်တာဖြစ်တဲ့အတွက် ဝဏ္ဏရေးတွေကို 'အကျင့်ခရိုက်' တွေလို့ ခေါ်ရမှာ ဖြစ်ပါတယ်။ 'ဒီလူ အကျင့်မကောင်းဘူး။ ဒီရပ်ကွက်က လူတွေ ခရိုက်ကြမ်းကြတယ်' လို့ ပြောတာဟာ စာရိတ္တသီလ မရှိဘူး။ ဝဏ္ဏရေး မကျွမ်းကျင်တဲ့ လူရိုင်းတွေလို့ ပြောတာနဲ့ အတူတူပါပဲ။

'စာရိတ္တသီလ–ဆိုတာ လူသားချင်း လိုက်နာကျင့်သုံးရမယ့် စည်းကမ်း' တွေကို ပြောတာပါ။ စည်းကမ်း–ဆိုတာ တိရစ္ဆာန်ထက် သာတဲ့ 'စနစ်' တွေပါပဲ။ အဲဒီစနစ်တွေကို ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း ကျင့်သုံးကြဖို့ 'ဓံ' အဖြစ် သုတ်ယူပြီး လူသားမျိုးနွယ်စုရဲ့ 'ယဉ်ကျေးမှု' အဖြစ် ဘုရားသခင်ရှိသော အရိယာ ပညာရှိ သူတော်ကောင်းများက သတ်မှတ်ခဲ့ကြပါတယ်။ သတ်မှတ်ချက်အတိုင်း လိုက်နာကြမယ့် လူတွေ။ လူတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ပတ်ဝန်းကျင်ကို 'ခေတ်' လို့ ခေါ်ရမှာပါ။

စည်းကမ်း၊ စနစ်၊ ဓံ၊ ယဉ်ကျေးမှု–ဆိုတဲ့ ဝဏ္ဏရေးတွေ ကျွမ်းနေတဲ့ အချိန်အခါဟာ 'ကာလသမ္ပတ္တိ–ခေတ်ကောင်း ကောင်းနဲ့ ပြည့်စုံတဲ့ ကာလ' လို့ ပြောရမှာ ဖြစ်သလို၊ ဝဏ္ဏရေးတွေ ပျက်ကွက်ပြီဆိုရင်လည်း 'ကာလဝိပတ္တိ–ခေတ်ပျက်ကြီး–' လို့ ပြောဖို့မှတစ်ပါး အခြား မရှိပါဘူး။'

ဝဏ္ဏရေးတွေကို ချင်းချင်း၊ အပြန်ပြန် အလှန်လှန် ကျင့်သုံးလိုက်နာကြတဲ့ အိမ်၊ ပတ်ဝန်းကျင် ရပ်ကွက်၊ ကျေးရွာများမှာ နေထိုင်ရတာ စိတ်ချမ်းသာစရာ၊ ကြည်နူးပျော်ရွှင်စရာ ကောင်းလှပါတယ်။ ကျော့ကျော့ပြောင်ပြောင် ပတိသမ္ပတ္တိ–ပတ်ဝန်းကောင်း၊ နေရာဒေသကောင်း၊ ဖြစ်ရတာလေးရာ ကောင်းလှပါပဲ။ ဝဏ္ဏရေးတွေ

(စည်းကမ်း – စနစ် – ဝံ – ယဉ်ကျေးမှု) ရှိတဲ့ ပတ်ဝန်းကျင်မှာ နေရတာ 'ဂတိ ဝိပတ္တိဘေး' – သင့်နေတာပါပဲ။ အလားတူ…

ဝတ္ထုရေးမကျေ (စည်းကမ်း – စနစ် – ဝံ – ယဉ်ကျေးမှု) မရှိသူတွေဟာ 'ဥပဓိဝိပတ္တိ – ရုပ်ဆင်းအင်္ဂါဖောက်ပြန် ပျက်စီးနေတာနဲ့ အဲသလို မျက်နှာချိုးတွေကို မြင်တွေ့ရတာ ကျက်သရေမဲ့လှပါတယ်။' ပြီးတော့ – အပြောအဆို၊ ကိုယ်အမူအရာ ရိုင်းပျခြင်း၊ ပါရထတရား နိုင်ငံတော်ရေး ကျိုးသူတွေဟာလည်း 'ပယောဂ ဝိပတ္တိဘေး' သင့်နေတာပါပဲ။ အချုပ်ကတော့ ဝတ္ထုရေး ပျက်ကွက်ခြင်းဟာ 'ဝိပတ္တိ – တရား ၄ – ပါး' လုံးနဲ့ တိုက်ရိုက် သက်ဆိုင်ပါတယ်။

လူသား မျိုးနွယ်စု အချင်းချင်း ဘာသာ ဘာသာစကားတွေကိုမှ မကျေးမွေးနိုင်သေးမယ့် မျက်နှာချင်း ဆုံတွေ့ရတဲ့ အပြုံးမျက်နှာလေး ပေးလိုက်ခြင်းဟာ ဝတ္ထုရေးတွေပါတယ်။ ဝတ္ထုရေးတွေဟာဟာ စာရိတ္တသီလနဲ့ ပြည့်စုံပြီး ယဉ်ကျေးလှ၊ ပယောဂ သမ္ပတ္တိရှိသူ – လို့ ခေါ်ရမှာ ဖြစ်ပါတယ်။ တချို့က မိမိနေရာဌာနကို ရောက်လာရင် မျက်နှာရှစ်ခေါက်ချိုးနဲ့ အချင်းချင်းကို သူကိုကြည့်ကြည့်ပြီး အပြုံးမျက်နှာ တန်တော့ဆွမ်း လောင်းတတ်ကြပါတယ်။ အဲဒီတော့ ပယောဂဝိပတ္တိ – ဘေးသင့်နေတာ သူ မသိရှာပါဘူး။ ဒါနဆိုတာ ပစ္စည်းကို လှူမှ ဒါနမဟုတ်ပါဘူး။ 'ဘာကူညီရမလဲ ခင်ဗျာ' လို့ အပြုံးလေးနဲ့ ကြိုဆိုတာ အလှူလုပ်လိုက်တာပါပဲ။ အမျိုးကို မေတ္တာရှာကိုလိုက်တာပါပဲ။

တချို့က လူမျိုးစုအလိုက် ဝတ်ဆင်တဲ့ အဝတ်အစားများကို ဝတ်ဆင်လိုက်တာ 'ယဉ်ကျေးမှု' လို့ ပြောနေကြပါတယ်။ ဝတ္ထုရေးဆိုတဲ့ အကျင့်စရိုက်ပျက်စီးနေရင်၊ လူသားအချင်းချင်း လေးစားရမယ့် မေတ္တာတရားတွေ၊ မေတ္တာဝစီကံတွေ ချို့ယွင်းနေသူဟာ ဘယ်လိုဝတ်စုံကို ဝတ်ဝတ်ယဉ်ကျေးပါဘူး။ ယဉ်ကျေးသူ – လို့

မခေါ်ဆိုကြပါဘူး။ အကယ်၍ ယဉ်ကျေးတယ်–လို့ ထင်ရင် ဖခင်အိုကို ရွှေချထားလေ့ရှိသော ဖြစ်စေပါလိမ့်မယ်။

ထားဝန်ရဲ့ တွေ့ရှုးအကြောင်း ကျွန်ုပ်တို့တွေကို ပေါင်ဖြစ်ခဲ့တာဟာ 'မိုးကုတ်၊ မန္တလေး၊ မုံရွာခရိုင်၊ မိုးကုတ်ရိပ်သာကြီး–များရဲ့ ပဋ္ဌာနနာယက၊ ပြည်တွင်း၊ ပြည်ပ နယ်လှည့်ဟောသနာပြု ရှေ့ဆောင်က၊ နိုင်ငံတော် ဟန္ဒသနာစရိယ၊ ဆရာတော် ဘဒ္ဒန္တ သုနန္ဒ' ရဲ့ ဂုဏ်ရည်များကို သီးခြားပူဇော်ချင်လို့ အကောက်လိုက်ခဲ့ပြီး ဖော်ပြနေခြင်းဖြစ်ပါတယ်။ မြတ်စွာဘုရားက 'ဥဒါနပါဠိတော် သိပ္ပသုတ်'မှာ "အကြောင်းမရှိလေသည့် အသက်ကို မှီ၍ အသက်မွေးလေ့ မရှိ။ ပေါ့ပါး၏။ မိမိအကျိုးစီးပွားလည်း သူတစ်ပါး အကျိုးစီးပွားကို လိုလား၏။ ဣန္ဒြေကို စောင့်စည်းတတ်၏။ လောက–ဓမ္မ ကင်းလွတ်အောင် နေ၏။ အာယတန ၆–ပါးတို့၌ သက်ဝင်သောစိတ် မရှိ။ တိန်ချုပ်၏။ မြတ်နိုးခင်တွယ်မှု မရှိ။ တောင့်တမှု မရှိ။ သူ့ကို ရွန့်၍ တစ်ယောက်တည်း ကျင့်၏။ သူတစ်ပါး ကျင့်ရန်လည်း ကိုယ်တွန်းတတ်၏။ ထိုပုဂ္ဂိုလ်သည်သာ ဘိက္ခု–မည်၏" လို့ ဟောတော်မူခဲ့ပါတယ်။

ဟုတ်ပါတယ်။ လူထဲမှာ အသက်ကြီးတိုင်းသာ 'လူကြီး' လို့ ခေါ်ရသလောက် ရှိသလို သာသနာတော်မှာလည်း 'ဝါ' တွေသာ တိုးပြီး ဘာမှ မတိုးတဲ့ ရဟန်း–သာမဏေ ကြီးငယ်တွေ များစွာ ရှိပါတယ်။ အခြင်းပြောတာ မဟုတ်ပေမယ့် အလုပ်လုပ်သူနဲ့ မလုပ်သူ ယှဉ်ကြည့်လိုက်တဲ့အခါ အမြင့်–အမြင့် ကွာခြားချက်တွေက ပြတ်သားတစ်လင်း ထင်ရှားလင်း ဖြစ်နေတာ တွေ့ရတဲ့အတွက် ကြည်ညိုစရာ ဂုဏ်ရည်တွေက အလိုလို ပေါ်လွင်လာပါတယ်။ ကျိုးပေါင်းများစွာမှာ တရားစခန်းတွေ ဖွင့်ပေးတယ်။ တရုတ်ခွဲတွေ ခွဲခေါ်နေကြတယ်။ ခွေးဝဲလေးတွေ ရောသား

# (၃၉)

ထွက်သေတယ်။ ရဟိုသာကြီးတွေ ကြည့်ထောင်ပေးထားတယ်။ ယောဇဉ်တရားဖုရားနဲ့ တစ္ဆေပိဓ္လောကို လှလာ ဖော်ရှုကြည့်တဲ့အခါ ကျမ်းအိုပြီးကြီးတွေကို မြန်မာစကားနဲ့ မြန်မာ့နား တန်ဆောင် ဆင်ပြထားတယ်။ ဘာသာခြားတွေတောင် နားလည် သဘော ပေါက် ဝမ်းမြောက်ကြကြောင်း သိရတယ်။ ဒီတော့...

ရှေးနှုန်းတစ်ပါးဟာ 'မကောင်းမြစ်ဝော၊ ကောင်းရာ ညွှန်လမ်း၊ အသစ်လောကြွေး၊ နာဖူးထင်၏၊ နတ်ထိုကောင်ရာ၊ မေတ္တာ လည်းပြု၊ ရှေးနှုန်းရှူ၊ ခြောက်နေ လွှန်သေချာ' ဆိုတဲ့ ဝတ္ထုရှုတွေ ကျွန်ုပ်နှုန်းလို့ 'ဝတ္ထုရှုတွေ၊ ကျော်ပါဖေး၊ မြတ်စော တို့ဆရာ' လို့တောင် ထပ်ဆင့် ပူဇော်ချင်ပါသေးတယ်။ 'ဇဂတာ ဒီဒီဇ သေမျော ပယာခတော ဓမ္မနုဗ္ဗမဲ' လို့ ဘုရားဟော အတိုင်း ဒီနည်းနဲ့ အသက်ရှင်နေတာဟာ မြတ်သော အသက်ရှင်ခြင်းမျိုး အားရ၊ အားကျ ကြည်ညိုဖွယ်ရာ အစုနိပါပဲ။

အရှေ့သပြင်-ယောဂန္တာန်ကျောင်းတိုက်မှာ ဆရာတော်ကြီး သက်တော် ထင်ရှား ရှိတော်မူစဉ်ကတည်းက ဒီပဋ္ဌာန်း တရား တော်ကို ပါဠိနဲ့ရော ဘာသာပြန်ပါ၊ အကြိမ်ကြိမ် နာကြား ဖော်ရှုခဲ့ဖူးပါတယ်။ ဒါပေမယ့်... ပေါ်လွင်သေးတာ တစ်ကြောင်း၊ တမေ့ပဲကောက်သော အတ္ထုပ္ပတ်ခဲ့တာ တစ်ပုံ၊ 'ငါတို့ဆရာတော်' ဆိုတဲ့ အာရုံက လွှမ်းမိုးထားခဲ့တဲ့အတွက် ပေါ်ပြူက်ပြက်သော နားလည်ခဲ့ပါတယ်။ အခု-ကျောင်းဓမ္မဖက် ဆရာကူတာည- ဆိုတဲ့ သံယောဇဉ်နဲ့ 'ဥဒ္ဒနည်းနှုန်း ပြတ်ပဋ္ဌာန်းကျမ်းကြီး' လို ဖော်ရှုခွင့်ရတော့ ဝိတ်ဆိုနေတဲ့ ဆယာ-ချေးချော်တွေ ထွင်ပြယ် သွားတာ လက်ခလွှဲခံလေးရတာလို့ ဖော်ပြစ်ထောင်သာ ဖော်ကြည့် လိုက်ပါတော့-လို့ 'ပန်းအတော' (နိဒ္ဒါန်းစကား) တစ်ပေးကော်အနေနဲ့ ဆော်ကြီးလိုက်ပါရစေ။

နာဟံ ဘိက္ခဝေ လောကေန ဝိဝဒါမိ၊ လောကော စ မယာ ဝိဝဒတိ။

(ရဟန်းတို့၊ ငါဘုရားသည်၊ လောကကြီးနှင့် (ဝါ) လူအပေါင်းနှင့် ငြင်းနေသည် မဟုတ်။ လောကကြီးကသာ (ဝါ) လူတွေကသာ၊ ငါဘုရားနှင့်၊ ဖွတ်လာ၍ ငြင်းနေသတည်း။) ခန္ဓဝဂ္ဂသံယုတ်။

ဝန်းဆော ကိုဇင်မြင့်

(၂၀-၅-၂၀၁၁)

မွန်း-၀၃ ၂၄၀၀နာရီ

# ကျေးဇူးမော်ကွန်း

ဂုဏ်ရည်မှန်း မြတ်ဝဏ္ဏနှုန်းအားအုပ် ဖြစ်မြော်ကော်ဆောင်မြင့် ဆောင် ကြိုးပမ်းဆောင်ရွက်ကြသော ဆရာတော်၏ တရားတော် များကို အသံဖမ်းယူ မှတ်တမ်းတင်ခဲ့သော မောင်စိုးမိုးအောင် နှင့် ဓမ္မရံသီ လှုယ်မောင်မယ်များ၊ ဆိုဘီတ် CD မှ တရားကြမ်း အဖြစ် ကူးယူပေးကြသော အရှင်ဝရဉာဏ (ဓမ္မရံသီ)၊ အရှင် ဓိန္တိယ (စဉ့်ကူး)၊ ဖရုတော် ပြုပြင်ပေးကြသော ဟိုဝင် ဦးဇာရေး ဆရာတော် ဦးဇုဏ္ဏ၊ ဦးဝဏ္ဏ၊ အရှင်ဝိဇယာလင်္ကာရ၊ ဓမ္မရံသီ ဓမ္မကထိက အရှင်မြတ်များနှင့် ကြီးကြပ်ညွှန်ကြားပေးသော အရှင် စန္ဒသာရ (ကျောင်းကုန်း)၊ မိုးကုတ်ဓမ္မကထိက ဝေယျာဝစ္စ လှုပယ် လေးများဖြစ်ကြတဲ့ မောင်ဇော်ကျော်မိုးလွန်း၊ မောင်အောင်ကိုမင်း၊ အစုတာရေးသားပေးသော ဝန်းအောက ကိုတင်မြင့်၊ လွန်မှုတာ မာဓိ Dream City Graphic Design ကိုကျော်မင်းမောင်၊ ဝပေါင် ဖေပေ ဦးလွန်းဆိုင်၊ ဤစာအုပ်ကို ခုညာသင်ရှုဝလှုပ်ရှား ရိုက် နှိပ်ပေးသော ဆုလာဘ်ပြည့်ပုံနှိပ်တိုက်၊ ဤကျမ်းစာအုပ် ဖြစ်ပေါ်

ဟေခရီးအတွက် သဗ္ဗါအား၊ ဓမ္မအား၊ လုအား၊ ညှော်အား ပေး သော အားဆေးဝါးဖြင့် ရေးသားပြုစုပေးခဲ့သော ဆရှင်ဇော်ဇော် သာရ (ခင်္ကုး)၊ မိုးကုတ် မန္တလေး မုံရွာ မွေးရုံသီ မိုးကုတ် ဝိပဿနာ ဖြန့်ပွားရေး သာသနာ့နုဂ္ဂဟ ပဋိပတ္တိအဖွဲ့ဝင် အားလုံးနှင့် မွေးရုံသီတေမေ ဖြန့်ပွားရေးအတွက် မတည်လှူဒါန်း ကြသော ကုသိုလ်ရှင်အားလုံး အထူးပင် ကျေးဇူးတင်ပါကြောင်း ကျေးဇူးမော်ကွန်းတင်အပ်ပါသည်။

ငါကောင်းစားရေးဟိုဆို နှမ်းလှလိုပြီး
မြန်မြန်လုပ်တို့ နတ်ဘုံသားဖြင့်
လောကကို အလှဆင်နိုင်ကြပါစေ

[illegible]
မွေးရုံသီနိုင်သော
မိုးကုတ် မန္တလေး မုံရွာ

# ဟေတုပစ္စည်း



# ဂုဏ်ရည်ခိန်း မြတ်ပဋ္ဌာန်း

## ၁။ ဟေတုပစ္စည်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ပဋ္ဌာန်းဆရာ ဦးထိပ်တင်

ပဋ္ဌာန်းကျမ်းမြတ်သခင် ရှင်တော်မြတ်ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော်ကို အာရုံပြုလျက်၊ ဂုဏ်တော်တမ်းက ပုံနှိုးဆော်ပြီးတော့ ရှင်တော်မြတ်ဗုဒ္ဓ နှုတ်တော်မှ မြွက်ကြားတော်မူခဲ့သည့် ပဋ္ဌာန်း မြတ်ဒေသနာကျမ်းတော်ကြီးကို ရှေးဦးစွာ ရိုသေမြတ်နိုး ရှိခိုး ကန်တော့လိုက်ကြပါဦးစို့။

**နာနာပစ္စယဘေဒေဟိ၊ ဒေသိတာ ယတ္ထ မုနိနာ။**

**အနန္တနယပဋ္ဌာနံ၊ ဝန္ဒေ အနန္တဂေါစရံ။**

**ယတ္ထ**—ဤအနန္တနယ သမန္တပဋ္ဌာန်းတော်ကြီး၌။ **မုနိနာ**—မုနိလို့ခေါ်တဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ **နာနာပစ္စယ**—ဟေတုအစရှိသော ပစ္စည်းများစွာ အကြောင်းအစုတို့ကို။ **ဒေသိတာနိ**—သဗ္ဗညုတဉာဏ်တော်ဖြင့် ဦးစွာကျ၍ သိပြီးမှ လျှင် ဖွင့်ပြဒေသနာ ဟောတော်မူခဲ့လေပြီ။ **အနန္တနယံ**—အဆုံး

မရှိကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာဖြစ်သော၊ ဤ—အနန္တနယသမန္တ—ပဋ္ဌာန်း—ဟုခြောက်ပေါ်တယ် နည်းဂိုဏ်ကြွယ်သော ကြီးကျယ်ခြင်းဖြင့် ပဋ္ဌာန်းကျမ်းတော်ကြီးကို။ ရှေ့—တစ်သက် တစ်ခါ ကြုံခဲ့ရာမှ ကြုံလာသည့်နိုက် ဦးခြင်းတိုက်၍ နှမ်ခြင်းကိုလှန်လှာ ရှိခိုးကန်တော့ပါ၏ ဟုရေး။

(အာနု—သာနု—သာနုပါဒ်ဆုရေး)

ရှင်တော်မြတ်ဘုရားနဲ့တကွ ပဋ္ဌာန်းကျမ်းမြတ် ဒေသနာ တော်ကြီးကို ရှိခိုးကန်တော့ကြပြီးတဲ့နောက် မြတ်စွာ ရှေ့တော် ထွက် ပဋ္ဌာန်းမြတ်ဒေသနာ ပစ္စယုဒ္ဒေသပါဠိတော်နှင့် ပစ္စယနိဒ္ဒေသ ဟေတုပစ္စည်းဆိုင်ရာ ပါဠိတော်ကြီးကို သိညာဖြင့် ရွတ်ဖတ်ပူဇော် လိုက်ကြပါဦးစို့။

## ပစ္စယုဒ္ဒေသပါဠိတော်

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

## ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်

ဟေတုပစ္စယောတိ၊ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

## ကျေးဇူးရှင်များ ရှိခိုးထား

အားလုံးသော ရဟန်းရှင်လူတို့ ကြွရောက်လာကြတဲ့ ဓမ္မသဘာ ညီအစ်ကိုမောင်နှမ ဆွေတော်မျိုးတော် ယောဂီသူတော်စင်အပေါင်း တို့အား "ဗုဒ္ဓရည်မှန်း မြတ်ပဌာန်း" ဒေသနာတော်ကြီးနဲ့ ပဌာန်း (၂၄) ပစ္စည်းလုံးကို ရှင်းလင်းဖော်ပြ ကျေးဇူးဆပ်သွားပါမယ်။ အခုလို ပဌာန်းဒေသနာတော်ကြီးနဲ့ ကျေးဇူးဆပ်တဲ့နေရာမှာ ဗုဒ္ဓ မြတ်စွာ သာသနာတော်ကြီးတွင် နေလိုလလို ထင်ရှားတော်မူခဲ့ ကြတဲ့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးတို့ရဲ့ ဥပနိဿယကို အရှိန်ခံပြီးတော့ ရှင်းလင်း ဖော်ပြသွားပါမယ်။

အမရပူရမြို့မှာ သာသနာတော်တစ်ခုလုံးက ရိုသေလေးစား ထင်ရှားကျော်ကြားတဲ့ ဆရာတော်ကြီးနှစ်ပါး ရှိပါတယ်။ နှစ်ပါး လုံး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူကြတယ်။ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက ပရိယတ္တိကျမ်းများနဲ့ အတူ ကျမ်းပေါင်းများစွာ ရေးသား၊ စာပေပရိယတ် ပို့ချတော် မူခဲ့လို့ ပရိယတ်နယ်ပယ်မှာ မသိသူမရှိ ထင်ရှားတော်မူတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီးက ပဋိစ္စသမုပ္ပါဒ် အလုပ်ပေးဝိပဿနာ တရားတော်များ ဟောကြားတော်မူခြင်းဖြင့် ပဋိပတ်နယ်ပယ်မှာ များစွာ ထင်ရှားတော်မူတယ်။

ပဌာန်းကျမ်းတော်ကြီးကို ရှင်းလင်း ဖော်ပြမယ်ဆိုတော့ ကျေးဇူးတော်ရှင် ဆရာတော်ကြီးနှစ်ပါးကို အထူးသတိရ ကြည်ညို မိပါတယ်။ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ အဓိပ္ပါယ်ပြပဌာန်း တရားတော်ကြီးနဲ့ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အလုပ်ပေး ခေတ်မှီသင့် ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးများကို လေ့လာ

မှတ်သားထား အာရုံပြုပြီးတော့ ဝိုးဝိုးဝါးဝါးပြီး ဖော်ပြသွားပါမယ်။ ကျေးဇူးရှင် ဆရာတော်ကြီးများရဲ့ ဉာဏ်ရည်တော်ကို မှီခိုရခြင်း၊ ဒေသအသီးသီးမှာ အကြိမ်များစွာ ဖော်ပြခဲ့ခြင်းတို့ကြောင့် ဆွေတော် မျိုးတော်များ နားလည်သဘောပေါက်အောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။

## နတ်နဲ့ကျူးလည်တုန်း မြတ်မွန်း

ရှင်တော်မြတ်ဘုရားသည် များလှစွာသော သတ္တဝါတွေကို ကျွတ်တမ်းဝင်တော်မူဖို့ရာ ဘုရားအဖြစ်ကို ရောက်တော်မူတဲ့ အချိန်က စပြီးတော့ သက်တော်ရှစ်ဆယ် ဝါတော် လေးဆယ့်ငါးဝါကာလကြာအောင် မဇ္ဈိမဒေသနယ်မြို့ရွာကို လိုက်ကျေး ဟောကြားပေးတော်မူခဲ့ပါတယ်။ အဲဒီလို ဟောကြားတဲ့နေရာမှာ သုတ္တန်ရယ်၊ ဝိနည်းရယ်၊ အဘိဓမ္မာရယ်လို့ ပိဋကသုံးပုံရှိတဲ့ အနက် သုတ္တန်နဲ့ ဝိနည်းကို လူ့ပြည်လူ့ရပ်မှာ ဟောကြားတော်မူခဲ့ပြီး ပဋ္ဌာန်းဒေသနာတော်ကြီး အပါအဝင် အဘိဓမ္မာပိဋကတ် ဒေသနာကိုတော့ တာဝတိံသာနတ်ပြည်မှာ ဟောကြားတော်မူခဲ့ပါတယ်။

ပိဋကတ်သုံးပုံ ဒေသနာတော်တွေကို ကြည့်လိုက်ရင် သုတ္တန်ဒေသနာက လူသားအားလုံး လိုက်နာ ကျင့်သုံးသွားရမည့် တရားတော်တွေ၊ ဝိနည်းဒေသနာက သာသနာ့ဝန်ထမ်း ရဟန်းတော်များ လိုက်နာကျင့်သုံး သွားရမည့် တရားတော်တွေ ဖြစ်ပါတယ်။ အဲဒါကြောင့် လူ့ရှင်ရဟန်း အစဉ်သဖြင့် လိုက်နာကျင့်သုံးရအောင် လေးဆယ့်ငါးဝါပတ်လုံး မနားမနေ ဒေသအသီးသီး ကြွချီတော်မူပြီး ဟောပြောတော်မူခဲ့ပါတယ်။ သုတ္တန်နဲ့ ဝိနည်းက လက်တွေ့ကျင့်သုံးရမည့်တရား။ အဘိဓမ္မာ ဒေသနာ

ဖော်ကာ ရုပ်နာမ်ခန္ဓာ ပရမတ္ထ သဘောတရားတွေကို ဖော်ပြတဲ့ တရား ဖြစ်ပါတယ်။

အဘိဓမ္မာဒေသနာတော်ကို ဘုရားဖြစ်ပြီး ခုနစ်ပါတ်မြောက် ကာလမှာ တာဝတိံသာနတ်ပြည်မှာ ဟောတော်မူပါတယ်။ နတ်ပြည်မှာ ဟောတဲ့တရားကို အကျဉ်းအားဖြင့် တပည့်ကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်အား ပြန်လည် ဟောပြတော်မူပါတယ်။ အရှင်သာရိပုတ္တရာက တပည့်သာဝကတွေကို မကျဉ်း မကျယ်အားဖြင့် ဟောပြပေးပါတယ်။ အဲဒီမှာ ဒေသနာတော်က ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းလို့ ခုနစ်ကျမ်းရှိရာမှာ ဓမ္မသင်္ဂဏီ ကျမ်းကနေ ပဋ္ဌာန်းကျမ်းအထိ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက် ပြီးတော့ နက်နဲခက်ခဲလှစွာ ဟောကြားတော်မူခဲ့တာ ဖြစ်ပါတယ်။ ပဋ္ဌာန်း ကျမ်းတော်ကြီးက အနက်နဲဆုံး၊ အခက်ခဲဆုံးမို့လို့ နောက်ဆုံး ထားပြီးတော့ ဟောရပါတယ်။

ပဋ္ဌာန်းဆိုတာ **ပ + ဋ္ဌာန** ပါဠိတော်က လာပါတယ်။ ပ – အမျိုးမျိုး၊ ဌာန – အကြောင်း၊ အကြောင်းအမျိုးမျိုးပေါ့။ ရုပ်နာမ် ဓမ္မ သင်္ခါရတွေရဲ့ ဖြစ်ပျက်ပုံ အကြောင်းအမျိုးမျိုးကို ဟောပြ ထားတဲ့ ကျမ်းကို ပဋ္ဌာန်းလို့ခေါ်တာပါ။ ပဋ္ဌာန်းကျမ်းတော်ကြီး ကို အနန္တနယ သမန္တပဋ္ဌာန်းကျမ်းလို့ ခေါ်ပါတယ်၊ မြန်မာလို ပြောရင်တော့ အဆုံးအစမရှိ ကျယ်ဝန်းတဲ့ နည်းပေါင်းစုံကို အပြည့် အစုံ အကျယ်တဝင့် ဟောပြထားတဲ့ ကျမ်းဟာ ပဋ္ဌာန်းကျမ်းကြီး ပါပဲတဲ့။

အဲဒီပဋ္ဌာန်းကျမ်းကြီးဟာ ခေတ်ပေါ်နေ့မှ နက်နဲခက်ခဲပြီး သိပ် ကျယ်ပြန့် ကြီးမားလှပါတယ်။ ပဋ္ဌာန်းကျမ်းတော်ကြီးက တိက ပဋ္ဌာန်း၊ ဒုက ပဋ္ဌာန်း စသည်အားဖြင့် (၂၄) ကျမ်းရှိတာပါ။ အဲဒီ

(၂၄) ကျမ်းထဲက ဒီနေ့ လူတောက်တောင်တွေ့ တွေ့မြင် ကြည့်ညို နိုင်သေးခွင့်ရနေတာက တိကပဋ္ဌာန်းတစ်ကျမ်းတည်းသာ ဖြစ်တယ်။ တိကပဋ္ဌာန်းမှာ ကုသလတိက၊ ဝေဒနာတိက စသည် အားဖြင့် (၂၂) တိကရှိတဲ့ အထဲက ကုသလတိကလေးတစ်ခု ပဲ နားကြားခွင့်ရနေတာပါ။ ဒါတောင်မှ အကျယ်တဝင့်ဟောကြား အကျဉ်းချုပ်သလောက်မျှသာ ရှိပါသေးတယ်။ အဲဒီလောက် ကျယ်ဝန်း ပါတယ်။

ပဋ္ဌာန်းပါဠိကျမ်း အနက်လေး ရှုပ်ထွေးနေကြရာမှာ အကျဉ်းချုပ် ပေယျာလဖြုပ်ပြီးသားတာပါ။ အကျယ်အပြည့်အစုံဆိုရင် ဘယ်လောက်ရှိမလဲဆို မှန်းဆကြည့်ကြည့်ကြပေါ့။ အဲဒီပဋ္ဌာန်း ကျမ်းတော်ကြီးကို ယောဂီတို့တစ်တွေ သိရှိနားလည် ကျင့်သုံးနိုင် ကြရအောင် ကျေးဇူးရှင် ဆရာတော်ကြီးများရဲ့ ဥပနိဿယကို အမြဲခံယူပြီးတော့ လေ့လာကြရမှာပါ။

## ဓမ္မဖြစ်စဉ် ကြောင်းကျိုးဆက်

ပဋ္ဌာန်းဖြစ်စဉ်သဘောကို ရှင်တော်မြတ်ဗုဒ္ဓ ဘယ်လိုရည်ရွယ် ချက်နဲ့ ဟောခဲ့ပါသလဲ။ လောကကြီးမှာ ရှိရှိသမျှ သုံးဆယ့်တစ် ဘုံမှာ ကျင်လည်နေကြတဲ့ သတ္တဝါ အနန္တတွေဟာ အလိုလိုလည် နေကြရတာလား၊ အကြောင်းအကျိုးလားဆိုရင် အကြောင်း အကျိုးနော်။ အဓိပ္ပာယ်က ကောင်းမြတ်လေးတဲ့ သတ္တဝါ မှန် သမျှ ဓမ္မဖြစ်ကြောင်း အရင်းအမြစ်နှစ်ပါးဖြစ်တဲ့ အဝိဇ္ဇာနဲ့ တဏှာ ရှိနေသမျှ အဲဒါ အကြောင်းကြောင့် အကျိုးဖြစ်ရတဲ့ သဘောပါပဲ။

အကြောင်းကြောင့် အကျိုးဖြစ်ပေါ်နေရာမှာ အကြောင်းတရား က တစ်မျိုးတည်း မဟုတ်ပါဘူး။ အမျိုးမျိုး ဖြစ်ပါတယ်။ ပဋ္ဌာန်း

ဆိုတဲ့ ဝေါဟာရမှာ ပဋ္ဌာန ပါဠိက ပ–ဆိုတာက အမျိုးမျိုးအစား စား၊ ဋ္ဌာန–ဆိုတာက အကြောင်းတရား။ မြန်မာလိုပြောရရင် အမျိုးမျိုးသော အကြောင်းတရားတွေကြောင့် အမျိုးမျိုးသော ခန္ဓာ တွေ ဆက်တိုက်–ဆက်တိုက် ဖြစ်နေတာကို ပဋ္ဌာန်းတရားလို့ ခေါ်တာပါပဲ။

ဒီတော့ ပဋ္ဌာန်းဆိုတာ တခြားမဟုတ်ပါဘူး။ ခန္ဓာဖြစ်စဉ် ပါပဲ။ အခု ယောဂီသူတော်ကောင်းတို့တစ်တွေ တရားယော အရှု ရှုနေကြတာ ခန္ဓာဘယ်နှပါးလဲဆိုတော့ ငါးပါးနော်။ ဒီခန္ဓာ ငါးပါးရတာဟာ အလိုလိုရတာလား၊ အကြောင်းတရားကြောင့် လား ဆိုတော့ အကြောင်းတရားကြောင့် ရနေတာလို့ မှတ်ရ မယ်။

အကြောင်းတရားကို ကြည့်လိုက်ရင် အတိတ်က ကုသိုလ် အကြောင်းတရားလည်း ရှိတယ်။ အကုသိုလ်အကြောင်းတရား လည်း ရှိတယ်၊ သဘာဝအကြောင်းတရားလည်း ရှိတယ်။ ကုသိုလ် အကုသိုလ်သဘော ဘယ်အကြောင်းတရားပဲ လုပ်ခဲ့ လုပ်ခဲ့ပေါ့။ အတိတ်က သဘောသိပြီး လုပ်ခဲ့တာလား၊ သဘောမသိဘဲ လုပ်ခဲ့ တာလား။ ဆီးရင် သဘောမသိဘဲနဲ့ လုပ်ခဲ့ကြတာပါပဲ။

ခန္ဓာဖြစ်ကြောင်းတရားက တစ်မျိုးတည်း မဟုတ်ဘူး၊ အမျိုးမျိုး။ အမျိုးမျိုးအစားစားရှိလို့ ပ–အကြောင်းတရားမို့လို့၊ ဋ္ဌာန–ခေါင်းလိုက်တော့ ပဋ္ဌာန။ ပါဠိသက် မြန်မာဘာသာနဲ့ပြော ရင် ပဋ္ဌာန်းတဲ့၊ လောကမှာ လူတွေ ပဋ္ဌာန်း ပဋ္ဌာန်းနဲ့ ပြောနေ ကြပြီး ပဋ္ဌာန်းဆိုတာ ဘာလဲဆိုရင် မသိနိုင်ကြဘူး။ အခု ယောဂီ တို့ သိတတ်သွားပြီနော်။ အမျိုးမျိုးသော အကြောင်းတရားတွေ ကို ဖွဲ့ပြီးဖြစ်တဲ့ အမျိုးမျိုးသော အကျိုးတရားတွေကို ပြတာဟာ ပဋ္ဌာန်းဖြစ်ပါတယ်။

ပဋ္ဌာန်းတရားဆိုတာ စာအုပ်ထဲမှာ ရှိတာလည်း မဟုတ်ဘူး။ စေတီပုထိုးထဲမှာ ရှိတာလည်း မဟုတ်ဘူး။ ခန္ဓာထဲမှာ ရှိပါတယ်။ ပဋ္ဌာန်းတရားဆိုတာ တရားဖြစ်စဉ်သက်သက် မဟုတ်ဘဲ ခန္ဓာဖြစ်စဉ်လို့ မှတ်ရမယ်နော်။

## အကြောင်းတရားမသိလျှင် အဟေတုကဒိဋ္ဌိ

ရှင်တော်မြတ်ဗုဒ္ဓ ပဋ္ဌာန်းတရားတော် ဟောတော်မူခဲ့တာဟာ သူများအကြောင်းတရားသိဖို့ မဟုတ်ပါဘူး။ ခန္ဓာအကြောင်းတရားသိဖို့ ဟောခဲ့တာ ဖြစ်ပါတယ်။ အခု ယောဂီတို့တစ်တွေ တရားနာနေကြတာ တခြားနဲ့ နာနေကြတာလား၊ ခန္ဓာနဲ့ နာနေကြတာလား။ ခန္ဓာနဲ့ နေကြတာမို့လို့ ကိုယ့်အကြောင်းကိုယ်သိဖို့ ဟောတော်မူခဲ့တာလို့ မှတ်ရမယ်။

ကိုယ့်အကြောင်း ကိုယ်သိဖို့ သိပ်အရေးကြီးပါတယ်။ မသိရင် ဘာဖြစ်မှာလဲဆိုတော့ အကြောင်းမသိရင် နားမလည်ရင် အဟေတုကဒိဋ္ဌိ ဖြစ်ပါတယ်။ တချို့ပုဂ္ဂိုလ်တွေက အဝိဇ္ဇာနဲ့တဏှာ ချုပ်သွားမှ ဘဝခန္ဓာ ပေါ်တိုက် ဆက်တိုက် ဖြစ်ဦးမှာပါလား လို့ လက်မခံဘူး။ အကြောင်းအကျိုး နိယာမတရားကို လက်မခံတဲ့အတွက် အကြောင်းတရားကို ပယ်တဲ့ အဟေတုကဒိဋ္ဌိ ဖြစ်ပါတယ်။ အဟေတုကဒိဋ္ဌိဆိုတာ မြန်မာလိုပြောရင် အကြောင်းပယ်တဲ့ ဝါဒပါပဲ။

ဘုရားမြတ်စွာက "အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်၊ အကြောင်းချုပ်ရင် အကျိုးချုပ်တယ်" လို့ မိန့်တော်မူတာနော်။ ဘုရားမိန့်တော်မူလို့ ယုံကြည်လိုက်ရတာလား။ ဖြစ်စဉ်မို့လို့ ယုံကြည်လိုက်ရတာလား။ ဖြစ်စဉ်ကိုက ဒီအတိုင်းပဲ ဖြစ်နေတာပါ။ အကြောင်းအကျိုးနဲ့ပဲ သံသရာလည်နေကြရတာ မဟုတ်လား။

ဘုရားပွင့်တော်မမူခင်က သတ္တဝါတွေဟာလည်း ဒီလိုပဲ။ အကြောင်းအကျိုးနဲ့ သံသရာလည်ခဲ့ကြတယ်။ နောင်လည်း ဒီ အတိုင်းပဲ သံသရာလည်ကြရမှာပဲ။ ဒါပေမဲ့ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာကို သိရတာကတော့ ဘုရားပွင့်တော်မူမှ သိခွင့်ရတာ ဖြစ်ပါတယ်။ ဘုရားရှင်ကိုယ်တော်တိုင်လည်း သိဒ္ဓတ္ထ မင်းသားဘဝကနေ ဘုရားအဖြစ်ကို ရတော်မူခဲ့တာဟာ ဒီအကြောင်း တရားကို သိလို့ ဖြစ်ပါတယ်။

အကြောင်းတရားဟာ တစ်မျိုးတည်း မဟုတ်ဘူး။ အမျိုးမျိုး ရှိနေတဲ့အတွက် ပ–အမျိုးမျိုး၊ ဌာန–အကြောင်းတရား၊ ပဋ္ဌာန်း တရားဆိုတာ အမျိုးမျိုးသော အကြောင်းတရားတွေကြောင့် အမျိုး မျိုးသော အကျိုးတွေ ဆက်တိုက်ဆက်တိုက် ဖြစ်နေတာကို ပြော ကာ ဖြစ်ပါတယ်။ ပဋ္ဌာန်းတရားဟာ နွေမှာပဲရှိတဲ့အတွက် နွေ ပေါ် ညဘက်ရောက်ဖို့ လိုပါတယ်။ နွေပေါ် ညဘက်ရောက်မှ ဒီ ပျောက်ပါတယ်။ နွေပေါ် ညဘက်ရောက်စေချင်လို့ ဒီရောဂါစေ ချင်လို့ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တာလို့ ဟော တော်မူတာပေါ့။ အကြောင်းတရားပေါ် ညဘက်ရှင်းမှ အဖော်တွေ ဒီပွဲ မလာနိုင်ပါဘူး။ ဟေတုက အကြောင်းတရား။ အကြောင်း တရားကြောင့် ဖြစ်လာတဲ့ အကျိုးတရား အကြောင်းတရားကို ပယ်လိုက်တာနဲ့ အဖော်တွေကဒီပွဲ ဖြစ်လာပါတယ်။ ဒီတရား ကို နားလည်ဖို့ လိုပါတယ်။

## ကုသိုလ်ပါဒိတ်များ ကျွန်ုပ်ကြီးပွား

အကြောင်းတရားတွေကို ဟောတာတဲ့ ပဋ္ဌာန်းဒေသနာ တော်ကြီးမှာ ပထမဆုံး ဟောထားတာက "ဟေတုပစ္စယော" တဲ့။ ပဋ္ဌာန်း ၂၄ ပစ္စည်းရှိတဲ့အထဲက ပထမဆုံးပစ္စည်းက ဟေတု

ပစ္စည်းပေါ့။ ဟေတုပစ္စယာက ဟေတုဆိုတာလည်း အကြောင်းကို ခေါ်တာပါပဲ။ အကြောင်းတရားကို သိဖို့ အရေးကြီးတဲ့အတွက် ပထမဆုံး အကြောင်းတရားဖြစ်တဲ့ ဟေတုပစ္စယကို အရင် ဟောတော်မူလိုက်တာပါ။ ပစ္စယနိဒ္ဒေသပါဠိတော်မှာ—

**ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။**

ဟေတု–ဆိုတဲ့ အကြောင်းတရားကြောင့် ဟိတ်နဲ့ယှဉ်တဲ့ စိတ်စေတသိက်တွေ၊ ဟိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေဖြစ်တယ်တဲ့။ တိတိကျကျပြောရင် သဟိတ်စိတ် (၇၁) ခု၊ မောဟမူ၂မှာ မောဟကြဉ်တဲ့ စေတသိက်(၅၂) ပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်တွေ ဖြစ်တယ်။ ဒါတွေပေါင်းပြီး ပြောလိုက်ရင် ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးပဲ။ ဒို့လို ယောဂီတို့ နားလည်လွယ်အောင် ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးဖြစ်တယ်လို့ မှတ်ထားနိုင်ပါ။

ဟိတ်ဆိုတဲ့ အကြောင်းတရားကြောင့် ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးဖြစ်တယ်။ ဒါ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တယ်လို့ ပြောနေတာပါပဲ။ အကြောင်းတရားတွေ အမျိုးမျိုးရှိတယ်။ ကုသိုလ်အကြောင်းတရားလည်း ရှိတယ်၊ အကုသိုလ်အကြောင်းတရားလည်း ရှိတယ်။ ကုသိုလ်ဟိတ်က သုံးပါး၊ အကုသိုလ်ဟိတ်က သုံးပါး။ ဟိတ် ခြောက်ပါး။ အကြောင်းတရား ခြောက်ပါး ဖြစ်ပါတယ်။

ပါဠိလို ဟေတု။ ပါဠိသက်လို ဟိတ်။ မြန်မာလိုပြန်တော့ အကြောင်းတရား။ ကုသိုလ်အကြောင်းတရားက အလောဘ၊ အဒေါသ၊ အမောဟ။ အကုသိုလ်အကြောင်းတရားက လောဘ၊ ဒေါသ၊ မောဟ။ ဟိတ်ဆိုတဲ့ ဟေတုအကြောင်းတရားက တစ်မျိုးတည်း မဟုတ်ဘူး၊ အမျိုးမျိုးရှိနေတယ်။ ဘယ်နှပါးလဲဆိုတော့ ခြောက်ပါးနော်။ ဟိတ်ခြောက်ပါး ပစ္စည်းတရားပေါ့။

ကုသိုလ်ပီတိထဲမှာ အလောဘ၊ အဒေါသ၊ အမောဟတို့။ အလောဘဆိုတာက လှူဒါန်းပေးကမ်းဖွန့်ဖြိုး ပေးချင်တဲ့စိတ် ပါ။ အဒေါသဆိုတာက မေတ္တာစိတ်ပါ။ လှူဒါန်းပေးကမ်းနေရိုးမှာ မေတ္တာ ကရုဏာ မုဒိတာတွေ ပါတယ်။ အလောဘကြောင့် လှူဒါန်းတယ်။ အဒေါသကြောင့် မေတ္တာပွားတယ်။ ဂုဏ်တော် ပွားတယ်။ ပုတီးစိပ်တယ်။ ကိုယ်ကျင့်တရားကောင်းအောင် လုပ် တယ်။ အမောဟဆိုတာက ပညာပီတိ။ အစုရှိတရားနာနေတာ၊ တရားရဲ့သဘောကို သိချင်တဲ့စိတ် ကိန်းနေတယ်ဟာ နှလုံးသား ထဲမှာ အမောဟပီတိ ကိန်းနေတာပါပဲ။

အလောဘပီတိ၊ အဒေါသပီတိ၊ အမောဟပီတိ သုံးပါး ကို ကုသိုလ်ပီတိလို့ ခေါ်တယ်။ မြန်မာလိုပြောရင် အလောဘ ဆိုတာ လှူချင်တန်းချင်တဲ့စိတ်။ အဒေါသဆိုတာ မေတ္တာစိတ်၊ စိတ်ကောင်းစိတ်မြတ်။ မေတ္တာစိတ်ဆိုတဲ့အထဲမှာ မေတ္တာပွားတယ်။ ပုတီးစိပ်တယ်။ ကိုယ်ချင်းစာတရားရှိတယ်။ အရာရာမှာ မေတ္တာ ရှေ့ထား လုပ်ကိုင်တယ်။ ကိုယ့်ထက်သာရင် မုဒိတာပွားတယ်။ ကိုယ့်ထက်နိမ့်ရင် ကရုဏာထားတယ်။ ကိုယ့်ကို ရန်လုပ်တဲ့သူ တို့အပေါ်မှာ စိတ်မဆိုး အမျက်မထွက်ဘဲနဲ့ လျစ်လျူရှု ဥပေက္ခာ စိတ်ထားနိုင်တယ်။ အမောဟပီတိ ပညာစိတ်ကတော့ အဲဒီထက် အများကြီး အဆင့်မြင့်သွားပါတယ်။ သစ္စာသိအောင်လုပ်မှ ဓမ္မ ဉာဏ်ရောက်အောင်လုပ်မှ အမောဟပီတိရပါတယ်။

## မြှင့်သင့်တာ မမြှင့်သင့်တာ

လူတွေကို လိုက်ကြည့်ရင် လှူချင်တန်းချင် ပေးကမ်းချင်တဲ့ အလောဘပီတိ ဖြစ်ဖို့ လွယ်တယ်။ မေတ္တာနဲ့ အဒေါသပီတိ

ဖြစ်ဖို့ကျတော့ နည်းနည်းခဲယဉ်းသွားပြီ။ စေတနာစိတ်ဟာ ကိုယ်သိသလို သိစေချင်တယ်။ ကိုယ်ထက်သလို ထက်စေချင်တယ်။ ကိုယ်အောင်မြင်သလို အောင်မြင်စေချင်တယ်။ ဒါက တန်းတူ စေတနာထားတဲ့စိတ်နော်။

ကိုယ့်ထက်သာနေရင် အရုံးရှာ ကိုယ့်ထက် အဆင်မပြေနေရင် “ခြောက်–သူတို့များ ရှေးကုသိုလ်ကောင်းခဲ့လို့တကား သာလေပါတော့” လို့ မုဒိတာစိတ်ထားနိုင်ရတယ်။ ဒါပေမဲ့ ခက်တာက လူတွေမှာ ကိုယ့်ထက် နိမ့်ကျတဲ့သူကို တစ်ထောက်တစ်ပေါင်း ကရုဏာထားပြီး ပေးရမှာ ဝန်မလေးဘူး။ ရက်ရက်ရောရော ပေးကမ်းနိုင်ကြတယ်။ ကိုယ့်ထက်သာလာပြီဆိုရင်တော့ အတော်များများပါ ဒေါသနဲ့ သူများဂုဏ်သတင်း ဘယ်လိုဖျက်ရမလဲ၊ သူများခေါင်းနင်းပြီး ဘယ်လိုတက်ရမလဲ ဖြစ်လာတာ။ အဲဒါ မုဒိတာစိတ် မထားနိုင်လို့ပဲပေါ့။

ကြီးပွားတဲ့လူ ချမ်းသာတဲ့လူကို အပြစ်ပြောမနေနဲ့။ နေရာတကာမှာ ကံ ကံရဲ့အကျိုးပေးကို ယုံကြည်ကြပါ။ တချို့ကိစ္စတွေက မှတ်တုပ်ယူလို့ မရနိုင်ဘူးနော်။ အကြောင်းကြောင့် အကျိုးဖြစ်နေကြတာပါ။ အကြောင်းအကျိုးကို လက်ခံမယ်ဆိုရင် လောကကြီးမှာ ငြိုငြင်စရာ မရှိပါဘူး။ အကြောင်းအကျိုး မဆင်ခြင်နိုင်ရင် ကိုယ့်ထက်သာတဲ့လူကို ငြိုငြင်လိုက်တော့တာပဲ။

ဂုဏ်ထူးဂုဏ်ပြိုင် မလုပ်ရဘူး။ ပြိုင်သင့်တဲ့နေရာမှာတော့ ပြိုင်ကြပါ။ သူများ တရားစခန်းဝင်ရင် ငါလည်း ဝင်နိုင်ရမယ်။ သူများ တရားထိုင်နိုင်ရင် ငါလည်း ထိုင်နိုင်ရမယ်။ သူများ ဖြစ်ပျက်မြင်ရင် ငါလည်း မြင်နိုင်ရမယ်။ ဒီဟာနဲ့ကောင်း ရည်တာကို ပြိုင်ရတယ်။ အပေါ်ယံသွားပြိုင်တာမှာ မပြိုင်ရဘူး။

## ကိုယ့်စိတ်ကို စစ်ဆေးပါ

ကိုယ့်စိတ်ကလေးကို ပြန်စစ်ရမယ်။ ကိုယ့်စိတ်ကလေးဟာ ကုသိုလ်ဖြစ်နေသလား၊ အကုသိုလ်ဖြစ်နေသလားလို့ စစ်ဆေးပြီး ကိုယ့်စိတ်ကိုယ် စောင့်ရှောက်နိုင်လို့ရှိရင် ဒီဘဝမှာပဲ ငြိမ်းအေးသော ဘဝပိုင်ရှင် ဖြစ်ပါတယ်။

အကုသိုလ်စိတ်လေးတွေ ပေါ်လာတယ်ဆိုပါတော့ နောက် တနေ့ ဒီစိတ်ဟာ လောဘစိတ်လား၊ ဒေါသစိတ်လား၊ မနာလို ဝန်တိုတဲ့စိတ်လား စသည်ဖြင့် ဉာဏ်ကလေး လိုက်ရမယ်။ အဲဒီ အလေ့အကျင့် လုပ်ပေးရင် ဥပါဒါန်တဲ့ ကာယကံမြောက် ဝစီကံ မြောက်ဆဲတာဆိုတာတွေ ပေါ်လာပါဦးမလား၊ ပေါ်မလာတော့ ဘူးနော်။

ကိုယ့်စိတ်ကိုယ်စစ်ပါ။ စစ်ပြီးလို့ရှိရင် ဉာဏ်နဲ့ ဖြတ်ရမယ်။ လူချင်းတူပေမယ့် စရိုက်ချင်း မတူဘူး။ နှလုံးသားချင်း တူပေမယ့် စရိုက်ချင်းမတူဘူးနော်။ တချို့က အလေ့အကျင့်ပြည့်ကြတော့ လှူဒါန်း ပေးကမ်းတာတော့ ရှိပါရဲ့၊ ကိုယ့်ထက်သာရင် မကျေနပ်ဘူး ဖြစ် နေတယ်။ ပစ္စည်းကို စွန့်ပေမယ့် ကိလေသာကိုတော့ မလွှတ်နိုင် ကြဘူးနော်။

လှူဒါန်းပေးကမ်းတယ်ဆိုတာ ကိုယ့်မှာရှိတာကို စွန့်လွှတ် တာပဲ။ စွန့်လွှတ်ဆိုတဲ့အတိုင်း ပစ္စည်းတွေကို စွန့်သလို ကိလေသာ တွေကိုလည်း လွှတ်နိုင်ဖို့ လိုတယ်နော်။ ပစ္စည်းတွေက ပစ္စည်း ပဲ၊ ကိလေသာက ကိလေသာပဲ၊ ပစ္စည်းကိုစွန့်ရင် ကိလေသာ ကိုလည်း လွှတ်ပေါ့။ ပစ္စည်းကိုစွန့်နိုင်တယ် ဆိုလိုက်၊ ကိလေသာ တွေကို မလွှတ်ဘဲနဲ့ ဆွဲဖိုက်ထားတာဟာ အကုသိုလ်ဆိုတော့ ကုသိုလ်ထဲ အကုသိုလ်ရောနေတယ်။ အဖြူထဲသက်သက် မဟုတ် ဘဲ အဖြူအမည်း ရောတဲ့ ဖြစ်သွားပြီ။

အဖြူအစည်းရောတဲ့ဟာ ကျော်ပေးပြီးတော့ ဆင်ဖြူတော်ကို ယနေ့တော်ကို အလှူရတာပဲဆို ဖြစ်ရတယ်၊ ဒီလိုဖြစ်ရတာ အလိုလိုဖြစ်တာ မဟုတ်ဘူး၊ အကြောင်းအကျိုးနော်။ လုပ်ကောင်းလား၊ မလုပ်ကောင်းလား မသိတော့ လုပ်ခဲ့ကြတယ်။ အဓါသဆိုတဲ့ ဓမ္မစိတ်ကလေး ရှောရမယ်။ ဒီမှာ နတ်သားဝဲမှာ အဓါသစိတ်ကလေး ရှိနေရင် ခဲဒီစိတ်ကလေးက ဝဋ်သံသရာထဲကအိုးက တိနိုးလာပြီး လှေ့ချင်းတွေပေးမယ် အကျိုးပေးချင်းတွေတယ်ဆိုတာ ဖြစ်လာပါတော့တယ်။ အကျိုးပေးတွေနေရင် အကြောင်းလည်း ကွာခဲ့လို့မှတ်ပါ။

## အမောဟဟိတ် ရှိနိုင်တယ်

ကုသိုလ်ဟိတ်သုံးပါးရှိတဲ့အထဲက တချို့က အလောဘ အဒေါသလောက်နဲ့ပဲ တွေ့နေတယ်။ သစ္စာသိအောင် လုပ်ရမှန်း၊ ဓမ္မသဘောကိုရောက်လုပ်ရမှန်း မသိဘူး။ ခဲဒီဝဋ်ကြိုက်တာ ဝဋ်သံသရာ ကိုနိုးတွန်းက အမောဟ ပညာဟိတ် အားနည်းခဲ့တယ်။ အလောဘ၊ အဒေါသ ဟိတ်နှစ်ပါးတည်းနဲ့ ဝဋ်သံသရာတည်ပြီး ဖွေးလာခဲ့တယ်။

ကျောင်းဆောက်ရင်း ဆတ္တန္တ နန္ဒီယသူကြွယ်နဲ့ ဓမ္မဒိန္နမိဖုရားကို ဟုပ်ကြည့်ပါ။ သူတို့နှစ်ယောက်လုံး ကျောင်းဆောက်လှူကြတာပါပဲ။ ဒါပေမဲ့ ဓမ္မဒိန္နတော့ အစီအရဲမှာ ဗုနုဗိရှင်ကျသွားတယ်။ နန္ဒီယသူကြွယ်ကို အနုသယ်ဘိကို ဝိသာခါကိုကျတော့ ဓမ္မပေါ်ကြာက်ရောက်လို့ သစ္စာဆိုက်ပြီး သောတာပန်ဖြစ်သွားတယ်။ ကျောင်းဆောက်ချင်းတူပေမယ့် ရိုက်ချင်းမတူဘူး။ အကြောင်းတွေပေါ်တော့ အကျိုးတွေလည်း ကွာသွားပါတယ်။

အကြောင်းတွေဖြစ်တဲ့ ဓမ္မဆိုတဲ့ ပါတ်တွေကို လုပ်ရတုန်း ဖြိုပြိုင်းပေးတာမဟုတ်ပါဘူး။ ဘယ်လောက်မှ ဓနိခွင်း

စားတာလည်း မဟုတ်ပါဘူး။ ထုရုပ်ကလည်း မတတ်နိုင်၊ လေသရ ကလည်း မဖန်ဆင်းနိုင်ပါဘူး။ အကြောင်းစုံကြောင့် အကျိုးစု ဖြစ်တာပါပဲ။

အဲဒီတော့ ကိုယ့်စိတ်ကို ကိုယ်စိတ်ဖို့ မလိုဘူးလား။ ဝိပဿနာ တရားဆိုတာ သူများအကြောင်းသိဖို့ မဟုတ်ဘဲ ကိုယ့်ကိုယ်ကို သိဖို့သာ ဖြစ်ပါတယ်။ အဲဒီလိုသိမှ အမေ့အပျော်က ဖြစ်မှာပါ။ ဖြစ်ပျက်ကို ထိထိရောက်ရောက် မှိုင်မှိုင်နိုင်နိုင် မြင်နိုင်မှ အမေ့အပျော်ဝင် ဖြစ်တာပါ။ အမေ့ရဲ့ တကွေ့တလေ သတ္တဝါပေါ် အနှိပ်စက် ကို သိမြင်းဖြစ်ပါတယ်။

ဝုဒ္ဓခေတ်သတ္တဝါမှန်သမျှ မမှားသော ရှေ့နေ မသေသော ဆေးသမားဆိုတဲ့အတိုင်း မှားနေကြတာချည်းပါပဲ။ ရှင်တော်မြတ် ဘုရားလောင်းမှ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ ဘုရား ဖြစ်အောင် ကျင့်မယ်ဆိုပြီး တောထွက်လာခဲ့တာ နဂ္ဂရောဓရိပ်သာ အကျင့်များကြီးကို ခြောက်နှစ်ကြာအောင် ကျင့်မိခဲ့သေးတာပဲ နော်။ အလာအလာချုပ်ပြီး ကျင့်လို့ အရိုးပေါ် အရေတင် အားပြတ်ပြီး လဲတော့မှ မှားမှန်းသိတယ်။ ဝင်ဝင်ထွက်ထွက် ကျင့် တိုင်းသာ တရားထူးရမယ်ဆိုရင် ငါ့လောက်ကျင့်နိုင်တဲ့ လောက မှာ မရှိဘူးလို့ မိန့်တော်မူခဲ့တာနော်။

ပညာအရာ ရောက်ရှိတော်မူတဲ့ အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီးတောင်မှ အရှင်အဿဇိ ဆိုတဲ့ သိပ္ပညာရှင်ကြီး နဲ့ တွေ့ခဲ့ရသေးတာပဲ။ မှားတာ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ မှားသောလ်း ရည်မှိုဘဲ လိုပါတယ်။ အမေ့အပျော်ဆိုတာ ဆယ်တွေ့ က မှားခဲ့ပေမယ့် မှားမှန်းသိတာနဲ့ အဲဒီအမှားကို ရှက်ရှင်းမြင် တာ ဖြစ်ပါတယ်။

မှားမှန်းသိလို့ ပြင်နိုင်တာဟာ အမေ့ရဲ့ သတ္တိပါ။ မှားမှန်း သိချက်နဲ့ ပြင်နိုင်တာက အမေ့အပျော်ဘက် အားနည်းနေတာပါ

ပဲ။ ကိုယ့်ကိုယ်ကို အလောဘဟိတ်အားနည်းလား၊ မနည်းလား သိချင်ရင် ဓမ္မပေါ် ဉာဏ်ရောက်အောင် လုပ်ကြည့်ပေါ့။ ဓမ္မအရှိဖြစ်ပျက်၊ ဉာဏ်အသိမင်နဲ့ လိုက်လို့ ဖြစ်ပျက်မြင်ရင် ပါ တိဟိတ်လို့ သမုတ်လို့ ရှင်တော်မြတ်ဗုဒ္ဓအလိုတော်ကျ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး မိန့်ဆိုတော် မူထားခဲ့ပါတယ်။ တိဟိတ်ဖြစ်ဖို့ နီးသွားနိုင်ပါတယ်။

## ဆင်းရဲကြောင်းနှင့် ဆင်းရဲကျိုး

အလောဘဟိတ်ရှိတဲ့ တိဟိတ် ပုဂ္ဂိုလ်များလည်း ဆင်းရဲနေလို့ ကတော့ အသုံးမရှိပါဘူး။ ဓမ္မပေါ် ဉာဏ်ရောက်အောင်လုပ်ကြည့် ရမယ်။ လုပ်ကြည့်ကဲ့ခါ ဓမ္မက ဖြစ်ပျက်၊ သိတဲ့ဉာဏ်က မင်း ဖြစ်ပျက်မင်းကိုက်ရင် တိဟိတ်ပုဂ္ဂိုလ်မှန်ပြီး မိတ်ဆွေရဲ့ ဒီဘဝ သောတာပန် တည်မယ်။

ပဟာရ ခန်းဆောင်နိုင်သာ တိဟိတ်ပုဂ္ဂိုလ်တွေပါပဲ။ ဒါပေမဲ့ ဘာကြောင့်လဲမှ မလုပ်ဘဲ အမေသာတ်အား အပျော်အပါးနဲ့ အချိန် ကုန်နေလိုက်ကြသာ အသက်ရှစ်ဆယ်လည်းရောက်ရော သူတောင်းစား ဘဝရောက်ရောနော်၊ ကုဋေပေါင်း (၁၈၀) ကြွယ်ဝတဲ့ တိဟိတ် ပုဂ္ဂိုလ်ကြီးတွေ၊ ပါရမီရှင်တွေလည်း ဘာမှမလုပ်ဘဲနေရင် တောင်း စားတဲ့ ဘဝ ရောက်ရတာပဲ။

ကျေးဇူးတော်ရှင် မဟာကန္တာ၏ ဆရာတော်ဘုရားကြီးက လူတွေမှာ စီးပွားရေး ကျပ်တည်းတာနဲ့ အပျော်အပါးများတာ ဟာ သံသရာရှည်ကြောင်း အကြောင်းရင်းပဲတဲ့။ စီးပွားရေး ကျပ် တည်းတော့ သံသရာရှည်၊ ဘာသာရေးဘက် မလုပ်နိုင်ဘူး။ ကြွယ်ဝချမ်းသာလို့ ဘာသာ သာသနာဘက်မှာ လုပ်ဖြန့်တော့ လည်း အပျော်အပါးတွေ များနေကြတယ်။ ဘာသာရေး သာသနာ

ရေးဆိုပြီး အတုအယောင် ဟန်ဆောင် ကြွားဝါကာသာနေတွေက များနေတော့ အကျိုးကျေးဇူး မရကြတော့တဲ့ ဖြစ်နေတယ်တဲ့။ ဆရာတော် သံဃာတော်တွေက ဗုဒ္ဓရဲ့ ခွေဝမ်းမှန် နည်းမှန်အတိုင်း ဟောပြောညွှန်ပြပေးဖို့ လိုအပ်ပါတယ်၊ ဟောကနေ့ခါရဲ့ ဆရာတော်ဘုရားကြီး တောင်ဖြို့မှာ (၁၇) ရက်ကြာတဲ့အထိ ဝွှာန်းဒေသနာတော်ကြီးကို ဟောကြားတော်မူခဲ့တာရဲ့ ရည်ရွယ်ချက်ဟာ ဗုဒ္ဓရှင်တော်မြတ်ရဲ့ အစစ်အမှန် အသုံးအဆော မှန်ကန်တဲ့ အသိပညာတွေ စေတနာကာမတွေရဲ့ နှလုံးသားထဲမှာ ထိန်းဝင်စေချင်လို့ပါပဲ။

ဘုရားရှင်ကိုယ်တော်မြတ် ဝွှာန်းတရားတော် ဟောကြားခဲ့တာ သူများအကြောင်းသိဖို့လား၊ ကိုယ့်အကြောင်းသိဖို့လား ဆိုတော့ ကိုယ့်အကြောင်း ကိုယ်သိဖို့နော်။ ကိုယ့်အကြောင်း ကိုယ်သိချင်ရင် ဒီအတိုင်းတော့ မသိဘူး ခန္ဓာညာဏ်ရောက် လှုပ်ကြည့်မှ သိရမယ်။ ဒီအတိုင်း အလိုလိုတော့ သိမလာနိုင်ဘူး။ အကြောင်းအကျိုး မဟုတ်လား။ ခန္ဓာညာဏ်ရောက်လှုပ်ကြည့်တာ အကြောင်း၊ သိလာတာ အကျိုးပဲ။ ခန္ဓာက ဖြစ်ပျက်၊ ရှုတဲ့ညာဏ်က မဂ်။ ဖြစ်ပျက်က ဘာသစ္စာလဲဆိုတော့ ဒုက္ခသစ္စာ။ သိတဲ့ညာဏ်က မဂ္ဂသစ္စာ။

အဲဒီ သိသွားတဲ့အခါ သေတဲ့ အဝိဇ္ဇာလည်း ချုပ်တယ်၊ တဏှာ လိုချင်တဲ့ တဏှာလည်း ချုပ်တယ်။ အဝိဇ္ဇာ တဏှာ ချုပ်တယ်ဆိုတာ သမုဒယသစ္စာပေပေါ့။ ယောဂီတို့တစ်တွေ အတိတ်ကနေ့ကတော့ မသိခဲ့တော့ အဝိဇ္ဇာတဏှာ ခေါင်းဆောင်ပြီး ကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့တယ်။ အဝိဇ္ဇာတဏှာ ခေါင်းဆောင်ပြီး လုပ်ခဲ့တဲ့အတွက် အခု ခန္ဓာငါးပါးရတယ်။

ရလာတဲ့ ခန္ဓာငါးပါးက ဒုက္ခသစ္စာ။ ချမ်းသာကျိုး မဟုတ်ဘူး၊ ဆင်းရဲကျိုးပဲ။ ဆင်းရဲကျိုးကို အလိုလိုရလာတာ မဟုတ်

ဘူး။ အကြောင်းတရားကြောင့် ရလာတာ။ အကြောင်းတရားက အပင်မှာဆို တကယ့် အကျိုးက ဆင်းရဲကျိုး ဒုက္ခသစ္စာ။

အကြောင်းက ဆင်းရဲကြောင်းဆိုတော့ အကျိုးကလည်း ဆင်းရဲကျိုးပဲ ဖြစ်ရတယ်။ ဆင်းရဲကြောင်း သမုဒယသစ္စာ၊ ဆင်းရဲကျိုးက ဒုက္ခသစ္စာ။ အကြောင်းဆင်းရဲလို့ အကျိုးလည်း ဆင်းရဲရတဲ့ သစ္စာအနှစ်တရားပါပဲ။

## အကြောင်းတရားမချုပ်သမျှ အကျိုးရှိနေဦးမည်

ကုသိုလ်အကြောင်းတရားက အလောဘ၊ အဒေါသ၊ အမောဟ ဆိုပြီးတော့ သုံးပါး။ အကုသိုလ်အကြောင်းတရားကလည်း လောဘ၊ ဒေါသ၊ မောဟ ဆိုပြီးတော့ သုံးပါး။ ဒီတရားတွေဟာ အကျိုးတရားလား၊ အကြောင်းတရားလားလို့ စိစစ်လိုက်တဲ့အခါမှာ အကြောင်းတရားတွေ ဖြစ်နေတယ်။ အကြောင်းတရားဖြစ်နေတဲ့အတွက် ပါဠိလို ဟေတု–ဟိတ်လို့ ခေါ်ရတယ်။

အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ကုသိုလ်ဟိတ် သုံးပါး။ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ အကုသိုလ်ဟိတ်သုံးပါး။ ဒီ ဟိတ်ခြောက်ပါးက သတ္တဝါရှာ ငြိသရွေ့ကိန်းပြီးဆိုကတည်းက ကိန်းနေကြတဲ့ တရားတွေနော်။ ဒါနဲ့တောင် တချို့ပုဂ္ဂိုလ်တွေက ရှေးဘဝ မရှိဘူး၊ နောက်ဘဝ မရှိဘူး (ဥစ) တဲ့ ခရီး ရှားလို့ ပြောနေကြသေးတယ်။ သူတို့တွင်တိုက်နဲ့ ဒီဘဝ ဒီခန္ဓာက နောက်ဆုံးပဲဆိုပြီး ပျော်ပျော်ရွှင်ရွှင်ပဲ နေကြလေ။ ဒီဘဝ ကောင်းကောင်း စားရဖို့၊ ဒီဘဝ ကောင်းကောင်းဝတ်ရဖို့၊ ဒီဘဝ ကောင်းကောင်း နေရဖို့ပဲ ကြိုးစားကြတယ်။

ပျော်ပျော်ရွှင်ရွှင်ပါ၊ (ဥစ) တဲ့ မရှိဘူးဆိုတဲ့ ဝါဒဟာ တော်တော်လေး ပျံ့နှံ့နေတယ်လေနော်၊ (ဥစ) တဲ့ မရှိဘူးဆိုတဲ့ ပုဂ္ဂိုလ်

ကို ခွေးမြင်ဖူးသလားလို့ မေးကြည့်ပါ။ ခွေးကို ပကတိမျက်လုံး နဲ့ မြင်နိုင်တယ်လေ။ မြင်နေရတဲ့ ခွေးဟာ အပါယ်လေးဘုံထဲက တိရစ္ဆာန်ဘုံသားပဲပေါ့။ ကျန်တဲ့ အပါယ်ဘုံတွေဖြစ်တဲ့ ငရဲ ပြိတ္တာ အသူရကာယ်တွေက မမြင်ကောင်းတဲ့ သတ္တဝါတွေမို့လို့သာ မမြင် ရတာကိုး။ မြင်ရတဲ့ တိရစ္ဆာန်ဘုံကို ထောက်ပြီးတော့ ကျန်တဲ့ အပါယ်လေးဘုံကိုလည်း သိရမယ်။ (၃၁) ဘုံကိုလည်း ဒီလိုပဲ ထောက်ဆပြီးတော့ လက်ခံနိုင်ရမယ်။

အခုတော့ အကြောင်းတရားရှိရင် အကျိုးတရားရှိနေတာ ပဲ။ အကြောင်းတရား မချုပ်သေးသမျှ အကျိုးဆိုတာ ရနေဦးမှာ ပဲ။ အကြောင်းအကျိုးကို နားလည်ရင်တော့ အကြောင်းကို ပယ်တဲ့ ဝါဒတွေက လာနေဦးမှာပဲနော်။ ဒီအကုသိုလ်ပေးတဲ့တွေ က အလိုလိုဖြစ်လာတာမှ မဟုတ်ဘဲ။ အကြောင်းအကျိုးနဲ့ ဖြစ် နေတာပဲ၊ ကုသိုလ်က အကျိုးပေးရင် သုဂတိရွာ၊ အကုသိုလ်က အကျိုးပေးရင် ဒုဂ္ဂတိရွာ။ အလောဘ မြစ်ရင်း အလှူပေးမယ်။ အဒေါသ မြစ်ရင်း မေတ္တာကြည်ဖြူနေမယ်။ အမောဟ မြစ်ရင်း ပေးရင် တရားနာမယ်။ ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်ပြီး ဖြစ်ပျက်မြင်တယ်၊ သစ္စာကိုသိတယ်။

ဒီတော့ အလောဘတာလည်း အကြောင်း၊ အဒေါသတာလည်း အကြောင်း၊ အမောဟတာလည်း အကြောင်း။ ပစ္စည်းနဲ့ပြောရင် ဟေတုပစ္စယော၊ ဟိတ်တရား။ အကြောင်းတွေ အမျိုးမျိုးအစားစား ခွဲခြားပြီးတို့လို့-ပ။ အကြောင်းတရားတို့လို့-ပစ္စယ။ ပေါင်းလိုက် တော့ ပစ္စယ။ ပါဠိသက်နဲ့ပြောရင် ပစ္စနီးလို့ ဖြစ်လာပါတယ်။

## အကြောင်းအကျိုးပယ် ဒိဋ္ဌိသုံးမျိုးကွယ်

ကုသိုလ်ကောင်းမှုတွေ လုပ်ကြီးဆိုကတည်းက အဓိကက ပြဋ္ဌာန်းပြီးတော့ လုပ်ကြတာမရှိသေးပါဘဲ၊ ဒီလိုလုပ်နေကြမယ့် သစ္စာမသိတဲ့ အဝိဇ္ဇာ၊ ဘုံဘဝလိုချင်တဲ့ တဏှာတွေနဲ့ လုပ်ခဲ့ကြတယ်။ အဝိဇ္ဇာက မောဟ၊ တဏှာက လောဘဆိုတော့ လောဘ မောဟတွေ ပြဋ္ဌာန်းပြီးတော့ လုပ်ရာမရောက်ဘူးလား။ ဒီတော့ ကုသိုလ်ထဲ အကုသိုလ်ရောပြီး လုပ်နေကြတာပဲပေါ့။

ကုသိုလ်ထဲ အကုသိုလ်ရောစွဲတော့ အကျိုးပေးတော့လည်း ရိုးရိုးပေးတဲ့ ရောပြီး ပေးခဲ့တယ်။ သုဂတိခန္ဓာကို ရနေတာက ကုသိုလ်က အကျိုးပေးတာ။ သုဂတိ ခန္ဓာရနေပေမယ့် အပူ လောဘမျိုးစုံနဲ့ ကင်းသလားဆိုတော့ မကင်းဘူး။ ပူပင်သောက တွေကို အကုသိုလ်က အကျိုးပေးတာပေါ့။ ကုသိုလ်က အကျိုး ပေးတော့ လူ့ခန္ဓာ ရတယ်။ အကုသိုလ်က အကျိုးပေးတော့ ပူပင် သောကတွေ တွေ့ရတယ်။ မိုးရွာအခို နေပူအခြောက်နဲ့ ပရိယေသန ရှာဖွေစားသောက်ရတဲ့ ဒုက္ခကြီးတွေလည်း ရှိနေတာပဲနော်။

ကုသိုလ်နဲ့ အကုသိုလ်က အကျိုးပေးတာဆိုတော့ အကြောင်း တရားလား၊ အကျိုးတရားလားဆိုရင် အကြောင်းတရားပေါ့။ အဲဒီ အကြောင်းတရားကြောင့် ဖြစ်လာတဲ့ အကျိုးတရားက ခန္ဓာ ငါးပါး၊ အကျဉ်းချုပ်လိုက်တော့ ရုပ်နဲ့နာမ်ပဲ။

**ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။**

အကြောင်းကြောင့် အကျိုးဖြစ်တယ်၊ အကြောင်းချုပ်ရင် အကျိုးချုပ်တယ်။ ဒါကို နားလည်တော့ အကြောင်းတရားအပေါ် ဉာဏ်ရောက်ရင် အဟေတုကဒိဋ္ဌိ၊ အကျိုးတရားပေါ် ဉာဏ်ရောက်ရင်

အက်ိရိယဒိဋ္ဌိ၊ ဖြန့်တာလိုပြောရင် အဟေတုကဒိဋ္ဌိက အကြောင်းတရား ပယ်တဲ့ဝါဒ၊ အကိရိယဒိဋ္ဌိက အကျိုးတရားပယ်တဲ့ဝါဒ ဖြစ်တယ်။ ဝဋ္ဋသာမူပါဒ်နဲ့ ပွှာနီးတရားကိုပါ ပယ်လိုက်တော့ အကြောင်းတရားရော အကျိုးတရားပါပယ်တဲ့ နတ္ထိကဒိဋ္ဌိ ဖြစ်သွားတယ်။

ဗုဒ္ဓရှုပ်ခွန်းပြီးတော့ ပွှာနီးမြတ်ဒေသနာကို ဟောရတဲ့ အဓိကရည်ရွယ်ချက်က ဒိဋ္ဌိပြုတ်စေချင်လို့ ဖြစ်ပါတယ်။ အကြောင်းတရားနဲ့ အကျိုးတရားကို ပိုင်ပိုင်နားလည်ရင် ဒိဋ္ဌိသုံးပါးလုံး ပြုတ်ပါတယ်။ အကြောင်းတရား ပယ်တဲ့ဝါဒဖြစ်တဲ့ အဟေတုကဒိဋ္ဌိ၊ အကျိုးတရားပယ်တဲ့ ဝါဒဖြစ်တဲ့ အကိရိယဒိဋ္ဌိ၊ အကြောင်းအကျိုးပယ်တဲ့ ဝါဒဖြစ်တဲ့ နတ္ထိကဒိဋ္ဌိ သုံးပါးလုံးပြုတ်ပါတယ်။

## ပွှာန္တရိယကံသက် ကြောက်စရာကောင်း

အကြောင်းတရားတွေ ချုပ်သေးသမျှ အကျိုးတရားတွေ သံသရာကိုင်း ဆက်တိုင်း ဖြစ်နေဦးမယ်ဆိုတာ ယုံကြည်ရမယ်။ အဲဒီလို ယုံကြည်မှုလည်း (၃၀) ဘုံရှိတယ်လို့ လက်ခံနိုင်ပါတယ်။ အကြောင်းတရား အကျိုးတရားကို မယုံနိုင်သေးသမျှ ဒိဋ္ဌိသုံးမျိုးက ရှိနေဦးမှာပဲ။ ဒိဋ္ဌိသုံးမျိုးနဲ့သာ သေသွားရင် အကျိုးပေးတဲ့ အလွန်ကြောက်စရာကောင်းပါတယ်။

ဒိဋ္ဌိသုံးမျိုးကို နိယတမိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်။ **နိယတ**-မြဲသော။ **မိစ္ဆာ**-မှားသော။ **ဒိဋ္ဌိ**-အယူ။ နိယတမိစ္ဆာဒိဋ္ဌိဆိုတာ အမြဲတမ်းမှားတဲ့အယူ၊ မှားတဲ့အယူဝါဒကြီး အမြဲအမြဲဖြစ်နေတာ။ ဒိဋ္ဌိနဲ့သာသေရင် အပါယ်ငရဲကို သေချာပေါက်ရောက်တော့မှာပဲ။

နိယတမိစ္ဆာဒိဋ္ဌိကံနဲ့ ရောက်သွားရတဲ့ ငရဲသတ်ဝင် ဘယ်လောက် ရှည်ကြာသလဲလို့ မြောရဦးမယ်။ ပွှာန္တရိယ ကံကြီး

ပါးပါးလိုက်တယ်ဆိုတာ ကြားဖူးတယ် မဟုတ်လား။ အမေသတ်၊ အဖေသတ်၊ ရဟန္တာသတ် တဲ့ အပြစ်ကြီးတွေ လုပ်ကျူးတာ လေ။ အဲဒီ ကံကြီးငါးပါးလိုက်လို့ ငရဲကို ရောက်သွားတဲ့သူဟာ ကမ္ဘာပျက်သွားရင် ငရဲကနေ လွတ်နိုင်သေးတယ်။ နိယတမိစ္ဆာ ဒိဋ္ဌိနဲ့ ရောက်သွားရင်တော့ ကမ္ဘာပျက်လို့လည်း ငရဲက မလွတ် ဘူး။ နောက်ကမ္ဘာသစ်တစ်ခုမှာ ရွှေ့ပြီးတော့ ခံရပါတယ်။

နိယတမိစ္ဆာဒိဋ္ဌိက ဘယ်လောက် ကြောက်စရာကောင်း သလဲ။ ကံကြီးငါးပါးလိုက်တဲ့သူတောင် ဒီနေ့ ငရဲရောက်လို့ နောက် တစ်ရက် ကမ္ဘာပျက်သွားခဲ့မယ်ဆိုရင် လွတ်သွားနိုင်တယ်။ နိယတ မိစ္ဆာဒိဋ္ဌိကလိုက်ရင်တော့ လွတ်မသွားဘူး။ နောက်ကမ္ဘာရော ကမ္ဘာပေါ်မှာ ရွှေ့ပြီးတော့ ငရဲကျရမှာပဲ။ ဝဋ္ဋာနုနိယာက်ကြီး လက်တောင် ပိုကြီး ကြောက်စရာကောင်းတယ်နော်။

ဝဋ္ဋာနုနိယာက်ကြီး ကျူးလွန်တဲ့လူတွေကို ပြောပါကြည့် ရအောင်။ အမိဖော်ကား၊ အဘဖော်ကား ကြမ်းချင်တိုင်းကြမ်း ရမ်းချင်တိုင်းရမ်းနေတာ ဘယ်သူ့ရဲ့ သတ္တိလဲဆိုရင် ဒိဋ္ဌိရဲ့သတ္တိ ပါပဲ။ အကြောင်းလည်းမရှိ၊ အကျိုးလည်းမရှိလို့ မယူရှိတဲ့ လူ မှသာ အဲဒီလို အပြစ်ကြီးတွေ ရဲရဲဝံ့ဝံ့ ကျူးလွန်ရဲတာ ဖြစ်ပါ တယ်။ တကယ်လို့သာ အကြောင်းတရား၊ အကျိုးတရားရှိတယ် လို့ ယူ လက်ခံနိုင်မယ်ဆိုရင် မိဘကျူးလွန်သလို မိမိကိုယ်တိုင် ခံရဦးမယ်လို့ သိမယ်၊ အဲဒီလို ခံရဦးမယ်လို့ သိနေမှတော့ ဒီ အပြစ်ကြီးတွေ ကျူးလွန်ပါဦးမလား။ အပြစ်ကြီး အပြစ်ငယ် ကျူးလွန်တာတွေအားလုံး ဒိဋ္ဌိက တက်သည်လို့ တော့ချေပေါက် နှလုံးကြပေတော့။

## ဟေတုပစ္စည်း သဘောရှဲ့ရည်ရွယ်ချက်

မြတ်စွာဘုရားရှင်က–

သခေါကလေ ဝါတူကလေ့နှ ဓမ္မာ၊

အာကာဝိဇ္ဇာ ဗျာပေသော ဗြဟ္မဒေသော။

အဟာသာ ဟာဓိ ပဿဉ္စ သစ္စာ၊

ဟေတော ပစ္စုပ္ပန် သမဿတုနဗ္ဗိ။

ဒါသည် အကြောင်းအကျိုး ဝဋ်စွာသနုပ္ပါဒ်တို့ ဓမ္မဒေသနာ ဖော်ဟာ နားလည်လက်ခံ ယုံကြည်ပြီးတော့ ဘုရားဖြစ်တယ်လို့ ဝန်ခံတော်မူခဲ့ပါတယ်။ ဘုရားဖြစ်စွာက ပစ္စုန်းတရားကို နားလည် လက်ခံတယ်။ ယောဂီတို့တစ်တွေဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်လို့ ဘုရားစကားကို နားထောင်ရပါမယ်။ ဘုရားရှင်ရဲ့ အယူကို ယူရပါမယ်။

ဘုရားရှင်ရဲ့ အယူတော်က ဘယ်လိုလဲဆိုတော့ "အကြောင်း ဖြစ်ရင် အကျိုးဖြစ်တယ်၊ အကြောင်းချုပ်ရင် အကျိုးချုပ်တယ်" တဲ့။ ယောဂီတို့တစ်တွေ အကြောင်းအကျိုးကို ပိုင်ပိုင်နိုင်နိုင် နားလည်ရင် ဘုရားအယူကိန်းပါတယ်။ အကြောင်းတရားပေါ် ညွှတ်ရင်းတော့ အဟေတုကဒိဋ္ဌိဝင်တယ်။ အကျိုးတရားပေါ်မှာ ညွှတ်ရင်းတော့ အတိဿရိယဒိဋ္ဌိဝင်တယ်။ အကြောင်းအကျိုးပေါ်မှာ ညွှတ်ရင်းတော့ နတ္ထိက ဒိဋ္ဌိဝင်တယ်၊ ဒိဋ္ဌိသုံးမျိုးလုံး ဝင်ကြွယ် သွားရင် အပါယ်လေးဘဲ ကျရော ဓမ္မတာပါကွ။

သဟေတုကဟ ဟေတုဓ ဟန္တိပ်ယ၊

ကာယသ္မ ဓမ္မာ ဓဿိကာ ကာနှိ၊

သဗ္ဗသေဿဒိဋ္ဌိ ဝိဓိဒိဋ္ဌိတုနွှ၊

သိက္ခတ္တ ဝါဒိ ပေဒန္တိတ်နှိ။

ဖမ္မုပတိယောဒိစ ဝိဋ္ဋေနွော၊

နိဗ္ဗန္တိဓီရာ ယထာယံပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဆိုတဲ့အတိုင်း မီးညှိမီး ငြိမ်းသွားလို့ရှိရင် အပါယ်လေးပါး လောကက လွတ်သွားပြီး လူ့ဖြစ်ရင်လည်း မီးညှိမီးလောက်က လွတ်သွားပြီး ဒီလို အပါယ်လေးပါးနဲ့ မီးညှိမီးအဖြစ်က လွတ်သွားတာဟာ အကြောင်းအကျိုးကို နားလည်လို့ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ပဋ္ဌာန်းက အကြောင်းတရားက ပစ္စည်း၊ လူ့ရဲ့ခန္ဓာက ပစ္စယုပ္ပန်။ အကြောင်းက ပစ္စည်း၊ အကျိုးက ပစ္စယုပ္ပန်။ အကြောင်းနဲ့အကျိုးကို ကြည့်လိုက်တဲ့အခါ အကြောင်းမရှိကြောင့် အကျိုးမရှိတော့ရင် နိရောဓသစ္စာ။ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ။


သိလိုက်တဲ့အတွက် မသိတဲ့အဝိဇ္ဇာလည်း ချုပ်၊ တဏှာ လိုချင်တဲ့ တဏှာလည်း ချုပ်၊ အကြောင်းပယောဂလည်း ချုပ်၊ အကျိုးပယောဂလည်း ချုပ်၊ အကြောင်းအကျိုးပယောဂလည်း ချုပ်သွားပါတယ်။ ဒါဟာ အကြောင်းအကျိုး နားလည်လို့ပါပဲ။

အကြောင်းအကျိုးတွေနဲ့ လည်ပတ်ဖြစ်နေတာဟာ ခန္ဓာနဲ့ ဖြစ်နေတာပါ။ အမျိုးမျိုးအကြောင်းအကျိုးနဲ့ ဖြစ်နေတဲ့ ခန္ဓာကို လို ပဋ္ဌာန်းခန္ဓာလို့ ပြောရမယ်။ ပဋ္ဌာန်းခန္ဓာကို အမှန်သိရင် နိဗ္ဗာန် ဝင်ပါတယ်။ နိဗ္ဗာန်ဝင်ရင် အပါယ်လေးဘုံကျစရာ မရှိတော့ပါဘူး။

အပါယ်လေးပါးတို့ရဲ့ လွတ်ရာငြိမ်းရာ သိမ်းရာက နိရောဓ သစ္စာ။ နိရောဓသစ္စာဆိုတာဟာ နိဗ္ဗာန်ဖြစ်တဲ့အတွက် ဗုဒ္ဓရှင်တော် ဘုရား ဖြစ်တဲ့ပဋ္ဌာန်းကို ဟောကြားခဲ့တာလည်း နိဗ္ဗာန်ရည်မှန်းပြီး ဟောကြားခဲ့တာလို့ ကောက်ချက်ချနိုင်ပါပြီ။ ဗုဒ္ဓရည်မှန်း ပြင်

ပဋ္ဌာန်းမှာ ဟေတုပစ္စည်း ဟောရခြင်း ရည်ရွယ်ချက်ကို သဘော ပေါက်လောက်ပါပြီ။ အာရမ္မဏပစ္စည်း ဟောကြားတော်မူရခြင်း ရည်ရွယ်ချက်ကို ဆက်လက် ဆွေးနွေးမှတ်သားကြပါဦးစို့။

သာဓု သာဓု သာဓုပါဘုရား။



## ၂။ အာရမ္မဏပစ္စည်း

### အာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်

ရှင်တော်မြတ်ဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကို အာရုံပြု ပြီးတော့ ဂုဏ်တော်တစ်ပါးသော ပုံတော်ကို နှုန်းဆောင်ရှိုးရင်း အာရမ္မဏ ပစ္စည်းရဲ့ ပစ္စယနိဒ္ဒေသပါဠိတော်ကြီးကို ရွတ်ဖွား ပူဇော်ကြရ အောင်ပါ။

အာရမ္မဏ ပစ္စယောတိ

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

## အမိကျေးဇူးဆပ်တရား

ယောဂီသူတော်ကောင်းများ ယခု မှတ်သား နာကြားနေကြရတဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကို ရှင်တော်မြတ်ဘုရားသည် ခုနစ်ဝါမြောက်သောအခါ တာဝတိံသာနတ်ပြည်မှာ ဟောကြားတော်မူခဲ့ပါတယ်။ ရှင်တော်မြတ်ဘုရားသည် ခြောက်ဝါလွန်မြောက် ခုနစ်ဝါရောက်သော တောလဟွင် ဝါဆိုတဲ့အခါ လူ့ပြည်မှာ ဝါကပ်တော်မမူတဲ့ နတ်ပြည်မှာ ဝါကပ်တော်မူပြီးတော့ မယ်တော်အမိနတ်သားနဲ့တကွ နတ်ဗြဟ္မာပေါင်းများစွာကို အဘိဓမ္မာဒေသနာတော်ကြီး ဟောကြားလို့ ကျေးဇူးဆပ်တော်မူခဲ့ပါတယ်။

အဘိဓမ္မာဒေသနာတော်ကြီးမှာ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းရယ်လို့ ခုနစ်ကျမ်း ရှိပါတယ်။ ဝါဆိုလပြည့်နေ့ကစပြီးတော့ ဓမ္မသင်္ဂဏီကျမ်းကနေ အစဉ်အတိုင်း ဟောတော်မူလာလိုက်တာ ဝါကျွတ်တာနဲ့ နောက်ဆုံး ပဋ္ဌာန်းကျမ်းတော်ကြီး ပြီးဆုံးတာနဲ့ တပြိုင်နက်တည်း ဖြစ်ပါတယ်။

ယောဂီတို့ အခု နာကြားနေကြရတဲ့ ပဋ္ဌာန်းဒေသနာတော် ကြီးက—

၁။ အတိဝိတ္ထာရဒေသနာ

၂။ အတိသင်္ခေပဒေသနာ

၃။ နာတိဝိတ္ထာရ နာတိသင်္ခေပဒေသနာရယ်လို့ သုံးမျိုး ရှိပါတယ်။

နံပါတ်တစ် အတိဝိတ္ထာရ ဒေသနာဆိုတာက အလွန် အင်မတန် နက်နဲကျယ်ပြန့်လှစွာသော ဒေသနာဖြစ်ပါတယ်။ ဒီ ဒေသနာတော်ကြီးကို ရှင်တော်မြတ်ဘုရား မယ်တော် ဒေဝနတ်သား နဲ့တကွ များစွာသော နတ်ဗြဟ္မာအပေါင်းကို တိုက်ရိုက် ဟော ကြားတော်မူတယ်။ ဒေသနာတော်ကြီးက အလွန်အင်မတန် နက်နဲ၊ အလွန်အင်မတန်လည်း ကျယ်ပြန့်ပါတယ်။ ဒီ အတိဝိတ္ထာရ ဒေသနာကို နတ်ပြည်မှာပဲ ဟောတော်မူခဲ့ပါတယ်။

ဘာဖြစ်လို့ နတ်ပြည်မှာ ဟောရတာလဲဆိုရင် နတ်သား၊ နတ်သမီးတွေဟာ သူတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ ဆွေးသည်းခြေသလိပ် ဆိုတဲ့ အညစ်အကြေးတွေ ရှိမနေဘူး။ အဲဒီလိုမရှိတော့ သူတို့ရဲ့ ဟဒယဝတ္ထုဟာ အမြဲတမ်း ကြည်လင်နေပါတယ်။ ဟဒယဝတ္ထုက ကြည်လင်နေတဲ့အတွက် မှတ်သားမှုအား သညာက္ခန္ဓာရဲ့ မှီရာဖြစ်တဲ့ ဦးနှောက်ထဲကလည်း အညစ်အကြေး ကင်းနေလေတော့ မှတ်အားကောင်းသလို နားလည်လွယ်ကြတယ်တဲ့။ ဒါကြောင့် နတ်တွေဟာ အလွန်အင်မတန် မှတ်ဉာဏ်ကောင်းကြတဲ့အတွက် အလွန်နက်နဲ ကျယ်ပြန့်တဲ့ အတိဝိတ္ထာရဒေသနာ ဒေသနာတော် ကိုလည်း နတ်ပြည်မှာပဲ ဟောတော်မူရပါတယ်။

ဟောတဲ့သူက ဘယ်လောက် ဟောဟော နာတဲ့သူက မမှတ်နိုင်ရင် အကျိုး မရှိဘူး မဟုတ်လား။ ဒီတော့ လူနိုင်ငံက မှတ်ဉာဏ်အားကောင်း

တဲ့ နတ်ပြည်က နတ်တွေကိုပဲ ဟောရတာက သဘောတကျလေယံနော်။ နောက်ကတော့ နတ်သားအကြောင်းတော့ မယ်တော်မာယာကို အမြတ်ဆုံးသော တရားနဲ့ ကျေးဇူးဆပ်ချင်လို့တဲ့။ ယောဂီတို့ကို အမြတ်ဆုံးသောတရားနဲ့ ကျေးဇူးဆပ်ချင်လို့တဲ့။ ယောဂီတို့ သိထားပြီးတဲ့အတိုင်း မယ်တော်မာယာဟာ ဘုရားအလောင်း ဖွင့်သားလေးမွေးပြီးတော့ ခုနစ်ရက်အကြာမှာ ကွယ်လွန်သွား တယ်။ နတ်ပြည်မှာ သန္တုသိတာနတ်ပြီး နတ်သားကြီး ဖြစ်သွား တယ်။ ဘုရားအဖြစ် ရောက်တော်မူချိန်မှာ အမေက နတ်သား ဖြစ်နေတော့ ကျေးဇူးဆပ်ခွင့် မရသေးဘူး။ ဒါကြောင့် အမေကို ကျေးဇူးဆပ်တဲ့အနေနဲ့ နတ်ပြည်ကို တက်ပြီး ဟောရပါတယ်။ ပဋ္ဌာန်းဒေသနာတော်ကြီးကို အမိကျေးဇူးဆပ်တဲ့ တရားလို့ ခေါ်ရပါတယ်။

## ဒေသနာတော် သုံးမျိုး

နတ်ပြည်တက်ပြီး တရားဟောတယ်ဆိုတော့ ဘုရားကို နတ်လို့ မှတ်နေဦးမယ်။ ဟို ဘုရားဖြစ်တာဟာ နတ်က ဖြစ်တာ လည်း မဟုတ်ဘူး။ ဗြဟ္မာက ဖြစ်လာတာလည်း မဟုတ်ဘူး။ လူ သား စင်စစ်က ဖြစ်လာတဲ့ လူသားဘုရားပါ။ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးနဲ့ မယ်တော် မာယာဒေဝီ လူသားနှစ်ဦးက မွေးဖွားလာပြီးမှ ဘုရားဖြစ်ပါတယ်။

လူသားစင်စစ်က ဖြစ်တဲ့ ဘုရားဆိုတော့ လူ့ခန္ဓာကိုယ်လေးရှင် စားရမယ်၊ သောက်ရမယ်၊ အညောင်းအညာ ဖြေရမယ်။ ခန္ဓာကိုယ် ခန္ဓာဝတ္ထု ခန္ဓာသဘောတရားတွေကို ဘုရားရှင်များလည်း ရှောင်လို့ မရပါဘူး။ ခန္ဓာရှိနေတော့ ခန္ဓာရဲ့ဒဏ်ကို ခံရတာပဲ။ ဒီတော့ ရှင်တော်မြတ်ဘုရားသည် နတ်ပြည်မှာ အဘိဓမ္မာဒေသနာတော်

မြတ်ကြီးကို ဝါတွင်းသုံးလပတ်လုံး ပူဇော်မှုတော်ဆိုပေမယ့် နံနက်လင်းပြီဆိုရင် လူ့ပြည်ကို ဆင်းပြီး ဆွမ်းခံကြွရတယ်။ ဘုရားနှာပရိသတ်ကတော့ နတ်တွေဆိုတော့ တစ်ဝါတွင်းလုံး မသောက်မစား နိုင်တယ်။ နတ်ပြည်မှာ ဆက်ပေးဖို့ နိမ္မိတရုပ်ပွား တော် ဖန်ဆင်းပြီး အားတော်မူခဲ့ရတယ်။ ဂုဏ်ဒိဗ္ဗအဖော်ညာဥ်ရှိ ပေါ်ပါတယ်။

ပဋ္ဌာန်းဒေသနာတော်အစပါအဝင် အဘိဓမ္မာ ခုနစ်ကျမ်းလုံး ကို နတ်ပြည်မှာ ရွှေဘုန်းမပြတ် ဟောတော်မူခဲ့တာနော်၊ ဒါကြောင့် ပဋ္ဌာန်းဒေသနာတော်ကို မိနစ်ပေါင်း နာရီပေါင်း ဆက်ဝိုက် ရွတ် ဖတ်ပြီး အခံမဲ့ ရွတ်ဖတ်ပူဇော်ပွဲတွေ လုပ်နေကြတာပေါ့။ (၂၄) နာရီမပြတ် အခံမဲ့ ရွတ်ဖတ်ပူဇော်တာတော့ ကောင်းပါရဲ့ ဒါပေမဲ့ သူ့အချိန်နဲ့သူ ဟွန်းတပ်ပူဇော်ရင် ကောင်းမယ်။ ဗုဒ္ဓ ဘာသာဝင်ဆိုပေမယ့် (၂၄) နာရီ ဟွန်းတပ်ထားတော့ စကားပြော ရတာ လူမှုရေးကိစ္စ ဆောင်ရွက်ရတာ အခက်တွေ့လို့ စိတ်ပျက် ကြပါတယ်။ ဒါလေးတွေ ပြုပြင်ရင် ပိုကောင်းပါမယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး နတ်ပြည်မှာ ဝါကပ်တော် မူနေစဉ်အတွင်း နံနက် အရုဏ်တက်တာနဲ့ လူ့ပြည်ကို ပြန်ဆင်း လာတယ်။ မျက်နှာသစ်မယ်၊ အညစ်အကြေး စွန့်စရာရှိတာ စွန့် မယ်၊ ဆောင်ရွက်စရာတွေ ဆောင်ရွက်ပြီးတာနဲ့ မြောက်ကျွန်း ကို ဆွမ်းခံကြွတော်မူတယ်။ ပြီးတော့ ဟိမဝန္တာတောရှိတဲ့ စန္ဒကူး တောထဲမှာ ဆွမ်းဘုဉ်းပေးတယ်။ နေ့သန့်တော်မူတယ်။ ဒီအခါ အရှင်သာရိပုတ္တရာက ဆရာ့ဝတ်တွေ လုပ်ပေးတယ်။ ဘုရား ကိုယ်တော်မြတ်က နတ်ပြည်မှာ ဒီနေ့ဟောခဲ့တဲ့ အဘိဓမ္မာဒေသနာ တော်ကို အကျဉ်းချုပ်သဖြင့် အရှင်သာရိပုတ္တရာမထေရ်ကို ပြန်လည် ဟောပြတော်မူပါတယ်။

မြတ်စွာဘုရားရှင်က အရှင်သာရိပုတ္တရာကို အကျဉ်းမျှ ထိုက်ရုံကလေးလေးပဲ ဒေသနာကို အတိုသင်္ခေပဒေသနာလို့ ခေါ် ပါတယ်။ ဘုရားက အကျဉ်းအားဖြင့် ဟောပေမယ့် တစ်သင်္ချေ နဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်လာတဲ့ ပညာတရားရှင် ဓမ္မသေနာပတိဘွဲ့ ရတဲ့ လက်ျာတော်ရံ အဂ္ဂသာဝကကြီး အရှင်သာရိပုတ္တရာက အကျယ်ဝေဖန်ပြီးတော့ နားလည်တော်မူပါတယ်။ ထိုးထွင်းပြီး တော့ နားလည်တော်မူပါသတဲ့။

အရှင်သာရိပုတ္တရာက သူ နာကြားခဲ့ရတဲ့ အဘိဓမ္မာဒေသနာ တော်ကို သူ့ရဲ့တပည့် ရဟန်းငါးရာကို ပြန်ပြီးတော့ ပို့ချပေး ပြောခဲ့တယ်။ ရဟန်းတွေ မြောက်မြားစွာ ရှိနေတယ် ဒီရဟန်း တော်တွေပဲ နာကြားသင်ယူခွင့်ရတာ အကြောင်းရှိတယ်။ ရှေး ကမ္ဘာရှားမှာက ဘဝတစ်ခုမှာ ဒီရဟန်းတော်တွေက ဂူတစ်ခုထဲ မှာ လင်းနို့သား ငါးရာဖြစ်နေခဲ့သတဲ့။ အဲဒီဂူထဲကို ရဟန်းတော် တစ်ပါးက အဘိဓမ္မာတရားတွေ ရွတ်ဖတ်ပူဇော်နေတော့ လင်းနို့ သား ငါးရာက တိရစ္ဆာန်ဖြစ်လို့ အနက်အဓိပ္ပာယ် နားမလည်ကြ ဘူး။ ဒါပေမဲ့ လေးလေးစားစား ကြည်ကြည်ဖြူဖြူနဲ့ နားထောင်ကြတယ်။ လင်းနို့သားဘဝကနေ စုတေတော့ နတ်ပြည်မှာ နတ်စည်းစိမ် အကြိမ်ကြိမ် ခံစား ခံစားပြီးမှ ဘုရားပွင့်တော်မူတဲ့အချိန်မှာ လူ့ ပြည် လူ့ဘဝကိုရပြီး ရဟန်းဘဝကို ရောက်လာကြတာတဲ့။

အဘိဓမ္မာတရားတော် နာကြားရတဲ့အကျိုးဟာ ဘယ်လောက် ကြီးမားသလဲဆိုရင် နတ်ပြည်မှာလည်း နတ်စည်းစိမ် ခံစားရ လူဖြစ်တော့လည်း ရဟန်းပြုခွင့်ရ ရဟန်းဘဝမှာလည်း အရှင်သာရိ ပုတ္တရာရဲ့ တပည့်တွေဖြစ်ပြီးတော့ အဘိဓမ္မာအသေးစိတ်ကို သင်ကြားနာယူခွင့် ရကြပြန်တယ်။

အရှင်သာရိပုတ္တရာက တပည့်ငါးရာကို ပြန်လည် ဟောပြ

ပေးခဲ့တဲ့ ဒေသနာတော်သည် မကျဉ်းလွန်း မကျယ်လွန်းတဲ့ ဒေသနာဖြစ်တဲ့အတွက် နာတိဝိတ္ထာရ နာတိသင်္ခေပဒေသနာလို့ ခေါ်ပါတယ်။ နတ်ပြည်မှာ ဟောတော်မူတာက အတိဝိတ္ထာရ ဒေသနာ အလွန်ကျယ်ပြန့်တယ်။ အရှင်သာရိပုတ္တရာကို ဟောတာက အတိသင်္ခေပဒေသနာ အလွန်ကျဉ်းမြောင်းတယ်။ အရှင်သာရိပုတ္တရာတနေ့ တပည့်ငါးရာကို ဟောတဲ့ ဒေသနာကတော့ နာတိဝိတ္ထာရနာတိသင်္ခေပဒေသနာ မကျဉ်းလွန်း မကျယ်လွန်းတဲ့ ဒေသနာ ဖြစ်ပါတယ်။ အခု ယောဂီတို့တစ်တွေ နာကြားနေရတာက အရှင်သာရိပုတ္တရာ ဟောတဲ့ မကျဉ်းလွန်း မကျယ်လွန်းတဲ့ ဒေသနာပေါ့။ လူတွေရဲ့ ဦးနှောက်မှတ်ဉာဏ်အရ အသင့်တော်ဆုံး ဒေသနာဖြစ်ပါတယ်။ လူတွေက ကျဉ်းလွန်းရင် နားမလည်နိုင်ဘူး။ ကျယ်လွန်းတော့လည်း ကြာကြာမနာနိုင်ဘူး မဟုတ်လား။

## ဆရာတော်ကြီးများ ဆွေးနွေး

အဘိဓမ္မာ ဒေသနာတော်မှာ ပါဝင်တဲ့ ပဋ္ဌာန်းတရားတော်နဲ့ ပတ်သက်ပြီးတော့ ဆရာတော်ဘုရားကြီးများကလည်း မြန်မာဆောင် အားထုတ်တော်မူကြတယ်။ မြို့တိုင်း နယ်တိုင်း ရွာတိုင်းမှာလည်း ပဋ္ဌာန်း ပွဲတော်ကြီးတွေ ကျင်းပပြုလုပ်နေကြတယ်။ ဒါတော့ ယောဂီတို့ အလွန်ဝမ်းသာစရာကောင်းတယ်လို့ မှတ်ရမယ်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေက သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာလို့ သုံးမျိုးသုံးစားရှိနေပါတယ်။ ဥပမာပြနိုင်ပါတယ်၊ ဓမ္မပဒ- စသည်ဖြင့် သံဂါယနာအောင်လို့ ဟောကြားထားတဲ့ ဒေသနာတော် သုတ္တန်ပိဋကလို့ ခေါ်တယ်။ သံဃာချိုးတဲ့နောက် ဝိနယ် မြင့်မြတ်သော ဘဝမှာ ဝိနယ် ယဉ်ကြောင်သော အကျိုးတရားရအောင် ပြမ်းနားသော လမ်းကြောင်းရဲ့

အောင် ကျင့်တော့မယ်ဆိုရင် ကိုယ်ကျင့်တရားကောင်းဖို့ လိုလာပြီ။ ကိုယ်ကျင့်တရားအတွက်ပေါ့တဲ့ ဒေသနာကတော့ ဝိနယပိဋကတဲ့။

သံဝေဂလည်း ရပြီ၊ ကျင့်စဉ်လမ်းမှန် အစပြုခံရပြီးတော့ ကိုယ်ကျင့်တရားတွေ ကောင်းမွန်ပြီဆိုတော့မှ သီလဆိုတဲ့ မြေပေါ်မှာ မဂ်ပင်ဖိုလ်ပင်တွေ စိုက်ဖို့ လိုလာတယ်။ မဂ်ပင်ဖိုလ်ပင်က အဝိဇ္ဇာမြေပေါ်မှာ စိုက်လို့ရတာ မဟုတ်ဘူး။ ဝိဇ္ဇာမြေပေါ်မှာ စိုက်ရတာဆိုတော့ ဒေသနာဉာဏ်ရောက် ထိုးထွင်းတဲ့ ပညာကို ရဖို့လိုလာပြီ။ အဲဒီပညာနဲ့ စပ်ယှဉ်တဲ့ အဘိဓမ္မာဒေသနာတော်ကို ဟောရပြန်တယ်။ အဘိဓမ္မာ ပိဋကပေါ့။

အဲဒီတော့ ပိဋကသုံးပုံကို ပြန်ကြည့်ရင် သုတ္တန်ပိဋကက သမာဓိ၊ ဉာဏ်နဲ့ပြောရင် သံဝေဂဉာဏ်။ ဝိနယပိဋကက သီလ၊ ကိုယ်ကျင့်တရား။ အဘိဓမ္မာပိဋကက ပညာ၊ လွတ်မြောက်မှု။ အပါယ်လေးပါးက လွတ်မြောက်မှု၊ ကိလေသာက လွတ်မြောက်မှု ဖြစ်ပါတယ်။

ဒါကြောင့် ကရုဏာ မေတ္တာ ကြီးမားတော်မူကြတဲ့ ထေရဝါဒ အရှင်သခင်၊ အရှင်မြတ်ကြီးတွေဟာ ပဋ္ဌာန်းဒေသနာတော်ကို သင်အံပို့ချပေးတော်မူကြတယ်။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးလည်း ပဋ္ဌာန်းဒေသနာတော် အပါအဝင် အဘိဓမ္မာဒေသနာတော်တွေ ပို့ချတဲ့နေရာမှာ သိပ်တော်တဲ့အတွက် ထားခဲ့တဲ့ ပရိယတ်တွေ အများကြီး ရှိတယ်။ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးဆိုရင် ပိဋကသုံးပုံ အစုံအလင် ပို့ချတော်မူနေတဲ့ကြားက ပဋ္ဌာန်းဒေသနာတော်ကြီးကိုတော့ လူတွေအတွက် သီးသန့် ရက်ပေါင်းများစွာ ဟောကြားတော်မူခဲ့တယ်။

ဓမ္မီလို ပေါကြွားရတဲ့ ရည်ရွယ်ချက်က—
ရှေးက ထင်ရှား၊ ထိုးထွားမှုလျှင်
ရတည့် တန်ခိုး၊ ထပ်မညှိုးအောင်
အားထုန့်ကြိုးပမ်း၊ ကိုဝန်ထမ်းရည်
ဆက်လက်တည်တံ့ပါစေသော်။

ဆိုတဲ့အတိုင်း ထိုးထွားတွေ့လေးခဲ့တဲ့ တန်ခိုးအမွေအနှစ်ကို မညှိုးမနွမ်းရအောင် ကြိုးပမ်း ဝန်ထမ်းတော်မူခဲ့ကြတာပါ။ ဒါမှ လည်း သာသနာတော် ဆက်လက် တည်တံ့ပါလိမ့်မယ်။ ပဋ္ဌာန်း ကို ရွတ်ရုံသက်သက် မဟုတ်ဘဲ အနက်အဓိပ္ပာယ် နားလည် အောင် ခန္တဉာဏ်ရောက်အောင် လေ့လာတော်မူခဲ့ကြတယ်။ တို့ တစ်တွေ ခေတ်မှာလည်း ပဋ္ဌာန်းကို ရွတ်ရုံသာရွတ်မနေဘဲ အနက် အဓိပ္ပာယ်ကိုလည်း နားလည်အောင် လုပ်ကြရမယ်နော်။ အနက် အဓိပ္ပာယ် နားမလည်ဘူးဆိုရင် သာသနာတော်ကြီး တဖြည်းဖြည်း နဲ့ ကျဆင်းသွားလိမ့်မယ်။

ဒါကို ရိုးရှိမြင်တော်မူကြတဲ့အတွက် ရှေးဆရာတော်ကြီးတွေ က ပဋ္ဌာန်းမြတ်ဒေသနာကို မြန်မာစကား မြန်မာနားနဲ့ ခန္တ ဉာဏ်ရောက်အောင် ပေါ်ဖော်ညွှန်ပြတော်မူခဲ့ကြတာပါ။

## ဆရာရှင်တော် မဟ္ဂိပေါ်ကျောင်း

ပဋ္ဌာန်းဒေသနာတော်ကြီးကို ရှေးရှေး ဆရာတော်ကြီးများ ဘာဖြစ်လို့ မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီးတော့ ပြန့်ပွားအောင် ဆောင်ရွက်ကြတာလဲဆိုတော့ မြတ်ဗုဒ္ဓ သာသနာတော်ကြီးက အမြဲသဖြင့် မတည်နိုင်ဘူး။ တစ်ချိန်ကျရင် ကွယ်လိမ့်မယ်။ ကွယ်တဲ့ အခါမှာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ သီလ၊ သမာဓိ၊ ပညာ သာသနာတော်သုံးရပ်ထဲက အဘိဓမ္မာပိဋကက အရင်ကွယ်လိမ့်

မယ်။ အဲဒီမှာ ရှုနစ်ကျွန်းမှာလည်း ပေါက္ခရဒီပကျွန်း ဒေသနှာ
ပေါ်ကြီးဟာ တောင်ကျွန်းမှာနဲ့ဂို ပျော်နေကျွန်းကြီး မတွေ့ယ်ပေ
လောလောဆယ် ဂျာမနီကြီးတော့ မြန်မာနိုင်ငံလောက် ကြီးမားမြန်မြန်ရှိပေတဲ့
ရှုနေကြတာ ဖြစ်ပါတယ်။

ဘုရားဟောတဲ့ ကျွန်းတယ်ဆိုတာ ကျွမ်းကျင်ရပ်တွေ
အများကြီးပဲလို့ ရှင်းပြထားတာ မဟုတ်ပါဘူး။ ဒီစကား
တွေကို ခေတ်မဟုတ် ပိုမြန်သော လူတွေရဲ့ အသိ
ဉာဏ်မှာ ဒီဘုရားတော် ပေါက်လာတယ်လို့ သာတော်။ ဒါကြောင့်
သာသနာကျွယ်ကြောင်းတရားမှာ "ကျွန်မဟောကြ၊ ကျွန်မရှ
နှင့်၊ ကျွန်းပွားမော်၊ မကြားရည်" လို့ ဆိုထားတာပေါ့။

အဲဒီမှာတရားက နက်နဲတော့ လူတွေက နားမလည်ဘူး။
နားမလည်တော့ မနှစ်မြို့ကြဘူး။ မြန်မာစကား၊ မြန်မာနိုင်ငံနဲ့
ပေါ်ကြောင်းပေးမယ့် လေးနက်တော့ မနှစ်မြို့ကြဘူး။ ပရိသတ်
က အဓိပ္ပာယ်နိုင်တော့ တရားတော်တွေက အကျယ်တဝင့် မပေါ
ကြဘူးပေ။ အဲဒါ "ကျွန်မဟောကြ" ပဲ။ ဒါလည်း သာသနာ
ပေါ်ကွယ်ခြင်းကြောင်းပဲ။ နောက်ကြီးတော့ "ကျွန်းပွားမော်"။
အဲဒီမှာလေသနာက ခက်ခဲတဲ့အတွက် အကျယ်တဝင့် ပေါ့
နားလည်သဘောပေါက်တယ်။ ဒါပေမဲ့ အကျယ်တဝင့် သင်ခန်း
စာတော်ခြင်း မရှိကြဘူး။ ဒါလည်း သာသနာကွယ်ရတဲ့ အကြောင်း
ပဲ။ နောက်တစ်ခါ "မကြားရည်" ဆိုတဲ့အပိုင်း တရားသဘော
ကို နှုတ်ညာဏ်ရောက်အထိ မကြားရည်ကြတာလည်း သာသနာ
ကွယ်ကြောင်းပေါ့။

ဒါကြောင့် ပဟာဂန္ထဝင်ဆရာတော်ဘုရားကြီးက သာသနာ
ကွယ်မှာ စိုးရိမ်တော်မူလို့ ပျော်နေတရားတော်ကြီးကို ဒေသနာ
ပေးတော်မူခဲ့တာပဲ။ ဖြတ်စဉ်ရဲ့ အချုပ်အမတည်းပဋ္ဌာန

သဘာဝနုတောက်ကြီးရှိနေလို့ဘဲ ဒါက ကုသိုလ်၊ ဒါက အကုသိုလ်။ ဒါက လမ်းမှား၊ ဒါက လမ်းမှန်၊ ဒါက သမုဒယလမ်း၊ ဒါက မဂ္ဂင်လမ်း၊ ဒါက လမ်းဖြောင့်၊ ဒါက လမ်းကောက် သိနေခြင်း ဖြစ်ပါတယ်။ ဒါကတော့ အမှောင်လမ်း၊ ဒါကတော့ အလင်း လမ်း။ ဒါကတော့ သုဂတိသွားတဲ့လမ်း၊ ဒါက ဒုဂ္ဂတိသွားတဲ့ လမ်း။ ဒါက သံသရာဝဋ်က လွတ်မြောက်တဲ့ နိဗ္ဗာန်သွားတဲ့လမ်း လို့ ခွဲခြားသိနိုင်ကြခြင်း ဖြစ်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ် ပေါ်ထွန်းလာပေါ်မှာ ပွင့်တော်မူ လို့သာ လမ်းကောင်း လမ်းမြတ်တွေ ခွဲခြားသိနိုင်တာနော်။ ဘုရား သာ ပွင့်တော်မမူရင် ဒီတရားတွေ လျှောက်ရမည့်လမ်းကို အခုလို အတိုင်း သိနိုင်ပါ့မလား။ အခုလို သိခွင့်ရနေတာ ဘယ်သူ့ရဲ့ ကျေးဇူးလဲမေးရင် "ဘုရားရဲ့ကျေးဇူး" လို့ ဖြေရပါလိမ့်မယ်။

ဘုရားရှင်တော်၊ ပွင့်ပေါ်လျှင်
လျှောက်အမှား၊ မဂ်ကောင်းလေးလည်း
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုတို့သာ၊ မသိရ
များလှအဖြစ်တွေ။

ဆိုတာလို့ ကုသိုလ်မှန်းမသိ၊ အကုသိုလ်မှန်းမသိ ကိုယ် လျှောက်ရမည့်လမ်းက ကောင်းမှန်းမသိ၊ ဆိုးမှန်းမသိ ဒါဟာ ဘုရားပွင့်တော်မမူရင် ဖြစ်ရမည့်အဖြစ်တွေနော်။

## အမှောင်အဖယောင်းကို အလင်းအမှန်ပေးတော်မှု

သီလင်တော ပေါ်လာသော ရှေ့တွေမှာ ကောင်းတာလုပ်ရင်း နဲ့ မကောင်းတာတွေ ရောကြိုလုပ်မိနေတတ်ကြတယ်။ ဘုရားဟည့် ကျောင်းဆောင်းတော် ကောင်းပါတယ်။ ဒါပေမဲ့ ရှေ့ကောင်းရည်

ရှည်နဲ့ ကောင်းကြတာ မကောင်းဘူး။ နှစ်ထုပ်ဖိုးလောက် ပေးလိုက်ပြီး ငါးထုပ်ဖိုးလောက် တောင်းနေကြတာကိုး။

ဝတ္ထုကာမကိုတော့ နှုန်းနိုင်ပြီးမှ ကိလေသာကာမကို ဖွေးဖိုက်နေကြတာနော်။ သားရှင်ဖြူ လှူတာက ကုသိုလ်၊ ဆက်တွေ ဆိုင်းတွေ ယှဉ်တာက အကုသိုလ်။ အဲဒါကိုမသိတော့ လုပ်ကောင်းတယ် ထင်နေကြတယ်။ "မင်းက ဘယ်ဆိုင်းယှဉ်ရင် ငါကလည်း ဘယ်ဆိုင်းယှဉ်မယ်။ မင်းက ကားနဲ့အလှူလှည့်ရင် ငါကလည်း ဆင်နဲ့ကိုလှည့်မယ်" လို့ ပြိုင်နေကြတယ်။ ဆင်တစ်ကောင်ကို ၁၀ သိန်း ၁၂ သိန်းပေးငှားပြီး လှည့်တယ်။ ပင့်ထားတဲ့ သံဃာတစ်ပါးကို ငါးထောင်ကျပ်ထဲ့။ ဆင်လောက်မှ မတန်ဘူးဖြစ်နေပြီ။

အခုတနဲ့ သာမည မကွဲပြားလောက်အောင် အသိဉာဏ် အားနည်းနေကြတာဟာ အမျိုးသားသာသနာအတွက် စိုးရိမ်စရာ ဖြစ်နေပြီ။

လှူတာက ကုသိုလ်၊ ဂုဏ်တု ဂုဏ်ပြိုင်လုပ်တာက အကုသိုလ်။ ဒီကြားထဲ သားသတ်ရုံမှာ အလှူအတွက် ဆော်ဒါမှာကြ၊ လူငယ်ကလေးသားတွေပျော်အောင် အရက်ပုံးထောင်ကြ၊ တထိန်းကိုအကြောင်းပြပြီး ဖဲရိုက်ကြ၊ ကုသိုလ်အကြောင်းပြပြီး အကုသိုလ် ဖြစ်နေလိုက်ကြတာ အဖြူထဲ အမည်းရောတဲ့ လဲတွေ ဖြစ်နေပါပေါ့လားလို့ မသိနိုင်လောက်အောင် အဝိဇ္ဇာ၊ တဏှာ ဘယ်လောက် ဖုံးလွှမ်းထားကြီးနေသလဲဆိုတာ စဉ်းစားသာ ကြည့်ကြပါတော့။

ထုံးတွေကလည်း မီးလှုံနေကြပြီပါတယ်ဆိုမှ အချိန်အပါးက ကျော်သွားတယ်။ ရှာရှာဖွေဖွေ ဖတ်ဖတ်မောမော ခင်ရွေနဲ့ ထွက်ခွါလာ မဖြူတော့ သူတော်ကောင်းအလုပ်ကို ဘေးဘေးချမ်းချမ်း

မရှုပ်နိုင်ကြဘူးလေ။ ရှာရေးဖွေရေးနဲ့ အချိန်ကုန်နေရတော့ သားသမီးတွေကိုလည်း စေ့စေ့စပ်စပ်ပြုစုမပေးနိုင်ဘူး။ မိသားစုဘဝပိုင်းကို လျစ်လျူရှုထားတဲ့အခါ ကလေးတွေရဲ့ နှလုံးသားက တဖြည်းဖြည်း မှိန်လာတယ်။ အဲဒါ သားသမီးကောင်း ဆုတ်ယုတ်ခြင်းရဲ့ အကြောင်းတရားတစ်ခု ဖြစ်ပါတယ်။

အဲဒီလို ဖြစ်လာတာဟာ အကောင်းနဲ့အဆိုးကို မရွေးချယ်နိုင်လို့၊ အကြောင်းအကျိုးကို မသိလို့၊ မှတ်သည် မမှတ်သည်ကို မဝေဖန် မပိုင်းခြားနိုင်လို့ပါ။ အကြောင်းအကျိုး သိချင်ရင် အကောင်းအဆိုးကို သိနားလည်ချင်ရင် ပဋ္ဌာန်းတရားတော်ကြီးကို လေ့လာရတယ်။ ဒါတွေဖြစ်စေဖို့ ဆရာတော်ကြီးများက ရှေးတုန်းက ပဋ္ဌာန်းဒေသနာတော်ကြီးကို ဟောတော်မူခဲ့ကြတာပါ။

ပဋ္ဌာန်းတရား နာပြီးရင် ရှောင်သင့်တာ ရှောင်ပါ၊ ဆောင်သင့်တာ ဆောင်ပါ။ တရားနာပြီးတော့မှ ရှောင်သင့်တာလည်း မရှောင်ဘူး၊ ဆောင်သင့်တာလည်း မဆောင်ဘူးဆိုရင် ဂူမြင်တောင်ရဲ့ အပေါ်ယံ ရှုန့်ကြီးနေကြတာပဲပေါ့။ မြို့မှာဆို အပေါ်ယံ ရှုန့်ကြီး ဟန်ဆောင်ပန်ဆောင်လုပ်နေကြတာ များတယ်နော်။ ကိုယ့်အကြောင်း ကိုယ်သိကြဖို့ပါ။ ဟောတာ ပုဂ္ဂိုလ်တွေက ရှိတယ်။ မသိခင်က ချုပ်လုပ်ကြတာ သိသွားရင် ရှောင်ကြပါတယ်။

တချို့များ မွေးနေ့ဆိုပြီးတော့ အကြီးအကျယ်လုပ်ကြတယ်။ ကိုယ့်ကို မွေးပေးတဲ့ အမေကိုတော့ သတိမရကြဘူး။ မွေးနေ့ဆိုတာ အမေမရှိဘဲနဲ့ ဖြစ်မလာပါဘူး။ ကိုယ့်ကို အသက်နဲ့ရင်းပြီး မွေးပေးလိုက်တာ အမေနော်။ မွေးပေးတဲ့ အမေကျတော့

သတိမရဘူး၊ တခြားလူတွေကိုပဲ စိတ်ရွေးတာ။ အတုအယောင် အလှပတွေကို အစစ်ထင်ပြီးတော့ လုပ်နေကြတာ ဖြစ်ပါတယ်။

အတုအယောင်လား၊ အစစ်အမှန်လား ကွဲကွဲပြားပြား သိချင်ရင် ပဋ္ဌာန်းတရားတော်ကြီးကို လေ့လာ နာကြားရမယ်။ လူ့စိတ်က **ပါပသ္မိံ ရမတီ မနော။ မနော**-ပုထုဇဉ်လူသားတွေရဲ့ စိတ်ဟာ။ **ပါပသ္မိံ**-မကောင်းမှု၌။ **ရမတီ**-မွေ့လျော်တယ်" တဲ့။ တစ်နာရီလောက် တရားထိုင်ရတာကို "အမယ်လေး ပျင်းလိုက်တာ" ဖြစ်လာတယ်။ မကောင်းတာကျတော့ ဘယ်လောက်ကြာကြာ ထိုင်ရထိုင်ရ မညည်းဘူး။ အတုအယောင်ကနေ အစစ်အမှန် နယ်ပယ်ရောက်လာအောင် ကြိုးစားရဖို့ သဘောပေါက်အောင် ရှင်းပြရပါတယ်။

## မြတ်ဗုဒ္ဓဒေသနာ အဘိဓမ္မာ

ပိဋကတ်သုံးပုံမှာ အဘိဓမ္မာက မြို့ကျယ်မှာဆိုတော့ အဘိဓမ္မာက ခံတပ်ဖြစ်ပါတယ်။ ဒီခံတပ်ကြီး ပြိုလဲသွားရင် ရန်သူတွေ ဝင်လာမှာပဲ၊ သိလား၊ သာသနာဆိုတာက တခြားဘာသာတွေမှာလည်း ရှိကြတယ်။ ဟိုတို့မှာ မရှိတာက အဘိဓမ္မာပါ။

ရှေ့တန်းခံတပ်ကြီးဖြစ်တဲ့ အဘိဓမ္မာတရားတော်ကြီး ပျောက်ကွယ်သွားမယ်ဆိုရင် ဘာသာ သာသနာဟာ ရွေးရေပျောက်တင်ရဲ့ နောက်ဆုံးမှာ လျော့ရင်း ကုန်ရတော့မယ်။ ဒါကြောင့် အဘိဓမ္မာဒေသနာတော်ထဲက ရှေ့ဆုံးခံတပ် ပဋ္ဌာန်းတရားတော်ကြီးကို ဦးစားပေးပြီးတော့ ပြောနေရပါတယ်။ ပဋ္ဌာန်းတရားတော်ကြီးကို နားလည်အောင် မကြိုးစားနိုင်တာလည်း သာသနာကွယ်ကြောင်း ဖြစ်ပါတယ်။

အဲဒီတော့ ဖြန့်ကြီးမှတ်ရအောင် ပဋ္ဌာန်းမှာ ပ—ဆိုတာက အမျိုးမျိုးအထွေထွေ။ ဌာန—ဆိုတာက အကြောင်းတရား။ ပဋ္ဌာန ပဋ္ဌာန်း။ အကြောင်းတရား အမျိုးမျိုးကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေကို ဟောပြတဲ့ ပဋ္ဌာန်းတရားပေါ့။ အကြောင်းတရားက ပစ္စည်း၊ အကျိုးတရားက ပစ္စယုပ္ပန်လို့ မှတ်ပါ။

ပဋ္ဌာန်းတရားတော်ကို မြတ်ဗုဒ္ဓ ဟောကြားခြင်းရဲ့ ရည်ရွယ်ချက်က နိဗ္ဗာန်ရစေချင်လို့ ဖြစ်ပါတယ်။ နိဗ္ဗာန်ကို ဆုတောင်းရုံနဲ့တော့ မရနိုင်ပါဘူး။ နိဗ္ဗာန်ကို မမြင်ရအောင် ကန့်ကွက်နေတာက ကိလေသာပါ။ ကိလေသာကို ပယ်ရှင်းဖို့အတွက် ဓမ္မပေါ် ဉာဏ်ရောက်ရပါမယ်။ ဓမ္မပေါ် ဉာဏ်ရောက်ဖို့ အာရုံမှာ ပစ္စည်းကို ကြည့်လိုက်တော့ သတ္တဝါတွေ အရာရာတိုင်းမှာ လှုပ်ရှား သွားလာ လုပ်ကိုင်နိုင်တာဟာ စိတ်ရဲ့သတ္တိ ဖြစ်ပါတယ်။

"**စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ— လောကော**—လောကကြီးတို၊ **စိတ္တေန**—စိတ်သည်။ **နီယတေ**— ဆောင်အပ်၏" တဲ့။

ဒီဂါထာတွေကို စိတ်က ဦးဆောင်နေတယ်။ လောကကြီး မှာ ဖြစ်နေတဲ့ သေတယ်၊ ရှင်တယ်ဆိုတာတွေဟာ စိတ်ကြောင့် ပါပဲ။ ရှေ့စိတ်ချုပ်ပြီး နောက်စိတ်မပေါ်တော့ရင် လူသေ၊ ရှေ့စိတ် ချုပ်ပြီးတဲ့နောက်မှာ နောက်စိတ် ဆက်ပေါ်နေသေးရင် လူရှင်လို့ ခေါ်တာပါပဲ။

တို့တစ်တွေ အခု တရားဟော တရားနာနိုင်အောင် လောကီ လောကုတ္တရာ အလုပ်တွေ လုပ်နိုင်အောင် စိတ်က ဆောင်ရွက် ပေးတာဟာ ဖြစ်ပါတယ်။ စိတ်လို့ ပြောလိုက်တဲ့အခါ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ အသိမှားတွေ မပါဘူး။ အဲဒီတော့ အဲဒီ

ဗုဒ္ဓ ဒေသနာဆိုတာ ပုဂ္ဂလာဓိဋ္ဌာန်မဖက် ဓမ္မာဓိဋ္ဌာန်သက်သက်ပဲ ဟောကြားတယ်လို့ မှတ်သားခဲ့ရပါမယ်။

## ဝိညာဉ်လိပ်ပြာ မဟုတ်ပါ

ယောဂီတို့ တရားထိုင်တဲ့အခါ ရှုနေတဲ့အချိန်မှာ ရှုစိတ် ဖြစ်တယ်။ ရှိုက်နေတဲ့အချိန်မှာ ရှိုက်စိတ်ဖြစ်တယ်။ ဒါဖြင့် ရှု တယ် ရှိုက်တယ်ဆိုတာ လူယောက် ရှုရှိုက်တာ မဟုတ်ဘူး။ လူရှင်ထဲ ရှုရှိုက်တာပေါ့။

အဲဒီတော့ ရှင်ရတာ ဘယ်သူ့ကြောင့်လဲဆိုရင် စိတ်ကြောင့် ပါ။ စိတ်ကြောင့် ရှင်တာလို့သိရင် သက္ကာယဒိဋ္ဌိကင်းပါတယ်။ စိတ်ကြောင့်လို့ အသိနိုင်းတာဟာ သက္ကာယဒိဋ္ဌိကို အပြုတ်နိုင်း နေတာ ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ရင် ဘာဖြစ်လို့ သွားလာ လှုပ်ရှားနေတာလဲ မေးတော့ 'လိပ်ပြာ' တဲ့၊ 'ဝိညာဉ်' တဲ့၊ 'အကောင်' တဲ့။ ဝိညာဉ်၊ လိပ်ပြာ၊ အကောင် အစွဲဆိုတဲ့ဟာလေး ခန္ဓာကိုယ်ထဲမှာရှိနေလို့ သွားနိုင်၊ လာနိုင်၊ ဆိုနိုင်၊ ပြောနိုင်တာ ပေါ့လို့ ယူလိုက်ရင် သက္ကာယဒိဋ္ဌိ ဖြစ်သွားပြီ။

ဗုဒ္ဓက စိတ်ကဦးဆောင်တယ်လို့ ဟောတယ်။ အသက်ရှင် နေတာဟာ စိတ်ရဲ့စွမ်းရည်ကို ဟောတယ်။ ဗြာဟ္မဏဝါဒက အတ္တကောင်လေး ဝင်းထဲမှာ ကိန်းနေလို့ သွားလာလှုပ်ရှားနိုင် တာလို့ ယူတယ်။ ဗုဒ္ဓဘာသာဝင်ဆိုပြီးတော့ ဗြာဟ္မဏဝါဒတွေ လွှမ်းနေကြတာ အများကြီးနော်။ လိပ်ပြာအကောင်တို့ ရှိတယ်လို့ ယူနေသေးသရွေ့ အပိုင်ချုပ်ကြီး ဖြစ်နေသေးသရွေ့ သချိုင်းက ပြန်ခေါ်ကလေးတွေ ပူကြိုး လိပ်ပြာခေါ်နေသေးသရွေ့၊ သေသူ့ အကြောင်းပြုပြီးတော့ ထမင်းနဲ့ကျွေးတာ၊ သေသူပါးစပ်ထဲကို

ရှုတို့က ဝိုက်ဆံထည့်တာ၊ ခေါင်းပေါ်မှာ ထမင်းထုပ်တင်တာ တွေ လုပ်နေသေးသမျှ သူ့နှလုံးသားထဲမှာ မုဒိတာ မရှိဘူး။ ဖြူစင်တဲ့မုဒိတာ ရှိတယ်လို့ မှတ်ပါ။

အစ္စ လိုင်ကြောကောင်းရှိတယ်ဆိုတဲ့ ဖြူစင်တဲ့မုဒိတာကို သက်မဲ့ သားပြီးတော့ တရားအားထုတ်ရင် နိဗ္ဗာန် ရနိုင်ဘူးမှတ်ပါ။ စိတ်ကို မိတ်မှန်းထိဖို့ လိုပါတယ်။ သွားလာလှုပ်ရှား သက်ရှင်နေ တိုင်နိုင်တာ အားလုံး စိတ်ရဲ့သတ္တိလို့ အစေ့အစပ် မှတ်ရမယ်။

## ရုပ်ကိုနဲ့ အဆောင်းတိုက်တဲ့အခါ

သက်ရှင် နေထိုင်သွားလာ လှုပ်ရှားနေတာ မှန်သမျှ စိတ် ရဲ့ သတ္တိဆိုတော့ အဲဒီစိတ်ကလည်း အလိုလိုပေါ်တာတော့ မဟုတ် ပါဘူး။ အကြောင်းတရားကြောင့် ပေါ်လာတာ ဖြစ်ပါတယ်။ အကြောင်းတရားကလည်း အမျိုးမျိုးရှိပါတယ်။

စက္ခုဝိညာဏ်မှာ သဋ္ဌာယတနဆိုတာ ရှိတယ်။ သဠာယတန ဆိုတာ ဆ-အာယတန-အာယတန ခြောက်ပါးပေါ့။ ဝဋ္ဋသမုပ္ပါဒ် (၂) အကွက်မှာပါတဲ့ အတွင်းအာယတနဒွါရခြောက်ပါးပေါ့။ ဒွါရတာ သူ့အတိုင်း ဘယ်လောက်ရှိရှိ ဘာမှဖြစ်မလာနိုင်ဘူး။ အာရုံရှိမှ ဖြစ်လာတာ။ အသံဆိုတာ လေတိုက်ဖက်တည်းနဲ့ မပြည့်ဘူး၊ လက်နှစ်ဖက်ရိုက်မှ မြည်သလိုပေါ့။ အာရုံနဲ့ ဒွါရတိုက် မှ ဖြစ်လာပါတယ်။ အာရုံကလည်း ခြောက်ပါးရှိတယ် မဟုတ် လား။ ပဋ္ဌာန်း အာရမ္မဏပစ္စည်းမှာ—

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

လို့ ဆိုတဲ့အတိုင်း ရူပါရုံအဆင်းရဲ့ မျက်စိရဲ့ တိုက်ပြီးတော့ စက္ခုဝိညာဏ်စိတ်ဆိုတာ ပေါ်လာရတယ်။

**ရူပါယတနနဲ့ သဒ္ဒါယတနနဲ့ ဂန္ဓာယတနနဲ့ ရသာယတနနဲ့ ဖောဋ္ဌဗ္ဗာယတနနဲ့ ဓမ္မာယတနဟူသော ဗာဟိရအာယတနခြောက်ပါးနဲ့ အတူရှိကြ ပစ္စယေန ပစ္စယော။**

ရူပါယတနကတော့ အဆင်း၊ သဒ္ဒါယတနကတော့ အသံ၊ ဂန္ဓာယတနကတော့ အနံ့၊ ရသာယတနက အရသာ၊ ဖောဋ္ဌဗ္ဗာယတနက အတွေ့အထိ ဓမ္မာယတနဆိုတဲ့ ဓမ္မာယတနက တွေးကြံစရာဆိုပြီး အကြောင်းအရာတွေရှိကြတယ်ပါ။ မြန်မာလိုသက်သက်ပြောရင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ ကြံတွေးစရာ အကြောင်းအရာတွေ ခြောက်ပါး၊ အာရုံခြောက်ပါးပေါ့။ အဲဒီ အာရုံခြောက်ပါးနဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ အတွင်း အာယတန ခြောက်ပါး ဖြတ်စနဲ့ တိုက်ဆိုက်တော့မှ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ ရသာတောင်းစိတ်၊ အတွေ့စိတ်၊ အကြံစိတ် တွေ ဖြစ်ပေါ်လာတာပါ။

**စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။**

ဆိုတဲ့ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဥဒ္ဒေသအတိုင်း မျက်လုံးအကြည် ဓာတ်ကောင်းရှိရှိ အဆင်းမရှိရင် မြင်စိတ်ဆိုတာ ပေါ်မလာနိုင်ဘူး။ အလင်းမရှိရင်လည်း ပေါ်မလာနိုင်ဘူး။ နှလုံးသွင်းမရှိရင်လည်း ပေါ်မလာနိုင်ဘူး။ အဆင်း၊ အလင်း၊ နှလုံးသွင်း အကြောင်းတရားတွေရှိမှ ပေါ်လာနိုင်တယ်။ ဒါတွေကို ပေါင်းဆုံမှ မြင်စိတ်ဖြစ်လေတော့။ မြင်စိတ်တခုဟာ ပေါ်ပေါက်လာဖို့ရာ အဆင်း၊ အလင်း၊ နှလုံးသွင်းနဲ့ မျက်လုံးအကြည်ဓာတ်ဆိုပြီး အကြောင်းလေးချက်လိုတယ်လို့ မှတ်သားရမယ်။

## အာရုံ့ဒွါရ မြင်စိတ်အကြောင်းအကျိုး

မြင်စိတ်တစ်ခုပေါ်လာဖို့ အရောင်အဆင်းလိုတယ်၊ အလင်း အမှောင်လိုတယ်။ ဒါပေမဲ့ ကြားစိတ်ပေါ်ဖို့ကျတော့ အရောင် အဆင်းလည်း မလိုဘူး။ အလင်းအမှောင်လည်း မလိုဘူး။ မြင် စိတ်ကလေး ပေါ်လာဖို့ အရောင်အဆင်းကို ခွဲရသလို ကြားစိတ် ကလေးပေါ်လာဖို့အတွက်ကျတော့ အသံကိုခွဲရတယ်။

မွှေးစိတ်၊ နံစိတ်ကလေး ပေါ်ဖို့ အနံ့လိုတယ်။ စားစိတ် ကလေးပေါ်လာဖို့ အရသာလိုတယ်။ တွေ့ထိစိတ်ကလေးပေါ်လာ ဖို့ မာတ်မြေပယင် အလေနေမှု ရွေ့ကြင်းသိန်း၊ အတွေ့ထိစရာတွေ ရှိရ မယ်နော်။ အချုပ်အားဖြင့်တော့ အာရုံမရှိတဲ့ အခါမှာစိတ် မပေါ်လာဘူးလို့ မှတ်သားရမယ်။

အာရုံတွေကလည်း ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ အမျိုးမျိုးရှိတယ်။ အာရုံကို အကြောင်းပြုပြီး မှ မြင်စိတ်၊ ကြားစိတ်တွေ ပေါ်လာနိုင်ပါတယ်။ ဥပမာအနေနဲ့ ပြောရရင် သက်ကြီးရွယ်အို ပုဂ္ဂိုလ်တွေ ထိုင်ရာက ထရပ်ချင်တဲ့အခါ တောင်ဝှေးကို အားကိုးရသလိုပေါ့။ တချို့အိမ်များမှာ အဘိုးအဘွား တွေအတွက် ထိုင်ဖို့၊ မတ်တတ်ရပ်ဖို့ ကြိုးတန်း ဝါးတန်းလေး တွေ လုပ်ပေးထားတာရှိတယ် မဟုတ်လား။ တောင်ဝှေး၊ ကြိုး တန်းကို အားကိုးပြီးမှ အဘိုးအဘွားတွေ ထနိုင်၊ ရပ်နိုင်၊ သွား နိုင်သလို အာရုံကို အကြောင်းပြုပြီးတော့မှ မြင်စိတ် ကြားစိတ် တွေ ပေါ်လာနိုင်ပါတယ်။

မြင်စိတ်၊ ကြားစိတ်တွေက အလိုလိုပေါ်တာ မဟုတ်ဘူး။ အကြောင်းအကျိုး ဖြစ်ပါတယ်။ အာရုံနဲ့ ဒွါရက အကြောင်း၊ မြင်စိတ်ပေါ်လာတာက အကျိုးပေါ့။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဆိုတဲ့အတိုင်း ရုပ်ရုံနှင့် စက္ခုပသာဒ တိုက်ဆိုင်လိုက်တဲ့ အခါမှာ စက္ခုဝိညာဏ် မြင်စိတ်နဲ့အတူ ယှဉ်ဖော်ယှဉ်ဖက် တရား တွေ အကုန်လုံး ပေါ်လာပါတယ်။ အရပ်စကားနဲ့ ပြောရရင် မြင်စိတ်ဟာ အလိုလိုပေါ်လာတာ မဟုတ်ဘူး။ အကြောင်းအကျိုး ပဲ။ အာရုံနဲ့ ဒွါရဟာ အကြောင်း၊ မြင်စိတ်လေးက အကျိုးပေါ့။

## ကြောင်းကျိုးမြင်ဒိ သစ္စာသိ


အာရုံနဲ့ ဒွါရဟာအကြောင်း၊ မြင်စိတ်ကလေးက အကျိုး။ အကြောင်းကြောင့် အကျိုးဖြစ်တာ။ အကြောင်းကြောင့် အကျိုး ဖြစ်တယ်။ အကြောင်းအကျိုးတွေပါလားလို့ ပိုင်ပိုင်နိုင်နိုင် နားလည် ရင် အကြောင်းတရားပေါ် ဉာဏ်ရှင်းရင် "ဘာကြောင့် ဖြစ်တာ လဲ၊ ဘာကြောင့် ကြားတာလဲ" စသည်ဖြင့် သံသယ လာစရာ မရှိတော့ဘူး။

အကြောင်းတရားပေါ် ဉာဏ်ရှင်းရင် ဝိစိကိစ္ဆာပျောက်တယ်။ မြင်စိတ်ကို မြင်စိတ်၊ ကြားစိတ်ကို ကြားစိတ်၊ နံစိတ်ကို နံစိတ် လို့ သိလိုက်တော့ "ငါ မြင်တယ်၊ ငါ ကြားတယ်၊ ငါ နံတယ်" ဆိုတဲ့ စိတ်တွေ မလာတော့ဘူး။ စိတ်ကို စိတ်ပဲလို့ သိလိုက် တော့ ဒိဋ္ဌိပြုတ်တယ်၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြေရင် ပထမနိဗ္ဗာန်ရတယ်။ ပထမနိဗ္ဗာန်ရချင်ရင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို အသေအချာ သတ်ရမယ်။

အကြောင်းအကျိုးနဲ့ ပေါ်နေတဲ့ ခန္ဓာတွေဟာ အပြင်မှာလား၊ ခန္ဓာထဲမှာလားဆိုတော့ ခန္ဓာထဲမှာ။ ခန္ဓာထဲမှာ အကြောင်းက တစ်မျိုးတည်းလား၊ အမျိုးမျိုးအစားစားလားဆိုတော့ အမျိုးမျိုး အစားစား။ အမျိုးမျိုးအစားစား—၄။ အကြောင်းတရားက—၂၄။ ပေါင်းလိုက်တော့ ပဋ္ဌာန—ပဋ္ဌာန်း ဖြစ်လာတယ်။

ယောဂီတို့ရဲ့ ရှေ့မှာ ပဋ္ဌာန်းဖွေ့ဘ။ အကြောင်းအကျိုး၊ အကြောင်းအကျိုးပေါ် ဉာဏ်ရှင်းရင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်တယ်။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်တော့ "ကြောင်-ကာယ်ရှင်လေး ပေါ်လာလား၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးမှပါလား" လို့ ပိုင်ပိုင်နိုင်နိုင် သိလိုက်ပြီ။

အကြောင်းအကျိုးနဲ့ ဖြစ်လာတဲ့ ခန္ဓာ မှန်သမျှ "သင်္ခါရ သသာဘာ နတ္ထိ" သင်္ခါရတရားမှန်သမျှ ဖြစ်ပြီးရင် ပျက်တာပဲ လို့ သိသွားတယ်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ မသေသွားတဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာက သမုဒယသစ္စာ၊ သမုဒယ တို့ရဲ့ ချုပ်ရာ ငြိမ်းရာ သိမ်းရာက နိရောဓသစ္စာ။ သစ္စာ လေးချက် ဆိုက်အောင် ခန္ဓာဉာဏ်ရောက်မှ အရေးကြီးလာပါတယ်။



(၇) [illegible]
[illegible]

# ၇။ အဓိပတိပစ္စည်း

## အဓိပတိပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်

အဓိပတိပစ္စည်းနဲ့ ကျေးဇူးဆပ်မှုဖြစ်လို့ ရှင်တော်မြတ်ဗုဒ္ဓရဲ့ သဗ္ဗညုတဉာဏ်တော်ကို အာရုံပြုပြီး ဂုဏ်တော်ဟမ်းတပုံ ရှိန်းသေလျက် အဓိပတိပစ္စည်းဆိုင်ရာ ပစ္စယနိဒ္ဒေသပါဠိတော်ကို ညီညာစွာ ရွတ်ဖတ်ပူဇော်ကြရအောင်။

အဓိပတိပစ္စယောတိ--

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓနံ လဒ္ဓံ ကာတ္ဗာ စယ စယ ဓဇ္ဇာ ဥဒ္ဒိဿ
ဝိပ္ပဓမ္မတာယ ကာ ရောဒ ဓေဒဓေဒစ္ဆာ ဓောဿဓောဿ မစ္ဆာနံ
အနိစ္စတာပစ္စယေန ပစ္စယော။

## ကြွေးတောင်းမင်းကြီး ဥပမာ

မြတ်ဗုဒ္ဓဘုရား ဟောသနာတော်အရ တို့တစ်ယောက်ဟာ ဒီလောက်အရေးပါတဲ့မြစ်မြစ် လောကတွင်ရှုအရေးပါတဲ့မြစ်မြစ် ဘယ်အလုပ်ကိုပဲ လုပ်လုပ်၊ မိမိလုပ်တဲ့ လုပ်ငန်း ကအကြောင်းဆောင်မြင်ရင်တယ်၊ တိုးတက်ကြီးပွားချင်တယ်၊ လမ်းဆုံးပန်းတိုင် ရောက်ချင်တယ်ဆိုရင် အနိစ္စတာရား လေးပါး လက်ကိုင်ထားရမယ်လို့ မှတ်ရမယ်နော်။

အနိစ္စတဲ့ဆိုတာကို မြန်မာလိုပြန်လိုက်ရင် အကြီးအကျယ်ပဲ။ အနိစ္စတာပစ္စည်းကို ရှေးပညာရှိ အဋ္ဌကထာဆရာကြီးများက ရှင်တော်မြတ်ဗုဒ္ဓရဲ့ အလိုတော်ကျအတိုင်း ကြွေးတောင်းမင်းနဲ့ ဥပမာ ဆောင်ပြီးတော့ ရှင်းလင်းထားကြပါတယ်။ အနိစ္စတဲ့ဆိုတာ ကြွေးတောင်းမင်းရဲ့ ကြံ့ခိုင်တွေမားသောဟာနဲ့ တူပါတယ်။ အစွမ်း သတ္တိပါတယ်တဲ့။

ကြွေးတောင်းမင်းရဲ့ ကြံ့ခိုင်တွေ့မ အာဆာ ဘယ်လောက် ကြီးသလဲဆိုတာ အရှင်မြော်မြင်ပယ်။ နိုင်ငံတစ်ခုကို အုပ်ချုပ်စိုးမိုးတဲ့ ရှင်ဘုရင်ဟာ သူ့နိုင်ငံ သူ့ပိုင်နက်ထဲမှာပဲ ကြံ့ခိုင်တွေမ အာဆာ ပျံ့နှံ့တယ်။ တခြားနိုင်ငံတွေကို ကြံ့ခိုင်တွေမ အာဆာ မပျံ့နှံ့ဘူး။ ကြွေးတောင်းမင်းရယ်လို့ ခေါ်ခေါ်ဝေါ်ဝေါ်ပြီဆိုရင် သူက ဘယ်နိုင်ငံကိုပဲရောက်ရောက် ရောက်တဲ့နိုင်ငံက ဘုရင်နဲ့ တိုင်းသူ ပြည်သားတွေအားလုံးက သူ့ပြစ်ချင်တာကို လုပ်ပေးရတယ်၊ သူ့ ကြံ့ခိုင်အာဆာဟာ တစ်ကမ္ဘာလုံးမှာ ရှိရှိသမျှ နိုင်ငံအားလုံးက

ဘုရင်တွေ ကိုင်းသျှုပြည်သားတွေ အကုန်လုံးအပေါ်မှာ လွှမ်းမိုး ပျံ့နှံ့ပါသတဲ့။

ဒါကြောင့် လုပ်ငန်းတစ်ခု လုပ်တဲ့အခါ အဓိပတိတယ် ဆိုရင် သိမ်းဆည်းပြီတယ်။ သိမ်အစွမ်းသိက်တယ်၊ ကုသိုလ် နှလုံးဖြစ်ဖြစ်၊ အကုသိုလ်နှလုံးဖြစ်ဖြစ်ပေါ့။ အကုသိုလ်မှာ အဓိပတိ တင်လာရင် ငရဲကြီးရှစ်ထပ်၊ အဝီစိအောက်ဆုံးကပ်ပါစေ၊ သတ် မရှုံ့တမ်း ဆောင်ရွက်တယ်။ ကုသိုလ်မှာ အဓိပတိတင်တဲ့အခါ မှာလည်း ဘုရား တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ်မှာ သူ့ရဲ့ ယုံကြည်မှု၊ သူ့ရဲ့ မယုံချက်၊ ယုံကြည်ချက်နဲ့ ကြည်ညိုမှု ဟာ အဓိပတိတင်လာပြီဆိုရင် အသက်စွန့်ပြီးတော့ ကြည်ညို တာပေါ့။ "မင်းကိုးကွယ်တဲ့ ဘုရားဟာ ဘုရားမဟုတ်ဘူး။ တရား ကလည်း တရားစစ်မဟုတ်ဘူး၊ သံဃာကလည်း သံဃာစစ်မဟုတ် ဘူးလို့ ပြောရမယ်။ မပြောရင် မင်းကို လည်ပင်းဖြတ်မယ်" လို့ ပြောလာရင်တောင်မှ ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါး ရဲ့ ကျေးဇူးနဲ့ ဂုဏ်ကျေးဇူးကို မပြောဘူး၊ လည်ပင်း ဖြတ်သတ်တာ ခံလိုက်မယ်တဲ့။ ဒါဖြစ်လို့လဲဆိုရင် သူ့ရဲ့ နှလုံးသားထဲမှာ တည်ကြိမ်နေတဲ့ ရတနာမြတ်သုံးပါးအပေါ်မှာ ကြည်ညိုမှုဟာ အဓိပတိတင်နေလို့ပါပဲ။

## အဓိပတိ လေးပါးရှိတယ်

တရားအားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်တွေ အတွက် အဓိပတိလေးပါးကို ရှင်းပြမယ်။ ဆယ်ရက်တစ်ပတ်ကြာ ခန္ဓာညာဏ်ရောက် အလုပ်တွေ လုပ်နေရင်း ဝိပဿနာဉာဏ် ရင့်သန်အားကြီးလာမယ်။ အဲဒီတနေ့ ရှင်းလျက်ရှော ဥဒယဗ္ဗယ ဉာဏ် ဖြစ်လာမယ်။ သင်္ခါရုပေက္ခာ ဉာဏ်အဆင့်ရောက်လို့ ဖြစ်

ချက်ကို တာသယ်မြင်ပြီး ရင်ထဲမှာ ကြီးမားအေးလာတဲ့သာဓကာ ရှိလာတဲ့အခါ အဲဒီလောကီလှိုင်းဟာ ညအိပ်ရာဝင် မနက်အိပ်ရာထ တစ်နေ့နှစ်ကြိမ် တရားအလုပ်ကို မလုပ်ရရင်ကို မနေနိုင်တော့ဘူး။ အဲဒါ တရားအလုပ်မှာ အဓိပ္ပါယ်တပ်လာတာပါပဲ။

တရားအလုပ်မှာ အဓိပ္ပါယ်တပ်လာပြီဆိုရင် တစ်နေ့တစ်နေ့ အားလုပ်နေကျအချိန် အားမလုပ်လိုက်ရရင် တစ်နေ့လုံး တစ်ခုခု လိုနေသလိုပဲ၊ ဟာတာတာဖြစ်နေတယ်။ ကောင်းတဲ့အလုပ်မှာ အဓိပ္ပါယ်တပ်တာ သာမှ အပြစ်မရှိပါဘူး။ အဓိပ္ပါယ်တပ်လေ အထွတ်အထိပ်ရောက်လေပေါ့။

မကောင်းတဲ့အလုပ်မှာ အဓိပ္ပါယ်တပ်မိပြီဆိုရင်တော့ တုံးကိုက်တိုက် ကျူးကိုက်ကိုက်ပဲ။ သူ့ ဘာမှလည်းမတွေ့တော့ဘူး။ အဖေကိုလည်း သတ်ရဲတယ်။ အမေကိုလည်း သတ်ရဲတယ်။ ဘုရားကိုလည်း သွေးစိမ်းတည်အောင် လုပ်ရဲတယ်။ အဲဒါ အကုသိုလ် အဓိပ္ပါယ်တပ်သွားတာ ဖြစ်ပါတယ်။

အဓိပ္ပါယ်လေးပါးက ဘာတွေလဲဆိုတော့ ဆန္ဒာဓိပတိ၊ ဝီရိယာ ဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ။ အဲဒီလေးပါးထဲမှာ ဆန္ဒက ကုသိုလ်မှာလည်းရှိတယ်။ အကုသိုလ်မှာလည်း ရှိတယ်။ ဝီရိယ ကလည်း ဒီအတိုင်းပဲ။ စိတ်လည်း ဒီအတိုင်းပဲ။ ဝီမံသာဓိပတိ ကတော့ ပညာကိုပြောတာနော်။ ဝီမံသပညာဆိုတာက အကုသိုလ် မှာ မရှိဘူး။ ဒါကြောင့် မကောင်းမှုတွေ လုပ်တဲ့နေရာမှာ ရဲရဲ ရင့်ရင့် လုပ်တယ်ဆိုတာ မကောင်းတဲ့ဆန္ဒ၊ မကောင်းတဲ့ ဝီရိယ မကောင်းတဲ့စိတ်တွေ အရင်းခံပြီးတော့ လုပ်ကြတာ ဖြစ်တယ်။ မကောင်းတာလုပ်တဲ့အခါမှာ ပညာမပါဘူး။ ပညာမပါတဲ့အတွက် ပြီးတော့ ရဲရဲရင့်ရင့် ခိုက်ခိုက်ခိုက်တန်းလုပ်နေကြတာပေါ့။ ကုသိုလ်

ရောမှာကျတော့ ပညာပါတယ်။ ပညာဆိုတဲ့ ဝီမံသာဓိပတိတစ်ခု လည်း ဆောင်းမှုတော်မှာ ထူးထူးချွန်ချွန် ဖြစ်ထွန်းပါတယ်။

## အဓိပတိ တင်၊ မတင်နှစ်မျိုးရှိ

အဓိပတိလေးပါးထဲက နံပါတ်တစ်က ဆန္ဒာဓိပတိတဲ့။ ဆန္ဒဆိုတာက ဖြစ်ချင်၊ လိုချင်တဲ့ ဆန္ဒပေါ့။ ဖြစ်ချင်၊ လိုချင်တဲ့ ဆန္ဒတိုင်း အဓိပတိမတင်ပါဘူး။ အဓိပတိမတင်တဲ့ ဆန္ဒလည်း ရှိပါတယ်။ ဖြစ်တာတော့ ဖြစ်ချင်တယ်၊ ဒါပေမဲ့ စွဲစွဲလမ်းလမ်း ကြီးကြီးမားမား မဟုတ်ဘူး။ အဲဒီဆန္ဒမျိုးကတော့ သာမန်ဖြစ်လို့ ဘာမှလည်း အောင်မြင်လာမှာ မဟုတ်ပါဘူး။

အဓိပတိတင်နေတဲ့ ဆန္ဒမျိုးကျတော့ ကိုယ်လိုချင်တာကို ရအောင်၊ မဖြစ်မနေလုပ်တာပေါ့။ သွားလည်း ဒီစိတ်၊ စားလည်း ဒီစိတ်၊ ကိုယ်လိုချင်တာ ရမှချင်း ကျန်တာတွေ အကုန်ဘေးချိတ် ပြီးတော့ လုပ်တယ်။ သူ့ရဲ့ဆန္ဒက အဓိပတိတင်လာပြီး အဲဒီလို ဖြစ်လာရင် သူလိုချင်တဲ့ ပန်းတိုင်ကို ရောက်တော့တာပဲ။

ဝီရိယာဓိပတိဆိုတဲ့ ဝီရိယမှာလည်း အဓိပတိတင်တာနဲ့ မတင်တာ နှစ်မျိုးရှိတယ်၊ တော်ရုံတန်ရုံ ကြိုးစားရုံနဲ့တော့ အဓိပတိ မဖြစ်ဘူး၊ အရှုံးကျန် မအိပ်မနေ ကြိုးစားတဲ့ ဝီရိယကမှ အဓိပတိ ဖြစ်ပါတယ်၊ ဝီရိယက အဓိပတိ တင်လာပြီဆိုရင် တစ်လကုန်း သီတင်း မအိပ်ဘဲလည်း လုပ်နိုင်တယ်။ နေ့စဉ် အိပ်ချိန်တွေလည်း လျော့သွားတယ်၊ ခဏလေးပဲ အိပ်တော့။ အဲဒီလို မဖြစ်မနေ အရှုံး ကျန်လုပ်တဲ့ ဝီရိယမျိုးမှ ဝီရိယာဓိပတိတက်ပြီးတော့ ရည်မှန်းချက် အောင်မြင်ပါတယ်။

စိတ်က ကုသိုလ်လည်း ရှိတယ်၊ အကုသိုလ်လည်း ရှိ တယ်။ ဝိပါက် ကြိယာတွေလည်း ရှိတယ်၊ စိတ်ရှိတိုင်း အဓိပတိ

မဖြစ်ပါဘူး။ မောဟစိတ်တွေမှ အဓိပတိကိုက်တယ်။ အဓိပတိဆိုတဲ့အတိုင်း ထက်ထက်သန်သန်ရှိမှ ဖြစ်ရတာပေါ့။ အကုသိုလ်ထက်မှာတော့ ထက်သန်တဲ့စိတ်ကသာ စိတ္တာဓိပတိ ဖြစ်ပါတယ်။ အကုသိုလ်ချင်းအတူတူ ဒိဋ္ဌိဂတ်စ္သာတို့ ဥဒ္ဓစ္စတို့ ဖွဲ့လွှင့်မှုတည့်ပြီး တဲ့ စိတ်တွေက အဓိပတိဖြစ်တာလို့ မရဘူး။ လှုံ့ဆော်ချင်တဲ့ စိတ်က အားကြီးလာရင် အဲဒီစိတ်က အဓိပတိ ဖြစ်လာတာပဲ။ ကျန်တဲ့စိတ်တွေက အဓိပတိတင်တဲ့ စိတ်နောက်ကနေပြီးတော့ လိုက်သွားရတယ်။

ဝီမံသာဓိပတိကတော့ ပညာကို ပြောတာပါပဲ။ ပညာမှာကောင်းတာ၊ မကောင်းတာ နှစ်မျိုးမရှိဘူး။ ကောင်းတာပဲရှိပါတယ်။ မကောင်းတဲ့ဘက်မှာ ပညာမပါတဲ့အတွက် ဘယ်လောက်ပဲ ဆန္ဒကြီးကြီး၊ ဝီရိယကောင်းကောင်း၊ စိတ်အားထက်သန်ပါစေ နောက်ဆုံးတော့ ဖျက်စီးဆုံးရှုံးရတာပဲ။ တရားအားထုတ်တဲ့ နေရာမှာကျတော့ ပညာက မရှိမဖြစ် လိုအပ်တယ်။ ပညာမပါရင် လမ်းမှန်မရောက်ဘူး။ ဘယ်လောက်ပဲ နိဗ္ဗာန်ရောက်ချင်တဲ့ဆန္ဒ ရှိနေပါစေ၊ ဘယ်လောက်ပဲ ကြိုးစားပါစေ၊ ဘယ်လောက်ပဲ စိတ်အားထက်သန်ပါစေ ပညာမပါရင် တရားထူးမရဘူး။ ခက်နိုင်လိုက်ရဲ့ ရှု မှာတာတည်းက ပညာပါဖို့ လိုလာတာပါ။ ဝီမံသာနဲ့ ပညာနဲ့ အတူ ရှုပါ မပျက်လား။

## ဝိပဿနာရှုမှာ အဓိပတိတင်သူများ

အဓိပတိက ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိဆိုပြီး လေးမျိုး ရှိပါတယ်။ သဟဇာတာဓိပတိ ဆိုတာက သူနဲ့ ဖြစ်ဖော် ဖြစ်ဖက် အဓိပတိတွေကို ပြောတာပါ။ အာရမ္မဏာဓိပတိကတော့ အာရုံပေါ့။

အာရုံခံတာဟာ ဝိပဿနာအားတွေအတွက် ပြောရရင် ဖြစ်ပျက်အာရုံပေါ့။ ဖြစ်ပျက်အာရုံက အမီလိုက်တတ်သွားပြီဆိုရင် တရားအားမထုတ်ဘဲ မနေနိုင်ဘူး။ ဖြစ်ပျက်လေးမြင်တော့ ရင်ထဲမှာ ငြိမ်းအေးလို့ ကိလေသာလေးကျ၊ ခန္ဓာကိုယ်နေရတာ ပေါ့ပါး ကြည်လင် ဖျတ်လတ်ပြီး ရှင်သန်နေတယ်။ အဲဒီ ငြိမ်းအေးတဲ့ အရသာကို တွေ့ထားတဲ့ ပုဂ္ဂိုလ်အတွက် ဖြစ်ပျက်အာရုံ လွှတ်သွားမှာကို စိုးရိမ်နေတယ်။ အဲဒီအာရုံမှာ ကျက်စားနေတာကို အာရမ္မဏာဓိပတိလို့ ခေါ်ပါတယ်။

ပြီးတော့ လောကကြီးမှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာဆိုတဲ့ အာရုံငါးပါး၊ ကာမဂုဏ်တရားတွေ ရှိတယ်။ အဲဒီ အာရုံငါးပါးထဲက တစ်ခုခုကို အဓိပတိ ထားမိပြီဆိုရင် ဘုံဘဝ မရောက်သင့်တဲ့ ရောက်သွားကြတာတွေ ရှိပါတယ်။ ဘုရားရှင် ဟောတော်မူခဲ့တဲ့ မဟာနိပါတ်တော်*တွေထဲမှာ ကြည့်ပါ။ ဘုရား အလောင်းတော် ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီးရဲ့ သား ဖြစ်လာခဲ့တုန်းက သူဟာ ဘုရင်ဖြစ်နိုင်၊ မဖြစ်နိုင် သိချင်လို့ ရှင်ပစ္စေကဗုဒ္ဓါတွေကို လျှောက်ထားခဲ့သတဲ့။ အဲဒီမှာ ဗာရာဏသီ နဲ့ ယူဇနာ ၁၂၀ ကွာတဲ့ တက္ကသိုလ်ပြည်မှာ ရှင်ဘုရင် ဖြစ်နိုင်တယ်လို့ သိရတော့ ဘုရားအလောင်းမင်းသားက အရှင် ပစ္စေက ဗုဒ္ဓါ စီမံပေးတဲ့ ပရိတ်ချည် ပရိတ်သဲတွေကိုယူပြီး တက္ကသိုလ်ပြည်ကို သွားဖို့ဖြစ်သတဲ့။

အဲဒီမှာ မင်းသားရဲ့ ပေါင်းဖော်ရောင်းရင်း ငါးယောက် ကလည်း လိုက်မည်၊ လိုက်ချင်တယ်လို့ ပြောတယ်။ ဘုရား အလောင်းက သွားရမည့်လမ်းခရီးမှာ ဘီလူးတွေ ကျက်စားတဲ့

* ဇာ၊ ဋ္ဌ၊ ၁၊ ၄၀၇။

ဖောဘာချုပ်တွေကို ဖြတ်သန်းသွားရမှာဖြစ်လို့ အနူရောဂါရှားတဲ့ အတွက် မလိုက်ကြဖို့ တားတယ်။ ဒါပေမဲ့ တားလို့မရဘူး။ လိုက်မှာပဲဆိုတော့ ဘုရားအလောင်းက “လမ်းမှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိမှုဆိုတဲ့ အာရုံငါးပါးနှင့် တွေ့လိမ့်မယ်။ တွေ့ရင် အဲဒီ အာရုံတွေကို ရှောင်နိုင်အောင် ရှောင်ကြပါ။ မရှောင်နိုင်ရင် အသက်ပါ ဆုံးရှုံးရလိမ့်မယ်” လို့ သတိပေးတော့ လိုက်ချင်နေတဲ့ သူငယ်ချင်းတွေက “ရှောင်ပါ့မယ်” လို့ ဝန်ခံကတိ ပေးကြတယ်။

ဒီလိုနဲ့ ဘုရားအလောင်းနဲ့ သူငယ်ချင်းငါးယောက် ခရီး ထွက်လာကြရော။ တောအုပ်ထဲရောက်လို့ ခဏနေတော့ လှပတဲ့ မိန်းကလေးအသွင် ဖန်ဆင်းထားတဲ့ ဘီလူးမကို တွေ့သတဲ့။ တွေ့တော့ “ဒါ ဘီလူးမက လှအောင် ဖန်ဆင်းထားတာနော်” လို့ ဘုရားအလောင်းက သတိပေးတယ်။ ဒါပေမဲ့ အဆင်းရူပါရဲ့ အပေါ်မှာ အင်မတန် သာယာစက်မက်တတ်တဲ့ လူတစ်ယောက် ကတော့ ကျန်ရစ်ခဲ့တာပဲ။ ဒီလူကို ဘီလူးမက စားပစ်လိုက်တာ ပေါ့။

လူတစ်ယောက်နဲ့တစ်ယောက် ဝါသနာဓလေ့ အယုံအရွေ့ က မတူဘူးလေ။ အဆင်းရူပါရဲ့အပေါ် နှလုံးတပ်မက်နေတော့ ဒီလူက အစိတ်တပ်နေပြီ။ မိတ်ကောင်းဆွေကောင်းတွေက ဘယ်လောက်တားတား၊ ဘယ်လိုဖြေဖြေ၊ ဘယ်လိုပြောပြော လက်မခံဘူး။ သူ အစိတ်တပ်ထားတဲ့ အာရုံနဲ့တွေ့တော့ ပါ သွားတာပဲနော်။ ကျန်တဲ့ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တွေနဲ့ တွေ့တော့လည်း တစ်ယောက်ပြီးတစ်ယောက် ပါသွား လိုက်ကြတာ နောက်ဆုံးတော့ ဘုရားအလောင်း တစ်ယောက်တည်းပဲ ကျန်ခဲ့တယ်တဲ့။

## အာရုံနောက်လိုက်ရင် အဆေဒိုးနဲ့တွေ့

အာရုံငါးပါးက ဆွဲဆောင်မှု သိပ်အားကောင်းတာတွေ ရှိတယ်။ အသံအာရုံနဲ့ ပတ်သက်လို့ပြောရရင် ဘုရားအလောင်းတော် ဂုတ္တိလ စောင်းသမားရဲ့ လက်သံက ဆွဲဆောင်မှု သိပ်ပြင်းထန်သတဲ့။ ဘယ်လောက်ထိ ဆွဲအားကောင်းသလဲဆိုတော့ ဂုတ္တိလဟာ တစ်နေ့မှာ သူ့အိမ်မှာ စောင်းတီးလေ့ကျင့်နေလိုက်တာ အင်မတန် ကျွမ်းကျင်လိမ္မာတဲ့ လက်သံတို့။ အမျိုးသမီး တစ်ယောက်က တစ်ဖက်အိမ်အပေါ်ထပ်ကနေ မတ်တတ်ရပ်ရင်း နားထောင်နေတယ်။ စောင်းသံရဲ့ ဆွဲဆောင်မှုကြောင့် ဖွဲ့ခွဲလမ်းလမ်းနဲ့ ရှေ့ကို တိုးတိုးလာလိုက်တာ ပြတင်းပေါက်ကို တံခါးပေါက်ကြီးမှတ်ပြီး ဆင်းလိုက်လို့ အောက်ကျပြီး သေရှာပါရော။

အသံနောက်လိုက်ရင်းနဲ့လည်း သေခြင်းဆိုးနဲ့ သေနိုင်တာပဲနော်။ အတွေ့အထိ အာရုံနောက်ကို မထိန်းနိုင် မထိန်းနိုင်နဲ့ လိုက်ရင်းနဲ့ အိမ်ထောင် နှစ်ဆက်သုံးဆက်ပြုတာ အငယ်အနှောင်း ထားတာနဲ့ ရှုပ်ရှုပ်နေတာပဲ။ ဒါက အတွေ့အထိနဲ့ ပတ်သက်လို့ပေါ့။ အတွေ့အထိက အာရုံဇောစိတ်ပတိ ဝင်လာပြီဆိုရင် အင်မတန် ခက်ပါတယ်။ အကုသိုလ်အာရုံဇောစိတ်ဝင်ပေဘရင် ဂုဏ်မြှုပ်မဲ့ တယ်။

ဘုရားအလောင်းနောက်ကတော့ ရှင်ငါးယောက် ဘီလူးမတွေ ဝင်ပြီးတော့ လိုက်ကြတယ်။ ဘီလူးမတွေက ဘုရားအလောင်းကို လည်း ချမ်းသာမပေးဘူး။ ဘာအာရုံနဲ့မှ ဖြားယောင်းမရတဲ့နောက်ကို ဘီလူးမတစ်ယောက်က ဇွဲမလျှော့ဘဲ ဆက်လိုက်တယ်။ အလှနဲ့ ရှေ့ဆောလှပစေပြုပြစ်တဲ့ မိန်းမငယ်လေးလေးလောင်းဆောင်ပြီး လိုက် တာ၊ ဘုရားအလောင်းက ပရိတ်ရေ ပရိတ်ကြိုး ပရိတ်သံတွေ တောင်ထားတော့ အနားကို ကပ်လို့မရဘူး။

ဒီလိုနဲ့ ဘုရားအလောင်း ခရီးဆက်လာလိုက်တာ တောအုပ်ကို လွန်ပြီးတော့ တက္ကသိုလ်ပြည်နားအထိ ရောက်လာပြီး ဘီလူးမကလည်း နောက်ကနေ ဆက်လိုက်လာတုန်းပဲ။ အဲဒါကို တိုင်းခန်း လှည့်လည်ရင်း ရောက်လာတဲ့ တက္ကသိုလ်ပြည်ဘုရင်က ဘီလူးမကို တွေ့တော့ သဘောကျသွားတယ်။ ဘုရားအလောင်းကို မေးကြည့်တယ်။ ဘုရားအလောင်းက "သူနဲ့ မဆိုင်ဘူး" လို့ ပြောတော့ ဘီလူးမကို နန်းတော်ထဲခေါ်သွားပြီး မိဖုရားမြှောက်သတဲ့။ ညရောက်တော့ ဘီလူးမက သူ့ဆွေမျိုး ဘီလူးတွေ ခြံခေါ်ပြီး စားပစ်လိုက်တာ နန်းတော်တစ်ခုလုံးရှိတဲ့လူတွေ အရိုးပဲ ကျန်သတဲ့။ အကုသိုလ် အာရုံဆိုးဝင် အာရုံငါးပါး တပ်မက်မှုကို လိုက်စားရင်လည်း သေခြင်းဆိုးနဲ့ သေတတ်ပဲနော်။

## သမ္ဗာသီချင်တဲ့ ဆန္ဒမောက်

အဓိပတိလေးပါးထဲမှာ နံပါတ်တစ်က ဆန္ဒာဓိပတိ ဆန္ဒာဓိပတိက—

**ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။**

ဆိုတဲ့အတိုင်း ဆန္ဒဆိုတာ ရည်ရွယ်ချက်ပဲ။ ယောဂီတို့ တရားရှုတယ်၊ တရားထိုင်တယ်၊ တရားအားထုတ်တယ်ဆိုတာ နိဗ္ဗာန်လိုချင်လို့ပဲ။ နိဗ္ဗာန်ကို ရည်ရွယ်ချက်ထားပြီးတော့ လုပ်နေကြတာ။ ကလေးငယ်တစ်ယောက်ဟာ "ငါကြီးရင် ဆရာဝန်ကြီး ဖြစ်ရမယ်၊ အင်ဂျင်နီယာကြီး ဖြစ်ရမယ်" လို့ ရည်ရွယ်ချက် ထားတယ်။ ဦးတည်ချက် ရည်ရွယ်ချက် ပြင်းထန်တဲ့ ပုဂ္ဂိုလ်က ဖြစ်မြောက်အောင် ကြိုးစားတယ်၊ သူ့ရဲ့ ကြိုးစားမှုက ဆန္ဒတရား တွေနဲ့ မဆိုင်ဘူး။ အဲဒါ ဆန္ဒာဓိပတိ ခေါ်ပါတယ်။

ဘုရားအလောင်းတော်ဆိုရင် ဘုရားဖြစ်ချင်တဲ့ ဦးတည်ချက် ရည်မှန်းချက် ဆန္ဒဓာတ်ကြီးပြင်းလာတဲ့အခါ ဒသပါရမီတော့ ဖြစ်ဖို့နေဖို့ လက်တွေ့ခြေတွေ့ အဖြတ်ခံရတယ်၊ ဒသပါရမီဖြည့်ဖို့ ရည်မှန်းလေးတာဆိုတော့ လက်တွေ့ခြေတွေ့ဖြတ်နေတဲ့ ကလေးစု ခင်းကို မှတ်စေလေးလေး တစ်ချက်လောက်မှ မတိုးဘူးတဲ့။ ဒါလေ ဖြစ်ပြီး ဆောက်တစ်ချက်တောင် မခေါက်ဘူး။ ဘာဖြစ်လို့ သည်းခံလာလဲဆိုတော့ ဘုရားဖြစ်ချင်တဲ့ ဆန္ဒဓာတ်တွေ ကြီးမားနေလို့ပေါ့။

ဒီနေရာမှာ ဘာဖြစ်လို့ ဘုရားဖြစ်ချင်တာလဲ၊ ဘာဖြစ်လို့ သစ္စာသိချင်တာလဲ။ နိဗ္ဗာန်ဝင်စံရအောင်ဆိုရင် သုမေဓာရှင်ရသေ့ဘဝတုန်းက နိဗ္ဗာန်ဝင်စံမယ်ဆိုရင် ရနေပါလျက် မဝင်စံဘဲ ပါရမီဆက်ဖြည့် ဘဝပေါင်းများစွာ လေ့လာကြည့်ပါ၊ ပါရမီဖြည့်ရတာလေ သုဂတိဘဝဆောက်သာတဲ့ ပါရမီအကုန်ဖြည့်ရတယ်လို့ မအောက်မေ့ပါနဲ့ ဒုဂ္ဂတိဘဝနဲ့ ပါရမီဖြည့်ရတာလည်း များလှပါတယ်။ လုပ်ဖွဲ့အဆုံး ခန္တီပါရမီဖြည့်တာ အင်္ဂါခြေလက် ဖြတ်တောက်ခံရတာတောင် သည်းခံတော်မူပြီး ပါရမီဖြည့်တယ်။ ဘယ်သူ့ အတွက်လဲ၊ ဘာအတွက်လဲ၊ ဘယ်လောက်ကျေးဇူးများနိုင်မှာလို့လဲ ယောဂီတို့ စဉ်းစားမိရဲ့လား။

ဒါလောက်ထိ အနစ်နာခံနေတာ ယောဂီတို့ ဘုန်းကြီးတို့ကို သစ္စာသိစေချင်လွန်းလို့၊ သစ္စာတရား အသိဉာဏ်ပေးချင်လွန်းလို့ အလောင်းတော်ကြီးရဲ့ ကရုဏာ၊ မေတ္တာတို့ကလေ ဘုရားကို ကြည်ညိုပါတယ်လို့ ပါးစပ်က ပြောနေပေမယ့် ဘာတယ် တမ်းလေ မြတ်စွာဘုရား ဆန္ဒတော်အတိုင်း သစ္စာသိအောင် လုပ်နေပြီလဲ၊ လုပ်ကြည့်တော့မှ ဘယ်လောက် ဝေးလေးနေတယ်ဆိုတာ သိနေပါသေး။

ဘုရားအလောင်းတော်ကြီးမှာ ရှင်းထားရတာ များတယ် နော်။ လောကီတို့၊ ကုန်းကြီးတို့အနေနဲ့ ဆွမ်းတော်တင် ပန်းကပ် လောက်နဲ့ ဘုရားကို ပူဇော်မယ်ဆိုရင် ပါရမီဖြည့်ရကျိုး နုပ် လိုက်တာနော်။ ပေါ့ဖြတ်ဖြတ် ပူဇော်တာသာအဟုတ်ဆိုရင် ပါရမီ ဖြည့်ရတာ ရှိုးတယ်။

ဒါကြောင့် ဘုရားကိုလည်း ကြည်ညို၊ ကိုယ့်ကိုယ်ကိုလည်း အပါယ်လေးပါးလက်က အပြီးတိုင် လွတ်မြောက်ချင်တယ် ဆိုရင် အဓိပတိလေးပါး လက်ကိုင်ထားပြီး သစ္စာသိအောင် ခန္ဓာ ဉာဏ် ရောက် ကြိုးစားပါလို့ လေးစားစွာ တိုက်တွန်းပါတယ်။

ဘုရားအလောင်းတော်က ဘုရားဖြစ်ချင်တယ်၊ သစ္စာသိချင် တယ်၊ သစ္စာသိမှ နိဗ္ဗာန်ဝင်မယ်။ တရားအားလုံးထဲမှာ သစ္စာ တရားက အမြတ်ဆုံးပဲ။ သစ္စာတရားကသာ မဂ်ဉာဏ်ဖိုလ်ဉာဏ် ကို တိုက်ရိုက်ကျေးဇူးပြုနိုင်တယ်။ ဒါနတရားလောက်နဲ့ စိတ်မချ ရဘူး။ စိတ်မချရလို့ပဲ ကျောင်းဒကာမ မလ္လိကာ မိဖုရား ငရဲ ကျခဲ့တယ်၊ သီလတရားနဲ့လည်း စိတ်မချရဘူး။ မဟာတိဿ မထေရ် နဂါးကြီး ဖြစ်ခဲ့ရပြီ။ သမထလောက်နဲ့လည်း စိတ်မချ ရဘူး။ စိတ်မချရလို့ပဲ လောကီဈာန် အဘိညာဉ်တွေရနေတဲ့ အရှင်ဒေဝဒတ် မြေမျိုခံခဲ့ရပြီ။

ဒါကြောင့် ရည်ရွယ်ချက် ဆန္ဒဓာတ်ကြီး နိဗ္ဗာန်ရောက်ချင်၊ သစ္စာသိချင်တဲ့အထိ ထားရမယ်။ ဒါန၊ သီလ၊ သမထလောက် နဲ့ တင်းတိမ်မနေရဘူး။ မဂ်ဖိုလ်နိဗ္ဗာန်ကို တိုက်ရိုက် ကျေးဇူးပြု နိုင်တဲ့ သစ္စာတရားကို သိချင်တဲ့ ဆန္ဒဓာတ်ကို ထားနိုင်ရမယ်။

## ဖြစ်ပျက်ပေါ်လာတာ အကြောင်းအကျိုးပါ

မဂ်ဖိုလ်နိဗ္ဗာန်အထိ တိုက်ရိုက် ကျေးဇူးပြုနိုင်တဲ့ သစ္စာ တရား ဘယ်မှာရှိပါသလဲဆိုလို့ လိုက်ရှာလိုက်တော့ ခန္ဓာမှာ သွား

တွေ့တယ်။ ခန္ဓာထဲမှာ ဖြစ်ပျက်လည်း ရှိတယ်။ ချုပ်ပျက်လည်း ရှိတယ်။ ယောဂီတို့ တရားနာတယ် တရားထိုင်တယ်၊ တရား အားထုတ်တယ်ဆိုတာ နိဗ္ဗာန်လိုချင်လို့နော်။ နိဗ္ဗာန်က ဖြစ်ပျက် ဆုံးတဲ့ နိဗ္ဗာန်ပေါ့။

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပ သမော သုခေါ။

ပါဠိတော် ဟောတဲ့အတိုင်း ခန္ဓာထဲမှာ ထင်ရှားပေါ်လာတာ၊ အလိုလိုပေါ်လာတာ မဟုတ်ဘူး။ ဥပ္ပါဒဝယ ဖြစ်ပျက်ပေါ်လာ တယ်ဆိုတာ အကြောင်းအကျိုးကို မှတ်ရမယ်။

**ကာယဉ္စပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။**

မနေ့က အာရုဏ်လှည်းနဲ့ ကြည့်လိုက်တော့–

**ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။**

အာရမ္မဏဝိတ် အာရမ္မဏပစ္စည်းဆိုတာ ခန္ဓာထဲမှာ ထင် ရှားပေါ်လာတာ အလိုလိုပေါ်လာတာ မဟုတ်ဘူး အကြောင်း အကျိုးဆိုတဲ့အတိုင်း အကြောင်းတရားကို လိုက်ရှာလိုက်တော့ ဖောဋ္ဌဗ္ဗာရုံကို တွေ့တယ်။ ဖောဋ္ဌဗ္ဗာရုံဆိုတာ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ လင်း၊ သန်း စတဲ့တွေ့ထိစရာအာရုံ။ တစ်ခါ ခန္ဓာကိုယ်ထဲမှာ ကြည့်လိုက်တော့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါး။ ဓာတ်ကြီးလေးပါးက အတွင်းမှာ တိုးရှေ့ တိုက်ခိုက်နေတဲ့ ပဋိဃာတသဘောတွေ ရှိတယ်။

ပြင်ပအာရုံနဲ့ အတွင်းအာရုံ၊ ဗာဟိရရုပ်နဲ့ အဇ္ဈတ္တိကရုပ် "အဇ္ဈတ္တိကရုပ်ဆိုတာ ခန္ဓာကိုယ်တွင်းထဲက ဓာတ်ကြီးလေးပါး၊ ဗာဟိရရုပ်ဆိုတာ ပြင်ပက တွေ့ထိလာတဲ့ မှက်ခြင်ယင် စသ

မနုဿ ဗြဟ္မာ၊ နတ်၊ သိကြား အဲဒီအကုန်လုံးတွေက ခန္ဓာကိုယ် အကြည် ပေါ်များလာကြတော့ တွေ့ပါတယ်။

ခန္ဓာကိုယ်အကြည်ကလည်း ရှိတာရှား၊ တွေ့ထိစရာ အာရုံ တွေကလည်း ရှိတာရှား၊ အခေါ်ကြီးလေးပါးကလည်း ရှိတာရှား ရှိတာရှားနဲ့ အခုပေါင်းလိုက်တော့ "ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ" ဆိုတဲ့ ပါဠိတော် "ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတု" ဆိုတဲ့ အာရုံဝေဒနာပြည့် ပဋ္ဌာန်းပါဠိ တော်အရ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ တွေ့ထိစရာနဲ့ ကိုယ်အကြည်နဲ့ ထိ တွေ့လိုက်အခါ ခန္ဓာကိုယ်လဲမှာ အေးရင်အေးတဲ့စိတ်၊ ပူရင်ပူတဲ့ စိတ်၊ နာရင်နာတဲ့စိတ်၊ ကျဉ်ရင်ကျဉ်တဲ့စိတ်တွေ ပေါ်လာတယ်။ အဲဒါ အလိုလိုပေါ်လာတာ မဟုတ်ဘူး။ အကြောင်းတရားကြောင့် ပေါ်လာတာလို့ မှတ်ရမယ်။

## အတော်စွမ်းသော ခန္ဓာမှတ်တမ်းပေါ်

အကြောင်းတရားရဲ့ ပြုပြင်မှုကို ခံရတဲ့ သင်္ခါရပါပဲ။ ပူ ရင်လည်း သင်္ခါရ၊ အေးရင်လည်း သင်္ခါရ၊ နာကျင်လေးပေါ်လာ ရင်လည်း သင်္ခါရ။ ဘယ်စွေပေါ်လာလာ၊ ဖျတ်ဖျတ်နဲ့ ပေါ်လာ တဲ့ တရားနှင့်သဘောသည် သင်္ခါရတရား ဖြစ်ပါတယ်။

ဆောက်ပြုနိုင်တဲ့သဘော သင်္ခါရပါ။ စိတ်ပေါ်ပေါ်၊ ရုပ်ပေါ် ပေါ်၊ ဝေဒနာပေါ်ပေါ် ဘယ်စွမ်းလေးပေါ်လာလာ သင်္ခါရတရားလို့ မှတ်ပါ။ "**သင်္ခါရာ သဿတာ နတ္ထိ**။ **သင်္ခါရာ**-သင်္ခါရတရား မှန်သမျှ၊ **သဿတာ**-ခိုင်တည်မြဲတယ်ဆိုတာ၊ **နတ္ထိ**-မရှိပါဘူး" တဲ့၊ သင်္ခါရတရားက ပေါ်လာတယ်။ ပျက်စီးသွားတာက အမြဲ ဖြစ် ပါတယ်။ ဖြစ်လိုက်ပျက်လိုက်က ဘယ်မှာရှိနေတာလဲဆိုတော့ ခန္ဓာမှာရှိနေတာပေါ့။ ဖြစ်ပျက်မှာ ဖြစ်လာတာက သင်္ခါရ၊ ပျက်စီး

သွားတာက အနိစ္စ၊ သင်္ခါရတရားများ၊ အနိစ္စတာတွေချည်း ပေါ်နေပါ တယ်။

ဘုရားရှင်က "သဗ္ဗေသင်္ခါရာအနိစ္စာ" လို့ ဟောတော်မူ တယ်။ "အနိစ္စာဝတ သင်္ခါရာ" လို့လည်း ဟောတော်မူတယ်။ သင်္ခါရတရားတွေ ဖြစ်တဲ့နေရာနဲ့ ပျက်တဲ့နေရာကလွဲရင် တခြားမရှိပါဘူး လို့ ဆိုလိုတယ်။ ဖြစ်တာက ဆယ်ကျိုးမီးနိုးရေ့ရှိ တွေ့ပါလား၊ မရှိလားဆိုတော့ မရှိနော်။

ပဋိစ္စသမုပ္ပါဒ်တရား၊ ပဋ္ဌာန်းတရား၊ သစ္စာတရားဆိုတာ ပုဂ္ဂလဓိဋ္ဌာန်ဖော် ဓမ္မဓိဋ္ဌာန်သက်သက်ပြောတယ်။ အဘိဓမ္မာ တရားဖြစ်စဉ် ဉာဏ်ပြုဆန်းတဲ့ တရားတည်း ဖြစ်ပါတယ်။ အဘိ ဓမ္မာတရားဟာ ဘယ်မှာရှိသလဲ။ ခန္ဓာမှာ ရှိတယ်။ အဘိဓမ္မာ ပိဋကဆိုတာ ခန္ဓာမှတ်တမ်းဖြစ်ပါတယ်။

အဘိဓမ္မာဟာ ခန္ဓာမှတ်တမ်းဖြစ်တဲ့အတွက် တရားရှာရင် ခန္ဓာမှာပဲ ရှာရမယ်။ ခန္ဓာထဲမှာဖြစ်တဲ့ တရားလည်း ရှိတယ်၊ ပျက်တဲ့တရားလည်း ရှိတယ်။ "အညံ ဥပ္ပဇ္ဇတိစိတ္တံ၊ အညံ စိတ္တံ နိရုဇ္ဈတိ" ဆိုတဲ့အတိုင်း ဒီနေရာမှာ ပေါ်ပြီးရင် ဒီနေရာမှာ ပျက် တာပဲ။ ကြားစိတ်လေးပေါ်ရင် နားမှာပေါ်တယ်။ ချုပ်တော့ လည်း နားမှာပဲချုပ်တယ်။ မြင်စိတ်လေးဟာ မျက်လုံးမှာပေါ် ပြီး မျက်လုံးမှာပဲ ချုပ်တယ်။ ဒီနေရာပေါ်ရင် ဒီနေရာမှာ ချုပ် တာပဲ။ တခြားနေရာကို ပြောင်းရွှေ့နိုင်တဲ့သတ္တိ မရှိပါဘူး။

ဖြစ်လည်း ဒီနေရာ၊ ပျက်လည်း ဒီနေရာပဲ။ ဖြစ်ပျက်ကို ဥဒယဗ္ဗယ။ ဖြစ်တာက သင်္ခါရ၊ ပျက်စီးသွားတာဟာ အနိစ္စ၊ ပျက်တဲ့သဘော ပျက်တဲ့ဓမ္မ ဖြစ်ပါတယ်။

# ဖြစ်ပျက်မြင်ဖို့ ဆန္ဒာဓိပတိတင်ထားပါ

"ဥပ္ပါဒဝယဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ" ဆိုတဲ့အတိုင်း ဖြစ်လည်း ဖြစ်တယ်၊ ပျက်လည်း ပျက်တယ်။ အတိတ်ကလည်း ဖြစ်တယ်၊ ပျက်တယ်။ အခု ဒီကနေ့ရော ဖြစ်နေတယ်၊ ပျက်နေတယ်။ နောင်မှာလည်း ဖြစ်လိမ့်ဦးမယ်၊ ပျက်လိမ့်ဦးမယ်။ ဒါက အတိတ်အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါးအတွက် စကားသုံးခွန်း ပြောသွားတယ်လို့ မှတ်ပါ။

ကိုယ်တိုင်တွေ့ အတိတ်က ဘာဖြစ်ခဲ့သလဲမေးရင် ဖြစ်လည်း ဖြစ်ခဲ့တယ်။ ပျက်လည်း ပျက်ခဲ့တယ်။ မွေးလည်း မွေးခဲ့တယ်။ သေလည်း သေခဲ့တယ်။ နောင်အနာဂတ်ရောက်ရင်ကော ဘာဖြစ်ဦးမှာလဲမေးရင် ဖြစ်လိမ့်ဦးမယ်၊ ပျက်လိမ့်ဦးမယ်၊ မွေးလိမ့်ဦးမယ်၊ သေလိမ့်ဦးမယ်လို့ မဖြေနိုင်ဘူးလား။ နောက်ထပ် ဘဝ ခန္ဓာရရင် ဘာဖြစ်မှာလဲ၊ သေရဦးမယ်ပေါ့။ (၃၁) ဘုံမှာ အသေ လွတ်တဲ့ ဘုံရယ်လို့မှ မရှိဘူးကိုး။ ဘုရားဟောတော်မူတဲ့ အသေမှာ ဟာ ဘယ်တော့မှ မလွဲပါဘူး။ ဒါကြောင့် ဖြစ်ပျက်တယ်မှာရှိ သလဲမေးရင် ခန္ဓာမှာရှိတယ်လို့ ဖြေရမယ်။

"**တေသံ ဝူပသမော သုခေါ**" **တေသံ**-ထိုဖြစ်ပျက်နှစ်ပါး တို့၏။ **ဝူပသမော**-ချုပ်ငြိမ်းခြင်းသည်။ **သုခေါ**-နိဗ္ဗာန်ပါပဲတဲ့။ နိဗ္ဗာန်ဆိုတာ ဖြစ်ပျက်ဆုံးတဲ့ သဘောပါလား။ ဖြစ်ပျက်ဆုံးရာ သည် နိဗ္ဗာန်ပါလားလို့ သိရမယ်။ ဖြစ်ပျက်အဆုံးကို မြင်ချင်ရင် တော့ "**သဗ္ဗေသင်္ခါရာ အနိစ္စာ ယဒါ ပညာယ ပဿတိ**" ဆိုတဲ့ အတိုင်း အရင်ဆုံး ဖြစ်ပျက်မြင်အောင် ကြိုးစားသွားဖို့သာ ရှိပါတယ်။

အဓိကအားဖြင့် ယောဂီတို့က "ငါ ဖြစ်ပျက်ကို မမြင်ရင် မြင်အောင် ကြိုးစားမယ်" ဆိုတဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်

ဆန္ဒာဓိပတိ ထင်ထားရမယ်။ ကုသိုလ်ရအောင် လှူအားထုတ် ဦးမှ အခမ်းကောင်းတွန်း၊ ထရေးမှာ ထရေးတိုင်လိုက်ဦးမှ အစား အသောက် အဆင်ပြေသတဲ့၊ အနေအထိုင်ကောင်းသတဲ့၊ စည်းကမ်း ကောင်းသတဲ့လို့ သူများချွယ်တာလေးနဲ့ ပေါ့ပြက်ပြက် ရည်ရွယ် ချက်ကလေးနဲ့ လုပ်ရင်တော့ နိဗ္ဗာန်ရမှာ မဟုတ်ပါဘူး။

တချို့က ရုံးအားထုတ်၊ စခန်းဝင်ဦးမှ၊ ကျောင်းပိတ်တုန်း စခန်းဝင်ဦးမှဆိုပြီး ဘာသာဝေဂမှ ပေါ်တဲ့နဲ့ ရှိဝသာသွားကြတယ်။ ကိုယ်ရည်ရွယ်ချက်က "ဘယ်လိုပဲ သေးရမေးရ၊ ဘယ်လိုပဲ နေနေ နေရ၊ သတိမှတ်ထားတဲ့အတိုင်း တကူးအားထုတ်ပြီး ဖြစ်ပျက် မြင်မြင်အောင် ကြိုးစားမယ်" ဆိုတဲ့ ဆန္ဒာဓိပတိ ထင်ထားဖို့ အရေးကြီးပါတယ်။ ကိုယ်လိုချင်တဲ့ နိဗ္ဗာန်ဟာ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ဆိုတာ သိထားရမယ်။ ဖြစ်ပျက်မြင်မှ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန် ကို ရနိုင်ရောက်နိုင်မှာ ဖြစ်ပါတယ်။

## ဆန္ဒအဓိပတိထားရင် ဝီရိယလည်း အဓိပတိထားမယ်

ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို တစ်ကြိမ်တစ်ခါ မြင်ထားရင် အပါယ်လေးပါးက လွတ်ပြီး ဖြစ်ပျက်အဆုံးကို တစ်ကြိမ်တစ်ခါ မြင်ဖို့ရာက ဒါနသက်သက်နဲ့လည်း မရဘူး။ သီလကလည်း လုပ် မပေးနိုင်ဘူး၊ သမထလည်း အာမခံချက်မပေးနိုင်ဘူး။ အပါယ် လေးပါးက ချွတ်အပြီး ကာကွယ်ပေးနိုင်တာက ဖြစ်ပျက်အဆုံးမြင် တဲ့ ဉာဏ်ပဲ။ ရှေးဦးမှာ ဖြစ်ပျက်မြင်တဲ့ ဉာဏ်ရအောင် ကြိုးစား သွားဖို့ အရေးကြီးပါတယ်။ ဖြစ်ပျက်ကို မမြင်မြင်အောင် လုပ် မယ်ဆိုတဲ့ ဆန္ဒဓာတ်ရှိနေရပါမယ်။

အဲဒီ ဆန္ဒဓာတ်ကလေးက အဓိပတိထားလိုက်ရင် အလုပ်ကို ကျူကျူနနလုပ်တယ်။ ဝီရိယာဓိပတိပါ ပါလာတယ်။

ကြေးမောင်းသုံးချက် သံလွင်လွင်၊
စန္ဒကူ ယောဂီကြွင်။
နှစ်ချက်တီးသော် ဓမ္မာရုံထက်၊
တရားနှလုံး ယောဂီတက်။

ဆိုတဲ့အတိုင်း ယောဂီပုဂ္ဂိုလ်ဟာ ကြေးမောင်းသုံးချက် တီးသံကြားတာနဲ့ စန္ဒကူ ဆောင့်ရှုကြရမယ်။ ကြေးမောင်းနှစ်ချက်တီးသံကြားရင် ဓမ္မာရုံပေါ်ရောက်ရမယ်၊ တချို့များ ကြေးမောင်းသုံးချက်မတီးရသေးဘူး ဓမ္မာရုံပေါ်ရောက်နေကြပြီ။ တချို့လည်း ကြေးမောင်းနှစ်ချက်အထိ မစောင့်ဘူး ဓမ္မာရုံပေါ် အဆင်သင့် ရောက်နေတယ်။ တချို့ကျတော့ ကြေးမောင်းသုံးချက်တီးတော့ လောက်တော့ ရေမိုက်သေးဘူး။ နှစ်ချက်တီးပြီဆိုမှ ပျာယီး ပျာယာနဲ့ ဓမ္မာရုံပေါ်ကို တက်လာတယ်။ စည်းကမ်းသတ်မှတ် ထားတဲ့အတိုင်း မလုပ်ဘူး၊ ဟိုအပေါက်က ဝင်လာ၊ ဒီအပေါက် က ဝင်လာနဲ့ ဆိပ်စည်းမဲ့ကမ်းမဲ့နိုင်တယ်။ ဒါ ဆန္ဒဓာတ် အား နည်းလို့ ဝီရိယလည်း ချို့ယွင်းသွားတဲ့သဘောပဲ။

တရားစခန်းဝင်တာ နဂိုကတည်းက ဆန္ဒဓာတ်အားနည်း နေတော့ တရားစခန်းပွဲပြီးလို့ "အထုပ်ကလေးတွဲ ပိုက်ကာချိုး လာမယ်ဆိုလို့ ပြန်ရမည်" လည်းဆိုရော၊ စခန်းထွက်ရမည့် ရက် ကျတော့ တိတိကျကျ သိနေတယ်။ ထွက်ရမည့်ရက်ကို ကြိုတွက် ထားနိုင်တာ။ ဆယ့်ခွဲခန့် နောက်ဆုံးရက်ပြီးလို့ နောက်တစ်ရက် ထွက်ရမယ်လည်းဆိုရော ဟိုက "အိမ်ရောက် ဘကြွပါတုန်းလော့၊ ချက်နှသဆိုကြွပါတုန်းလော့" ကြေငြာတော့ "အမယ်လေး အောင် မနေပါနဲ့၊ နှစ်နာရီခွဲကတည်းက အိမ်ရောက်ပြီးဟား" ဆိုး အိမ်ကို ကယ်လိုက်ပြေးထားသလဲ မသိဘူး။ အိမ်က ကားတွေက ငါးနာရီ ကတည်းက ရောက်နေသယ်။

တရားတော့ အစိတ်တစ်လေး မတင်လေးပဲ။ ဒီစိတ်လည်း ရောက်ရော ရှုပ်ပွနေတာဖြင့်တော့ "ငါ့ရှိ ဒီလိုချည်းပဲတွေ့မယ်၊ ဒီနေ့ တရားစခန်းက ထွက်လာလို့ နေနိုင်ဦး" လို့ ကြိမ်းလိုက်သေးတယ်။ ဆန္ဒာဓိပတိထားတဲ့လူဟာ ဖြစ်ပျက်မြင်အောင် မရမနေ ကြိုးစားမယ်ဆိုတဲ့ ဝီရိယာဓိပတိကလေးလည်း ဝင်ပါတည်း ဝင်လာတာပါပဲ။

## အဓိပတိလေးပါးညီမှ ဖြစ်ပျက်မြင်ရပုံ

ဆန္ဒလည်းရှိနေပြီ၊ ဝီရိယလည်း အားကောင်းနေပြီဆိုရင် "မရရအောင် ကြိုးစားမယ်" ဆိုတဲ့ စိတ္တာဓိပတိလည်း ပါလာတယ်။ ကြိုးစားတော့ ဝင်လေ ဝင်လေမှန်းသိ၊ ထွက်လေ ထွက်လေမှန်းသိ။ ဖြစ်ကိုင်းသိနေတာလည်း သမာဓိ ဖြစ်ပါတယ်။ ဖြစ်တဲ့ တရားလေး ပျက်သွားတော့ "မရှိတော့ပါလား" လို့ ဆုံးဖြတ်ချက် ချနိုင်တာက ပညာ။ ဝီမံသာဓိပတိ ဖြစ်ပါတယ်။

ဖြစ်ပျက်မြင်ဖို့ရာ ဆုတောင်းနေရုံနဲ့တော့ မရဘူး။ ဒါနသီလ လုပ်နေရုံနဲ့လည်း မရဘူး။ ဓမ္မပေါ် ညာဏ်ရောက်အောင် လုပ်ရမှာ။ ဓမ္မပေါ် ညာဏ်ရောက်အောင် ကြိုးစားတာက ဝီရိယာဓိပတိ။ သူလုပ်နေတဲ့ ဦးတည်ချက်နဲ့ ရည်မှန်းချက်က ဘာဖြစ်ချင်လို့လဲဆိုတော့ ဖြစ်ပျက်မြင်ဖို့။ ဖြစ်ပျက်မြင်ဖို့ ဆန္ဒတစ်ခုတည်း ရှိနေလို့ ဆန္ဒာဓိပတိ။ ဖြစ်တာကို မြင်လေက စိတ္တာဓိပတိ၊ ဖြစ်ပြီးပျက်သွားတာလေးကို "မရှိတော့ပါလား" လို့ ဆုံးဖြတ်ချက် ချနိုင်တာဟာ ဝီမံသာဓိပတိ ဖြစ်ပါတယ်။ အဓိပတိလေးပါး လုံး ညီညွတ်သွားပါတယ်။

အဓိပတိလေးပါး ညီညွတ်ရင် ဖြစ်ပျက်မြင်မယ်။ ဖြစ်ပျက် မြင်တဲ့ ညာဏ်ထဲမှာ အဓိပတိလေးပါးလုံး ပါတယ်။ ဆန္ဒာဓိပတိ

တာ သမာဓိ၊ ဝိမုတ္တိမဂ်ဟာ ပညာ။ ဝိတက္ကမဂ်ဟာ သမထ၊ ဝိမုတ္တိမဂ်ဟာ ဝိပဿနာ။ အဖြစ်ကို မြင်တာသည် သမထ၊ အပျက်ကို မြင်တာက ဝိပဿနာ။

ဖြစ်ပျက်နှစ်ပါးမြင်တဲ့အထဲမှာ အပျက်ကတော့ အားကိုးပါနေတယ်။ တရားစခန်းဝင်တဲ့ ရည်ရွယ်ချက်က နိဗ္ဗာန်လိုချင်လို့။ နိဗ္ဗာန်က ဖြစ်ပျက်ချုပ်တဲ့ နိဗ္ဗာန်။ ဖြစ်ပျက်အဆုံးကို မြင်အောင် လုပ်ရဦးမယ်။ ဒီလောက်လေးနဲ့ ရပ်မနေဘဲ ဖြစ်ပျက်ဉာဏ်အောင် ကြိုးစားမယ်ဆိုတော့ ဆန္ဒမဂ်ပေါ့၊ ဆက်ပြီး ကြိုးစားလိုက်တာက ဝီရိယမဂ်ပေါ့၊ သမာဓိနဲ့ပညာ အားကောင်းလာတဲ့အခါကျတော့မှ ဖြစ်ပျက်လေးတွေ အမြင်ပိုင်လာတယ်။ ဖြစ်ပျက်များ ဆုံးသွားရင် ဘယ်လောက်ကောင်းမလဲလို့ ဖြစ်လာတယ်။ ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်း ဒုက္ခလို့ မြင်လာတော့မှ ဖြစ်ပျက်က လွတ်ချင်လာတယ်။ နိဗ္ဗိန္ဒဉာဏ်ဝင်လာတယ်။ အဲဒီလို အာရုံစိုက်နေတာက စိတ္တမဂ်ပေါ့၊ ဆုံးဖြတ်ချက်ချတာက ဝီမံသာမဂ် ဖြစ်ပါတယ်။

## အစိတ်လေးပေါ်မြင့် နိဗ္ဗာန်သို့ရှိ

ဖြစ်ပျက်ကို ရှုနိုင်တဲ့ ဉာဏ်လေးဝင်လာတော့မှ ဒါတွေဟာ ဘာမှမဟုတ်ဘူး။ ဒါတွေဟာ ဒုက္ခသစ္စာအစစ်ပဲလို့ ဆုံးဖြတ်ချက် ချလိုက်တယ်။ အဲဒီဉာဏ်ဟာ လမ်းဆုံး အစိတ်ကိုတပ်သွားပါတယ်။ အရုပ်ပါလား၊ အစိတ်ပါလား၊ အစိတ်ဉာဏ်တို့တဲ့အထိ သီလ၊ သမာဓိ၊ ပညာမှာ အစိတ်တပ်သွားပါတယ်။

ဖြစ်ပျက်မြင်တဲ့ဉာဏ်၊ ဖြစ်ပျက်ရှုနိုင်တဲ့ဉာဏ်၊ ဖြစ်ပျက်ကို ဒုက္ခရှုနိုင်ပြီး ဆုံးချင်လာတယ်။ အဲဒီလို အဆင့်ဆင့် သွားရမှာနော်။ ဖြစ်ပျက်မြင်ရုံနဲ့ ရပ်မနေရဘူး။

ခန္ဓာရှိနေတော့ ဖြစ်ပျက်ရှိမှာပဲ။ ဉာဏ်ကပြောင်းသွားရမှာ ပါ။ နောက်ဆုံး မဂ်ပေါ်တဲ့အချိန်မှာ ယောဂီတို့ရဲ့ ခန္ဓာထဲမှာ ဉာဏ်ထဲမှာ အဓိပတိတပ်သွားပါတယ်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက် နှုန်း၊ ဖြစ်ပျက်ဆုံး၊ ဖြစ်ပျက်ဆုံးရာသည် နိဗ္ဗာန်ဆိုတော့ ကိုယ့် ရည်ရွယ်ချက်အတိုင်း ဖြစ်တာပါတယ်။ ရည်ရွယ်ချက်က ဆန္ဒာ ဓိပတိ၊ ဆန္ဒာဓိပတိကြီးရင် ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာ ဓိပတိတွေလည်း ပါလာပါတယ်။

သီလမှာလည်း အဓိပတိ၊ သမာဓိမှာလည်း အဓိပတိ၊ ပညာ မှာလည်း အဓိပတိ ဆိုပြီး အဓိပတိ အထွတ်အထိပ်တပ်ထားရ မယ်။ ဘယ်လိုပုဂ္ဂိုလ်ကပဲ ဆွဲခေါ်ပါစေ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးမှတစ်ပါး တခြားဘာသာကို ပြောင်းလဲသွားဖို့ မရှိတော့ဘူး။ အသက်ကိုသာ အသေခံမယ် သူ့ရဲ့ သီလ၊ သမာဓိ၊ ပညာကို အထိခိုက်မခံတော့ဘူး။ အဲဒါ အဓိပတိတပ်ထားလို့ ဖြစ် ပါတယ်။

ဒါကြောင့် လောကီအလုပ်ပဲလုပ်လုပ်၊ လောကုတ္တရာအလုပ် ပဲ လုပ်လုပ်၊ အဓိပတိလေးပါး အထွတ်အထိပ်ထားရင် အောင်မြင် နိုင်ပါတယ်။ ရည်ရွယ်ချက်အတိုင်း ထမြောက်ပါတယ်။ သူ့ရဲ့ စိတ်သန္တာန်မှာ ကြာခင်းလိုပဲ အဓိပတိတရားတွေ လွှမ်းမိုးနေ ရပါမယ်။

ဖြစ်ပျက်အဆုံးကို မြင်ဖို့ ဆုတောင်းနေရုံနဲ့ မရဘူး။ ခန္ဓာ ဉာဏ်ရောက်အောင် လုပ်ရမယ်။ ခန္ဓာက ဖြစ်ပျက်၊ သိတဲ့ဉာဏ် က မဂ်။ ဖြစ်ပျက်က နှေးသွား၊ သိတဲ့ဉာဏ်က မြန်သွား လျော့သွားတဲ့ ကိလေသာတွေက သမုဒယသွား၊ သမုဒယချုပ် တော့ သမုဒယပယ်ရင် ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်သည် နှလုံးရောက်သွား အဓိပတိလေးပါး တပ်ထားပြီးတော့ သစ္စာလေးပါး ထိုက်

ပါတယ်။ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကို သေး' ဆိုတဲ့အတိုင်း ကောင်းတဲ့တရားတွေအပေါ်မှာ အဓိပတိ ထပ်ပြီးတော့ ဗုဒ္ဓရည်မှန်းတဲ့ မြတ်နိဗ္ဗာန်ကို ပဋ္ဌာန်းတရားတော်ကြီးနဲ့ အရောက်လှမ်းကြပါစို့။

# အနန္တရုပ်ဓည်း



# ၄။ အနန္တရပစ္စည်း

## အနန္တရပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်

အနန္တရပစ္စည်းရဲ့ ပစ္စယနိဒ္ဒေသပါဠိတော်ကို ရွတ်ဆိုပူဇော် ကြရအောင်။

အနန္တရပစ္စယောတိ—

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှာဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောင်း သောင်း ဖျက်ရန် အနုလုံရုပ် ထောင် ထောင် ဖျက် ဥပမာ မိဘ္ဗမထောသိကာအမျှ၊ ထော ထော ဖျက် သောင်း သောင်း ဖျက်ရန် အနုလုံရုပ်မွေ့သေနဲ့ ဝမ္မလော။

## အခြားမရှိ ကျေးဇူးပြုမှု

ဗုဒ္ဓဉာဏ်မှန်း ဖြတ်တွက်နည်းရဲ့ အမှတ် (၄) အနုလုံရုပ်မွှည်းကို ပြောကြမယ်။ အနုလုံရုပ်မွှည်းဆိုတာက အခြားမရှိမှုနဲ့ ကျေးဇူးပြု တတ်သောတရား ဖြစ်ပါတယ်။ ဘယ်လိုရဲ့ ကိုက်တွေ့နီးမှု၊ ဖေ့ဖော်မှု၊ မြင်မှုပေါ်ဘဲနဲ့ အခြားမရှိဘဲ ကျေးဇူးပြုတယ်။ ဥပမာအနေနဲ့ အရှေ့ကထားတော့ကြီးများ ရှင်းပြထားတာတော့ စကြာမင်းတရား နတ်ရွာလားသော် သားကြီး ထီးရသော ရှင်ဘုရင် ဖြစ်ရသလိုပဲ ပေါ့။

ဖခမည်းတော် ရှင်ဘုရင်ကြီး နတ်ရွာစံတယ်ဆိုရင် အိမ်ရှေ့ မင်းသားဖြစ်တဲ့ သားကြီး ထီးရသော အလိုအလျောက် ရှင်ဘုရင် ဖြစ်သွားတယ်။ ရှင်ဘုရင်ကြီး နတ်ရွာစံတာနဲ့ ချက်ချင်း အခြား မရှိ အကြားအလပ်မရှိဘဲနဲ့ သားကြီးက ဘုရင်ဖြစ်သွားတယ်။ ရှင်ဘုရင် နတ်ရွာစံလို့သာ သားကြီးက ဘုရင်ဖြစ်ရတာ။ သူ နတ်ရွာမစံသေးရင် ဘုရင်မဖြစ်နိုင်ဘူး။ နတ်ရွာစံတာကိုက သား အတွက် ကောင်းမားအောင် ကျေးဇူးပြုလိုက်သလို ဖြစ်သွားတယ်။ အဲဒီလို ကျေးဇူးပြုတဲ့ နေရာမှာလည်း တာလာပ်ဖြတ်ကောင်မှ ဆိုင်းနေတာ မဟုတ်ဘူး။ ကြားထဲမှာ အချိန်ခြားမနေဘူး။ ချက်ချင်း အခြားမရှိဘဲ ကျေးဇူးပြုလိုက်တာပေါ့။

အခု ယောဂီတို့တစ်တွေ တရားရှုနေကြတာဟာ ရှေးဖြိုက် ပဲနဲ့ တရားရှုနေကြတာ မဟုတ်ဘူးနော်။ ရှုရင်း ရှိုက်ရင်းနဲ့ တရားရှုနေကြတာပါ။ ရှုတယ် ရှိုက်သည်ဆိုတာလည်း ရှေ့ရှင်

ရှိလို့ ရှုနိုင်ရှိုက်နိုင်တယ်။ လူသေဆိုရင် မရှုနိုင် မရှိုက်နိုင်တော့ဘူး။ ရှင်နေရတာ ဘယ်သူ့ကြောင့်လဲမေးရင် စိတ်ကြောင့်လို့ ဖြေရလိမ့်မယ်။

စိတ်သာ ရှင်စေတုရုံးဟောလို့ ဆိုထားပါတယ်။ ရှုနေတဲ့အချိန်မှာ ရှုတဲ့စိတ်၊ ရှိုက်နေတဲ့အချိန်မှာ ရှိုက်တဲ့စိတ်။ ဒီစိတ်ကလေးရှိနေလို့ ရှင်နေတာနော်။ "စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ" **လောကော** — လောကသားကြီးကို၊ **စိတ္တေန** — စိတ်သည်၊ **နီယတေ** — ဆောင်သွင်အပ်၏။ **စိတ္တေန** — စိတ်သည်။ **ပရိကဿတိ** — ဆွဲငင်၏တဲ့။ ယောဂီတို့တစ်တွေ သွားလာလှုပ်ရှားနိုင်အောင် ဘယ်သူက ဆောင့်ရှောက်သလဲဆိုတော့ စိတ်က ဆောင့်ရှောက်တာတဲ့။

စိတ်က ဘယ်လိုဆောင့်ရှောက်သလဲမေးရင် တစ်စိတ်ပြီး တစ်စိတ်၊ ရှေ့စိတ်ချုပ်ပြီးတော့ နောက်စိတ် အစားထိုးပြီးတော့ ဆောင့်ရှောက်တယ်။ ရှေ့စိတ်ချုပ်ပြီးတော့ နောက်စိတ် အစားထိုး ဖြစ်လာရင် လူရှင်၊ ရှေ့စိတ်ချုပ်ပြီးတော့ နောက်စိတ် အစားမထိုး တော့ဘူးဆိုရင် လူသေဖြစ်သွားပြီ။ သေရတာ၊ ရှင်ရတာ ဘယ်သူ့ကြောင့်လဲဆိုတော့ စိတ်ကြောင့်ပဲ။ စိတ်ကြောင့် အသက်ရှင်နေရတာ ဖြစ်ပါတယ်။

စိတ်ကြောင့် အသက်ရှင်ရတယ်ဆို ဒူရင်္ဂမ ဂါထာရဲ့ တော့ အဲဒီစိတ်က ပုံ သဏ္ဌာန်ရှိသလားမေးရင် မရှိဘူးနော်။ "**ဒူရင်္ဂမံ ဧကစရံ အသရီရံ ဂုဟာသယံ၊ ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ**" လို့ ဆိုထားတယ်။ အခု ယောဂီတို့ တရား ရှုနေတာ ရှုရှိုက်တာနဲ့ တရားရှုနေတာ မဟုတ်ဘူး။ ရှုရှိုက်ရင်းနဲ့ တရား ရှုနေကြတာ။ ရှုနေတဲ့အချိန်မှာ ရှုစိတ်လေး ဖြစ်နေတယ်။ ရှိုက်နေတဲ့ အချိန်မှာ ရှိုက်စိတ်လေးဖြစ်နေတယ်။ ရှေ့ရှုစိတ်လေး ချုပ်ပြီးမှ နောက် ရှိုက်စိတ်လေး အစားထိုးတာနော်။

ရှေ့ရှုစိတ်ကလေးက "ငါ ချုပ်တော့မယ်၊ ငါ ချုပ်ရင် မင်းဖြစ်နိုင်" လို့ မပြောသော်လည်း ပြောသလို၊ ရှေ့က စိတ်ကလေး ချုပ်ပေးတော့ နောက်စိတ်ကလေး အစားထိုးဖို့ ဖြစ်လာတယ်။ အဲဒီလို အစားထိုးတဲ့နေရာမှာလည်း ကြားလွတ်လပ်မရှိဘူး။ အကြားမရှိဘူး။ အနန္တရပစ္စည်း ကျေးဇူးပြုတယ်ဆိုတာ အကြားမရှိစေ၍ ကျေးဇူးပြုတယ်။ ရှေ့စိတ်က ချုပ်ပြီးတော့မှ နောက်စိတ်ကို အစားထိုးဖြစ်ခွင့်ပေးလိုက်တယ်လို့ မှတ်ပါ။

## အနန္တရပစ္စည်းသိရင် ဒိဋ္ဌိစင်

အကြားမရှိ ကျေးဇူးပြုတတ်တဲ့ အနန္တရပစ္စည်းရဲ့ ရှင်းရည်သဏ္ဌာန်က ဘယ်မှာရှိတာလဲဆိုတော့ ခန္ဓာမှာရှိတယ်။ ပဋ္ဌာန်းတရားဆိုတာ စာအုပ်ထဲမှာ ရှိတာမဟုတ်ဘူး၊ ခန္ဓာမှာ ရှိပါတယ်။ ရှင်တော်မြတ်ဗုဒ္ဓ ပဋ္ဌာန်းတရားဟောတာဟာ ယောဂီတို့ကို ခန္ဓာပေါ် ညွှတ်ရောက်စေချင်လို့ ဖြစ်ပါတယ်။

ခန္ဓာပေါ် ညွှတ်ရောက်မှ ဒိဋ္ဌိပျောက်တယ်။ ဒိဋ္ဌိပျောက်မှ နိဗ္ဗာန်ရတယ်။ ပထမနိဗ္ဗာန်ရရင်တောင် အပါယ်လေးပါးက အမြဲတံခါး လွတ်ပြီ။ ငါသေရင် အပါယ်လေးဘုံများ ဖြစ်ကျဦးမှာလားလို့ သံသယတောင် မရှိတော့ပါဘူး။ အဲဒါ ဘာကြောင့်လဲဆိုတော့ ခန္ဓာပေါ် ညွှတ်ရောက်သွားလို့ပါပဲ။

တို့တစ်တွေဟာ လူသေတွေလား၊ လူရှင်တွေလား မေးရင် လူရှင်တွေ ဖြစ်တယ်။ ဘာဖြစ်လို့ လူရှင်လို့ပြောတာလဲဆိုတော့ ရှေ့စိတ်ချုပ်ရင် နောက်စိတ်က အစားထိုးနေလို့ပေါ့။ ရှေ့စိတ်ချုပ်ရင် နောက်စိတ် အစားထိုးပြီးဖြစ်ဖြစ်ဖြင့် စိတ်ကလေးက ယောဂီတို့ကို စောင့်ရှောက်ထားတယ်။ လူရှင်ဖြစ်အောင် လုပ်ပေးနေတယ်။ ဒီတော့ ရှေ့စိတ်လို့ သိလိုက်တာနဲ့ သက္ကာယဒိဋ္ဌိ စင်

သွားတယ်။ ချုပ်တယ်လို့ သိလိုက်တာနဲ့ သဿတဒိဋ္ဌိ စင်သွားတယ်။ အစားလိုက်တယ်လို့ သိလိုက်တာနဲ့ ဥစ္ဆေဒဒိဋ္ဌိ စင်သွားပါတော့တယ်။ အနတ္တရုပ်နည်းပါ အမြဲးခရီးဖြစ် ကျေးဇူးပြုတယ်လို့ သိလိုက်တာနဲ့ ဒိဋ္ဌိသုံးမျိုး စင်သွားတယ်နော်။

ကိုတစ်တွေ ကမ်းသံသရာလုံး ဒိဋ္ဌိသုံးမျိုး မရှင်းဘူးနော်။ အတိတ်ကာလများ ဒိဋ္ဌိသုံးမျိုးနဲ့ ခန္ဓာငါးပါးရောက်ခဲ့မယ် ဆိုရင် အခုလို ပုထုဇဉ် အစွဲအလမ်း သဝမျိုး ရစရာမရှိဘူး။ အပါယ်လေးပါးကလည်း စိတ်ချလက်ချ လွှတ်မယ်။ ကိုတစ်တွေက ပုထုဇဉ်တွေဆိုတော့ ဒိဋ္ဌိကို အပြီးတိုင် မပယ်ရသေးဘူး။ ဒိဋ္ဌိမပယ်ရသေးတဲ့အတွက် အပါယ်လေးဘုံ ကျန်နိုင်သေးတယ်။

ဥက္ကဋ္ဌာပုပ္ဖေတသေနေ၊ ဘာသရွေကဝဏ္ဏံတော။
တေဝဏ္ဏမှိ သာမုတ္တိ၊ ပုန အာယန္တိ ဒုဂ္ဂတိံ။

အတိတ်က ဘယ်လောက်ပဲ ကုသိုလ်ကုသိုလ်ဖြစ် အနုတော် ရှိခဲ့ရှိခဲ့၊ ကျေးဇူးပြုခဲ့ပြုခဲ့၊ ပစ္စုပ္ပန်မှာ ဘယ်လောက်ပဲ ကုသိုလ် ကောင်းမှုတွေ လုပ်ခဲ့ပါတယ် ပြောပြော၊ ဒိဋ္ဌိတနဲလေနဲ့ နဲ့ သေရင်တော့ "ပုန အာယန္တိ ဒုဂ္ဂတိ" ဆိုတဲ့အတိုင်း အပါယ်လေးဘုံကို ပြန်ဆုံချလွှားတော့ ခံရဦးမှာပဲ။

## သိတဲ့အတိုင်းကျင့် ကျင့်တဲ့အတိုင်းပေါက်

အပါယ်လေးဘုံကို ချဲ့ချတာ ဒိဋ္ဌိပါပဲ။ ဒိဋ္ဌိမပြုတ်သေးသရွေ့ ကာလပေါက်လုံး စိတ်ချရသေးပါဘူး။ ဒါကြောင့် ကျေးဇူးရှင် ဖေ့ာဂီရိုးကောင်လေးလုံး ဆရာတော်ဘုရားကြီးက-

ဒိဋ္ဌိမပြုတ်၊ ဒါနလုပ်၊ ဒုဂ္ဂတိတွေ့ သိမ့်ရည်။
ဒိဋ္ဌိပြုတ်၊ သီလလုပ်၊ နိဗ္ဗာန်တွေ့ သိမ့်ရည်။

ဒိဋ္ဌိမပြုတ်၊ သမထလုပ်၊ ဒုက္ခတွေ့လိမ့်မည်။

ဒိဋ္ဌိမပြုတ်၊ ဘာဝနာလုပ်၊ ဒုက္ခတွေ့လိမ့်မည်။

လို့ ဖမ်းဆိုတော်မူခဲ့တာပေါ့။ လောကီကိုယ်ထိတွေ့ ဒါန၊ သီလ၊ သမထ ဘာဝနာအလုပ်တွေ လုပ်နေတာဟာ ဒုက္ခက လွတ်ချင်လို့ပါ။ တကယ်ပဲ ဒုက္ခက အပြီးတိုင် လွတ်ချင်တယ်ဆိုရင် ဒိဋ္ဌိကို နာနာပြုတ်ရပါမယ်။

**ဒိဋ္ဌိ ဇဋ္ဋနု ဇဋ္ဋါခေတ၊ ထဏ္ဍာဗေဒေသာဓော ဝုပ္ပနေရှု။**

**ထဏ္ဍာဓေဒေသာဓော ဝုပ္ပတော၊ နဒေတ ဒုက္ခာ ပရိဗ္ဗဇေ။**

**(ဝိသုဒ္ဓိမဂ် ၂၊ ၂၃၈)**

ဆိုတဲ့အတိုင်း ဒိဋ္ဌိတန်းလန်းနဲ့ သေရင်တော့ မင်းတို့တစ်တွေ အပါယ်လေးပါးက မလွတ်နိုင်သေးဘူးလို့ ဘုရားမြတ်စွာ ဟောတော်မူခဲ့ပါတယ်။ တို့တစ်တွေဟာ ဘုရားအပေါ်လည်း ယုံတယ်၊ တရားအပေါ်လည်း ယုံတယ်၊ သံဃာအပေါ်မှာလည်း ယုံတယ် ဆိုရင် ဘုရားစကားကို လိုက်နာရမယ်။ ဘုရားစကားကို နားထောင်ရမယ်။ မသိရင် သိအောင် ကြိုးစားရမယ်။ သိပြီးရင်လည်း သိတဲ့အတိုင်း ကျင့်ရမယ်။ ပဋ္ဌာန်းတရားတော်ကြီးကို နာခွင့်ရှိလို့ နာကြားပြီးတဲ့နောက် သိလည်း သိနိုင်ပါစေ၊ သိတဲ့အတိုင်းလည်း ကျင့်နိုင်ကြပါစေ၊ ကျင့်တဲ့အတိုင်းလည်း လိုရင်းပန်းတိုင်ကို ပေါက်မြောက် အောင်မြင်နိုင်ကြပါစေ။

အဲဒီတော့ အနန္တရပစ္စည်းကို ပြန်ပြီးပြောရရင် ရှေ့စိတ်လေးလေး ချုပ်ပေးတာဟာ နောက်စိတ်ကလေး အစားထိုးဖို့အတွက်ပေါ့။ စိတ်ရဲ့ သဘာဝက ရှေ့စိတ်ချုပ်တာနဲ့ နောက်စိတ် အစားထိုးပြီး ပေါ်ရမြဲသဘော ရှိတယ်။ "**ဧကံ စိတ္တံ သမနန္တရာ**" ဆက်-တစ်ပါးသော **စိတ္တံ**-စိတ်သည်၊ **သမနန္တရာ**-တစ်ခုနှင့်တည်း၍

ကောင်းမှာ ဖြစ်ပေါ်၏။ စိတ်ဟာ တစ်ခုချင်းပဲ ဖြစ်ပေါ်လေ့ ရှိတယ်။ စိတ်နှစ်ခုပြိုင်ပြီးတော့ ပေါ်ရိုးထုံးစံမရှိဘူး။ ဒါကြောင့် နောက်စိတ်ကလေးပေါ်ဖို့ရာ ရှေ့စိတ်က ချုပ်ပေးရတယ်။

ရှုစိတ် ရှိုက်စိတ်တွေ ဖြစ်ပြီဆိုတော့ ရှုစိတ်ကလည်း နှာခေါင်းမှာပေါ်တယ်။ ရှိုက်စိတ်ကလည်း နှာခေါင်းမှာ ပေါ်တယ်။ နှာခေါင်းဆိုတဲ့ တစ်နေရာ တစ်ခုတည်းမှာ ရှုစိတ်နဲ့ ရှိုက်စိတ် ပြိုင်ပေါ်လို့ မရဘူး။ ရှုစိတ်ကလေး ပေါ်နေချိန်မှာ ရှိုက်စိတ် မပေါ်ဘူး၊ ရှိုက်စိတ်ကလေးပေါ်နေချိန်မှာ ရှုစိတ်မပေါ်ဘူး။

ရှေ့စိတ်နဲ့ နောက်စိတ် အစေးထိုးတဲ့နေရာမှာ ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်ရဲ့ ခွဲဆောင်ကိုက်ကွန်းမှု မပါဘူး။ ပြုပြင်မှုလည်း မလိုဘူး။ အခြားမရှိရှည် ရှေ့စိတ်ချုပ်ပြီးတာနဲ့ နောက်စိတ် အစေးထိုးပါတယ်။ အဲဒီလို အစေးထိုးတဲ့နေရာမှာလည်း အခြားမရှိဘူး ဆိုတာ အနန္တရပစ္စည်းရဲ့သဘောလို့ မှတ်ရမယ်။

## မြင်စိတ်နဲ့ မြင်သိစိတ်

တစ်ခုခု မြင်လိုက်တယ်ဆိုရင် မြင်စိတ်ဖြစ်တယ်။ အနန္တရ ပစ္စည်းဆိုတာ ရှေ့စိတ်နဲ့ နောက်စိတ် အကြား အကွယ်မရှိတဲ့ ဆက်တိုက်ဖြစ်နေတဲ့ စိတ်အစဉ် (ဝီထိ) အစဉ်ပေါ့။ ဆာသံပယ်နဲ့ ပြောရတော့ ဥပမာ အရောင်တစ်ခုခု မြင်တယ်။ ရှေ့ဦးသွားဦးစိတ် ဖြစ်တယ်၊ မြင်စိတ်ပေါ့။ အာရုံလက်ခံတဲ့ သမ္ပဋိစ္ဆိုင်း၊ အာရုံကို ဆုံးဖြတ်တဲ့ သန္တီရဏ၊ ဝုဋ္ဌောဖော ပါတွေ အစေးထိုး ဝီထိချုပ် နေရင် လောင်ကို နားရှင်းသွားပါမယ်။ ဝီထိနော အလုပ်စဉ်နဲ့ သွားရင် မြင်လိုက်တဲ့ အရောင်ရုပ်က ထောပတ်လို့ ဝေဖန်ပိုင်းခြားပြီး စိတ်က သိလိုက်တယ်။ အဲဒီ သိတဲ့စိတ်က မနောမှာ ပေါ်တယ်။ မြင်စိတ်လို့ ဆုံးဖြတ်သွားတာလို့ ခေါ်တာပေါ့။

ယတ္ထုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာ တု တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

စက္ခုဝိညာဏဓာတုက မြင်စိတ်ကို ပြောတယ်။ မြင်ရုံ မြင်တဲ့စိတ် ဖြစ်တယ်။ မြင်စိတ်ကနဲ့ သိလိုက်တာနဲ့ ဖြစ်တယ်လို့ သိတဲ့စိတ်၊ ဖြူတယ်လို့ သိတဲ့စိတ်၊ နွားငါးပါးပဲလို့ သိတဲ့စိတ်၊ သစ္စာလို့ သိတဲ့စိတ်၊ ရွေးချယ်ကြောင်ကြောင်လို့ သိတဲ့စိတ် ပေါ် လာတယ်။ မြင်စိတ်ပြီးတော့ သိတဲ့စိတ်ကလေး ဆောက်မလျှောက် လာတယ်။ အဲဒါ မြင်သိစိတ်လို့ ခေါ်တယ်။

မြင်စိတ်က မျက်လုံးမှာပေါ်ပြီး မြင်သိစိတ်ကတော့ မနော မှာ ပေါ်တာပေါ့။ ပေါ်ရာဌာနချင်း မတူပါဘူး။ မြင်တာနဲ့ သိ လိုက်တာပဲ။ မြင်တာက မြင်စိတ်၊ သိတာက သိစိတ်။ မြင်စိတ် က မျက်လုံးမှာ ပေါ်ပြီး၊ သိစိတ်က မနောမှာ ပေါ်ပါတယ်။ အနန္တရ အကြားမရှိဘဲ ကျေးဇူးပြုပါတယ်။

ဥပမာပြောရရင် သားကိုမြင်တော့ မြင်စိတ်ပေါ်တယ်။ ဒါ ဘာပါလိမ့်မလဲလို့ ဝေဖန်စိစစ်ပြီး သားပဲလို့ သိလိုက်တဲ့အချိန် မှာ မြင်စိတ်မရှိတော့ဘူး။ သိတဲ့စိတ်က အစားထိုးသွားပြီး မြင် တုန်းက မြင်စိတ်၊ သိလိုက်တော့ သိစိတ်။ မြင်စိတ်ကြောင့် ဖြစ် လာတဲ့ သိစိတ်မို့လို့ မြင်သိစိတ်လို့ ခေါ်ရပါတယ်။

## မြင်စိတ်သည့် အချက်ကလေးတွေ

မြင်စိတ်ဟာ စက္ခုဝိညာဏဓာတ်ဆိုတော့ အချက်ကလေးတွေ ဖြစ်ပါတယ်။ ကုသိုလ်လည်း မဟုတ်ဘူး။ အကုသိုလ်လည်း မဟုတ် ဘူး။ အဲဒီကြောင့် မြင်စိတ်က အပါယ်ကို ဆွဲမချနိုင်ပါဘူး။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

အဗျာကတပစ္စည်းကို ကြည့်လိုက်ရင်တော့—

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မြင်စိတ်က အဗျာကတ တရားပဲ။ မြင်မှုကြောင့်ဖြစ်တဲ့ ဒါ မြင်တယ်ဆိုတဲ့ သိစိတ်၊ မြင်တဲ့အခါ လိုချင်တဲ့ လောဘစိတ်၊ မြင်လို့ မကျေနပ်ရင် ဒေါသစိတ်၊ မြင်ပြီးတော့ တွေဝေသွားရင် မောဟစိတ်။ ဒီစိတ်တွေက အပါယ်လေးဘုံကို ဆွဲချမှာ။ မနော အိမ်မှာခေါ်တဲ့ အကုသိုလ်စိတ်က အပါယ်ဆွဲချမှာနော်။

နောက်တစ်ခါ ယောဂီတို့ ဘုရားဖူးတယ်ဆိုပါတော့။ ဘုရား တည်း ဟူသော အဆင်းကို ဖူးရတယ်။ ဘုရားတည်းဟူသော အဆင်းရဲ့တည်ရာ ခေါင်းပါးဖြစ်လာက် ရုပ်ပွားတော်က အဗျာကတ ပစ္စည်းပဲ။ "ဘုရားက ကြည်ညိုစရာ ကောင်းလိုက်တာ"လို့ ဖြစ်သွားရင် ကုသိုလ်စိတ်ပဲ။ မြင်မှုကြောင့် ကုသိုလ်ဖြစ်တာနော်။

အကြောင်းခံတိုက်တဲ့ အဗျာကတပစ္စည်းက တစ်မျိုးတည်း မဟုတ်ဘူး၊ အမျိုးမျိုးရှိတယ်။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိုးနာတွေ့ထိစိတ်။ မြင်လို့လိုချင်၊ ကြားလို့လိုချင်၊ မွှေးလို့ နံလို့လိုချင် ဖြစ်လာတယ်။ စားစိတ်ကြောင့်မို့လို့ စားကိုက် လေလေး ဖြတ်ခနဲ ဝင်လာတော့ နောက်ထပ် ဆာလာတာ ဆက်ကော စားချင်လာတာ ပေါ့ဘေး။ စားရင်းနဲ့ ကြိုက်လာတွေ့ရင် ဒေါသ။ စားစိတ်ကြောင့် လောဘ ဒေါသ မောဟ တိုက်ရှုဖြစ် လာတယ်။ ဝါစားတယ်လို့ ပြောလိုက်တော့ ဒီဦး။ ဝါလို့ ဘယ်သူ

ထားနိုင်သလဲဆိုတော့ ဝေနာ။ သူရှုံးတဲ့ယောက်ကို ဖြူစေတော့ ဒုက္ခ။ သူရှုံးတဲ့နေရာ မနာလိုရင် ဖြူတော ဒုက္ခ။ ဒီလောသဘော တွေ ဖြစ်လာပါတယ်။

မြင်လို့လည်း လောဘ၊ ဒေါသ ဖြစ်တာပဲ။ ကြားလို့လည်း လောဘ၊ ဒေါသ ဖြစ်တာပဲ။ နမ်းလို့နံလို့၊ တွေ့ထိလို့လည်း ကိလေသာတွေ ဖြစ်တယ်။ ဒီကိလေသာတွေ ပေါ်တဲ့အခါ မနော မှာ ပေါ်ပါတယ်။

မနောတော့ ဟိယသမ္ပယုတ္တကာမဝေ၍ မနောဝိညာဏ ဓာတု ယာ ဟိသမ္ပယုတ္တကာနည္စဗျာန် အနုနိ ရုပ္ပဝေဒ ပဋ္ဋဒေဟာလို့ အနုနိ ရုပ္ပဒ္ဒိုးက ဆိုထားတယ်နော်။

## မိဋ္ဌိပြုတ်ရေး ရည်မှန်းချေး

ဖြစ်စိတ်လေး ဘယ်မှာပေါ်သလဲလို့ ပဋ္ဌာန်မှာ ကြည့်လိုက်တော့ နှစ်အတွက်မှာ ပေါ်ပါတယ်။ **'ဘဒ္ဒာယသနု ပဋ္ဌာယ မနော၊ အသာဝန္တယာ ဝေဒနာ'** ဆိုတဲ့အတိုင်း စိတ် နဲ့ ဝေဒနာနဲ့က ဖြစ်အတူ ပျက်အတူ ဖြစ်ပါတယ်။

ခန္ဓာငါးပါးထဲမှာ ဝိညာဏ်ဆိုတာ ပါတယ်။ ဝိညာဏ်က ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ်လို့ နှစ်မျိုးရှိတယ်။ ပဋိသန္ဓေ ဝိညာဏ်ဆိုတာ အမိဝမ်းထဲမှာ ပဋိသန္ဓေဥပါဒ်ခါစ ကိန်းအောင်း တုန်းက ဖြစ်တယ်။ ပဋိသန္ဓေ ယလေလေးကြည်ကလေး ရေပ် အောင် မသိုးအောင် ပျက်စီးသွားအောင် စိတ်ကလေးက စောင့် ရှောက်ပေးတယ်။ အဲဒီစောင့်ရှောက်ပေးတဲ့ စိတ်ကို ပဋိသန္ဓေစိတ်၊ ပဋိသန္ဓေ ဝိညာဏ်စိတ်လို့ ခေါ်ပါတယ်။

အခု ယောဂီတို့မှာ ပဋိသန္ဓေဝိညာဏ်စိတ် ရှိသေးတာလား။ ယောဂီတို့သန္တာန်မှာ အခုဖြစ်နေတာက ကြားရင် ကြားစိတ်ကလေး

က အစုဖြစ်နေတဲ့ ပဝတ္တိစိတ်။ မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ စားဆဲ တွေ့ဆဲ၊ အစုဖြစ်နေဆဲအချိန်မှာ ပဝတ္တိစိတ် ဖြစ်ပါတယ်။ နောက်က အဘောဂိုးတဲ့စိတ်ကလည်း ပဝတ္တိစိတ်ပဲ ဖြစ်တယ်။ ရှေ့စိတ်လေး ချုပ်သွားတာက စုတိစိတ်၊ စုတိဆိုတာ ချုပ်တာ ပျက်တာ သေတာနော်။ တို့တစ်တွေရဲ့သန္တာန်မှာ ဘယ်စိတ်ကလေးပေါ်လာ ပေါ်လာ အညိုတ်တယ်မရှိဘဲ ချုပ်ပျက်သွားတယ်။

ရှုနေတဲ့အချိန်မှာ ရှုစိတ်ဖြစ်တယ်။ ရှုလို့ပြီးပြီးတော့ ရှုတဲ့စိတ်ကလေး မရှိတော့ဘူး။ ရှုစိတ်ကလေး မရှိတော့ လုံးလုံး ပြတ်သွားတာ မဟုတ်ဘဲ နောက်စိတ်ကလေး အဘောဂိုးတဲ့နေရာမှာ အခြားမရှိဘဲ အဘောဂိုးတာ။ စကြာမင်းကြီး နတ်ရွာစံတာနဲ့ အခြားမရှိဘဲ သားကြီးက ရှင်ဘုရင်ဖြစ်တာမျိုးပေါ့။

ရှေ့က ရှုစိတ်ကလေး ချုပ်သွားတော့ "ငါ ချုပ်မယ်၊ မင်း ဖြစ်တော့" လို့ မပြောပေမယ့် ပြောသလို ရှေ့စိတ်ကလေး ချုပ်တာနဲ့ နောက်စိတ်ကလေး အဘောဂိုးလိုက်တယ်။ ပြတ်တာ မဟုတ်ဘူးနော်၊ အဘောဂိုးတာ။ အဘောဂိုးတယ်လို့ သိလိုက်တော့ ဥစ္ဆေဒဒိဋ္ဌိစင်တယ်။

ရှေ့ကချုပ်သွားတာ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလား၊ စိတ်လားဆိုတော့ စိတ်နော်။ ရှေ့စိတ်ကလည်း တည်တာလား၊ ချုပ်သွားတာလားဆိုတော့ ချုပ်သွားတာ။ ရှေ့စိတ်လို့ သိလိုက်ရင် သက္ကာယဒိဋ္ဌိစင်တယ်။ ချုပ်တယ်လို့သိရင် သဿတဒိဋ္ဌိစင်တယ်။ အဘောဂိုးတယ်လို့သိရင် ဥစ္ဆေဒဒိဋ္ဌိစင်တယ်။ မှန်ရည်မှန်း ဖြတ်လှမ်းသည့် သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဒိဋ္ဌိသုံးပါးပြုတ်ဖို့ ရည်ရွယ်ပါတယ်။ ဒိဋ္ဌိသုံးပါးပြုတ်မှ သောတာပန်တည်ပြီး ပယမနိုင်ရမှာ ဖြစ်ပါတယ်။

## တရားအသိမှ ကုသိုလ်အကောင်းဆက်ဖြစ်ပုံ

ရှေ့စိတ်ချုပ်တာသိရင် အချုပ်ကို သိတာမို့ ဝိပဿနာ၊ နောက်စိတ် အစားထိုးတာသိရင် အဖြစ်ကို သိတာမို့ သမထ ဖြစ်ပါတယ်။ အစားထိုးတာက ဖြစ်တာ၊ ချုပ်တာက ပျက်တာ။ ဖြစ်လည်း ဖြစ်တယ်၊ ပျက်လည်း ပျက်တယ်။ ဘဝင်မခြားတဲ့ အတွက် အခြားမရှိ အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်။ ရှေ့က ချုပ်ပြီးတာနဲ့ နောက်က အစားထိုးတာ မြန်လွန်းတဲ့အတွက် တစ်ဆက်တည်းလို့ ထင်နေရပါတယ်။ အနန္တရပစ္စည်းရဲ့ သတ္တိ က မြန်ဆန်လွန်းတဲ့အတွက် တစ်ဆက်တည်းလို့ ထင်နေရတာပါ။

လောဘ၊ ဒေါသ၊ မောဟ အလိုလိုဖြစ်တာလား၊ အကြောင်းတရားကြောင့်လားဆိုတော့ အကြောင်းတရားကြောင့် ဖြစ်တာပါ။ အကြောင်းတရားတွေက ဘာတွေလဲဆိုရင် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာ၊ တောင့်တင်းတာတွေပဲ။ မြင်တာနဲ့ မကျေနပ်တာနဲ့ ဘယ်သူက အရင်လဲဆိုတော့ မြင်တာ က အရင်၊ မကျေနပ်တဲ့ စိတ်ကလေးက နောက်မှ ဖြစ်တာပါ။

မြင်တာနဲ့ လျှော့ချင်တာ ဘယ်ဟာက အရင်ဖြစ်တာလဲ။ မြင်တာက အရင်၊ လျှော့ချင်တဲ့စိတ်က နောက်ပေါ့။ ရှေ့ရှေ့သော ကုသိုလ်စိတ်ကြောင့် နောက်နောက်သော ကုသိုလ်စိတ်ဖြစ်တာ လည်း ရှိတော့တာပဲ။ အခု ရှေ့က တရားနာယပ်ထိုက်တဲ့ ကုသိုလ် စိတ်က အမှီပြုဖြစ်ခဲ့တယ်။ အဲဒီစိတ်ကလေးက ဖြစ်ပြီးတော့ ချုပ်သွားတော့။ သူ့ရဲ့ ယှဉ်ဖက်ယှဉ်တဲ့စိတ်တွေက 'တရားနာချင် တယ်၊ ဓမ္မဝေ မနေနိုင်ဘူး၊ သွားနာဦးမယ်' ဆိုပြီး ခြေလှမ်း သတ်လှမ်းစီ တစ်လှမ်းစီ လာလာပြီးခြေလှမ်းလာရတာနော်။ တရား ပွဲရောက်တော့ အားတက်လေးတွေ ပြီးရတာက ပီတိ၊ သောမနဿ

တဲ့ တရားကို သတိရ မှတ်သားမိအောင်၊ အာရုံကျနေအောင်၊ မမေ့မလျော့အောင်၊ မှတ်သားနေတာက မနောကံ တရားနာနေတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံသည် ကုသိုလ်ဖြစ်ပါတယ်။

အဲဒီက ကုသိုလ်စိတ်တွေ မပေါ်ခဲ့ရင် ဒီလို ကုသိုလ်စိတ်တွေ ဆက်တိုက် ဆက်တိုက် မပေါ်နိုင်ဘူးနော်။ ရှေ့ဖြစ်သွားတဲ့ ကုသိုလ်စိတ်က ဖြစ်ပြီးတာနဲ့ ချုပ်သွားတော့ နောက်က ကုသိုလ်စိတ်က အစားထိုးပေးလိုက်တယ်။

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။**

ရှေ့က ကုသိုလ်စိတ်က နောက်က ကုသိုလ်စိတ်ကို အခြားမရှိတဲ့ ကျေးဇူးပြုတယ်။ ဆက်တိုက်ဆက်တိုက် ကုသိုလ်ပြုနေတာ။ ကုသိုလ်ပြီး ကုသိုလ်၊ ကုသိုလ်ပြီး ကုသိုလ်။ ကုသိုလ်တစ်ချက်ဖြစ်တိုင်း ဇောခုနစ်ချက်စောတဲ့အတွက် ယောဂီတို့ စိတ်မှာ တရားတစ်ပွဲတည်းမှာ နည်းတဲ့ကုသိုလ်တွေလားနော်၊ တရားအသံ၊ အဓိပ္ပာယ်ပစ္စည်းကို နားထောင်ပြီး ကုသိုလ်ဖြစ်ပုံတွေ ဖြစ်ပါတယ်။

## ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာကများလဲ

အဲဒီလို နားထောင်ပြီး ကုသိုလ်မဖြစ်ဘဲ အကုသိုလ်ဖြစ်သွားတာလည်း ရှိပါတယ်။

**ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။**

ဒီချင်းနားထောင်ရင်းနဲ့ အသံလေးက ကောင်းလိုက်တာဆိုပြီး တပ်မက်သွားတာ လောဘဖြစ်ပြီ၊ နားထောင်ရင်းနဲ့ ငြီးငွေ့လာတာကို မုန်းတဲ့စိတ် ဖြစ်သွားတာ ဒါ ဒေါသ

အကုသိုလ်မဟုတ်သော။ အကုသလတရားချင်းတော့ အတူတူပဲ။ ကိုယ်ရဲ့ နှလုံးသွင်းပေါ်မှာ မူတည်ပြီး ကုသိုလ်၊ အကုသိုလ် ပြောင်းလဲ သွားတယ်။

ဈေးထဲကိုသွားတော့ ပန်းလှလှလေးတွေ တွေ့တယ်။ ပန်း တွေ့တာနဲ့ ဘုရားလှူချင်စိတ် ပေါ်လာရော။

ပန်းတည်းဟူသော အဆင်းနဲ့ မျက်လုံးအကြည်တို့ ထိုက် ဆိုင်မိတဲ့အခါ မြင်စိတ်ကလေး ပေါ်လာတာက အာရမ္မဏပစ္စယ သတ္တိ၊ အဲဒီမြင်စိတ်ကလေးချုပ်ပြီး နောက်ဆက်ပေါ်တဲ့ ဇောသော ဝတ္တုပြီ ဘုရားလှူချင်တယ်ဆိုတဲ့ ကုသိုလ်စိတ်ကလေး ဖြစ်ပေါ် လာတယ်။

အဲဒါကို မြင်စိတ်နဲ့ ကုသိုလ်စိတ်ကြား ဘာဝင် ခြားတဲ့ အနန္တရပစ္စယသတ္တိ ကျေးဇူးပြုတာပါ။ ပန်းက ရုပ်တရား၊ လှူချင် တာက ကုသိုလ်၊ ရှေးရုပ်တရားကို မှီပြီး နောက်က ကုသိုလ် ဖြစ်တယ်။

**ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။**

အနေရဝိုင်းမှာ ပန်းနံ့ မကောင်းဘူး။ အလှူတယ်တော့ အဆင်မသင့်ဘူးတယ်။ သူ့ဖူးပန်းတို့ လောဘစိတ်နဲ့ ယူချင် သတတ်။ အဲဒါ အကုသိုလ်စိတ်ဖြစ်ပြီး၊ အရုပ်ထဲမှာ အထည် ကလေး မြင်လိုက်တယ်၊ မြင်လိုက်တော့ "ဟာ–အထည်ကလေး က လှလိုက်တာ" ဖြစ်သွားတယ်။ အထည်ကလေးက ရုပ်တရား၊ လိုချင်တာက လောဘ။ စွဲလမ်းတာက ဥပါဒါန်။ ရေစေနဲ့ စွဲလမ်း တာနော်။

အဲဒါ ခြားသလား၊ ဆက်တွေလား။ ဆက်တွေနော်။ ဘာကြောင့် ဆိုတော့ အကုသိုလ်ပဲ။ အထည်ပိုက်ဆံလေး လိုချင်လို့ ယူတော့

ပေမဲ့ စိတ်ကို ကိုက်နေတဲ့အချိန် "ကိုက်တော့ ကြည့်ရဲ့လား၊ ဖျိုးနိုးရော်" ဥပါဒါန်တွေ ဖြစ်နေတော့။ ဒီအချိန် ဖြတ်ခဲ့ ပေ ကြည့်ပါလားအနေနဲ့ရ အမြဲမရှိတဲ အကျိုး ရေးသိုက်မှာက ဒေါ်ယမ်လေးတို့ပဲ။

ဈေးထဲမှာ အရောင်းအဝယ်လုပ်ရတော့ ကုသိုလ်ရဲ့ အကုသိုလ် ဘယ်ဟာ ပိုများလဲ၊ အကုသိုလ်က ပိုများတယ်လို့ သိရင်ကို သာဓုခေါ်ပါတယ်။

## အနန္တရပစ္စည်းက ဘဝင်မခြား လျှော့ဖြုတ်တယ်

ရှေ့က ကုသိုလ်ကို အကြောင်းပြုပြီးတော့ နောက်က ကုသိုလ် ဖြစ်တယ်။ ရှေ့ကုသိုလ်လေးက ချုပ်လိုက်၊ နောက်ကုသိုလ်လေး က အစားထိုးလိုက်။ အဲဒီ ကုသိုလ်စိတ်က စနစ်မှာ ပေါ်တယ်။ ကြားစိတ်လေးက နားမှာပေါ်တာ။

ကုသိုလ်စိတ်ထဲမှာ ငါပါသလား၊ မပါဘူးနော်။ ရှေ့ကုသိုလ် စိတ်က ပုဂ္ဂိုလ်သတ္တဝါလား၊ ဓမ္မလားဆိုတော့ ဓမ္မပဲ။ နောက် ကုသိုလ်စိတ်ကလည်း ပုဂ္ဂိုလ်သတ္တဝါလား၊ ဓမ္မလားဆိုတော့ ဓမ္မ ပဲ၊ ရှေ့ဓမ္မနဲ့ နောက်ဓမ္မ၊ ရှေ့ကဓမ္မကို အကြောင်းပြုပြီးတော့ နောက်က ဓမ္မပေါ်ရတယ်။

ဓမ္မက အကျိုးချုပ်အလားတာမို့လို့-အ၊ အကြောင်းတရားမို့လို့- ဓမ္မ။ ပေါင်းလိုက်တော့ ဓမ္မနှ၊ ဓမ္မချည်း။ အလိုက်ဟာ အကြောင်း အကျိုးလားဆိုတော့ အကြောင်းအကျိုး ဖြစ်ပါတယ်၊ ဖြစ်တာက အကြောင်း ကျေးဇူးတော့ အကျိုး။ ဖြစ်တာက အကြောင်း၊ လိုချင်တာက အကျိုး။ ဖြစ်တာက အကြောင်း၊ ပျော်ရွှင်တာ က အကျိုး။ ဖြစ်တာက အကြောင်း၊ ပျော်ရွှင်တာ အကျိုး။

ရှေ့က အကြောင်းတွေကို အမှီပြုပြီးတော့ အဗျာကတ ဖြစ်သွားတာလည်း ရှိတယ်။

**ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။**

အသံကလည်း အဗျာကတ၊ နားအကြည်ကလည်း အဗျာကတ၊ အသံနဲ့နား၊ အဗျာကတကို မှီပြီး ဖြစ်ပေါ်လာတဲ့ ကြားစိတ်ကလေးကလည်း အဗျာကတ။ ရှေ့အဗျာကတကို မှီ၍ နောက်က အဗျာကတတွေ ဖြစ်တယ်။

ဟောဒီ ခန္ဓာကိုယ်ကြီးထဲမှာ ဓာတ်ကြီးလေးပါးကလည်း အဗျာကတ၊ ပူမှုအေးမှု တောင့်တင်းမှု ပေါ်တာကလည်း အဗျာကတ။ ရှေ့အဗျာကတက နောက်အဗျာကတကို ကျေးဇူးပြုတဲ့ နေရာမှာ ဘာဝင်မခြားဘဲ ကျေးဇူးပြုတာဟာ အနန္တရပစ္စည်း ဖြစ်ပါတယ်။

## အနန္တရပစ္စယသတ္တိ ခန္ဓာမှာရှိတယ်

ဝမ်းထဲက နာမှု၊ ကျဉ်မှု၊ ထုံမှုက အဗျာကတ။ နာတဲ့ အတွက် မကျေနပ်တာက ဒေါသ အကုသိုလ်။ ရှေ့က အဗျာကတ က နောက်က အကုသိုလ်ကို ကျေးဇူးပြုတယ်။

ရှေ့က ပူတာအေးတာ ထုံတာကျဉ်တာ စတဲ့ ဖောက်ပြန် မှုတွေဟာ အဗျာကတတွေချည်း။ အဲဒါကို "ဒါ ဖောက်ပြန်နေတာပဲ" လို့ ဉာဏ်က သိတယ်။ ဉာဏ်စိုက်တဲ့ ဝီရိယ ကုသိုလ်လေး၊ အကုသိုလ်လေးဆိုတော့ ကုသိုလ်ပေါ့နော်။ ဖောက်ပြန်တာက အဗျာ ကတ ပစ္စည်း။ နောက်ကနေ ဒါ ဖောက်ပြန်တာပဲ သိလိုက် တာက ကုသိုလ်စိတ်။ ကုသိုလ်စိတ်က ပစ္စယုပ္ပန် ဖြစ်ပါတယ်။

"**ဧဟိ**–လာကြည့်ပါ။ **ပဿ**–ရှုကြည့်ပါ" လို့ ခန္ဓာကြီးက

ပေါ်နေတယ်၊ အဲဒါကို သန္နိဋ္ဌိတော၊ သာဓိ ပယ်တောမွှာ၊ ကိုယ်ကိုင်မြင်အောင် ကြည့်ရမယ်။ မြင်အောင်ကြည့်တဲ့အခါမှာ 'ရုပ်' ခဲနဲ့ဆို ဖြော်-မရှိတော့ပါလားလို့ သိလိုက်ရင် ဝိပဿနာ၊ ပျောက်ပြန်တာပဲလို့ သိရင် သမထ။ ပျောက်ပြန်တယ်လို့ သိရင် သမထ၊ မရှိတော့ပါလားလို့ ဆုံးဖြတ်နိုင်မှ ဝိပဿနာဖြစ်ပါတယ်။ ယားရင် ယားမှန်းသိတာက သမထ၊ ယားတာလေး မရှိတော့ ပါလားလို့ သိတာ ဝိပဿနာပါ။


ဒီတော့ ဖြစ်ပျက်က အရူပကာ၊ သိတဲ့စိတ်က ကုသိုလ်။ ဖြစ်ပျက်နဲ့ စိတ်မှာ ဖြစ်ပျက်က အရင်၊ စိတ်က နောက်။ အရူပကာက အရင်၊ သိတဲ့စိတ် ကုသိုလ်က နောက်။ အရူပကာကို မှီပြီးတော့ ကုသိုလ်ဖြစ်သွားတာနော်။ အရူပကာကြောင့် ကုသိုလ်လည်း ဖြစ်တယ်၊ အကုသိုလ်လည်း ဖြစ်တယ်။ အရူပကာက လည်း ဖြစ်တယ်။ အရူပကာကို မှီပြီးတော့ ကုသိုလ်ဖြစ်အောင် လုပ်ရမယ်။ အဲဒါကြောင့် 'အကုသိုလ်ကို ရှောင်၊ ကုသိုလ် ဆောင်၊ ဖြူအောင် စိတ်ကိုထား' လို့ ပြောပါတယ်။

အရူပကာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်။ ဖြစ်ပျက် မဂ်ကိုက်လိုက်တော့ ရှေ့စိတ်ချုပ်၊ နောက်စိတ်အစားထိုး။ ရှေ့စိတ်လေးချုပ်တာကို သိလိုက်တော့ 'ငါ' ဆိုတာ မလာတော့တဲ့အတွက် သက္ကာယဒိဋ္ဌိ ခွာတယ်။ ရှေ့စိတ်ချုပ်တာလေးကို သိလိုက်တော့ နိုင်တယ်၊ မြဲတယ်ဆိုတဲ့ အယူဟာတော့ မရှိတော့တဲ့အတွက် သဿတဒိဋ္ဌိခွာတယ်။ ချုပ်ပြီးရင် ပြတ်တာလား၊ နောက်စိတ် အစားထိုးတာလေး ကြည့်လိုက်တော့ နောက်စိတ်က အစားထိုးတယ်လို့ သိလိုက်တဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိ ခွာသွားပါတယ်။

အစားထိုးတယ်ဆိုတာက အခြားမရှိဘဲ ကျေးဇူးပြုတာ ဖြစ်

ပါတယ်။ အနန္တရပစ္စည်းရဲ့ စွမ်းအင်သတ္တိတွေက ခန္ဓာထဲမှာ ပေါ်နေတယ်။ ဒါကြောင့် အနန္တရပစ္စည်းအကြောင်းကို ဟောတာဟာ ခန္ဓာအကြောင်းကို ဟောနေတာပါပဲ။ ဒါကိုသိရင် ဒိဋ္ဌိသုံးပါးလည်း စင်ပါတယ်။

အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတဲ့ ခန္ဓာဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ပယ်သွားတဲ့ ဒိဋ္ဌိသုံးမျိုးက သမုဒယသစ္စာ၊ သမုဒယချုပ် ဒိဋ္ဌိပြုတ် အပါယ်လေးပါး ကျွတ်တဲ့ အပါယ်လေးပါးတို့ရဲ့ လွတ်ငြိမ်းရာ သိမ်းရာနိဗ္ဗာန်က နိရောဓသစ္စာတို့ အနန္တရပစ္စည်းရဲ့ ဟောကြားချက်ကို သဘောပေါက်ကြဖို့ပါပဲ။



# ၅။ သမနန္တရပစ္စည်း

## သမနန္တရပစ္စည်း ပစ္စယနိဒ္ဒေသပါဠိတော်

သမနန္တရပစ္စည်းရဲ့ ပစ္စယနိဒ္ဒေသပါဠိတော်ကို ရွတ်ပွား ပူဇော်ကြရအောင်။

သမနန္တရပစ္စယောတိ

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာစဓမ္မာ မနောဓာတု ယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတု ယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှာဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတု ယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာစဓမ္မာ မနောဝိညာဏဓာတု ယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတု ယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာစဓမ္မာ မနောဝိညာဏဓာတု ယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

**ပုရိသာ ပုရိသာ အပ္ပဘာသာမှာ ပဏ္ဍိတာနံ ပဏ္ဍိတာနံ အနေက ကာလာနံ ဓမ္မာနံ သမန္တရုပ္ပဓေသု ဝစ္စေသာ။**

**ဖယောင် ဆေသယ် ဓမ္မာနံ သမန္တရူ ဆော ဆော ဓမ္မာ ဥပ္ပန္နံ ဝိပ္ပဓေတဘင်္ဂကာလမှာ ဝေ ဝေ ဓမ္မာ ဟေယ် ဟေယ် ဓမ္မာနံ သမန္တရုပ္ပဓေသု ဝစ္စေသာ။**

## ကုန်းထူးသမ္မာ ရှိရှိသာ

ယောဂီတို့တစ်တွေ ရှင်တော်မြတ်စွ နှုတ်တော်စု မြွက်ကြားတော်မူခဲ့တဲ့ မြတ်ဂွမ်းဒေသနာတော်ကြီးကို နှလုံးသွင်းရောက် သဘောပေါက်အောင် မြန်မာစကား မြန်မာနှင့် ဝိဝိ ဂှုမြင် ယောခဲ့ဖြစ်ရှင်ဟု ကျင့်သုံးခွင့်ရတာလား ရှေးက ဘုန်းထူး သခင်ထူးတွေ ရှိခဲ့လို့ပါ။

“သကသန် ပုညဝန္တသော၊ ပုညဝန္တဝ တောင်းနေ

သမ္ပသိဒ္ဓါ ဂွေတိုက်ကို၊ ဆွေပုညာ အလောင်းနေ” ဆိုတဲ့ အတိုင်း သာသနာတော်အတွင်းမှာ အစစ်အမှန်တရားတော်တွေနဲ့ တွေ့ကြုံရသော အလိုလိုဖြစ်လာတာ မဟုတ်ပါဘူး။ အကြောင်းတရားကြောင့် ဖြစ်ပါတယ်။ သမန္တရုပ္ပည်း ဝေ့ဝန်တွေသာ ပါဠိတော်မှာ—

**ပုရိသာ ပုရိသာ ကုသလာဘာမှာ ပဏ္ဍိတာနံ ပဏ္ဍိတာနံ အနေက ကာလာနံ ဓမ္မာနံ သမန္တရုပ္ပဓေသု ဝစ္စေသာ။**

လို့ မိန့်ဆိုထားတာနဲ့အညီ အတိတ်က ကုသိုလ်ကြောင့် အခု ရှုတဲ့ ရှုနည်းကြီးကို ရတယ်။ ဘုရားသာသနာတော်ကြီးနဲ့လည်း ကြုံရတယ်။ မိဘဝေ သဏ္ဍာန နှလုံးသွင်းရောက် တရားတော်တွေ ယောကြိုးဝေမယ့် ဆရာကောင်းသမားကောင်း များဖြစ်တဲ့ မိုးကုတ်ဆရာတော်ဘုရားကြီး၊ ပေါတစည်သရတော်

ဘုရားကြီး၊ ရွှန်းလွှန်းဆရာတော်ဘုရားကြီး၊ သဲအင်းဂူဆရာတော်ဘုရားကြီး၊ လယ်တီဆရာတော်ဘုရားကြီး၊ မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီး၊ မင်းကွန်းဇေတဝန ဆရာတော်ဘုရားကြီးတွေရဲ့ အဆိုအမိန့် ဩဝါဒတွေကို နာယူခွင့်ရကြတယ်။

အဲဒီလို နာယူခွင့်ရတာ သိရှိခွင့်ရတာ ကြောင့်ကြ မပူမပင် နေထိုင်ခွင့်ရတာတွေဟာ အလိုလိုရတာလား၊ အကြောင်းတရားကြောင့်လားဆိုရင် အကြောင်းတရားကြောင့်နော်။ အကြောင်းတရားကလည်း ကုသိုလ်လား၊ အကုသိုလ်လား မေးရင် ကုသိုလ်ကြောင့်လို့ ဖြေရမယ်။

**ပုရိမာ ပုရိမာ**–ရှေ့ရှေ့။ ကုသလာဓမ္မာ–ကုသိုလ်ကို အကြောင်းပြုပြီးတော့။ **ပစ္ဆိမာနံ ပစ္ဆိမာနံ**–နောက်နောက်ရဲ့။ **အဗျာကတာနံ ဓမ္မာနံ**–ပစ္စယုပ္ပန်ဆိုတဲ့ အဗျာကတတရားတည်း လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာတွေကို။ လူ့ဘဝဟာ ကုသိုလ် အကုသိုလ် မဟုတ်ဘူး၊ ကုသိုလ်အကုသိုလ်ရဲ့ အကျိုးပေး။ နတ်ဘဝဟာလည်း ကုသိုလ်အကုသိုလ် မဟုတ်ဘူး၊ ကုသိုလ်အကုသိုလ်ရဲ့ အကျိုးပေး ပါပဲ။ အကျိုးပေး ပစ္စယုပ္ပန်တရားတွေသာ ဖြစ်ပါတယ်။ ဒီလို အကျိုးပေးတွေ ရကြတယ်ဆို ရှေးရှေးတုန်းက အတိတ်ကံ ကုသိုလ်သဒ္ဓါကြီးစားခဲ့ကြလို့ ဘဝမှာရ ပစ္စည်းအစုနဲ့ ကျေးဇူးပြုကြတာ ဖြစ်ပါတယ်။

## ရောင်ခြည်တော် ရွှန်းမြူးတဲ့ ပဋ္ဌာန်းဒေသနာ

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘုရားအဖြစ် ရောက်တော်မူပြီးတော့ သတ္တသတ္တာဟဆိုတဲ့ ခုနစ်နေရာ ခုနစ်ဌာနမှာ သတ္တာဟ ခုနစ်ရက်စီ စံနေတော်မူခဲ့တယ်။ ပထမမြောက် သတ္တာဟက

ရတနာ့သယ်ရ ရွှေစီမိတော်တဲ့။ ရတနာ့သယ်ရ ရွှေစီမိတော်မှာ ဘုရားတော်ကို ဆင်ခြင်နှလုံးသွင်းပြီး ခုနစ်ရက် စံတော်မူတယ်။

အဲဒီလို ဘုရားတော်တွေ နှလုံးသွင်းတော်မူနေတဲ့အချိန်မှာ ဘုရားဖြစ်တော်မူစဝဲ ရှိသေးတယ်။ ဘာတရားမှ မဟောသေးဘူး နော်။ ဓမ္မစကြာ ပဝတ္တန သုတ္တန်တောင် မဟောသေးဘူး။ ရတနာ ဃရမှာ စံတော်မူနေချိန်မှာ အဘိဓမ္မာ ခုနစ်ကျမ်းကို ဆင်ခြင် နှလုံးသွင်းတော်မူတာ။ ရှေ့က အဘိဓမ္မာ ခြောက်ကျမ်းကို ဆင်ခြင် နှလုံးသွင်းတော်မူတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အရေးတော် အသားတော်တွေဟာ ကြက်သီးမွေးညှင်းမျှမထ ပကတိ ပုံမှန် အတိုင်း ရှိနေတယ်။ ဟောဒီ ခုနစ်ကျမ်းမြောက် ပဋ္ဌာန်းဒေသနာ တော်ကြီး ဆင်ခြင်နှလုံးသွင်းတော်မူတဲ့အခါမှာသာ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဟဒယဝတ္ထု နှလုံးသွေးတွေ ကြည်လင်တောက်ပ ပြီးတော့ အရေးတော် အသားတော်တွေ ကြည်လင်လာပြီး ရောင် ခြည်တော် ခြောက်သွယ်ထွန်းဖြိုး တက်ကြွတော်မူသတဲ့။

ဒါကြောင့်မို့ ပဋ္ဌာန်းဒေသနာတော်ကြီးကို အနန္တနယ်တော် တန်ခိုးကြီးတယ်လို့ ဆိုကြတာပေါ့။ တချို့လည်း အန္တရာယ်ကင်း ဘေးရှင်းအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရွတ်ဆိုနေကြတယ်။ ဒီ လောကီနဲ့ အားရဝမ်းသာ စိတ်ကျေနပ်မနေသင့်ဘူးနော်။ ရှင်တော် မြတ်ဘုရား ပဋ္ဌာန်းတရားတော်ကြီး ဟောပေးရတဲ့ ဦးတည်ချက်နဲ့ ရည်ရွယ်ချက်က အန္တရာယ်ကင်းဖို့ထက် နိဗ္ဗာန်ရောက်ဖို့ပါ။ နိဗ္ဗာန်အကျိုးမှာ ရည်ရွယ်ပြီးတော့ ဟောတော်မူခဲ့တာ ဖြစ်ပါ တယ်။

သံသရာဝဋ်ဆင်းရဲပါးဖို့ ညာဏ်ပွင့်ဖို့ဆွဲ-နိဗ္ဗာန်အကျိုး မှာ ကျင့်ပြီး ကျင့်ဆဲဖြစ်သော အရိယာသူတော်ကောင်း ရှစ်ပါးအပေါင်းပါ တကား ဆိုတဲ့အတိုင်း နိဗ္ဗာန်အကျိုး ရည်ရွယ်ပြီးတော့ ကျင့်ကြံ

ရှာ ဖြစ်ပါတယ်။ ဝဋ်နီးဆေးသမားတော်ကို ယုံကြည်တဲ့ နေရာ မှာ မဟာယာနက အနူရောဂါကင်းဖို့အတွက် ယုံကြည်တယ်။ ထေရဝါဒကတော့ ဘဝငြိမ်းအေးဖို့ရေးအတွက် လက်ခံယုံကြည် တယ်။ ယုံကြည်ချက်ချင်း မတူဘူး။ မဟာယာနက အပေါ်ယံ အကာသက်သက် ယုံတာ။ ထေရဝါဒက အနှစ်သာရစစ်စစ်ကို ယုံတာ ဖြစ်ပါတယ်။

## ပဋ္ဌာန်းအောက်က သာသနာ့အဆောင်တော်

မဟာယာနတွေ 'ဥုံ' ခေါ်ပြီး ရွတ်တဲ့မန္တန်က ဟိန္ဒူဘာသာ ကနေ ကူးလာတာနော်။ သူတို့ရွတ်တဲ့ 'ဥုံ'ဆိုတာက ဟိန္ဒူ တွေ ကိုးကွယ်တဲ့ ဗြဟ္မာကြီးရဲ့ ကိုယ်စားလှယ် နတ်ကြီးသုံးပါး ကို အစားထိုးလုပ်ထားတာတဲ့။ မဟာဗြဟ္မာရယ်၊ သျှိုဝရယ်၊ ဗိဿနိုးရယ် ပေါင်းထားတဲ့ စကား။

အဲဒီတော့ 'ဥုံ'ခေါ်ပြီး မေတ္တာပို့တော့ အဲဒီနတ်ကြီးတွေလို ရွတ်ရင် 'ဥုံ'က ရှေ့၊ ဘုရားက နောက်ဖြစ်နေတာပေါ့ဗျား။ ကိုယ့် ဘုရားကို နှိမ့်ချလိုက်သွားတယ်။ ဒါပါ အဓိပ္ပာယ်ကနေတော့ အလေ့အထလေနော်။ သူတို့အဓိပ္ပာယ်ကတော့ ဝါဒတွေ ဝါဒနဲ့ရောတွေ ရှုပ်ရှပ်ထွေးထွေးနဲ့ ကိုးကွယ်မှုတွေကလည်း များလှပါတယ်။ ဟိန္ဒူ ဘာသာဆိုရင် ဘုရားတွေ အများကြီး။ နောက်ဆုံးမှာ ဗုဒ္ဓဘုရားရှင် ကို သူတို့ဘုရားအဖြစ် ထည့်ထားတာတဲ့။

ဘုရားရှင် ပွင့်တော်မူတာ အိန္ဒိယမှာဖြစ်ပေမယ့် ကိုးကွယ် မှုတွေ များပြားလွန်းတာကြောင့် အိန္ဒိယမှာ ဘုရားသာသနာတော် ကွယ်ဖို့ အကြောင်းတစ်ခုလေး ကျန်ခဲ့တယ်။ သာသနာကွယ်ရတဲ့ အကြောင်းတွေကတော့ အများကြီးပဲ။ သာသနာ့ဝန်ဆောင် အရှင်

ကောင်း အရှင်မြတ်တွေ ကိုယ်တို့ရဲ့ ပဋ္ဌာန်းဒေသပါး ဒေဝ ဒေဝ တွေကို ဗုဒ္ဓရဲ့တရားတော် ဖြန့်ဝေနိုင်ပြ ပေမယ့်ပြောဆိုရေး အားရှည်း လောကလည်း သာသနာတွေယ်ကြောင်း တစ်ရပ်လို့ ဆိုရပါမယ်။ ဒါကြောင့် ကိုးယောဂီတွေ ဘုန်းထူးသမ္မာဒုက္ခ ဒီတရားနဲ့ လာတွေ့အောင်လို့ မှတ်ပါ။

ဘုရားကိုယ်တော်မြတ်ကြီး ဒီပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်တော်မူတဲ့အခါမှာ ရုပ်ကလပ်တွေ ကြည်လင်လို့ ခန္ဓာကိုယ်ထဲက ရောင်ခြည်တော် ခြောက်သွယ်ဖြာထွက်လာတယ်။ ဒါကို ကြည့်ရင် ပဋ္ဌာန်းဒေသနာတော်ရဲ့ လေးနက်နက်နဲပုံ ဘယ်လောက် ကြည်လင်သန့်ရှင်းသလဲလို့ သိနိုင်ပါတယ်။ ဘုရားရှင်ကိုယ်တော် မြတ်ကိုတောင် အဆင်းသားရတဲ့ပဋ္ဌာန်း ဖြစ်ပါတယ်။

ပဋ္ဌာန်းကျမ်းတော်ကြီးကို ဆင်ခြင်တော်မူလိုက်တော့ ရောင်ခြည်တော် ခြောက်သွယ်ထွန်းပြူးရတယ်ဆိုတာ ထူးခြားနက်နဲ တန်းကြီးတဲ့ ဖြစ်ရပ်ပဲ၊ အဲဒီလို ရောင်ခြည်တော်တွေ ထွန်းပြူး ရတာကို အဋ္ဌကထာမှာပြီးတော့ သာသနာ့အလံတော်မှာ အရောင် ခြောက်မျိုး ထည့်ထားတာပါ၊ အရောင်ခြောက်မျိုးဆိုလို့ အဝါ၊ အနီ၊ ခဲပါ၊ အပြာ တွေ့ကရော အရောင်တွေ ခြောက်မျိုးစေ့ရင် ပြီးရော လုပ်လို့မရဘူးနော်။ ရောင်ခြည်တော် ခြောက်သွယ်အစဉ်း နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရ။ အပြာ၊ အဝါ၊ အနီ၊ အဖြူ၊ ဝန်းရောင်နဲ့ အဲဒီအရောင်ငါးမျိုးစပ်ထားတဲ့ ပဘဿ တဲ့ အရောင်း ဒီခြောက်မျိုးကိုပဲ သုံးရတယ်။ ဒါ့ပါလည်း ဖော်ပြ ရမှာနော်၊ သာသနာ့အလံတော်သည် ပဋ္ဌာန်းဒေသနာ ပဋ္ဌာန်း သင်္ကေတ ဖြစ်ပါတယ်။

# ကံအကျိုးပေးကို ဖြတ်တဲ့မင်း

ဒီနေ့ပြောရမှာက သမနန္တရပစ္စည်း။ သမနန္တရပစ္စည်းနဲ့ အနန္တရပစ္စည်းဟာ စကားလုံးလည်း သိပ်မကွာဘူး၊ အဓိပ္ပာယ်လည်း သိပ်မကွာဘူး။ သမနန္တရပစ္စည်းက အညီအမျှ ကျေးဇူး ပြုတယ်ဆိုတာပဲ ထူးတယ်။

'ဇနေတိ သဒိသံပါကံ' ဆိုတာအကျိုးပေးတယ်ဆိုတာ ကြားဖူးတယ် မဟုတ်လား။ အဲဒါ အဖြတ်တမ်း မှတ်ထားရမည့် ဝုဗျူဒေသနာ မဟုတ်ဘူးနော်။ ပုထုဇဉ် အရှုံးအလေးတွေနဲ့ပဲ ဆိုင်တာ။ တစ်မင်္ဂ တစ်ဖိုလ် ရပြီးတဲ့ ပုဂ္ဂိုလ်တွေနဲ့ မဆိုင်ဘူး။ အနည်းဆုံး ဖြစ်ပျက်မင်္ဂ၊ သေခါနီးမှာ ကိုက်ထားတဲ့ ပုဂ္ဂိုလ်တောင် မှ 'သဒိသံ ပါကံ ဇနေတိ' လို့ ပြောလို့မရဘူး။ ဥပမာပြော ရရင် လူသတ်သမား အဘောပါးကွက်သားကြီး တမ္ဗဒါဌိက ကြည့်ပါလား၊ သတ်လိုက်တဲ့ လူတွေမှ အများကြီး။ ဒီလောက် သတ်နေမှတော့ အကုသိုလ်ပေါ့၊ အကုသိုလ်ဖြစ်နေမှတော့ အကျိုး ပေးမှာက အပါယ်ဝရဲပေါ့၊ အပါယ်လေးပါး အမှုကတော့စည်း အကျိုးပေးတယ်။

**ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။**

ရှေ့က အကုသိုလ်က အကျိုးပေးရင် အပါယ် ၄ ပါး ရွာ ပဲ အကျိုးပေးမယ်။ ဒါ ဓမ္မဒေသနာပဲ။ တစ်မင်္ဂ တစ်ဖိုလ် မရ သေးတဲ့ ပုဂ္ဂိုလ်အတွက်တော့ မှန်တယ်၊ တိုက်ရိုက်အကျိုးပေး တယ်။ တမ္ဗဒါဌိကကတော့ အရှင်သာရိပုတ္တရာ ဟောကြားတဲ့ ဓမ္မဒေသနာတရားတို့ နာလိုက်ရတယ်။ နာလိုက်ရတော့ ခန္ဓာက ဖြစ်ပျက်၊ ရှုလိုက်တော့က ခဏ၊ ဖြစ်ပျက်မဂ်ကိုက်ပြီးတော့ သစ္စာလေးပါးကို သုံးကြိမ်သုံးခါဆိုက်ပြီး အနုလောမိကဉာဏ်ရတယ်။

ဒီ့ တစ်ဆက်တည်းတွေးမိတာက ကုသိုလ်လား၊ အကုသိုလ်လား။ အကုသိုလ်က တွေးတာအကျိုးပေးရင် အပါယ်လေးပါးထဲ အကျိုးပေးရမှာပေါ့။ အဲဒီတော့ဘောင်းကျိုးတွေကို အကျိုးပေးမှု ရှေ့အောင် မင်က ဖြတ်တောက်ပေးလိုက်တယ်။ ဒါကြောင့် မြတ်စွာ ရဲ့ ဂုဏ်တော်မှာ 'ကုသလာ ကုသလံ ဖော်' လို့ ဆိုထားတာ။ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးပေးကို အရဟတ္တမဂ်ဉာဏ် အရဟတ္တ ဖိုလ်ဉာဏ်တော်ကြီးဖြင့် ဖြတ်တောက်လိုက်တာပါ။

သုဂတိဒုက္ခ ဒုဂ္ဂတိဒုက္ခ ဒုက္ခမှန်သမျှသည် ကံရဲ့အကျိုးပေး ချည်းပါပဲ။ ကုသိုလ်ကံက အကျိုးပေးတော့ သုဂတိဒုက္ခ၊ အကု သိုလ်ကံက အကျိုးပေးတော့ ဒုဂ္ဂတိဒုက္ခ။ သံသရာက အကျိုးပေး တော့ ဖြစ်ပွားဒုက္ခပေါ့။ ဘယ်ဒုက္ခပဲဖြစ်ဖြစ် ဘယ်ဘဝ ဘယ်ခန္ဓာပဲ ရရ ဒုက္ခသစ္စာပဲ။ ဒုက္ခသစ္စာ မှန်သမျှ တခြားက အကျိုးပေး တာလား၊ ကံက အကျိုးပေးတာလားဆိုတော့ ကံက အကျိုးပေး တာပဲပေါ့။

ဒါကြောင့် ကုသလာ ကုသလံဆိုတာက ရှေ့က ကုသိုလ်နဲ့ အကုသိုလ်။ ဒီကုသိုလ် အကုသိုလ်က အကျိုးပေးတာမှန်သမျှ သုဂတိခန္ဓာနဲ့ ဒုဂ္ဂတိခန္ဓာပဲ၊ ခန္ဓာမှန်သမျှ ဘာသစ္စာလဲဆိုတော့ ဒုက္ခသစ္စာ။ ဒုက္ခရောက်မည့်အကျိုးကိုလို့ ဘုရားကိုယ်တော်တိုင် ရှေ့ ဆောင် လမ်းပြအနေနဲ့ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော် ကြီးနဲ့ ဖြတ်တော်မူခဲ့တယ်။

## မဂ်တစ်ကြိမ်ရရင် အပါယ်မကျနိုင်တော့

အကုသိုလ်ကံကို သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာ ဂါမိမဂ်၊ အရဟတ္တမဂ် မဂ်လေးပါးနဲ့ အဆင့်ဆင့်ဖြတ်ရတယ်။ သောတာပတ္တိမဂ် ချုပ်ပြီးတဲ့နောက် ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်

ဆက်ပြီး ဖြစ်ပျက်လေး ဆုံးသွားတာနဲ့ 'ဆုံးပြန်ပေါ့' လို့ ဒုတိယ အကြိမ်သိရင် သကဒါဂါမိမဂ်။

သကဒါဂါမိမဂ်ကနေ အနာဂါမိတက်ချင်တယ်ဆိုရင် ဖြစ်ပျက်က မြန်နေရမယ်။ ဖြစ်ပျက်ရှုရင်းက ဖြစ်ပျက်ကလေး ဆုံးပြန်ပါလို့ တတိယအကြိမ် သိလိုက်ရင် အနာဂါမိမဂ်။ တစ်ခါ ရဟန္တာဖြစ်အောင် ကြိုးစားချင်တယ်ဆိုရင် ဖြစ်ပျက်ကပဲ မြန်နေရတာပဲ။

ဓမ္မပဒဗျာသပါဠိတော် ပဋိပ္ပူဇာဂါထာ အဋ္ဌဝဏ္ဏသုတ်မှာ—

အဋ္ဌဝဏ္ဏ ဝုဏ္ဏားက "အရှင်ဘုရားရဲ့ အသက်ဝါကို ဖြေအမိန့်ပါ" ဆိုတော့ ဘုရားကိုယ်တော်မြတ်က "ခန္ဓာငါးပါးရှိတယ်။ အဲဒီခန္ဓာငါးပါးက ဖြစ်ပြီးရင် ပျက်လို့ပဲ ငါဘုရားရဲ့ အသက်ပါပဲ" လို့ မိန့်တော်မူခဲ့တယ်။ ဓမ္မတာသဘာဆိုရင် ကိုယ်တော်ရဲ့ အသက်ဝါပေါ့ ဘာလဲဆိုတာ သိရမယ်နော်။

ဓမ္မတာသဘာဝက ဘုရားအသက် ယူရမယ်။ ဘုရားအသက်က ဘာလဲဆိုတော့ ခန္ဓာငါးပါးက ဖြစ်ပြီးပျက်တာဆိုတာ ဘုရားအသက်ပဲ။ ဘုရားအသက် ယူချင်ရင် ခန္ဓာပေါ်ဉာဏ်ရောက်အောင် လုပ်ရမယ်၊ ခန္ဓာပေါ်ဉာဏ်ရောက်အောင်လုပ်ပြီး ခန္ဓာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်၊ ယောဂီတို့ရဲ့ ခန္ဓာထဲက ဖြစ်ပျက်ကို ယောဂီတို့ရဲ့ ဉာဏ်နဲ့ သိပြီဆိုရင် ဘုရားအသက် တိုးလာပြီ။ ဘုရားအသက်တိုးလို့ ဖြစ်ပျက်မဂ်ကိုတွေ့သွားတဲ့အခါ အပျက်ကို မြင်တော့ သဿတဒိဋ္ဌိပြုတ်တယ်။ အဖြစ်ကိုမြင်တော့ ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်။ ဖြစ်ပျက်က ခဏလေးမှ မရပ်ဘူး သဘောလေးပဲ။ သဘောလေးပေါ်ပြီး သဘောလေး ပျက်သွားလို့သိရင် ငါ့ဆိုတဲ့အမှု ပျောက်တော့ သက္ကာယဒိဋ္ဌိပြုတ်ပါတယ်။

ဒိဋ္ဌိသုံးမျိုးစင်ပြီမှ ရှင်ပီတိတွေ့ရင် အပါယ်လေးဘုံကျစရာ

မလိုတော့ဘူး။ အပါယ်လေးပါးတို့ရဲ့ လွတ်ရာငြိမ်းရာ သိမ်းရာ သာညီ နိဗ္ဗာန်ပဲ။ ထေမနော်းရှိကဲ့ လောကုတ္တရာမဂ်သည် အပါယ် လေးပါးက အပြီးတိုင်လွတ်တယ်။ အတိတ်က အကုသိုလ်တွေ ဘယ်လောက်ရှိရှိ ဖြစ်ပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို တစ်ကြိမ်တစ်ခါ မြင်လိုက်တဲ့ လောကုတ္တရာမဂ်က ဖြတ်ချလိုက်တော့ အပါယ် လေးပါး ကျရွှင့်မရှိတော့ဘူးပေါ့။

ဒါကြောင့် တစ္ဆေါဋ္ဌကသို့ တစေ့တစ်လျှောက်လုံး လူတွေ သတိထားခဲ့တာ။ အနုကမ္ပါစိတ်ရှိပြီး နုတ်စိတ်ကျတဲ့အခါ အပါယ် လေးပါးကျစရာ မလိုတော့ဘူး။ ဘာနဲ့ဖြတ်တာလဲဆိုရင် ဉာဏ် နဲ့ ဖြတ်တာလို့ မှတ်ပါ။

## သစ္စာသိမြင်ရေး ကြိုးစားပေး

လောကအလယ်မှာ ဖြတ်သွားဖို့ ပွင့်လာခဲ့တာဟာ လောက သူမရှိပဲ၊ ဉာဏ်ကွာစရိယာ၊ ဗုဒ္ဓသူစရိယာဆိုတဲ့အတိုင်း လောက တစ်ခုလုံး ကောင်းစားရေး၊ အမျိုးအားလုံး ကောင်းစားရေး၊ လောက ကို အပါအဝင် လောကသားအားလုံး သစ္စာသိမြင်ရေးအတွက် ဖြစ်ပါတယ်။

အဲဒီလို သစ္စာလေးပါး သိမြင်အောင် တရားဟော တရားပြတာ တွေ သိရင် အပါယ်လေးပါးက လွတ်ချမ်းသာအောင် ဆောင်ကြဉ် ပေးဝေသို့မှတဲ့အပြင် လိုအပ်ချက်တွေက ကျေးဇူးသိတတ် ကျေးဇူးဆပ် ထဲအစကနဲ့ ဆွမ်းတော်ကပ်တာ၊ ဆီမီးတော်ကပ်တာ၊ ရေချမ်းတော်ကပ် တာတွေ ဆောင်ရွက်ကြတယ်။ တပည့်တွေရဲ့ ဝတ္တရားအတိုင်း ကြိုးစားဆောင်ရွက် ကျေးဇူးဆပ်ကြတယ်။ ဒါဟာ ကျေးဇူးဆပ် တာ အစစ်မဟုတ်သေးဘူး။ မဟာပရိနိဗ္ဗာန်သုတ်မှာ မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံတော်မူတော့မယ်ဆိုတော့ နတ်တွေ၊ ဗြဟ္မာ

တွေနဲ့ ပစ္စည်းတွေက ပန်းအိုးတွေနဲ့ အကြီးအကျယ် ပူဇော်ကြသတဲ့။ အဲဒီအခါမှာ အရှင်အာနန္ဒာက "အဗ္ဘုတံဝတဘော၊ အစ္ဆရိယံဝတဘော။ မြတ်စွာဘုရား သိပ်ပြီးတော့ အံ့သြဖို့ကောင်းပါတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူတော့မယ်ဆိုတော့ အခုလို ပန်းဆီးတွေနဲ့ အကြီးအကျယ် ပူဇော်နေကြတယ် ဘုရား" လို့ လျှောက်တယ်။ ဒီတော့ ဘုရားမြတ်စွာက "ဒီလို ပစ္စုပ္ပန်ပစ္စည်းတွေနဲ့ ပူဇော်တယ်ဟာ ပူဇော်တာ အစစ်မဟုတ်သေးဘူး။ တရားနဲ့ ပူဇော်မှ ပူဇော်တာအစစ် ဖြစ်တယ်။ ငါဘုရား ဟောကြားထားတဲ့ တရားတော်တွေကို နာယူမှတ်သားပြီးတော့ လက်တွေ့အားဖြင့် ခန္ဓာညာဏ်ရောက် ဝိပဿနာတရားတွေကို အမြဲတမ်း အားထုတ်နေမှသာ ပူဇော်တာအစစ်ဖြစ်တယ်" လို့ မိန့်တော်မူပါတယ်။

ဒီနေ့ တို့တစ်တွေ မြတ်ပဋ္ဌာန်းဒေသနာတော်ကြီးနဲ့ ဘုရားကို ပူဇော်နေတာနော်။ အဲဒါ ပူဇော်တာ အစစ်ဖြစ်ပါတယ်။ ဖြစ်ပျက် မြင်မှသာလျှင် ဘုရားအလိုကျပါတယ်။ သစ္စနုန္တ ရုပ်စည်းက အခြားမရှိဘဲ တွေ့သောအားဖြင့် အကျိုးပေးတယ်ဆိုတဲ့ နေရာမှာ အကာလိယ် အကျိုးပေးသည်။ ခန္ဓာညာဏ်ရောက်စေတဲ့ ပုဂ္ဂိုလ်၊ ဖြစ်ပျက်မမြင်တဲ့ ပုဂ္ဂိုလ်အတွက်သာလျှင် ဖြစ်တယ်လို့ မှတ်ရမယ်။

ခန္ဓာညာဏ်ရောက် ဖြစ်ပျက်မြင် ဖြစ်ပျက်ဆုံးပြီးတော့ သောတာပန်တည်ထားတဲ့ ပုဂ္ဂိုလ်ဟာ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် သူတစ်ပါး နှိပ်စက်ညှဉ်းဆဲမှုမျိုးကို လုပ်ဖို့ပြောဖို့ ထားလို့ စိတ်နဲ့တောင်မှ မကြံတော့ပါဘူး။ အရိယာသူတော်ကောင်းများသည် ဘယ်တော့မှ သူတစ်ပါး ပျက်စီးစေညှိုးအကြောင်းတရားကို မတွေးဘူး။ သူ့တို့ အကြောင်းပြုပြီးတော့ လောကတစ်ခုလုံး ကြီးပွားတိုးတက်ဖို့ ချမ်းသာဖို့တို့ တွေးပြီး အလုပ်လုပ်ပါတယ်။

ဘုရားမြတ်စွာက လောကအလယ်မှာ ပွင့်တော်မူလာပြီး လောကတ္ထစရိယအနေနဲ့ အရေးအကျိုးကို ဆောင်ရွက်တယ်။ ဉာတတ္ထစရိယအနေနဲ့ ဆွေတော်မျိုးတော်များကို သစ္စာဝင်အောင် လုပ်ပေးတယ်။ ဗုဒ္ဓတ္ထစရိယအနေနဲ့ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိအောင်လုပ်တော်မူခဲ့တယ်။ ယောဂီတို့တစ်တွေက ဘုရားအလို ရှုထားတဲ့အတွက် ဘုရားဟောတဲ့ လမ်းကြောင်းကို လိုက်လျှောက်နိုင်ရမယ်၊ စရိယသုံးပါးနဲ့ လျော်ညီစွာ ကိုယ်တိုင်လည်း သစ္စာလေးပါးသိအောင်လုပ်၊ သူတစ်ပါးကိုလည်း သစ္စာသိအောင် ကူညီပေး တိုက်တွန်းပေးကြရမှာ ဖြစ်ပါတယ်။

## မြင်စိတ်နဲ့ မကျေနပ်စိတ်ဆက်သွယ်ပုံ

မဋ္ဌကုဏ္ဍလီရဲ့ မိဘတွေက အလွန်ကပ်စေးနဲတော့ ဘာတစ်ခုမှ မလှူခဲ့ဖူးဘူး။ လှူတာတန်းတာ ဝါသနာမပါဘူး။ မဋ္ဌကုဏ္ဍလီလေး စုတိစိတ်ကျခါနီးမှာ ဘုရားရှင်ကိုယ်တော်မြတ်က "ဘယ်သူ့ကို ကယ်တင်ရမလဲ" လို့ ဉာဏ်နဲ့ ဆင်ခြင်ကြည့်လိုက်တော့ မဋ္ဌကုဏ္ဍလီကို သွားတွေ့တယ်။ သူ့ကိုမိဘတွေက ကောင်းမှု ကုသိုလ် အသာတစ်ခုမှလုပ်ခဲ့တာ မဟုတ်တော့ မဋ္ဌကုဏ္ဍလီ လဲလျောင်းနေတဲ့ဆီကို ဘုရားကိုယ်တော်မြတ် ကြွသွားခဲ့တယ်။ မဋ္ဌကုဏ္ဍလီ မြင်အောင် ရောင်ခြည်တော်တွေ လွှတ်လိုက်တော့ အိပ်ရာပေါ်လဲနေတဲ့ မဋ္ဌကုဏ္ဍလီက ဘုရားဂုဏ်တော်တွေ မသိ မမြင်ဘဲ ကြည်ညိုစိတ်ကလေး ဝင်လာပြီး အိပ်ရာပေါ်ကနေ လက်အုပ်ချီပြီး ရှိခိုးလိုက်ပါတယ်။ ဘုရားကလည်း "ဒီလောက်ဆို ပြီ" လို့ ပြန်ကြွသွားတော့ မဋ္ဌကုဏ္ဍလီဟာ ဘုရားကို ကြည်ညိုတဲ့စိတ် ကုသိုလ် စိတ်ကလေးနဲ့ စုတိစိတ်ကျပြီး နတ်ပြည်ကို ရောက်သွား တော့။

အဲဒါ အာသာနုဂတ်ရဲ့ သဘော ဖြစ်ပါတယ်။ အာသာနုဂတ်ဆိုတာ ဖြတ်ပြီးတော့ အကျိုးပေးတယ်။ ကုသိုလ်တွေ ဘယ်လောက်ပဲလုပ်ခဲ့လုပ်ခဲ့ အကုသိုလ်က အကျိုးပေးတော့မယ်ဆိုရင် အကုသိုလ်ကက ဖြတ်ပြီး အကျိုးပေးလိုက်တယ်၊ ဒီလိုပဲ အကုသိုလ်တွေ ဘယ်လောက်များများ ကုသိုလ်က အကျိုးပေးတော့မယ်ဆိုရင်လည်း အကုသိုလ်ကိုဖြတ်ပြီး အကျိုးပေးလိုက်တယ်။ သမနန္တရပစ္စည်းက အဲဒီလို မဟုတ်ဘူး။

သမနန္တရပစ္စည်းကတော့ ဖြတ်ပြီး အကျိုးပေးလို့ မရဘူး။ ဥပမာ မျက်လုံးအကြည်က အဆင်းကို သက်ဆိုင်တယ်။ မျက်လုံးအကြည်မှာ မြင်စိတ်ပဲပေါ်တယ်၊ ကြားစိတ်ပေါ်ချင်လို့ မရဘူး။ ကြားက ဖြတ်လို့မရတာ သမနန္တရပစ္စည်းရဲ့သဘော ဖြစ်ပါတယ်။

**စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။**

မြင်တဲ့အခါ မြင်စိတ်ဖြစ်တယ်။ မြင်တော့ ပုဂ္ဂိုလ်သတ္တဝါ အတိုင်း မြင်လို့ လိုချင်တော့ လောဘ၊ မြင်လို့ မတွေ့နှစ်ရင် ဒေါသ၊ မြင်လို့ တွေဝေတဲ့အခါ မောဟ။ အဲဒီ လောဘ၊ ဒေါသ၊ မောဟတွေက မနောမှာ ပေါ်တယ်။

**မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။**

မျက်လုံးမှာ မြင်စိတ်၊ နားမှာ ကြားစိတ်၊ နှာခေါင်းမှာ နံစိတ်၊ လျှာမှာ စားစိတ်၊ လိုချင်ခြင်း မလိုချင်ခြင်း၊ တွေ့နှစ်ခြင်း မတွေ့နှစ်ခြင်းက မြင်မှုကြောင့်လည်း ဖြစ်ရတယ်။ ကြားမှုကြောင့်လည်း ဖြစ်ရတယ်၊ တွေ့မှု နံမှုကြောင့်လည်း ဖြစ်ရတယ်။ ချိုချဉ် ဖန်ငံ စားမိတာကြောင့်လည်း ဖြစ်ရတယ်။

မြင်၊ ကြား၊ နံ၊ စားတဲ့ အကြောင်းတရား။ ဝမ်းထဲမှာ

လိုချင်မှု၊ မလိုချင်မှုတွေ ပေါ်လာရတာက အကျိုးတရား။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်တွေက ကုသိုလ်လည်း မဟုတ်ဘူး။ အကုသိုလ်လည်း မဟုတ်ဘူး။ ဝိပါကတရားဖြစ်တယ်။ လိုချင်မှု၊ မလိုချင်မှုတွေက အကုသိုလ်တရားဖြစ်တယ်။ ဒါကြောင့်—

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မြင်စိတ်နဲ့ ဖောက်ပြန်တဲ့စိတ်မှာ မြင်စိတ်က အရင်ဖြစ်တယ်။ မြင်စိတ်က အကြောင်း၊ ဖောက်ပြန်စိတ်က အကျိုး၊ မြင်စိတ် အကြောင်းက ပစ္စည်း၊ ဖောက်ပြန်တဲ့ သဘောတရားက ပစ္စယုပ္ပန်။ ပစ္စည်းနဲ့ ပစ္စယုပ္ပန်။ မြင်လို့ဖောက်ပြန်ဘူး။ တိုက်ရိုက်ဆက်သွယ်မှုတွေ ရလာဘူးလား။

## မြင်စိတ်နဲ့ လိုချင်စိတ် ပေါ်ရာဌာနတွေပါ

ဖောက်ပြန်တဲ့ ဒေါသစိတ်ကလေးတွေလည်း မနောမှာ ပေါ်တယ်။ ဖောက်ပြန်တဲ့ လောဘစိတ်ကလေးတွေလည်း မနောမှာ ပေါ်တယ်။ ကိလေသာမှန်သမျှ မနောမှာ ပေါ်တယ်။ ကိလေသာက မျက်လုံးမှာ ပေါ်ရိုးထုံးစံ မရှိဘူး။

မျက်လုံးကနေ မနောအိမ်ကို ကိလေသာတွေ မဝင်အောင် မျက်လုံးနဲ့ ကိလေသာကြားမှာ သတိဝင်ရမယ်။ ဉာဏ်မလိုက်ရင် သမနန္တရပစ္စည်းက တောက်လျှောက်တွေးမျှဖြစ်လိမ့်မယ်။ ကုသိုလ်ဖြစ်ဖြစ်၊ အကုသိုလ်ဖြစ်ဖြစ်ပေါ့။

သမနန္တရပစ္စည်းတွေဟာ ယောဂီတို့ရဲ့ ရင်ထဲမှာ ကြမ်းတိုက် ဖျက်လိုက်၊ ကြားတိုက် မြင်တိုက် ဖျက်လိုက်တဲ့ ထပ်နေကျနဲ့ ဖြစ်နေတာပေါ့။ ရှေ့က ဖျက်ဖျက်သွားတာသည် နောက်က ဖိတ်

တွေက အစားထိုးဖို့ ဖြစ်လာတာ။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထားနာကောင်းစိတ်ဆိုတာတွေက ပုရိမ ပုရိမဆိုတဲ့ အတိုင်း ရှေ့ကဖြစ်တယ်။ မြင်လို့ ကျေနပ်ရင် လောဘ၊ မကျေနပ် ရင် ဒေါသ၊ မြင်တာကို ငါ မြင်တယ်လို့ယူရင် ဒိဋ္ဌိ။ အကုသိုလ် တွေ ဖြစ်လာတာနော်။

အဲဒီအကုသိုလ်တွေက အလိုလိုဖြစ်တာလား၊ အကြောင်း တရားကြောင့်လား၊ မေးတော့ အကြောင်းတရားကြောင့်ပေါ့။ မြင် တယ်နဲ့ လိုချင်တယ်ဆိုတာမှာ အခြားမရှိဘူး။ ဒါကြောင့် သမနန္တရ ပစ္စည်းလို့ ပြောရတယ်။

လိုချင်နေတဲ့အချိန်မှာ လိုချင်တဲ့စိတ်ပဲ ရှိတယ်။ တခြား စိတ် မရှိဘူး။ အဲဒီအချိန်မှာ ကောင်းတာဆိုးတာ မသိဘူး။ လို ချင်တာပဲ ရှိတယ်။ မြင်စိတ်က ချုပ်လိုက်မှ ပေါ်တယ်။ လိုချင် တဲ့ စိတ်က စနေရာမှာပေါ်တယ်။ ပေါ်ရာဌာနချင်းမတူဘူး။

## နှုတ်ပြီးတာနဲ့ ချက်ချင်းပေါ်လာနေပြီ

ရှေ့ကစိတ်တွေ ကျေးဇူးပြုလို့ နောက်စိတ်တွေ အစားထိုး တယ်။ ရှေ့စိတ်ချုပ်လို့ နောက်စိတ် အစားထိုးတယ်။ ရှုစိတ် တစလေးချုပ်ပြီးရင် ရှုတဲ့စိတ်တလေး အစားထိုးတယ်။

ဘယ်ကိုတို့ အသက်ရှင်နေရတာ ဘယ်သူ့ကြောင့်လဲ။ စိတ် ကြောင့်လို့ ဖြေရင် မှန်သာသာ ဖြေရပါ။ လိပ်ပြာကြောင့်လို့ ဖြေရင် မှားမှာပါ။ အဲဒီလို ဒါတွေ ခွဲခြားပြီးတော့ နားလည် ရမယ်။ ဒါမှ တရားနာရကျိုးနပ်မယ်။ တရားပွဲတခုခု နာရုံ ဆိုတာ လွယ်တာတော့ဘူး။ အချိန်တွေအများကြီးပေးရတာနော်။ ဒီအချိန်အတွင်းမှာ ကိုယ့်အတွက် အနှစ်သာရကျန်ဖို့ လိုတယ်။

တစ်သက်လုံးက မှားနေတဲ့ အယူအဆတွေ၊ လိုအပ်နေတာတွေ ကိုမှ မသိရင် တရားနာရကျိုးမနပ်ပါဘူး။

အတွေးအခေါ် အယူအဆကိုက လိုရင်းဖြည့်ရမယ်၊ ဖြည့်ပြီး ရင် ဝမ်းမြောက်ရမယ်။ ကိုယ်က ဖြစ်ပျက်မြင်လာတယ်၊ ဖြစ် ပျက် မြင်ရင် ဝေဒနာ ဓမ္မတာသာ အယူတိမ်းနေတာပဲလို့ သိ လိုက်ရတော့ ငါတရား အယူတိမ်းပြီ။ ဝေဒနာ ဓမ္မတာသာ အစစ်ဖြစ်ပြီလို့ ဝမ်းသာရတယ်။

ရှောင်သင့်တာကို ရှောင်၊ ဆောင်သင့်တာကို ဆောင်ရမယ်။ အဲဒီလို အရသာရှိရှိ တွေးနိုင်မှ တရားနာရကျိုးနပ်ပါတယ်၊ မနေ့ တွေ့ ခဏခဏဝင်၊ တကူးတွေ့ ခဏခဏနာပြီးတော့မှ အမြင်မှန် မျက်လုံး မရဘူးဆိုရင် တရားနာရကျိုးမနပ်ပါဘူး။

ယောဂီတို့သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ဓမ္မမှန်သမျှ ရှုစိတ် ချုပ်ပြီးတော့ နောက်စိတ်အစားထိုးနေတာပါပဲ။ ရှုစိတ်လေး ချုပ်ပြီးတော့ နောက်စိတ်လေး အစားထိုးတာ ကြားမှာ မခြား ဘူးနော်။ အခု စုတိစိတ်ကျတာနဲ့ အခု ပဋိသန္ဓေစိတ် ထိနိုးပါ တယ်။

ဒါကိုမသိတော့ အရှင်ထဲမှာ ခုနစ်ရက်နေပြီ လုပ်ကြသတဲ့။ စုတိစိတ်ကျတာနဲ့ ချက်ချင်း ပဋိသန္ဓေစိတ်ကိန်းတယ်။ သတ္တဝါ မှန်သမျှ ခန္ဓာအစားထိုး ချက်ချင်းရတယ်။ အခုချုပ်တာနဲ့ အခု ချက်ချင်းရတာပဲ။ ကာဝင်တောင်မခြားဘူးနော်။ အဲဒါ သေနေ့က စပြီး ခုနစ်ရက်လည်တယ်ဆိုတာ မြန်မာ့ဓလေ့ အယူအဆပဲ။ ဒီနေ့ရာမှာ ကုသိုလ်တောင်းမှ ရည်မှန်းရှဲ (ဝါ) ရည်စူးရဲ့ ဖြူ လုပ်ခြင်းကို ဆိုလိုသည် မဟုတ်။ ထူးဝါဒမှာ ရှုစိတ်ချုပ်ရင် နောက်စိတ်အစားထိုးတယ်၊ စုတိပြီးရင် အခြားမဲ့ ပဋိသန္ဓေ ကျူးရှုပြုပါတယ်။

## ဝိပဿနာဉာဏ် မဂ်ဉာဏ် အကြားမရှိစေရေး

ဒီမန္တ ရုပ်ရှင်နဲ့ ယမန္တ ရုပ်ရှင် ဘယ်လိုကွာသလဲဆိုရင် ဒီမန္တ ရုပ်ရှင်က ဘိုးတော်မင်းကြီး နတ်ရွာလားရင် သားကြီး ဗြဲရသ က ဘုရင်ဖြစ်တယ်။ ယမန္တ ရုပ်ရှင်ကတော့ ဘိုးတော်မင်းကြီး နတ်ရွာလားတာ မဟုတ်ဘဲနဲ့ တောထွက်သွားလို့ သားကြီး ဗြဲရသ ကို ထီးနန်းလွှဲတာနဲ့ ဘုရင်ဖြစ်တယ်။ ဒီလို ထူးခြားပါတယ်။

ယမန္တ ရုပ်ရှင်က အညီအမျှဆိုတဲ့ စကားလေး ပိုလာ တယ်နော်။ ရှေ့စိတ်ချုပ်ရင် နောက်စိတ်အစပျိုးတယ်လို့ ပိုင်ပိုင် နိုင်နိုင် မြင်လိုက်နိုင်ရင်ပဲ ဖြစ်ပျက်ကိုမြင်ရပြီ ယမန္တ ရုပ်ရှင် ကို သဘောပေါက်ပါတယ်။ ခန္ဓာကိုယ်ထဲမှာ ဖြစ်လိုက် ပျက် လိုက် ဖြစ်လိုက် ပျက်လိုက် ဒီသဘောတရားတွေ လည်နေတာ ဟာ ယမန္တ ရုပ်ရှင်ရဲ့ သဘောပါပဲ။

ဘယ်လိုအကြောင်း ပေါ်နေတာလဲဆိုတော့ ခန္ဓာအကြောင်း ပေါ်နေတာပါ။ ဖြစ်ပျက်သဘောကိုသိတော့ ဖြစ်ပြီးရင် ပျက်၊ ပျက်ပြီးရင် ဖြစ်၊ အဖြစ်နဲ့ အပျက်ကြားမှာ ယမန္တ ရုပ်ရှင်က ကျေးဇူးပြုနေတယ်။ ချုပ်တာကိုသိတော့ သဿတဒိဋ္ဌိစင်တယ်။ အစပျိုးတာသိတော့ ဥစ္ဆေဒဒိဋ္ဌိစင်တယ်။ ရှေ့က ချုပ်တာလည်း စိတ်ပဲ၊ နောက်က အစပျိုးတာလည်း စိတ်ပဲလို့ သိလိုက်တော့ သက္ကာယဒိဋ္ဌိစင်တယ်၊ သက္ကာယဒိဋ္ဌိပြုတ်တယ်။

ရှေ့ကစိတ်က ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်၊ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ပယ်သွားတဲ့ ဒိဋ္ဌိလေးက သမုဒယသစ္စာ၊ သမုဒယကို ချုပ်ရာ သိမ်းက ငြိမ်းရာ နိဗ္ဗာန်က နိရောဓသစ္စာလို့ သစ္စာလေးချက် တစ်ပြိုင်နက် ဖြစ်သွား ပါတယ်။

ရှေ့က အဇ္ဈတ္တကော မှီပြီးတော့ ကုသိုလ်လည်းဖြစ်တယ်၊ အကုသိုလ်လည်း ဖြစ်တယ်။

ယေသံ ယေသံ ဓမ္မာနံ သမန္နာဟာရ ယောနိသော ဥပ္ပန္နိ ရှေ့က ဖြစ်ပျက်တဲ့ အဇ္ဈတ္တ၊ နောက်က မဂ်က ကုသိုလ်။ သာမန်ကုသိုလ် မဟုတ်ဘူး၊ မဂ်ကုသိုလ်နော်။ သာသနပ ကုသိုလ် မဟုတ်ဘူး၊ သာသနာတွင်း ကုသိုလ်။

ဒါန၊ သီလ၊ သမထက သာသနာပ ကုသိုလ်။ ဝိပဿနာ သမ္မာ အသိဉာဏ်ရတဲ့ မဂ်ကုသိုလ်က သာသနာတွင်းကုသိုလ်။ ယောဂီတို့ သာသနာတော်ကြီးနဲ့ ကြုံကြိုက်ရှင်တယ်ဆိုရင် မဂ်ကုသိုလ်ရအောင် လုပ်ရမယ်။ ဒါနလည်း လုပ်ပါ၊ သီလလည်း ဆောက်တည်ပါ၊ သမထလည်း ပွားပါ။ ဒီလောက်နဲ့ မတင်းတိမ်ဘဲနဲ့ မဂ်ကုသိုလ် ရအောင်လုပ်ပါ။

ဓာတေကမ္မာ တေသံတေသံ ဓမ္မာနံ ဆိုတဲ့အတိုင်း မဂ်ကုသိုလ်ကို အကြောင်းပြု၍ ဘဝငြိမ်းအေးတယ်ဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါလိမ့်မယ်။ ဝိပဿနာဉာဏ်တွေရဲ့ မဂ်ဉာဏ်ကို အမြဲမပြတ် ကောင်းစွာ ကျေးဇူးပြုနိုင်အောင် အခုကတည်းက ကြိုးစား ရှုမှတ်ကြပါစို့။



(၆) [illegible]

# ၆။ သဟဇာတပစ္စည်း

## သဟဇာတပစ္စည်း ပစ္စယ နိဒ္ဒေသပါဠိတော်

သဟဇာတပစ္စည်းရဲ့ ပစ္စယနိဒ္ဒေသ ပါဠိတော်ကြီးဖြင့် ရှင်တော်မြတ်ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကြီးနှင့် ရှုတော်မြတ် ဗုဒ္ဓ ဟောကြားတော်မူခဲ့သော ဖြစ်ပျက်ဆန်း ဓမ္မသဘာဝတော်ကြီးကို ကြည်ညို ပူဇော်သည့် အနေအားဖြင့် ရွတ်ဆိုပူဇော်ကြရအောင်ပါ။

သဟဇာတပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော။

## ရွှေနားထည့်တဲ့နည်းနဲ့ ပေးတယ်

သဇ္ဇနန္ဒ ရာဇ္ဇညီးဟာကုန်းက ရွက်ဆိုသွားခဲ့တဲ့ ဂါထာလေး မှတ်မိတယ်နော်။

**ပုရိမာ ပုရိမာ ကုသလာနန္တာ ပစ္ဆိမာနံ ပစ္ဆိမာနံ အစ္စာ ကတာနံ ဓမ္မာနံ သဇ္ဇနန္ဒရာဇ္ဇမေဒ ပစ္စယော။**

အဲဒီဂါထာတော်ထဲက အတိုင်းပဲ အတိတ်က ကုသိုလ်ကြောင့် အခု လူ့ဘုံလူ့ဘောင်မှာကိုယ်ကြီးကို ရကြတယ်။ ဘုရားသာသနာတော်ကြီးနဲ့လည်း ကြုံရတယ်။ ကိုယ့်ကို သာစွာလေးပါးတရား၊ ဓမ္မဥာဏ်စရောက် တရား ပေးကြွားပေးရင် ဆရာကောင်းသမား ကောင်းဖြစ်တဲ့ မိုးကုတ်ဆရာတော်ဘုရားကြီး၊ မဟာစည် ဆရာတော်ဘုရားကြီး၊ ရွှေကျင်ဆရာတော်ဘုရားကြီး၊ သဲအင်းဂူ ဆရာတော်ဘုရားကြီး၊ လယ်တီ ဆရာတော်ဘုရားကြီး၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၊ မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီး ကိုလို သူတော်ကောင်း ဆရာတော် ဘုရားကြီးများနဲ့ တွေ့ရခွင့် ရတယ်။

အခုလို ပကျူးမှုးသခင် ဆရာတော်ဘုရားကြီးများရဲ့ အဆုံးအမနဲ့ သြဝါဒတွေ နာယူခွင့် သိရှိခွင့်ရနေတာ လောကမှာ ရှားပါး ပေါင်း တကြောင်းကြီး နေလိုင်ခွင့် ရနေတာတွေဟာ ကုသိုလ်ကြောင့် ဖြစ်တယ်လို့ မှတ်ရမယ်။

မြတ်ဗုဒ္ဓရှင်အသနာတော်ကြီးကို ဆရာတော်ကြီးများက တပည့် သားသာ ကောင်းသားတွေကို ပို့ချတဲ့နေရာမှာ ပဋ္ဌာနရတို့၊ ဝိတ်ရဲ့ သုံးမျက်နှာတို့ စသည်အားဖြင့် အသေးစိတ်ပို့ချတော်မူလေ့ ရှိကြတယ်။ အဘိဓမ္မာသင်တန်းတွေ ပို့ချတဲ့အခါမှာလည်း ဒီလိုပဲ အသေးစိတ် ပို့ချပါတယ်။ ယောဂီတို့ဟာ ဝိစ္ဆာက ပန်းသတ္တိ ဝနို

ဆောင်ပြီးတော့မှ ပေါက်လာကြတဲ့ ဂုဏ်ရည်တွေ မဟုတ်ဘူး။ ရုပ်သူငယ်သားတွေ ဖြစ်နေတော့ အသင်းသားကို ဂိုဏ်းချုပ်ရဲ့ ပုံစံမျိုးနဲ့ ဟောပြနေရင် နားလည်မှာ မဟုတ်ဘူး။ လိုက်လည်း လိုက်နိုင်မှာ မဟုတ်ဘူး။

အသင်းသားတွေကို သဘောတရားနဲ့ ဂိုဏ်းချုပ်က တမေးပွဲတွေ ဖြစ်ဖို့၊ ဝီရိယရှိ သာသနာတော်ကြီးကို စောင့်ရှောက်ဖို့ပေါ့။ ယောဂီတို့ကို ဟောပြောမှာက ကျေးဇူးရှင်ဖိုးတုတ် ဆရာတော်ကြီးရဲ့ ဥပဒေသအတိုင်း သစ္စာကို အဓိကထားပြီး နိဗ္ဗာန်ဖြတ်ဖို့ ရည်ရွယ်ပြီးတော့ ဟောရမှာ။ ကျေးဇူးရှင်ဖြစ်တဲ့ ဂန္ဓာရုံ ဆရာတော် ဘုရားကြီးကလည်း ရုပ်သူငယ်သား ဒကာဒကာမတွေ နေထိုင် တတ် သွားတတ်လာတတ်အောင် အကျယ်လိုလ်နည်းပြီး ကုသိုလ် ဆောင်နိုင်အောင် သူတတ်တုံးဝတ်ကော အုံဖြေစံအဖြစ်နဲ့ နိဗ္ဗာန်ကို ဝင်စံနိုင်အောင် လူတွေ နားလည်ဖို့ဟောတာ မှန်းပြီး ဟောတော် မူခဲ့ပါတယ်။ လူတွေအတွက် တိုက်ရိုက်ကျေးဇူးပြုနိုင်မယ့် ဟော နည်းပုံနည်းအတိုင်း ဆရာတော်ဘုရားကြီးနှစ်ပါးက ဟောကြား သွားခဲ့ပါတယ်။ ဒီဆရာတော်ကြီးနှစ်ပါးရဲ့ ဥပဒေသအတိုင်း ဖြစ်ပြီးတော့ ကျေးဇူးဆပ်တဲ့အနေနဲ့ ဟောပြသွားပါမယ်။

## နာမ်ခန္ဓာတို့ရဲ့ သဘောတရားဖြစ်ပုံ

အသင်းသားတွေကို အချုပ်ပုံစံမျိုးနဲ့ ဟောရင် ယောဂီတို့ အသင်လို့မှ နားလည်မှာ မဟုတ်ပါဘူး။ အဓိကအားဖြင့် ဖြတ် ပွားနည်းအဆင့် သိတာက သိဖို့သက်သက် မဟုတ်ပါဘူး။ သိပြီး ရင် ကျင့်ရမှာပါ။

ယောဂီအပေါင်းတို့က ဗုဒ္ဓဘာသာဝင်တွေ ဖြစ်တဲ့အတွက် ဗုဒ္ဓလမ်းစဉ်ကို လိုက်ရပါမယ်။ ဘုရားလမ်းစဉ်ကို ကြည့်ရင်

ဂုဏ်တော်ကိုးပါးမှာ ဝိဇ္ဇာစရဏသမ္ပန္နောကို ပါတယ် မဟုတ်လား။ ဝိဇ္ဇာဆိုတာက သိမှု၊ စရဏဆိုတာက ကျင့်မှု။ သိပြီးရင် ကျင့်ရမယ်။ အဓိက ရှင်တော်မြတ်ဗုဒ္ဓ ခန္ဓာနဲ့ပတ်သက်ပြီး ဟောတာက ခန္ဓာပေါ်ကြည့်ရောက်နိုင်ဖို့ပါ။ ခန္ဓာကြည့်ရောက်မှ သုညတာ ဆိုတာကိုသိမယ်လို့ မှတ်ပါ။

သုညတာ ဆိုတာက ဆိတ်သုဉ်းတာ။ ဘာဆိတ်သုဉ်းတာလဲ ဆိုတော့ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ စသည်အားဖြင့် စွဲလမ်းထားတဲ့ မိစ္ဆာဒိဋ္ဌိ အယူမှားတွေ ဆိတ်သုဉ်းတာပါ။ တကယ်တမ်း ရှိတာက ခန္ဓာပါ။ အကျဉ်းချုပ်လိုက်တော့ ရုပ်နဲ့နာမ်ပါ။

ဒီ ရုပ်နာမ်ခန္ဓာ တရားတွေက အလိုလိုဖြစ်တာလား၊ အကြောင်းအကျိုးလား။ ဆိုတော့ အကြောင်းအကျိုးနဲ့ ဖြစ်တည်နေတဲ့ ခန္ဓာတွေပေါ့။ ဒီအကြောင်းအကျိုးနဲ့ ဖြစ်တည်နေတဲ့ ခန္ဓာတွေကို ရပ်တည်နိုင်အောင် သွားလာလှုပ်ရှားနိုင်အောင် ခန္ဓာ တစ်ပါးနဲ့တစ်ပါး အချင်းချင်း ကျေးဇူးပြုနေတာကို သဟဇာတ ပစ္စည်းလို့ ခေါ်ပါတယ်။

သဟဇာတ ဆိုတာ အတူတကွ ဖြစ်စေတတ်လို့ အမည်ရပါတယ်။ သဟဇာတ ပစ္စည်းရဲ့ ပစ္စယနိဒ္ဒေသပါဠိတော်မှာ

**စတ္တာရော ခန္ဓာ အရူပိနော**

**စတ္တာရော**-လေးပါးကုန်သော။ **အရူပိနော ခန္ဓာ**-နာမ်ခန္ဓာလေးပါးတို့။ သတ္တဝါတွေရဲ့ သန္တာန်မှာ ရှိတဲ့ ခန္ဓာငါးပါး နေ၏၊ ရုပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။ ဒီအထဲမှာ ရုပက္ခန္ဓာက ဖောက်ပြန်တဲ့သဘော ရှိတယ်။ ဝေဒနာက္ခန္ဓာက ခံစားတတ်တဲ့သဘော ရှိတယ်။ သညာက္ခန္ဓာက မှတ်သားတတ်တဲ့သဘော ရှိတယ်။ သင်္ခါရက္ခန္ဓာက

ဖြူဖြင့်ဖွေ့ကောက်ကောက်တွဲလာတာ ရှိတယ်။ ဝိညာဏ်ကျွန်က သိတတ် တဲ့သဘော ရှိတယ်။

ဒီစန္ဒငါးပါးထဲမှာ ရုပ်တွေနဲ့ဆက်စပ်တဲ့လို့ ကျန်တဲ့စန္ဒလေးပါး ကို နာမ်စန္ဒလေးပါးလို့ ခေါ်တယ်။ နာမ်စန္ဒလေးပါးဟာ စေတ ပြဲ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် အစုတွေ ဖြစ်တယ်။ အစုတွေ ရှိတယ်၊ တုဆောင်ရဲ့ ရှိတယ်၊ တုတောင်မိုးရှိတယ်၊ အဲဒီလို တုတာကို သဟာဇာတလို့ ခေါ်ခြင်း ဖြစ်ပါတယ်။

## ပျော်နိုးကာလေးတဲ့ သုညတာအဖြစ်

ဥပမာနဲ့ပြောရရင် ဖျက်လုံးနဲ့အဆင်း တွေ့တဲ့အခါ မျက် စနဲ့ ဖျက်လုံးမှာ ဘာဖြစ်ပေါ်လာလဲဆိုတော့ မြင်စိတ်ပေါ်တယ်။ မြင်စိတ်ဆိုတာ ဝိညာဏ်တွေပဲ၊ မြင်စိတ်က **ဥပေက္ခာသဘောရ ဖြစ်ကျိုးတည်း။**

ဆိုတဲ့အတိုင်း ဥပေက္ခာဝေဒနာနဲ့ ဆက်စပ်ပါတယ်။ ဥပေက္ခာ သဘောရတဲ့ ဖျက်မိညာဏ်စိတ် ဖြစ်ပြီးတဲ့နောက်မှာ အနန္တရပစ္စည်း အခန့်ရဲ့ အကြောင်းကြောင့် ကြည့်လိုက်တော့မှ အပေါင်၊ အနိုင၊ အပြောင၊ ခုတ်သားမှု သညာပေါ် အကျွတွေ ဖြစ်သွားတယ်။

ဖျက်လုံးအကြည်နဲ့ အဆင်းနဲ့ ပေါင်းတာ ပေါ်တာလား၊ ဟိုက်ကြီးမှ ပေါ်တာလားဆိုတော့ တိုက်ကြိုးမှပေါ်တာပေနိုး၊ ဒီတော့ အသဘောပါ ပေါ်မြင်နတ်ပေါ်တယ်။ ဝဋ္ဋိုသစ္စပ္ပါဒ် ပါဠိတော်မှာ

**စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ။**

ဆိုပြီး ဟောထားတည်း ပါသွားတယ်။ နာမ်စန္ဒလေးပါးဟာ နဲ့တို့ ရုပ်တင်းသေသအရာ မဟုတ်ပါဘူး။ ဖတ်လာပြောတဲ့ နေရာမှာ

လွယ်အောင်ရှိလာ ဒါက ဝေဒနာ၊ ဒါက သညာ၊ ဒါက သင်္ခါရ ဒါက ဝိညာဏ်လို့ ပြောနေရတာ ဖြစ်ပါတယ်။ တကယ်တမ်း ဖြစ်တဲ့အခါကျတော့ နာမ်ခန္ဓာလေးပါး တစ်ပြိုင်တည်း ဖြစ်ပါတယ်။

နာမ်ခန္ဓာလေးပါးသည် ဖြစ်တော့လည်း တစ်ပြိုင်တည်း၊ ပျက်တော့လည်း တစ်ပြိုင်တည်း၊ မှီရာလည်း တူတယ်၊ အာရုံလည်း တူတယ်။ ဒီတော့ မြင်စိတ်ပေါ်တာနဲ့ နာမ်ခန္ဓာလေးပါး တစ်ပြိုင်နက်ပေါ်တယ်လို့ မှတ်ပါ။ မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ဖုန်သမျှ တောက်ပြိုးခိန်း၊ ပုဂ္ဂိုလ်သတ္တဝါလား၊ ခန္ဓာလေးဖော်ရှင် ခန္ဓာပဲ။ ခန္ဓာလို့ သိလိုက်ကတည်းက ငါဆိုတဲ့ အယူတွေ မလာတော့ဘူး။

သုညတာ။ ပုဂ္ဂိုလ်သတ္တဝါ သုညနော်။ သူမြင်တယ် ငါမြင်တယ်ဆိုရင် ပုဂ္ဂိုလ်သတ္တဝါပါတော့မှာ။ မြင်စိတ်ကလေး မြင်တယ်လို့ သိလိုက်တာနဲ့ တစ်ပြိုင်နက် ပုဂ္ဂိုလ်သတ္တဝါဟာ သုညအဖြစ် ဆိုက်ရောက်သွားပြီ။ ပုဂ္ဂိုလ်လို့ယူတဲ့ အယူ၊ သတ္တဝါလို့ ယူတဲ့ အယူ၊ ငါမြင်တယ်လို့ ယူထားတဲ့ အယူ၊ သက္ကာယဒိဋ္ဌိ ဆိတ်သုဉ်းပါတယ်။ ထွန်းတရားတော်တော နံပါတ်တစ်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါသုည၊ သုညတသဘောကို သိစေချင်လို့ ဖြစ်ပါတယ်။

## ဆိုပြီးရင် ကျင့်ရမည်

ရုပ်ဆိုတာ ဖောက်ပြန်တဲ့ သဘောလေးကို ပြောတာပါ။ ခန္ဓာကိုယ်ထဲမှာ ဖောက်ပြန်တဲ့ သဘောကို ပြစမ်းပါဆိုရင် ပြလို့ မရဘူးနော်။ ဖောက်ပြန်တာက အထည်မှ မဟုတ်တာ၊ သဘော သဘောကိုး။ ပြောတော့လာ ရုပ်လို့ ဆိုလေမယ့် ကိုယ်မြင်လိုက်တာ သာ ဖောက်ပြန်တဲ့သဘောလေးပါပဲ။

ဘူတံ ဘူတတော ဒိသွာ ဘူတံ ဘူတတော ပဿတိ။

ဆိုတာ အဲဒါကို ပြောတာပါ။ တရားကို အစဉ်နဲ့သွားတဲ့ အခါမှာ ယောက်ျားမိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အစွဲအလမ်းတွေ ဆိတ်သုဉ်းချင်တဲ့ အခါကျတော့ ရုပ်နာမ်နဲ့ထင် လာရပါတယ်။ ယောက်ျားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ ခေါင်းခါးခြေလက် ဆိုတာ အပိုဖွဲ့ ဓာနုပညတ် ဖြစ်ပါတယ်။

ယောဂီကို တရားထိုင်တဲ့ဟာ ဘာလိုချင်လို့လဲဆိုရင် နိဗ္ဗာန် လိုချင်လို့ပေါ့။ နိဗ္ဗာန်ကို သွားတဲ့နေရာမှာ ဆုတောင်းနေရုံနဲ့တော့ မရဘူး။ ခန္ဓာပေါ် ဉာဏ်ရောက်မှ ရမယ်။ ဝိပဿနာ အလုပ်ကို လုပ်မှ ရမယ်။ ဝိပဿနာဆိုတာ ဝိသုဒ္ဓိမဂ်မဟာဋီကာ ဆရာက

**ပဉ္စသု ခန္ဓေသု အနိစ္စာဒိအာကာရေန ဝိဝိဓံ ပဿတီတိ ဝိပဿနာ။**

ဝိပဿနာ ဆိုတာ နံပါတ်တစ် ပညာကို ခေါ်ရမယ်။ ပညာအမျိုးမျိုး ရှိရာမှာတည်း နံပါတ်တစ် အဝိဇ္ဇာဖောက်ပညာကို ခေါ်ရမယ်လို့ မှတ်ပါ။ ဘုရားရှင် ဟောကြားတဲ့ တရားတော်တွေ ဟာ လက်တွေ့ကျင့်ရတွေချည်းပါ။ မင်္ဂလာတရားတွေအစ လက် တွေ့အသုံးချရမည့် ပညာရပ်တွေ ဖြစ်ပါတယ်။ ဘယ်တရားပဲ ဖြစ်ဖြစ် ဘုရားရှင် ဟောခဲ့တာတွေ အကုန်လုံးဟာ သိရုံသက်သက် မဟုတ်ဘူး။ သိပြီးရင် ကျင့်ရမည့် တရားတွေ ဖြစ်ပါတယ်။

## ခန္ဓာကို သိရမယ်

တရား ကျင့်ရမယ် ဆိုပေမယ့် စေတနာနဲ့လည်း အရမ်း ကျင့်လို့ မရပါဘူး။ အသိမပါတဲ့ ကျင့်တဲ့အကျင့်ဟာ သဘာဝမဲ့ အကျင့်ပါ။ အသိဉာဏ်ပါတဲ့ ကျင့်စဉ်မှသာ သဘာဝကျ ကျင့်စဉ် ဖြစ်ပါတယ်။

သိရမယ်ဆိုတာ ဝေခြားကိုသိရမှာ မဟုတ်ဘူး၊ ခန္ဓာကို သိရမှာပါ။

**မသောသ် မောသ် ခန္ဓာနံ ဝစ္စူပလက္ခဏာ သလ္လက္ခဏာဝေဒနာ ပစ္စုပ္ပန္န ဝေဒနာ ဉာဏဝဏ္ဏနာ နတေ။**

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပဠိဝိဘာရောဝ်ဝိသုဒ္ဓိ၊ ဝေဉာဏ်ဆုံးပါး အခန်း၊ ဉာဏပရိညာမှာ ဒီအဝတိုင်း ဆိုထားပါတယ်။ တရားအား ထုတ်တဲ့ နေရာမှာ ပညာဝ်နှင့် ရှေမတ် ကွဲထားရို လိုပါတယ်။

ပဋ္ဌာန်းတရားတော် ဟောတဲ့ ဦးတည်ချက် ရည်ရွယ်ချက် ဟာ သုညတဆိုက်ကို ဖြစ်ပါတယ်။ ယောဂီတို့ နားလည်တဲ့ စကားနဲ့ ပြောရရင် ဒိဋ္ဌိပြုတ်ဖို့ပေါ့။ ယောဂီတို့ တရားတွေနာ တရားတွေ အားထုတ်ကြတာ နိဗ္ဗာန်လိုချင်လို့ပဲ၊ ယောဂီတို့ လိုချင်တဲ့ နိဗ္ဗာန်ဟာ ဘယ်လိုနိဗ္ဗာန်မျိုးလဲ မေးရင် သုညတ နိဗ္ဗာန်ပေါ့။

သုညတဆိုတာ ဆိတ်သုဉ်းတာ။ ဘယ်က ဆိတ်သုဉ်းတာ လဲ မေးတော့ ဖြစ်ပျက်က ဆိတ်သုဉ်းတာ။ ဒါကြောင့် ဖြစ်ပျက် သုညတနိဗ္ဗာန်လို့ ခေါ်ပါတယ်၊ ဖြစ်ပျက်သုညတ နိဗ္ဗာန်။ ရုပ် နာမ်သုညတ ဒိဋ္ဌိပြုတ်။ ပုဂ္ဂိုလ်သတ္တဝါ သုညတဆိုတာ ခန္ဓာပေါ် ဉာဏ်ရောက်တာ ဖြစ်ပါတယ်။

အခါရက် သိလို့ တစ်ပါးနဲ့တစ်ပါး ကျေးဇူးပြုတာကို သိရင် ဒါမှ ဒါဖြစ်တာ ဆိုတဲ့ အမြင်မျိုး ပေါ်လွှင်စေဝင် ယောက်ပါ တယ်။

## အတိတ်ကိုလည်း မတွေးနဲ့ အနာဂတ်ကိုလည်း မကြည့်နဲ့

### ပစ္စုပ္ပန် ခန္ဓာ အရှုဝင်မှာ အညာချည်။

အတိတ်နည်း—အချိန်ချိန်။ သဘာဝတာ ဆိုတာက အတူ တကွ။ ဖြစ်တုန်းကလည်း အတူတကွ ဖြစ်တယ်၊ အချိန်ချိန်

လည်း ဟုတ်တယ်၊ အဲဒီတော့ အချင်းချင်း အလွတ်တကူ တွေ့ရှု ကြတယ်လို့ ရတာပါ။

ဆိုလိုတာက မိသားစုတစ်စုမှာ သားသမီးကျွန်းချည်း လေးယောက်မွေးထားတယ် ဆိုပါစို့၊ အရွယ်ရောက်လာတော့ စီးပွားရေးတွေ လုပ်ကြတယ်။ မိန်းကလေးတွေကို မယူကြပြီးတော့ပေါ့နော်။ အဲဒီလို လုပ်ကြတဲ့နေရာမှာ အစ်ကိုကြီးဖြစ်တဲ့သူက စီးပွားရေး ထူထူထောင်ထောင် ဖားဖားတော်တော်ရှိတယ်။ ညီအလတ်က စီးပွားရေး လုပ်ပေမယ့် အတိုက်အခံ ဖြည့်ကျင့်ခဲ့တဲ့ ကိုယ်က မကျတော့ စီးပွားရေး ထိပ်အထင်မပေါ်ဘူး။ ဒေပြတော့ အစ်ကိုကြီးက သာ ငါတို့က တစ်ရှုတုံဆင်းပဲ၊ တစ်မိသားစုထဲက ပေါက်ဖွားလာတာ။ သဘောထားပဲ၊ ကိုညီအစ်ကို အချင်းချင်းလေး၊ အညာရည်ဆိုပြီး "ညီလေး မင်းဟာစု အားပေးယ်နဲ့" ဆိုပြီး ကူညီတယ်။

အဲဒီလို ညီအစ်ကိုမောင်နှမ အချင်းချင်း ရိုင်းပင်းကူညီစောင့်ရှောက်ပေးတာကို သဘောထားလို့ ခေါ်ပါတယ်။ သဘောထား ပျော့ညီးအချင်းချင်း ညှိနှိုင်းပေးတာ။ ပြီးတော့နည်းအမိကို လျှောတန်ပေးသလို တစ်ဦးနဲ့တစ်ဦး ကူညီစောင့်ရှောက်တယ်။ ကိုယ်တွေ့မိတ်ဆွေ အချင်းချင်း ကိုယ့်သားသမီး အချင်းချင်း ကိုယ့်ရဲ့ညီအစ်ကို အချင်းချင်း။ သဘောတော အတူတကွ ဖြစ်အတူပြစ်စေဝ်ချင်း အချင်းချင်း တွေ့ရှုကြတယ်။

အဲဒီတော့ တရားတိုက်တယ်ဆိုတာ "လေ့ကျင့် ၄ သတ္တဝါ" ပညတ်ကို ခွဲရှုမြင်ဆိုတာက ခေါင်းခေါ်ချိပ်တော်တွေဟာ အခိုင်အမာ မာနပည္စယ်၊ ဖြန့်မကျိုးပြတ်ရင် ခေါင်းကို ပုံပြီးတော့ မရှုရဘူး။ လက်ကို ပုံပြီးတော့ ဆောင့်ရိုက်ပြီး မရှုရဘူး။ အပြားအခိုင်း သတ္တဝါနဲ့ ပုံဆော်ပြီးတော့ မရှုရဘူး။

ဓမ္မသင်္ဂဏီ ပါဠိတော်ကြီးက “ဒိဿတ္တာ နိဒ္ဒိဋ္ဌဝတ္ထုဘာဝါ” လို့ ဖော်ပြအတည်ပြုထားပါတယ်။ ဝိပဿနာ ရှုတယ်ဆိုတာ က “ဒိဿတ္တာ နိဒ္ဒိဋ္ဌဝတ္ထုဘာဝါ”တဲ့။ လုံးရုပ်သဏ္ဌာန် ပုံဟန်နိမိတ် ပုဂ္ဂိုလ် သတ္တဝါတရေပြီးတော့ ဆိုက်သည်းရမယ်။ အမှန် အရှုတွက် ထဲမှာ ပုံသဏ္ဌာန်မပေါ်စေနဲ့။ အရောင်အဆင်း အဝင်တွေ မပေါ် စေနဲ့။ လုံးရုပ်သဏ္ဌာန် ကိုယ်ဟန်နိမိတ် မပေါ်စေနဲ့တဲ့။

**ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ တတ္ထ တတ္ထ ဝိပဿတိ။**

ယော-အကြင်ဝိပဿနာ ရှုသော ပုဂ္ဂိုလ်သည်၊ **ပစ္စုပ္ပန္နဉ္စ ဓမ္မံ**-ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို၊ **တတ္ထ တတ္ထ** - ထိုထို ပေါ်ရာ ခဏဌီသာလျှင်၊ **ဝိပဿတိ**-ရှုမှတ်ရ၏။

ဝိပဿနာ ရှုတယ်ဆိုတာ ပစ္စုပ္ပန်တည့်တည့်ရှု အခုရှုဆဲ အခုရိုက်ဆဲ အခုဖြစ်ဆဲ အခုပျက်ဆဲကို ရှုပါ။ မနက်က ရှုခဲ့ ရိုက်ခဲ့တာကို ရှုလို့မရဘူး။ သူက လွန်ခဲ့ပြီးပြီ။ ညကျမှ ရှုမည့် ရိုက်မည့်ဟာကို အခုကတည်းက ရှုလို့လည်း မရဘူး။ ဘာဖြစ် လို့လဲဆိုတော့ ရောက်မှ မရောက်သေးတာ။ မနက်ကလည်း လွန်ခဲ့ပြီးပြီ။ ညကလည်း မရောက်သေးဘူး။ အဲဒါတွေကို ကမ်းဟော မှန်းဆပြီးတော့ မလုပ်နဲ့။ အတိတ်ကိုလည်း မလွမ်းနဲ့၊ အနာဂတ် ကိုလည်း မကြံနဲ့။ ပစ္စုပ္ပန်တည့်တည့် ရှုပါ။

ဝိပဿနာ ရှုရာမှာ ညာဏ်ကြိုက် ဖြစ်ရမယ်။ ညာဏ်ကြိုက် ဆိုတာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ သုညတသဘော ဖြစ်ရမယ်။ ခေါင်းခါး ခြေလက်တွေကို ပုံဖိုင်းပြီးတော့ မရှုရဘူးလို့ မှတ်ရ မယ်။

# လမ်းပေါ်မှာ လမ်းမချော်ရအောင်

ခေါင်းခါးမြောတက်တာ အဝိဇ္ဇာကနေပညတ်၊ ၃၂ ကောဋ္ဌာသကလည်း အဝိဇ္ဇာကနေပညတ်၊ သေရင့်ရဲ့ ရုပ်ကလာပ်ကလည်း အဝိဇ္ဇာကနေပညတ်ပဲ။ ဝိပဿနာ သက်သက်ရှုတဲ့ သုဒ္ဓဝိပဿက ယောဂီအတွက် ဒါတွေ မလိုပါဘူး။

၃၂ ကောဋ္ဌာသ ရှုတာ အကုသိုလ်တော့ မဖြစ်ဘူးပေါ့။ ဘုရားလက်ထက်တော်တုန်းကလည်း ၃၂ ကောဋ္ဌာသ ရှုခဲ့ကြတာပဲ။ ဒါပေမဲ့ ၃၂ ကောဋ္ဌာသ ကမ္မဋ္ဌာန်း အာရုံပြုပြီးတော့ အရိယာမဂ်ဖိုလ် ဖြစ်တာ မဟုတ်ပါဘူး။ ၃၂ ကောဋ္ဌာသ ကမ္မဋ္ဌာန်း သည် ပညတ်နယ်ထဲက ဖြစ်နေတဲ့အတွက် သမထတော့ ဖြစ်ပါတယ်။

သမထရဲ့ အာရုံဟာ ပညတ်ပါ။ ကိုယ်လုပ်တဲ့ အလုပ်ဟာ သမထမှန်း ဝိပဿနာမှန်း မသိကြဘူး။ မသိတာက အဝိဇ္ဇာ၊ မသိဘဲ ရမ်းကျင့်တာက သင်္ခါရ။ အဝိဇ္ဇာပစ္စယာ သင်္ခါရ အကျိုးတရားလား၊ အကြောင်းတရားလားဆိုရင် အကြောင်းတရား။ ချမ်းသာကြောင်းလား၊ ဆင်းရဲကြောင်းလား ဆိုတော့ ဆင်းရဲကြောင်း ဖြစ်ပါတယ်။

ဆင်းရဲကြောင်းဆိုတော့ သံသရာလမ်းကြောင်းပေါ် ရောက်သွားတယ်။ နိဗ္ဗာန်ကိုသွားဖို့ ဝိပဿနာရှုတယ် ဆိုတာဟာ ရှောင်လမ်းက သွားရမယ်။ ညာဘက်လမ်းဆိုတဲ့ ရှောင်လမ်းက သွားရမှာနော်။ မသိဘဲ ရမ်းကျင့်ရင် သံသရာလမ်းပေါ် ရောက်သွားမယ်။ ဒါကြောင့် သိသင့်တာ မသိတဲ့လူကို လမ်းပေါ်က လူလို့ မခေါ်ရဘူး။ လမ်းချော်သူလို့ ခေါ်ရမယ်၊ လမ်းပေါ်မှာ ယင်း ရောက်ရင် လိုရာပန်းတိုင် မရောက်တော့ဘူး။ လိုရာပန်းတိုင်

ရောက်ချင်ရင် လမ်းပေါ်ကနေ လမ်းရှောက်ပါစေနဲ့။ လမ်းဖြောင့်ကနေ လမ်းကောက်ထဲ ဝင်မသွားပါစေနဲ့။

## ခန္ဓာပြောတာ ယုံလိုက်ပါ

အမှားနဲ့အမှန် ဝေဖန်ပိုင်းခြား စိစစ်တတ်ဖို့ အရေးကြီးပါတယ်။ အသိပညာပေးချည့် တရားကောင်းသမားကောင်းထဲ ချဉ်းကပ်ပြီးတော့ နာကြားမှတ်သားရမယ်။

**အဿုတဝါ ပုထုဇ္ဇနော သုတဝါ အရိယသာဝကော။**

ပုထုဇဉ်ဆိုတာ အသိပညာ ဗဟုသုတ မရှိဘူး။ အရိယာသာဝကများမှ အသိပညာ ဗဟုသုတ ရှိတယ်။ အသိပညာ ဗဟုသုတ ဆိုတာကလည်း အလိုလိုရောက်လာတာမှ မဟုတ်ဘူး။ လေ့လာမှတ်သားမှ ရတယ်။ အသိပညာပေးချည့်သူကို ရှာဖွေရမယ်။ ဗဟုသုတ အသိပညာပေးတဲ့ တရားမျိုး မနာဖူးရင် ဘယ်တော့ တစ်ဦးတစ်ယောက်မှ မသိနိုင်ပါဘူး။

တရားအားထုတ်တဲ့ နေရာမှာ ပညတ်ကို ရှုရှု၊ မဟုတ်တဲ့ ပရမတ်ကို ရှုရှုဖြစ်လို့ ပညတ်ပရမတ်တွဲဖို့ လိုပါတယ်။ ရှေ့က ဆောက်တည်ထားတာ ပညတ် ၃၂ ကောဋ္ဌာသ ဆိုတာလည်း ပညတ်၊ အသုဘရုပ်ကလာပ်ကြီးလည်း ပညတ်၊ ခေါင်းခါးခြေ လက်သည်း ပညတ်၊ သဏ္ဌာနပညတ် စုနဲ့သမျှပေါ့။ ပညတ်ကို အာရုံပြုရင် သမထပဲ၊ သမထကုသိုလ်တော့ ရတယ်။ သမထကုသိုလ်ရဲ့ အကျိုးပေးက ဗြဟ္မာစည်းစိမ် ဖြစ်ပါတယ်။

ဝိပဿနာ ရှုတဲ့နေရာမှာ ပညတ်ကို မရှုရဘူး။ ပရမတ်ကို ရှုရမယ်လို့ သဘောပေါက်ပါ။ သမထရဲ့ အာရုံဟာ ပညတ်၊ ဝိပဿနာရဲ့ အာရုံဟာ ပရမတ်။ ဝိပဿနာ ဘယ်က စလဲ ဆိုရင် အာနာပါန ထွက်လေဝင်လေ ရှုမှတ်ခြင်းက ပေါ်တယ်။

ဝေးနိုင်တာ ရှစ်ပါးရှား နှာသီးများကလည်း ရှင်ပေးရှေး။ ရုပ်နှစ်ရ ပေါင်းလိုက်တဲ့အခါ လေလေကော နှာသီးများမှာ ဟိုးတယ်၊ ဟိုးနေ တာက မသာရဲ့သဘော။ ဟိုးတာလေးဖြစ်ပေါ်ဆိုရင်တော့ ပြင်ဖို့ မရှာဘူး။ ဟိုးရတဲ့နဲ့ကို ပြမနေတာနေ့တဲ့။ အဲဒါကို သိချင်ရင် လက် တွေ့လုပ်ကြည့်ပါ။ ခန္ဓာက ဖြုပါဝင်ဖို့မယ်။ ပါးစပ်က ပြောတာ မယုံပါနဲ့။ ခန္ဓာပြောတာကိုပဲ ယုံပါ။

## ရွှေသီမခံချင်တဲ့ သူတော်ကောင်းများ

တာယဿ ဗဋ္ဋိနံ ဆေဋ္ဌဇ္ဈေ ဥဋ္ဌဟတိ ကာယဂတာသတိ။
ထိဋ္ဌံ သာဂတိ မဘေသော။ ဧသသမ္ဗော ဝေဒနာ။

ကာယဂတာသတိဆိုတာ ကွေ့ဘေဝိဇ်ဝေးကို ပြောတာပါ။ ဟိုးတာကို ဟိုးမှန်းသိတယ်။ မှတ်သားတာက သညာ။ သိအောင် အာရုံစိုက်တာက သတိရေး မဂ္ဂင်ငါးပါးက သတိရှုမှု ဖြစ်ပါ တယ်။

မဂ္ဂင်ရှစ်ပါးမှာတုတော့ "သေသျှာ့ထိ သမ္မာဒိဋ္ဌိ သမ္မာသင် ကပ္ပ" တော့ညီဖြင့် သမ္မာဒိဋ္ဌိက စပါတယ်။ ဒါက ရုပ်၊ ဒါက နာမ်၊ ဒါက အဖြစ်၊ ဒါက အပျက်၊ ဒါက ပညတ်၊ ဒါက ပရ မတ်၊ ဒါက အကြောင်း၊ ဒါက အကျိုး ပိုင်ပိုင်နိုင်နိုင်သိမှ သမ္မာဒိဋ္ဌိ ဖြစ်မှာပါ။ ပုတ်တုတ်ကြီး ရမ်းဆိုင်နေရင် သမ္မာဒိဋ္ဌိ မဖြစ်ဘူး။ ဒါကြောင့် ဘုရားအလိုကျ လုပ်ဖို့ပါ။ ဘုရားစကား နားထောင်ကြပါလို့ တိုက်တွန်းရပါတယ်။

ဘုရားပေတ်ထက်တော်တုန်းက ညီအစ်ကို တော်စပ်တဲ့ ရဟန်းတော်နှစ်ပါး ရှိရာမှာ အစ်ကိုလုပ်တဲ့သူက ဘယ်တော့မှ လျှော့ပေးခြင်း သူ့ရိုးသာဝှတ်ကို မလုပ်ဘူး။ မဆိုပဲ ကျင့်ကြံကြီး

ကုသိုလ် အားထုတ်နေတယ်တဲ့။ အဲဒီလို အနိစ္စကိုမြင်တဲ့ ပုဂ္ဂိုလ်တော ကျောမခင်းတဲ့ တရားအားထုတ်နေတဲ့အကြောင်း ပေါက်ကြား သွားတော့ ညီဖြစ်သူ ရဟန်းတော်က လာမေးတယ်။ ညီရဟန်းက ဝိနည်းတော်ကို အလွန်လေးစားတဲ့ ဝိနည်းဓိုရ်ပုဂ္ဂိုလ်နော်။ အစ်ကို ဖြစ်သူ သတင်းကို ကြားတော့ ညီက ဒီသတင်းဟုတ်မဟုတ် မှန်မမှန် သွားမေးတယ်။ မေးတော့ အစ်ကိုရဟန်းက "ဟုတ်ပါ တယ်"လို့ ငြင်းမနေဘဲ ညီဖြစ်သူရှေ့မှာပဲ လုံအောင်လိုက်တယ်တဲ့။

သူတော်ကောင်းတို့ ရည်သည် ကိုယ်ကျင့်ကြံအားထုတ်နေ တာကို လူသိမခံဘူး။ လူသိတာနဲ့ ဖျက်ပစ်လိုက်တယ်။ အထင် ကြီးတာ မခံချင်ကြဘူးနော်။ ခုခေတ်နဲ့ ကွာရဲ့လား။ ခုခေတ်မှာ ကျတော့ ကိုယ့်မှာဂုဏ်မရှိဘဲနဲ့တောင် မရှိတဲ့ဂုဏ်ကို ဖော်ပြီး ပြောချင်နေကြတာနော်။ အဲဒီလို ပြောနိုင်တဲ့ပုဂ္ဂိုလ်မှ လူတွေက ဆည်းကပ်ချင်ကြတာ။ ကိုယ်တာလုပ်နေတယ် ဘယ်လိုကျင့်ကြံ အားထုတ်တယ်ဆိုတာ ထုတ်မပြောဘဲနဲ့ အေးအေးချမ်းချမ်း ပရိယတ် ပဋိပတ် အကျင့်နှစ်ဖြာကို ကြိုးစားအားထုတ်နေကြတဲ့ သူတော်ကောင်းကြီးတွေ အများကြီး ရှိနေတယ်လို့ သိထားသင့်ပါ တယ်။

## ကိုယ့်အလုပ်သာ ကိုယ်လုပ်ပါ

ဘာမှ ကိုယ့်ဂုဏ်ကို မဖော်ဘဲနဲ့ အေးအေးချမ်းချမ်း သာသ နာ ကာဝန်ကို ထမ်းဆောင်နေကြတဲ့ သူတော်ကောင်းကြီးတွေ မြန်မာပြည်မှာ အများကြီးရှိတယ်၊ ဒီလို သူတော်ကောင်းကြီးတွေ ရဲ့ သီလသမာဓိပညာ ရှိန်းအားတွေကြောင့် ယခုတို့ အေးအေး ချမ်းချမ်း နေနိုင်တယ်လို့ သဘောပေါက်ထားပါ။

ကမ္ဘာကြီးတစ်ခုလုံးလိုလို နေရာအနှံ့ မီးလွှားရေးစစ်ပွဲ လူမျိုးရေးစစ်ပွဲ ဘာသာရေးစစ်ပွဲတွေနဲ့ မီးဟုန်းဟုန်း တောက်နေတယ်။ ဟိုနေရာ တချိမ်းချိမ်း ဒီနေရာ တချိမ်းချိမ်းနဲ့ ဖြစ်နေတာ၊ ဥရောပမှာတောင် မငြိမ်းဘူး။ အာရှတိုက်မှာလည်း ဖြစ်နေတာပေါ့။ သာသာ အေးအေးရှိပါတော့ကလည်း မကြာခဏ ဖြစ်နေတယ်။ မြန်မာနိုင်ငံက နှစ်ပေါင်းများစွာကြာမှ တစ်ခါတလေမှ ဖြစ်တာပဲ။ နှစ်စဉ်နှစ်တိုင်း မဖြစ်ဘူး။

ဒါ ဘာကြောင့်လဲဆိုရင် သီလသမာဓိပညာ ဘာသာသာသနာ ရေးမှုရဲ့ စွမ်းရည်သတ္တိကြောင့် ဖြစ်ရမယ်။ ယောဂီတို့ကလည်း သာသနာပြုတက်အောင် ပြုကြရမယ်။ မိမိတို့ ကိုယ်တိုင်လည်း သီလသမာဓိပညာ ပြည့်နိုင်သမျှ ပြည့်အောင် ဖြည့်ဆည်းကျင့်ကြံ အားထုတ်ကြပါ။ သီလသမာဓိ ပညာနဲ့ ပြည့်စုံတဲ့ ဆရာတော်ကောင်းကြီးများကိုလည်း သိရှိအောင်စုံစမ်းပြီး ကိုးကွယ်ဆည်းကပ်ပါ။ ဆရာတော်ကောင်းကြီးတွေ ဆုံးမညွှန်ကြားတဲ့အတိုင်း လိုက်နာ နာယူတတ်ဖို့လည်း လိုပါတယ်။

အရိယာ ဆရာတော်ကောင်းကြီးတွေ မှန်ရင် မိမိ ကျင့်ကြံအားထုတ်နေတာကို လူသိမှာ စိုးရိမ်ကြတဲ့အချည်းပါပဲ။ သာသနာတောင် ဝင်ရောက်ပြီး ရဟန်းပြုတော့မယ်ဆိုတာနဲ့ သိမ်ထဲမှာ ရဟန်းဖြစ်တာစ ရဟန်းဘဝကို ဆရာတော်များက တစ်ခါတည်း ပြောပါတော့ မှာကြားလိုက်တာပါ။ "ငါ့ရှင် သာသနာမှာ နေသရွေ့ ကာလပတ်လုံး ဥစ္စာရှိနေသမျှ ခေါ်တဲ့ မွန်မြတ်တဲ့ တရားကို ဒေသနာတွေအား ထုတ်ဖော်မပြောပါနဲ့။ "ကျုပ်တော့ လူတွေကြားထဲမှာ နေရတာကို ငြီးငွေ့လှပါပြီ၊ တောထဲမှာ သစ်တစ်ပင်အောက် ဝါးတစ်ပင်အောက် တစ်ပါးထဲ နေချင်တော့

တာပဲ" ဆိုတဲ့ အရိပ်အမြွက် အတိတ်နိမိတ် စကားမျိုးလောက်မှ မပြောပါနဲ့လို့ ဆုံးမလိုက်တာပေါ့။

အရိယာမဟုတ်တဲ့ သူတွေ မဆိုထားနဲ့၊ ကိုယ်တိုင်တကယ် အရိယာဖြစ်နေတဲ့ အရိယာ သူတော်ကောင်း စစ်မှန်တဲ့ ပုဂ္ဂိုလ် ကြီးတွေတောင်မှ ပြောခွင့်မရှိဘူး။ ပြောလေ့ပြောထ မရှိပါဘူး။ အဲဒါကို ကောက်ချရင် ယောဂီတို့တစ်တွေ "ကိုယ်သာ တရား ကျင့်တယ်"လို့ လူသိခံနေစရာ မလိုပါဘူး။ ကိုယ့်လုပ်စရာ ရှိ တာကို ဖြောင့်ဖြောင့်မှန်မှန် လုပ်သွားဖို့ပဲ လိုတယ်လို့ သဘော ပေါက်ရပါမယ်။

## ရုပ်နာမ်ဆိုတာ သိစရာ ဖြစ်ပျက်တာမှ ရှုစရာ

ဝိပဿနာ ရှုတဲ့အခါမှာ ပညတ်ကို မရှုရဘူး။ ပရမတ်မှာ ရှုရမယ်။ ရှုလိုက်တဲ့အခါမှာ နှာခေါင်းဖျားမှာ ထိုးနေတဲ့သဘောလေး က ပရမတ်၊ အဲဒါကို ရုပ်လို့ပြောလိုက်တာက ပညတ်ပါ။ သတိ ထား ဝီရိယစိုက်ပြီးတော့ ထိုးတာကို ထိုးမှန်းသိတာက ပရမတ်။ အဲဒီ သိတာလေးကို နာမ်လို့ ပြောလိုက်တာက ပညတ် ဖြစ်ပါ တယ်။

ထိုးတဲ့သဘောက ရုပ်ရဲ့သဘော၊ သိတဲ့သဘောက နာမ်ရဲ့ သဘော။ သိတဲ့အခါမှာ နာမ်စေ့လေးပါ ပါတယ်။ ဒါ ရုပ်ရဲ့ သဘော နာမ်ရဲ့သဘောလို့ သိမှတော့ ယောက်ျားမိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဆိုတဲ့ အစွဲလာဦးမှာလား။ မလာတော့ဘူးပေါ့။ ဒီလို ဆိုရင် ပုဂ္ဂိုလ်သတ္တဝါ သုညပဲ။ ငါရှိတယ် ငါရှိတယ် ဆိုတဲ့ အယူကင်းသွားတယ်။

ထိုးနေတာက ရုပ်ရဲ့သဘော၊ သိနေတာက နာမ်ရဲ့သဘော။ ရုပ်နာမ်ဆိုတာ ရှုစရာမဟုတ်ဘူး သိစရာ ဖြစ်ပါတယ်၊ ရှုနိုး

ဒေသနာတော်ကြီးကို သိစရာအနေနဲ့ ဟောပြောနေတယ်။ သိပြီးရင် ကျွတ်ရမယ်။ ဘယ်လိုရှုရမှာလဲဆိုရင် ထိုးတာကို ထိုးမှန်းသိရင် တော်ပါပြီ။

ထိုးနေတာက ဘယ်သူ့ရဲ့ သဘောလဲ မေးရင် ရုပ်ရဲ့ သဘော၊ သိနေတာက နာမ်ရဲ့သဘော။ အဲဒီသဘောထဲမှာ အသည်းတို့ ပုံသဏ္ဌာန်တို့ အရောင်အဆင်းတို့ မပါဘူး။ ရုပ်မှာလည်း မပါဘူး။ နာမ်မှာလည်း မပါဘူး။ မပါတဲ့အတွက် သဘောမျှ သက်သက်ပဲ၊ သဘောမျှသက်သက်မို့ ပညတ်မဟုတ်ဘူး၊ ပရမတ် ဖြစ်ပါတယ်၊ ဒါကြောင့် ယောဂီတို့ကို ထိုးတာ ထိုးမှန်း သိရင် တော်ပြီလို့ ပြောတာပါ။

ရုပ်နာမ်ဆိုတာ သိစရာ၊ ဖြစ်ပျက်တာမှ ရှုစရာ။ သိစရာ ရှုစရာ နှစ်မျိုး ရှိတယ်။ သိတဲ့အထဲမှာလည်း အမှားသိတာ၊ အမှန်သိတာ ဆိုရင် အမှန်သိစေ။ မှန်တာက သမ္မာ၊ သိတာက ဒိဋ္ဌိ ပေါင်းလိုက်တော့ သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။ ရုပ်နာမ်လည်း ကွဲရမယ်။ အကြောင်းအကျိုးလည်း သိရမယ်။ ပညတ်ပရမတ်လည်း ကွဲရမယ်။ အဲဒီလိုမှ ယောဂီတို့ သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။

## ရွှင်ပါးမြှ ကွဲပြီလာ သဘောတရား

ကျောင်းထိုင်ဆိုရင် ထိုင်လိုက်တာပဲ။ တာရှည်မှန်း မသိတော့ ခေါင်းရှုပ် ခြေရှုပ် လက်ရှုပ်တွေ ဖြစ်လာနိုင်ပြီ။ ဒီလိုတွေ များလာရင်တော့ ဂဝေဝေနာကျယ်တော့မယ်။ ယောဂီတို့ ကယ်ရုပ်ဖို့ လှုပ်ရှားကို ရလာကြတယ်။ ကယ်ရုပ်ဖို့ ဆရာတော်သဘောတော်တွေနဲ့ တွေ့ကြရတယ်။ ဒီလို ကယ်ရုပ်နေချိန်မှာ ညွှတ်ဆရာတော်ကြွဖို့ လိုပါတယ်။ ညွှတ်ဆရာတော်ကို ဆရာတော်နဲ့ တွေ့ဖို့ လိုတယ်။ ဟုတ်တိုင်းမှန်ရာ ကြံ့ခိုင်တဲ့ဆရာ ဖြစ်ရမယ်။

ဒီတော့ တိုးနေတာက ရုပ်ရဲ့သဘော၊ သိနေတာက နာမ်ရဲ့သဘော။ သဘောပဲ ပညတ်လား၊ ပရမတ်လား ဆိုတော့ ပရမတ်ပါ။ ရုပ်နာမ်ဆိုတဲ့ စကားနဲ့စပ်လို့သာ ပညတ်။ ဘယ်လို ပညတ်မျိုးလဲဆိုရင် ဝိဇ္ဇမာနပညတ်။

တိုးတာကိုမှန်မှန်သိရင် သမ္မာဒိဋ္ဌိ ဖြစ်တယ်။ အဲဒီသဘော အပေါ်မှာ စိတ်စွဲစွဲနဲ့ သုံးသပ်ပြီးတော့မှ တိုးရှင်တိုးတဲ့ သဘော လေးပေါ်လာပြီး ဝင်လေလေး ကုန်သွားတာနဲ့ တိုးတဲ့ သဘော လေး မရှိတော့ဘူး။ ထွက်လေလေး အစားထိုးလာတယ်။ ထွက် တော့လည်း တိုးပြီးတော့ ထွက်လာတယ်။ ထွက်လေကုန်သွား တော့ တိုးတဲ့သဘော မရှိတော့ဘူး။ အဲဒီလိုသိရင် သမ္မာသင်္ကပ္ပ ဖြစ်ပါတယ်။ တိုးတဲ့သဘောလေး သိတာက သမ္မာဒိဋ္ဌိ၊ တိုးတဲ့ သဘောလေး မရှိဘူးလို့ သိတာက သမ္မာသင်္ကပ္ပလို့ မှတ်ပါ။

အဲဒီလို သိတာက ဆုတောင်းနဲ့သိတာ မဟုတ်ဘူး။ စောင့် ကြည့်လို့ သိတာပါ။ စောင့်ကြည့်တာက အမှားမြင်မှာလား၊ အမှန် မြင်မှာလား ဆိုတော့ အမှန်မြင်မှာပါ။ အဲဒါ သမ္မာဝါယာမ ဖြစ်ပါ တယ်။

တိုးဝင်တာသိတယ်၊ ပျက်သွားတာ သိတယ်ဆိုကတည်းက အောက်မေ့မှု ရှိလာပြီ။ အမှားပေါ် အောက်မေ့တာလား၊ အမှန် ပေါ် အောက်မေ့တာလား ဆိုတော့ အမှန်ပေါ် အောက်မေ့တာ နော်။ အောက်မေ့တာနဲ့ အာရုံထိုက်တာ အတူတူပဲ။ အာရုံနှုးထိုက် နေတာ သမ္မာသတိ ဖြစ်ပါတယ်။

သမ္မာဒိဋ္ဌိကနေ စလိုက်တာနော်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ လေးမျိုးရသွားပြီ။ ဝင်လေဝင်တိုင်း ငါးမိနစ်ဆယ်မိနစ် တသမြင့် သိနေတယ်ဆိုတာ စိတ်ရွေ့ ပျံ့လွင့် လို့လား၊ တည်ကြည်လို့လား ဆိုရင် တည်ကြည်လို့ပေါ့။ တည်

ကြည်တာက သမ္မာသမာဓိတဲ့။ ပေါင်းလိုက်တော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင် ငါးပါး တွဲမိသွားပြီ။

## ဖြစ်ပျက်ကိုမြင် လောကဝင်

မဂ္ဂင်ငါးပါး တွဲမိလာတာကို ပဉ္စင်္ဂိကမဂ်လို့ ခေါ်ပါတယ်။ ပဉ္စင်္ဂိကကို ပုဒ်ဖြတ်တော့ ပဉ္စ + အင်္ဂ။ ပဉ္စ-ငါးပါး အင်္ဂ-က အင်္ဂါရှိတော့ အင်္ဂါငါးပါး ရှိတယ်တဲ့။ ဒီအင်္ဂါငါးပါးနဲ့ မပြည့်စုံတဲ့ ဘယ်သူမှ ဖြစ်ပျက် မမြင်ပါဘူး။

မဂ္ဂင်ငါးပါး တစ်ပါးနဲ့တစ်ပါး တွဲပြီး ပျေးရှုပြနေလို့ သဟဇာတ ပစ္စည်းလို့ ခေါ်ပါတယ်။ ဒီမဂ္ဂင်ငါးပါးကို နွေ့တွဲ့တော့ သင်္ခါရတွေမှာ ရှုတယ်။ တိုးရင် တိုးမှန်းသိ၊ မရှိရင် မရှိမှန်း သိလိုက်တာက စိတ်။ ဖြူဖြင်လေးတာက မဂ်။ မဂ်နဲ့ စိတ် ပေါင်းတော့ မဂ်စိတ် ဖြစ်ပါတယ်။

မဂ္ဂင်ငါးပါးက သင်္ခါရတွေမှာ၊ တိုးရင် တိုးမှန်းသိတာက ဝိညာဏတွေမှာ၊ တိုးရင်တိုးတယ်လို့ မှတ်သားတာက သညာတွေမှာ၊ တိုးခံစားတယ်မှာ သိနေတာက သောတသမ္ဖဿဇာ ဝေဒနာတွေမှာ၊ နာမ်ခန္ဓာလေးပါး တစ်ပေါင်းတည်း ဖြစ်တာပါ။

**စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။**

မရှိတာ မရှိမှန်းသိ၊ ရှိတာ မရှိမှန်းသိရင် နာမ်ခန္ဓာ လေးပါး။ စိတ်နဲ့ပြောတော့ မဂ်စိတ်။ ပေါ်လာတဲ့ခန္ဓာက ဘယ် နှစ်ပါးလဲဆိုတော့ လေးပါး။ သညာလည်း ပါတယ်။ ဝေဒနာ လည်း ပါတယ်။

ရှုတဲ့ဖက်က သောမနဿဝေဒနာ ဖြစ်တယ်။ ဒါကြောင့် ဖြစ်ပျက်တာ ထင်ထင်ပြင်ပြင်ပါစေ။ အားလုံးသိမ်းမွေ့ မသေသေး ဘူး။ ဖြစ်ပျက်တာ ထင်ထင်ပြင်ပြင် ရှုတဲ့မှာ ပုံစံဟောင်းနေတာလား အေးချမ်းတာလား၊ အေးရင် အေးချမ်းတာနော်။ ဖြစ်ပျက်ပြင်တ သည်းက ဝေဒနာနဲ့ပြောရင် သောမနဿဝေဒနာ ဖြစ်နေတာပါ။ သောမနဿဝေဒနာက ဝေဒနာတွေနော်၊ တိုးတက်တိုးတက် မှတ်သား နေတာက သညာတွေနော်။ ပေါ်ပေါ်ပေါက်ပေါက် အာရုံရှုဖို့တိုက်တွန်းတဲ့ ရင်ခုန်ပါးပါးက သင်္ခါရတွေနော်။ တိုးတက်တာကို တိုးတက်မှန်း သိနေတာက ဝိညာဏ်တွေနော်။ နာမ်ခန္ဓာလေးပါး ဖြစ်တုန်းကလည်း တစ်ပေါင်းတည်း၊ ပျက်တော့လည်း တစ်ပေါင်းတည်း။ စိတ်နဲ့ ဝေဒနာ ခွဲလေ့လို့မရပါဘူး။ အဲဒါက

"ဧကုပ္ပါဒ နိရောဓာ စ ဧကာလမ္ဗဏ ဝတ္ထုကာ စေတော ယုတ္တာ"

ဆိုတဲ့ ဂါထာတော်တွေနည်းရဲ့ သဘော ဖြစ်ပါတယ်။

## ဓာတ်ကြီးလေးပြော သဘောတရားလေးတွေ

ယားယံနေတဲ့ သဘောလေးကို ကာယဝိညာဉ်သဘောတရားက ကောက်ပြီးတော့ပြောတယ်။ ဝေဒနာနဲ့သဘောတရားက ဖုဿ ဝေဒနာလို့ ပြောတယ်။ စိတ္တဇရုပ်သဘောတရားက ယားစိတ်လို့ ပြောတယ်။ အဲဒီလို လူပြောသွားတာနဲ့ စိတ်နဲ့ဝေဒနာနဲ့ မတူဘူး လို့ ပြောရမလိုဘူး။

စိတ်နဲ့ဝေဒနာနဲ့ ဖြစ်အတူ ပျက်အတူပါပဲ။ တစ်ပြိုင်နက် ဖြစ်တာလည်း အတူတူ၊ ပျက်တော့လည်း တစ်ပြိုင်နက် အတူ တူပါ။ ယားတတ်တာကိုယ်၊ ခံစားတာက သဘောသဘောလို့ ခွဲခြား နဲ့စေ့။ ဖုန့်ပွားသွားတဲ့ ဓာတ်တာပဲ။ အခေါက်ရေးမှတ်နေစရာ

မလိုပါဘူး။ ဒိုက်ဝင်ဖို့က အဓိကမဟုတ်ဘူး။ ဦးတည်ချက် မပျောက်စေဖို့က အရေးကြီးပါတယ်။

နာမ်ခန္ဓာလေးပါးဟာ ဖြစ်မှုတွေ ပျက်မှုတွေပါ။ သိမှုတွေ လာလိုက်လာလိုက်၊ နာမ်ခန္ဓာလေးပါးပဲ။ ခံစားချက်တွေ လာလိုက် လာလိုက်လည်း နာမ်ခန္ဓာလေးပါးပါပဲ။ သိတယ်ဆိုတာဟာ ငါက သိတာလား၊ ဝိညာဏ်က သိတာလားဆိုတော့ ဝိညာဏ်ကသိတာ ပေါ့။ ခံစားတာက ဝေဒနာ၊ မှတ်သားတာက သညာ၊ ပြုပြင်စေ ဆော်တာက သင်္ခါရ။ နာမ်ခန္ဓာလေးပါး ဖွဲ့လိုက်တော့ ကြားရင် လည်း နာမ်ခန္ဓာလေးပါး၊ မြင်ရင်လည်း နာမ်ခန္ဓာလေးပါး၊ ခံစား ရင်လည်း နာမ်ခန္ဓာလေးပါး။ သင်္ခါရက္ခန္ဓာက ဦးဆောင်ရင် ကျန် တဲ့ ခန္ဓာတွေက နောက်လိုက် ဝေဒနာက္ခန္ဓာက ဦးဆောင်ရင် ကျန်တဲ့ခန္ဓာတွေက နောက်လိုက်ပေါ့။ ဦးဆောင်ချက်ပဲ ကွာပါ တယ်။ နာမ်က အနိစ္စသဘော၊ ရုပ်ကအလုပ်သဘော ဖြစ်ပါတယ်။

**ဓမ္မာရုံ ပေးသွားတဲ့ အညာရေညှိ သဘောတော ပွဲတော ပစ္စယော။**

ဓာတ်ကြီးလေးပါး၊ ခန္ဓာကိုယ်ထဲမှာ ရှိတယ်။ အဲဒီဓာတ် ကြီးလေးပါး ညီညွတ်နေမှ ပေါက်တို့ သွားလာနေထိုင် လှုပ်ရှား နေနိုင်တာပါ။ ဝါယောဓာတ် ဖောက်ပြန်လာရင် မိနေရာမှာတင် ပေါ်ကြပြီး သေသွားမှာပဲ။ တေဇောပဲလွန်လွန်း၊ ဝါယောပဲလွန် လွန်း၊ အာပေါပဲလွန်လွန်း၊ ပထဝီပဲလွန်လွန်း၊ လွန်ရင် သေတာပဲ။

ဓာတ်ကြီးလေးပါးဟာလည်း တစ်ပါးနဲ့တစ်ပါး ထောက်ပံ့ပြီး နေတယ်။ သဘာဝက ဖြစ်နေတယ်။ ဓာတ်လေးပါး တစ်ပါးပါး လွန်ကဲတိုင်း လွန်ကဲတိုင်း ရုပ်တွေ ဖောက်ပြန်တယ်။ ဓာတ်လေး ပါး ဆိုတာကလည်း တခြားမဟုတ်ဘူး ရုပ်ပဲပေါ့။ ဓာတ်လေး ပါး ညီညွတ်တော့ ဒို့တစ်တွေရဲ့ ရုပ်တွေ ကြည်လင်တယ်။

ဓာတ်လေးပါး ဖောက်ပြန်ပြီဆိုရင် တို့တစ်တွေရဲ့ ဥပစိရုပ်တွေ ညှိုးနွမ်းနေပါတော့တယ်။

## ပဋိသန္ဓေအခါ ရုပ်နဲ့နာမ် သဟဇာတဖြစ်ပုံ

တို့တစ်တွေ ဥပစိရုပ် ကြည်လင်တယ်၊ ညှိုးနွမ်းတယ်။ စားနိုင်တယ် သောက်နိုင်တယ်ဆိုတာ ဓာတ်လေးပါးရဲ့ ကျေးဇူးတွေပါပဲ။ အဲဒီဓာတ်လေးပါး ဆိုတာလည်း တခြားဟုတ်ပါဘူး။ ရုပ်ပါပဲ။ ရုပ်တရား ဓာတ်လေးပါး၊ တစ်နည်းပြောတော့ မဟာဘုတ်လေးပါးရုပ်ပေါ့။

အဲဒီမဟာဘုတ်လေးပါး၊ ရုပ်လေးပါးထဲမှာ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ မပါဘူး။ နာမ်လေးပါးထဲမှာလည်း ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်သတ္တဝါ မပါဘူး။ ဒါတော့ သွားနိုင်လာနိုင် စားနိုင် သောက်နိုင်တာ ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်သတ္တဝါလား၊ ရုပ်နဲ့ နာမ်လား မေးရင် ရုပ်နဲ့နာမ်လို့ ဖြေရလိမ့်မယ်။

တိုးနေတာက ရုပ်ရဲ့သဘော၊ သိနေတာက နာမ်ရဲ့သဘော။ ရုပ်နာမ်သဘော သက်သက်မျှပဲ။ ဘာမှမပါပါလား။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ မရှိပါလားလို့သိရင် ပုဂ္ဂိုလ်သတ္တဝါသုည။ ရုပ်နာမ်သိရင် ပုဂ္ဂိုလ်သတ္တဝါသုည။ အဲဒီတော့ ဖြစ်ပျက်ကလေးတွေ ဉာဏ်အောက်မှာ ဆုံးသွားပြီဆိုရင် ဖြစ်ပျက်သုညပေါ့။ ဖြစ်ပျက်သုညဟာ နိဗ္ဗာန် ဖြစ်ပါတယ်။

ဘုရားကိုယ်တော်မြတ်ကြီး ပဋ္ဌာန်းဒေသနာတော်မှာ သဘော တရားပစ္စည်းကို ပေးသော ပုဂ္ဂိုလ်သတ္တဝါ ဆက်ကဲ့ဦးမေးချင်လို့ လို့ ရှုတ်ပါ။ ပုဂ္ဂိုလ်သတ္တဝါ ဆက်ကဲ့ဦးရင် ဒီမှာဖြတ်တယ်။ စွန့်လွှတ်ကြောင်း ဝိပဿနာရှုတယ် ဆိုတာလည်း ဒီမှာကို အမြွှာကွဲနဲ့ ရှုနေကြတဲ့ မဟုတ်လား။

ရုပ်နာမ်ဆိုတာ သူ့ရှုးမနိုင်တော့ မဟုတ်ဘူး။ ဖွေးတော တည်းက ပဋိသန္ဓေကိန်းကတည်းက ရှိနေတာနော်။

**ပဋိသန္ဓိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။**

ပဋိသန္ဓေစိတ်ဆိုတဲ့ နာမ်က စောင့်ရှောက်လို့ ကလလ ရေကြည်ဆိုတဲ့ ရုပ်ကလေးတွေ မပျက်စီးတာပါ။ ကလလရေ ကြည်ဆိုတဲ့ ရုပ်ပေါ်မှာ မှီပြီးတော့လည်း ပဋိသန္ဓေစိတ်ကလေးက တည်နေရတယ်။ ပဋိသန္ဓေစိတ်ရဲ့ ကျေးဇူးကြောင့် ကလလရေ ကြည်လေး ပုပ်သိုးခြင်း၊ ပျက်ကျခြင်း၊ ကိုယ်ဝန်လျှောကျခြင်း မဖြစ်ရတာပါ။

ရုပ်ကလည်း နာမ်ကိုမှီလို့ နာမ်ကလည်း ရုပ်ကို စောင့် ရှောက်လို့ အမိဝမ်းကြာတိုက်မှာ ပဋိသန္ဓေကိန်းကတည်းက ရုပ်နဲ့ နာမ် အချင်းချင်း သဟဇာတပစ္စည်းအနေနဲ့ ကျေးဇူးပြုခဲ့ ကြပါ တယ်။

## နာမ်နဲ့ရုပ် သဟဇာတဖြစ်ပုံ

ပဋိသန္ဓေဆိုတာက မွေးဖွားခြင်း ဆက်စပ်ပေးနေတဲ့ စိတ် ပေါ့။ ပဋိသန္ဓေကိန်းကတည်းက ရုပ်နဲ့နာမ်ပဲ ပါတယ်။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါဘူး။ အဖြင်ရောက်မှ ယောကျ်ား လေး မိန်းကလေးဆိုပြီး အသိတွေအစတွေ ပြောဆိုနိုင်ကြတာနော်။

ယောကျ်ားမိန်းမ ဘယ်အချိန် ဖြစ်ကာလဲ ဆိုတော့

**ဓမ္မာ အင်္ဂမှာ ဝေဒေသ၊ သဒ္ဓါ ဝါဒရွာ အဝေယာနိဒေသ။**

**ဒွန်ဓဏ္ဍာ နေပြောတာ ဇောဝဇော မိစ္ဆာနှာနီ အဇ္ဇောဘ။**

အဲဒီမှာ ပါဠိတော်မှာ မိန့်ဖြစ်ကြောင်း ထုတ်ရှုစေပါးလို့ လာပါတယ်။ သညာ အမှတ်မှားလိုက်တာနဲ့ ရုပ်တွေနာမ်တွေ

ပျောက်၊ ပေါက်ကွဲထိန်းဖေရာပါ။ အဲဒါ ဒီဇွဲနဲ့နေပြီး ဒီဇွဲနဲ့ သေသွားရင်တော့ အပါယ်လေးပါးကို ရောက်တော့မှာပဲ။

အဲဒီအပူတွေ ပျောက်အောင် ချွေးပေါ်ဥဇ်ဖျောက်အောင် ထင်ပေးနေရတာပေါ့။ ဘုန်းရည်မှန်း ဖြတ်ပွားနိုင်မှာ သူ့သာ ဆိုက်ပြီးတော့ ဒီဇွဲပျောက်ပြီး နှိမ့်ချနေရောက်အောင် ရည်ရွယ်နိုး ပေးကြားနေရခြင်း ဖြစ်ပါတယ်။

**စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။**

ရုပ်ကစိတ်ကို ကျေးဇူးပြုသလို စိတ်ကလည်း ရုပ်ကို ကျေးဇူးပြုပါတယ်။ စိတ်နဲ့ရုပ်ဟာ အတူတူပါပဲ။ ဝမ်းနည်းတဲ့စိတ် ဖြစ်ရင် မျက်နှာညှိုးတယ်။ စိတ်ကြောင့် ရုပ်ဖောက်ပြန်သလို ရုပ်ကြောင့်လည်း စိတ်ဖောက်ပြန်တယ်။ စိတ်ကြောင့် ရုပ်ညှိုးငယ် သလို ရုပ်ကြောင့်လည်း စိတ်ညှိုးငယ်တယ်။ စိတ်က ရုပ်ကို ထောက်ပံ့သလို ရုပ်ကလည်း စိတ်ကို ထောက်ပံ့ပါတယ်။ "စိတ်ကောင်းတော့ ကိုယ်ကြံ့ စိတ်ပျိုတော့ ကိုယ်နု"ဆိုတာ ဒီသဘောတရားကို ပြောနေတာပါပဲ။

## သူ့သတ်ဆိုက်ရှိန် ပေါ်ခဲ့ပြီ

**မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။**


မဟာဘုတ်လေးပါးက ဥပါဒါရုပ်ထဲမှာ နှလုံး၊ မျက်စေ့၊ နား၊ ရွေးရုပ်၊ ပြည့်ရုပ်တွေလည်း ပါတယ်။ ဒွန့်ဖော်စွည်းတွေက အမျိုးမျိုးမှာ ရွှန့်ပေး ကောင်းတယ်။ လူကြီးတွေ ပြောပြောနေ တဲ့ ဆီးမှန်ပစေနေ ဝမ်းမှန်ပစေနေ ဆိုတဲ့ အကြောင်းမဲ့ ပြောတာ မဟုတ်ဘူး။ ဆီးဝမ်းမှန်တော့ လူဟာ နေရှည်ထိုင်ရတာ

ပေါ့ပါးတယ်၊ ခေါင်းဝမ်းချုပ်နေရင် လူဟာ လေးလံထိုင်းမှိုင်းပြီး မကြည်လင်တော့ဘူး။

**ရုပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော။**

ရုပ်ကလည်း နာမ်ကို ကျေးဇူးပြုတယ်။ နာမ်ကလည်း ရုပ်ကို ကျေးဇူးပြုတယ်။ တစ်ခါတလေ ကျေးဇူးပြုတာက ရုပ်ကနေ နာမ်တရားကို ဖြစ်ပါတယ်။ ပဋ္ဌာန်းတရားတော်ထဲမှာ အမေက အဖေကို ကျေးဇူးပြုတယ်လို့ မပါဘူး။ သားသမီးက မိဘကို ကျေးဇူးပြုတယ်လို့လည်း မပါဘူး။

သတ္တဝါတွေ ခုတွေ့ရောက်နေကာလဟာ ရုပ်နာမ်တွေ ပေါင်းပြီး စနစ်ပေါ်ညာဏ်မရောက်တဲ့ ဒီဇိုင်းအစုံနဲ့ နေကြလို့ ဖြစ်ပါတယ်။ ပုဂ္ဂိုလ်သတ္တဝါ သညာ၊ ရုပ်နာမ်သညာ၊ ဖြစ်ပျက်သညာ ဖြုတ်ဖို့ ရှိပါတယ်။ ပုဂ္ဂိုလ်သတ္တဝါ သညာဖြုတ်ဖို့ရာ ရုပ်နာမ်ကို ဟောရတယ်။ ရုပ်နာမ်သညာဖြုတ်ဖို့ရာ ဖြစ်ပျက်မြင်အောင် လုပ်ရတယ်၊ ဖြစ်ပျက်သညာဖြုတ်ဖို့ရာ ဖြစ်ပျက်ဆုံးအောင် ကြိုးစားရပါတယ်။ ဖြစ်ပျက်ဆုံးရောက်တော့ နိဗ္ဗာန်ပဲ မဟုတ်လား။ နိဗ္ဗာန်ကိုရောက်ရင် ဖျက်ရည်းမက်တွေ သိမ်းလို့ သုညတွေ ဆိုက်သွားပါပြီ။ သုညတဆိုတဲ့ အရေးဟာ ဗုဒ္ဓရည်မှန်း ဖြုတ်ပွားနှန်း ဟောရခြင်းရဲ့ ရည်ရွယ်ချက် ဖြစ်ပါတော့တယ်။



# ၇။ အညမညပစ္စည်း

## အညမညပစ္စည်း ပစ္စယနိဒ္ဒေသ ပါဠိတော်

အညမည ပစ္စည်းရဲ့ ပစ္စယနိဒ္ဒေသ ပါဠိတော်ကြီးကို ရွတ်ဖတ်ခြင်းဖြင့် ရှင်တော်မြတ်ဘုရားရဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီး နဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကို ကြည်ညိုမြတ်နိုး ပူဇော် ကြရပေမယ်။

အညမညပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

## သဘောတရားနဲ့ အညမည နှိုင်းယှဉ်ချက်

အညမညရဲ့ အဓိပ္ပါယ်က အချင်းချင်းပဲ။ လောကမှာ အချင်းချင်း ကူညီစောင့်ရှောက်တယ် ဆိုတဲ့စကား ရှိတယ် မဟုတ် လား။ အချင်းချင်းမို့လို့ ကူညီစောင့်ရှောက်တာနော်၊ အချင်းချင်း ဆိုတာက မိတ်ဆွေချင်း၊ မောင်နှမသားချင်း၊ အချင်းချင်း ရပ်ရွာ သားချင်း လုပ်ငန်းတူချင်းပေါ့။

သဘောတရားနဲ့ အညမည ပစ္စည်းနှစ်ခု ဘာကွာသလဲ ဆို တော့ ပါဠိတော်ချင်း ယှဉ်ကြည့်လိုက်ပါ၊ သဘောတရားပစ္စည်းက–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

လို့ဆိုတယ်။ အညမည ပစ္စည်းကျတော့—

**စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။**

လို့ ဖြစ်သွားတယ်။ သဟဇာတ ပစ္စည်းမှာကျတော့ သဟ ဇာတလည်း ပါတယ်။ အညမညလည်းပါတယ်။ အညမည ကျတော့ သဟဇာတ မပါတော့ဘူး။ အညမညပဲ ပါတော့တယ်။ ဆိုလိုတာက သဟဇာတပစ္စည်းက သဟဇာတဖြစ်ရင်လည်း စောင့် ရှောက်တယ်။ အညမည ဖြစ်ရင်လည်း စောင့်ရှောက်တယ်။ အညမည ပစ္စည်းကျတော့ အညမည ဖြစ်မှကို ကျေးဇူးပြုတာတဲ့။

ဒီလိုတဲ့ အဓိပ္ပာယ်ကို ယူဆောင်ပြောရင် သဟဇာတ ပစ္စည်းဟာ မိတ်ကောင်းဆွေကောင်းနဲ့ အလားသဏ္ဍာန် တူတယ်။ မိတ်ကောင်းဆွေကောင်း ဆိုတာ သူ့အပေါ် ကျေးဇူးပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ အတူပေါင်းသင်း နေထိုင်ရင်ပဲ အကျိုးပြုတယ်။ စောင့်ရှောက်တယ်၊ ကျေးဇူးပြုတယ်။ အညမညကျတော့ မိတ်ဆွေ ဟုတ်ချင်မှ ဟုတ်မယ်။ ဒါပေမဲ့ အချင်းချင်း သူ့အကျိုး ကိုယ့် အကျိုး အပြန်အလှန်ရှိနေမှ ကျေးဇူးပြုစောင့်ရှောက်တာတဲ့။

နောက်တစ်ခါ ပါဠိတော်ချင်း ယှဉ်ကြည့်လိုက်ရင် သဟ ဇာတ ပစ္စည်းမှာက—

**စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။**

**မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။**

**ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတ ပစ္စယေန ပစ္စယော။**

လို့ ဟောချက်ပါတယ်။ အညမညပစ္စည်း ပါဠိတော်မှာကျ တော့ ဒီပါဠိတော်တွေ မပါတော့ဘူး။ ရှေ့လုံးပိုဒ်မှာလည်း သဟ ဇာတ ဆိုတဲ့ စကားလုံး လျော့သွားတယ်။

အဲဒါလဲ ဘာပြောတာလဲ ဆိုရင် အညမညပစ္စည်းဟာ သာမန်ပဝတ္တိ ရုပ်ဝတ္ထုတွေကို ကျေးဇူးမပြုသေးတာနဲ့ ခင်ထက် ထက် ရုပ်ဝတ္ထုအချင်းချင်း၊ နာမ်ဝတ္ထုအချင်းချင်း။ ရုပ်အချင်းချင်း နာမ်အချင်းချင်းကိုပဲ ကျေးဇူးပြုတယ်လို့ မှတ်သားရပါမယ်။

## နာမ်ခန္ဓာလေးပါး အချင်းချင်းအကျိုးပြုပုံ

အညမညပစ္စည်း ပါဠိတော်မှာ

**စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။**

အရူပိနော ဆိုတာက ရုပ်မဟုတ်သော နာမ်ခန္ဓာလေးပါးတဲ့။ ဒီနာမ်ခန္ဓာလေးပါးဟာ ဖြစ်လည်းအတူတူ ပျက်လည်း အတူတူ။ ရှိရာလည်းတူ၊ တွေ့လည်း တူကြတယ်တဲ့။ ဥပမာ ပြောရရင် ဝေဒနာက ဦးဆောင်ပြီး ဖြစ်တဲ့အခါ ကျန်တဲ့နာမ်ခန္ဓာသုံးပါးက ထောက်ပံ့တဲ့အနေနဲ့ ကျေးဇူးပြုတာပါ။ ဝိညာဏက္ခန္ဓာ ဆိုတဲ့ စိတ်တစ်ပါး ဖြစ်ပေါ်ပြီဆိုရင် ဝေဒနာ၊ သညာ၊ သင်္ခါရတွေက သက်သက်နေရမယ်လို့ ယုံစရာမရှိဘူး။ ဝိညာဏ် ဖြစ်လိုက်တာနဲ့ ကျန်တဲ့ နာမ်ခန္ဓာသုံးပါးလည်း ဖြစ်ရတယ်။

ဒါကြောင့် နာမ်ခန္ဓာလေးပါးဟာ ဖြစ်အတူ ပျက်အတူ တစ်ပါးနဲ့တစ်ပါး အထောက်အပံ့တွေ ပေးနေကြတယ်ပေါ့။ ဘာနဲ့ တူသလဲဆိုရင် သုံးချောင်းထောက် ခုံကလေးနဲ့ တူတယ်။ သုံးချောင်းက တစ်ချောင်းနဲ့ တစ်ချောင်း ကျေးဇူးပြုနေတယ်။ သုံးချောင်းထဲက တစ်ချောင်းဟာ ကျိုးကြည့်၊ ကျန်တဲ့နှစ်ချောင်းဟာ ရပ်တည်လို့ ရနိုင်သေးရဲ့လား။ တစ်ချောင်းဟာ ကျန်တဲ့ နှစ်ချောင်းကို ကျေးဇူးမပြုဘူးလား။ အဲဒီနှစ်ချောင်းကို ဖြုတ်လိုက်ရင်လည်း ကျန်တဲ့ တစ်ချောင်းလဲ ရပ်တည်နိုင်တော့ဘူး။

ဒီအတိုင်းပါပဲ စိတ်ဖြစ်တယ်ဆိုရင် စိတ်တစ်ခုထဲ သူချည်း

ငဲ ဖြစ်လို့မရပါဘူး။ စိတ်တည့်စေတသိက်တည့် ဆိုတာ ရှိတယ် မဟုတ်လား။ စိတ်ဖြစ်ရင် စေတသိက်လည်း ပါလာတာပဲ။ စေတသိက်က ၅၂ ပါး ရှိရာမှာ ဝေဒနာက ဝေဒနာကိစ္စ၊ သညာက သညာကိစ္စ၊ ဖြစ်တဲ့စေတသိက် ပေါ်မူတည်ပြီး သင်္ခါရကိစ္စတွေနဲ့။ နာမ်ခန္ဓာလေးပါးရှိရာမှာ စိတ်က ဝိညာဏကိစ္စ၊ ကျန်တဲ့ ဝေဒနာကိစ္စ၊ သညာကိစ္စ၊ သင်္ခါရကိစ္စတွေက စေတသိက်တွေပါပဲ။ အဲဒီတော့ စိတ်ဖြစ်ရင် စေတသိက်လည်း ဖြစ်တယ်၊ နာမ်ခန္ဓာလေးပါးမှာ တစ်ပါးဖြစ်ရင် ကျန်တဲ့ နာမ်ခန္ဓာ သုံးပါးလည်း ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

စိတ်ချည်းသက်သက် ဖြစ်တယ်လို့လည်း ထုံးစံမရှိဘူး။ စေတသိက်ပဲ သက်သက် ဖြစ်တယ်လို့လည်း မရှိဘူး။ စိတ်ဖြစ်တာနဲ့ စေတသိက်လည်း တွဲပြီးတော့ ဖြစ်ပါတယ်။ အဲဒါကို အဘိဓမ္မာ စကားနဲ့ပြောရင် စိတ်တည့်စေတသိက်တည့်လို့ ဆိုပါတယ်။ နာမ်ခန္ဓာလေးပါးဟာ တစ်ပါးနဲ့တစ်ပါး ကျေးဇူးပြုတယ်၊ ဖြစ်တုန်းကလည်း အချိန်ချင်းအတူတူ၊ ပျက်တုန်းကလည်း အချိန်ချင်း အတူတူဆိုတာ သဘောပေါက်ပြီနော်။

## ဓာတ်လေးပါး ညီမှ အသက်ရှင်ရတယ်

**စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော**

မဟာဘုတ်လေးပါးရှိတဲ့ ဓာတ်ကြီးလေးပါးကလည်း အချင်းချင်း အညမည ဖြည့်အားနဲ့ ကျေးဇူးပြုကြတယ်တဲ့။ ယောဂီတို့ရဲ့ ခန္ဓာကိုယ်မှာ ဓာတ်ကြီးလေးပါး ရှိတယ်။ ပထဝီ တေဇော၊ အာပေါ၊ ဝါယော။ ဓာတ်လေးပါးမှာ ပထဝီဓာတ်ကို ဖြိုမိုရင်လည်း ကျန်တဲ့ဓာတ်သုံးပါးမှာ ဒုက္ခဖြစ်လာတတ်တယ်။ ဓာတ်

လို့ မရဘူး။ ညီတူညွတ်တူ တစ်ဖက်နဲ့တစ်ဖက် ကျေးဇူးပြုပေးနေကြတယ်။

ပထဝီချည်းပဲ ရပ်တည်လို့ ရမလားဆိုရင် မရပါဘူး။ ဇေဝဗေဒချည်းပဲလည်း ရပ်တည်လို့မရဘူး။ အဲဒါနဲ့ ဝါဒေသာ လည်း အဓိကလိုပါပဲ၊ ဂေဟစနစ်တွေ သွားလာလှုပ်ရှား နေထိုင် နိုင်တာဟာ ဓာတ်ကြီးလေးပါးက ထောက်ပံ့ပေးလို့ ဖြစ်ပါတယ်။ ဓာတ်ကြီးလေးပါးဟာလည်း တစ်ပါးစီခွဲပြီး မဖြစ်ဘူး။ အားလုံး တွဲပြီးတော့ ဖြစ်ပါတယ်။

ဓာတ်ကြီးလေးပါးက အညီအညွတ်နဲ့ရှိနေမှ ဂေဟစနစ် သွားရလာရတာ အဆင်ပြေပါတယ်။ သွားရလာရတာ အဆင် မပြေဘူးဆိုရင် ဓာတ်လေးပါးထဲက တစ်ခုခုဖောက်ပြန်နေလို့ပဲပေါ့။

အဲဒီတော့ ဂေဟစနစ်တွေ ရပ်တည်နိုင်အောင် ထာဝရ ဘုရားက ဖန်ဆင်းထားတာလည်း မဟုတ်ဘူး။ သဘာဝမှူး ဖြတ်ရှာတုရားက ဖန်ဆင်းထားတာလည်း မဟုတ်ဘူး။ ဓာတ် လေးပါးက စောင့်ရှောက်ထားတာလို့ သိလိုက်ရမယ်။ ဓာတ်လေး ပါးမှာလည်း ပထဝီဓာတ်ကလည်း လှုပ်လှုပ်ကဲကဲ စောင့်ရှောက်ပေး လို့ မရဘူး။ တစ်ခါတလေ ပထဝီလှုပ်ကဲသွားရင် ဝမ်းချုပ်တာ၊ ဝမ်းလျှောတာ၊ အစာကျေနုန်အောက်ချော ဖြစ်တာတွေ ကြုံရ မှာပဲ။ အဲဒါ ပထဝီဖောက်ပြန်တာပဲ။ ဓာတ်လေးပါးတစ်ခုခု ဖောက်ပြန်တာနဲ့ သွားရော။

တို့တစ်တွေရဲ့ ခန္ဓာကိုယ်ကြီးဟာ ကျားလေးချောင်းထောက် ထားတဲ့ အိမ်အိုကြီးနဲ့ တူတယ်။ ကျားလေးချောင်းထဲက တစ် ချောင်းကြွတ်သွားရင် အဲဒီအိမ်အိုကြီးဟာ ယိုင်ကျသွားမှာပဲ။ ခန္ဓာ ကိုယ်ကြီးမှာလည်း ဓာတ်ကြီးလေးပါးက ထောက်ကန်ပေးထား တာကို စောစောတုန်းက လှုပ်ကဲလို့ အချုပ်အကြီးပြန်ရင်လည်း

ဦးနှောက်ဆေးကြောပြီးပြီး ပေးရတယ်၊ ဓာတ်လေးပါးလုံး အညီ အညွတ် ကျေးဇူးပြုနေမှ တို့တစ်တွေ သွားလာလှုပ်ရှားနေနိုင် ပါတယ်။

## ဓာတ်တစ်ပါး အားနည်းလာရင် ကျန်းမာရေး

ယောဂီတို့တစ်တွေ သွားလာလှုပ်ရှားနေနိုင်အောင် ရုပ် အချင်းချင်း ကျေးဇူးပြုနေကြတယ်။ မဟာဘုတ်လေးပါး ဓာတ် ကြီးလေးပါး ဆိုတဲ့ ရုပ်တရားအချင်းချင်းပေါ့။ သူတို့ညီညွတ်လို့ အခုလို သွားလာနေနိုင်တာပါ။

ဓာတ်လေးပါးထဲက အာပေါဓာတ်ဆိုပါစို့။ အာပေါ ဆိုတာ မှာ သွေး၊ ချွေး၊ ဆီး၊ သလိပ်တွေ ပါတယ်။ ရေဓာတ်ပေါ့။ အဲဒီ အာပေါဓာတ်ကလည်း ယိုစီးထွက်ခြင်းမှု အားနည်းလာပြီး အတွင်းထဲမှာ ခဲလာပြီဆိုရင် ရင်ကြပ်ရတာနဲ့၊ ချောင်းဆိုးရတာနဲ့၊ ချွေးထွက်ရတာနဲ့၊ အအေးပတ်ရတာနဲ့ ဖြစ်လာပြီ။ ဓာတ်လေးပါး လုံး ညီညွတ်လျက်နေမှ ကျန်းမာတယ်။

ဓာတ်လေးပါးတို့ ဆိုလိုက်ကတည်းက ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ မပါတော့ဘူး။ ဓာတ်လေးပါးဟာ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါလား၊ ရုပ်တရားပဲဆိုရင် ရုပ်တရားပဲ။ ရုပ်တရား မှန်ရင် အချိန်မရွေး ဖောက်ပြန်တတ်တယ်၊ ဒါကြောင့် ဓာတ်လေးပါး ညီညွတ်အောင် အမျိုးမျိုး ပြုပြင်ပေးနေကြရတယ်။ ဖောက်ပြန် တတ်တဲ့ သဘာဝတရားကြီးကို ပိုင်းခြားသိမြင်မှတော့ ဖောက်ပြန် တဲ့ခဏကို ခံရမှာပဲပေါ့။

သွားလာလှုပ်ရှားနိုင်အောင် စောင့်ရှောက်ပေးတာလည်း ဓာတ်ကြီးလေးပါးပဲ။ အိပ်ရာထဲမှာ တုံးလုံးပဲအောင် ဖျက်ဆီး ပစ်တာလည်း ဓာတ်ကြီးလေးပါးပဲ။ ဓာတ်ကြီးလေးပါးဟာ တစ်ပါး

နဲ့ တစ်ပါး တစ်ခုနဲ့တစ်ခု ကူညီပေးတာ ဆောင်ရွက်ပေးတာကို အညမည ပစ္စည်း ပါ။

အညမည ပစ္စည်းဆိုတာ ခွဲခြားစိတ်တာ မဟုတ်ဘူး။ တွဲဖြစ်တာနော်။ အချင်းချင်း အတူတူတွဲဖြစ်တယ်၊ ဒီဓာတ်လေးပါးက တခြားမှာရှိတာ မဟုတ်ဘူး။ ကိုယ်တစ်ကောင်ရဲ့ ခန္ဓာကိုယ်ကြီးထဲမှာ ရှိတာပါ။

ဝါယောဓာတ်ဆိုတဲ့ လေဟာ ရုပ်မျိုးရှိတယ်။ တစ်ခါတလေ လေအားနည်းသွားပြီဆိုရင် ဒိုက်ခနဲ နူးခနဲ ဖြစ်သွားတယ်။ အဲဒါ လေကနှိပ်စက်လိုက်တာပဲ။ သူထောက်ပံ့ဖြည့်တော့လည်း အဆင်ပြေပြေ နေရတယ်။ သူဖောက်ပြန်ရင်လည်း မျက်လုံးတွေ ပြာပြီး ကြယ်တွေလတွေ မြင်ရရော။ လေသာဖောက်ပြန်ရင် သွက်ချာပါဒ ဖမ်းသွားမယ်၊ လေဖြတ်သွားမယ်။ တစ်ခြမ်းသေ သွားမယ်။ လမ်းမလျှောက်နိုင်တော့ဘူး။

လေက အဲဒီလို နှိပ်စက်တာနော်၊ ဝါယော လေဓာတ် နှိပ်စက်ပြီဆိုရင် အီးတွေဝမ်းတွေတောင် မနိုင်တော့ဘူး။ တေဇော အားနည်းပြီး တဖြည်းဖြည်း ပိန်ချုံးခြောက်ကပ်လာတယ်။ သွက်ချာ ပါဒ ဖြစ်ရင် ဓာတ်လေးပါးလုံး အကုန်သွားတော့တာပဲ၊ ဓာတ် တစ်ပါးကို ကျန်တဲ့ ဓာတ်သုံးပါးက ကျေးဇူးပြုပေးလို့ ထောက်ပံ့ပေးလို့ သွားလာလှုပ်ရှား ကျန်းမာနေကြတာပေါ့။

## လောကသားတိုင်း အညီအမျှ ဆောင်ရွက်တော်မူခဲ့

ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ ဓာတ်ကြီး လေးပါး၊ ရုပ်တရားတွေက အချင်းချင်း ကျေးဇူးပြုနေကြသလို နာမ်ခန္ဓာလေးပါးတွေလည်း အချင်းချင်း ကျေးဇူးပြုကြတယ်။ ရုပ် အချင်းချင်း၊ နာမ်အချင်းချင်း ကျေးဇူးပြုတယ်။

ဗုဒ္ဓဘာသာ အချင်းချင်း ဘာသာရေး လူမှုရေး စီးပွားရေး ကျန်းမာရေး အစရှိသည်ဖြင့် အချင်းချင်း တစ်ဦးနဲ့တစ်ဦး ကူညီကြတယ်၊ စောင့်ရှောက်ကြတယ်၊ ပံ့ပိုးကြတယ်။ ဝါခင်းကုန်း ဆရာတော်ဘုရားကြီး ကျေးဇူးကြောင့် မြန်မာတစ်နိုင်ငံလုံးမှာ ဗြဟ္မရဲ့ အသင်းကြီး ထူထောင်ပြီး နာရေးကူညီရေး၊ လူမှုကူညီရေးတွေ လုပ်ကြတယ်။ ဒီဝိကို ကျေးဇူးရှင်ပါတယ်။ ဒါဟာ အညာစည်း ဖွဲ့စည်းရဲ့ သဘောပါပဲ။

အစ္စလာမ်ကလည်း အစ္စလာမ်အချင်းချင်း၊ ခရစ်ယာန်ကလည်း ခရစ်ယာန်အချင်းချင်း ကူညီထောက်ပံ့ကြတာပဲ။ ဒို့ ဗုဒ္ဓဘာသာတွေကလည်း ကိုယ့်အမျိုးကိုယ့်ဘာသာ ကိုယ့်တိုင်းရင်းသား ဗုဒ္ဓဘာသာဝင် အချင်းချင်း တိုင်းဝင်ညွှန့်နှင်း စောင့်ရှောက်ကြဖို့ အညာစည်း ဖွဲ့စည်းအစေနဲ့ ကျေးဇူးပြုဖို့ရာ လိုတယ်နော်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်ပင် အမျိုးဘာသာ သာသနာ စောင့်ရှောက်ထိန်းသိမ်းဖို့ ဖွင့်ဆောင်ပြီးနဲ့ အတုယူလုပ် ခဲ့ပါတယ်။ ဝိဋူဋဘမင်းသားက သာကီဝင်တွေကို သတ်မယ် ဆိုတဲ့အခါ ဘုရားကိုယ်တော်တိုင် သုံးကြိမ်တိုင်တိုင် ကယ်တင် တော်မူခဲ့တယ် မဟုတ်လား။ လောကမှာ ဘုရားရှင်လောက် ဆွေမျိုးရေးရာ ကြီးတဲ့လူ ဘယ်သူမှမရှိဘူး။ လောကမှာ ဘုရား ပွင့်တော်မူရတာကိုက လောကတ္ထစရိယ လောကကြီး အကျိုး အတွက် ပွင့်လာရတာပါ။

ကရုဏာတော် ပြောတဲ့အတိုင်း **ဉာတ တ္ထစရိယာ**—ဆောင်တဲ့ဘုရားပေါ့။ ခန္ဓာဝါဒ်နောက် တရားတွေ ဘုရားဟောသာသက်ခဲ့တယ်။ ဖော်တော်မူက ဂုဏ်တော်မှာလည်း "**ဆောင်**—လောကတ္ထ။ **ဗုဒ္ဓ**—ဗုဒ္ဓတ္ထ" ဆိုပြီးတော့ ဗုဒ္ဓဘာသာဝင်နဲ့ မဟုတ်ဘူး။ ဘယ်ဘာသာဝင်ဖြစ်ဖြစ် လှမ်းလှုပ်ပေးလေ့ ဆော့

သာနိုင်တယ်လို့ ဟောခဲ့တယ် မဟုတ်လား။ အဲဒီအတွက် ဘုရားကို အရိုအသေပေးရမယ်၊ ဦးချရမယ်လို့ မပြောခဲ့ပါဘူး။ လောက လူသားအားလုံးကို အညီအမျှ စောင့်ရှောက်တော်မူခဲ့တာ ဖြစ်ပါတယ်။

## ဒိဋ္ဌိကအကြောင်း အပါယ်လေးဘုံကျရခြင်းက အကျိုး

လောကမှာ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးကို မရောက်ချင်ကြပါဘူး။ ဘယ်သူ့ကိုပဲဖြစ်ဖြစ် "သေပြီးတဲ့နောက်မှာ မွေးဖြစ်ချင်သလား" မေးကြည့်ပါ။ ဘယ်သူမှ မဖြစ်ချင်ဘူး။

ဘုရားရှင်က "ငါ့ဘုရားကို ကိုးကွယ်ရင် အပါယ်လေးဘုံက လွတ်ရမယ်"လို့ အာမခံ မပေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အပါယ်လေးဘုံက ဘုရားလုပ်ထားတာမှ မဟုတ်တာ။ အကြောင်းဖြစ်ရင် အကျိုးဖြစ်မယ်။ အကြောင်းချုပ်ရင် အကျိုးချုပ်မယ်လို့ ဆိုထားတဲ့အတွက် အပါယ်လေးဘုံကျရခြင်း အကြောင်းကို ရှာလိုက်တော့ ဒိဋ္ဌိကို သွားတွေ့ပါတယ်။ ဒိဋ္ဌိကအကြောင်း၊ အပါယ်လေးဘုံ ကျရခြင်းက အကျိုးပေါ့။

ဘဝပုဂ္ဂိုလ် သတ္တဝါတွေ အကြောင်းတွေကြောင့် အကျိုးခံရ ဖြစ်ရတယ်။ အပါယ်လေးဘုံကျရခြင်း၊ အကြောင်းတွေက အမျိုးမျိုးရှိတယ်။ ကိလေသာ ဆယ်ပါးတို့၊ အကျယ်ချဲ့လိုက်တော့ ၁၅၀၀ ကိလေသာလို့ ဆိုထားတယ် မဟုတ်လား။ ကိလေသာ အမြောက်အမြားရှိသော အကြောင်းတွေဟာ အပါယ်ရောက်ကြောင်းတွေချည်းပါပဲ။ အပါယ်ရောက်ကြောင်းကို အကျဉ်းချုပ်ပြောရင် ပပဉ္စတရား သုံးပါးတဲ့။ တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ် သုံးပါး၊ အဲဒီမှာ အကြောင်းရင်းကို ရှာလိုက်တော့ ဒိဋ္ဌိကို တွေ့ရမယ်။

အပါယ်ရောက်ကြောင်း တရားသည် ဝဍ္ဎဝ ကိုးလေသော တင်နည်း တဘော၊ ဟန၊ ဒိဋ္ဌိအားဖြင့် အမျိုးမျိုးအထားထား အများ အပြားရှိလို့ -ဓ- အကြောင်းတရားရှိလို့၊ ဌာန- ပေါင်းလိုက်တော့ ဓမ္မဋ္ဌာန-ပဋ္ဌာန်းဖြစ်ပါတယ်။ အပါယ်လေးတံခါးရဲ့ အကြောင်း ရင်းဟာ ဒိဋ္ဌိဖြစ်တဲ့အတွက် အပါယ်လေးတံခါး လွတ်ကင်းချင်တယ် ဆိုရင် အကြောင်းဖြစ်တဲ့ ဒိဋ္ဌိကို ဖြုတ်ရပါမယ်။ ဒိဋ္ဌိကိုဖြုတ်ချင် တယ် ဆိုရင်တော့ ဓမ္မပေါ် ဉာဏ်ရောက်ရမှာ ဖြစ်ပါတယ်။

## ကွေးလားဆန့်တဲ့ စိတ်နဲ့ ဘောင်ရောက်သလို

ဒီခန္ဓာကိုယ်ကြီး ရပ်တည်နေတာ ဓာတ်ကြီးလေးပါးကြောင့် ဆိုတော့ အကြောင်းအကျိုး သိဉာဏ်မှာ ပြုပြင်ပေးလိုက်တဲ့ ဓာတ် ကြီးလေးပါးက အကြောင်း၊ အခုလို သွားလာလှုပ်ရှားနိုင်တာက အကျိုးတရား။ အကြောင်းကြောင့် အကျိုး ဖြစ်ပါတယ်။

ဓာတ်ကြီးလေးပါး ရှိသလို နာမ်ခန္ဓာကလည်း လေးပါး ရှိတယ်။

**ပဝတ္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။**

**ပဝတ္တိက္ခဏေ**-ပဋိသန္ဓေနောက်ပိုင်း ကာလမှာ၊ **နာမရူပံ**-နာမ်နဲ့ ရုပ်သည်။ **အညမည**-အချင်းချင်း။ **ပစ္စယေနပစ္စယော**-ကျေးဇူး ပြု၏။

ပဋိသန္ဓေနေတဲ့ အချိန်ကလေးကတည်းက နာမ်နဲ့ရုပ် ရှိနေ ပြီ။ ပဋိသန္ဓေ ကလလရေကြည်လေးက ရုပ်၊ ဒီကလလရေကြည် ကလေး မပုပ်မသိုး မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက် ပေးတာက ပဋိသန္ဓေစိတ်၊ အဲဒီ ပဋိသန္ဓေစိတ်က နာမ်ခန္ဓာ လေးပါးပါပဲ။ ကလလရေကြည်စက်ငယ် ရုပ်ကလေးကို ပဋိသန္ဓေ စိတ်နဲ့တကွ အတူတကွ ဖြစ်ပေါ်ဖြစ်ပေါ်ဖြစ်တဲ့ နာမ်ခန္ဓာလေးပါးက စောင့်ရှောက်ပေးတာပါ။

ရုပ်က နာမ်ကို ကျေးဇူးပြု၊ နာမ်က ရုပ်ကို ကျေးဇူးပြုတာကို အညမည ပစ္စည်းလို့ သုံးတာနေရာ၊ အညမည ပစ္စည်းမှာ ထပ်ဖြတ်တာကို သုံးတယ်။ သဟဇာတ ပစ္စည်းကတော့ ထပ်ဖြတ်တာရော၊ အညမညရော ကောက်တယ်။

ပဋိသန္ဓေ ကလလရေကြည်ကလေး မပုပ်မသိုးအောင် မပျက်စီးအောင် စောင့်ရှောက်တာက ပဋိသန္ဓေစိတ်၊ ပဋိသန္ဓေ စိတ်ဆိုတဲ့ ဝိညာဏ်တွေနဲ့က တစ်ပါးတည်း ရုပ်တည်လို့ရတဲ့ အတွက် နာမ်ခန္ဓာလေးပါးလို့ ခေါ်ရမယ်။ ကလလရေကြည် လေးက ရုပ်၊ နာမ်ခန္ဓာလေးပါးက နာမ်။ ရုပ်ကို ဘယ်သူ စောင့်ရှောက်တာလဲ မေးတော့ နာမ်က၊ အဲဒီနာမ်က ဘယ်သူ့ကို မှီပြီးတော့ ဖြစ်တာလဲ မေးရင် ရုပ်မှာမှီပြီး ဖြစ်တယ်။

ဒီသန္ဓေသားလေး တစ်ခုမှာ ပဋိသန္ဓေပေါ်လေးတော့ နာမ် ခန္ဓာလေးပါးက ကလလရေကြည်ကို မှီရတယ်။ ကလလရေကြည် က ရုပ်တရား၊ ကလလရေကြည်လေး မပုပ်မသိုးအောင် နာမ်ခန္ဓာ လေးပါးကို မှီရတယ်။ နာမ်က ရုပ်ကို ကျေးဇူးပြုသလို ရုပ်က လည်း နာမ်ကို ကျေးဇူးပြုတယ်။

ဥပမာပြောရရင် နိုင်ငံတစ်ခုမှာ သဘာဝဘေးအန္တရာယ် ဖြစ်ပြီဆိုတဲ့အခါ တခြားနိုင်ငံတွေက ထောက်ပံ့တာ ရှိတယ်။ ဘာသာမတူ လူမျိုးမတူပေမယ့် ထောက်ပံ့ကူညီနိုင်တာတွေ ရှိတယ် မဟုတ်လား။ လူသားဆန်တဲ့ နှလုံးသားနဲ့ လူကို လူအချင်းချင်း ကူညီစောင့်ရှောက်ကြတယ်။ အဲဒီလို ရုပ်က နာမ်ကို စောင့်ရှောက် သလို နာမ်ကလည်း ရုပ်ကို စောင့်ရှောက်ပါတယ်။

ဘာသာတူအချင်းချင်း လူမျိုးတူအချင်းချင်းလည်း စောင့် ရှောက်တာပဲ မဟုတ်လား။ အဲဒါတွေတော့ ရုပ်ကရုပ် အချင်းချင်း၊ နာမ်က နာမ်အချင်းချင်း စောင့်ရှောက်တာနဲ့ အတူတူလို့ မှတ်ရ မယ်။

# မြစ်ဖုန်ရွှံ့ ဉာဏ်ရှုစရိုက်

ဧရာဝတီမြစ်ကြီးဟာ ဆောင်းရာသီရောက်လို့ ရေတွေကျသွားပါ တော့အခါမှာ ကြီးမားတဲ့ သောင်ပြင်ရှည်တွေနဲ့ တရေးရေး ပေါ်ပြီး တော့ လောကတွက်မရှိသာအနေနဲ့ စောင့်ရှောက်တယ်။ ဉာဏ်ရှု စရိုက်အနေနဲ့ ဈေးတော်ရှိုးတော်တွေကိုလည်း ကောင်းစွာစောင့် ရှောက်ပါတယ်။

မြေညီးတော် သုစရိုက်ခနဲမင်းကြီးကိုဆိုရင် တရားနဲ့ ကျူးနွား ထပ်လို့ ဆီးပြုအောက်မှာ အရေးအရာဖိုလ်တည်ပြီး လှုပ်ကြောင်း ဘာနဲ့ ပန်းနိုင်စားသွားတယ်။ လှုပ်ကြောင်းဘာနဲ့ ရေဟန်သာအဖြစ် အကြောကြီး ရပ်တည်နိုင်မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရေးအရာ မင်း အရေးအရာဖိုလ်ရဲ့ အသိဉာဏ်စေတ်ကြီးထဲထက်မြက်တယ်။ လှုပ်ကြောင်း အဝေးကို ယုတ်ညံ့တယ်။ ရေဟန်သာဖြစ်ပြီးတဲ့ လှုပ်ကြောင်းဟာ သက်တမ်းရှည်ရှည် သာသနာပြုချင်ရင် ရဟန်းအဖြစ် ခံယူလိုက်ရပါတယ်။

လှုပ်ကြောင်း ရဟန်းဟာ ခုနစ်ရက်ထက် ပိုပြီး နေလို့ မရပါဘူး။ ပါကြောင့် လှုပ်ကြောင်းနဲ့ ရဟန်းသာဆိုပြီး အကြောကြီးနေပြီ နေရင် မဟုတ်တော့ဘူးလို့ မှတ်ပါ။ အနာဂါမ်တည်တဲ့ လှုပ် ကြောင်းကတော့ သရာပါသ ဟုတ်ရဲ့ အလွန်အားနည်းသွားပြီ။ လင်နဲ့မယား ဆက်ဆံရေးမှာ မေထုန်မှု ကိလေသာမျိုးနဲ့ သန့်သန့်ရှင်းရှင်း ဘုညီစောင့်ရှောက်တော့တယ်။ စိုးစောင်နဲ့ ခိုးသားလုပ်စံ မရှိတော့ဘူး။ ဒါဟာ မေတ္တာတွေ ပျက်ပြယ်သွားတာ မဟုတ်ပါဘူး၊ မေတ္တာတွေ ခိုင်မြဲသွားတာ၊ အညာဏ်အကြောင်းနဲ့ ဖြူစင်တဲ့ မေတ္တာတားတာသာ ဖြစ်ပါတယ်။

မြစ်ဝှာဘုရားဟာ ဈေးတော်ရှိုးတော်များကိုလည်း တရား ရေးအေး အမြိုက်အေး တိုက်ကျွေးပေးတော့မှာတယ်။ ဒီဈေး

တော် ပေါ်တေဇ ရတနာ့ကျောက်ရုံကြီး ဖြစ်သွားတယ်။ ယခုဟာစရာ လည်း ရတနာ့ကျောက်ရုံကြီး ဖြစ်သွားတယ်။ သားတော် ရာဟုလာ လည်း ရတနာ့ဂူဖြစ်တယ်။ အများကြီး ရှိပါတယ်။ ခုနပေါ် ဥက္ကာကျောက်ခဲကလေး ကြားနဲ့ ကျေးဇူးတော်ပုံများ ပေါ်တော် မိနတ် သားတို့ကိုဆို နတ်ပြည်သိအောင် တက်ပြီး ပါရမီ လုံ့လဝီရိယ အတိမ္ဗာယာ ကောသနာရေ့ ပေါကြားပြီး ကျေးဇူးတော်နဲ့တာနော်။

## သစ္စာနှင်ပါး လေးစားယုံကြည်

ဘဝပိုင်ရှင်း သုံးလုံးရှိ။ ဘယ်အကဏ်ကိုဖြစ်ဖြစ်၊ ခုနက ပါးပါးမဲ့ရှိတယ်။ ရုပ်ခန္ဓာတစ်ပါး၊ နာမ်ခန္ဓာက လေးပါး။ အဲဒီ ရုပ်ခန္ဓာထဲမှာလည်း ဓာတ်ကြီးလေးပါးပါတယ်။ ဓာတ်ကြီးလေးပါး က အချင်းချင်း အညီအညွတ် ကျေးဇူးပြုကြတယ်။

ဓာတ်ကြီးလေးပါး ညီညွတ်နေတာမှာ ပဲ့ရဲ့စွမ်းရည်လို့ ပေါ်သေး။ ပုဂ္ဂိုလ်ဘဝပေါ် အသတ်ကြ၊ မိန်းမ အကြောင်းတရား ပေါ်သေး။ ဓာတ်ကြီးလေးပါး အချင်းချင်း ကျေးဇူးပြုသွားလို့ ရုပ်တည်နိုင်တာ ဖြစ်ပါတယ်။

ဒီခန္ဓာကြီး ရုပ်တည်နိုင်အောင် နာမ်ခန္ဓာလေးပါးက ထောက် ရှောက်တယ်။ နာမ်ခန္ဓာလေးပါးထဲမှာ ဘယ်တရားကင်းရမယ်လို့ လည်း မပါသေး။ ဒီခန္ဓာကြီး ရုပ်တည်နိုင်အောင် အကြောင်းပြုနေ ကြတော့ ရုပ်ခန္ဓာတစ်ပါး၊ နာမ်ခန္ဓာလေးပါးက ကျေးဇူးပြု နေကြတယ်။ ရုပ်နဲ့နာမ်အချင်းချင်း ကျေးဇူးပြုနေတယ်ပါ။ ဗုဒ္ဓဘာသာ နေတတ်တုန်းကဆို ရုပ်ကိုနာမ်က ကျေးဇူးပြု၊ နာမ်က ရုပ်ကို ကျေးဇူးပြု၊ ဟုတ်တယ်နော်။

ခုနပေါ် ဥက္ကာကျောက်ပုံမယ်ဆိုတော့ ပရမတ္ထနယ်က ပြောနေတာ ဖြစ်ပါတယ်။ မှန်တယ်နော် မွေတို့ ဆောင်ရွက်ဖို့

ကျတော့ သစ္စာတိုနယ်ကို မပယ်ရပါဘူး။ ဒါကြောင့် နိဗ္ဗာန်ကိုလားတဲ့ သူတော်ကောင်း၊ လောကကြီး ကောင်းစားတာကို လိုလားတဲ့ သူတော်ကောင်း။ အမျိုးရှုတ် သာသနာ့ဂုဏ်ကို စောင့်ရှောက်လိုသော သူတော်ကောင်းမှန်ရင် ပရမတ်ကိုလည်း မပယ်နဲ့၊ သမ္မုတိကိုလည်း မပယ်နဲ့။

နိဗ္ဗာန်ကို တကယ်လိုလားရင် ပရမတ္ထသစ္စာကို သိအောင် ကြိုးစားပါ။ အမျိုးဘာသာ သာသနာကို စောင့်ရှောက်လိုတယ် ဆိုရင် သမ္မုတိသစ္စာကို လေးစားပါ။

## ဖန်ဆင်းလက်ဝေါ့ တရားမကြိုက်

ဘုရားဖြစ်ပွားက အမျိုးတွေကို စောင့်ရှောက်တဲ့အနေနဲ့ ခန္ဓာညာဏ်ရောက် သမ္မာတရားတွေ ဟောတော်မူခဲ့သော်လည်း ဖြည့်ကျင့်ခဲ့တဲ့ ပါရမီမပါရင် တရားနာလို့ကို မရဘူးနော်။ သမ္မာ သိချင်တဲ့ ဆန္ဒဟာပါပါမှ ယောဂီတို့ တာဝန်အားမပယ်နဲ့။ ကြိုးစားအားထုတ်ပြီးမှသာ ဒီဘဝ တေတာတာဝန်ကျေပြည့်ကို တည်ရမယ်လို့ ဆုံးဖြတ်ပါ။

ဆန္ဒာဓိပတိဆိုတဲ့ ပုံကြည့်ချက်နဲ့ ဆန္ဒဓာတ်တွေ ရှိရင် ဝီရိယာဓိပတိ ကြိုးစားမှုတွေ လာတော့မှာပါ။ ကြိုးစားရင် သမာဓိတွေ ကောင်းလာမယ်။ စိတ္တာဓိပတိ ဖြစ်လာမယ်။ သမာဓိ ဆိုတဲ့ စိတ္တာဓိပတိ အားကောင်းလာရင် ပညာနဲ့ ယှဉ်တွဲနိုင်ခြင်း ဝီမံသာဓိပတိ လိုက်လာမယ်။ အရာရာတိုင်းမှာ အဓိပတိ တင်းလို့ မရဘူး။ အောင်မြင်ချင်ရင် အဓိပတိတရား လက်ကိုင်ထားရမယ်။

ဘုရားရှင်က မွေးတော်မျိုးတော်တွေ အားလုံးကို ရုပ်နာမ် အကျိုးအကြောင်းတွေ ဟောပြနေပေမယ့် တချို့ မွေးတော်မျိုးတော်

တွေက ငါ့ကိုတဲ့မောင် ခံနေကြတဲ့ပေါ့ မသိကြဘူးနော်။ ကောသလမင်းကြီးက ဘုရားနဲ့ အမျိုးတော်ချင်တယ်။ ဒီတော့ သာကီဝင်မင်းတွေကို မင်းသမီးတစ်ယောက်ပေးပါ တောင်းတယ်။ ဒီတော့ ကောသလက အမျိုးတော်နိမ့်တဲ့အတွက် ဝါသဘခတ္တိယာ ဆိုတဲ့ ကျွန်မကို သာကီဝင် မင်းသမီးဆိုပြီး ထည့်ပေးလိုက်တယ်။ ကောသလမင်းကလည်း မိဖုရားမြှောက်လိုက်တာပဲ။ ဒါနဲ့ ကောသလမင်းနဲ့ ဝါသဘခတ္တိယာကနေ ဝိဋူဍဘကို မွေးတာနော်။ ဝိဋူဍဘက ဘိုးတော်ဘွားတော်တွေ လာကန်တော့တော့ သူထိုင်တဲ့နေရာကို နွားနို့နဲ့ ဆေးပစ်သတဲ့။ ကျွန်မသား ထိုင်ခဲ့နေရာ ဆိုပြီးတော့လေ။

ဒီလိုဖြစ်တာ ဘာကြောင့်လဲလို့မေးရင် အရင်းစစ်တော့ အမြစ်မြကြ ဆိုတာလို အောက်မြေလွှတ်ပြီးတော့ ရှုပ်နာခံနေမိပါး။ ခန္ဓာငါးပါး အချင်းချင်း ဘာမှမထူးခြားပဲနေတာကို ငါ့အမျိုး ငါ့ဇာတ်လို့ မာန်မာန တက်နေလို့ပါပဲ။ ကိုယ့်ခန္ဓာအကြောင်း ကိုယ်မသိတော့ ကိုယ့်အမျိုးအနွယ်ကို သာသာတဲ့ တဏှာ၊ ငါတို့အမျိုး ဘာဇာတ်လို့လဲ ဆိုတဲ့ မာန၊ ငါ့အမျိုးမှ ငါ့အမျိုးဆိုတဲ့ ဒိဋ္ဌိတွေ ဖြစ်လာတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတာ ပပဉ္စတရားပဲ။ သံသရာရဲ့လွှင်တတ်တဲ့ တရားပဲ။

## ပြောသင့်တဲ့စကား မပြောသင့်တဲ့စကား

သံသရာရဲ့လွှင်တတ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတရားတွေကို သတိထားဖို့ လိုတယ်။ တချို့များ ဘာပေါက်တဲ့ ချွတ်ငွေစလေးတွေ၊ ဆိုင်လေး ကနားလေးတွေ ရှိတာလေးနဲ့။ ငါ့ကို ဘာမှတ်နေသလဲ။ ငါက စက်ရုံပိုင်ကြီး၊ ဆိုင်ပိုင်ရှင်ကြီး။ ဘယ်သူ့မှ ဂရုစိုက်စရာ မလိုဘူးဆိုပြီး မာန်မာနတွေ တက်နေတတ်တာပါ။

ဘုရားရှင်ရဲ့ ဆွေတော်မျိုးတော်တွေ ထဲမှာတော့ ဗိမ္ဗိတွေ ဝင်ပြီးတော့ ဝိဋ္ဋူဘ ထိုင်ခဲ့တဲ့နေရာကို "ကျွန်မသား ထိုင်ခဲ့တာ" ဆိုပြီး သန့်ရှင်းသွားအောင် နွားနို့နဲ့ ဆေးကြောပစ်သတဲ့။ အဲဒီလို ပြောနေဆိုနေတာကို ပန္နည်းတစ်ခု မေ့ကျန်ခဲ့လို့ ပြန်ယူပြီးတော့ သော လာတဲ့ ဝိဋ္ဋူဘရဲ့ အပေါင်းက ကြားသွားတယ်။ နွားနို့နဲ့ ဆေးနေ တာလည်း သူမြင်သွားတယ်။ မြင်တဲ့ကြားတဲ့ ဒီအကြောင်း အကြောင်းအသုံးလေးတွေနဲ့ သဝဏ္ဏဖြည့် ပြန်ရောက်တော့ ဖို့လို့ ပြော ဒီလို့ပြော ပြန်ပြောတယ်။ ဒီတော့ ဒီအကြောင်းကို ကောသလမင်းကြီးလည်း သိ၊ ဝိဋ္ဋူဘမင်းသားလည်း သိသွား တယ်။

ဒါကြောင့် စကားဆိုတာ မှန်တိုင်းလည်းပြောလို့ ကောင်း တာ မဟုတ်ဘူး။ ဆရာနန္ဒာသိန်းဇံရေးတဲ့ "မှန်သော စကားကို ဆိုခြင်းနှင့် ပင်သတ်သော မှတ်ချက်များ" ဆောင်းပါးကို ဖတ်ကြည့် ပါ။ စကားနှင့် ပတ်သက်လို့ ပြောသင့် မပြောသင့် အစုံအလင် ပါတယ်။ သိပ်ကောင်းတဲ့ ဆောင်းပါး။ စကားဟာ မှန်တယ် မှန်တယ် အကျိုးရှိတယ်ဆိုမှ ပြောရမယ်။ မှန်ပေမယ့် အကျိုး မရှိဘူးဆိုရင် မပြောနဲ့၊ ဒီမိ သူ့ကစ်ပါး နှစ်ဦးသားကို ထိခိုက်စေ ပါတယ်။ မြတ်စွာ ကိုယ်တော်တိုင်လည်း မှန်မှန်ပြီး အကျိုးရှိ တဲ့ စကားကိုပဲ မိန့်တော်မူပါတယ်တဲ့။

အဲဒီက ပြန်ပြောတဲ့ စကားကို ကောသလမင်းကြီး ကြား တော့ ရှင်ဘွေ့ကနဲဖြစ်ပြီး "ငါ့သားမျိုးသော ငါ့ကတော့ ရှက်လိုက် ရတာ၊ နင်တို့တော့ နှင်သဘောလက်ကြောင်းကို မြင်တာတယ်" ဆိုပြီး မိဖုရားကြီးအဖြစ်ကနေ ကျွန်ဘဝ ပြန်ချပစ်လိုက်သတဲ့။ ဝိဋ္ဋူဘလည်း "ငါကို ကျွန်သားလို့ ပြောရလား" ဆိုပြီး အညှိုးထားသတဲ့။ နေသွားတယ်။ "ငါဘုရင်ဖြစ်ရင် ဖင်ကို

သာကေတ်ဝင်တော့ လည်ချောင်းသွေးနဲ့ ချမ်းသာပြီမယ်” လို့ ကြုံး ဝါး၊ သူ့ ဘုရင့်ခြံထဲက သစ်ပင်တစ်ပင်ကို “သတိမေ့ဖြစ်ပါမယ်” လို့ သွားတယ်။

ဝိဋဋူဘ ဘောတ်ဖြစ်အောင်လို့ ဘုရားက နှစ်ကြိမ်တိုင် ဆွေတော်မျိုးတော်တွေအတွက် တားမြစ်ပေးခဲ့တယ်။ မြတ်စွာ ဘုရားက ကပိလဝတ်နယ်စပ်က အရိပ်မရှိတဲ့ ကွင်းခေါင်ခေါင် မှာ သီတင်းသုံးနေတာ တွေ့တော့ ဝိဋဋူဘ “မြတ်စွာဘုရား သစ်ပင်အရိပ်ရှိတဲ့ တပည့်တော်ရဲ့ တိုင်းပြည်ထဲက်မှာ သီတင်း သုံးပါ ဘုရား” လို့ လျှောက်တယ်။ မြတ်စွာဘုရားက “မြတ်သော မင်းကြီး အရိပ်ဆိုတာ အရိပ်ထဲမှာ ဆွေမျိုးအရိပ်က အအေးမြ ဆုံးပဲ” လို့ မိန့်တော် မူလိုက်တော့ ဝိဋဋူဘ နောက်ဆုတ်သွား တယ်။

## အညာမညာပစ္စည်းကို နည်းယူပါ

တရားနာ ပရိသတ်ဆိုတာ ဉာဏ်အရင့်စား ပုဂ္ဂိုလ်တွေ ချည်း မဟုတ်ဘူး။ ဉာဏ်အနုစား၊ ဉာဏ်အလတ်စား၊ ဉာဏ် အရင့်စား သုံးမျိုးလုံးပါတယ်။ ဒီတော့ ဉာဏ်အရင့်စား ပုဂ္ဂိုလ် တွေအတွက် ပရမတ္ထသဘော၊ ဉာဏ်အနုစား ပုဂ္ဂိုလ်တွေအတွက် သမ္မုတိသဘော၊ ဉာဏ်အလတ်စား ပုဂ္ဂိုလ်တွေအတွက် သမ္မုတိရော ပရမတ္ထပါ ရှုထောင့် ဟောပေးရပါတယ်။

အမျိုးကောင်းသား သာသနာ့ကို လေ့လာသင့်ရှောက်တယ် ဆိုတဲ့ အဖြေပိုက တိုက်ဆိုင်ကျမ်းမှ လုပ်တာလို့ မေးရပေါ့နော်။ တိုက်ဆိုင်တွေထက် အမိဉာဏ်အထူ ဖွင့်နိုင်လို့ သွားအောင် အဓိက ပေါင်းချုပ်မှာ သာတဲ့ ရှင်တော်မြတ်ဘုရားလည်း လျှို့ဝှက် တော်မူခဲ့တယ် ဆိုတာ သိစေချင်လို့ ပြောနေရတာပါ။

ရှင်တော်မြတ်ဗုဒ္ဓဟာ ညာတတ္ထစရိယာအနေနဲ့ ဆွေတော်မျိုးတော်တွေကိုလည်း ဆောင်ရွက်ခဲ့တယ်။ လောကတ္ထစရိယာအနေနဲ့ လူမျိုးမရွေး၊ ဘာသာမရွေး လောကကြီးတစ်ခုလုံး ကိုးဝတ်ဖို့အတွက်လည်း ဆောင်ရွက်ခဲ့တယ်။ အမျိုးဘာသာ သာသနာအတွက် အားနဲ့အင်နဲ့ ကျေးဇူးဆပ်နိုင်ဖို့ရာ ကိုယ်တိုင်သစ္စာသိအောင် လုပ်ခြင်းဆိုတဲ့ ဗုဒ္ဓတ္ထစရိယာကိုလည်း ဆောင်ရွက်တော်မူခဲ့ပါတယ်။

ညာတတ္ထစရိယာအနေနဲ့ ဆွေတော်မျိုးတော်တို့အတွက် ကယ်တင်ဖို့ ကြိုးစားခဲ့ပေမယ့် ဆွေတော်မျိုးတော်တွေမှာ အတိတ်က ဝဋ်ကြွေး ရှိနေပြန်။ ပစ္စုပ္ပန်မှာလည်း ဟဲကျာမာန ဒိဋ္ဌိဆိုတဲ့ အကြောင်းတရားကလည်း ရှိနေပြန်ဆိုတော့ ကယ်တင်လို့ မရခဲ့ဘူးပေါ့နော်။

အမျိုးဘာသာ သာသနာရေး ဆောင်ရွက်ရာမှာ အညီအညွတ် ပေါင်းစည်းဟာ သိပ်အရေးကြီးပါတယ်။ ကိုယ့်အချင်းချင်း ညီညီညွတ်ညွတ်နဲ့ ဆွေးနွေးတိုင်ပင် စည်းဝေးညှိနှိုင်းရမယ်။ သူများဘာသာတရားကိုလည်း မနှိမ့်နဲ့။ ကိုယ့်ဘာသာ အောင်မြင်ဖို့အတွက် သူတို့ရဲ့ ကောင်းကွက်ကလေးတွေကိုလည်း ယူရမယ်။ အဲဒါ အညီအညွတ်ပေါင်းစည်းက ပြောနေတဲ့ သဘောတရားတွေနော်။


အဲဒီတော့ အညီအညွတ်ပေါင်းစည်းရေး ခန္ဓာကိုယ်ထဲမှာ ရုပ် ရုပ်ချင်းလည်း ကျေးဇူးပြုတယ်။ နာမ်နာမ်ချင်းလည်း ကျေးဇူးပြုတယ်။ ရုပ်က နာမ်၊ နာမ်က ရုပ်ကိုလည်း ကျေးဇူးပြုတယ်။ ရုပ်နာမ်တွေ ကျေးဇူးပြုလို့ အခုလို ရပ်တည်နိုင်တာပါ။ ဒီအထဲမှာ ငါယူတစ်ပါး ပေါ်တိုးဝင်နိုင်လို့ မရဘူး။ ရုပ်နဲ့နာမ်ပဲ ပါတယ်။

ရုပ်နဲ့နာမ်သာရှိတဲ့ ခန္ဓာဟာ ဖြစ်ပြီးရင် ပျက်တာပဲ။

ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ထိုလိုက်တော့ မသိတဲ့ အဝိဇ္ဇာ တဏှာမာန ဒိဋ္ဌိတွေ ချုပ်သွားတာက သမုဒယ သစ္စာ၊ သမုဒယချုပ်ရင် အပါယ်လေးပါး ကျစရာ မလိုတော့ဘူး။ အပါယ်လေးပါးတို့ရဲ့ လွတ်ရာငြိမ်းရာ သိမ်းရာ နိဗ္ဗာန်က နိရောဓ သစ္စာ ဖြစ်ပါတယ်။

သစ္စာလေးပါးမှာတည်း သမုဒယသစ္စာက အကြောင်း၊ ဒုက္ခ သစ္စာက အကျိုး။ မဂ္ဂသစ္စာက အကြောင်း၊ နိရောဓသစ္စာက အကျိုး။ အကြောင်းအကျိုးအစုနဲ့ အစုံချင်း အညမညပစ္စည်း ကျေးဇူးပြုနေကြတာ တွေ့နိုင်ပါတယ်။ နိဗ္ဗာန်ရဖို့အတွက် မဂ္ဂကို ပွားများရတာ အကြောင်း၊ ငြိမ်းအေးသော နိဗ္ဗာန်ကို အကျိုးပြု နိုင်တာက အကျိုးပေါ့။ အမှန်အားဖြင့် နိဗ္ဗာန်မှာ အကြောင်း အကျိုး မရှိပါဘူး။ အကြောင်းအကျိုး ကင်းတယ်။ အခုဟာက သဘောပေါက်အောင် ဆက်နွယ်ပြလိုက်တာပါ။

နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မယ့် မဂ္ဂသစ္စာ ရင်ထဲကိန်းလာ အောင် ယောဂီတို့တစ်တွေ ခန္ဓာဉာဏ်ရောက် အလုပ်လုပ်ရမယ်။ ဖြစ်ပျက်မြင် မှန်းဆုံးပြီဆိုရင် သစ္စာလေးပါး သိမြင်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။ ဗုဒ္ဓရည်မှန်း မြတ်ပျော်နှိုးရဲ့ အညာမညာ ပန္နည်းကို ကြားနာ မှတ်သားပြီး အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ကြရင်း ကိုယ်တိုင်လည်း နိဗ္ဗာန်ရောက် အောင် ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းပါတယ်။



[illegible]

# ၈။ နိဿယပစ္စည်း

## နိဿယပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်

ရှင်တော်မြတ် ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော်ကြီးနှင့် ဂုဏ်တော်တမ်းတ ပုံတော်နှုန်းဆလျော် ပဋ္ဌာန်းကျမ်းမြတ်ဒေသနာတော်ကြီးကို ပူဇော်ကန်တော့သည့် အနေအားဖြင့် နိဿယပစ္စည်းရဲ့ ပစ္စယနိဒ္ဒေသ ပါဠိတော်ကို ရွတ်ဖတ်ပူဇော်ကြရအောင်။

နိဿယ ပစ္စယောတိ--

စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ နိဿယ ပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ နိဿယ ပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။

## ဝမ်းမြောက်ဝမ်းသာ ပဋ္ဌာန်းပွဲ

ရှင်တော်မြတ်ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကြီးကို အလင်းပြ အမှုပြုပြီးတော့ အမြင့်ဆုံးဖြစ်တဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကို နာကြားရခွင့်ရတယ်ဆိုတာ အင်မတန်မှ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလှပါတယ်။ ပဋ္ဌာန်းမြတ် ဒေသနာတော်ကြီးကို ပါဠိတော်၊ အဋ္ဌကထာ ဋီကာ မြန်မာဘာသာကျမ်းများမှာကို လေ့လာခဲ့တဲ့ အနှစ်ချုပ်ပြီးတော့ သဘာဝသုတ္တံ၊ သာဓကသုတ္တံ၊ သဘာဝယုတ္တိ၊ ကြောင်းကျိုးဆက်စပ် နည်းလမ်းတွေနဲ့ မြန်မာစကား မြန်မာနည်းနဲ့ ဝိဂြိုဟ်ပြ နားလည်နိုင်အောင် မိမိစွမ်းနိုင်သလို ဟောကြားပေးသွားပါမယ်။ ဆရာတော်များ ဟောကြားထားတဲ့ ပဋ္ဌာန်းတရားတော်များကိုလည်း လက်ဆင့်ကမ်း ပေးအပ်လှူရာ ဖြစ်လို့ အင်မတန်မှ ကုသိုလ်ရတယ်လို့လည်း ဆိုရပါမယ်။

နှင်းကြားမှ ယောဂီဗုဒ္ဓိလိမ်ရှုပ်ဘက်က ကြည့်ရင်လည်း မအားလပ်တဲ့ လောကကိစ္စတွေ ကြားထဲကနေပြီးတော့ ယခု ဝါသ ဖတ်ကိစ္စ ဘုန်းဆိုင်းအလုပ်တွေကို မေ့ထားရပ်နားပြီးတော့ ပေါ်ရောက်နှင်းကြားရောက်ရှိလို့ သာရှုစေါ်စရာ ကောင်းလှပါတယ်။ ဘုန်းဆိုင်းအလုပ်တွေ ခဏနား၊ ကိုယ်ပိုင်အလုပ်ဖြစ်တဲ့ ခန္ဓာညာဏ် ရောက် ဝိပဿနာ ဘဝသံသရာကြွင်းပွားနှိုး ဓမ္မသဘောကို အရှုလို့ ကောင်း ကောင်းရှုမြဲ တရားရောက်နေကြတယ်။ ဖုတ်ယားနေသူ ပွားများ အားထုတ်လိုတဲ့သူ သိန္ဒိပိုဒိသောသန္တာနွေ့နဲ့ သန္ဓါကရား ပြင်းပြင်း ထန်ထန် ရှိကြောင့် မြင်ရတော့ ဝမ်းလည်းသာတယ်၊ ကြည်လည်း ကြည်နူးမိပါတယ်။

တို့ ဗုဒ္ဓဘာသာ သူတော်ကောင်းတွေရဲ့ နှလုံးသားထဲမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အနုစိဿရာများတွေကို နှလုံးကြားကြွေယ်။ အပေါ်က ရွှေနှုန်ကြီးတော့ ခပ်ချုပ်လိုက်ပြီး အမြင့်ဆုံး အနုစိဿရာကို အသိဉာဏ်ထောက်ကာနဲ့ လိုချင်တဲ့ အထောက်အကူနဲ့အား ဗုဒ္ဓဘာသာတွေ ရှိပါသေးတာကား သိုသော မြင်ရ တွေ့ရလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတော့ပါ။

နေရာတိုင်းမှာ ဝိဝိဖုတ်သေား ပေါ်လာနေတဲ့ ကာယာအပေါ် ဘေရုပ်ဟာ ပေါ့သလား၊ လေးနက်သလား။ တည်ငြိမ်သလား၊ ဂယောက်ယက်ခတ်သလား ဆိုတာ ကိုယ်ကိုင်ဖေဖန် ဆန်းစစ် ရပါမယ်။ နှစ်ရှည်ကြီးတော့ မကြီးဘဲ ပရိသတ်နည်းတာ ရှုံး တာ အစိက မဟုတ်ပါဘူး။ ဖောကြားနတ်ထား နှလုံးတဲ့ ပရုံးမှာ အနုစိဿရာပဲမိုဖွဲ့ အရေးကြီးပါတယ်။

## ရှိန်းရောင်ကောင်းရှိမှ ဆောင်ပြင့်မယ်

နိဂါလယ်ပမ္ဘည်းတိုက်ဘေ ပြွန်းမသေချပြောနိုင် မိုးရှုပေါ့။ အရှု ရာတိုင်းမှာ ဘယ်လိုဓမ္မပြုဖြစ်ဖြစ်၊ လောကီနယ်ပယ်မှာပဲ ဖြစ်ဖြစ်၊

လောကုတ္တရာ နယ်ပယ်မှာပါဖြစ်ဖြစ်၊ အမှီကောင်းရှိမှ ကြီးပွားတယ်လို့ မှတ်ရမယ်။ "အမှီကောင်းမှ နို့စွာနှံရ" ဆိုတဲ့အတိုင်း ရှင်တော်မြတ်ဘုရားလည်း အမှီဆိုတာ လိုတာပါပဲ။

အာဟာရတည်းဟူသော မှီရာ၊ နေရာထိုင်ခင်းတည်းဟူသော မှီရာ စသဖြင့် မှီရာတွေ လိုအပ်ပါတယ်။ ဒုက္ခရောဂါရှိသော ဖျောက် ဆိပ်ကြေအောင် ကျင့်စဉ်က မှီရာတွေကို ဖွင့်လှစ်ခဲ့တယ်။ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" သဗ္ဗေသတ္တာ–အလုံးစုံသော သတ္တဝါတို့သည်၊ အာဟာရဋ္ဌိတိကာ–အာဟာရကို မှီ၍ တည်နိုင်ကြကုန်၏။ ဆိုတဲ့အတိုင်း ကိုယ်တစ်ခု အရင်လို သွားလာလှုပ်ရှား နေနိုင်တယ်ဆိုတာ အာဟာရ ရုပ်တရားကို မှီနေရလို့ပါပဲ။ ဒုက္ခရ ခရိုသာ ကျင့်နေရတာနေ တရားဖြစ်ကြောင်း ကောင်းမြတ်သော အသိတရား ရအောင် အားထုတ်ကြမယ် ဆိုလော့ စွမ်းစဉ် တော်မူပြီး အာဟာရကို မှီတော်မူခဲ့တာပဲ မဟုတ်လား။

မိတ်ကောင်းရှိမှ မြတ်သောတရားကို ရှာဖွေရယူနိုင်ပါတယ်၊ အမှီကောင်းမှ နို့စွာနှံရသလို အမှီကောင်းမှလည်း လောကီရေးနဲ့ လောကုတ္တရာ ရေးနှစ်ရပ်လုံး တိုးတက်ရှိနိုင်ပါတယ်။ ရှင်တော် မြတ်ဘုရားက အရိပ်ပါပါ၊ ဘေဒဒါးတာ ရှိတယ်နော်။ ဂုဏ်တော် လူတဲ့ သံသရာခရီးမှာ ဖြတ်သန်းနေရတဲ့ လူကောင်းတော်အတွက် အလိုမရှိဆုံးအရာက အရိပ်ပဲ မဟုတ်လား။ ဘေးရန်မျိုးစုံနေတဲ့ သူ့အတွက် အကောင်းဆုံး မှီရာက သာသနာ တောရိပ်တောင်ရိပ် ပဲ ဖြစ်ပါတယ်။

သားသမီးတွေအတွက် မှီရာအကောင်းဆုံး အရိပ်ဟာ မိဘ အရိပ်ပါပဲ။ လူတိုင်းတဲ့ အမှီအခိုယ်လေလည်း တစ်ဦးတစ်ယောက် တည်း ရပ်တည်ကြတာ မဟုတ်ဘူး။ ကိုရွှေနှင့်တွေမှာကောင်း တစ်

ကောင်ချင်း ရင်တည်လို့မရဘူး။ ခွေးဆိုရင် ခွေးအုပ်စု၊ ကျားဆိုရင် ကျားအုပ်စု၊ ဆင်ဆိုရင် ဆင်အုပ်စု သူ့ဟာနဲ့သူ ရှိတယ်။

ကိုယ်နဲ့ရဲ့ ပတ်ဝန်းကျင်မှာ ကြုံဆုံနေရတဲ့ အုပ်စုဟာ သူတော်ကောင်း ဖြစ်နေမှ ကိုယ်လည်း သူတော်ကောင်း ဖြစ်နိုင်ပါတယ်။ မိမိရဲ့ ပတ်ဝန်းကျင်အုပ်စုက သူယုတ်မာအုပ်စု ဖြစ်နေရင် ကိုယ်လည်း သူယုတ်မာအုပ်စုထဲ ပါသွားတာပဲ။ မိမိရဲ့ ပတ်ဝန်းကျင်ဟာ အယူမှန် သမ္မာဒိဋ္ဌိ ရှုထောင့်တွေရှိမှ မိမိကိုယ်တိုင်လည်း အယူမှန်ရှုထောင့်တွေ ရမှာပါ။

မိမိက ဘာသာတရားကို လေးလေးစားစား ဆည်းကပ်ထိုက် နေတာပါမှ မိဘကို မှီရတဲ့ ကိုယ့်သားသမီးတွေလည်း ဘာသာတရားကို လေးလေးစားစားနဲ့ ကိုးကွယ်ရကောင်းမှန်း သိကြမှာပါ။ သားသမီးအတွက် မိဘသည် မှီရာကောင်း ဖြစ်သလို အားလုံးသော ကိုယ့်တပည့်တွေအတွက်လည်း မိတ်ကောင်းဆွေကောင်း ဆွေမျိုးကောင်းတွေဟာ မှီရာကောင်း ဖြစ်ပါတယ်။ မှီရာကောင်း ရှိမှသာ အရာရာ အောင်မြင်နိုင်ပါတယ်။

## မှီရာမရှိတဲ့ ရင်တည်နိုင်သလား

ဘုရားဖြစ်စွာ ကိုယ်တော်မြတ် တစ်ပါးတည်း သာသနာ ပြုခဲ့မယ်ဆိုရင် သာသနာတော်ကြီးဟာ ဒီလောက် ကျယ်ကျယ် ပြန့်ပြန့် ဖြစ်လာမှာ မဟုတ်ပါဘူး။ အရှင်သာရိပုတ္တရာ မောဂ္ဂလာန တပည့်ကြီးများကို မှီရတယ်။ ဒေသအသီးသီးမှာ ပြန့်ကျက်ပြီး သာသနာပြု ဟောပြောကြမည့် တပည့်သားရဟန်းတော်တွေကို အမှီပြုပြီးတော့ အနှစ်နှစ်ထောင် သာသနာတော်ကြီး ထွန်းကား ကျယ်ပြန့်နေခြင်း ဖြစ်ပါတယ်။

နိဿယဟာဝစ္ဆည်းဆိုတဲ့ မှီရာလိုအပ်မှုကို သိချင်ရင် တခြား ဝေးဝေး ကြည့်မနေပါနဲ့။ ရှင်တော်မြတ်ဘုရားရဲ့ အလောင်းတော်

မင်းသားသာတော့ပဲ ကြည့်ပါ။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်း သားလေး အရွယ်ရောက်လာတော့ မိခင်ရင်းဖြစ်တဲ့ မယ်တော်မာယာ ဖွားပြီးလို့ ခုနစ်ရက်အကြာ နတ်ရွာစံသွားတယ်။ နို့တိုက် ပြုစု ပေးဖို့ မိခင်ရင်း မရှိတော့ဘူးဆိုတော့ ဒီခုနစ်ရက်သားလေးကို အမေနည်းတော် သုဒ္ဓေါဒနမှာ ရွှန်အားဖြစ်စေတဲ့ နို့ရည်မှ မရှိတဲ့။ ဒီတော့ မိထွေးတော် ဂေါတမီကို မှီရတယ်။ မိထွေးတော် ဂေါ တမီဆိုတဲ့ မျိုးမိခင် မှီရာသာမရရင် ဘုရားအလောင်း သိဒ္ဓတ္ထ မင်းသားရဲ့ဘဝဟာ ရပ်တည်နိုင်ပါ့မလား။

အမိမရှိရင် ဘုရားလောင်းမှ မွေးနိုင်ပါဘူး။ မွေးတိုင်းလော မှီရာမရှိတဲ့ ရပ်တည်နိုင်ကြပါဘူး။ မှီရာရှိတဲ့ ရပ်တည်နိုင် တယ်လို့ ကိုယ့်ကိုယ်ကို ထင်ကြတာဟာ အတ္တအာနရဲ့ သဘော ပါပဲ။ ဒါဟာ သဘာဝနိယာမတရား မဟုတ်ဘူး။ အရှိတရားကို လွန်ပြီး ဖောက်ပြန်တဲ့ အတွေးအခေါ်သာ ဖြစ်ပါတယ်။

အဲဒါကို **စိတ္တဝိပ္လာသ**–မှားသောအသိ။ **သညာဝိပ္လာသ**–မှားသောအမှတ်၊ **ဒိဋ္ဌိဝိပ္လာသ**–မှားသောအယူလို့ ခေါ်ပါတယ်။ အဲဒီမှားယွင်းတဲ့ အသိအမြင် အယူအဆတွေ၊ ဝိပ္လာသတရားတွေ ကင်းဝေးအောင် နိဿယသတ္တည်းကို ဘုရားကိုယ်တော်မြတ် ဟော ကြားခဲ့ပါပြီ။

## ကိုယ့်ကြောင့် လောကကြီး တိုးတက်ပါစေ

နိဿယသတ္တည်းရဲ့ ပဋ္ဌာန်းချက် ပါဠိတော်မှာ စချင်း နဲ့ ပါဌ်တစ်ခုနဲ့ ဖြေထားတာ

**ဝဋ္ဋာစော ခန္ဓာ အညမညံ နိဿယပစ္စယေန ပစ္စယော။**

နာမ်ခန္ဓာလေးပါးသည် တစ်ပါးနဲ့တစ်ပါး မှီရာအဖြစ် ကျေးဇူးပြုတယ်တဲ့၊ မိညာဏ်ကွန်ရှိတဲ့ မိတ်ကို ပေးနေတာ

မှီနေရတယ်။ ဝေဒနာကိုလည်း ဝိညာဏကတွန်းတာ မှီနေရတယ်။ သညာကို သင်္ခါရက မှီနေရသလို သင်္ခါရကလည်း သညာကို မှီနေရပါတယ်။

တကယ်လို့ အဲဒီလို အမှီမရှိကြဘူးဆိုရင် သညာမကောင်း ပြနိုင်တယ်ဆိုပါစို့။ အမှတ်မှားပြီး ဆေးသောက်မှားရင် ကျန်းမာတဲ့ ခန္ဓာတွေ အကုန်လုံး ဒုက္ခရောက်သွားမှာပေါ့။ ဝေဒနာကလည်း သုခဝေဒနာအစား ဒုက္ခဝေဒနာ အစားထိုးပြီး စိတ်မရွှင်ပန်းတော့ဘူး။ သင်္ခါရက္ခန္ဓာကလည်း မှတ်ညာဏ်အားတွေ ပျောက်သွားရော။ စိတ်ကလည်း ငါမဟုတ်တာကို ငါလို့သိ၊ သား မဟုတ်တာကို သားလို့သိ၊ သမီး မဟုတ်တာကို သမီးလို့ယူပြီး မှားယွင်းကုန်တော့မှာပေါ့။

အယူမှားတယ်ဆိုတာ ဒိဋ္ဌိပဲ။ ဒိဋ္ဌိနဲ့တွဲတဲ့ စိတ်ကလည်း ဒိဋ္ဌိစိတ် ဒိဋ္ဌိစေတသိက်။ ခန္ဓာငါးရင် သင်္ခါရက္ခန္ဓာပေါ့။ ဝိပဿနာ ရှုတယ်ဆိုတာ ပုထုဇဉ်နယ်မှ အရိယာနယ်ကို တက်လှမ်းနေတာပေါ့။ တချို့က တရားစခန်းသာ ဝင်နေတာ၊ ဝိပဿနာ အားထုတ်တာ ဘာကြောင့် အားထုတ်နေမှန်း မသိကြဘူး။

ဝိပဿနာ အားထုတ်ရာ နိဗ္ဗာန်ရချင်လို့ အားထုတ်တယ်။ နိဗ္ဗာန်ဆိုတာ သာလဲဆေးရင် သေသေချာချာ မပြောတတ်ကြတော့ဘူး။ ဒါကြောင့် ဆောင်ကို့ တသသအရေး လိုက်စားတဲ့နေရာမှာ ပေါ့ဖြတ်ဖြတ် မလုပ်ပါနဲ့။ သံသရာဘေးမပြီးချင် တရားရှာနဲ့၊ တရားရှာရင် သံဝေဂဉာဏ်ရှိဖို့ လိုပါတယ်။

ပုထုဇဉ်နယ်ကနေ အရိယာနယ်ကို တက်လှမ်းတဲ့အလုပ်ဟာ ဝိပဿနာအလုပ်ပဲ။ လူများအရေးရင် ခြင်္သေ့ဝေအောင် ဟူဟူနေနေ လုပ်လေ့ပါ။ ဒါမှ တိုးတက်မြှင့်လိုက်တဲ့အခါမှာ သူများ ကျော်နိုင်မယ်။ အဲဒီလို ကျော်နိုင်သွားရင် ကိုယ်လိုက်အားနေတဲ့

ဘာသာတရားပေါ်မှာ သူ့ဘဝတောက် ကသိုဏ်းရသွားလေ။ ကိုယ်တော်အား ပုံကြည့်တဲ့ ဘာသာတရားကို သူတစ်ယောက်သား မေးအားလုံးကြည့်သလောက်ဆိုရင် ဟု့အကျွတ်ပေါ်မှ တောင်းတယ် မဟုတ်လား။

ကိုယ့်ရဲ့ တာဝန် ဝေဖန် မဖော်သည် လောကကြီး ကောင်းစားရေးအတွက် ဖြစ်ပါစေ။ ကိုယ့်ကြောင့် တစ်ဦးတစ် ယောက် ဟိုးတက်လှူးပါစေလို့ ဆောက်တည်ရမယ်။ အဲဒီလို မေတ္တာ ရှေ့ရှုပြီးတော့ ဘာသာတရားကို လေးလေးနက်နက် လိုက်စားကြပါ။ လိုက်နာကြပါလို့ တိုက်တွန်းပါတယ်။

## ဝိတ်ဖို့ရာ ကောင်းခဲ့ပါစေ

ဝိပဿနာ အားထုတ်တာဟာ ဘာလိုချင်လို့လဲဆိုရင် နိဗ္ဗာန် လိုချင်လို့။ ဝိပဿနာ အားထုတ်ခြင်းသည် ဉာဏ်နယ်ကနေ ဘယ်နယ်ကို လှမ်းတက်တာလဲဆိုရင် ပုထုဇဉ်နယ်ကနေ အရိယာ နယ်ကို လှမ်းတက်တာ။ အဲဒီတော့ အရိယာနယ်ကို လှမ်းတက် တဲ့အခါ ဒါနသက်သက်၊ သီလသက်သက်နဲ့ လှမ်းတက်လို့ မရ ဘူး။ သမထသက်သက်နဲ့လည်း အရိယာနယ်ကို လှမ်းတက်လို့ မရဘူးလို့ မှတ်ရမယ်။

ဒါနလည်း လုပ်၊ သီလလည်း စောင့်တည်၊ သမထလည်း ပွားများရမှာပါ။ ဒါန သီလ သမထ ဆိုတဲ့ မိုးရေမရှိဘဲနဲ့ တို့တစ် တွေ ဆုပ်ကိုင်စရာကို ရမလားဘူးနော်။ အဝိဇ္ဇာက တို့တစ်တွေမှာ ဒါန သီလ သမထ ဆိုတဲ့ ကုသိုလ်မိုးရေရှိခဲ့လို့ သုဂတိ ဘုံ့ခွင် ကို ရလာခဲ့တယ်။ သူတော်ကြီးတွေ သာသနာ့ကောင်းကြီးနဲ့ တွေ့ကြုံ ရတာပဲ။ ဘဝတွေအများကြီး ရခဲ့တယ်။ အခုလိုနဲ့ပဲ ကျော်ကြီး သာသနာ့ဝေဘဝကြီးဖြစ်တဲ့ ဗုဒ္ဓနိဗ္ဗာန်တရားတော်ကြီးကို ဖြစ်စေ

အလေး ဖြန့်ဖာနားနဲ့ ဗိုဗြင်ပြင် မျက်ကြီးရှုတ်သောနှင့် ရုပ်ကြီးသော ဖြစ်ပါတယ်။

ဒီလို အနှင့်ဆောင်တွေ ရကြတာ အကုသိုလ်နဲ့ မှီရာ ဖြစ်ခဲ့လို့လား၊ ကုသိုလ်နဲ့ မှီရာဖြစ်ခဲ့လို့လား စဉ်းစားကြပါ။ ကုသိုလ်ကို အကြိုလိုရတာလား၊ အမှီကောင်းလို့ ရတာလား ဆိုတော့ အမှီကောင်းလို့ ရခဲ့ကြတာပဲ။ မှီရာက တခြား မဟုတ် ပါဘူး။ နိုသေးသေးစွည်းပေါ်။ မှီရာတွေက ဒါနဆိုတဲ့ မှီရာ၊ သီလ ဆိုတဲ့ မှီရာ၊ ဘာဝနာဆိုတဲ့ မှီရာ၊ စိတ်ကောင်းနှလုံးကောင်း မှီ ရာ။ မှီရာတွေက အမျိုးမျိုး အစားစားရှိလို့-ပ၊ အကြောင်းတရား ရှိလို့- ဌာန။ ပေါင်းလိုက်တော့ ပဋ္ဌာန် - ပဋ္ဌာန်း ဖြစ်ပါတယ်။

အမေတိုက ကုသိုလ်အမှီကောင်းကိုလည်း ရခဲ့ပြီး ပဋ္ဌာန် မှာလည်း မိကောင်း ဖကောင်း ဆွေကောင်းမျိုးကောင်းဆိုတဲ့ မှီရာကောင်းတွေတွေ့လို့ အခုလို တရားနာခွင့် ရခဲ့ကြပါတယ်။ အဖေကလည်း ထင်ရှားစိုက်၊ အမေကလည်း ထင်ရှားစိုက်နဲ့၊ ရိုင်းရှုင် ကိုင်း ရိုင်းရှုတ်တဲ့ မိဘမျိုးက မွေးလာတဲ့ သားသမီးက ဘယ်လို လုပ်ပြီး ယဉ်ကျေးတော့မှာလဲ။ ဒီလို မိဘဆိုးကို မှီရတဲ့ သားသမီး ကတော့ လူနဲ့တို မတူတော့ဘူး။ သာသနာရေး အသိပညာ လူမှု ရေး အသိပညာ ဘာတခုမှ မရှိဘူး။ မိဘ အမှီကောင်းမှ လူ ဖြစ်ခဲ့တယ်။ ဒါကြောင့် မိဘဆိုတိုင်း အမှီကောင်းလို့ ပြောရပါ ဘူး။

ကိုယ်တစ်ယောက်က ဗုဒ္ဓရှင်တော်မြတ်ရဲ့ ဆုံးမဩဝါဒတွေ ရ နေလေတော့ သားသမီးတွေအတွက် ပါပေ ကောင်းကောင်း မိဘ ကောင်း ဖြစ်ရမယ်လို့ နှလုံးသွင်း စိတ်ကောင်းလေးတွေ မွေးပြီး လောကကြီးကို အလှဆင်နိုင်အောင် ကြိုးစားသွားကြရပါမယ်။

## တရားတော်ဆိုင်ရာ အကျိုးကျေးဇူး

မြတ်ဗုဒ္ဓရဲ့ အဆုံးအမ တရားတော်များဟာ အကျယ်ချဲ့ ဟောနိုင်ရင် ဟောနိုင်သလောက် အာဝဇ္ဇန်းဖွင့်ရင် ရှင်းသလောက် လောကီအတွက်လည်း ကျေးဇူးများတယ်။ လောကုတ္တရာ အတွက်လည်း ကျေးဇူးများတယ်။

ဓမ္မာ ဓေဝဓေဝ သမ္ဗုဒ္ဓေ ပီတဟယ သဒ္ဓါဓိနံ။

ဆိုတဲ့အတိုင်း ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေဟာ လောကမှာရှိတဲ့ လူသားနဲ့ သတ္တဝါအားလုံးရဲ့ လောကီ လောကုတ္တရာ နှစ်ပါးသော အကျိုးစီးပွား ဖြစ်ထွန်းစေနိုင်ပါတယ်။ အားလုံး အကျိုးရှိအောင် ဘုရားက တရားတော်တွေ ဟောခဲ့တာလို့ မှတ်ပါ။

တရားတော်ကြီး လောကအလယ်မှာ တည်ရှိနေတာဟာ လောကီကို အကျိုးစီးပွား ဆုတ်ယုတ်စေချင်လို့လား၊ တိုးတက်စေချင်လို့လား ဆိုတော့ တိုးတက်စေချင်လို့ပဲပေါ့။ လိုက်နာရင် လိုက်နာသလောက် အကျိုးရှိတဲ့ တရားတော် ဖြစ်ပါတယ်။

ကြားနာရုံပင်၊ အလုပ်ဝင်၍
ကျင့်လျှင်ချမ်းသာ
ကျင့်ပြီးခါလည်း၊ လွန်စွာငြိမ်းချမ်း
နိဗ္ဗာန်နန်းနှင့်၊ စခန်းသင့်အောင်
မှန်းလင့်ညွှန်ကျော်၊ ဟောကြားတော်မူခဲ့ပါပေ၏။

မြတ်စွာဘုရား၏ တရားတော်က ဘုရားဟောရင်းနဲ့ တရားထဲမှာပါ စိတ်ထိုက်ပြီးတော့သာ နာရလိုက်ရင် ရုပ်ထဲမှာ အေးချမ်းနေတယ်။ "ကြားနာရုံပင်၊ အလုပ်ဝင်၍" ဆိုတဲ့အတိုင်း အလုလောကတွေ ဝင်ကြည်သွားတယ်။ "ကျင့်လျှင် ချမ်းသာ" ဆိုတဲ့အတိုင်း လက်တွေ့ကျင့်သုံး လိုက်နာလိုက်ရင်လည်း ချမ်းသာသုခ ရရှိတယ်။

အပူသောကတွေ ဝေးကွာပြီး ချမ်းသာချင်တယ် ဆိုရင် တခြားရှာမနေနဲ့။ တရားတော်ကိုသာ မှီလိုက်ပါ။ တရားကို မှီတာ နိဿယဝတ္ထုပဲ ဖြစ်ပါတယ်။ တရားတော်ကို မှီခြင်းက အကြောင်း၊ အေးချမ်းတာက အကျိုး။ တရားတည်းဟူသော မှီရာရလို့ အေးချမ်းခြင်းဆိုတဲ့ အကျိုးတရားကို ရပါတယ်။

## မှီရာကောင်းမှ တည်ရာရမယ်

နှစ်ခွလေးပေါ်ကို မှီပြီးတော့ တိုင်တစ်တွေသာ ရပ်တည်နိုင် ရတယ်။ ဒါဆိုရင် ပေါ်အစွမ်းလေး၊ နှစ်ကျွန်လေးပေါ် အစွမ်းလေး ပြင်းမှ မလိုတော့ဘူး။ နှစ်ခွလေးပေါ်ထက သခါ ရှုထွန်းမှာပါတဲ့ အလှူရှင် အမြင်မှား အသိမှားတွေ ရှိနေလို့လည်း အပါယ်လေးပေါ်က လွတ်နိုင်ဘဲ ဖြစ်နေကြတာပေါ့။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မိထွေးတော် ဂေါတမီကို မှီပြီးတော့ အသက်ရှင်သန် ကြီးပြင်းခဲ့ရသလို နောက် ကိုယ်လည်း အတောအတောရှာဆုံးဟူသော မှီရာကိုရခဲ့လို့ ရပ်တည်နိုင် ခဲ့တာပေါ့။ ဘုရားအဖြစ်ကို ရောက်တော်မူပြီဆိုတော့ ဗောဓိ ပင်နဲ့ ရွှေပလ္လင်က မှီရာ။ ရှင်တော်မြတ်ဗုဒ္ဓရဲ့ ဟဒယဝတ္ထုက သဗ္ဗညုတဉာဏ်တော်ရဲ့ တည်ရာ ဖြစ်လာပါတယ်။

ဘုရားကိုယ်တော်မြတ်ရဲ့ ဟဒယဝတ္ထုမှာ သဗ္ဗညုတဉာဏ် တော် ပေါ်ပေါက်လာဖို့အတွက် ကျင့်ကြံကြိုးစားတော် အားထုတ်ရာ ဗောဓိပင်နဲ့ ရွှေပလ္လင်က မှီရာ ဖြစ်ပါတယ်။ သဗ္ဗညုတဉာဏ်တော် ကြီး ရဖို့ရာ ဉာဏ်စွမ်းနဲ့ ဟဒယဝတ္ထုက တည်ရာ ဖြစ်ပါတယ်။ ဒီလိုပါပဲ၊ ယောဂီတို့မှာလည်း မွေးရပ်သာ တရားစခန်းတွေနဲ့ သံဃာတော် အရှင်မြတ်တွေက ဟောတော်မူပေးတဲ့တရားတွေ နာ ကြားမှတ်သားဖို့ရာအတွက် မှီရာ။ ယောဂီတို့ရဲ့ ဟဒယဝတ္ထု

ထဲမှာ သစ္စာသိတဲ့ဉာဏ်၊ ဖြစ်ပျက်သိတဲ့ဉာဏ်က တည်ရာ။ ဖြစ်ပျက်မြင်တဲ့ ဉာဏ်၊ သစ္စာသိတဲ့ဉာဏ်က ဟဒယဝတ္ထုမှာ တည်တယ်၊ ဟဒယဝတ္ထုမှာ ပေါ်ပါတယ်။

ဖောစ်ဝင်နဲ့ ရွှေကြည်သည့် ဝိဇ္ဇာမြစ်သလို ယောဂီတို့ရဲ့ ဘုရားကျောင်းကန် ဆရာသမား အားလုံးသည် သစ္စာသိဖို့ရာ အတွက် မို့ရာ။ ယောဂီတို့ရဲ့ ဟဒယဝတ္ထုက သစ္စာသိတဲ့ဉာဏ် ရဲ့ တည်ရာ။ အမှိုကောင်းမှ တည်ရာထွန်းပေါ်မှာ ဖြစ်ပါတယ်။

## ကျေးဇူးရှိစရာ ရှိခဲ့ပါသည်

နိသယဝန်ရှည်းတို့ ဘုရားမြတ်စွာ ဟောရဖြင်းဟာ တို့ တစ်တွေရဲ့ နှလုံးသားမှာ မှားယွင်းနေတဲ့ အသိမှားအမှတ်မှား ဆိုတဲ့ မိစ္ဆာသနဲ့တကွ အပါယ်လေးပါးကို ဖွဲ့ချည်တော့ တကာ့ စာနဒိဋ္ဌိဆိုတဲ့ ကိလေသာတွေ ပါးရှားသွားစေဖို့အတွက် ဟော တော်မူခဲ့တာ ဖြစ်ပါတယ်။

အတ္တမာနတွေကြောင့် ဟောတော့ အပါယ်ကျသင့်တဲ့နဲ့ ကျရှုံးခဲ့ကြရတယ်။ ဇပင်ဝန်းသင့်တဲ့နဲ့ ဝင်ပန်းခဲ့ကြရတယ်။ အဖွဲ့ရယ် မကြိုသင့်တဲ့နဲ့ ကြိုခဲ့ကြရတယ်။ အဲဒီလို အတ္တမာနတွေ ကြီးနေကြတာဟာ နိသယရှည်းရဲ့ သဘောကို နားလည်လို့ ဖြစ်နေကြတာပါပဲ။

တစ်ခုခု အောင်မြင်ဖြစ်ထွန်းပြီဆိုရင် "ငါ အရည်အချင်း နဲ့ငါ ဖြစ်တာပဲ" လို့ မမှတ်လိုက်နဲ့နော်။ စီးပွားရေးပဲဖြစ်ဖြစ်၊ လူမှုရေးပဲဖြစ်ဖြစ်၊ အိမ်ထောင်ရေးပဲဖြစ်ဖြစ်၊ ကျန်းမာရေးပဲဖြစ်ဖြစ် "အကြောင်းရှိလို့ အောင်မြင်တာပါလား" လို့ သိရမယ်။

ကျေးဇူးတင်စရာ တလောကကြီး ရှိတယ်နော်။ ကျေးဇူးတင်စရာ ဘုရား ကျေးဇူးတို့သိတာ လူ့ကျေးဇူးဆိုတာ မိဘပေါ့။ တလောကကြီး

တကော့ ကျေးဇူးသိတဲ့အတိုင်း ထုတ်ဖော်ပြောတယ်။ ကျေးဇူး ဆပ်တယ်။ "ဪ - သူ့ကျေးဇူးကို မှီပြီးတော့ ငါ အခုလို အောင်မြင်တာပါလား" ဆိုပြီး ကျေးဇူးဆပ်ရကောင်းမှန်း သိတယ်။ ဒါဟာ နိဿယဝတ္တရားရဲ့သဘော ဖြစ်ပါတယ်။ ပဋ္ဌာန်းတရား ဟောတာ ယူတတ်ရင် ယူတတ်သလောက် ကျေးဇူးများပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ရှေ့က အဘိဓမ္မာ (၆) ကျမ်းကို ဆင်ခြင်တော်မူစဉ်က ခန္ဓာကိုယ် အရောင်တော် အသားတော်တွေ ဘာမှမဖြစ်ဘဲနဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကို ဆင်ခြင်တော်မူလိုက်မှ သွေးသား ကြည်လင်ပြီးတော့ ရောင်ခြည်တော် ခြောက်သွယ် ထွန်းမြူလာခဲ့ရပါတယ်။ ပဋ္ဌာန်းဒေသနာတော်နဲ့ ပတ်သက်ပြီး ဒီလောက် သိလိုက်ရတာတွေက ဝမ်းသာစရာ ကောင်းလှပါတယ်၊ တရားပွဲစီစဉ်တဲ့ ပုဂ္ဂိုလ်တွေ "ကျန်းမာပါစေ၊ ချမ်းသာပါစေ"နော်။ ငါတို့ တစ်သက်လုံး ရှာလာခဲ့တဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးဟာ ဒီလောက် လေးနက်မှန်း မသိခဲ့ရဘူး။ အခုတော့ သိခွင့်ရပြီ ဆိုပြီး ဝမ်းသာရမယ်။ လေးလေးစားစားနဲ့ လေ့လာလိုက်စား နာကြားကြဖို့လည်း တိုက်တွန်းရပါတယ်။

## မျက်လုံးအကြည်ကိုမှီ၍ မြင်ရတယ်

နာမ်ခန္ဓာလေးပါးသည် အချင်းချင်း မှီရာအဖြစ် ကျေးဇူးပြုတယ်။ ဝိညာဏ်က ဝေဒနာကိုမှီ၊ သင်္ခါရက သညာကို မှီ၊ ဝိညာဏ်က သင်္ခါရကိုမှီ၊ ဝိညာဏ်က သညာကိုမှီ စသဖြင့် နာမ်ခန္ဓာလေးပါးဟာ တစ်ခုတည်း ရေတည်းကဲ့ လေချိုးလုံး ရပ်တည်ကြတယ်။ ဖြစ်တုန်းကလည်း အတူတူ၊ ပျက်တော့လည်း အတူတူပါပဲ။ ရှေ့ဆက်ကြည့်မယ်ဆိုရင်

စက္ခုသောတနဲ့ ဃာနဇိဝှာ ကာယ ဟဲ့ သဠာယတနာ
နှစ္လ ဝေဒနာနဲ့ နိဿယပစ္စယနဲ့ ပစ္စယုပ္ပန်။

မြင်ရင် မြင်စိတ် ဖြစ်တယ်။ မြင်စိတ်ရဲ့ မှီရာဟာ မျက်လုံး အကြည်၊ ပါဠိလိုတော့ စက္ခုပသာဒပေါ့။ မျက်လုံးအကြည် စက္ခုပသာဒ ဆိုတာ တခြားမဟုတ်ဘူး ရုပ်တရားပါပဲ။ ရုပ်တရားကို မှီပြီးတော့ မြင်စိတ်လေး ပေါ်ရတာပါ။

မျက်လုံးအကြည်သာ မရှိရင် မျက်လုံးသက်သက်နဲ့တော့ အလကားပါပဲ။ အရောင်အဆင်းကို လက်ခံတဲ့ ပသာဒအကြည် ဆိုတာ ကမ္မဇရုပ်ပါ။ မျက်လုံးက မြင်တယ်လို့ သွားမယူလိုက်နဲ့နော်။ မျက်လုံးထဲမှာ ကိန်းအောင်းနေတဲ့ ပသာဒရုပ်က မြင်တယ်။ တချို့က မျက်လုံးမျည်းဝဲရှိတာ ကြောင်တောင်ကန်းပေါ့။ မွေး ကတည်းက ပါလာတဲ့ ကံနာဝဋ်နာ ဆိုတော့ ဘယ်ဆရာဝန်မှ ခွဲစိတ်ကုသ မပေးနိုင်ဘူး။

ကြောင်တောင်ကန်း ဖြစ်နေရတာလည်း ကံရဲ့သက္ခီ၊ အဆင်းချောရတာလည်း ကံရဲ့သက္ခီ၊ အဆင်းဆိုးရတာလည်း ကံရဲ့သက္ခီ၊ အမြင်ဓာတ်တွေ ရှိတာလည်း ကံရဲ့သက္ခီ၊ အမြင်ဓာတ်တွေ ဆုံးရှုံးရတာလည်း ကံရဲ့သက္ခီ။ ကံပေါ်မှာ မှီနေရတယ်။

ဒါက နိဿယပစ္စည်း အမြင်စိတ်တွေ ပေါ်လာတာက အကျိုးတရား။ ကံကပစ္စည်း၊ အလင်းရောင် ပေါ်တာက ပစ္စယုပ္ပန်။ ပစ္စည်းနဲ့ ပစ္စယုပ္ပန်၊ အကြောင်းနဲ့အကျိုး ဖြစ်ပါတယ်။

အကြောင်းအကျိုးတွေက ဘယ်မှာပေါ်တာလဲ မေးတော့ ခန္ဓာမှာပေါ်တာ။ ဘယ်မှာလဲ ငါ့အတွက်၊ အလကားနေရင်းနဲ့ သတ္တဝါ ဒုက္ခတွေ ဟောက်နေကြတယ်၊ ရှာလည်း မရှာတော့ဘူး။ ရှာဖို့ မရှာတတ်တော့ဘူး။ ကျေးဇူးတော်ရှင် ဗိုလ်ကုတ်ဆရာတော် ဘုရားကြီး အစဉ်တကျထားသွားတာကို ပြောတော့ "ခင်ကျကြွင်

ဦးလှကျော်တို့ ခင်ဗျားတို့က ရုတ်ပည်းမရှက်ဘူး။ အဓမ္မိတတယ်ဆော့ ခင်ဗျားတို့တော ရုပ်တည်နိုင်ရေးအတွက် အကြောင်းတရားက ကြွကြွင်းလေးတောင်ရှာ" လို့ မိန့်တော်မူခဲ့တာပေါ့။

မိုရော ကား ခိတ်၊ ဥတု၊ အာဟာရပါ။ မြင်တယ်ဆိုရင် မျက်လုံးအကြည်ကို မှီပြီးတော့ မြင်ရတယ်၊ အကြည်ဆိုတဲ့ ပသာဒ မရှိတဲ့နဲ့ မမြင်နိုင်ဘူး။

## အကြည်တင်ပြ မိုရော

ကြားတယ်ဆိုတာလည်း နားအကြည်ကို မှီပြီးတော့မှ ကြားရတာနော်။ နားရွက်ပါပြီး မကြားရတာတွေ ရှိတယ် မဟုတ်လား။ နားရွက်အတွင်းက ပသာဒအကြည် အမှုန်ပါးကို မှီရတယ်။ ပသာဒက ကံကြောင့် ဖြစ်တဲ့ သတ္တိပေါ့။ ယောဂီတို့ မြင်နေရတာက မြင်၊ ရုပ်သတ္တုနဲ့ မြင်ရတယ်။ သတ္တိကို မမြင်ရပါဘူး။

**ကမ္မ အဓိပ္ပါယ်**—ကံရဲ့သတ္တိကို ကြိုတည်လို့ မရတော်ဘူးတဲ့။ တချို့က ပေါက်တွေ့မှ ယုံကြည်ချင်တယ်။ နားအကြည်မှာ မှီပြီး ဖြစ်ရတဲ့ ကံရဲ့သတ္တိလေး မရှိဘဲနဲ့ တတ္တဒယ်ကိုမှ လက်ခံနိုင်မှာ မဟုတ်ပါဘူး။ ကြားတယ်ဆိုတာက နားအကြည်ဆိုတဲ့ ပသာဒရုပ်ကလေးကို မှီပြီးတော့မှ ကြားရတယ်။ အဲဒီ နားအကြည်ဆိုတဲ့ ပသာဒရုပ်ကလေးက ဘယ်သူ့ကြောင့် ဖြစ်တာလဲဆိုတော့ ကံကြောင့် ဖြစ်တာပါ။

တတစ်ရော၊ နှာအကြည်ရုပ်ကလေးက မိုရာရဲ့ အကျိုးအေး၊ ပစ္စည်းနဲ့ ပစ္စယုပ္ပန်။ အကြောင်းနဲ့အကျိုး ဆက်ပြီးတော့ ဖြစ်တဲ့ လောကကြီး မရှိပါဘူး။ "ငါ့နှာနဲ့ငါ ကြားတာ ဘယ်သူ့ ရှုစိုက် ရမလဲ" တဲ့။ ရှက်လည်း မရှက်ဘူး။ ပိုင်မြင်းပိုင်နိုင် ကံစိတ် ဥတုအာဟာရတွေက ပိုင်ရှာပေါ့၊ ဒီအကြည်ရုပ်တွေရဲ့ မိုရာက ကံစိတ် ဥတု အာဟာရ မဟုတ်လား။

အဲဒီကိစ္စမှာ ယောက်ျားမိန်းမ ပုဂ္ဂိုလ် သတ္တဝါ မပါဘူး။ အကြောင်းစုမှ ပေါ်တဲ့ အကျိုးစုတွေမှ "ငါကိုယ် ငါပိုင် ငါ့ဆိုင်" သွားလုပ်လို့ရမလား။ အဲဒါကို မိုးကုတ်ဆရာတော်ကြီးက ပြောတာပေါ့ "ကိုယ်မပိုင်တဲ့၊ ကိုယ်နဲ့ ဘာမှလည်း မဆိုင်တဲ့နဲ့ ကိုယ်လည်း အကြောင်းတရားထဲမှာ ပေါ်တဲ့ ဖြစ်တည်လာတဲ့ အကျိုးတရားတွေမှာ ငါပိုင်တယ် ငါဆိုင်တယ် ငါ့မျက်လုံး၊ ငါ့နှာခေါင်း၊ ငါ့ဟာသွားလုပ်လိုက်တော့ ဒကာကြွယ် ဦးလှ ရွှေတို့ရဲ့ ကိုယ်မဆိုင်တဲ့ ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်း သွားလုပ်ပြီး မတော်မလျော် သွားလုပ်တာ" တဲ့။

ကိုယ်ပိုင်ပစ္စည်း မဟုတ်တဲ့ သူများပစ္စည်းကို မတော် မတရား ငါ့ပစ္စည်းဆိုပြီး အကောင်းအခမဲ့ ယူသွားတာ ခိုးတာပဲပေါ့။ အားလုံး သူခိုးတွေ ဖြစ်နေပြီနော်။ ကိုယ့်ဘဝကို သိပြီလား။ ပဋ္ဌာန်းဒေသနာရဲ့ အကြောင်းအကျိုး နိယာမကို မဆင်ခြင်နိုင်သေးသမျှ ကာလပတ်လုံး သူခိုးတွေချည်းပဲ။ အားလုံးဟာ မဂ္ဂဉာဏ် မရောက်ရင် သူခိုးစိတ် ဘယ်တော့မှ မပျောက်ဘူး။

သူခိုးစိတ်ဆိုတာ တခြားမဟုတ်ဘူး ဒိဋ္ဌိနော်၊ သူများ ပစ္စည်း ခိုးတာလေ၊ ကိုယ့်ပစ္စည်း ကိုယ်ပြန်ခိုးတာလား။ ကိုယ့် ပစ္စည်း ကိုယ်ပြန်ခိုးနေတာကတော့ အတွင်းသူခိုးပေါ့။ အပြင် သူခိုးနဲ့ အတွင်းသူခိုး ဘယ်ဟာက ကြောက်စရာကောင်းသလဲ။ အပြင်သူခိုးက သူခိုးလေး၊ အတွင်းသူခိုးက သူခိုးကြီး။ ဒိဋ္ဌိက သူခိုးဖြစ်အောင် လုပ်နေတာပဲ။

ဒိဋ္ဌိက ဘာဖြစ်လို့ သူခိုးဖြစ်အောင် လုပ်နေတာလဲ ဆိုတော့ မှီရာကို မသိလို့ပေါ့။ မှီရာက ဘာလဲဆိုရင် ကံ စိတ် ဥတု အာဟာရ။ မြင်စိတ်ကလေးအတွက် မှီရာက မျက်စိအကြည်၊ ကြားစိတ်ကလေးရဲ့ မှီရာက နားအကြည်၊ နံစိတ်နှစ်လုံးရဲ့ မှီရာ

က နှာခေါင်းအကြည်၊ စားစိတ်ကလေးရဲ့ မှီရာက လျှာအကြည်၊ တွေ့ထိစိတ်ကလေးရဲ့ မှီရာက ကိုယ်အကြည်လို့ အကြည်ကောင် ငါးမျိုး ရှိတယ်နော်။

## ဆရာကောင်းရှိမှ တပည့်ကောင်းဖြစ်နိုင်

အကြည်ကောင်ငါးပါး မှီရာရှိတဲ့ ကိုယ်ကာယတွေရဲ့ သန္တာန်မှာ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ် ပေါ်နိုင်စရာအကြောင်း မရှိပါဘူး။ အခုလို ရုပ်တည်နိုင်အောင် လုပ်ပေးတဲ့ ဓာတ်ကြီးလေးပါးကလည်း ရှိသေးတယ်။ ဓာတ်ကြီးလေး ပါးလည်း ရုပ်တရားပါပဲ။

**ဇမ္ဗူဒီပ ပထဝီကား အညာစည် နှိုးဆော်လှည့်လည်နေ ဝန္ဒေ သော။**

ဓာတ်ကြီးလေးပါးက ပတ်ဝန်းကျင် မှီရာအားဖြင့် ကျေးဇူး ပြုတယ်။ ဆောက်တည် သွားနိုင်လာနိုင်ဖို့ တရားတွေနာနိုင် သူ တော်ကောင်း အလုပ်တွေ လုပ်နိုင်ဖို့၊ ရုပ်ကျူးလွန်မျိုး ထိုင်းမျိုး ပြည့်မျိုး လောကီလောကုတ္တရာ အလုပ်တွေ နေ့စဉ်နဲ့အမျှ လုပ် ရှာရှိန်းကန့်နိုင်ဖို့ ဓာတ်ကြီးလေးပါးကလည်း အညီအညွတ် အမှီ ပြုနေရတယ်။ နာမ်ခန္ဓာလေးပါးကလည်း အညီအညွတ် အမှီပြု နေရတယ်။

**ကြည့်ရှုပွားစေ နာမရုပ် အညာစည် နှိုးဆော် ဝန္ဒေသော ဝန္ဒေသော။**

ကကသိတင်းကျူးလော့ မောင်ကြီး၊ မိန့်မ ဖုန်ပြင် သဘွဲ့ပါ လား၊ ရုပ်နဲ့နာမ်လေး ဆက်ကြည့်ရင် ရုပ်နဲ့နာမ်ပဲ။ ရုပ်နဲ့နာမ်က ရုပ်ကလည်း နာမ်ကိုမှီ၊ နာမ်ကလည်း ရုပ်ကိုမှီ။ ပဋိသန္ဓေ ကည် တာ ယောက်ျားမိန်းမ မပါဘူး။ သဘာဝတွေ သက်သက်ပဲ ရှိတာပါ။

သမ္မုတိသစ္စာကိုတော့ သွားမပယ်လိုက်နဲ့။ သမ္မုတိသစ္စာ ပျောက်ပယ်ရင် ပဋ္ဌာန်းရှိသတ်ကြီးဆိုက်ပြီး အပါယ်လေးပါး ကျကုန်တော့မှာပေါ့။ ဒါကြောင့် သမုတိကိုလည်း မပယ်နဲ့။ ပရမတ်ကိုလည်း မကျွယ်စေနဲ့လို့ ပြောကြတာပဲ။

တချို့က ကိုယ်လည်း သူတော်ကောင်းကောင်း မဟုတ်၊ ဆရာကောင်း သမားကောင်း ဗိုလ်ကိုလည်း မရှာဘဲနဲ့ ကိုယ့်ကိုယ်ကို လူတော်ကြီးလုပ်ပြီးတော့မှ "မိုးကုတ်တွေ၊ မောဇေည့်တွေ ဒွန်းလွန်းတွေ ရှုပ်လှက်ကို ဖော်နေတာပဲ" လို့ ပြောတယ်။ အခု ရှင်စရာ မရှိဘူး။ အရာရာတိုင်းမှာ တပည့်တို့ရဲ့ မိုရာပဲ ဆရာ ဖြစ်ပါတယ်။ ဆရာကောင်းရှိမှ တပည့်ကောင်း ဖြစ်နိုင်ပါတယ်။ တပည့်ကောင်းဖြစ်မှုမှ ဆရာကောင်း ဖြစ်နိုင်ပါတယ်။ တပည့် ကောင်း မဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ အသက်တော့မှ ဆရာကောင်း ဖြစ် မလာနိုင်ဘူး။ ဆရာကောင်းတွေ ထယ်လိုပဲရှိရှိ တပည့်ကောင်း ဖြစ်ဖို့ရာ အရေးကြီးပါတယ်။

ဒီနေရာမှာ အခွင့်ကြုံတုန်းမို့ နည်းနည်းလေး သတိပေးလိုက် ပါရစေ။ ဘုရားဟောခဲ့ ပြီးတာပဲ ဘယ်လောက်မှ ဘယ်လောက်ရှိနေ ဘုရားရှင်း ပျောက်နေပြီလို့ ပြောနေကြတာကြပါတယ်။ အခုနှင့် နောက် မတွေ့လိုက်ပါနဲ့။ အရှင်သာရိပုတ္တရာလောင်းလျာ ဥပ တိဿဟာ ဘုရားနဲ့ မတွေ့ခင် ဘုရားတပည့် အရှင်အဿဇိနဲ့ အရင်ဆုံးတွေ့ပါတယ်။ ဖြတ်ပုံ့ချာ၏ အဆုံးအမလေးတွေကို အရှင် အဿဇိထံမှာတယ် သိခွင့်ကျင့်ခွင့် ရပါတယ်။ ဘုရားနဲ့မတွေ့ခင် ဘုရား၏ အဆုံးအမတရားရဲ့ အရင်တွေ့လို့ သောတာပန်တည်ပြီ၊ ထိုမှတဆင့် ဥပတိဿ၏ မွေးဖော်ဘက်ဆင့် ကောလိတ အရှင် မောဂ္ဂလ္လာန် လောင်းလျာ ကောလိတ သောတာပန်တည်ပြီ၊

နောက် ဘုရားနဲ့ရော့ သက်လတ်တရားနာ အား ထုတ် ရသည့်ဂဖြစ်ကြတယ်။

ဒီနေရာ ဘာဖြေပြချင်သလဲ၊ အဓိကက အရှင်သာရိပုတ္တရာ မြတ်စွာဘုရားနဲ့အတူ ဖေသေအာရိ လှည့်လည်သောနေ ဖြူကြတဲ့ အခါပဲဖြစ်ဖြစ်၊ ကိုယ်တော်တိုင် ဦးဆောင် သာသနာပြု ကြွတဲ့ အခါပဲ ဖြစ်ဖြစ်။

အသိပညာ ရှေးဦးစွာ ဗိုလ်အားဖြင့် ရွေးနှုတ်ပြုလိုက်သော လက်ဦးဆရာ အရှင်အဿဇိ ရောက်ရာရှိရာ အရပ်ကို ဦးသော ဂါရဝပြု ရှိခိုးဦးတင်ပြီးမှ အိပ်စက်အနားယူပါတယ်။

ဒီနေရာမှာ ဘုရားကိုကျော်ပြီး အရှင်အဿဇိကို အလေး ပေးလွန်းတယ်လို့ အရှင်မြတ်ကြီးအပေါ် အထင်မှားစိုးပါစေနဲ့ 'အာစရိယပူဇော အနုစ္ဆဝ'ပါ။

လူတော်စင်များ ဒါလေးတွေ သတိမူစေချင်ပါတယ်။ ဘုရား နားမှာ ကပ်နေတဲ့ အရှင်အာနန္ဒာ၊ ဆောဘာဝနဲ့ တည်ရုပ်ကောင်ပဲ မြတ်စွာ၏ အလိုတော်ကျ ဖြန့်လည်းဟောကြားတော်မူသော အရှင် ပုဏ္ဏ၏ တရားတော်ကို နာကြား၍ ရဟန္တာဖြစ်ရောက်လို့ ဆောဘာ ဝနဲ့ တည်ရုပ်တယ်။

သူ့သာဝကနဲ့သူ ချုတ်ရှုမ်လိမ့်မယ်လို့ ဝရိုနိမ့်လျှ ဖို့ နိုးကာဝ် နေတဲ့အချိန် အရှင်အာနန္ဒာကို မြတ်စွာ ကိုယ်တော်တိုင် မိန့်တော် မူခဲ့သည်ကို သတိချပ်စေချင်ပါတယ်။

ရှင်တော်မြတ်စွာ သက်တော်ထင်ရှားရှိစဉ် သနေ့တော်အထိ ဆရာ သားရ အသီးသီး ဟောပြောဖို့နေကြတာပဲ မြတ်စွာ အလို တော်ကျချည်းပါပဲ။

အမိန့်တော်ခံယူကြသော ဆရာသား၏ ဂုဏ်ကျေးဇူးကို

ဆပ်လိုသေးသောအားဖြင့် အာစရိယဂုဏော အနန္တော မကွယ်မပျောက် ရစေအောင်

“ရှင်တော်မြတ် ဗုဒ္ဓ၏ အလိုတော်ကျ ဆရာတော်ဘုရား၏ ဥပနိဿယအတိုင်း ဖော်ပြခြင်း ဖြစ်ပါတယ်”လို့ သုံးနှုန်းရေးခြင်း ဖြစ်ပါတယ်။

သမ္မုတိကိုလည်း မပယ်နဲ့၊ ပရမတ်ကိုလည်း မကွယ်ပါစေ နဲ့၊ မြတ်ဗုဒ္ဓါန်းဒေသနာ နိဿယပစ္စည်းရဲ့ မိုးရေအားဖြင့် ကျေးဇူး ပြုနေပုံကို မိဘ၊ ဆရာသမား အနန္တာ အနန္တငါးပါးဖြင့် ဖော်ပြ လိုက်ပါတယ်။

ဒါကြောင့် တို့ယောဂီများ သူရှားကြသည် နားကြားရှားလို့ ခင်ပွန်းကြီး ဆယ်ပါးကို မမြင်မှားကြပါစေနဲ့လို့ အရှင်ကြီးရိုက် သတိပေး ကျေးဇူးဆပ်လိုက်ပါတယ်။ ကိုယ်တို့တမင်း ကိုယ်စားပြီး အပါယ်လေးချင်ကြပါနဲ့။ နှုတ်ကြောင့်ပေ၊ လက်ကြောင့်မကြ ဆိုတာလေးကို သတိထားကြပါ။

ဝိပဿနာ အလုပ်ခွင်ကမ္မဋ္ဌာန်း ပြတဲ့နေရာမှာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကတော့ သတိကိုဦးခေါင်းပြုတော်မူပါ တယ်။ ဝေဘူ ဆွန်လွန်းဆရာတော် ဘုရားကြီးများကတော့ ဝီရိယကို ဦးခေါင်းပြုတော်မူပါတယ်။ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရား ကြီးကတော့ ပညာကို ဦးခေါင်းပြုတော်မူပါတယ်။

ဆရာသမား အားလုံး မြတ်ဗုဒ္ဓ အလိုတော်ကျ ပြတော်မူ ကြတာ ဖြစ်ပါတယ်။

သတိကော၊ ဝီရိယတို့ကော၊ ပညာနဲ့ကြည်ညိုမှု ဖြစ်လျှက် အစရှိ သော အဓိပ္ပါယ်တွေကို အရေးတွေ သိမြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါ ကြောင့် အခရေးကြီးပြီး ဆရာသမား သူတော်ကောင်း အသီးသီး

ကို မြေဖိမှားမိပါစေနဲ့။ ကိုင်း–မြတ်ပန်းရွာနိုးဒေသာမှာ ဆက်ကြဦး စို့။

## အခိုက်ကို သိလျှင် ဒိဋ္ဌိစင်

အောင်မြင်ဖို့ အခိုက်ကောင်းရှိရမယ်။ အခိုက်ကောင်းရှိမှ အောင်မြင်တယ်။ သွားလာနိုင် လှုပ်ရှားနိုင်တယ် ဆိုတာလည်း အခိုက်ကောင်းရှိမှ ဖြစ်ပါတယ်။

ရုပ်ကလည်း ရုပ်အချင်းချင်း မှီရာ၊ နာမ်ကလည်း နာမ် အချင်းချင်း မှီရာ။ ရုပ်နဲ့နာမ်ကို ဖြေလိုက်ကတည်းက သားတွေ သမီးတွေ ယောက်ျားတွေ မိန်းမတွေ ပုဂ္ဂိုလ်သတ္တဝါတွေ ပါသေး ရဲ့လား။ အဲဒါကိုပဲ ပါဠိလို ပုဂ္ဂိုလ်သတ္တဝါသညာတဲ့။

တကယ်တမ်းကျတော့ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ ဖြစ် ပျက်တရား၊ ဒုက္ခသစ္စာပါလားလို့ ပိုင်ပိုင်နိုင်နိုင် သိလိုက်တဲ့အခါ မှာ ငါကောင်သူကောင် ပုဂ္ဂိုလ်သတ္တဝါ ယောက်ျားမိန်းမဆိုတာ တွေ မလာတော့ပါဘူး။ ပုဂ္ဂိုလ်သတ္တဝါ သညာဆိုက်လိုက်တာနဲ့ တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ ပြုတ်သွားပါတယ်။

အကြောင်းတရားပဲ့ရှိသော မှီရာရှိလို့ အကျိုးတရားတွေ ဖြစ်တာပါလားလို့ ပိုင်ပိုင်နိုင်နိုင် သိလိုက်ရင် ပြတ်တယ်ဆိုတဲ့ အယူ မလာတော့ပါဘူး။ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သွားပါတယ်။

အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်။ မှီရာက အကြောင်း၊ ပေါ်လာတဲ့ ဝေဒနာမှန်က အကျိုး။ အကြောင်းဖြစ်ရင် အကျိုး ဖြစ်တယ်။ အကြောင်းချုပ်ရင် အကျိုးချုပ်တယ်။ အခိုက်ကောင်းတော့ အကျိုးရတယ်။ အဲဒီလို အကျိုးတရား ပေါ်နေပါလားလို့ ပိုင်ပိုင် နိုင်နိုင် ကျေးဇူးတရားကို သိရင် ဥစ္ဆေဒဒိဋ္ဌိ ဖယ်ပါတယ်။

အမှီကောင်းလို့ ဖြစ်တည်လာတဲ့ ကာယဝေဒနာ၊ ဘယ်ခန္ဓာ၊ ဘယ်အကြည်ကောင်းတဲ့ဖြစ်ဖြစ် အချိန်တန်ရင် ပျက်ရတယ်။ ပျက်တာ လေး ဖြစ်တော့ "မှိုင်တယ် ဖြစ်တယ်" ဆိုတဲ့ အပူအဆ မလာတော့ ဘူး။ သဘောတရားနဲ့ စင်ပါတယ်။

## စိတ်နှင့်ရုပ်ပေါ် စိတ်နှင့်ရုပ်ချုပ် စိတ်နှင့်ရုပ်သာ ဆောင် ရှုပါ

နာမ်အချုပ်ချုပ် မိုရာမှာလည်း ငါမပါဘူး၊ ရုပ်အချုပ်ချုပ် မိုရာမှာလည်း ငါမပါဘူး။ ပဋိသန္ဓေကတည်းက နာမ်က ရုပ်မှီ၊ ရုပ်ကနာမ်မှီပြီး ဖြစ်လာတဲ့အတွက် ငါငါနေရာအကြောင်း တစ်ချက် မှ မတွေ့နိုင်ပါဘူး။

**စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။**

ပြုံးရတာလည်း စိတ်ကြောင့်၊ ရှုံ့မဲ့ရတာလည်း စိတ် ကြောင့်၊ ကြမ်းတမ်းရတာလည်း စိတ်ကြောင့်၊ ကုသိုလ်လုပ်တာ လည်း စိတ်ကြောင့်၊ အကုသိုလ်လုပ်တာလည်း စိတ်ကြောင့်ပဲ ဖြစ်ပါတယ်။

**မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။**
**မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။**
**တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။**
**မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။**
**မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိဝါ။**
**တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနပါယိနီ။**

ဆိုတဲ့ ပါဠိတော်နဲ့အညီ ကာယကံ ကြမ်းတမ်းမှု၊ ဝစီကံ ကြမ်းတမ်းမှု၊ မနောကံ ကြမ်းတမ်းမှု ဆိုတဲ့ ကြမ်းတမ်းတဲ့ ရုပ်

တွေ ဖြစ်ရတာတွေလည်း စိတ်ကြောင့်ပါပဲ။ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ" စိတ်သာလျှင် ရှေ့သွားခေါင်းဆောင်ရှိကုန်၏ ဆိုတဲ့အတိုင်း စိတ် ခေါင်းဆောင်ပြီးပါရင် ကာယကံလည်း ပါပြီးသားပါပဲ။ စိတ် ယှဉ်စေတသိက်ယှဉ်လို့ ဆိုထားတယ် မဟုတ်လား။

ဒေါသစိတ်ကြောင့် ကာယကံ ဝစီကံ ကြမ်းတမ်းရတယ်။ မေတ္တာစိတ်ကြောင့် ကာယကံ ဝစီကံ နူးညံ့ရတယ်။ ကြမ်းတမ်း တာလည်း စိတ်ကြောင့်၊ နူးညံ့တာလည်း စိတ်ကြောင့်။ ဒါကြောင့် ကာယကံ ဝစီကံ ကြမ်းတမ်းတဲ့ အဆင့်အထိ မရောက်ချင်ရင် လောဘပေါ်တိုင်း နောက်က ညှပ်လိုက်ပါ။ ဒေါသပေါ်တိုင်း နောက်က ညှပ်လိုက်ပါ။ မောဟပေါ်တိုင်း နောက်က ညှပ် လိုက်ပါ။ မာနပေါ်လည်း ညှပ်လိုက်၊ ဒိဋ္ဌိပေါ်လည်း ညှပ် လိုက်ရမှာ ဖြစ်ပါတယ်။

ကိလေသာ စိတ်တွေရဲ့ မှီရာက ဟဒယဝတ္ထု ဖြစ်ပါ တယ်။ ဖြစ်ရင်လည်း ဟဒယမှာ ပျက်ရင်လည်း ဟဒယမှာ။ ဒီ နေရာမှာပေါ်၊ ဒီနေရာမှာပျောက်၊ ဒီနေရာပျောက်အောင် ရှုရမယ်။ အဲဒါတွေ သိအောင် နိဿယပစ္စည်းကို ပေးတာ ဖြစ်ပါတယ်။

**မဟာဘူတာ ဥပါဒါ ရူပါနံ နိဿယပစ္စယေန ပစ္စယော။**

**စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စ ယော။**

ရုပ်ပစ္စည်းတွေကလည်း အကြောင်းအမဲအားဖြင့် ကျေးဇူး ပြုကြောင်း အကြောင်းကို ဟောခဲ့ရတယ်။ မဟုတ်တဲ့နေရာ မရှိဘူး။ ရုပ်ပစ္စည်းတွေကလည်း သူ့သဘောအတိုင်း အမြဲနှိုးနှိုး ရုပ်ပစ္စုပ္ပန်ကာလ နိဿယပစ္စည်းအားဖြင့် ကျေးဇူးပြုနေတာပါပဲ။

သတ္တဝါတို့ သွားလာလှုပ်ရှား နေနိုင်တာဟာ ဓမ္မတိုင်းပင်လဲဟ

ဓာတ်လေးပါးနဲ့ နာမ်ခန္ဓာလေးပါး အခြေခံလေးပြီးတော့ မိန်းမ ကောင်းမှ သွားလာလှုပ်ရှားနိုင်တယ်လို့ မှတ်ပါ။ မိန်းကလေးဦး ပါလား ရုပ်နာမ်ပဲလားဆိုတော့ ရုပ်နာမ်ပဲလို့ ပိုင်ပိုင်နိုင်နိုင်သိရင် သက္ကာယဒိဋ္ဌိစင်တယ်။ အကြောင်းကြောင့် အကျိုးပေါ်တယ်လို့ သိရင် ဥစ္ဆေဒဒိဋ္ဌိစင်တယ်။ ပေါ်လာတဲ့ ခန္ဓာလေး မမြဲပါလားလို့ ပိုင်ပိုင်နိုင်နိုင် အပျက်ကို မြင်လိုက်တော့ သဿတဒိဋ္ဌိစင်တယ်။ ဒိဋ္ဌိသုံးပါးလုံး စင်သွားပါတယ်။


သက္ကာယဒိဋ္ဌိဖြုတ်ရင် ပုဂ္ဂိုလ်သတ္တဝါ သညာ၊ ဖြစ်ပျက်လေး တွေကို အဆက်မပြတ် မြင်လာရင် ရုပ်နာမ်သညာ။ ရုပ်နာမ်သညာ ဖြစ်ရင် သဿတနဲ့ ဥစ္ဆေဒချုပ်၊ ပုဂ္ဂိုလ်သတ္တဝါ သညာဖြစ်ရင် သက္ကာယဒိဋ္ဌိ ချုပ်ပါတယ်။

ဖြစ်ပျက်ညာဏ်ဆိုက်ရင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အပြီးတိုင် ပယ် သတ်သွားနိုင်ပါပြီ။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာတို့ရဲ့ ချုပ်ရာဟာ နိဗ္ဗာန် ဖြစ်ပါတယ်။ နိဗ္ဗာန်ရောက်ရင် ဖြစ်ပျက်သညာ ဖြစ်သွားပါပြီ။

မြတ်စွာဘုရားရှင် နိဿယဝတ္ထုသုတ်း ဟောပေးနေတာက သညာတဆိုက်အောင် ဟောပေးနေတာပါ။ ကိလေသာသညာ ခန္ဓာ သညာ ချုပ်ပစ်လိုက်တယ်။ ကိလေသာ သညာဆိုက်မှ ခန္ဓာသညာ ဆိုက်မယ်။ အပါယ်လေးပါး လုံးဝလွတ်မြောက် ကိတ်သွားဦးမယ်။ ဒါ နိဿယဝတ္ထုသုတ်ရဲ့ သဘော ဖြစ်ပါတယ်။

ဝိနေယျကလေးဦး ရုပ်နာမ် အကျိုးပေးတော့လည်း ရုပ်နာမ်။ ပေါ်လာတဲ့ ရုပ်နာမ်မှန်သမျှ ဖြစ်ပြီးရင် ပျက်တယ်။ ဖြစ်ပျက်က ဥစ္ဆေဒတွေ၊ ယိုကွဲပြတ်က ပုဂ္ဂိုလ်တွေ၊ သတ္တဝါတွေ ဒိဋ္ဌိသုံးမျိုးနဲ့ ဝိစိကိစ္ဆာက သံသရာလည်စေမှာ၊ သံသရာချုပ်မှတော့ အပါယ်လေးပါး ခန္ဓာ ရှိရာ လိုလားရဲ့လား။ အပါယ်လေးပါး ခန္ဓာဝဋ်ရဲ့ ချုပ်ရာ

ပြင်းရော ထိမ်းရော နိုးကော့ဝေသွား။ သမ္မာအေးချက် ဆိုက်သွင့်ပါ ပြီ။ နိုင်ငံသာယာဝန်းကို နတ်ကြွားမှတ်သား ဆင်ခြင်ခြင်းဖြင့် တကျော မာန ဒိဋ္ဌိတွေ ပါးအောင် ကြိုးစားအားထုတ်ကြဖို့ တိုက်တွန်းပါ တယ်။



# ၉။ ဥပနိဿယပစ္စည်း

## ဥပနိဿယပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်

ရှင်တော်မြတ်ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော်ကြီးနှင့် ရှင်တော်မြတ်ဗုဒ္ဓ ရှည်မှန်းဟောကြားတော်မူခဲ့သော မြတ်ပဋ္ဌာန်း ဒေသနာတော်ကြီးကို ပူဇော်သည့်အနေအားဖြင့် ဥပနိဿယ ပစ္စည်း၏ ပစ္စယနိဒ္ဒေသ ပါဠိတော်ကြီးကို ရွတ်ဖတ်ကြည်ညိုကြ ရအောင်ပါ။

ဥပနိဿယ ပစ္စယောတိ။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာ ကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာ ကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသ လာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသ လာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယ ပစ္စယေန ပစ္စယော၊
ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။
သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

## နိဿယနဲ့ ဥပနိဿယ မြေကြီးနဲ့ မိုးကောင်းကင်

ပုဒ်ရည်မှန်း ဖြစ်စဉ်ပစ္စည်းမှာ နံပါတ် ၉ ဖြစ်တဲ့ ဥပနိဿယ ပစ္စည်းကို ယခုတစ်ခေါက် နားလည်အောင် ရှင်းလင်းပြရမယ့် အလှည့် ရောက်လာပါပြီ။ ရှေ့မှာ နိဿယပစ္စည်းကို ပြောခဲ့ပါပြီ။ အခုပြောမှာက ဥပနိဿယပစ္စည်းဆိုတော့ "ဥပ" ဆိုတဲ့ စကားလုံးတစ် လုံး ပိုလာပါပြီ။ "ဥပ" ဆိုတဲ့ ဥပသာရုက "အားကြီးသော" လို့ အဓိပ္ပာယ်ရပါတယ်။ နိဿယပစ္စည်းက မှီရာအဖြစ် ကျေး ဇူးပြုတတ်သော တရားဆိုတော့ ဥပနိဿယပစ္စည်းက အားကြီး သော မှီရာအဖြစ် ကျေးဇူးပြုတတ်သောတရားပေါ့။ ဒီတော့ ဥပနိဿယပစ္စည်းက နိဿယပစ္စည်းထက် အကျုံးဝင် ကျယ် ပြန့်တယ်လို့ ဆိုနိုင်ပါတယ်။

နိဿယပစ္စည်းကို ဥပမာပေး ရှင်းတဲ့ ဆရာတော်များက မြေ ကြီးနဲ့ ဥပမာပေးတယ်။ ကျွန်ုပ်တို့ ကြည့်လိုက်ရင် မြေပေါ်မှာ

ရေယံကို ရှိတယ်နော်။ မြေလုံကို မှီခိုနေတဲ့ ကုန်းသတ္တဝါက ကိုးကုဋေရှိပြီး ရေကုကို မှီနေတဲ့ သတ္တဝါက ဆယ်ကုဋေ ရှိတယ်။ ကုန်းသတ္တဝါနဲ့ ရေသတ္တဝါ နှိုင်းယှဉ်လိုက်ရင် ရေသတ္တဝါက ပိုများတယ်။ နိဿယပစ္စည်းကို မြေကြီးနဲ့ဥပမာ ပေးထားတာ အရာရာတိုင်းမှာ ကယ်အလုပ်မျိုးမဖိုပေါ့။ လူသားတွေ အကျိုး ဖြစ်ထွန်းမှုအတွက် လုပ်ငန်းဆောင်ရွက်ရာမှာ မြေကြီးနဲ့ကင်းလို့ မရဘူး။ လူသားတွေက ထန်မိုးရှိတယ်လို့ သတ်မှတ်ထားတဲ့ ရွှေငွေကျောက်သံ တွင်းမြားတွေလည်း ဒီမြေကြီးက ထွက်တာပဲ။ အသီးအရွက် အနှံစားရေစာတွေလည်း ဒီမြေကြီးက ထွက်တာပဲ။ မြေကြီးကလည်း သူ့အတိုင်းအတာနဲ့သူ ကျေးဇူးပြုတယ်။ နိဿယပစ္စည်းက အဲဒီမြေကြီးနဲ့ တူသတဲ့။

မြေပြင်နဲ့ ရေပြင်က သီးခြားစီကွဲပြားပြီး ရှိနေတဲ့အခါကျတော့ နေရာတကာ မြေရဲ့သက်ရောက်မှု အကျိုးကျေးဇူး ရှိတယ်လို့ ပြောရဘူး။ ငါးဆိုတဲ့ သတ္တဝါက ရေမှာပဲ ကျက်စားတယ်။ မြေရဲ့ အကျိုးသက်ရောက်မှုက ငါးသတ္တဝါတွေအတွက် အပြည့်အဝ သက်ရောက်မှု ပေးနိုင်တယ်လို့ ပြောလို့ မရတော့ဘူး။ အကျိုးကျေးဇူး ပြုနိုင်တယ်လို့ မပြောနိုင်ဘူး။

ဥပနိဿယပစ္စည်းကျတော့ မိုးနဲ့ ဥပမာပေးတယ်။ ပင်လယ်သမုဒ္ဒရာကလည်း မိုးအောက်မှာပဲ ရှိတာနော်။ မိုးကောင်းကင်အောက်ကျွေးကျွတ်ပြီး အပြင်ဘက်မှာ ပင်လယ်သမုဒ္ဒရာ ရှိတယ်လို့ မရနိုင်ဘူး။ တောသမုဒ္ဒရာပဲဖြစ်ဖြစ် ပင်လယ်ပဲဖြစ်ဖြစ် မိုးအောက်မှာပဲ ရှိတယ်။

မိုးက အရွန်အင်စတန် ကျယ်ပြန့်တဲ့အခါကျတော့ သစ်ပင်ဝါးပင် ကယ်အပင်မှိုက်ရိုက်၊ မိုးတည်းကျရောက် ရောက် အပေါ်ကော်ကိုမှ မရောက်ရှိရင် ဒီအပင်တွေ ရှင်သန်ဖို့ မလွယ်ဘူး။

ဒီမိုးကောင်းကင်ထဲမှာ နေလ စကြဝဠာ တာရာ နက္ခတ်တွေ ပြေးလွှားရပ်တည်နေကြတယ်။ နေဝင်နေထွက် အလင်းရောင်သာ မရှိဘူးဆိုရင် ကိုယ်တို့တွေနဲ့အတူ သစ်ပင်လေးတွေပါ ရှင်သန်နိုင်မလွယ်ပါဘူး။

နေဆိုတာလည်း မိုးကောင်းကင်နဲ့တင်းလို့ မရဘူး။ လဆိုတာလည်း မိုးကောင်းကင်နဲ့ တင်းလို့မရဘူး။ မိုးကောင်းကင်ဟာ လောကအားလုံးအပေါ်မှာ ကျေးဇူးများစွာ ပြုနေလို့မို့ ဥပနိဿယတာလည်း မိုးကောင်းကင်နဲ့ တူတယ်လို့ ဥပမာပေးတာဖြစ်ပါတယ်။ ဥပနိဿယက မိုးကောင်းကင်နဲ့ တူတယ်။ နိဿယက မြေကြီးနဲ့ တူတယ်။

## သဏ္ဌာယသိက် သောတာပန်မတည်နိုင်

မြေကြီးနဲ့ မိုးကောင်းကင် ယှဉ်ကြည့်လိုက်ရင် မိုးကောင်းကင်က ပိုပြီးတော့ ကျယ်ပြန့်တယ်နော်။ မြေကြီးဆိုတာ အပိုင်းအခြားတစ်ခုပဲ၊ ဒီမြေကြီးနဲ့အတူ ရေထုပါ မိုးကောင်းကင်အောက်မှာ ရှိနေရတာ၊ ရေထုရော မြေထုရော မိုးကောင်းကင်နဲ့ တင်းလို့မရဘူး။

ရေသတ္တဝါပဲဖြစ်ဖြစ် ကုန်းသတ္တဝါပဲဖြစ်ဖြစ် မိုးရေစက်နဲ့ တင်းလို့မရဘူး။ မိုးရေစက်တွေ ခြောက်ခန်းသွားရင် အင်းတို့ ချောင်းမြောင်းတွေ ခြောက်ခန်းသွားလိမ့်မယ်။ ဒါဆိုရင် ငါးလိပ်ကောင်းတွေ ဘယ်လိုနေမလဲ။ အကုန်သေကုန်ကြမှာပေါ့။ ဒါကြောင့် ဥပနိဿယဆိုတာ မိုးကောင်းကင်နဲ့ အလားတူစွာ အားကြီးသောအားဖြင့် အထောက်အပံ့ ဖြစ်တယ်လို့ ပြောရတာပါ။

ကုသိုလ်ပဲဖြစ်ဖြစ်၊ အကုသိုလ်ပဲဖြစ်ဖြစ် အားကြီးတဲ့ အထောက်အပံ့ ရတာနဲ့ အောင်မြင်ပေါက်မြောက် သွားတယ်လို့ ထုံးစံ မရှိပါဘူး။ ဥပနိဿယပစ္စည်းရဲ့ ပဋ္ဌာန်းပါဠိတော်မှာ—

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသ လာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

တရားတကာ့ တရားထဲမှာ သဒ္ဓါတရားသည် အမြတ်ဆုံး ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိဗ္ဗာန်ကို တိုက်ရိုက်တွေ့ရှု မြင်နိုင်တာလည်း သဒ္ဓါတရား၊ အပါယ်လေးပါးက အကြီးတိုင် ကင်းလွတ်စေနိုင်တာလည်း သဒ္ဓါတရား။ သောတာပန် တည်စေ နိုင်တာလည်း သဒ္ဓါတရား ဖြစ်ပါတယ်။ သဒ္ဓါတရား မရှိတဲ့ ဘယ်သူမှ သောတာပန် သကဒါဂါမိ၊ အနာဂါမိ ရဟန္တာ ဖြစ် တယ်လို့ လုံးဝမရှိပါဘူး။

သဒ္ဓါမပါဘဲနဲ့ ကမ္မဋ္ဌာန်းစီးဖြန်းရှာတယ်လို့ ပြောလာရင် တိုင်မပါဘဲနဲ့ ဒိုင်းတင်သလို ဖြစ်နေမှာပေါ့။ အိမ်တစ်ဆောင် ဆောက် တဲ့အခါ ဒိုင်းတွေမြှားတွေ တင်ရတယ်။ အမိုးမိုးနိုင်ဖို့အတွက် တင်ရတာပေါ့။ အဲဒီ ဒိုင်းတွေမြှားတွေ တင်ပေးဖို့ရာ အောက်က ထောက်ပေးရတဲ့ တိုင်တွေလည်း ရှိမှ ဖြစ်မယ်၊ အောက်ခြေမှာ တိုင်ပါမှ ဖြစ်မယ်။

အဲဒီအတိုင်းပဲ သဒ္ဓါမပါဘဲနဲ့ နိဗ္ဗာန်ရဖို့ လုံးဝမရှိဘူး။ သဒ္ဓါ အသိဉာဏ်လည်း မပါ၊ ခန္ဓာလည်း ဉာဏ်မရောက်ဘဲနဲ့ သောတာပန် တည်တယ်လို့ဆိုရင် တိုင်မပါဘဲနဲ့ ဒိုင်းတင်တယ် လို့ ပြောတာနဲ့ အတူတူပဲပေါ့။ ယုံတမ်းစကားတွေပေါ့။ သဒ္ဓါ မရှိဘဲနဲ့ သောတာပန်တည်မိဖို့ လုံးဝမရှိပါဘူး။

ကျောက်ခဲကို ကြက်ဥနဲ့ပေါက်ခွဲလို့ ကျောက်ခဲကွဲချင်ကွဲ သွားမယ်၊ သဒ္ဓါမပါဘဲနဲ့ နိဗ္ဗာန်ရဖို့ လုံးဝမရှိဘူး။ မီးသွေးခဲ ကို ရေနဲ့ဆေးလို့ မီးသွေးခဲဖြူချင် ဖြူသွားမယ်။ သဒ္ဓါမပါ ဘဲနဲ့ နိဗ္ဗာန်ရဖို့ လုံးဝမရှိပါဘူး။ ဒီလောက် ဥပမာ ဥပမေယျ

တွေ့ အရှုပ်ကြီး ပြောနေတာလော သန္တာစန္ဒ မိုင်တာစေချင်လို့ နေကြပါ။

## သစ္စာသိချင်တဲ့ကုသိုလ်က တရားနာတဲ့ ကုသိုလ်သို့

သောတာပန်လို့ပြောကြီး ဘဝဓိဋ္ဌိမှ မသိဟူးဆိုရင် ရှိုးကြီး လော "ပန်"နေတာပဲ၊ ဂုဏ်ထူးတိုင်းပါက သောတာပန်၊ တခုတ် ကြီးထဲက သောတာပန်၊ လက်ဖက်ရည်ဆိုင်ပေါ်က သောတာပန် တွေ ရမ်းပန်း၊ မှန်းပန်း၊ အတန်းပန်နေကြတဲ့ ရှိတယ်နော်။

ဒေါက်တို့ သောတာပန် တည်ချင်တယ်၊ နိဗ္ဗာန်လိုချင် တယ်၊ အပါယ်လေးပါးက အပြီးတိုင် လွတ်ချင်တယ် ဆိုရင် သစ္စာသိအောင် လုပ်ရမယ်။ သစ္စာသိချင်ရင် ဓမ္မဒေါ် ဉာဏ် ရောက်မှ ဖြစ်မယ်။

ဓမ္မနှုံးတရားကို နာချင်တိုက်တာ သိချင်ယိုက်တာဆိုရင် အဲဒီစိတ်က ကုသိုလ်လား၊ အကုသိုလ်လား။ ကုသိုလ်ပေါ့ ကုသိုလ် ကုသလအစွာ- တရားနာချင်တဲ့ ကုသိုလ်စိတ် မရှေ့ဆောင်ပေါင်း ရှက် မရှိဘဲနဲ့ နာလို့မရဘူး။ သစ္စာသိချင်တဲ့စိတ်၊ ဓမ္မနှုံးတရား နားထောင်ချင်တဲ့စိတ်၊ အပါယ်လေးပါးက လွတ်ချင်တဲ့စိတ်။ ဒီ စိတ်တွေက အားကြီးနေတဲ့အတွက် ဥပနိဿယသတ္တိ ဖြစ်ပါ တယ်။

ရိုးရိုးလား၊ အားကြီးတာလား ဆိုတော့ အားကြီးတာနော်။ အားကြီးတဲ့ သတ္တိ၊ ရိုးရိုးစိတ်တော့ မဟုတ်ဘူး။ အားကောင်းတဲ့ စိတ်တော့။ ရိုးရိုးသဒ္ဓါ မဟုတ်ပါဘူး၊ အားကောင်းတဲ့ သဒ္ဓါ ဖြစ်ပါတယ်။ အဲဒီတော့ ရှေ့က အားကောင်းတဲ့ သဒ္ဓါကုသိုလ် စိတ်က နောက်သွားခေါ်ဆောင် ဖြစ်နေတယ်။ အားကြီးတဲ့ သဒ္ဓါ က ကုသိုလ်ဖြစ်ချင်လို့တော့ တရားနာဖြစ်တယ်။ တရားနာတော့

အကုသိုလ် ဖြစ်တာလား၊ ကုသိုလ်ဖြစ်တာလား ဆိုတော့ ကုသိုလ် ဖြစ်ပါတယ်။

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

ရှေ့ရှေ့က ကုသိုလ်စိတ်ကို အကြောင်းပြုပြီးတော့ နောက် နောက်သော ကုသိုလ်တွေက လျော့မသွားဘဲ တိုးလာတယ်။ တိုးလာအောင် ရှေ့က သိချင်တဲ့စော သိချင်တဲ့စိတ်က ကျေးဇူး ပြုတယ်။ ရှေ့က သစ္စာသိချင်တဲ့ စိတ်လေးလည်း ကုသိုလ်၊ နောက် က သစ္စာသိအောင် နာယူနေတာလည်း ကုသိုလ်။ ရှေ့ကုသိုလ်က နောက်ကုသိုလ်ကို အားကြီးသော အကြောင်းအဖို့အားဖြင့် ကျေးဇူး ပြုတယ်။ အဲဒါ နိဿယပစ္စည်းပဲ ရှိသေးတာနော်။

## မူလ တန္တရုဏ်ရဲ့ ကြားထိုးကမ္မဋ္ဌာန်း

နိဿယပစ္စည်း လောက်နဲ့တာတော့ ဆော်ဖုတ်နိုင်ရှိဦး သွားကြတာပဲ။ အားကြီးတဲ့ ဥပနိဿယတွေ တင်ပြီးနေပြီဆိုတဲ့ အခါ ကျတော့ "ဖြစ်ပျက်မြင်" ဘယ်လောက်ပဲ ဖြစ်နေပါစေ၊ တော ရှိတနိုင် တစ်ခုချို့လေးတော်နဲ့ ကုန်ပြီးဘဲပုဏ် မရှေ့ဘူး။ ခံနိုင်ရည် အားတွေ ဖြစ်လာတော့တယ်ဆိုတာ အားကြီးသော ဥပနိဿယ ပစ္စည်းက ကျေးဇူးပြုနေတာ ဖြစ်ပါတယ်။

အဲဒါ ပကတူပနိဿယတဲ့။ ဖြစ်ပျက်တို့ အာရုံပြုတဲ့နိ သယ၊ ဖြစ်ပျက်နဲ့ ဝေါကြားမှာ ကိလေသာ မဖြစ်အောင် သန္တာန်မှာ နိဿယ။ ပေါင်းလိုက်ရင် ဥပနိဿယ သုံးမျိုးရှိပါတယ်။ အဲဒီ သုံးမျိုးထဲမှာ အာရမ္မဏူပနိဿယ ဆိုတာ ရှေ့ကုသိုလ်က နောက် ကုသိုလ်ကို အကြောင်းပြုပြီးဆိုရင် ဒုန္တ ဖြစ်ပျက်ခွဲရေခွက ဆီရမ္မဏာ ဝိပဿနာရဲ့ အာရုံ ဖြစ်ပါတယ်။

ခန္ဓာကိုယ်ထဲမှာ အမျိုးမျိုးသော ဖောက်ပြန်မှုလေးတွေ ရှိတယ်။ အဲဒီဖြစ်ပျက်က အစ။ ဘယ်သူ့ရဲ့ အစလဲဆိုရင် ဝိပဿနာရဲ့အစ။ "ဖဿ-သောလှည့်ပါ။ ဝေဒနာ-ရှုလှည့်ပါ" လို့ ခန္ဓာက ပေါ်လိုက်တော့ တို့တစ်တွေက ဆောင့်ကြည့်တဲ့အခါမှာ ဘယ်ခန္ဓာလေး ပေါ်လာပေါ်လာ ပေါ်ပြီးတာနဲ့ ပျက်၊ ဖြစ်ပြီးတာနဲ့ ပျက်။

ရှုတဲ့အချိန်မှာ ရှုစိတ်ကလေး ပေါ်လာတယ်။ ရှုစိတ်ကလေး ပေါ်တာက ဖြစ်တာပဲ။ ရှုပြီးသွားတော့ ရှုစိတ်ကလေး ရှိသေးရဲ့လား။ မရှိတော့ဘူး။ မရှိတာက ပျက်တာပဲ။ ပျက်ပြီးတာနဲ့ မှတ်စိတ်က အစားထိုးတယ်။ မှတ်စိတ်ကလေး အစားထိုးတာက ဖြစ်တာ၊ အစားထိုးပြီးတော့ ရှိသေးရဲ့လား။ မရှိတာက ပျက်တာပါပဲ။

ကမ္မဋ္ဌာန်းက နှစ်မျိုးရှိတယ်၊ မူလကမ္မဋ္ဌာန်းနဲ့ ကြားထိုးကမ္မဋ္ဌာန်း။ နှာသီးဖျားက ထိသိရုပ်နာမ် စေ့ဖြစ်ပျက်နဲ့ ရှုစိတ် မှတ်စိတ်ကို မူလကမ္မဋ္ဌာန်းလို့ ခေါ်တယ်။ နှာသီးဖျားက လွဲပြီးတော့ ခန္ဓာကိုယ်ထဲမှာ ခြေဆုံးခေါင်းဆုံး ဖောက်ပြန်လာတာ မှန်သမျှက ကြားထိုးကမ္မဋ္ဌာန်း။ မူလကမ္မဋ္ဌာန်းကလည်း ဖြစ်ပျက်၊ ကြားထိုးကမ္မဋ္ဌာန်းကလည်း ဖြစ်ပျက်ပဲနော်။

## ဝိပဿနာ ရှုချင်စိတ်သည် အားကြီးသောကုသိုလ်

ဝိပဿနာ ရှုချင်တဲ့ စိတ်ဟာ ကုသိုလ်စိတ်ပဲ။ အဲဒီကုသိုလ်စိတ်က ရှေ့သွားဖြစ်တဲ့အတွက် ဥပနိဿယလို့ ခေါ်တယ်။ "ပုရိမာ ပုရိမာ-ရှေ့ရှေ့ဖြစ်ကုန်သော။ ကုသလာဓမ္မာ-ဝိပဿနာ ကုသိုလ်တရားတို့သည်၊ ပစ္ဆိမာနံ –နောက်နောက် ဖြစ်ကုန်သော ကုသလာနံ ဓမ္မာနံ ဖြစ်ပျက်ခြင်းတွဲ မဂ်ကုသိုလ်တရားတို့အား

ဥပနိဿယ ပစ္စယေန–အားကြီးသော အလေ့အကျက်အစုအဝေးဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်း ဆောကီ–ဖြစ်၏။ ဥပ္ပန္နကီ–ဖြစ်ပေါ်ခြင်း လာရပေ၏" ဆိုတဲ့အတိုင်း ရှေ့ကစိတ်သန္တာန် ရှုချင်တဲ့ ကုသိုလ်စိတ်က အားကြီးသော အလေ့အကျင့် ပေးလိုက်လို့ နောက်က ကုသိုလ်တွေက "ဖြစ်ပျက်မြင်" ဆိုပြီး ဖြစ်ပျက်တစ်ခုချင်း မြင်တိုင်း ခဏခဏ ချက်ရတယ်။ ဖြစ်ပျက် ဆယ်ခါမြင်တော့ ဖင်ဆယ်ခါရတယ်။ လျော့သွားတော့ မဟုတ်ဘဲ တိုးလာတော၊ အားနည်းသွားတော မဟုတ်ဘဲ အားကြီးလာတော။ အားကြီးလာတာဟာ ဥပနိဿယ စွမ်းဖြစ်ပါတယ်။

ဒါက စိတ်သန္တာန် နယ်ကလွှားတဲ့ အတွေးအခေါ်၊ စိတ်သန္တာန်ကြီးသွားတဲ့ အယူအဆ၊ စိတ်သန္တာန်ကြီးသွားတဲ့ ပဋ္ဌာန်းမြတ်ဒေသနာ ဖြစ်ပါတယ်။ ပဋ္ဌာန်းမြတ်ဒေသနာတော်ကြီးဟာ သိပ်ကျေးဇူးများတယ်နော်။ ပဋ္ဌာန်းကျမ်းတော်ကြီးကို ဘုရားက မှတ်ပုံယောင်ယောင် ရေးရှုပြီး ဟောခဲ့တာ မဟုတ်ဘူး။ ဖြူစင်တဲ့ ရှေ့ရှုချက်နဲ့ ဟောခဲ့တာပါ။

ကုသိုလ်ကို အကြောင်းပြုပြီး နောက်က ကုသိုလ်တွေ တိုးလာတယ်။ နှာသီးဖျားမှာ လေကလေး တိုးနေတာကို သိလိုက်တာနဲ့ ရွှင်ပါးပါး ရုပါတယ်။ အဲဒီရွှင်ပါးပါးသည့် ကုသိုလ်တွေပါပဲ၊ စိတ်သန္တာန် ရှုချင်တဲ့ စိတ်ကလေးက ကုသိုလ်၊ နောက်က တိုးလာတိုးမှန်း သိနေတဲ့ ဉာဏ်ကလေးကလည်း ကုသိုလ်၊ ရှေ့ကုသိုလ်ကို မှီပြီးတော့ နောက်ကုသိုလ်တွေ ဖြစ်ရတယ်၊ သာမန် ဖြစ်တာ မဟုတ်ဘူးနော်။ အားကြီးသော အလေ့အကျင့် တွေနဲ့ ဖြစ်တာ။

ဒါနဲ့ သီလ၊ သမထ၊ စိတ်သန္တာန်မှာ ဘယ်ဟာ ခေတ်အခါ ဆုံးပါပြီတော့ စိတ်သန္တာန် ခေတ်အခါဆုံးပဲ။ အဲဒီလို အခေါက်ခံဆုံး

သော ဝိပဿနာအလုပ်ကို လုပ်ချင်စိတ်ပေါ်တယ် ဆိုကတည်းက ကိုယ်တစ်ယောက်ရဲ့ ဝမ်းထဲက ထိန်းနေတဲ့ကုသိုလ်က အားကြီးသော ကုသိုလ်လို့ ဆုံးဖြတ်ချက်ချနိုင်ပြီ။

## ဓမ္မရဲ့ ဖိတ်ခေါ်သံ

ဝိပဿနာ ကုသိုလ်ဟာ အားကြီးတဲ့ ကုသိုလ်ဖြစ်လို့ ဥပ နိဿယပစ္စည်း ဖြစ်သွားတယ်။ ဒီတော့ အားကြီးသော မှီရာအား ဖြင့် ကျေးဇူးပြုမယ်။ ကုသိုလ်စိတ်က အားကြီးရင် သာမန် အကျိုးပေးတော့ဘဲနဲ့ အားကြီးသောအကျိုးကို ပေးပါတယ်။ အားကြီးသော အကျိုးပေးဆိုတာ နိဗ္ဗာန်ပါပဲ။

လူနတ်ဗြဟ္မာတွေရဲ့ စည်းစိမ်တွေက သာမန်ကုသိုလ်ပဲ။ သူက အိုနာသေ ရှိသေးတယ်။ နိဗ္ဗာန်က အိုနာသေတွေ ကင်း ပြီ။ ဒါနသီလ သမထ အကျိုးပေးတဲ့ ကုသိုလ်က ရုက္ခဆောင်း ဘူး။ ဝေဒယိတသုခ-ဝေဒနာနဲ့ ခံစားရတဲ့သုခ၊ ယာယီတွေ့ ရတာ ခံစားရတဲ့သုခပါ။ ဟောဒီ အားကြီးသော ကုသိုလ်က ထောက်ပံ့ပေးလိုက်လို့ ကုသိုလ်က အကျိုးပေးလိုက်တာက နိဗ္ဗာန်။ နိဗ္ဗာန်က သာဝရသုခ၊ မပျက်စီးနိုင်သော သုခ၊ ပဿဒ္ဓိ ငြိမ်းအေး သော သန္တိသုခ။ သူကတော့ သုခအစစ်၊ ချမ်းသာအစစ် ဖြစ်တယ်။

သာမန်ကုသိုလ်နဲ့တော့ ချမ်းသာအစစ်ကို မရနိုင်ဘူး။ အား ကြီးသော ကုသိုလ်နဲ့မှ ချမ်းသာအစစ်ကို ရနိုင်ပါတယ်။ သစ္စာ လေးပါး သာမန်ကုသိုလ်က အားနည်းတဲ့ကုသိုလ်၊ နိဿယ ပစ္စည်း။ အားကြီးတဲ့ကုသိုလ်က သစ္စာသိတဲ့ကုသိုလ်၊ မဂ်ကုသိုလ်၊ ဖြစ်ပျက်မြင်နိုင်တဲ့ ဆုံးသာတဲ့ ကုသိုလ်မှ အကျိုးပေးတော့လည်း အားကြီးတဲ့ နိဗ္ဗာန်ကို အကျိုးပေးပါတယ်။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဒီတစ်ပုဒ်တည်းနဲ့ တန်ရာပါပြီ။ ဥပနိဿယပစ္စည်းမှာ တချို့ကျတော့ ကုသိုလ်ကို အကြောင်းပြုပြီး အကုသိုလ် ဖြစ်တာလည်း ရှိတယ်။ ခန္ဓာကတော့ "ဖြစ်ပျက်လာရှုပါ"လို့ ခေါ်တာပဲ။ "မင်္ဂလာဆိုလ်ကြီးပေးလို့ ကျွန်တော့်ကိုကြည့်ပါ" လို့ ခေါ်တယ်။ "ကျွန်တော် ဖြစ်လည်းဖြစ်ပါတယ်၊ ပျက်လည်း ပျက်ပါတယ်"တဲ့။

ခန္ဓာမှာ စိတ်ပေါ်ပေါ် ရုပ်ပေါ်ပေါ်၊ သာမန်တရား မဟုတ်ဘူး၊ အရှုခံတရားပါ။ အရှုခံတရား ပေါ်လာတာ သတိရ နိုင်လို့ရှင် ရှုစေချင်လို့ပေါ့။ ဧဟိ–လာလှည့်ပါ။ ပဿ–ရှုလှည့် ပါလို့ ခန္ဓာက ခေါ်နေပါတယ်။

## ဧဟိပဿိကတဲ့အခါ အကုသိုလ်ကသာကယ်

ခန္ဓာက လာလှည့်ပါ၊ ရှုလှည့်ပါ ခေါ်တဲ့အခါ ကိုယ်တစ်တွေ လေ သန္ဒိဋ္ဌိကော **ပစ္စတ္တံဝေဒိတဗ္ဗော–ပစ္စတ္တံ**–ကိုယ်ပိုင်။ **ဝေဒိတဗ္ဗော** –ဉာဏ်နဲ့ကြည့်ရမယ်။ ပေါ်လာတိုင်း ပေါ်လာတိုင်း ခန္ဓာကတော့ အောက်ပြန်ပျက်စီးပြတာပဲ။ အဲဒါကို လိုက်ပြီ ဉာဏ်နဲ့ လိုက်ရမယ်။ ဉာဏ်နဲ့လိုက်ရင် ကုသိုလ်တွေ မရေတွက်ဘူး ဆိုတော့ ရလာပေါ့။

ကုသိုလ်ပေါ် ကုသိုလ်ဆင့်၊ ဉာဏ်ပေါ်ဉာဏ်ဆင့်။ တစ် ကုသိုလ်ပြီး တစ်ကုသိုလ်၊ တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်ဉာဏ်ပြီး တစ်ဉာဏ်။ ဉာဏ်ပေါ်ဉာဏ်ဆင့်ပြီးမှ ရှေ့ကဉာဏ် နောက်က ဉာဏ် ရှိပြီးတော့ ကျေးဇူးပြုတယ်။ ဝေဖါ ရှေ့ရဲ့ နောက်က ဉာဏ်ကို ကျေးဇူးပြုတော့ ဉာဏ်တွေပိုပြီး ကောင်းလာတယ်။

သဘောမိတွေ ပိုပြီးတော့ ကောင်းလာတယ်။ ဖြစ်ပျက်တွေ ပိုပြီး အမြင်စိတ်လာတယ်။ အဲဒါ ဥဒယဗ္ဗယဉာဏ်ပါပဲ။

ဥဒယဗ္ဗယဉာဏ်မှာ ဖြစ်ပျက်တွေ အမြင်စိတ်လာတာမှာ ခေါင်းဆောင်က ဘယ်သူလဲဆိုတော့ ကုသိုလ်ပဲ။ ဘာကုသိုလ်လဲ ဆိုရင် မဂ်ကုသိုလ်ပေါ့။ နဂိုကတည်းက "ငါကမ္မဋ္ဌာန်း ထိုင်ပါဦး မယ်"ဆိုတဲ့ ကမ္မဋ္ဌာန်းထိုင်ချင်တဲ့ စိတ်ကလေးက အရင်ပေါ်တယ်။ အဲဒီ ကမ္မဋ္ဌာန်းထိုင်ချင်တဲ့ စိတ်ဟာ ကုသိုလ်လား အကုသိုလ် လား မေးရင် ကုသိုလ်။ ရှေ့ကုသိုလ်က အားကြီးသော အထောက် အပံ့ ပေးလိုက်လို့ နောက်က အရုပ်တွေ အမြင်စိတ်တဲ့ ဉာဏ် ကုသိုလ်တွေ ဆက်တိုက် ဆက်တိုက်ပေါ်လာရတယ်။

ရှေ့က ပေါ်တယ်၊ ပေါ်ပြီးတော့ နောက်ပြန်မှုတွေကို ပြတယ်။ မဂ်ကုသိုလ်တွေ ဘာဖြစ်လို့တုံး။ အဲဒါကို ယောဂီတို့က ကမ္မဋ္ဌာန်းထိုင်မယ်။ ဘာစိတ်နဲ့လဲဆိုရင် ကုသိုလ်စိတ်နဲ့ပေါ့။ ကမ္မဋ္ဌာန်းထိုင်လို့ ၁၅ မိနစ်၊ နာရီဝက်၊ ၄၅ မိနစ်။ ရောက်လာ တော့ ဆုံကျဉ်ကိုက်ခဲလာပြီ။ ဒီအခါမှာ သည်းခံစိတ်က နည်း သွားတယ်။ တိုက "ကျွန်တော့်ကို ကြည့်ပါ" "ကျွန်တော့်ကို ကြည့်ပါ"နဲ့ ဝေဒနာကလို့ ကုသိုလ်ပေးမလို့ လာတာကို ဒီက ထိုင်ကြည့်တဲ့သူက မျက်နှာရှုံ့မဲ့ပြီ။ တစ်ကိုယ်လုံး တွန့်လိမ်နေ ပြီ။ ဒေါသတွေ ဖြစ်နေတယ်နော်။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသ လာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

နဂိုက ကမ္မဋ္ဌာန်း ထိုင်ချင်တဲ့ ကုသိုလ်စိတ်၊ ထိုင်ရင်း နဲ့ ဝေဒနာပေါ် သည်းမခံနိုင် ဖြစ်မနေနိုင်ဖြစ်ပြီး ဒေါသတွေ ဖြစ်လာတယ်။ ထရောထိုင်ချင်တာက ကုသိုလ်၊ ဝေဒနာတွေ ပေါ်လာတော့ ဒေါသဖြစ်တာက အကုသိုလ်။ ကုသိုလ်ကို

မိုးပြီး အကုသိုလ်တွေ ဖြစ်လာတယ်။ ဒါများ နိဗ္ဗာန်လိုချင်သေး သေးတဲ့။

## တစ်ခါတစ်ခါ အမှုကလည်းလာ

ကုသိုလ်ကို အကြောင်းပြုပြီး အကုသိုလ် ဖြစ်တယ်။ အာရုံထွေပြားပါသလား ပေါ်၊ အာရုံက ဖြစ်ပျက်ပြုတာကို ကိုယ်က ဖြစ်ပျက်မမြင်ဘဲ နှာသောကိုပဲ မြင်တယ်။ အဲဒီတော့ မကျေနပ် စိတ်က ဝင်လာရော။

တရားထိုင်ချင်တဲ့ ကုသိုလ်စိတ်ကလေးနဲ့ တရားထိုင်နေ ရင် ပြောပါဘူး။ ငိုက်လာပြီ။ ငိုက်တာက ထိနမိဒ္ဓ။ သောတာ ဒေါသ မောပမ်းလို့ကြောင့် ငိုက်မျဉ်းတယ် ဆိုတာလည်းက အကု သိုလ် ဖြစ်နေပြီ။ ပါဠိတော်ထဲမှာ "ကောသဇ္ဇ" ပါတယ်။ ကောသဇ္ဇ ဆိုတာ လုံ့လ မထုတ်ဘူး။ အချို့အချို့သော ပုဂ္ဂိုလ်ကို ပြောတာ တဲ့။

တစ်ခါတလေကျတော့ တရားထိုင်ရင်းနဲ့ စိတ်တွေက ပျံ့ လွင့်နေတယ်။ တစ်နာရီ တရားထိုင်ရင် ခြောက်ခါလောက် ပျံ့ လွင့်တယ်။ တစ်ခါပျံ့လွင့်ရင် ဆယ်မိနစ်ဆိုတော့ ထိုင်တဲ့ တစ်နာရီ ကုန်ပါလေရော။ ပျံ့လွင့်တာက မောဟအတူတူပဲ၊ တရားထိုင် ချင်တဲ့ စိတ်ကလေး ပေါ်လာတုန်းက ကုသိုလ်စိတ်၊ တရားထိုင် ရင်း ပျံ့လွင့်နေတာက အကုသိုလ်စိတ်။

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကု သလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

ကုသိုလ်ကို အကြောင်းပြုပြီးတော့ အမှုကတတွေ ဖြစ် တယ်။ တချို့များ ကုသိုလ်စိတ်တွေနဲ့ လျှောက်လောက်ကြတယ်။ လျှောက်ဆိုတာက အမှုကတ။ ရှေ့က ကုသိုလ်စိတ်ကို မှီပြီး

တော့ အရူးကတော ဖြစ်တယ်၊ ကုသိုလ်ကြောင့် ဖြစ်တဲ့ အရူး ကတော့ဖို့လို့ အရူးကတော ကုသိုလ်ပေါ့။

ဂုဏ်ရှိတော ဂုဏ်ရှိတော တွေသတော်တွေ—ဆိုတဲ့အတိုင်း သာရေးသိုင်းရှုင် တဲ့ ကုသိုလ်စိတ်ကလေး ဖြစ်နေပြီးတော့မှ။ **ဝမ်းသာနဲ့ ပန်းသာနဲ့ အရူးထားကနဲ့** မျှောန်—ဒီကလေးရူးတဲ့ ထမင်း မစားနိုင်ပါဘူး။ အိမ်က ချိုင့်ဖိုးနဲ့ ထားမယ်ဆိုတော့ အိမ်က ထမင်းချိုင့် လိုက်ပို့ရ ရတယ်။ ထမင်းချိုင့်က အရူးကတော။ ရှေ့က ကုသိုလ်ကို မိုးပြီး တော့ နောက်က အရူးကတော ဖြစ်နေတာနော်။

## ကုသိုလ်မှာ အကုသိုလ်မရောစေ

ဥပနိဿယက အလွန်ကျယ်ပြန့်ပါတယ်။ မိုးကောင်းကင် ကြီး ကျယ်ပြန့်သလို ဥပနိဿယပစ္စည်းကလည်း အလွန်အင်မ တန် ကျယ်ပြန့်လိုက်တာ၊ လောကီနယ်ပဲဖြစ်ဖြစ်၊ လောကုတ္တရာ နယ်ပဲဖြစ်ဖြစ်၊ ဒါနနယ် သီလနယ် သမထနယ် ဘယ်နယ်မှာပဲ ဖြစ်ဖြစ် ကင်းလို့မရဘူး။

ရေသွားပါလည်း မိုးကို ကင်းလို့မရဘူး။ ကုန်းသွားပါ လည်း မိုးကို ကင်းလို့မရဘူး။ ဒီအတိုင်းပဲ လောကီနယ်ကလည်း ဥပနိဿယ ကင်းလို့မရဘူး၊ လောကုတ္တရာနယ်ကလည်း ဥပ နိဿယ ကင်းလို့မရဘူး။ သံသရာလည်တဲ့ နေရာမှာလည်း ကင်း လို့မရဘူး၊ နိဗ္ဗာန်ရောက်စေတာဖြစ်တဲ့ နေရာမှာလည်း ကင်းလို့မရ ပါဘူး။ ဥပနိဿယက ကျယ်ပြန့်လွန်းလို့ မိုးကောင်းကင်နဲ့ တူတယ်လို့ ပြောတာပါ။

ဂုဏ်ရှိတော ဂုဏ်ရှိတော ကုသိုလ်တွေ—သားရှင်ပြု သမီးနားထွင်း ရွှေကျောင်းကြီးဆောက် ရွှေဘုရားကြီးတည် ကုသိုလ်ကို အကြောင်းပြု၍။ **ဝမ်းသာနဲ့ ပန်းသာနဲ့**—ကုသိုလ်ပြုပြီးနောက် ကာလ၌။

အကုသိုလ်တရားနဲ့ မွှေနှောက်–သစ္စာမသိတဲ့ အဝိဇ္ဇာ၊ တဏှာလောဘကြီးတဲ့ တဏှာ။ ဒလေ့ရှည်ကလေးကောင် ဆိုင်းတွေ့ဝိုင်းတွေ့ တွေ့သိတယ်။ ကြက်ဝိုင်ငက်ဝိုင်တွေ့ ရှုးဖြိုးတော့မှ ဖွေနံ့မ ဓလေ့အတွက် သတ်ရှေ့ဘယ်မျှ အချိန်နှစ်ရာ၊ လေးရာဝါးရာ ဆိုဖြိုးတော့ မှာ တယ်။ ကိုယ်ကလေးကော့ ဖြိုးလို့ ရေဝ်လို့၊ လူလို့ကန်းငြိမ်း။ ဟိုမှာ တိရစ္ဆာန်တွေက ဆေးတိုင်ကြွလိုး မိသားစုတွေကို ရဲ့လို့။ ကိုယ်အလှူ တို့ အရင်ကြောင်းဖြူဖြိုးတော့ တိရစ္ဆာန်လေးတွေ ဆေးတိုက်ကြတာ။ ကုသိုလ်ကို မိုးဖြိုးတော့ အကုသိုလ် ဖြစ်နေတာနော်။

အဲဒါ အလှူရှင်တိုင်းသေးဆိုတော့ မဟုတ်ပါဘူး။ "မော သဋ္ဌိ–ခရိုဒ်ချိမ့်ယော ပုဂ္ဂိုလ်ကို့ဖ် သစ္စာဒ်နိဦ" တချို့ပုဂ္ဂိုလ်တွေမှာ ဖြစ်တယ်။ ဘယ်လို ပုဂ္ဂိုလ်လဲဆိုတော့ သစ္စာမသိတဲ့ ပုဂ္ဂိုလ်။ သူတို့က လှူပြီဆိုရင် အဖြိုင်အဆိုင်နော်။ အဲဒီလို မလုပ်ရဘူး။ သဘောနာလော် ကိုးတက်စေလိုတဲ့ စိတ်နဲ့ ကြိုးစားရပါမယ်။ အားလုံးဟာ သာဝကပေါ်ချင်ရေချည်းပဲ ဖြစ်နေရပါမယ်။

ယိုဘိုဟာ ယိုရေးဆောင် တရားနာတာတော့ ရှမ်းနိုင်သလို လုပ်လေးပါ။ ဘယ်ဆရာတော်ရဲ့ တရားဖြစ်ဖြစ် နာပါ။ "မွေ တေား၊ နေ့တိုင်းကြားက စိတ်သားရှေ့လော်၊ သိဥာဏ်ကကျဉ်" လို့ ဆိုထားပါတယ်။ အချိန်ရရင် ရသလို တရားနာရမယ်။ ဒါမှ စိတ်ကောင်းလည်း ရှူနိုင်တယ်။ အပိုဥာဏ်လည်း ထက် မြက်လာပါတယ်။ ကုသိုလ်ဆဲ အကုသိုလ်များစွာနဲ့၊ အပြိုင် အဆိုင်တွေ မလေးစေနဲ့။

## သစ္စာမသိတော့ အကုသိုလ်ဖြစ်ရ

ကုသိုလ် အကြောင်းပြုပြီးမှ အကုသိုလ်ဖြစ်လွယ်တော ရှိသလို ကုသိုလ်ကို အကြောင်းပြုပြီးမှ အရှုံးလာတာ ဖြစ်တာလည်း ရှိသေး

တယ်။ ကုရေးဝန်းတွေ ဝယ်လာတာမျိုးပေါ့။ များသောအားဖြင့်တော့ အကုသိုလ်ဖက် ယိုင်သွားကြတာက များတယ်။ အရက်ပုံးထောင်ပြီးတော့ လှူတာမျိုး။ ဆိုင်းနဲ့ဝိုင်းနဲ့ ကားနဲ့၊ ဇာတ်နဲ့ အငြိမ့်နဲ့ လှူတာမျိုး။ သားသတ်ငါးသတ် လှူတာမျိုးတွေပေါ့။

ကြို့ခေါ်က ဆော်သေးတယ်။ တောအရပ်မှာက နွေရာသီ လှူမယ်ဆိုရင် မိုးတွင်းကတည်းက ဝက်တွေ မွေးထားကြတာ ဟဲ့။ လှူတဲ့နေ့ကျတော့ သတ်တဲ့အကောင်လည်း သတ်ပြီးပြီ။ မသောက်ရင် လတ်လတ်ဆတ်ဆတ် ရတ်ရအောင်လို့ မတ္တာ နောက်ဖေးက တိုင်မှာ ချည်ထားတာက ရှိသေးတယ်။ ဒီလို ရက်ရက်စက်စက် လှူတဲ့အလှူတွေလည်း ရှိတယ်နော်။

ဒါကြောင့် "တစ်နှစ်တစ်ခါ ရဲ့ရှာ လူ့ရွာအလှူမွဲ" တဲ့။ လူ့ပြည်လူ့ရွာက အသိဉာဏ်မရှိတဲ့လူတွေ သစ္စာမသိတဲ့လူတွေ လုပ်ကိုင်လုပ်မှုကို ကြက်တွေဝက်တွေက ဖျက်ဆုံးလှူခံနေကြရ သတဲ့။ အလှူပွဲဆိုရင် ဝက်တွေက ခြေးပြီ။ ကြက်တွေဆိုရင် မနက်ခင်း တွန်တာတောင်မှ ဟုန်ခေါ်နေတာပဲ။ လူတွေ အလှူလုပ် လေ တိရစ္ဆာန်လေးတွေ ပျက်စီးရလေပဲ။ ကိုယ်ရှုံးစားစိတ် တစ်စက်မှ မရှိတဲ့ သစ္စာ အသိဉာဏ်မရှိတဲ့ လူသားတွေ လောကမှာ ရှိတယ်နော်။

လောကကြီးမှာ အလှူရက်အလှူပေးပေပဲ လှူတဲ၊ ရက်စက်သတ်လည်း လှူတဲ့။ လှူရဲ့ ရက်စက်ပုံမျိုး ဘယ်သစ္စာမှ မရှိဘူး။ ကုသိုလ်တို့ မှိုပြီးတော့ အကုသိုလ်တွေ ဖြစ်တယ်ဆိုတာ သစ္စာ မသိလို့ပေါ့။ တချို့ဆိုရင် ဝိပဿနာ အားထုတ်ရင်းနဲ့ လောဘ ဒေါသ မောဟတွေ ဖြစ်နေကြတာ ရှိတယ်။ မိကြီးတစ်ခု "ငါနား တယ်၊ ငါတွေ့ဦးတယ်" လို့ ယူလိုက်တော့ ဒိဋ္ဌိရဲ့ အကုသိုလ် ဖြစ်ရသေးတယ်။

## အကုသိုလ်စိတ်လည်း ဖြစ်ပျက်ပဲ

တကယ်တော့ ကုသိုလ်ကနေ အကုသိုလ်ဖြစ်အောင် လုပ်ရမှာ မဟုတ်ဘူး။ အကုသိုလ်ဖြစ်နေရင်တောင်မှ ကုသိုလ်ဖက်ကို ပါလာအောင် ရည်ရွယ်ရမှာပေါ့။

**ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော။**

လောဘဒေါသ မောဟ ဘာညာစေ ဒိဋ္ဌိနဲ့ ပျံ့လွင့်တဲ့စိတ် တွေက ဝင်နေမှာပေါ့တယ်။ တရားထိုင်နေရင်း ပျော့နှပ်တဲ့စိတ် ပေါ်လာတယ် ဆိုပါစို့။ ပျော့နှပ်တာက အကုသိုလ်။ ပေါ်တဲ့ အခါ ဝင်နေမှာပေါ့တယ်။ ဒေါသအကုသိုလ်လေး ပေါ်လာရင် "ဪ ဒေါသစိတ်ကလေးပါလား" လို့ နောက်က သိပေးလိုက် ရမယ်။

စိတ်ဆိုတာ နှစ်စိတ်ပြိုင်ပြီး ပေါ်ဖို့ဆိုတာ မရှိဘူး။ တစ်ခဏ မှာ တစ်စိတ်ပဲ ဖြစ်တယ်၊ ဒေါသလေး ဖြစ်နေတဲ့အချိန်မှာ ဉာဏ်စိတ် မရှိဘူး၊ အဲဒါကို ဒေါသဖြစ်တာနဲ့ ချက်ချင်းတော့ မသိဘူးပေါ့။ နောက်တစ္ခုမှ ဒေါသစိတ်လေးပါလားလို့ သိတယ်။ သိလိုက်တဲ့အချိန်မှာ ဒေါသစိတ်ကလေး မရှိတော့ဘူး။ အဲဒီ အချိန်မှာ ဉာဏ်စိတ်ကလေး အစားထိုးနေပြီ။

ဒေါသစိတ်က အကုသိုလ်၊ ဒေါသစိတ်လေး ပါလားလို့ သိလိုက်တဲ့အချိန်မှာ ဒေါသစိတ်က မရှိတော့ဘူး။ ဒေါသစိတ် က အပျက်၊ သိတဲ့ဉာဏ်က ဖြစ်။ ဒေါသစိတ်လေးလို့ သိတာက အဖြစ်ကိုသိတာ၊ မရှိတော့ပါလားလို့ သိတာက အပျက်ကိုသိတာ၊ အဖြစ်လည်းသိ၊ အပျက်လည်းသိ၊ ဒေါသစိတ်ကလေးက ဖြစ် ပျက်၊ သိတဲ့ဉာဏ်က ဖြစ်။

ဒေါသစိတ်လေး ပေါ်လာတုန်းက အကုသိုလ်၊ ဒေါသစိတ်ချုပ် သိတဲ့စိတ်ချုပ်ပြီ၊ နှစ်မျိုးမှာ ဒေါသစိတ်က အရင်ပေါ်တယ်။ ဒေါသက အရှေ့၊ သိလိုက်တာက အနောက်။ ရှေ့က အရှေ့၊ နောက်က အနောက်။ ဒေါသစိတ်လေး ပါလားလို့ သိလိုက်တဲ့ အခါကျတော့ ဒေါသစိတ်ကလေးက မရှိတော့ဘူး။ ဒေါသစိတ်ကလေးက ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်းပျက်တယ်။ ဒေါသစိတ်ဟာ ကုသိုလ်လား အကုသိုလ်လား။ မေးရင် အကုသိုလ်နော်။ အကုသိုလ်စိတ်ဟာ ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်းပျက်တယ်လို့ မှတ်ပါ။

## ကုသိုလ် ဥပနိဿယ ရကြပါစေ

ပုရိမာ ပုရိမာ အကုသလာခန္ဓာ—ရှေ့ရှေ့သော ဒေါသစိုးသော အကုသိုလ်စိတ်။ ပစ္ဆိမာနံ ပစ္ဆိမာနံ—နောက်နောက်သော ကာလ၌။ ကုသလာနံခန္ဓာနံ—ဒေါသ မရှိတော့ပါလားလို့ သိလိုက်တဲ့ မကုသိုလ်တို့။ ဥပနိဿယ ပစ္စယေန ပစ္စယော—ဥပနိဿယ ပစ္စည်းအစွမ်းနဲ့ ကျေးဇူးပြုတယ်။

သိလိုက်တဲ့ မကုသိုလ်စိတ်ဟာ မိုးပေါ်က ကျလာတာ မဟုတ်ဘူး။ ဒေါသကို မှီရတယ်။ အကုသိုလ်ကနေ ကုသိုလ်ဖြစ်သွားတယ်။ ဒေါသနဲ့ ဆိုတာက ထုတိုင်းမဟုတ်ဘူး။ တချို့ ပုဂ္ဂိုလ်တဲ့။ တချို့ပုဂ္ဂိုလ်ဆိုတာ ဝိပဿနာတရားကို မကြားရပါ။ **တေသံ**—နေ့ညဉ့်ပတ်လုံး ဝိပဿနာ ရှုနေတဲ့ ယောဂီအတွက်။ ရှေ့က အကုသိုလ်ကို မှီပြီးတော့ နောက်က မကုသိုလ် ပေါ်လာတယ်။

ဒီတော့ ယောဂီတို့ကျင့်စဉ်မှာ ဒေါသစိတ်ပဲလေး ပေါ်လာတိုင်း ပေါ်လာတိုင်း နောက်က ဉာဏ်နဲ့ လိုက်ပေးရမယ်။ ဒေါသ

စိတ်ကလေးက မနေ့တုန်းကပေါ်တဲ့အတွက် ရှုရင်လည်း မနေ့ကရှုခဲ့ ရှုရမှာပေါ့။ အကုသိုလ် မှိုင်းတော့ ကုသိုလ်ဖြစ်တယ်ဆိုတာ လူတိုင်း မရှိပါဘူး။

ဒေါသစိတ်ကလေးက အရုပ်၊ ရှုတဲ့ဉာဏ်က မင်း၊ ဒေါသစိတ်နဲ့ ဉာဏ်စိတ် ပြိုင်ပေါ်ရိုး ထုံးစံမရှိ။ ဒေါသစိတ်ကလေးလို့ သိတာက အမြဲစိတ်ကိုသိတာ၊ ဓမ္မတာပါလားလို့ သိတာက အရုပ်ကိုသိတာ။ အဲဒီတော့ ဒေါသစိတ်ကလေးက ဖြစ်ပျက်၊ သိတဲ့ဉာဏ်က မင်း။

ကုသိုလ်ကို အကြောင်းပြုပြီးတော့ နောက်က အကုသိုလ်တွေ ပေါ်ခွင့်မရအောင် ဉာဏ်က ဖြတ်ပေးပါတယ်။ မဂ်ကုသိုလ် ရသွားရင် နောက်က အကုသိုလ်တွေ သိမ်းတယ်။ အကုသိုလ် နေရာမှာ ကုသိုလ်ချည်း အစားထိုးလာပါတယ်။ ရှေ့က ကုသိုလ်တွေကြောင့် နောက်က ကုသိုလ်တွေ ဆက်တိုက်ဆက်တိုက် ပေါ်သွားပါတယ်။ ရှေ့က ကုသိုလ်တွေ မှိုင်းတော့ နောက်က အကုသိုလ်တွေလည်း သိမ်းခွင့်ရသွားပါတယ်။

အဲဒီလို လုပ်နိုင်တယ်ဆိုတာ လူတိုင်းရတာ မဟုတ်ပါဘူး။ ဉာဏ်ပါတဲ့ သူမှ ရတာ ဖြစ်ပါတယ်။ ဒေါသစိတ်ကလေးက ဖြစ်ပျက်၊ သိတဲ့ဉာဏ်က မင်း။ ဖြစ်ပျက်က နှုတ်သတ္တဝါ၊ သေသွားတဲ့ ဥပါဒါန်ကတွေက သေခဲ့သေသွား။ သေခဲ့သေတို့ရဲ့ ချုပ်ရာ ငြိမ်းရာ သိမ်းရာက နိဗ္ဗာန်ရောက်သွားလို့ သစ္စာလေးချက် ထင်ပြင်နက် ဆိုက်သွားပါတယ်။ နိဗ္ဗာန်လိုမျိုးရင် ဉာဏ်တည်းဟူသော ကုသိုလ် ဥပနိဿယ အရေးကြီးပါတယ်။ အဲဒီ ကုသိုလ် ဥပနိဿယ ရအောင် ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းပါတယ်။

# ၉။ ဥပနိဿယပစ္စည်း

## ဥပနိဿယပစ္စည်း၏ ပစ္စယနိဒ္ဒေသ ပါဠိတော်

ဥပနိဿယပစ္စည်းသည် မိုးကောင်းကင်ပမာ ကျယ်ပြန့်တဲ့ အတွက် မှတ်သားစရာလည်း အင်မတန်မှ များပြားပါတယ်။ ဥပနိဿယရဲ့ သဘောသဘာဝကို ရှင်းရှင်းလင်းလင်း သိနားလည်ဖို့အတွက် ဆက်ပြီးပြောပြဖို့ လိုအပ်ပါတယ်၊ ဥပနိဿယ ပစ္စည်း အကြောင်း ပြောတဲ့အခါမှာ သူ့ရဲ့ပစ္စယနိဒ္ဒေသ ပါဠိတော်ကို ထိုးကားပြောဆိုရမှာ ဖြစ်တဲ့အတွက် ရှင်တော်မြတ်ဗုဒ္ဓရဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကို ပူဇော်သည့် အနေအားဖြင့် ပစ္စယနိဒ္ဒေသ ပါဠိတော်ကို ရွတ်ဆိုကြရအောင်ပါ။

ဥပနိဿယပစ္စယောတိ–

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော။

သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

## အလေ့အကျက်အရ အားကြီးသော ရှေးကုသိုလ်

ဥပနိဿယ ပစ္စည်းဟာ အလွန်အင်အားနဲ့ ကျယ်ပြန့်လွန်းလို့ အခြားသော ပစ္စည်းများက မိုးကောင်းကင်နဲ့ တင်စားဥပမာ ပေးပြီး မိန့်ဆိုခဲ့ကြသည်။ လူ့ဘုံလူ့ဘဝသား အနန္တသတ္တဝါ တို့နေရာရာ သတ္တဝါမှန်သမျှတို့ဟာ မိုးကောင်းကင်အောက်မှာ ဖြစ်တည်ပြီး နေကြရသလောက် မိုးပေါ်ကိုမော်ကြည့် မိုးကောင်းကင်နဲ့ ကင်းလို့ မရပါဘူး။ သဘောကတော့ သက်ရှိသတ္တဝါများနဲ့တကွ အပင်ညှာအစ သက်မဲ့ဖြစ်တဲ့ သစ်ပင် တောတောင်ရေမြေတွေဟာ မိုးကောင်းကင်အောက်မှာ ရှိကြပြီး နေကြရသည်။ မိုးကောင်း

ကင်နဲ့ ပွတ်သောင် နေနိုင်တဲ့အနေရယ်လို့ ဟောဟိုမှာ မရှိပါဘူး။

အားလုံးသော သတ္တဝါတို့ရဲ့ အရာဝတ္ထုတို့သည် မိုးကောင်းကင်အောက်မှာ နေရတဲ့အတွက် မိုးကောင်းကင်ကြီး ကျယ်ပြန့်ပုံနဲ့အတူ ဥပနိဿယသဘောတွေကလည်း ကျယ်ပြန့်ပါတယ်။ လောကီနယ်ပယ်ထဲမှာပဲဖြစ်ဖြစ် လောကုတ္တရာနယ်ပယ်မှာပဲ ဖြစ်ဖြစ်၊ အောင်မြင်သူပဲဖြစ်ဖြစ်၊ ကျရှုံးသူပဲဖြစ်ဖြစ်။ ဘယ်အရာမဆို ဥပနိဿယနဲ့ ကင်းပြီးတော့ ရပ်တည်နိုင်တယ်လို့ မရှိပါဘူး။

ယောဂီတို့တစ်တွေ အခုလို သူတော်ကောင်းတရား နာကြားခွင့်ရတယ် ဆိုတာက အတိတ်က ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုရဲ့ ဥပနိဿယ အားကြီးသော အထောက်အပံ့တွေ ရနေကြလို့ ဖြစ်ပါတယ်။ လူ့ဘုံ လူ့ဘဝ လူ့ခန္ဓာ ရလာတယ်ဆိုတာ အလိုလိုရလာတာ မဟုတ်ပါဘူး၊ အကြောင်းကြောင့်ပါ၊ အတိတ်က ပြုလုပ်ခဲ့တဲ့ ကုသိုလ်ဆိုတဲ့ သင်္ခါရ အကြောင်းတရားရဲ့ အားကြီးသော အထောက်အပံ့တွေ ပေးလိုက်တဲ့အတွက်ကြောင့် လူ့ဘုံ လူ့ဘဝ လူ့ခန္ဓာကို ရလာခဲ့တာပါ။ ကုသိုလ်ကောင်းမှုနဲ့ ဝေးခဲ့တဲ့ လူတစ်တွေဟာ ကုသိုလ်ကို အခြေခံတဲ့ ကုသိုလ် တိုးတက်သထက် တိုးတက်အောင် မြင့်သထက်မြင့် များသထက် များအောင် လုပ်လို့မရပါဘူး။

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။**

ရှေးရှေးကာလကျင့်တဲ့ ကုသိုလ်စိတ်ကြောင့် နောက်နောက်ဖြစ်တဲ့ ကုသိုလ်လေးတွေက တဖြည်းဖြည်း တစ်ဆင့်ထက်တစ်ဆင့် နာရီနဲ့အမျှ တက်လာလေလေ ပေါ်လာပါတယ်၊ အဲဒါ ရှေးက ကုသိုလ်ကို အကြောင်းပြုပြီးတော့ နောက်မှ ကုသိုလ်တွေ ဖြစ်တာ

ပါ။ ရှေ့က ကုသိုလ်တွေက အားကြီးသော အလေ့အကျင့်တွေ ပေးနေတာ ဖြစ်ပါတယ်။

## ပွားရမည့် မှတ်ဝိပါး

အဓိက ထွက်လာကတည်းက တရားနာလွှားဖြင့် ဆိုက တည်းက ယောဂီတို့ရဲ့ သန္တာန်မှာ ကုသိုလ်စိတ်ကလေး ဖြစ်နေ ပြီ။ အဲဒီ ကုသိုလ်စိတ်ကလေးက လျှောက်ပြုလိုက်တာ ခြေလှမ်း တိုင်း ခြေလှမ်းတိုင်းမှာ ကုသိုလ်စိတ်တွေ ဖြစ်နေပါတယ်။ တရား ကို အာရုံစိုက်တိုင်းလည်း ကုသိုလ်စိတ်တွေ ဖြစ်နေတယ်။ စေတာ ကို ခြေလိုက်တိုင်း၊ ခြေလိုက်တိုင်းမှာလည်း ကုသိုလ်စိတ်တွေ ဖြစ်နေတာပါ။

ဒီ့ထက်အခွေ အခု တရားယော တရားနာနေတာ ခန္ဓာ ငါးပါး၊ အကျဉ်းချုပ်အားဖြင့်ပြောရင် ရုပ်နဲ့နာမ်ပေါ့။ ရုပ်နဲ့နာမ်မှာ ရုပ်ဆိုတာ ဖောက်ပြန်တာ၊ ဘယ်လိုလေး ပေါ်လာပေါ်လာ ဖောက်ပြန်တာပဲ။ ဖောက်ပြန်လို့ ရုပ်တရား ခေါ်ပါတယ်။ "ရုပ္ပ တိတိ ရုပံ" ရုပ္ပတိ-ဖောက်ပြန်တတ်၏။ ဣတိတသ္မာ-ထို့ ကြောင့်။ ရူပံ-ရုပ်မည်၏။ ဖောက်ပြန်တတ်သောကြောင့် ရုပ် တရားတဲ့။

အဲဒီ ရုပ်တရားလေး ဖောက်ပြန်နေတာကို ယောဂီတို့က "ဪ ဒီ ဖောက်ပြန်တာပဲ"လို့ သိပေးလိုက်တဲ့အတွက် ခန္ဓာ ပေါ် ဉာဏ်ရောက်သွား ဖြစ်ပါတယ်။ ဖောက်ပြန်မှုတွေက ဘယ် မှာ ပေါ်တာလဲ ဆိုတော့ ခန္ဓာမှာပေါ်တယ်။ အဲဒါကို ယောဂီ တို့ "ဒါဖောက်ပြန်တာပဲ"လို့ သိလိုက်တော့ ခန္ဓာသိလား၊ အရှုသိကလေးဆိုရင် ခန္ဓာသိပေါ့။ ခန္ဓာကာ သဘော လျှောက်လိုက်တာ ဖြင့်လိုက်တာက ဒီဥ္စ ပေါင်းလိုက်တော့ သဘာဝနိယာမ်။

သမ္မာဒိဋ္ဌိ ခေါင်းဆောင်ပြီးတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်ငါးပါးတော့ သွားရာမှည့် မဂ္ဂင်ငါးပါး ဖြစ်ပါတယ်။ ဖောက်ပြန်တယ်ဆို့ အစွန်းယူတာ အစွန်းဆုံးဖြတ်တာဟာ သမ္မာဒိဋ္ဌိ။ လှုပ်ခနဲ ပေါ်လိုက်ပြီး မတည်ကြဲဘဲနဲ့ ပျက်သွားတယ်။ ပျက်သွားတာ ရှိတော့ပါလားလို့ ဆုံးဖြတ်လိုက်တာက သမ္မာသင်္ကပ္ပ။ ဒီလို သိအောင် ကြိုးစားပြီး ထားနေတာက သမ္မာဝါယာမ။ ဖောက်ပြန်တိုင်း ဖောက်ပြန်တိုင်း သိတာက သမ္မာသတိ။ စိတ်တွေ တည်ကြည် နေတာက သမ္မာသမာဓိ။ ဒီမဂ္ဂင်တရားတွေဟာ ကုသိုလ်တား၊ အကုသိုလ်တား မဟုတ် ကုသိုလ် ဖြစ်ပါတယ်။

## သမ္မာမသိတဲ့ ရှမ်းလုပ်ခဲ့ကြတယ်

မဂ္ဂင်ငါးပါးသည် ကုသိုလ်တရား ဖြစ်တယ်။ ရှေးက ကုသိုလ်တွေ မဖြစ်ရင် နောက်က မဂ်ကုသိုလ် တွေ့လာစရာ အကြောင်းမရှိပါဘူး။ ဒါကြောင့် ရှေ့ကုသိုလ်တွေရဲ့ အထောက် အပံ့ကြောင့် နောက်က မဂ်ကုသိုလ်တွေကို ကျေးဇူးပြုတယ်လို့ ပြောရတယ်။

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

ရှေ့ရှေ့သော ကုသိုလ်ကို အကြောင်းပြု၍ နောက်နောက် သော ကုသိုလ်တို့သည် တိုးပွားတိုးပွား ဖြစ်ပေါ်လာရတယ် ဆို တော့ ရှေ့ကကုသိုလ်က သာမန်ကုသိုလ်လေး၊ အားကြီးသော ကုသိုလ်လေး မဟုတ် အားကြီးသော ကုသိုလ်ပေါ့။ အားကြီးသော ကုသိုလ်မှိုလို့ အားကြီးသော အထောက်အပံ့ ဖြစ်တာပေါ့။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ဘုရားရှင် ကိုယ်တော်မြတ်ကြီး လောကအလယ်မှာ ပွင့်တော်မူလာတာဟာ တို့တစ်တွေ ကုသိုလ်နဲ့ အကုသိုလ် ခွဲခြားပြီး သိစေဖို့အတွက် ဖြစ်ပါတယ်။ တို့တစ်တွေ အတိတ်က ကုသိုလ်တွေ လုပ်ခဲ့တယ်။ ပြုလုပ်တာက သဓိရှု။ ပုရိမာ ပုရိမာ ကုသလာဓမ္မာ—ရှေ့ရှေ့သော ကောင်းသောကံ၊ ဘုရားတည်၊ ဆွမ်းကပ်တယ်၊ ဝန်းတော်ကစ် ပြုလုပ်သမျှ အရာအားလုံးဟာ ကုသိုလ်တွေပါပဲ။ ဒီဖို့သမ္ပိဒ်အရ ပြောရမှာတော့ သဓိရပေါ့။

ဘာသဓိရလဲ ဆိုရင် ဂုဏ်ဘာသဓိရှု။ ကုသိုလ်ကို အကျွံ ရှင်းလုပ်တာ။ ဘာကြောင့် ဒီလို ပြောရတာလဲဆိုရင် တို့တစ်တွေဟာ အတိတ်က ကုသိုလ် လုပ်ခဲ့သမျှလည်း သစ္စာမသိဘဲနဲ့ ရှင်းလုပ်ခဲ့ကြတဲ့အတွက်ပါ။ မသိတော့ အဝိဇ္ဇာ၊ တရားဘိုယ်တော်တော့ မဟော။ ကုသိုလ်လုပ်ပြီးတဲ့အခါ ဆောင်တို့က ဖိုးဘိုရပါစေ၊ ဒီဘိုရပါစေ၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ အကြိမ်ကြိမ်ရပါစေလို့ လောဘီအာရုံ ကာမဂုဏ်ကို ဆုမတောင်းဘူးလား။ တောင်းတယ် ဆိုကတည်းက လိုချင်လို့ပဲ၊ လိုချင်တာက တဏှာ။ တရားကိုယ် တောက်လိုက်တော့ လောဘ။

## သစ္စာမသိရင် ဝိသာဟ ဖြစ်လာတယ်

အဝိဇ္ဇာက မဟော၊ တဏှာက လောဘ၊ ဆုတောင်းတာက ဘယ်ဘဝ့အတွက် တောင်းတာလဲဆိုရင် ငါ့အတွက်တောင်းတာပဲ။ ငါ့အတွက် တောင်းတာဆိုတော့ "ငါလုပ်ရင် ငါရမယ်၊ မင်းလုပ်ရင် မင်းရမယ်" ကိုယ်ပြုကိုယ်ခံ၊ ကိုယ်ပြုကိုယ်ဖို့လို့ အနှိုလာယူး

နွှေဝါးပေါ်၊ ရုပ်နာမ်နှစ်ပါး ဖြစ်ပျက်တရေး ရှုပွားသတ္တာရလိုက်လို့ အတိတ်က ကိုယ်တစ်ခဲ့ အနုန်အတိုင်း မသိခဲ့ကြဘူးပေါ့။

မသိတော့ ပါးစပ်ရှုခြင်းတွေနဲ့ ဖွဲ့တော့တာပဲ။ အဲဒီလို ဖွဲ့လာစဉ် တာက အယူမှန်လား၊ အယူမှားလား ဆိုတော့ အယူမှားတာ။ အယူမှားခြင်းဟာ မိစ္ဆာပဲ။ မိစ္ဆာဟာလည်း ကုသိုလ်မဟုတ်ဘူး၊ အကုသိုလ်။ ဇောဟာကလည်း အကုသိုလ်၊ လောဘကလည်း အကုသိုလ်၊ မိစ္ဆာကလည်း အကုသိုလ်။

ကုသိုလ်ပြုပြီးတော့ ပါးစပ်အရဲ့ ဘဝဖုတ်ကို ဆုတောင်း နေကြတယ်။ ဒွန်းဆော်တင်တာ ပန်းကပ်တာက ကုသိုလ်၊ ဘဝဖုတ်တရေးကို ဆုတောင်းနေတာက အကုသိုလ်။ ကုသိုလ်ထဲ အကုသိုလ်ရောနေကြတယ်။ ကုသိုလ်ကို အကြောင်းပြုပြီးတော့ အကုသိုလ် ဖြစ်တယ်ဆိုတာ သဏ္ဍာဇသိဒ္ဓိပေါ့။ လူတိုင်းမှာ ဖြစ် တာလားဆိုရင် သဏ္ဍာဇသိဒ္ဓိမှ ဖြစ်တာပါ။

**ဓာတ်သဒ္ဓိ**—အမျိုးအမျိုးသော သဏ္ဍာဇသိသော ပုဂ္ဂိုလ်တို့။ **ပုနီးဗဟုဒိုး**—ရှေ့ရှေ့။ **ကုသလာဗွာ**—သာသုရင့်ပြု ထော်နားသ တော့ဝင်းဆောက်တုရားတည် ဆိုတဲ့ ကုသိုလ်ကို အကြောင်းပြု၍။ **ပစ္စိုဇာနံ့ ပစ္စိုဇာနံ့**—ကုသိုလ်ပြုပြီး နောက်ကာလ၌။ **အကုသလာနံ့ ဓမ္မာနံ့**—သဏ္ဍာဇသိတဲ့ အစ်မွာ ဘုံဘဝ ပိုချင်တဲ့ တဏှာ၊ ငါလုပ် ရင် ငါရမှာပဲလို့ ဖွဲ့လမ်းတဲ့ မိစ္ဆာဆိုသော အကုသိုလ်တရားတို့ သည်။ **ဓာတ်သဒ္ဓိ**—သဏ္ဍာဇသိတဲ့ အမျိုးအမျိုးသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌။ **ဥပ္ပန္နသေယ ဝုဋ္ဌသော့ ဝုဋ္ဌသော**—ရှေ့က ကုသိုလ်ကို အကြောင်းပြု၍ နောက်က အကုသိုလ်တို့သည် အားကြီးသော အပေါ်ဆက်အပ်ဆုံးအားဖြင့် ကျေးဇူးပြုကြလေကုန်၏တဲ့။

သဏ္ဍာဇသိတို့ နောက်ကြောင့် ရှေ့ကကုသိုလ်ကို မှီပြီး နောက်က အကုသိုလ်တွေ ဖြစ်ပါတယ်။ အဲဒီလို ကုသိုလ်နဲ့

အကုသိုလ် ရောသွားတဲ့ဟာကို မိဿကလာ၊ ရောနေတဲ့ဟာလို့ ခေါ်ပါတယ်။

## အကုသိုလ် ရောစီနံ့လို့ အမွှေးသောက် ကြုံရတယ်

ဆွမ်းတော်တင် ပန်းကပ်တာက ကုသိုလ်၊ ငါးဖြာအရဲ့ ကာမဂုဏ်ကို လိုချင်ပြီး တောင့်တနေတာက အကုသိုလ်။ ကုသိုလ်ကို အကြောင်းပြုပြီး အကုသိုလ် ဖြစ်တယ်။ ကုသိုလ်ထဲကို အကုသိုလ် ရောနေကြတာပဲ။

**သာဓေသု ဘာဝသုစဏ္ဍိလပဂ္ဂဟယာရေ ပါရွော ဂါရွော ဆေါ်လုစ္ဆန္ဒိကာ အနုဂီဓေသာ အနုတ္တသံဟိတော။**

ငါးဖြာအရဲ့ ကာမဂုဏ် စံစားလိုတဲ့ အာသာဆန္ဒတွေနဲ့ အစီရွာ တရားဝိဇ္ဇိတွေ ဦးဆောင်ပြီး ဆုတောင်းကယ်ဆိုတာ လူတိုင်းလူတွေပဲ လုပ်တာကွဲ၊ ယောဂီတို့က အလုပ်စားကား အမြတ်ဆုံး မေးရင် ဘုရားအမြတ်ဆုံးရတနာ၊ တရား အမြတ်ဆုံး ရတနာ၊ သံဃာအမြတ်ဆုံး ရတနာဆိုတဲ့ အမြတ်ဆုံးသော ရတနာမြတ်သုံးပါးကို ကိုးစားတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လို့ အမြတ်စား တွေပဲ။

အမြတ်စားပုဂ္ဂိုလ်တွေ ဖြစ်တဲ့အလျောက် **ဂါရွော**—ရှုတ္တ သားပေါ် ကုမ္မဝိ ကာမဂုဏ်တွေ လုပ်တဲ့အလုပ်။ **ဆေါ်လုစ္ဆန္ဒိကာ**—အရှုံးအနိမ့်တွေ လုပ်တဲ့အလုပ်။ **အနုဂီဓေသာ**—အရိယာမဟုတ်သူ တွေ လုပ်တဲ့အလုပ်။ **အနုတ္တသံဟီတော**—ဘာမှ အကျိုးမရှိတဲ့ အလုပ်တွေ လုပ်နေလို့ သင့်တော်ပါ့မလား။ ဒီအလုပ်တွေ လုပ် နေရင် အကျိုးမရှိတဲ့အပြင် ဒုက္ခပဲရမှာပါ။

တို့ယောဂီတွေ ဒုက္ခရောက်မှာစိုးလို့ ဘုရားရှင်က သတိပေးတော် မူတာပေးနေတာပေါ့။ သတ္တဝါတို့ ဝဋ်ဆင်းရဲထဲက ထွက်မြောက်တော

ကုသိုလ်ထဲမှာ အကုသိုလ်တွေ ရောနေကြတာနေမှာ။ ကုသိုလ်ထဲကို အကုသိုလ်ရောတဲ့အလုပ်ကို အတိတ်ကလည်း လုပ်ခဲ့ကြတယ်။ အတိတ်ဆိုတာ ဒီနေ့နဲ့စာရင် မနေ့ကအတိတ်ပေါ့။ ဒီလထက်စာရင် အရင်လက အတိတ်ပေါ့။ ဒီနှစ်ထက်စာရင် မနှစ်က အတိတ်ပေါ့။ ဟိုဘဝ ဒီဘဝမှ အတိတ်မဟုတ်ဘူး။ လွန်ခဲ့တာ မှန်သမျှ အားလုံးဟာ အတိတ်ပါပဲ။

အတိတ်က ကုသိုလ်ထဲကို အကုသိုလ် ရောခဲ့တော့ ကုသိုလ်ကြောင့် သုဂတိရောက်ရတယ်။ အကုသိုလ်က အကျိုးပေးတော့ သားမှ သမီးမှ ဆွေမှမျိုးမှ အမျိုးစုံနဲ့ တွေ့ရတယ်။ အမှုအခင်းတွေနဲ့ တွေ့ကြုံရတာဟာ အကုသိုလ်ကံက အကျိုးပေးတာ ဖြစ်ပါတယ်။

## ဝတ်မကြွေသော သမုဒယတရား

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက

**တစ်ခေါ် ပဋိဒ် ဒုက္ခသမုဒယ် အရိယသစ္စ ဟောတော်မူ နေ သိက္ခေပဒ။**

ချစ်သား ချစ်သမီးတို့၊ သမုဒယသစ္စာကို ပယ်ရမယ်တဲ့။ ဘုရားက သမုဒယကို ပယ်နိုင်းတာ တို့တစ်တွေက ပူးနေတော့ ဘုရားစကား နားထောင်ရာ ရောက်ရဲ့လား။ ဘုရားက အရှေ့ဆို တို့က အနောက်၊ ဘုရားက တောင်ဆို၊ တို့က မြောက်၊ ဘုရားက အထက်ဆို၊ တို့က အောက် လုပ်နေကြတယ်။ အဲဒါ ဘာမယ်လို့ လုပ်ထားတဲ့ဆိုရင် သစ္စာမသိလို့ပေါ့။

ဘုရားက "ဒါမလုပ်နဲ့"ဆိုရင် လုပ်တာပဲ။ မကြားတော့ ဖွဲ့ကာသာသင်တဲ့နေရာ။ ဒါမလုပ်နဲ့လို့ ပြောရက်နဲ့ လုပ်ပြီးတော့ မှုမျိုး ဖွဲ့ကာသာသင် ဖြစ်ချင်သေးတယ်။ ကိုယ်ရွေးတာတဲ့

သားသမီး ကိုယ်စားသား နားမထောင်ရင် "နင် ငါ့ကို အရှုံ့တိုက်တာလား" လို့ ပြောတာ၊ အခု ဘုရားက "သမုဒယသစ္စာကို ပယ်ရမယ်" လို့ ခိုင်းတာကို ကိုယ်တစ်တွေက ပွားနေကြတယ်။ ပွားတာမှ ဘုရားကွယ်ရာမှာ မဟုတ်ဘူး။ ဘုရားရှေ့မှာတင် ပွားနေကြတာ။ ဘုရားကို အရှုံ့တိုက်နေကြတာနော်။

ကိုယ်တစ်တွေ အတိတ်က တစ်လျှောက်လုံး သမုဒယသစ္စာတွေ ပွားခဲ့ကြတယ်။ အဲဒီ သမုဒယသစ္စာတွေက ဥပနိဿယပစ္စည်းအနေနဲ့ အားကြီးသော အထောက်အပံ့ ပေးလိုက်တော့ အခု မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေကြရပြီ။ အဲဒါ အတိတ်က သစ္စာ မသိခဲ့လို့ပါပဲ။ ဒါကြောင့် ကိုယ်တစ်တွေ သားကြောင့် သမီးကြောင့် ကျရတဲ့ မျက်ရည်ကို ဒီဘဝနောက်ဆုံး ဖြစ်ကြပါစေတော့။ သားသမီးကို အလက်ပေးပြီးတော့ ရွေးခဲ့ရွေးခဲ့ရပြီ။ သူတို့ကြောင့် အပါယ်ကျရှုံးမယ်ဆိုရင် မတန်တာနော်။

ကိုယ်တစ်တွေ သားပုသမီးပု ဆွေပုမျိုးပုတွေနဲ့ တွေ့ရတယ်။ စီးပွားရေး အပုတွေနဲ့ တွေ့ရတယ်။ ပရိယေသန ဒုက္ခတွေကို မိုးရွာအစို နေပူအခြောက်တာနဲ့ "မွေးတာရှာစား နာကျေးအိုသေ" ရှာလိုက်ရွေ့လိုက်ရတာ ပင်ပင်ကိုမောလို့။ ဘယ်လောက်ရှာရှာ ပြည့်စုံလို့လောက်ပြီလား မေးရင် မပြည့်စုံဘူးနော်၊ အဲဒါ သမုဒယဆိုတဲ့ တဏှာပေါ့။ တဏှာဟာ "တတြတတြာ ဘိနန္ဒိနီ" သောက်လေ သောက်လေ ငတ်မပြေဘူး။ ဘယ်လောက်ရရ ဗူးပေါက်နဲ့ ရေခပ်နေသလိုပါပဲ၊ အားရအောင်ခပ် တင်းတိမ်ပြည့်စုံသွားတယ်ရယ်လို့ တစ်ခါမှ မရှိခဲ့ကြပါဘူး။

# သန့်သန့်လေး လုပ်ရဲ့ပါ

ဗိုက်တစ်ထွာရဲ့ ဝမ်းပဲက တဏှာဟာ သောက်လေ့သောက်လေ ဝေ့စေပြီ ဖြစ်နေလို့တဲ့ဟာ ကူးပေါက်နဲ့ ရေခပ်သလိုပဲတဲ့။ အပေါက်တွေကလည်း မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက်။ ဒွါရခြောက်ပါး ဒွါရခြောက်ပေါက်ကနေ တဏှာက ယောင်းနေလိုက်တာ အမျိုးစုံလို့ပဲ။ သူတောင်းစား ခြောက်ယောက်လို့တောင် ပြောရမလို ဖြစ်နေပါတယ်။

မျက်စိလိုတဲ့ တဏှာ၊ နားပေါက်တဏှာ၊ နှာခေါင်းပေါက် တဏှာ၊ လျှာတဏှာ၊ ကိုယ်ပေါက်တဏှာ၊ စိတ်ပေါက်တဏှာ။ တဏှာသူတောင်းစား ခြောက်ယောက်က ခိုင်းနေတယ်၊ သူတို့ ခိုင်းသမျှ လုပ်နေရတာ ကစ်နေတုန်း ပင်ပန်းလှလို့။ တဏှာဆို တော့ အကုသိုလ်ပေါ့။ လူ့ဘဝ လူ့ခန္ဓာ ရတာကတော့ ကုသိုလ်၊ ခိုင်းတဲ့ တဏှာကတော့ အကုသိုလ်။ အခုလို တဏှာ ဒိဋ္ဌိတွေရဲ့ သတ္တိကြောင့် ဒီလောက် ဒုက္ခ ရောက်နေကြရတာပါ။

ကုသိုလ်တောင်းမှ လုပ်တဲ့အခါမှာ သန့်သန့်လေးလုပ်တဲ့ ရေစက်မိခဲ့ကြတော့ အကျိုးပေးတော့လည်း ချမ်းသာ မိရမှာပါ ပဲ၊ ရှေ့လျှောက်ပြီး ရောကြီးမှာလား။ ရှေ့လျှောက်ပြီး လျော့ရည် ကြီးမှာလား။

သူတောင်းချင်တော်၊ မွဲခြောက်ပေါက်ဖြင့်
ဆင်းရဲဆော်ဝှန်ကြွေး ဖြတ်လေရှားကြောင့်
ဘုရားကား ကုသိုလ်၊ အကုသိုလ်နှင့်
တိုက်ဆိုက်တာ၊ ဆိုကြရ
များလှတော့သွားလေး။

ဘုရားရှင်တော် ပွင့်တွန်းပေါ်တော့မြို့၊ ဘုရားဖြစ်တော့ ဟော ကြားတော်မူတဲ့ တရားတော်ကို မှတ်သားနာကြားခဲ့ရပြီ။ ကုသိုလ် အကုသိုလ်နဲ့ ကုသိုလ် အကုသိုလ်ရဲ့ အကျိုးပေးရာ ဘုံဘဝတွေ ကို သိခဲ့ကြရပြီနဲ့ ကိုးတစ်တွေ ရေ့ရှောက်ပြီး ကုသိုလ်ထဲမှာ အကုသိုလ် မရောကြပါနဲ့၊ လွှာရှည်ပြီးတော့လည်း ဆုတောင်း မမှားကြပါနဲ့လို့ လေးစားစွာ ထိုက်တွန်းပါတယ်။

## တရားအတွေ့ သတ္တမှု

ယောဂီတို့တစ်တွေ ဝါကကုသိုလ် ဝါကအကုသိုလ်လို့ သိ သွားရင် နှလုံးသားထဲမှာ ဘုရားပွင့်နေပါပြီ။ ပဋ္ဌာန်းဒေသနာတော် ကြီးကို နေ့စဉ်ရွတ်ဆို ပေးနေကာကာ ဘုရားတည်ပေး နေကာပါ။ သဒ္ဓါဘုရား တည်ပေးနေတယ်။ သဒ္ဓါသိတိုင်း ဝမ်း ထဲမှာ ဉာဏ်ဘုရားပွင့်နေတယ်လို့ မှတ်ရမယ်။

ဉာဏ်ဘုရားတည်နိုင်ရာ ရွှေမလိုဘူး၊ ငွေမလိုဘူး၊ မြေ မလိုဘူး။ နှလုံးသားထဲမှာ သဒ္ဓါဘုရားကို တစ်သက်လုံး တည် သွားကြပါ။ ဉာဏ်ဘုရား အမြဲတမ်းပွင့်အောင် ခန္ဓာပေါ်မှာ ဉာဏ် ရောက်အောင်လုပ်ပါ။ ခန္ဓာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မင်း။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ လောဘသွားတဲ့ အပိုင်းလေးကာ မိဋ္ဌိတွေက သမုဒယသစ္စာ၊ သမုဒယတို့ချုပ်ရာ ငြိမ်းရာ သိမ်းရာက နိရောဓသစ္စာ။ သစ္စာလေးပါးလုံး ဖြစ်ပျက် မြင်တိုင်း ယောဂီတို့ ဝမ်းထဲမှာ ဉာဏ်ဘုရားပွင့်ပါတယ်။

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

မျှော်လှမ်းတော့ ပဋ္ဌာန်းလေးတွေ ဖြင့်လိုက်တယ်။ "ဟော ဘုရားလျှပ်ချက်လိုက်တာ" ပန်းတေ အရွှေကာလ၊ ဝမ်းထဲက ကုသိုလ်

စိတ်ကြောင့် ပန်းတာ လျော့ဖွယ် ဖြစ်လာတယ်။ အထူးကာသ ပန်းတာ ပမ်းတဲ့ စိတ်ပေါ်မှာ မူတည်ပြီး ခေါင်းပေါ်လည်း ရောက်နိုင်တယ်။ ဘုရားရှေ့လည်း ရောက်နိုင်တယ်။ အခမ်းအနားထဲလည်း ရောက်နိုင်ပါတယ်။

ကုသိုလ်ကို အကြောင်းပြုပြီးတော့မှ ဘုရားလှူဖို့ဆိုပြီးတော့ ဆွမ်းတော်ပွဲကြီး ရွက်လာတယ်။ ဆွမ်းတော်ဝန်းဆောင်က အထူးကာသ၊ ကုသိုလ်ကြောင့် နှစ်မြတ်သော အရာအားလုံးဟာ လှူဖွယ်ပန်းဖွယ် ဖြစ်လာတယ်။ ယောက်ျားတို့ရဲ့ နှလုံးသားထဲက ကုသိုလ်ကြောင့် ကိုယ့်ချွေးနည်းစာလေးနဲ့ ရသမျှ အစွမ်းအမြတ် အဖော်ပါရှိသမျှ သီလလေးနဲ့ ပေါ်ဝင်းထဲက ကုသိုလ်စိတ်ကြောင့် လှူဒါန်းဖွယ်ရာ ဖြစ်လာပါတယ်။

ခေါင်းရွက်ဗျပ်တိုး ဈေးသည် ဆိုင်ကားသမားတာအစ အားလုံးသော လူတော်တောင်းတွေဟာ ကိုယ့်ချွေးနည်းစာလေးနဲ့ ဆွမ်းဒကာ ဆွမ်းအမေ ကျောင်းဒကာ ကျောင်းအမေတွေ ဖြစ်နိုင်ကြတယ်။ အလှူတကာ အလှူထဲမှာ အမြတ်ဆုံးသော အလှူဟာ တရားအလှူ ဖြစ်ပါတယ်။ တရားအလှူတွေထဲမှာလည်း သဒ္ဓါတရားအလှူကြီး၊ သာသနာ့ဂုဏ်တော်ကြီး ဖြစ်တဲ့ မြတ်ပဋ္ဌာန်း တရားတော်ကြီးကို ပေးကြေးနုကြားမှုပေ အလှူကြီးတွေ ပေးနေကြတာပေါ့။

## ဝေဒနာနောက်မှာ ညည်းမပါစေသော်

ဝေဒနာပ်တရားတော်ကြီးကို နာကြားရတဲ့အခါ ကိုယ့်အကြောင်း ကိုယ်သိရတယ်။ ဒါဟာ ကုသိုလ်၊ ဒါဟာ အကုသိုလ်လို့လည်း သိရတယ်။ သိလိုက်ရတော့ ယောက်ျား ပမ်းထဲမှာ

သဒ္ဓါတရား ပွင့်သွားတဲ့အတွက် ဆေးလျော်သွားပြီနော်။ ဝန္ဒာနီ တရားတော်ကြီးဟာ အကြိမ်ကြိမ် နာကြားသင့်တဲ့ တရားပါ။

**ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

ဝမ်းထဲမှာ အကုသိုလ်စိတ်လေး ရှိလာတဲ့အခါကျတော့ မသတ်ရမနေနိုင်။ မဆဲရမနေနိုင် ဖြစ်လာတယ်။ သတ်ချင် ဖြတ်ချင်တာက ဒေါသ။ မသတ်ရ မနေနိုင်တာက ဥပါဒါန်။ သတ်တယ် ရိုက်တယ် ဆိုတာက ကံ။ ကံတွေ ဖြစ်ကုန်သွားတယ်။

“မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ” ဆိုတဲ့အတိုင်း ပဒုဋ္ဌ ကြမ်းတမ်းတဲ့ အကုသိုလ်စိတ် ရှေ့သွားရှိနေပြီ ဆိုရင် ဝမ်းထဲက ဒေါသစိတ်ကြောင့် ကာယကံလည်း ကြမ်းတမ်းတော့တာပဲ၊ ဝစီကံလည်း ကြမ်းတမ်းတော့တာပဲ။ ဒီအကုသိုလ်ကံတွေ ဖြစ်လာရတာ အလိုလိုလား၊ ရှေ့အကုသိုလ်ကြောင့်လား၊ ရှေ့အကုသိုလ်ကြောင့်နော်။

ပုရိမာ ပုရိမာ အကုသလာဓမ္မာက မနောကံ ပေါ်တဲ့ ဒေါသစိတ်။ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံက ကာယကံ ဖြစ်ကြောင်း ဝစီကံဖြစ်ကြောင်း မနောကံဖြစ်ကြောင်း ကြီးထွားပြီး ကြမ်းတမ်းတဲ့ ကာယကံ ဝစီကံ မနောကံတွေ ပေါ်လာရတယ်။ ဒီကံတွေ ပေါ်လာရတာ အလိုလိုလား၊ စိတ်ကြောင့်လား ဆိုတော့ စိတ်ကြောင့်ပေါ့။

“**စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ၊** စိတ်သာလျှင်မော ဘုရားဟော ဆိုတဲ့အတိုင်း စိတ်လာရှေ့သွား ခေါင်းဆောင်ရှိတယ်။ လောကီတို့မှာ အကုသိုလ်စိတ်တွေ ဖြစ်နေပြီ ဆိုရင်

ဂုဏ်ရှိဖော ဂုဏ်ရှိဖော ခွေးကုလားလေးသားစွာ ပဉ္စမဆံ ပဉ္စမဆံ ကုသ လာခံ စွာခံ ဆာသည့် ဥပနိဿယ ပစ္စယော ပစ္စယော။

အကုသိုလ်စိတ်ဟာ ဝမ်းထဲမှာ ကိန်းအောင်းနေရင် နောက်ထပ် အကုသိုလ်တွေ ပွားတော့မှာပဲ။ အကုသိုလ်ကို မြိုးတော့မှ ကုသိုလ် ထပ်ဖြစ်အောင် လုပ်ရမယ်။ ဒါမှလို သိဖို့ရာအတွက် ထုံးရိုးမှတ် တော်မူကြပါ။

ကိုယ်ထင်တွေဟာ ဝဋ်ဆင်းတွေ ဖြစ်ကြောင်း လောကဓံသဘော တရားတွေကို အပြီးတိုင် မပယ်ကြရသေးပါဘူး။ မပယ်ကြရသေး တဲ့ အခါကျတော့ လောကရေးရာ လိုချင်တဲ့စိတ် ပေါ်လာပြီဆိုရင် အဖေမသိ အမေမသိ ကျေးဇူးရှင် မသိတော့ဘူး။ ဖော်ကားဝတ် တော့။ ချမ်းသာပစ္စည်းဝတ်တော့။ အဲဒါ လောဘစေ့ဆော်က ညွှန် ပြောက်လို့ ဖြစ်ပါတယ်။

အဇာတသတ် ပင်ယား ဘုရင့်စည်းစိမ်ကို လိုချင်လို့ အဖေ ရှင်ဘုရင် ဗိမ္ဗိသာရကို သတ်တယ် ဆိုတာလည်း ဒီလောဘ စိတ်ပဲ။ အမေကို ဖော်ကား အမေကို ဖော်ကားတယ် ဆိုတာလည်း ဒီလောဘစိတ်ပဲ။ ညီအစ်ကို မောင်နှမ အရင်းတွေကို ရွဲပစ်တာ လည်း ဒီလောဘစိတ်ပဲ။ ဘတ်သတ်လုံး ချမ်းမြင့်မြင့် ထုမှုတ် ဆန်ဆန်နဲ့ ရှုံ့ဘူးသွယ် ဖြစ်သွားတာလည်း ဒီလောဘစိတ်ပဲ ဖြစ်ပါတယ်။

## အကုသိုလ်စိတ်ဖျက်နည်း သိကြားမင်း

ဘုရားဟောတော့ ပဋ္ဌာန်းဒေသနာတော် "ပဋ္ဌာန် ဆောင်ခံ ဆာသည့် ရုဏ်ကားတော့ ဂုဏ်ရှိဆော် ဖြစ်သော ပါး၏ နာမ သာဓုဝ" ရှိန်သို ပါဝါနဲ့ အမြဲမပြတ် ဆက်ဆံနေရသော အရှင်သာရိပုတ္တ

မဟုတ်ပါဘူး။ အနှစ်မဟုတ်တဲ့ အကာအခြံအထိ ဖြစ်ပါတယ်။ ရေနံချေးရုံပေါ်ပေါ်၊ အမြှုပ်တန်း ဝန်းရံဖုံးကွက်ဆီးတော ဝဲရေရှာတဲ့ ရွှေကို ရွှေစ နှစ်ပဲခြောက်မူး ဘောဂီအာရုံ တဏှာဂုဏ်လေးနဲ့ အနှစ်သာရ ဖြစ်တဲ့ အမိမေတ္တာ ဘဝဖေတ္တာ ကိုယ့်ရဲ့ဂါရဝ ရှိပါတ လေးစား ထိုက်တဲ့ ပုဂ္ဂိုလ်တွေကို နှုတ်နဲ့ဆော်ကားရဲတယ် ဆိုတာ လောဘရဲ့ သတ္တိ ဖြစ်ပါတယ်။

တို့တစ်တွေကို ခဏသတိလေးလိုက်ဦး။ ဝမ်းထဲမှာ လောဘ ရှိသော်ငြား လိုချင်တပ်မက်စိတ် ရှိသော်ငြားဆိုရင် ဘုရားအလောင်း မဟော်သဓာဝ်မှ မှားခဲ့သေးတာပဲ။ ဘဝတစ်ခုမှာ ညီအစ်ကိုလေး နှစ်ယောက် ရှိပါတယ်။ အဖေအမေ သေသွားတော့ ညီအစ်ကို နှစ်ယောက် အမွေခွဲတော့ ညီဖြစ်တဲ့ ဘုရားအလောင်းက အစ်ကို ရဲ့ အမွေတွေ အကုန်ရအောင်လို့ အစ်ကို့ခေါင်းကို ခဲနဲ့ထုပစ် သတဲ့။ ဒီလောက် ထယ်ဝက်ခြောက် လွန်ကျူးဖြစ်တာ အကုသိုလ် ရဲ့သတ္တိ ဆိုတာ သေချာပါတယ်။

**ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကု သလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

ရှေ့က အကုသိုလ်က နောက်က အကုသိုလ်ကို ဆက်တိုက် ဆက်တိုက် ဖြစ်သေအောင် ကျေးဇူးပြုပေးတယ်။ သာမန် ကျေး ဇူးပြုတာ မဟုတ်ဘူး။ အားကြီးသော အမှီကျေးဇူးအားဖြင့် ကျေးဇူး ပြုတယ်။ မောင်နှမချင်း မဆိုထားနဲ့ အဖေရင်း အမေရင်းကို တောင်မှ လက်ညှိုးငေါက်ငေါက် ထိုးပြီးတော့ "နင်တို့ကြီးတာ ကျုပ်ကောင်းတာ မပေးချင်ဘူး၊ ခင်ဗျား သားလေးတွေ ရှိချင် တယ်။ ကျုပ်တို့တော့ ခင်ဗျားက တစ်ပြားမှမပေး" လို့ အဖေကို ပြန်ချောက်ရတဲ့ အကုသိုလ်ရဲ့ သတ္တိပေါ့၊ လောဘရဲ့ သတ္တိပေါ့။

ယောဂီတို့ အမြဲသတိထားကြပါ။ ကိုယ့်စိတ်ထဲမှာ အကုသိုလ်စိတ် ပေါ်လာရင် အကုသိုလ်စိတ်မှန်း သိကြပါစေ။

## ဝိပဿနာဉာဏ် အားကောင်းသော ပုဂ္ဂိုလ်

လောဘစိတ်ကလေး ပေါ်လာရင် "လောဘစိတ်ကလေး ပါလား" လို့ သိလိုက်တဲ့အချိန်မှာ ဥပါဒါန်နဲ့ ဖွဲလမ်းတာလေးလာဦး မလား၊ မလာတော့ဘူး။ ကြမ်းကြမ်းတမ်းတမ်း ဖြစ်မည့်ကိစ္စတွေ လည်း မဖြစ်တော့ဘူး။ အဲဒါ ရှေ့စေပေါ် ဉာဏ်ရောက်ပြီး အကုသိုလ်ကို အကုသိုလ်မှန်း သိသွားလို့ ဖြစ်ပါတယ်။

အကုသိုလ်ကို အကုသိုလ်မှန်း သိတာက ဉာဏ်သိ့သိတာ ဖြစ်ပါတယ်။ အကုသိုလ်စိတ်ကလေး လောဘစိတ်ကလေးက ပေါ်တဲ့အခါမှာ မနောမှာပေါ်တယ်။ ဒါကြောင့် ရှုတဲ့အခါမှာ လည်း မနောမှာပဲ ရှုရမှာ။ "လောဘစိတ်ကလေးပါလား၊ လောဘ စိတ်ကလေးပါလား" လို့ သိလိုက်တဲ့အချိန်မှာ လောဘစိတ်ကလေး ရှိသေးလား၊ မရှိတော့ပါဘူး။

လောဘစိတ်ကလေး မရှိတော့ပါလား ဆိုပြီး လောဘစိတ် ကလေးက အမှိုက်၊ ရှုတဲ့ဉာဏ်က ဓား။ ဓားက ကုသိုလ်၊ လောဘ စိတ်က အကုသိုလ်။

**ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

တစ်သံသရာလုံး လိုချင်တယ်၊ ဖွဲလန်းတယ်၊ အားထုတ် တယ်၊ မတွေ့နိုင်ဘူး။ သတိရချင်တယ်လို့ ဆုံးဖြတ်အတိုင်း လာစေ လိုက ဘုရားဖွင့်တော်မူတဲ့အခါကျတော့ လောဘကို လောဘ စိတ်ကလေးပါလားလို့ သိလိုက်တယ်။ ဒေါသစိတ်ကလေး ပေါ် လာရင်လည်း ဒေါသစိတ်ကလေးပါလားလို့ သိလိုက်တယ်။ အဲဒီ

လို့ သိလိုက်တော့ ဥပါဒါန်ကံ မလာတော့ဘူး။ ဒါ နည်းသားမှာ ဘုရားဖွင့်တာပါ။ ဘယ်အချိန်မှာ ဖွင့်တာလဲဆိုတော့ နှာပေါ်မှာ ဉာဏ်ရောက်နေတဲ့အချိန်၊ အကုသိုလ်ကို အကုသိုလ်မှန်း သိတဲ့ အချိန်မှာ ဖြစ်ပါတယ်။

အဲဒီလို လုပ်နိုင်တာဟာ လွယ်ကိုင်တား ဆိုတော့ မလွယ်ဘူး။ လေ့လာပြီး-အချို့အချို့ ပုဂ္ဂိုလ်တွေသာ လုပ်နိုင်တယ်။ ဘယ်လို အချို့ ပုဂ္ဂိုလ်တွေလည်း ဆိုတော့ ဝိပဿနာဉာဏ် ထုလွှမ်းနေတဲ့ ပုဂ္ဂိုလ်၊ ဝိပဿနာဉာဏ် အားကောင်းလာသော ပုဂ္ဂိုလ်မှ ဒီလို လုပ်နိုင်ပါတယ်။

## လောကဖြစ်စဉ် ပဋ္ဌာန်းတွင်

**ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

တုတ်ဓားလေး လက်နက်တွေ လက်ထဲ ရောက်လာမယ်။ ဝမ်းသာတဲ့ အကုသိုလ်စိတ်နဲ့ ကောက်ကိုင်လိုက်တဲ့ တုတ်ဓား ဆရာ ကတာပါပဲ။ တုတ်ဓား ကုသိုလ်လည်း မဟုတ်ဘူး၊ အကုသိုလ်လည်း မဟုတ်ဘူး၊ ဝမ်းသာတဲ့ အကုသိုလ်စိတ်က အကုသိုလ်ပါ။ အကုသိုလ်ကို အကြောင်းပြုပြီးတော့ ကောက်ကိုင်လိုက်သည့် လက်နက်တွေက ဆရာတာတွေချည်းပါပဲ။

ဥပနိဿယနဲ့ကင်းတဲ့ ကုသိုလ် အကုသိုလ်ရယ်လို့ မရှိပါဘူး။ ဥပနိဿယနဲ့ ကင်းတဲ့ ကောင်းကျိုး မကောင်းကျိုးလည်း မရှိပါဘူး။ ဥပနိဿယနဲ့ ကင်းတဲ့ ဂုဏ် ဂုဏ်အားလည်း မရှိပါဘူး။ အဲဒီလောက် ကျယ်ပြန့်လွန်းလို့ ဥပနိဿယပစ္စည်းကို မိုးကောင်းကင်နဲ့ ဥပမာပေးထားတာ ဖြစ်ပါတယ်။

လောကပေါ်တိုင်း ပေါ်တိုင်း နောက်က ညွတ်ဝိုက်ပါ။ ညွတ်မဝိုက်ရင် အေးချမ်းတာတွေ လိုက်တော့မယ်။ တုတ်ဆွဲထား ခွဲ အဖေဆဲ အမေဆဲ၊ ညီအစ်ကိုချင်း ဆိုးကြွရိုက်ကြမယ်။ အဲဒါ အတ္တသိုလ်နောက်က ညွတ်မဝိုက်လို့ပါပဲ။

**ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

ဆန်လည်း အဗျာကတာ၊ ထမင်းလည်း အဗျာကတာ။ ဆန်မရှိတဲ့ ထမင်းဖြစ်မလာဘူး။ ဝါလည်း အဗျာကတာ၊ အထည်လည်း အဗျာကတာ၊ ဝါမရှိတဲ့ အထည်ဖြစ်မလာဘူး။ သံလည်း အဗျာကတာ၊ လက်နက်လည်း အဗျာကတာ၊ သံမရှိတဲ့ လက်နက်ဖြစ်မလာဘူး။ မိဘလည်း အဗျာကတာ၊ သားသမီးလည်း အဗျာကတာ။ အဗျာကတာ က နေ အဗျာကတာကို ကျေးဇူးပြုတာပေါ့။

**ပုရိမာ ပုရိမာ အဗျာကတာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

အရုဏ်ဦးဝန်းသာယာ အချိန်နဲ့ ပန်းကလေးတွေ မြင်တော့ ဘုရားလှူရင် ကောင်းမှာပဲလို့။ ပန်းက အဗျာကတာ၊ ဘုရားလှူချင်တဲ့စိတ်က ကုသိုလ်။ ရှေ့က အဗျာကတာက နောက်ကုသိုလ်ကို ကျေးဇူးပြုတယ်။

**ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

ကတ်ကြေးလေး လက်နက်က အဗျာကတာ၊ နောက်က ကလဲ့ငြိုးတော့ အကုသိုလ်စိတ်တွေ ဖြစ်လာတယ်။ အဗျာကတ ကြောင့် အကုသိုလ် ဖြစ်တာပေါ့။

အဗျာကတကြောင့် အဗျာကတဖြစ်၊ ကုသိုလ်ဖြစ်၊ အကုသိုလ်ဖြစ်။ နေ့တိုင်း ဖြစ်နေတယ်။ ဘုရားဟောတဲ့ ဖြစ်နေတာ

မဟုတ်ဘူး။ လောကဖြစ်စဉ်တို့က ဖြစ်နေတာ။ အလိုလို ဖြစ်နေတာ မဟုတ်ဘူး။ အကြောင်းအကျိုးနဲ့ ဖြစ်နေတာ။ အကြောင်းက တစ်မျိုးတည်းမဟုတ်ဘူး အမျိုးမျိုး အထားအထားရှိတယ်-တဲ့။ အကြောင်းတရားနဲ့တို့-- ပဋ္ဌာန်း။ ပစ္စယ-ပစ္စယုပ္ပန်ဆိုတာ လောကဖြစ်စဉ်ကို ဖြေပြနေတာကို နားလည်သဘောပေါက်ပြီးတော့ နေ့စဉ်ကျင့် ရောက် အားထုတ်ကျွတ်ကြဖို့ ပို့ဆောင်ပါတယ်။

## အကြောင်းမှန်မြင် ဒိဋ္ဌိစင်

ရှင်တော်မြတ်ဗုဒ္ဓက မြတ်ပဋ္ဌာန်း ဒေသနာတော်မှာ အစအဆုံး အဓိပ္ပာယ်ရကာ ဟုတ်လိုက် အတွယ်တာကျွတ်မြို့တွေ ပေါ်လာအောင် တာ သိမ်မွေ့နက်နဲလှပါတယ်။

အခု လောကီတို့ ဘုန်းကြီးတို့ တရားနာ တရားထိုင် လောကီ လောကုတ္တရာ အကျိုးတွေ ရနိုင်တယ်ဆိုတာ အဓိပ္ပာယ်ရှာ ဆောင်ပုံ လားလို့ပေါ့။ "သစ္စာ သစ္စာ အဓိပ္ပာယ်ရှိတယ်" လို့ ဘုရားပါအနန္တကိုးပါး အဓိပ္ပာယ်ကိုမှီ၍ ရပ်တည်နိုင်ကြရန်။ (၀၁) သက်ရှင်လှုပ်ရှား သွားလာနိုင်ကြရန်လို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟောတော်မူခဲ့တာပါ။

သူတော်ကောင်းတို့ ခုဲ့စားကြည့်ပါ၊ ရုပ်ဖြစ်ကြောင်း တရားလေးပါးမှာလည်း အဓိပ္ပာယ်ရှာ ပါပြီးသားနော်။ ဒါကြောင့် အဓိပ္ပာယ်ရှာအကြောင်း၊ မျှတကိုယ်လှုပ်ရှား လှုပ်ရှားနေနိုင်တာက အကျိုး။ အကြောင်းကြောင့် အကျိုးဖြစ်နေတာပါပဲ။ ဘယ် ဝိညာဉ် နေ့ခံမင်းလေးလို့မှ မဟုတ်သေး၊ အရှုပ်တွေပြောတော်မလေး ဝင်းထဲမှာ ရှိနေလို့ သွားလာလှုပ်ရှားနေနိုင်တာလည်း မဟုတ်ပါဘူး။

အာဟာရတည်းဟူသော အကြောင်းမှုကြောင့် ခန္ဓာကိုယ် သွားလာလှုပ်ရှားနိုင်ခြင်းဆိုတဲ့ အကျိုးတွေဟာ ဖြစ်ပေါ်နေတာပါ။ အကြောင်းကလည်း တစ်မျိုးတည်း မဟုတ်ဘူး။ အာဟာရဟာ အမျိုးမျိုးအထွေထွေ ရှိတယ်။ အကြောင်းတရားက = ရုပ်နာ၊ ပေါင်းလိုက်တော့ = ပဋ္ဌာန ပဋ္ဌာန်းရယ်လို့ ဖြစ်လာတာပါပဲ။

အခုလို မြတ်ပဋ္ဌာန်းကို ရှင်တော်မြတ်ဘုရား ဟောတော်မူ နားလည်ခွင့်ရလိုက်တော့ ဘယ်လို တွေးတောမှုများသွားသလဲဆိုရင် ခန္ဓာကိုယ်ကြီး သွားလာလှုပ်ရှားနေနိုင်တာ အာဟာရကြောင့် ပါလားလို့ သိလိုက်ရတယ်။ အဲဒီလို သိလိုက်ရတဲ့အတွက် စိတ်ထဲမှာ အေးတယ်။ ဖန်ဆင်းထားတာလည်း မဟုတ်၊ အတ္တဆိုတဲ့ လိပ်ပြာကောင်ကြောင့်လည်း မဟုတ်ပါလားလို့ ဉာဏ်ရှင်းတဲ့အတွက် ဒိဋ္ဌိလည်း ပြုတ်တယ်။

ဒီလို ခန္ဓာပေါ် ဉာဏ်ရောက်ပြီး ဒိဋ္ဌိစိတ်ထဲမှာ ပြုတ်နိုင်ဖို့ရာ မြတ်ပဋ္ဌာန်း ဒေသနာကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။ ဒိဋ္ဌိစိတ်ထဲမှာပြုတ်မှ သောတာပန် အရိယာဖြစ်ပြီး အပါယ်လေးပါးက အပြီးတိုင် လွတ်မြောက်မှာ ဖြစ်ပါတယ်။

## အာဟာရကိုမှီ၍ ကုသိုလ် အကုသိုလ်ဖြစ်ပုံ

အာဟာရနဲ့ ပတ်သက်ပြီး ရှင်တော်မြတ်ဗုဒ္ဓက "**သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ**"လို့ ဟောတော်မူခဲ့ ပြန်ပါတယ်။ ဒါက ဘာကို ပြောတာလဲဆိုရင် မည်သည့်အာဟာရကိုပဲ စားစား၊ မိမိရဲ့ ကျန်းမာရေး အတိုင်းအတာတစ်ခုအနေနဲ့ ညှိပြီးစားတတ်ရမယ်။ တော့ပစ္စယ သန္နိဿိတ သီလ အနေအားဖြင့် ပစ္စဝေက္ခဏာတောင် ဆင်ခြင်ပြီးတော့ စားတတ်ရမယ်။

ရဟန်း သံဃာ ကိုရင် သီလရှင်များမှာ ဆွမ်း၊ သင်္ကန်း၊

ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာတော် ဆင်ခြင်ပြီးတော့မှ သုံးစွဲရတယ်။ ရဟန်းသံဃာများမှာလည်း လူတွေလိုပဲ စားစရာ ဝတ်စရာ နေစရာ လိုအပ်တာပဲ။ စားစရာဆွမ်း၊ ဝတ်စရာ သင်္ကန်း၊ နေစရာကျောင်းတွေကို လူတွေလို ကိုယ်တိုင်လုပ်ကိုင်ရှာဖွေခွင့် မရှိဘူး။ ဒီတော့ ဒကာ ဒကာမတွေ သဒ္ဓါကြည်ဖြူလှူဒါန်းကြတာကို အမှီပြုပြီးတော့ ရပ်တည်ကြရတယ်။ လှူတို့က စေတနာ သဒ္ဓါတရားနဲ့ လှူထားတဲ့ ပစ္စည်းလေးပါးကို ဒီအတိုင်း အလွတ်တမ်း မသုံးဆောင်ကောင်းဘူး။ သုံးဆောင်ရင် အပြစ်ရှိတယ်။ အပြစ်ကင်းအောင်လို့ ပစ္စဝေက္ခဏာတော် ဆင်ခြင်ပြီးတော့ သုံးဆောင်တော် မူကြရပါတယ်။

ပစ္စဝေက္ခဏာ ဆိုတာ ဆင်ခြင်တဲ့ သုံးမှုခံလို့ရှိရင် "ဣဏပရိဘောဂ" ဆိုတဲ့ ကြွေးယူပြီးတော့ စားသုံးရာရောက်တယ်။ ကြွေးကင်းအောင်လို့ ဆင်ခြင်ပြီးမှ သုံးစွဲရတာ။ ဆွမ်းစားတဲ့အခါ လှအောင်ပအောင် ဝဖြိုးအောင် စားတာမဟုတ်ပါဘူး။ ခန္ဓာကိုယ်တည်တံ့ဖို့၊ ဗုဒ္ဓရဲ့ ဝိသာသနာစရနှစ်ပါးကို ကျင့်ကြံနိုင်ဖို့ စားတာပါလို့ ဆင်ခြင်ရတယ်။ သင်္ကန်းဝတ်ရုံခြင်းဟာလည်း အအေးဒဏ် အပူဒဏ် မှက်ခြင်ယင်တွေရဲ့ဒဏ်ကနေ ကာကွယ်ဖို့၊ အရှက်လုံအောင်လို့ ဝတ်တာပါလို့ ဆင်ခြင်ရတယ်။ ကျောင်းမှာ နေတာဟာလည်း နှင်း၊ ခြင်၊ ယင်၊ လေ၊ နေ၊ မြွေ၊ ကင်းတွေ ဘေးကကင်းအောင် နေတာပါ၊ ဆေးဝါးသုံးစွဲတဲ့ အခါမှာလည်း ရောဂါဝေဒနာ ကင်းပျောက်ပြီးတော့ သာသနာ့တာဝန် ထမ်းဆောင်နိုင်ဖို့ရာအတွက် သုံးစွဲတာပါလို့ ပစ္စဝေက္ခဏာတော် ဆင်ခြင်ရပါတယ်။

ပစ္စဝေက္ခဏာတော် ဆင်ခြင်တယ်ဆိုတာ ရဟန်းသံဃာများမှ ဆင်ခြင်ရတာ မဟုတ်ပါဘူး။ လူဝတ်ကြောင် ဒါယကာတွေလည်း ဆင်ခြင်ရမယ်။ လူဒါယကာတွေကျတော့ "ဤအစာရေကို

သုံးဆောင်ပြီး လောကီလောကုတ္တရာ ရပ်ကျိုးရွာကျိုး တိုင်းကျိုး ပြည်ကျိုး သယ်ပိုးဆောင်ရွက် ဆောင်ရွက်နိုင်ပါစေခြင်း အကျိုးငှာ သုံးဆောင်ပါ၏”လို့ ဆင်ခြင်ရမယ်။

ဒီလိုမှ မဆင်ခြင်နိုင်လျှင် ဘာဖြစ်မလဲ။ အာဟာရကို မှီပြီးတော့ “ငါလိုရှား၊ ဘယ်သူစားနိုင်သလဲ”ဆိုတဲ့ မာန၊ အစာအာဟာရပေါ်မှာ သာယာတဲ့ တဏှာ။ ငါမှ စားနိုင်တာဆိုတဲ့ ဒိဋ္ဌိ ဆိုတဲ့ အကုသိုလ်တွေ ဖြစ်ကုန်တော့မှာပေါ့ပဲ။ ကိုယ်ဝဖို့တမင်း ကိုယ်စားပြီး အပေါ်ယံလှပအောင်ဆိုတာ အဲဒါပါပဲ။ အာဟာရကို မှီပြီးတော့ အကုသိုလ်ဖြစ်ကြရတာ ဗုဒ္ဓဘာသာဖြစ်ပြီး ဘုရား တရား နားလောက်ရကောင်းမှန်း မသိလို့ပါပဲ။

“ပုရိမာ ပုရိမာ အဇ္ဈတ္တကာလမ္ဗာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော”လို့

ဟောတော်မူထားတဲ့အတိုင်း အစာအာဟာရကြောင့် ကုသိုလ်လည်း မဖြစ်ဘူး၊ အကုသိုလ်လည်း မဖြစ်ဘူး။ အဗျာကတ ဖြစ်ပါတယ်။ အာဟာရကို မှီပြီး စားသုံးသူရဲ့ နှလုံးသွင်းအပေါ်မှာ မူတည်ပြီးတော့ ကုသိုလ် အကုသိုလ်ဖြစ်ကြ ရတာပါ။

## သက်သတ်လွတ်က သာမညူး နှလုံးသွင်းမှန်မှုက အဓိက

သက်သတ်လွတ်နဲ့ ပတ်သက်ပြီး အရှင်ဒေဝဒတ်ကြီးက တစ်ခါမှာ မြတ်စွာဘုရားကို လျှောက်ထားခဲ့ဖူးတယ်။ “မြတ်စွာဘုရား...သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ အသားအငါးခြင်းမှ ရှောင်ကြဉ်ပြီး သက်သတ်လွတ်စားဖို့ ပညတ်တော်မူပါဘုရား”လို့ လျှောက်ထားတယ်။

အရှင်ဒေဝဒတ် အဲဒီလို လျှောက်ထားခြင်းအကြောင်း

တခေါ့ "အသိဉာဏ်မဲ့တဲ့ ရုပ်တရား ဗုဒ္ဓဘာသာ အများစုအနေနဲ့ လူ့ဇာတ်ရေးမှာ ၂၅ ရာစုနှစ်နီးက မှန်တယ်ညီ မှားသည် ခေါ်ခံတဲ့ ခေါင်းပေါ်ပေးအကျင့်ကို ကြည့်ညိုကြတော်ကြတယ်" တဲ့ ဒီအချက် တို့ သိထားတဲ့ အရှင်ဓမ္မဓဇအနေနဲ့ အသိဉာဏ်မဲ့တဲ့ သဲသာတွေ လူဒါယကာတွေ သူ့ရုပ်ဝါဒနောက်ကို အနည်းနဲ့အများ ပါလာနိုင်တာကို မျှော်လို့ပြီးတော့ အခွင့်အရေးကောင်းဆိုလျှော်ထား ခြင်း ဖြစ်ပါတယ်။

အဲဒီအခါမှာ ရှင်တော်မြတ်ဗုဒ္ဓက အသားစားခြင်း၊ မစား ခြင်းက အဓိကမဟုတ်ဘူး၊ နှလုံးသွင်းမှန်ကန်မှုသည်သာ အဓိက ဖြစ်တယ်။ အသားစားခြင်း မစားခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်မှု အဓိက မဟုတ်ဘူး၊ နှလုံးသွင်း မှန်ကန်မှုသာ အဓိက ဖြစ်တယ်။ အသားစားခြင်း၊ မစားခြင်းသည် ကုသိုလ် အကုသိုလ် အရာ၌ အဓိကမဟုတ်၊ နှလုံးသွင်းမှန်မှု မမှန်မှုသည်သာ အဓိက ဖြစ်တယ်လို့ဆိုပြီး အရှင်ဓမ္မဓဇ၏ တောင်းဆိုချက်ကို ခွင့်ပြု တော် မမူခဲ့ပါဘူး။

အခုခေတ် ဟချို့နေရာ ဗြာနတွေမှာ "သက်သတ်လွတ် ဆာသနာ" ဆိုတဲ့ စာတန်းမျိုး "သက်သတ်လွတ်နယ်မြေ" ဆိုတဲ့ ကန့်သတ်ချက်မျိုးတွေ တွေ့နေရပါတယ်။ "ဖြတ်ရှုဘုရား၏ ရှေ့မျက်မှောက်၌ မယားကရုဏာ မယားဆွေမျှဝေကြီးကို ဆောက်ကြပါဦးတော့မယ်ကို" လို့သာ ဆိုလိုက်ချင်တယ်။ ရှင် တော်မြတ် ဗုဒ္ဓသာသနာကို ဖြုံဖောင့်ရောက်မှာလား၊ အရှင် ဒေဝဒတ်ရဲ့ အဆိုအမိန့်ကို ရပ်မှာလားလို့ မေးလိုက်ချင်ရှင် ပါတယ်။

လူတွေများ အသိဉာဏ်မဲ့ပြီးဆိုရင် သိပ်ခက်တာပဲ၊ တချို့က "သက်သတ်လွတ်" နဲ့ "သတ်သတ်လွတ်" ကို မခွဲဘူး၊ အနက်က

သစ္စာဝါဒတွေရဲ့ အသက်ကို ကိုယ်တိုင်သတ်ပြီး မေ့ပါနဲ့၊ သူ တစ်ပါးကိုလည်း မတိုက်တွန်းပါနဲ့လို့ ဆိုလိုတာပါ။ ငါးပါးသီလ မှာ နံပါတ်တစ်အနေနဲ့ “ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ” ဆိုပြီး လူတွေစောင့်ထိန်းရမည့် သီလအနေနဲ့ ပါရှိပြီး သားနေတာ၊

အသိဉာဏ်ရှိသူတွေဟာ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ် တရား၊ ဘာသာတရားကို ကျင့်သုံးတဲ့နေရာမှာ အဓိကနဲ့ သာမည ကွဲကွဲပြားပြား ခွဲခြားကြ။ တချို့က သက်သတ်လွတ်စားရင် အသားမစားရင် ကုသိုလ်ရတယ်လို့ ယူဆတယ်။ ကိုယ်တိုင်လည်း ကျင့်သုံးတယ်။ သူတစ်ပါးကိုလည်း ဝါဒဖြန့်တယ်။ ဒါဖြင့်ရင် ဘာအသားမှ မစားတဲ့ တိရစ္ဆာန်တွေ အကုန်လုံး ကုသိုလ်ရကုန် ကြတော့မှာပေါ့။ စဉ်းစားဖို့ကောင်းပါတယ်။

တချို့က သက်သတ်လွတ်စားတာကို “မေတ္တာဝါဒ”လို့ ပြောကြသေးတာ။ ဒီလိုဆိုရင် (၄၅) ဝါ တလျှောက်လုံး ငါး သက်သတ်လွတ် ဘယ်နှစ်ရက်သုံးဆောင်မယ်လို့ အမိန့်ရှိခြင်း မရှိတဲ့ မြတ်စွာဘုရား၊ အရှင်ဒေဝဒတ်ရဲ့ သက်သတ်လွတ်နဲ့ ပတ်သက်တဲ့ တောင်းဆိုချက်ကို ပယ်ချတော်မူခဲ့တဲ့ မြတ်စွာ ဘုရားကို “မေတ္တာမဲ့တယ်”လို့များ ဆိုချင်ကြပါသလားလို့ မေးကြည့်ချင်တယ်။

“သတ်တဲ့လူ ရှိလို့ စားတာ၊ သတ်တဲ့လူမရှိရင် မစားဘူး” လို့ ပြောတဲ့လူတွေ ရှိသေးတယ်၊ ခြင်တွေ၊ ယင်တွေ၊ ကြမ်းပိုးတွေ ကိုကျတော့ ကယ်သူများဖို့ သတ်နေကြတယ်။ မစားရုံသည်း သတ်ချင်သတ်နေကြတာပဲ မဟုတ်လား။ ကိုယ်ရဲ့ အသိဉာဏ်ရဲ့ နှုက်ကို မေတ္တာ အတုအယောင်များနဲ့ ဖုံးလွှမ်းလိုက်ပါနဲ့”

တကယ်တော့ အသားနဲ့ပဲစားစား၊ အသီးအရွက်နဲ့ပဲစားစား၊ ညှာတာပါပါနဲ့ စားဖို့လိုရင်း ဖြစ်ပါတယ်။ အစားအသောက်နဲ့ ပတ်သက်ပြီး ဒီလောက် အကျယ်တဝင့် ရှင်းပြနေတာဟာ "သက်သတ်လွတ်" စားနေတဲ့ ပုဂ္ဂိုလ်တွေကို ချစ်လို့ မုန်းလို့ မဟုတ်ပါဘူး။ စားတတ်စေချင်တာရယ်၊ မှားယွင်းနေတဲ့ အယူဝါဒ အစွဲအလမ်းတွေကို ပယ်ဖျောက်စေချင်တာရယ်ကြောင့်ပါ။ ဒီလို ရှင်းပြမထားရင် "ဒီသားကို အသွားကြောင်နဲ့ မြည်းနေတဲ့ပျားတွေ၊ ထန်းရည်ခါးကို ပဲကြီးလှော်နဲ့ မြည်းနေတဲ့သူတွေ၊ အရက် အမျိုးမျိုးကို အစွက်မျိုးစုံ အကြော်တွေနဲ့ မြည်းပြီးသောက်နေကြတဲ့ အရက်သမားတွေ အကုန်လုံး ကုသိုလ်ရတယ်လို့ ယူဆကုန်ကြ တော့မှာပေါ့။ အရက်ရော အမြည်းပါ သက်သတ်လွတ်တွေချည်း ပဲလေ။

အသီးအရွက် (သက်သတ်လွတ်)ပဲဖြစ်ဖြစ် အသားပဲဖြစ်ဖြစ် ရေညှိသည့် အစားအစာမှာ ကုသိုလ်လည်း မဟုတ်၊ အကုသိုလ် လည်းမဟုတ်၊ အဗျာကတတရားသာလျှင် ဖြစ်ပါတယ်။

## နှလုံးသွင်းမှားလျှင် အကုသိုလ်ဝင်

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ = ရှေ့ရှေ့၊ အဗျာကတာဓမ္မာ = သက်သတ် လွတ်တည်းဟူသော အာဟာရ အဗျာကတတရားတို့ကို အကြောင်း ပြု၍ ပစ္ဆိမာနံ ပစ္ဆိမာနံ = နောက်နောက်သော အသိဉာဏ်မဲ့သူ တို့၏ သန္တာန်၌၊ အကုသလာနံ ဓမ္မာနံ = ထင်မှားလိုက် [illegible] သည့် ဒေါသ၊ အမှားအမှန် မခွဲနိုင်ခြင်း [illegible]

ဖြေပေ့။ ကုသိုလ်ရတယ်၊ မေတ္တာပါဒလို့ လွဲမှားစွာ ယူတော့ ဒိဋ္ဌိ။ ဒါလို တန်းနိုင်တာ ဘယ်သူရှိသေးလဲဆိုတဲ့ မာန။ ငါမှ တန်းနိုင်တာဆိုတဲ့ ဒိဋ္ဌိ။ ကိုယ့်အကျင့်ကို ဟုတ်လှပြီ ထင်ပြီးတော့ သာယာတဲ့ မစ္ဆနိုင်တဲ့ ခွဲခေါ်ထားတဲ့ တဏှာ၊ ဥပါဒါန် ဟူသော အကုသိုလ်တရားတို့သည်။ ဥပကိလေသသမ္ဘဝေန = ရှေးက သက်သတ်လွတ်တည်းဟူသော အကျင့်တစ်စုနည်းကို အကြောင်းပြု အစွဲပြုပြီးတော့၊ ဥပ္ပဇ္ဇတိ = ဖြစ်ပေါ်၍လာခဲ့ပေ၏။

သက်သတ်လွတ် စားတာကို အကြောင်းပြုပြီးတော့ပေါ်လာတာ ဒေါသ၊ ဒိဋ္ဌိ၊ မာန၊ တဏှာ၊ ဥပါဒါန်တွေ ဖြစ်လာတယ်။ ဘယ်မှာ ကုသိုလ်ရလို့လဲ။ အကုသိုလ်တွေချည်းပဲနော်။ ဒါကြောင့် အစားအသောက် စားတဲ့နေရာမှာ ကြက်သား၊ ဝက်သား၊ မည်သည့်အစားကိုပဲ စားစား စဉ်းစားဉာဏ်ပါပါနဲ့စားပါ။ ပစ္စဝေက္ခဏာ ဆင်ခြင်ပြီးတော့စားပါ။ မေတ္တာပို့ပြီးတော့ နှလုံးသွင်း မှန်မှန်နဲ့စားပါ။ ပစ္စဝေက္ခဏာ မဆင်ခြင်၊ မေတ္တာမပို့၊ နှလုံးသွင်းမမှန်၊ စဉ်းစားဉာဏ် မပါဘဲနဲ့စားရင်တော့ အခုပြောခဲ့တဲ့အတိုင်း အကုသိုလ်ဝင်မယ်လို့ မှတ်ပါ။

## ဗုဒ္ဓအလိုကျ မိဘပြု

သူတော်ကောင်းတို့ကစိတ်တွေဟာ ရှင်တော်မြတ်ဗုဒ္ဓရဲ့ ဟောတော် သမီးတော်များဝါဒ မြတ်ဗုဒ္ဓရဲ့ အဆုံးအမ ညွှန်ပါဒကို လက်ခံ ကျင့်သုံး လိုက်နာကြမယ်ဆိုရင် စားရေး၊ ဝတ်ရေး၊ နေရေး၊ သေရေး၊ အမွေနဲ့ အမေကြွေး ပေးတတ်စိတ် ရုပ်ဝဏ္ဏနေရေး မှာ ပြောင်ပြောင်မြောက်ပြီး လူ့ယဉ်ကျေးမှုပါ ပါးစွာ စွန့်ပစ်ကို ထမ်းနိုင်ကြမှာ ဖြစ်ပါတယ်။

ဒီလိုမှ မဟုတ်ဘဲ သက်သတ်လွတ်နှ စားမှ သောကြင့်

အစားအသောက်နဲ့ ပတ်သက်လို့ "ဂျိုဂရုပင်" နဲ့ ရှေးရိုးစွဲ မပယ်ဆိုရင် ကိုယ်ဘိုင်လည်း အလုပ်ရှုပ်၊ စိတ်ဘိုင်းမှုနဲ့ ဒေါသ ဖြစ်ရ၊ ပြုံးတောင်ရွှင်ပေးတဲ့ တစ်ဖက်သားလည်း အလုပ်ရှုပ်ရ စိတ်ရှုပ်ပြီး အကုသိုလ်များရပါတယ်။

မြတ်စွာဘုရားက သူတော်ကောင်းတို့ကို ဒီလိုဖြစ်မှာစိုးလို့ သတ်သတ်မှတ်မှတ်ကို ခွင့်ပြုတော်မမူခဲ့တာပါ။ အသားဟာ ကိုယ် ကိုင်သတ်တာလည်း မဟုတ်၊ စေခိုင်းတာလည်း မဟုတ်တဲ့ "တိကောဋိသုဒ္ဓ" ဆိုရင် အသားကြီး ဆယ်မျိုးကလွဲပြီး ကျန်တာကို မိမိကျန်းမာရေးနဲ့ ချင့်ချိန်ပြီး စားသောက်နိုင်ပါတယ်။ စားသောက် တဲ့နေရာမှာ အသားနဲ့စားစား၊ အသီးအရွက်နဲ့စားစား။ ဉာဏ်နဲ့ စားဖို့သာလျှင် အရေးအကြီးဆုံးပါ။

ရှင်တော်မြတ်ဗုဒ္ဓအလိုတော်ကျ အာဟာရကို မှီဝဲနိုင်ဖို့ ဘိက္ခုနီသုတ်မှာ–

**အာဟာရံ နိဿာယ အာဟာရံ ပဇဟတဗ္ဗံ။**

အာဟာရကို မှီပြီးဖြစ်တဲ့ အကုသိုလ်ကို အာဟာရကို အကြောင်းပြုပြီးတော့ ပယ်သတ်ရမယ်လို့ ညွှန်ပြတော်မူခဲ့ပါ တယ်။ ပယ်သတ်နည်းကို ပြောပြပေးပါမယ်။ နောက်တစ်နည်း–

**ဝုဍ္ဍိယာ ပုဍ္ဍိယာ အဓိပ္ပာယတာယ ပဋိပန္နော ပဋိပန္နော အကုသလာနံ ဓမ္မာနံ ဥပ္ပန္နာနံ ပဟာနာယ။**

အာဟာရနဲ့ ပတ်သက်လို့ အပူးကို ဖြင့်ဆေပြီး ဓမ္မနံကို ဉာဏ်ပညာတစ်ဆောင် သတိထားပါဦးမယ်။ ဆိုလိုသည်မှာ အစား အသောက်ဖြစ်ဖြစ် အာဟာရမှန်ရင် အထူးတလေသညာပါပဲ။ ဥပမာ– အစားအသောက်တစ်ခုကို မြင်လိုက်တာ တွေ့လိုက်တာ စားဖို့လိုက်တယ် ဆိုပါစို့၊ ကျေနပ်လျှော့ကြတဲ့ အစေ အဝဲကို ရှေ့ရှုလိုက်တဲ့ သဘော ကျေနပ်ရှိခဲ့နိုင်တဲ့ စိတ်စေ့သူ ပယ်ချင်းတစ်ခုကို ရှေ့ရှုပြီ

လိုက်တာဆိုတဲ့ စိတ်ကလေး ဝမ်းထဲမှာ ရှုပ်ခနဲ ပေါ်လာတယ် ဆိုရင် ပေါ်လာတဲ့ ကျွေးချင်မွေးချင် ဆွမ်းတော်တင်ချင်တဲ့ စိတ် ကလေးက ကုသိုလ်စိတ်ပေါ့။ ဘယ်သူ့ကို အကြောင်းပြု အမှီပြုပြီး ဖြစ်လာလဲဆိုတော့ အာဟာရဆိုတဲ့ စားဖွယ်သောက်ဖွယ် အစာ ကတာဝတ္ထုများကို မှီပြီးဖြစ်လာပေါ့။

ကျွေးချင်မွေးချင်တဲ့ စိတ်ကလေးက မနေမှာပေါ်တယ်။ မနေမှာပေါ်ရင် မနေမှာရှုဆိုတဲ့အတိုင်း

**“အဇ္ဈတ္တစိတ္တေ ဝါ အဇ္ဈတ္တစိတ္တာနုပဿနာ”**

ကုသိုလ်ဖြစ်ချင်တဲ့ စိတ်ကလေးပါလားလို့ ဉာဏ်ကလေးနဲ့ သိပေးလိုက်ပါ။ အဲဒီသိတဲ့ စိတ်ကလေးကလည်း မနေမှာ ပေါ်တယ်၊ စိတ်ရဲ့သဘာဝက

**“ဧကံ စိတ္တံ သဘာဝတော”**

ဧကံ = တစ်ပါးသော၊ စိတ္တံ = စိတ်သည်၊ သဘာဝတော = တစ်ခဏတည်း၌ တစ်ခုသာဖြစ်ပေါ်၏ ဆိုတဲ့အတိုင်း တစ်ခဏ မှာ စိတ်တစ်ခုတည်းပဲ ပေါ်တယ်။ ခဏတစ်ခုတည်းမှာ စိတ် နှစ်ခု ပြိုင်ပြီးတော့ ပေါ်ဖို့ဆိုတာ မရှိပါဘူး။

ပထမဦးစွာ အာဟာရကို မှီပြီး ကုသိုလ်ဖြစ်ချင်တဲ့ စိတ် ကလေးပေါ်တယ်။ နောက်တော့ “ဪ—ဒါဟာ ကုသိုလ်ဖြစ်ချင်တဲ့ စိတ်ကလေးပါလား” လို့ သိလိုက်တယ်။ အဲဒီလို သိလိုက် ရှုလိုက် တယ်ဆိုရင်ပဲ ကုသိုလ်ဖြစ်ချင်တဲ့ စိတ်ကလေးက မရှိတော့ဘူး။ အဲဒီအချိန် မနေမှာ “ကုသိုလ်ဖြစ်ချင်တဲ့ စိတ်ကလေးပါလား” လို့ သိတဲ့ ဉာဏ်စိတ်ကလေးပဲ ရှိပါတော့တယ်။

ဆက်လက်ပြီးတော့ ရှေ့စိတ်ကို နောက်စိတ်နဲ့ သိနေရုံမှာ တွင် ရှုမနေတဲ့ “ဪ... ကုသိုလ်ဖြစ်ချင်တဲ့ စိတ်ကလေး

မရှိတော့ပါလား” လို့ ဆုံးဖြတ်ချက်ချပေးပါ။ အဲဒီအခါမှာ ကုသိုလ်ဖြူချင်တဲ့စိတ်က အပျက်၊ မရှိတော့ပါလားလို့ သိတဲ့ဉာဏ်က မဂ်။ အပျက်နဲ့မဂ် တိုက်သွားပါတယ်။

ပထမ ကုသိုလ်ဖြူချင်တဲ့ စိတ်ကလေးပါလားလို့ သိလိုက်တော့

“သမုဒယ ဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ”

ဆိုတဲ့ ပါဠိတော်နဲ့အညီ အဖြစ်ကိုသိတာပါ။ နောက်

“ဪ... မရှိတော့ပါလား” လို့ ဆုံးဖြတ်လိုက်တော့

“ဝယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ”

ဆိုတဲ့ ပါဠိတော်နဲ့အညီ အပျက်ကို သိတာပါ။

“သမုဒယဝယဓမ္မာ ဝယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ”

ဆိုတဲ့ပါဠိတော်နဲ့အညီ ကုသိုလ်ဖြူချင်တဲ့ စိတ်ကလေးက ခဏမှာ ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်းပျက်တယ်။ ဒါကြောင့် ကုသိုလ်ဖြူချင်တဲ့ စိတ်ကလေးက ဖြစ်ပျက်၊ သိတဲ့ဉာဏ်က မဂ်။ ဖြစ်ပျက်နဲ့မဂ် တိုက်သွားပါတယ်။ ဘယ်လောက် ကျေးဇူးများလိုက်သလဲနော်။

ဒီလို သိခွင့် နားလည်ခွင့် ရလိုက်တာဟာ ဘုရားရှင့်ကျေးဇူးတော်ကြီး။ ရှုနည်းမှတ်နည်း ဟောကြားတော်မူလို့ တစ်ဖန် ရင်တော်ဖြတ် ဗုဒ္ဓ၏ အလိုတော်ကျ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက မြန်မာစကား မြန်မာနားနဲ့ လန်းအောင် ဟောဖော်ညွှန်ပြဆုံးမသွားတို့ပါ။ “ဗုဒ္ဓဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော” မြတ်စွာဘုရားနဲ့ ဆရာသမားတို့ရဲ့ ဂုဏ်ကျေးဇူးဟာ ဆပ်လို့ မကုန်နိုင်အောင်ပါပဲ။

## အာဟာရကိုမှီ ဖြစ်ပျက်မြင်

"ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာ ဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။"

ပဋိစ္စသမုပ္ပါဒ် ပါဠိတော်နဲ့အညီ လျှာတည်းဟူသော ရုပ် ဘာရုံနဲ့ အရသာ(အာဟာရ)တည်းဟူသော ရုပ်တရားနှစ်ခုပေါင်း စပ် ထိတွေ့လိုက်တဲ့အခါ ဆားဓာတ်ဆိုတဲ့ ငံဓာတ်၊ ဖန်ဓာတ်၊ ခါးဓာတ်၊ ချိုဓာတ်၊ ချဉ်ဓာတ်စတဲ့ ငံတဲ့သဘော၊ ဖန်တဲ့သဘော၊ ခါးတဲ့သဘော၊ ချိုတဲ့သဘော၊ ချဉ်တဲ့သဘောလေးတွေဟာ လျှာ အလယ်မှာ ပေါ်ပါတယ်။ အလိုလိုပေါ်တာ မဟုတ်ပါဘူး။ အကြောင်းတရား နှစ်ပါးကြောင့်ပါ။

လျှာနဲ့ အရသာက အကြောင်း၊ ဆားဓာတ်၊ ငံဓာတ် တလေးက အကျိုး။ အကြောင်းအကျိုးပါ။ နောက်ပြီးတော့ လျှာနဲ့ အရသာက ရုပ်၊ ဆားဓာတ်၊ ငံဓာတ်လေးက နာမ်၊ အကြောင်း အကျိုး ရုပ်နဲ့နာမ်ပါ။ ဒီလို နားလည်ထားလို့ရှိရင် အကြောင်း အကျိုးပေါ် ဉာဏ်ရှင်းတော့ သံသယဆိုတဲ့ ဝိစိကိစ္ဆာ ပေပါတယ်။ ရုပ်နာမ်ပေါ် အမှန်သိတော့ ဒိဋ္ဌိပြုတ်ပါတယ်။

ရှင်တော်မြတ် ဗုဒ္ဓရဲ့ ဆန္ဒတော်အတိုင်း အရေးကြီးတဲ့ အာဟာရရဲ့ ယထာဘူတ ဒီလို အနှစ်အသားပါတဲ့ အသိဉာဏ်မျိုး သိစေချင် တာပါ။ ကုသိုလ်၊ အကုသိုလ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် အတွက် ဘာမှ အကျိုးမများ၊ ဂရုမစိုက်၊ သီလ၊ သမာဓိ ပညာ သိက္ခာသုံးပါးအတွက် တွေးမှုမပြုနိုင်တဲ့ "စက်လက်လှုပ် သေးမှ အသားစားမှု"တဲ့ ခြင်းခုနှမှု ဓိတေကြောင်းပွားရေဟာ မိမိရဲ့ ကြောင်းတရား၊ မှားမှန်၊ ကောင်းဆိုး၊ ဟုတ်သည် မဟုတ်သည်း အကျိုးရှိမရှိ ဝေဖန်ပိုင်းခြား စိစစ်နိုင်တဲ့ အသိဉာဏ် အားနည်းမှု ကြောင့်သာ ဖြစ်တယ်လို့ သဘောပေါက်စေချင်ပါတယ်။

သက်သတ်လွတ်စားခြင်း၊ မစားခြင်းဆိုတာ ဘာသာရေး ကျင့်စဉ်တစ်ရပ် မဟုတ်ဘူးလို့ ထပ်လောင်းနားလည်စေချင်ပါတယ်။ သက်သတ်လွတ် ဘယ်နှစ်ရက်၊ ဘယ်နှစ်လ၊ ဘယ်နှစ်နှစ် ရှောင်ခဲ့ပြီ ဘယ်သူ့ကို လျှော့အားလို့ ဆိုတာတွေဟာ မိမိရဲ့ ဘာသာရေး တော်စံအားနည်းမှု၊ ပညာမပါတဲ့ သဒ္ဓါ၊ ယုံလွယ်မှု တွေကြောင့် ဖြစ်ရတာပါ။ ဒါကြောင့် မြတ်စွာဘုရားက

“ဒုဗ္ဗိဒေတ္တာ ပရမာသော ဆေဘာဆော ဒိဋ္ဌိဋ္ဌာနာနိ အဿုဓ”

လို့ ဒိဋ္ဌိဖြစ်ခြင်း အကြောင်းတရား ရှစ်ပါးမှာ ဟောတော် မူခဲ့တာပေါ့။ အပေါင်းအသင်းမှားပြီး သူများပြောတာမှု ဆင်ခြင် ဉာဏ်မရှိတဲ့ ယုံလွယ်သူမှု “ပညာအားနည်း၊ သဒ္ဓါသည်းက မျက်ကန်းယုံကြည်၊ ဖြစ်တတ်သည်” လို့ အရေးသတိချပ်စေချင် ပါတယ်။

## အာဟာရနဲ့ ဝိပဿနာရှုနည်း

အာဟာရနဲ့ ပတ်သက်ပြီး ဝိပဿနာရှုမှတ်ပုံကို ပြောပြ ရအောင်။ စားစိတ်၊ ပါးစိတ်၊ ချိုစိတ်၊ ချဉ်စိတ်၊ ငန်စိတ်၊ ခါးစိတ် ဆိုတဲ့ အရသာတွေတွေဟာ လျှာနှင့်သွားခြုံမှာပဲ ပေါ်တာပါ။ လွန်သော သဒ္ဒါဝန်မှာ မပေါ်ပါဘူး။ ပေါ်တာဖြစ်နိုင်တာတွေလည်း အကြောင်း အကျိုး ရှင်နေတဲ့ပါပဲ။

အာဟာရနဲ့ လျှာတွေ့လိုက်တာနဲ့ ပါးစိတ်ဆိုတဲ့ ပါးတဲ့ သဘောလေး ပေါ်လာပါတယ်။ တစ်ချက်ပါးလိုက်တိုင်း ပါးလိုက် တိုင်း “ပါးစိတ်လေးပါလား” လို့ သိပေးပါ။ အဲဒီလို သိလိုက် ရင်

“သန္တသဘော နုဒ္ဒေသိဝါ စိတ္တံ သို့ ဝိပဿနာ”

ပါးတာနဲ့ဘာ ဖြစ်လာတဲ့ ချေဖြစ်ကိုယ်သိတာ၊ ချေဖြစ်ကို သိတာ

ဟာ သေလား။ ပေါ်လို့လည်းပြီးသွားရော။ ပေါ်တဲ့ စိတ်ကလေး (ဝါ) ပေါ်တဲ့သဘောကလေး မရှိတော့ဘူး။

"ဝယဓမ္မာ နုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ။"

မရှိတာကို သိတာဟာ အပျက်ကို သိတာမို့ ဝိပဿနာ၊ ဝိပဿနာဆိုတာ အဖြစ်ကိုလည်းသိရမယ်၊ အပျက်ကိုလည်း သိရမယ်။

"သမုဒယဓမ္မာ ဝယဓမ္မာ နုပဿီဝါ စိတ္တ သ္မိံ ဝိဟရတိ။"

လို့ မဟာသတိပဋ္ဌာန် ပါဠိတော် ဥဒယဗ္ဗယဉာဏ်နည်းမှာ ဟောတော်မူခဲ့ပါတယ်။ ဒါကြောင့် ထမင်းတစ်လုပ် ဟင်းတစ်လုပ်မှာ ဘယ်နှစ်ချက်ပေါ်မှာလဲ။ ပေါ်တုန်းကဖြစ်တာ၊ ပေါ်တဲ့ သဘောလေး ပေါ်ပြီးသွားလို့ မရှိတာက ပျက်တာ။ ရှုနည်းက ပေါ်ပြီးသွားတိုင်း၊ ပေါ်ပြီးသွားတိုင်း မရှိတော့ပါလား။ မရှိတော့ပါလားလို့ ရှုပေးရမယ်။

ဘယ်သူမရှိတာလဲ။ ပေါ်တဲ့သဘောလေး ပေါ်ပြီးသွားလို့ မရှိတာကို ပြောတာ။ ရှိတာတည်းက မရှိတာလား။ ရှိရာမှ မရှိတာလား။ မေးရင်း ရှိရာမှ မရှိတာပါ။ ဟုတ်တယ်နော်။ ပေါ်တုန်းက ပေါ်တဲ့သဘောလေး ရှိတယ်။ ပေါ်ပြီးသွားတော့ ပေါ်တဲ့ သဘောလေး မရှိတော့ဘူး။ အဲဒါကိုပဲ ကျေးဇူးရှင် မိုးကုတ် ဆရာတော် ဘုရားကြီးက "ရှိရာမှ မရှိတာကို တွေ့တာသည် ဝိပဿနာဉာဏ်"လို့ ဖွင့်ဆိုတော်မူခဲ့ပြီး ဖြစ်ပါတယ်။

ဒါကိုပဲ ပါဠိတော်က "အနိစ္စာဝတသင်္ခါ၊ အနိစ္စညာ၊ အနိစ္စ ဝဋ္ဋံ ဆင်"လို့ ဆိုထားတယ်။ ဘယ်စွဲလေးတွေဟာ ပေါ်လာ မရှိတော့ပါလားလို့ ရှုမှတ်သိပေးရမှာ ဖြစ်ပါတယ်။

အဲဒီလို အာဟာရကို မှီပြီး စားဆဲမှော ဖြစ်ပျက်ဖြင့်သွားတော့ အာဟာရနဲ့ ပတ်သက်ပြီး မိခင်ကြောင်တာတွေ၊ ငြိမ်းချမ်းမှုတွေ၊ စားရတာ ကောင်းလိုက်တာဆိုတဲ့ လောဘ၊ စားရတာ မကျေနပ်ဘူးဆိုတဲ့ ဒေါသ၊ ကာမ လောဘဖြစ်တဲ့ မောဟ၊ ငါလို စားနိုင်သေးရဲ့လားဆိုတဲ့မာန၊ ငါမှ စားနိုင်တာဆိုတဲ့ ဒိဋ္ဌိစတဲ့ ကိလေသာတွေ တခဏ တဖဲ့စာအတွင်းမှာ ပေါ်လာတော့တာပေါ့။ ဒါကိုပဲ ပဋ္ဌာန်းပါဠိတော်ကြီးက—

**ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

လို့ ဆိုထားတာပါ။ အာဟာရကို မှီပြီးဖြစ်တဲ့ စားစိတ်ကလေး ဖြစ်ပျက်က နောက်သွား ရှိတော့ပါဘူးလို့ သိတဲ့ဉာဏ်က၊ မှုသွား၊ ယောသွားတဲ့လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတွေက သာမှုသာသွား၊ သမုဒယသစ္စာဆိုတဲ့ ဒုက္ခဖြစ်ကြောင်းတရား ချုပ်မှတော့ နောက်ဖြစ်ကျိုးဆိုတဲ့ အပါယ်လေးပါး ဒုက္ခသစ္စာမှ လွတ်မြောက်သွားတာက နိရောဓသစ္စာ။

ဒီလိုရှုမှတ်ရင်း စားတတ်ရင်၊ သက်သတ်လွတ်စားလည်း မင်္ဂလာလိုက်ရတယ်၊ အသားနဲ့ စားရင်လည်း မင်္ဂလာလိုက် ရတာပဲ။ ဘာနဲ့စားစား ယောနိသော မနသိကာရ၊ သောတစေနဲ့ ထွက်ညာကာစနဲ့သာ စားမယ်ဆိုရင် ရှင်တော်မြတ်ဘုရား ဟောညွှန်သားသားပေး အစစ်၊ အထက်တန်းမုဒ္ဒာသသား အစစ်ကြီးရဲ့ စားနည်းဖြစ်သွားပါပြီ။

ဦးလေးက ရှည်ရှည်ဝေးဝေး ရှုမှတ်နည်းတွေနဲ့ ပြောနေရတာက သက်သတ်လွတ်ကို အပြစ်တင်နေခြင်း မဟုတ်ပါဘူး စားတတ်အောင် သင်ပေးနေတာလို့ သတိပြုစေပါ ပုဂ္ဂိုလ်ကောင်းတို့။

## စိတ်ကောင်းကျွမ်း နိဗ္ဗာန်ကူး

အာယာရကြီးတော့ ပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီး ပြောရအောင်။

"ပုပ္ဖကောဝိ ဥဂ္ဂဏှိဿာမ ဓမ္မေသု ဝေဒယာ"

"ကုရုရှင်ဘောင်၊ ပွင့်လွန်းပေါ်ချို၊ ဆောင်ဖော်ဘုန်ကြွား ဖြတ်တရေးကြောင်း ဉာဏ်ကားကုသိုလ်၊ အကုသိုလ်ဟု၊ ကိုဆိုဖော်ဘာ၊ သိကြရ ပျားငုံ့စကျူးရူးဝေ"ဆိုတဲ့ အတိုင်း ဖြတ်ဖွားတုရား လောက အခေါယ် ပွင့်လွန်းတော်မူလာရတဲ့အတွက် သတ္တဝါ အနေနဲ့ ကုသိုလ် အကုသိုလ် ခွဲခြားပြီး သိမြင်ရတာ၊ ပါရမီရှင်ကျင့်တဲ့ ဝေနေယျ ပုဂ္ဂိုလ်တွေ ကိုနာသော သွတ်တင်းရာအမှန် ဖြတ်နိဗ္ဗာန်ကို ဝင်စံခွင့် ရသွားတာ ဖြစ်ပါတယ်။

ပုဂ္ဂိုလ်ဆိုတဲ့ စိတ်ကောင်းစေ့တောင်း အမှိတောင်းကို မရဘူးဆိုရင် သတ္တဝါအများ လောကီလောကုတ္တရာအကျိုးတိနူ အပြီးတိုင် မရောက်နိုင်ဘူး။ စိတ်ကောင်းစေ့တောင်း အမှိရဖို့ အရေးကြီးပုံကို "ဝေဒုဝတမ်ိတ္တသုတ်"မှာ အရှင်အာနန္ဒာကို အကြောင်းပြုပြီး ဖြတ်ဖွားတုရား ဟောကြားတော်မူခဲ့ပါတယ်။

အခု သူတော်ကောင်းများ နာယူမှတ်သားနေရတဲ့ ခန္ဓာ၊ အာယတနာ၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ အရှုမ်၊ အရှုဉာဏ်၊ ပရမတ်ဉာဏ်၊ ဘာဝနာ ဝိပဿနာ၊ လောကီ လောကုတ္တရာ တရားနှင့်နည်း၊ ဘဝကြီးမားအောင်ကြောင်းရှင်၊ နိဗ္ဗာန်ရောက်ကြောင်း တရားတွေအားလုံးဟာ ဘုရားတည်းဟူသော ဆရာကြီးရဲ့ထံမှ ပေါ်ထွန်းခဲ့ပြီးသာ ဖြစ်ပါတယ်။

နောက်ပြီးတော့ ရှင်တော်မြတ်ဗုဒ္ဓရဲ့ ကြီးမားသော ဂေါတ မဟာ မြေကြီး အနုတ်ကင်းရေး ပြော်ခြင်းမှုကြီးမားမှုနဲ့ ဆံယာ အကွဲအပြည်းကို တည်ဆောင်ပေးတော်မူခဲ့လို့ ဖြတ်ဗုဒ္ဓ အဆုံးအမ

သာသနာ့ဝေဟင်ကြီး ယခုထက်တိုင် တည်ရှိနေတာ ဖြစ်ပါတယ်။ ဗောဓိကောင်းတော့ တချုပ်ထားသင့် တရားဟောတတ်ရောက် အရှင်မြတ်တို့ရဲ့ ဟောကြားတော်မူနိုင် စွမ်းနိုင်သော အရည်အချင်းပါပဲ။

## နှလုံးသွင်းမှုမှန် ဆင်ခြင်မှုမှန်

ပုဂ္ဂိုလ်တို့ မှီ၍ ကုသိုလ် အကုသိုလ်ဖြစ်ကြရတယ်ဆိုတာ နှလုံးသွင်းမှု၊ နှလုံးသွင်းမှား အပေါ်မှာ အများကြီး မူတည်နေ ပါတယ်။ သာဓကတစ်ခုလောက် တွေ့ကြည့်ပါ။ အမေ တစ်ယောက် အမေတစ်ယောက်က ဘုရားဆိုတဲ့ အမိန့်ကောင်းတိုက်ရှေ့လို့ ဝန္ဒာပည့်ဘော်ရောက် သဒ္ဓါတရားကို နာ "ယောနိသော မနသိကာ ရ" နဲ့ နှလုံးသွင်းမှုနဲ့ပြီး ဝန္ဒာမိဆိုရောက်အောင် ကျွန်ုပ်လိုက်တော့ နတ်ပြည်လုံး အနာဂါမ် အရိယာကြီးတွေ ဖြစ်သွားကြပါတယ်။

သမီး တစ်ယောက်ကတော့ ဘုရားဆိုတဲ့ အမိန့်ကောင်းနဲ့ တွေ့သော် ဝန္ဒာပည့်ဘော်ရောက် နှလုံးသွင်းမှားပြီး "အယောနိသော မနသိ ကာရ" နဲ့ ဖြတ်တွေ့ကိုကြိုးတား၊ တော်တော်ဝန် အရိုးကို သာဓာဝတီ မိဖုရားနဲ့ ပေါင်းမစိမ်းပါးရာကို မီးလောင်တိုက်သွင်းပြီး လူပိုကြ မိလို့ အရှင်သက်လက် ငရဲကျသလို နိုင်ငံခံရပြီး သေတော့ ပကတိဝေဒနာကို ကျခံပါလေရောလား။

ဒါကိုကြည့်ရင် ဘုရားတူသော အမိန့်ကောင်းကို တွေ့ရတာ ချင်းတူပေမဲ့ မိအနှစ်ပါးကတော့ နှလုံးသွင်းမှန်လို့ မင်္ဂလာဖိုလ်ရ၊ သမီးဖြစ်သူကတော့ နှလုံးသွင်းမှားပြီး အကုသိုလ်ဖြစ်ရတယ်။ ဒီဝတ္ထုကို ထောက်ပြီး သူတော်ကောင်းများအနေနဲ့ အမိန့်ကောင်း မိတ်ကောင်း အဆွေကောင်း လူပညာရှိ ရဟန်းပညာရှိတွေနဲ့ တွေ့ကြုံရင် နှလုံးသွင်းမှန်မှန်နဲ့ တစ်ခုခုဖြစ်ရ လူ့ဘဝကို အနှစ်ရှိ အောင် ကြိုးစားပြီး ကုသိုလ် တိုးပွားနိုင်ကြပါစေ။ နှလုံးသွင်း

မှားပြီး မကြည်ညိုရှိတွင် ရပ်မနေတဲ့ စော်ကားမိလျှင် အကုသိုလ်ဖြစ်ရမည့်အရေးကို ရင်လေးစွာ တွေးမိပြီး သတိပေးပြင်ပေးနေရခြင်း ဖြစ်ပါတယ်။

## အမိုက်ကောင်းရှိမှ ချမ်းသာရ

အမိုက် ပုဂ္ဂိုလ် ဘယ်လောက်ကောင်းကောင်း မိုက်နိုင်သူက နှလုံးသွင်း မှန်ဖို့လိုပါတယ်။ နှလုံးသွင်းမှန်မှ ကုသိုလ်ဖြစ်ပြီး၊ နှလုံးသွင်းမှားရင် အကုသိုလ်ဖြစ်ပုံလေး ပြောခဲ့တာပါ။ နောက်တစ်ခါ မိုက်သူ မည်မျှ ပါရမီရင့်ကျက်တယ် ပြောပြော၊ အမိုက် ပုဂ္ဂိုလ် ညှိုးဖွင်းနေရင်လည်း တရားထူး မရဘဲ သံသရာ ဆင်းရဲ သက် ရှည်သွားနိုင်ပါတယ်။

အဇာတသတ်မင်းကိုပဲ ကြည့်ပါ။ သူ့မှာ သောတာပန် တည်နိုင်လောက်တဲ့ ပါရမီမျိုးစေ့ကြီး ရှိနေပါလျက် အမိုက်ပုဂ္ဂိုလ် ဖြစ်တဲ့ အရှင်ဒေဝဒတ်နဲ့ ပေါင်းမိလိုက်တော့ ဖခင်ကို စော်ကားမိပြီ သောတာပန် မတည်တဲ့အပြင် သေတဲ့အခါ လောဟကုမ္ဘီငရဲမှာ ကျရောက်တယ်။ သံသရာမှာ ဆင်းရဲသက်ရှည်ခဲ့ရတယ်၊ အမိုက် ကောင်းမရတာ ဘယ်လောက်နစ်နာသလဲလို့၊ ဒါကြောင့် "အမိုက်ကောင်းရှိမှ ချမ်းသာရ" လို့ ပညာရှိကျွေးပေးခဲ့ကောင်းတွေ မိန့်မှာ တော်မူခဲ့ကြတာပါ။

သူတော်ကောင်းများ ပါရမီအထိုက်အလျောက်ရှိလို့ အခုလို သာသနာတော်နဲ့ တွေ့ကြုံပြီး ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းလို့ နိဗ္ဗာန်ရောက်ကြောင်း၊ နည်းလမ်းကောင်းရှာတဲ့နေရာမှာ အမိုက်ကောင်းရှိဖို့ ဆိုင်အရေးကြီးပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက "ယသောဘုက် ညသောဓသတ္တာ ဝရိယသိတာဇော" လို့ အကြိမ်ကြိမ် မှာတော်မူတာပါ။ တပည့်ကိုယ် ဟုတ်တိုင်းမှန်စွာ ပြောပြ

သင်ပြတတ်တဲ့ ဆရာကို ရှာဖြစ်အောင် ရှာပါလို့ ပြောတော်မူခဲ့ တာပါ။

## အစဉ်မှန်လျှင် နိဗ္ဗာန်မြင်

ဟုတ်တိုင်းမှန်ရာ ပြောပြသင်ပြပေးတတ်တဲ့ ဆရာကိုတဲ့ အမှီကောင်းမှီတာ ဟာခေါ်ကြတာလေ။

**“ဒေသနာ ဉာဏံ နုသာရေန ဉာဏံ ပစ္စဝေက္ခ သာ ဉာဏေနစ္ဆုနုသာ ပဟာတိ”**

ဒေသနာဉာဏ်ကို အစဉ်လိုက်ရပါတယ်။ ပါဠိတော် အဋ္ဌကထာ ဋီကာနဲ့အညီ ဓမ္မဉာဏ်ရောက် ယသောဂပေါက်အောင် ရှင်းလင်းပြသတဲ့ ဆရာသမားမျိုး၊ ဘုရားဖြစ်မှသာလူပေါ်ကောင်း ကိုတို သာဓက မောင် ဂုဏ်တင်ပြောတော်မူကြတဲ့ ဆရာသမား မျိုးလို့ ဆိုလိုပါတယ်။

ဥပမာပြရရင် ကျေးရွာရှင် လယ်တီဆရာတော်ဘုရားကြီး၊ မိုးကုတ်ဆရာတော်ဘုရားကြီး၊ ပေါဒည်ဆရာတော်ဘုရားကြီး၊ မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး စတဲ့ အမှီကောင်း ဆရာတော်ကြီးများ ရေးသားပြောဆိုခဲ့တဲ့ ဘုရားဟောတွေ တရားတွေကို နာယူမှတ်သား လေ့လာကြပါ။ ဆရာတော်ကြီးတွေဟာ ကိုယ်တိုင်ကျင့်မှာ သံသယန်းစရာ မလို ပါဘူး။ သယ်လောက်ကြည်ညို အားကိုးစရာကောင်းလဲ။ နောင် လာနောက်လားတွေ စိန့်ဝုနှာ ယူရအောင် ကျစ်လျစ်သိပ်သည်းစွာ ပြောပြရေးသားတော်မူခဲ့ကြပါတယ်။

“ကျုပ်တို့က ကိုယ်တိုင်ကျင့်ကြံမှ ပေါက်တာပဲ” ဆိုရင် သတ်ပေ သွားမတော့။ ဘုရားဟောနည်းကို ပယ်တော့မယ်။

ထူ့ကိုယ်တွေ့ခဲ့ပြီး ဟုတ်တာတွေ ဟောတော်မူခဲ့တာတွေ ဖြစ်တော့ မယ်။ သစ္စာကြီး ဝိညာဉ်ညှိုးယူတွေ့ သက်ရှိပြကြဲဆွေးပါတယ်။

ယောဂီကို တရားအားထုတ်တယ်ဆိုတာ “ဝုဋ္ဌာနဂါမိနီ အရိယာမဂ်သို့ တက်လှမ်းနေတာ”ပါ။ ဝိပဿနာလမ်းမှ တစ်ပါး အရိယာမဂ်သို့ တက်လှမ်းတဲ့ အလုပ်တခြား မရှိပါဘူး။ “ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ”လို့ ဟောထားပြီးသားပါ။ ပါနဲ့တည်း နိဗ္ဗာန်ရောက်ပါတယ်ဆိုတဲ့သူတွေ ဒါနရှင်ကြီး မလွှဲတာ မိမှရားတာဖြစ်လို့ ဒေဝီစိတ်ရဲ့ကျရာလဲလို့ ဆင်ခြင်ကြပါ။

ဒါန သီလ သမထက နိဗ္ဗာန်ရောက်ကြောင်းမှာ ဝေးသော အကြောင်း အထောက်အပံ့ပါ။ ဝိပဿနာမဂ္ဂင်က နီးသော အကြောင်း အထောက်အပံ့ပါ။ ဒါကို နားလည်ရမယ်နော်။

ဥဒ္ဒေါတ် ယာဘာဒီရွှေ၊ ပုဂ္ဂိုလ်တွေ ရှမ်းတော်ဆာ။
ဝိပဿနာ ပုဂ္ဂိုလ်တွေ၊ မဂ္ဂငါး ပဋ္ဌာန်။

ရေ့စဉ်နဲ့အမှု အရှင်တောက်ပြီးမှ နေ့လွှတ်ရာလို ရှေ့ဦး ဝိပဿနာဉာဏ်ရမှ နောက်ဆုံး မဂ်ဉာဏ်ပေါ်မှာ ဖြစ်ပါတယ် ဆိုတာ သုနှုးတော်ပါတယ်။

ဝုဋ္ဌာနဂါမိနီ အရိယာမဂ်သို့ တက်လှမ်းတဲ့အခါ အရိယာ လေးမျိုးထဲက သောတာပန်အရိယာက စတက်ရတယ်။ သောတာ ပန်အရိယာမှာ သောတာပတ္တိမဂ်ရဲ့ ဝယ်တဲ့ ကိလေသာဟာ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဖြစ်ပါတယ်။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဖြတ်မယ်ကြံပြန်တော့ ဖြတ်နည်းသုံးမျိုး ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ တဒင်္ဂပဟာန ဝိက္ခမ္ဘန ပဟာနသုံးပါး အစဉ်မှာ ဖော်ပြထားပါတယ်။ တဒင်္ဂဖြတ်၊ ဝိက္ခမ္ဘ ဖြတ်၊ သမုစ္ဆေဒဖြတ်၊ စာနဲ့ပြောရင် ဉာဏ်ပဟာန် တဒင်္ဂ ပဟာန ပဟာန ပဟာန။

ဒီ ဝီရိယာ ဗားပါ၊ ဒိဋ္ဌိဖြတ်နည်း ဆုံးနည်းမှာ အသိဉာဏ်နဲ့ အရင်ဖြုတ်ရမယ်။ အသိဉာဏ်နဲ့ ဖြုတ်တဲ့အခါ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာက

“ဧကေသံ ဓာတဲ ဓမ္မာနံ ပေဗ္ဗုဗ္ဗမတ္တမော သဗ္ဗဗ္ဗာ ဝဏ္ဏေန ပဋ္ဌာ ဖဿာ ဉာဏ ပရိညာနော”

ဝိပဿနာရှုရမည့် အရုပ်တရား ပေါ်လာပုံကို အကြောင်း အကျိုးနဲ့တကွ သိအောင်လုပ်ပါတဲ့။ အကြောင်းသည် ဖြစ်စ အကျိုး သည် သာမုပ္ပါဒ် ပေါင်းလိုက်တော့ ပဋိစ္စသမုပ္ပါဒ် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကို အသိဉာဏ်နဲ့ဖြုတ်ဖို့ ပဋိစ္စသမုပ္ပါဒ် နားလည်ရမယ်။ နားလည်အောင် ဆရာက သင်ပေးရမယ်၊ အစဉ်မှန်ဖို့ အလွန် အရေးကြီးပါတယ်။

## ဝိသုဒ္ဓိ ခုနစ်ပါး ရထားခုနစ်စင်း

ဝိပဿနာ အလုပ်စဉ်နဲ့ ပတ်သက်လို့ မှတ်လောက်စရာ ပါဠိတော်၊ ရထဝိနီတသုတ်၊ ဝိသုဒ္ဓိ ခုနစ်ပါး၊ ရထားခုနစ်စင်း ဥပမာပြ တရားမှာလည်း

(၁) သီလဝိသုဒ္ဓိ = သီလစင်ကြယ်ရမယ်။

(၂) စိတ္တဝိသုဒ္ဓိ = သမာဓိတည်ငြိမ်ရမယ်။ (သမာဓိ လည်ရမယ်)

(၃) ဒိဋ္ဌိ ဝိသုဒ္ဓိ = ဒိဋ္ဌိကို အသိဉာဏ်နှင့် ဖျောက်ပြီး စင်ကြယ်အောင်လို့ လုပ်ရမယ်။

(၄) ကင်္ခါဝိတရဏ ဝိသုဒ္ဓိ = ဝိစိကိစ္ဆာကိုတဲ့ သံသယ ကင်းအောင် အကြောင်းအကျိုး ပဋိစ္စသမုပ္ပါဒ် နားလည်ရမယ်။

(၅) မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ = သမထဝိပဿနာ၊ လောကီမဂ်၊ လောကုတ္တရာမဂ် ခေဖန် ပိုင်းခြား စိစစ်ပြီး ဉာဏ်အမြင် စင်ကြယ် ရမယ်။

(၆) ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ = ဥဒယဗ္ဗယဉာဏ်ရင့် ကျက်ပြီး သင်္ခါရုပေက္ခာဉာဏ်နှင့်တကွ အနုလုံဉာဏ်ဟု ဆိုအပ်သော ဂေါတြဘုဉာဏ် အဆင့်အရောက်အောင် ဉာဏ်အမြင်အဆင့် ဆင့် တိုးတက်စင်ကြယ်ရမယ်။

(၇) ဉာဏဒဿန ဝိသုဒ္ဓိ = ဖြစ်ပျက်အရားကို မြင်နိုင်သော အစင်ကြယ်ဆုံးသော ဉာဏ်အမြင် (မဂ် ဉာဏ်) စင်ကြယ်ရမယ်။

နောက်တစ်ခါ

ဣမိနာ ဉာဏေန သမ္ပန္နဂေဟာ ဝိပဿနော ပုဗ္ဗော သဒ္ဓေ ယေဒ္ဒသာသော လဗ္ဘတိ ဗြဟ္မလောကာ နိဗ္ဗာန ဂတိတော ဝူပ ဆောဒါတာဝရေ နတ္ထိဟောတိ။

ဆိုတဲ့အတိုင်း

(၁) ဝဋ္ဋပဝတ္တိရူပဉာဏ် = ကြောင်းကျိုးသိတဲ့ဉာဏ်။

(၂) နာမရူပ ပရိစ္ဆေဒဉာဏ် = ရုပ်နာမ်သိတဲ့ဉာဏ်။

(၃) ဝိပဿနာဉာဏ် = ဖြစ်ပျက်မြင်တဲ့ ဉာဏ်။

ပဋိစ္စသမုပ္ပါဒ် နားလည်မှ ဒိဋ္ဌိကင်းမှာ ပေါ့တယ်၊ ရုပ်နာမ် သိမှ ဒိဋ္ဌိပြုတ်တယ်၊ ဖြစ်ပျက်မြင်မှ ဝိပဿနာဉာဏ်အစစ် ဖြစ်တယ်။ ဒါကြောင့် ပါဠိတော် အဋ္ဌကထာနဲ့တကွ ကျေးဇူးတော် ရှင် ဆရာတော်ကြီးများက ပဋိစ္စသမုပ္ပါဒ်ကို အဓိကထားပြီးတော့

ဒိဋ္ဌိဝိစိကိစ္ဆာကို အသိဉာဏ်နဲ့ အရင်ပယ်ပြီးမှ ဝိပဿနာရှုပွား စေလိုဖြစ်ပါတယ်။

ယခုသင်ခန်းစာမှာ ဥဒါန်းဂါထာမှာလည်း ပဋိစ္စသမုပ္ပါဒ် အနုလောမ အကြောင်းအကျိုးစပ်ဖြင့် သံသရာလည်ပုံ၊ ပဋိစ္စသမုပ္ပါဒ် ပဋိလောမ အကြောင်းချုပ်လျှင် အကျိုးချုပ်မည်။ သံသရာချုပ်ပုံတွေ သိမြင်ပြီး တရားဖြစ်ပုံကို မိန့်ဆိုထားပါတယ်။ အရှင်သာရိပုတ္တရာထေရ်လောင်းလျာ ဥပတိဿအား အရှင် အဿဇိ ဟောကြားတဲ့ "ယေဓမ္မာ" ဂါထာမှာလည်း ပဋိစ္စသမုပ္ပါဒ် အနှစ်ချုပ်ပါပဲ။ ဒါကြောင့် ခန္ဓာဖြစ်ကြောင်း ခန္ဓာဖြစ်စဉ်ကို သိဖို့ အရေးကြီးပါတယ်။

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။

လောကကြီးထဲမှာ ကျင်လည်သမျှ သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံး အကြောင်းအကျိုးဆက်ဖြစ်စဉ်သာလျှင် ကျင်လည်ကြရတယ်။ ဗုဒ္ဓသာသနာ၊ ဖန်ဆင်းရှင်၊ အဖန်ဆင်းခံရသူရယ်လို့ ပရမတ္ထနယ်မှာ ရှိပါဘူး။ ဒါကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒေသနာတော်များကို နေ့စဉ်နဲ့အမျှ ဟောကြားခဲ့ပြီး ဆုံးမတော်မူတဲ့ တရားအနှစ်ချုပ်ပါပဲရယ်လို့ အရှင်အဿဇိထေရ်က ဥပတိဿအား ဟောကြားတော်မူလိုက်ပါတယ်။

ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်တရားမှာ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ခန္ဓာဖြစ်ကြောင်း၊ ခန္ဓာဖြစ်ကျိုး၊ ခန္ဓာဖြစ်စဉ်ကို သတိထားဖို့ အရေးကြီးလှပါတယ်၊ ဟုတ်တိုင်းမှန်ရာ သတိပြုစေး

တက်တဲ့နေရာကို ရှုမြင်အောင် ရှုပါလို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့တာဟာ အသစ်မဟုတ်ပါဘူး။ အလွန့်ဆန်းကျယ် အရေးကြီးလှပါ၊ ကိုယ်မှာ အနိယာဖြစ်ပေါ်လာတဲ့ မျိုးစေ့တွေ ဘယ်လောက်ပဲရှိရှိ အနုလို ရှုပ်တော်မြတ်ဗုဒ္ဓအလိုတော်ကျ နေလုပ်ရှုကိုယ်ဆိုတဲ့ ပဋိသာဝက အားလုံးနှင့်သက်ဆိုင်တဲ့ ဝိပဿနာရှုမှုနည်း သင်ပြပေးတော်မူတဲ့ ဆရာကောင်းသမားကောင်း အမှီကို ရှုသောလျှင် နိဗ္ဗာန်မြင် အဓိပ္ပာယ် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် “အမှီကောင်းမှ နိဗ္ဗာန်ရ” လို့ ဆိုတာပေါ့ပါ၊ ရုပ်ကိုယ်ကို မှီပြီးတော့ ကုသိုလ် အကုသိုလ်ဖြစ်တယ်၊ ဆရာကောင်းသမားကောင်းကို မှီပြီးတော့ အနိယာအတတ်ပညာကို သူတော်ကောင်းတွေအားလုံး တက်လှမ်းနိုင်ကြပါစေ။ ကျောင်းအမိရာ နေ့ရက်ကို အမှီပြုပြီး ကုသိုလ် အကုသိုလ်ဖြစ်ပုံကို ပြောကြပါဦးစို့။

## သုံးတတ်ရင်ဆေး မသုံးတတ်ရင်ဘေး

ကိုယ့်မှာ အနိယာဖြစ်ပေါ်လာတဲ့ ပါရမီမျိုးစေ့ ဘယ်လောက်ပဲရှိရှိ ဆရာအမှီကောင်းရှိဖို့ လိုပါတယ်။ အဲဒါကြောင့် “ပုဂ္ဂလော ဥပနိဿယပစ္စယေန ပစ္စယော” လို့ ဆိုခဲ့တယ်။ နောက်တစ်ခါ အနိယာတနည်းကို တက်လှမ်းတဲ့အခါ အမိရာနေရာ ကျောင်းနေရာ စသည်လည်း လိုအပ်တဲ့အတွက် “သေနာသနံ ဥပနိဿယ ပစ္စယေန ပစ္စယော” လို့ ဟောကြားခဲ့တယ်။

ရွှေ၊ သတ္တု၊ ကျောက်၊ ခဲ ပစ္စည်းတွေပေါ်သော ဟုရှာဖွေတဲ့အခါ မြေပေါ်ရင် မြေသားလိုပဲ တခြားအပေါ်ရာတဲ့ နေရာမှာလည်း ပစ္စည်းတွေပါပေါ်ပြီး အရေးကြီးပါတယ်။ ဒါ့ကြောင့် အရှင်မြတ်တွေရော၊ လူပုဂ္ဂိုလ်တွေပါ အမိရာနေရာ

ဆိုတဲ့ ယေနကေန ဂါထာကို အဓိပ္ပါယ်ဖွင့်ပြီးတော့ အကျယ်ပါဝ ဓမ္မဒေ သနာကို ဟောပြောကြရပါတယ်။

ဘုရားအစရှိသော အရိယာသူတော်ကောင်းကြီးများသည် ဂါထာလေးပါးကို အဓိပ္ပါယ်ဖွင့်ပြီးတော့ လောကကိုးတော်ရေး အသိဉာဏ် တိုးတက် ရှင်းလင်းရေးအတွက် အလုပ်လုပ်ခဲ့ကြ တယ်ပါ။ သူတော်ကောင်းတို့ ထပ်တွေ့ရမည့် ဒေသနာ ကျောင်းကန်ကို အဓိပ္ပါယ်ဖွင့်တော့ ကျောင်းဝေယျာဝစ္စကုသိုလ် ကျောင်းဆောက်တုရားတည် ဘာဝနာ ရေကုသိုလ်၊ ဆွမ်းတော်ဓမ္မ တရားဟော တရားနာ ကုသိုလ်တွေ ပွားကြရပါမယ်။ အခုလို ဟောင်းရှင်းကြလို့ ကုသိုလ်တွေ တိုးပွားလာပြီး

**ပုရိမာ ပုရိမာ အစျာတော ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။**

ဆိုတဲ့အတိုင်း ဂါထာလေးပါးကို အေးအမြဲတိုးရင် ကုသိုလ်တရား တိုးပွားမယ်။ ရေးတော်တို့ အားဖြစ်ပုံကို ရှင်းပြခဲ့ပါပြီ။ အားမဖြစ်ဘဲ အေးဖြစ်အောင် ကုသိုလ်တရား တိုးပွား အားထုတ်နိုင်ကြပါစေလို့ မြတ်ဗုဒ္ဓဘုရား မြတ်ဗုဒ္ဓနှိုး ဒေသနာမှာ ဟောကြားတော်မူခဲ့ပါတယ်။ သူတော်ကောင်းတို့ ဒီဒေသနာ တရား သတိကိုင်ထားပြီး ကုသိုလ်ပွားအောင် အားထုတ်ကြပါစို့။



# ၁၀။ ပုရေဇာတပစ္စည်း

## ပုရေဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသ ပါဠိတော်

ပုရေဇာတပစ္စည်း အကြောင်း ဟောပြော နာကြား ကြမီမှာ ရှင်တော်မြတ်ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ဂုဏ်တော်မှန်းဆ ဂုဏ်တော်ကမ်းတလျှက် ရှင်တော်မြတ် ဟောကြား တော်မူခဲ့သော မြတ်ပဋ္ဌာန်း ဒေသနာတော်ကြီးကို လေးလေးပူဇော် သောအားဖြင့် ပုရေဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်ကြီးကို ရွတ်ဆိုကြရအောင်ပါ။

ပုရေဇာတပစ္စယောတိ—

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တ ကာနဉ္စ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

## ရှေးဦးဖြစ်နှင့်ငြိုး ကျော့ရှေးပြုတယ်

ပဋ္ဌာန်းမြွက် ဒေသနာတော်မှာ ပုရေဇာတပစ္စည်း အစဉ်နဲ့ ဓမ္မသင်္ဂဟ ကြိယာသွမ်းရှင်တွေကို ဘာပဲလိုချင်ကိုး ကျော့ရုံး

ပြုတယ် ဆိုတာ လေ့လာကြစေဖို့။ ပုရေဇာတ ပစ္စည်းဆိုတာ ရှေ့ကဖြစ်နှင့်ပြီးမှ ကျေးဇူးပြုတတ်သော တရားပါ။ သူက ရှေ့ကနေ ကြိုတင်ပြီး ရှိမနေ ဖြစ်မနေခဲ့ရင် အကျိုးသက်ရောက်ဖို့ ဘာမှမပေးနိုင်ဘူး။ ရှေးဦးစွာ ဖြစ်လည်း ဖြစ်နေနှင့်ရတယ်၊ ရှိလည်းရှိနေနှင့်ရတယ်။ ရှေ့က ဖြစ်နှင့်ပြီးသော နောက်နောက်ကို ကျေးဇူးပြုတာဟာ ပုရေဇာတပစ္စည်းရဲ့သဘော ဖြစ်ပါတယ်။

ဥပမာအနေနဲ့ ပြောရရင် မိဘဆိုတာ မရှိဘဲနဲ့ သားသမီး ဆိုတာ ဖြစ်လာစရာ အကြောင်း မရှိသလိုပေါ့။ လောကအလယ်မှာ မိဘနဲ့သားသမီး ဘယ်သူက အရင်ဖြစ်တာလဲမေးရင် မိဘက အရင် ဖြစ်တယ်။ ဒါ သာမန်သဘာဝအနေနဲ့ ပြောတာပါ။ နောက်တစ်မျိုးပြောရင် သစ်ပင်တောတောင်တွေနဲ့ မဟာပထဝီ မြေကြီးနဲ့ ဘယ်သူက အရင်ဖြစ်တာလဲ၊ မဟာပထဝီ မြေကြီးက အရင် ဖြစ်ပါတယ်။

ပုရေဇာတပစ္စည်းရဲ့ သဘောတို့ နားလည်ချင်ရင် ပုရေဇာတပစ္စည်း ပါဠိတော်တစ်ပုဒ်ကို ရှုကြည့်လိုက်ပါ။

**စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။**

စက္ခွာယတန ဆိုတာ မျက်လုံးအကြည်ကို ပြောတာပါ။ စက္ခွာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာယတနလို့ အတွင်းအာယတန ငါးပါးရှိတယ်။ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်း အကြည်၊ လျှာအကြည်၊ ကိုယ်အကြည်ပေါ့။ အဲဒီ အကြည်ရုပ်တွေဟာ ရှေးဦးစွာ အရင် ဖြစ်နေရတယ်။ ဒီအကြည်ရုပ် ချို့တဲ့နေမယ်၊ ပျက်ယွင်းနေမယ်ဆိုရင် ဘယ်လိုအဆင်းနဲ့ပဲတိုက်တိုက် ဘယ်လိုအသံနဲ့ပဲ တိုက်တိုက်၊ မြင်စိတ်ကြားစိတ်တွေ မပေါ်နိုင်ဘူး၊ မြင်စိတ်ကြားစိတ်

ပေါ်လွင်ရင် တော်တော်များများက မျက်စိအကြည် နားအကြည် တွေ ရှိနေနိုင်ရပါမယ်။

## အကြည်ဓာတ်လည်း အကြောင်းတရားကောင်း

မျက်စိအကြည် နားအကြည်တွေက ကြိုကောင်ပြီး ဖြစ်နေတယ် ဆိုပေမယ့် ကိုယ်စွမ်းကိုယ်စ ကိုယ့်အရည်အချင်းနဲ့ ဖြစ်လာတာလို့ မယူလိုက်နဲ့နော်။ မိဘကြောင့် ဖြစ်တာလို့ ပြောရင်လည်း မျက်စိအကြည်၊ နားအကြည်တွေဟာ သွေးသားနဲ့ ပတ်သက်နေတော့ တစ်စိတ်တစ်ဒေသလောက်ပဲ မှန်တယ်။ မှန်တော့ ပြောလို့ရတော့။

မိဘတွေက အကြည်ဓာတ် ပေးတာတော့ အစုံအလင်ပါပါရဲ့။ သားသမီးတွေကျတော့ ကြောင်တောင်ကန်း နားဆွံ့နားပင်း လေးတွေ ဖြစ်လာတတ်သေးတယ်။ ဒါဆိုတော့ မျက်စိအကြည် စတဲ့ အကြည်ဓာတ်တွေဟာ ဘာကြောင့် ဖြစ်တာလဲ မေးရင် ကံကြောင့်လို့ ပြောရမယ်။ ကံကြောင့် ဖြစ်တဲ့ ရုပ်မို့ ဒီအကြည်တွေကို ကမ္မဇရုပ်လို့ ခေါ်ရတယ်။

ဒီအကြည်တွေဟာ စိတ်ကလည်း ဖြူဖြူစင်လေးလေးတဲ့ သူ့ တွေ ရှိနေတယ်။ စိတ်ကြောင့် ဖြစ်လည်းဖြစ်လာနိုင်တယ်။ နောက်ပြီးတော့ ဥတုကလည်း ဖြူဖြူစင်စင်လေးလို့ သွေးကြောလေးကြော တွေ ရှင်းသန့်နေရတယ်။ အာဟာရလည်း အရေးကြီးပြန်တယ်။ အကြည်ဓာတ်တွေ ကြည်လင်တောက်ပနိုင်ဖို့အတွက် အာဟာရ ကလည်း ကျေးဇူးပြုပြန်ပါတယ်။

ဒါဆိုတော့ အကြည်ဓာတ်တွေ ဘာကြောင့် ဖြစ်ရတာလဲ မေးရင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးက ဖြူဖြူစင်စင်လို့ ဖြစ်ပေါ်လာတာလို့ ပြောရမယ်။ အကြောင်းတရား

လေးပါးကြောင့် အကြည်ဓာတ်တွေ ပေါ်လာရတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးထဲမှာ ယောက်ျားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ မပါဘူး။ ကံဆိုတာ ပုဂ္ဂိုလ်သတ္တဝါလား၊ ဓမ္မလား ဆိုရင် ဓမ္မပါ။ စိတ် ဥတု အာဟာရ ဆိုတာတွေလည်း ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့ ဓမ္မတရားတွေပါပဲ။

ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းဓမ္မက ပြုပြင် လိုက်လို့ အကြည်ဓာတ်ဆိုတဲ့ အကျိုးဓမ္မတွေ ပေါ်လာရတာပါ။ အကြောင်းဓမ္မကလည်း တစ်မျိုးတည်းမဟုတ်။ အမျိုးမျိုး အစား ထားမှီလို့-ပဲ၊ အကြောင်းတရားက ပြုပြင်ပေးတဲ့အတွက်-ဓမ္မနဲ့ ပေါင်းလိုက်တော့ ဓမ္မနဲ့-ဓမ္မနှိုး ဖြစ်ပါတယ်။

## ဓမ္မနှိုးရုပ် ပဋိစ္စသမုပ္ပါဒ်ရုပ် သဘာဝတရားရုပ်

မျက်လုံးအကြည်ဓာတ်လေးဟာ အကြောင်းတရားကြောင့် ဖြစ်လာတဲ့လို့ သာမန်တရား မဟုတ်ဘူး၊ ဓမ္မနှိုးတရား ဖြစ်တယ်။ နားအကြည် နှာခေါင်းအကြည်တွေလည်း ဒီအတိုင်းပါပဲ။ အကြည်ဓာတ်တွေဟာ အလိုလိုပေါ်လာတာ မဟုတ်ဘဲ၊ အကြောင်းတရား ကြောင့် ပေါ်လာတဲ့ အကျိုးတရားတွေ ဖြစ်ပါတယ်။

အကြောင်းကြောင့် အကျိုးပေါ်တယ်။ အကြောင်းသည် ပစ္စယ၊ အကျိုးသည် သမုပ္ပါဒ်။ ပေါင်းလိုက်တော့ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပါတယ်။ မျက်လုံးအကြည်ဓာတ်သည် ဖြစ်ပြီးရင် ပျက်တတ် တဲ့အတွက် ဒုက္ခသဘော။ ဒီတော့ ဓမ္မနှိုးတရားရုပ်၊ ပဋိစ္စသမုပ္ပါဒ် ရုပ်၊ သဘာဝတရားရုပ်ဟာ ကင်းလို့မရဘူး၊ တွဲဖက်နေပါတယ်။

ဓမ္မနှိုး၊ ပဋိစ္စသမုပ္ပါဒ်၊ သဘာဝတရားတွေနဲ့ ကောင်းနိုင်တဲ့ ဓမ္မ အနှစ်သာရဟာ ဘယ်မှာရှိတာလဲ ဆေးရင်း ဆွေးမှာ ရှိပါတယ်။

ဒါကြောင့် "အညာခန္ဓာ အညော နိဗ္ဗာနံ၊ ခန္ဓ ပဋိက္ခဓော ဝေါတိ နိဗ္ဗာန်" ဆိုတဲ့စကားကိုပဲလိုက်လုပ်၊ ခန္ဓာဉာဏ်ရောက် ဘုရားပေါ်ရင် နိဗ္ဗာန်မရောက်နိုင်ပါဘူး။ ခန္ဓာမှာ ဉာဏ်ရောက်အောင် ကျင့်ကြံအားထုတ်မှ နိဗ္ဗာန်ရောက်နိုင်ပါတယ်။ ခန္ဓာပေါ် ဉာဏ်မရောက်ရင် လုပ်သမျှအလုပ်ဟာ သံသရာလည်မည့် အလုပ်တွေပါပဲ။

သံသရာ ဘာကြောင့် လည်ရသလဲ ဆိုတော့ မသိလို့လည်တာ။ မသိတာက အဝိဇ္ဇာ၊ မသိတဲ့ ရှေ့လုပ်တာက သင်္ခါရ။ ဆင်းရဲကြောင်းတရား။ သစ္စာနဲ့ကြည့်တော့ သမုဒယသစ္စာ၊ ပဋိစ္စသမုပ္ပါဒ် အလိုအရ တစ်အကွက်မှာ ရှိပါတယ်။ လုပ်သမျှအလုပ်ဟာ ဆင်းရဲကြောင်းတွေပါပဲ။ ဆင်းရဲကြောင်း မသိတဲ့ ရှေ့လုပ်လာခဲ့တာ ဒီတစ်ဘဝတည်း မဟုတ်ဘူး။ ဘဝပေါင်းဘဝပေါင်း အဖန်ဖန်အထပ်ထပ် လုပ်ခဲ့တာမို့လို့ အလွှာတဲ့၊ လုပ်သမျှ အကြောင်းတွေက ဘယ်တုန်းက လုပ်ခဲ့ကာလဲ ဆိုတော့ အတိတ်တုန်းက။ အတိတ်က လုပ်ခဲ့တဲ့ အကြောင်းမို့လို့ အတိတ်အကြောင်း ငါးပါး ဖြစ်ပါတယ်။

အဲဒီတော့ ဖြတ်ဝတ္ထုနီးတေသနုကို ပိုင်ပိုင်နိုင်နိုင် နားလည်ချင်တယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ် အခြေခံရှိရမယ်။ ဝိပဿနာ လုပ်တဲ့အခါမှာလည်း ပညတ်ပရမတ် သဘောကို ပိုင်ပိုင်နိုင်နိုင် သိရမယ်။ အခြေခံကောင်း အရှင်သဘောကို ပိုင်ပိုင်နိုင်နိုင် သိနိုင်မြင်နိုင်တဲ့ သမထဝိပဿနာ ဉာဏ်အမြင် ရှိရပါမယ်။ အခြေခံအားဖြင့် သီလနဲ့သမာဓိကတော့ ဒီလောကလော၊ မြေဆိုရ သဘောပေါက်လွယ် နားလည်လွယ်လေ ဖြစ်ပါတယ်။ မဟာရေကြောင်းရဲ့ ပုဂ္ဂိုလ်လည်း အဆင်ပြေတာပေါ့။

## အာယတနတွေက ရုပ် မြင်စိတ်ကြားစိတ်တွေက နာမ်

ပါဠိတော်အရ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံလို့ အပြင် အာယတန ငါးပါးပဲ ဖော်ပြထားပေမယ့် အနက်ရှိုတာက အပြင်အာယတန ခြောက်ပါးရှိတယ်။ အတွင်းအာယတနလည်း ခြောက်ပါး ရှိပါတယ်။

အပြင်အာယတနက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာတွေပါ။ မျက်လုံးအကြည် ဘယ်လောက်ကောင်းကောင်း အဝါဆိုတဲ့ အဆင်းလေး မရှိရင် အဝါကိုမြင်တဲ့ မြင်စိတ် မပေါ်နိုင်ပါဘူး။ အဝါရောင်ဆိုတဲ့ အဆင်းနဲ့ ယောဂီတို့ရဲ့ ခန္ဓာမှာရှိတဲ့ မျက်လုံးအကြည်နဲ့ တိုက်လိုက်တဲ့အခါ မျက်လုံးပေါ်မှာ မြင်စိတ်ပေါ်လာတာ ဖြစ်ပါတယ်။

မြင်စိတ်ကလေး ပေါ်ဖို့အတွက် အဆင်းနဲ့ မျက်လုံးအကြည်က ရှေ့၊ မြင်စိတ်က နောက်။ ရှေ့ရှေ့သော အဆင်းနဲ့ မျက်လုံးအကြည်က နောက်နောက်သော မြင်စိတ်ကလေး ပေါ်ဖို့အတွက် ကျေးဇူးပြုပါတယ်။ ထောက်ပံ့ပါတယ်။ ပုရေဇာတ ပစ္စည်းမှာ ပုရေ-ကရှေ့။ ဇာတ-က ဖြစ်တာ ရှေ့ကဖြစ်နှင့်ပြီးသော ဓမ္မတွေက နောက်နောက်သော ဓမ္မတွေ ဖြစ်ပေါ်လာဖို့ ကျေးဇူးပြုတယ်။ ထောက်ပံ့ပေးတယ်။ အကြောင်းခံပေးပါတယ်။ ဒါကြောင့်

**ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။**

လို့ ပြောတာပါ။ မြင်စိတ်ကို ပြောလိုက်တာနဲ့ ကျန်တဲ့ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်တွေကိုလည်း သိနိုင်ပါတယ်။ ယောဂီတို့သစ်တွေရဲ့ သန္တာန်မှာ မြင်စိတ်၊ ကြား

စိတ်၊ နံ့စိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်တွေ ပေါ်လာတာ အလိုလိုပေါ်လာတာ မဟုတ်ဘူး။ အကြောင်းအကျိုး ဖြစ်ပါတယ်။ အကြောင်းခံလိုက်တဲ့ ရှေးဖြစ်နှင့်ပြီးသား အတွင်းအာယတန အပြင်အာယတနတွေက ပုဂ္ဂိုလ်သတ္တဝါ ယောက်ျားမိန်းမလား၊ ရုပ်တရားလား ဆိုတော့ ရုပ်တရားပါ။

အတွင်း အာယတန အပြင်အာယတနတွေက ရုပ်တရား။ မြင်စိတ် ကြားစိတ် နံ့စိတ်၊ စားစိတ် ဆိုတာတွေက နာမ်တရား။ အကျဉ်းချုပ်လိုက်တော့ ရုပ်နဲ့နာမ် ဖြစ်ပါတယ်။ ယောဂီတို့တစ်တွေ အခုတရားနာနေတာလည်း ခန္ဓာငါးပါးပါပဲ။ အကျဉ်းချုပ်လိုက်တော့ ရုပ်နဲ့နာမ်ပါပဲ။ နေ့စဉ်နဲ့အမျှ ဖြစ်ပျက်လှုပ်ရှားနေတာတွေ အားလုံးဟာလည်း မြင်တယ်ဆိုရင် မြင်ခန္ဓာငါးပါး၊ ကြားတယ်ဆိုရင် ကြားခန္ဓာငါးပါး၊ မွှေးတယ်ဆိုရင် မွှေးခန္ဓာ ငါးပါး၊ စားတယ်ဆိုရင် စားခန္ဓာငါးပါး၊ တွေ့ထိတယ်ဆိုရင် တွေ့ထိတဲ့ ခန္ဓာငါးပါး ဖြစ်ပါတယ်။ အရေအတွက်ဟာ ခန္ဓာငါးပါးပါပဲ။

ခန္ဓာငါးပါးကို အကျဉ်းချုပ်လိုက်တော့ ရုပ်နဲ့နာမ် ရတယ်။ ရုပ်နဲ့နာမ်မှာ ရုပ်က အကြောင်းဆိုရင် နာမ်ကအကျိုး၊ နာမ်က အကြောင်းဆိုရင် ရုပ်ကအကျိုး။ ရုပ်နဲ့နာမ်ဟာ အကြောင်းအကျိုး ဖြစ်ပါတယ်။

ဒီစိတ်လေးတွေ ပေါ်လာဖို့အတွက် အကြောင်းခံလိုက်တာက တစ်မျိုးတည်းလား၊ အမျိုးမျိုးလား ဆိုတော့ အမျိုးမျိုးပေါ့။ ပုရေဇာတပစ္စည်းရဲ့ ပါဠိတော်လာ အတိုင်း ပြောရင် အတွင်း အာယတန ငါးပါး၊ အပြင် အာယတန ငါးပါး၊ အမျိုးမျိုး အစားစား အပြားပြားရှိလို့—ဘူး အကြောင်းခံလိုက်တာ—နှစ်။ ပေါင်းလိုက်တော့ ပစ္စနှ—ပစ္စည်း ဖြစ်လာပါတယ်။

## ခန္ဓာမှာရှိတဲ့ တရားများ

ပဋ္ဌာန်းတရားတွေဟာ ဘယ်မှာရှိသလဲ ဆိုတော့ ခန္ဓာမှာ ရှိပါတယ်။ ဒါကြောင့် ယောဂီတို့တစ်တွေရဲ့ ခန္ဓာကြီးက ပဋ္ဌာန်း ခန္ဓာကြီးလို့ သိထားရမယ်။ ဒါ့ပြင် တရားနာရကျိုး နပ်ပါမယ်။

အကြောင်းတရားပေါ် ဉာဏ်ရှင်းရင် ဝိမုတ္တိရွှေသောတယ်။ ရုပ်မှာ ရုပ်ဖြစ်ကြောင်းတရား ရှိသလို နာမ်မှာလည်း နာမ်ဖြစ်ကြောင်းတရား ရှိတယ်။ ရုပ်ဖြစ်ကြောင်းတရားက ကံစိတ်ဥတု အာဟာရ ဆိုပြီးတော့ လေးပါးရှိတယ်။ နာမ်ဖြစ်ကြောင်း တရားက အာရုံနဲ့ဒွါရ ဆိုပြီးတော့ နှစ်ပါးရှိတယ်။ ဒွါရက စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ။ အာရုံက ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ။ အာရုံကလည်း ငါးပါး၊ ဒွါရကလည်း ငါးပါးရှိတယ်။

အာရုံကလည်း ရုပ်တရား၊ ဒွါရကလည်း ရုပ်တရား။ ရုပ်တရားနှစ်ပါး ပေါင်းစပ်လိုက်တော့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိနာကောင်းစိတ် ဆိုတဲ့ နာမ်တရားတွေ ပေါ်လာတယ်။ ဒီတရားတွေက အလိုလိုပေါ်လာတာ မဟုတ်ဘူး။ အကြောင်းအကျိုးကြောင့် ပေါ်လာတာပါ။ အကျဉ်းချုပ်လိုက်ရင် ရုပ်နဲ့နာမ်ပဲ ရှိတယ်။

နာမ်တရား ပေါ်လာဖို့ရာအတွက် အာရုံနဲ့ဒွါရ လိုတယ်။ အပြင်အာယတနက အာရုံ၊ အတွင်းအာယတနက ဒွါရပေါ့။ အပြင်အာယတန အာရုံဆိုတာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိများ။ အတွင်းအာယတန ဒွါရဆိုတာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်။ ဒါတွေ မရှိဘဲနဲ့ ယောဂီတို့ သန္တာန်မှာ

မြင်စိတ်၊ ထားစိတ်၊ ယားနာကောင်းစိတ် တောတွေ ပေါ်မလာ နိုင်ပါဘူး။

မြင်မှုကလေး ပေါ်လာဖို့ အဆောင်နဲ့ ချက်လုံးအကြည်ကြ ရှု၊ မြင်တဲ့ သဘောလေးက နောက်။ အဲဒါကို

**စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။**

ဖို့ ဘုရားမြတ်စွာ ဟောတော်မူပါတယ်။ ခန္ဓာလည်း ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း တွေ့ပါတယ်။ အဲဒါ ခန္ဓာပေါ် ဉာဏ်ရောက်နေလို့ နားလည်တာ ဖြစ်ပါတယ်။ ခန္ဓာပေါ် ဉာဏ် ရောက်မှ သိရင်းရောက်ပါတယ်။ ခန္ဓာပေါ် ဉာဏ်ရောက်ဖို့ အရေးကြီးပါတယ်။

## ကျေနပ်တင်းတိမ်မနေပါနဲ့

လောကမှာ မတင်းတိမ်ကောင်းသော တရားငါးပါး ဆိုတာ ရှိပါတယ်။

(၁) ဒါနလောကီသား ပြုနိုင်ကာဖြင့်၊ လေးဖြာအပါယ်၊ လွတ်ပြီ ကွယ်ဟု၊ တင်းတိမ်အားရ၊ လွန်ရှင်ပျူး စိတ်ချရ်လည်း မနေနဲ့။

(၂) သီလကောင်းသော၊ လုံခြုံကာဖြင့်၊ လေးဖြာအပါယ်၊ လွတ်ပြီကွယ်ဟု၊ တင်းတိမ်အားရ၊ လွန်ရှင်ပျူး စိတ်ချရ်လည်း မနေနဲ့။

(၃) ဈာန်ရတာဝယ်၊ ပြည့်စုံကြွယ်၍၊ လေးဖြာအပါယ်၊ လွတ်ပြီကွယ်ဟု၊ တင်းတိမ်အားရ၊ လွန်ရှင်ပျူး စိတ်ချရ်လည်း မနေနဲ့။

(၄) တစ်လောကတည်းသော၊ နေ့နှိုက်ကာဖြစ်ငါ၊ လေးဖြာအပါယ်။ ထွက်ပြီကွယ်ဟု၊ တင်းတိမ်အားရ၊ လွန်နှစ်သိမ့်ပျ၊ စိတ်ချ၍လည်း မနေနှင့်။

(၅) အနာဂါမ်ဝယ်၊ တည်ပြီကွယ်ဟု၊ စိတ်ဝယ်အားရ၊ လွန်နှစ်သိမ့်ပျ၊ စိတ်ချ၍လည်း မနေနှင့်။

အဲဒီတရားတွေနဲ့ စိတ်ချအားရ ကျေနပ်ပြီးတော့ မနေလိုက်ကြနဲ့လို့ ဘာဖြစ်လို့ ပြောရတာလဲ ဆိုရင် အသေကျန်သေးလို့ပဲ။ အခုလူ့ဒါန ကုသိုလ်ကောင်းမှုတွေ ကြီးကြီးကျယ်ကျယ် လုပ်ထားပြီးပြီလို့ စိတ်ချကျေနပ်မနေနဲ့၊ အပါယ်ကျနိုင်သေးတယ်။ အသေဘာဝတွေလည်း ကျန်နေသေးတယ်။ အကျင့်သီလတွေ ဘယ်လိုပဲ ပြည့်စုံပြည့်စုံ အပါယ်ကျနိုင်သေးတယ်။ သေလည်း သေဦးမယ်။ ဗဟုသုတတွေ ဘယ်လောက်ရှိရှိ အပါယ်ကျဦးမယ်၊ သေရဦးမယ်။ တစ်လောကတည်း ဂောစာရီ ကျင့်သုံးနိုင်တယ် ဆိုတာကလည်း ကျေနပ်စရာ မဟုတ်သေးဘူး။ အပါယ်လေးပါးက စိတ်မချရသေးဘူး။ အသေမလွတ်သေးဘူး။ နောက်ဆုံး အပါယ်လေးပါးက လွတ်ပါပြီဆိုတဲ့ အနာဂါမ်ပုဂ္ဂိုလ်ကြီး ဖြစ်နေတာတောင်မှ အသေကျန်နေသေးတယ်။

ဒါန၊ သီလ၊ ဗဟုသုတ၊ ဂောစာရီ၊ အနာဂါမ်ဆိုတဲ့ အဆင့်အနေတွေဟာ ကျေနပ်တင်းတိမ် နေလောက်တဲ့ အဆင့်တွေ မဟုတ်သေးပါဘူး။ အသေကျန်နေသေးတယ်။ ရဟန္တာဖြစ်မှပဲ လုံးဝ စိတ်ချရမယ်။

ယောဂီတို့ရဲ့ သန္တာန်မှာ ဘယ်ဓမ္မတော် ပေါ်တော်ပေါ်သော အလိုလို ပေါ်သတဲ့ မဟုတ်ဘူး။ အကြောင်းအကျိုးလို့ သိရမယ်။ အကြောင်းအကျိုးကို ခွဲခြား ဉာဏ်ရောက်အောင် သိထားရမယ်။ ယခုနိုင်မယ့်ဘူဝ အသိဉာဏ်လေးနဲ့တင် အားရကျေနပ် တင်းတိမ်ပြီးတော့ မနေလိုက်ကြပါနဲ့။

## ကုသိုလ် အကုသိုလ် ရှေ့က သုဂတိ ဒုဂ္ဂတိ နောက်က

အာရုံနဲ့ ဒွါရက အကြောင်း၊ စိတ်စေတသိက်က အကျိုး။ အကြောင်းကြောင့် အကျိုးဖြစ်တယ်။ အကြောင်းတရားတွေ အမျိုးမျိုး အထူးထူးရှိတဲ့အတွက် ပဋ္ဌာန်း၊ အကြောင်းခံပြီးတော့ ကျေးဇူးပြုတဲ့အတွက် ပဋ္ဌာန်း။ အခုပြောနေတဲ့ ပုရေဇာတပစ္စည်း အနေနဲ့ ပြောရင် အကြောင်းတရားက ရှေ့ကနေ ဖြစ်နှင့်ပြီး ဖြစ်တဲ့အတွက် ပုရေဇာတပစ္စည်းလို့ ခေါ်ရပါတယ်။

ပုရေဇာတပစ္စည်းမှာ အကြောင်းတရားက ရှေ့၊ အကျိုးတရားက နောက်လို့ အကြောင်းတရား အကျိုးတရား နှစ်မျိုးလုံး ဖြေသွားတယ်။ အကြောင်းတရားခေါ် ညွှန်ရှင်းရင် ဝိစိကိစ္ဆာ သေတယ်၊ အကျိုးတရားခေါ် ညွှန်ရှင်းရင် ဒိဋ္ဌိပြုတ်တယ်။ အကြောင်းတရားက ရှေ့က ကျေးဇူးပြုလို့ နောက်က အကျိုးတရားတွေ ပေါ်လာပါလားလို့ ပိုင်ပိုင်နိုင်နိုင် သိလိုက်ရင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပြုတ်ပါတယ်။

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်ရင် သောတာပန် တည်သွားပါပြီ။ သောတာပန်တည်ရင် ဝေဖနိဗ္ဗာန်ကို ရပါပြီ။ သိရုံတင်ရုံ လေ့လာထားရုံနဲ့ မရပါဘူး။ သိတဲ့အတိုင်း ကျင့်မှ ရပါတယ်။ အဲဒါကြောင့် "ကိစ္စတာလေး သိပြီးကျင့်တဲ့ ပုဂ္ဂိုလ်တွေအတွက်သာ" ပုရေဇာတပစ္စည်းက ကျေးဇူးပြုပေးပါလိမ့်မယ်။

ယောက်တို့ကံတွေ ရထားတဲ့ ခန္ဓာငါးပါးက သုဂတိ ခန္ဓာ ငါးပါး ဖြစ်ပါတယ်။ ဒီလို သုဂတိခန္ဓာ ရနေတာကို ကျေးဇူးရှင် ဖိုးတုတ်ဆရာတော်ဘုရားကြီးက "ကုသိုလ်ခွေးကိုက် ခံနေရတာ" လို့ မိန့်တော်မူပါတယ်။ နေ့စဉ်နဲ့အမျှ ငါတို့တစ်တွေရဲ့ ခန္ဓာကိုယ်မှာ နာလိုက်ထုံလိုက် ကျဉ်လိုက်ကိုက်လိုက်၊ ပူလိုက်အေးလိုက်

ဆောင့်တင်းလိုက်နဲ့ ဖြစ်နေရတာမျိုးဟာ သုခက်နေ့ကို ရသော တို့အတွက် ကုသိုလ်စွေး အကျိုးပေးနေရတာပဲပေါ့။ အပါယ်လေး ဘုံသားတွေ ခံစားနေကြရတာကတော့ အကုသိုလ်စွေးကိုက် ခံနေရတာ ဖြစ်ပါတယ်။

ကုသိုလ်စွေးနဲ့ အကုသိုလ်စွေးလို့ ပြောချင်းကတော့ ဘုရား ရဟန္တာ ပုဂ္ဂိုလ်များမှာ “ကုသလာကုသလံ ဇဟံ” ဆိုတဲ့အတိုင်း ကုသိုလ် အကုသိုလ်ရဲ့ အကျိုးပေးတွေကို အရဟတ္တမဂ်နဲ့ ဖြတ်တောက်ခဲ့ပြီးကြပြီ။ ဘုရားရဟန္တာတွေကို ကုသိုလ်အကုသိုလ်က အကျိုးပေးနိုင်စွမ်း မရှိတော့ဘူး။ ကုသိုလ် အကုသိုလ် စွေးကိုက် မခံရတော့ဘူး။ ဘုရား ရဟန္တာ မဖြစ်သေးသူ ဒီကုသိုလ် အကုသိုလ် တွေက ကိုက်ခဲနေကြဦးမှာပဲ။

ကုသိုလ်ရဲ့ အကျိုးပေးကလည်း ဒုက္ခပါပဲ၊ အကုသိုလ်ရဲ့ အကျိုးပေးကလည်း ဒုက္ခပါပဲ။ ကုသိုလ်နဲ့ အကုသိုလ်က ရှေ့က ရှိတဲ့ သုဂတိဒုဂ္ဂတိက နောက်ကြား၊ ရှေးရှေးသော ဓမ္မက ဖြစ်နိုင်ပြီး နောက်နောက်သော ဓမ္မကိုလည်း ဆွဲဆောင်ပြနေခြင်းပါ။ ဒါဟာ ပဋိစ္စသမုပ္ပါဒ်ရဲ့ သဘော ဖြစ်ပါတယ်။

## လောမြင်း လောဓ တွေရဲ့ ရှိုက်ကြိုးခြင်းမျိုး

သာသနာ့နှုတ်မြွက်သည့် ပျော်ရွှင်ရာဂတ်စောင်း မပြီးသည့် တရား အားမလုပ်ရှင်းတဲ့ပါ၊ တရားအားမလုပ်နိုးသေးတဲ့ သူကို တရား အားထုတ်ချင်လာအောင် ညည်းရုံးတဲ့ပြ ဆွဲဆောင်ပေးဖို့ တာဝန်ရှိပါတယ်။ သန္တာတရား မသိသေးတဲ့သူကို သိချင်လာအောင် ပြောပြပေးရမယ်။ သန္တာတရား မရှိသေးတဲ့ သူကို သန္တာတရား ရှိလာအောင်၊ သီလ မလုံခြုံသေးတဲ့ သူကို သီလ လုံခြုံလာအောင် စောင့်ရှောက်ပေးရမှာပါ။

ပင်ရိုးကျတော့ ပရုဗ္ဗော်တော်ရုပ်တော်ရုပ်တွေ ပုဂ္ဂိုလ်တွေကို ရှဲ့တာ တောင်းတာနဲ့ ကန့်ကွက်တော်တယ်။ ကိုယ်ဝေဒနာချင်ရင် နေပေါ့။ သူများ လုပ်နေတာကိုတော့ မကန့်ကွက်သင့်ဘူး။ အဲဒီလို လုပ် ခဲ့တဲ့ ကပ်လေ့ရဟန်းကြီးဆိုတာ အပေါ်ယံရဲ့ ကျကြီးတော့ ဝရုဏ လွတ်ငြိမ်းတော့လည်း ရာဇဂြိုဟ်ပြည်အနီးက မြစ်ကြီးတစ်စင်းမှာ ငါးကြီး လာဖြစ်နေသတဲ့။ ငါးကြီးရဲ့ကိုယ်က ရွှေရောင်တွေ တောက်နေပေမယ့် ပါးစပ်ကတော့ ပုပ်စော်တွေ နံနေတယ်။ အဲဒါ သူများကို ကဲ့ရဲ့ခဲ့လို့ ဖြစ်တာပဲ။

ကိုယ်က တရားကျမ်းဂန် တတ်ကျွမ်းနေရင် ကိုယ်သိသလို သူများလည်း သိပါစေ၊ တတ်ပါစေလို့ စိတ်ထားရမှာ။ ကိုယ်ထက် သိနားလည်ပြီး ပိုတတ်သွားတယ် ဆိုရင်လည်း မုဒိတာ ပွားလိုက် စမ်းပါ၊ အဲဒီလို မုဒိတာ မပွားတတ်ရင်တော့ ဣဿာ မစ္ဆရိယ စိတ်တွေ ဖြစ်မယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ရွေးသုံးကောင် ကိုက်တာလည်း ခံရနိုင်တယ်။

ဒါကြောင့် ယောဂီတိုင်းတစ်တွေဟာ ကိုယ့်သန္တာန်မှာ လောဘ ပေါ်ရင် ပေါ်မှန်းသိပါစေ၊ ဒေါသပေါ်ရင် ပေါ်မှန်းသိပါစေ၊ မောဟပေါ်ရင်လည်း ပေါ်မှန်းသိပါစေ။ လောဘဒေါသ မောဟ ဆိုတာ အရှုခံတရားပါ။ မြင်စိတ်ကြားစိတ် နံစိတ် ဆိုတာတွေ ကလည်း အရှုခံတရားတွေပါပဲ။

အရှုခံတရားနဲ့ အရှုဉာဏ်တရားမှာ အရှုခံက ရှေ့က ပေါ် ပြီး အရှုဉာဏ်က နောက်မှပေါ်တာပါ။ ရှေ့က အရှုခံကို ရှိပြီး တော့ နောက်က အရှုဉာဏ် ပေါ်ရတယ်။ ရှုစိတ်တစ်ခေါက်ဟာ နာခေါင်းမှာပေါ်တယ်။ ရှုစိတ်ကလေးပေါ်လာလို့ သိလာတာ ဟဒ ယဝတ္ထုမှာ ပေါ်တယ်။ ရှေ့က ရှုစိတ်ကလေးက နောက်က သိတဲ့ ဉာဏ်စိတ်ကလေး ပေါ်လာအောင် ဖော်ကိုဆွန်းပေးတဲ

သည်း ဟိုက်လွန်းသလို လုပ်ခေါ်ပါတယ်။ ရှေ့က ရှုမှတ်ကလေး ပေါ်နေဦးတော့ ညာဏ်မလိုက်တဲ့အခါ၊ အဲဒီညာဏ်မကြွယ်ဝတဲ့ သူတွေအတွက် ဘိန္ဒိဂလေ နည်းရောက်ဘာ ပစ္စယာန ပစ္စယာလို့ ပြောတာပဲ။ ညာဏ်မပါတဲ့ ရှုမှတ်ခြင်းဟာ အလကားပဲ၊ အကျိုး မရှိဘူး။ ပုရိစ္ဆာတစ္စည်း မထင်ဘူး။ အဲဒီညာဏ်မပါတဲ့ ရှုမှတ် ခြင်းဟာ လူပျင်းကူးအတွေ့ရဲ့ ရှုမှတ်ခြင်းသာ ဖြစ်ပါတယ်။

## မြတ်သော အသက်ရှည်ခြင်း ဖြစ်ပါစေ

ဘယ်သူမဆို နေ့စဉ်နေ့တိုင်း မိနစ်မလပ် စက္ကန့်မလပ် အသက်ရှူနေကြရတယ်။ ရှူရှိုက်နေတာလေး ရပ်သွားတဲ့ အချိန် မှာ အဲဒီလူ အသက်မရှိတော့ဘူး။ ဒါကြောင့် သေရှူတယ်လို့ မပြောဘဲ အသက်ရှူတယ်လို့ ပြောနေကြတာပေါ့။ အသက်ရှူ ခြင်းကို လူတိုင်း မကင်းနိုင်ဘူး။ ဒါပေမယ့် လူတိုင်း မြင်ရဲ့လား ဆိုတော့ မြင်တဲ့လူမှ မြင်တယ်။ တခြားကို လိုက်ရှာစရာ မလို ဘဲနဲ့ ကိုယ့်ခန္ဓာမှာ အလွယ်တကူ တွေ့နိုင်တဲ့ ရှူရှိုက်ခြင်းကို မှ မမြင်လိုက်ဘူးဆိုရင် သူ့ရဲ့အသက်ရှင်ခြင်းဟာ အဓိပ္ပာယ် မရှိဘူး။

**ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။**

**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။**

ဆိုတဲ့ မြတ်ဗုဒ္ဓ ဒေသနာတော်လာ ဓမ္မပဒ ပါဠိတော်ကြီးရဲ့ အညီ ရှူခြင်း ရှိုက်ခြင်းကို တစ်ချက်မှမမြင်ဘဲ အသက်တစ်ရာ ရှည်ခြင်းဟာ ယုတ်သော အသက်ရှည်ခြင်း၊ ရှူခြင်းရှိုက်ခြင်းကို တစ်စက္ကန့်၊ တစ်မိနစ်၊ တစ်နာရီ၊ တစ်မိနစ်လေးမျှ မြင်တဲ့ပုဂ္ဂိုလ်ရဲ့ အသက်ရှင်ခြင်းသည်သာ မြတ်သောအသက်ရှည်ခြင်းပါတဲ့။ ဆိုလို တာက ရှူတာ ရှိုက်တာလေးကို မသိမမြင်ဘဲနဲ့ အသက်တစ်ရာ

ရှုညီတဲ့သူဟာ အသောက်ရှုညီရာ မရောက်ဘူး။ ရှုဟာ ရှိတာတော့ကို ဉာဏ်နဲ့ သိမြင်လိုက်ရင်တော့ အဲဒီလူဟာ တစ်နာရီ တစ်နေ့တော့ အယောက်ရင်ရှုဖယေ့ အသောက်ရှုညီတယ်။ အသောက်တစ်ရာ ရှုညီတဲ့ လူထက်မိုဖြိုးတော့ အယောက်ရှုညီရာ ရောက်ပါတယ်တဲ့။

မြတ်သော အသောက်ရှုညီခြင်းနဲ့ အသောက်ရှုညီချင်တယ် ဆိုရင် ရှုဓိတ် ရှိတ်စိတ်ကလေးကို မနေ့လိုက်ပါနဲ့။ မြင်သောသူ ဖြစ်ချင်တယ်ဆိုရင် ရှုနေတဲ့အချိန် ရှုမှန်းသိလိုက်ပါ၊ ရှုဓိတ်ကလေး ဖြစ်သွားပါလားလို့ သိလိုက်ပါ။ ရှုစိတ်ပါလားလို့ သိလိုက်တာဟာ ဉာဏ်ပါပဲ။

အရှုခံ ရှုစိတ်ကလေး ပေါ်လာတာကို အရှုဉာဏ်စိတ်က နောက်ကနေ သိရတော့ ဖြစ်ပါတယ်။ ဖြစ်ပြီးမှ ကျေးဇူးပြုတာပါ၊ မဖြစ်ဘဲနဲ့ ကျေးဇူးပြုတာ မဟုတ်ပါဘူး။ အဲဒါလို ရှေ့ကနေ ဖြစ်ပြီးမှ ကျေးဇူးပြုတာကို ပုရေဇာတပစ္စည်းလို့ ခေါ်ရတာပါ။

## ဝိပဿနာ ဉာဏ်က နိဗ္ဗာန်ကို ကျေးဇူးပြုပုံ

ရှုစိတ် ရှိတ်စိတ်ကလေးက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မင်း။ ဖြစ်ပျက်က ရှေ့၊ သိတာက နောက်။ ဖြစ်ပျက်က အရှုခံ၊ သိတဲ့ဉာဏ်က အရှုဉာဏ်။ ရှေ့က အရှုခံက ပုရေဇာတပစ္စည်းနဲ့ ကျေးဇူးပြုလိုက်တဲ့အတွက် နောက်ဉာဏ်လေး ရလာတယ်။

အရှုခံကြောင့် အရှုဉာဏ်ရတယ် ဆိုပေမယ့် လူတိုင်းတော့ မရဘူးနော်။ ဝိပဿနာ အလုပ်ကို လုပ်နေတဲ့သူမှ ရတယ်။ ရှုစိတ်ရှိတ်စိတ်ကလေးက ဖြစ်ပျက်၊ သိတဲ့ဉာဏ်က မင်း။ ဖြစ်ပျက်က ရှေ့သွား၊ သိတဲ့ဉာဏ်က နောက်သွား။


ရှုစိတ် ရှိတ်စိတ်ကို ရှုစိတ်ရှိတ်စိတ်ပဲလို့ သိတယ် ဆိုက ယည့်အာ ပါရှုတယ် ပါရှိတ်တယ်လို့ မိမွှ ပောဂိုးမလော။ "မလော

တော့ပါဘူး” ဖျက်တာလေးကို မြင်လိုက်တဲ့အတွက် “ငါ့ကို ဘာမှတ်နေသလဲ” ဆိုတဲ့ အနေလေးတော့ပါဘူး။ ဘယ်အရာမဆို ဖျက်တာတွေ ရှည်းသွားလို့ သိထားတော့ ဟိုဟာလိုချင် ဒီဟာလိုချင် ဆိုတဲ့ လောဘလည်း မလာတော့ပါဘူး။

အပါယ်ဒုက္ခ ရစေတဲ့ အကုသိုလ်ခွေးကလည်း ကိုက်မှာပဲ။ သုဂတိခွေရစေတဲ့ ကုသိုလ်ခွေးကလည်း ကိုက်မှာပဲ။ ဘယ်ခွေးကိုက်ကိုက်၊ ဒုက္ခသစ္စာပါ။ ဒုက္ခသစ္စာလို့ သိနေတော့ လိုချင်တဲ့ တဏှာလည်း ချုပ်တယ်။ တဏှာ မာန ဒိဋ္ဌိ ချုပ်ရတာ ရှေ့က အရှုဉာဏ် ဝိပဿနာဉာဏ်ပေါ်လို့ပဲ။ အရှုဉာဏ် ပေါ်လိုက်တော့ နောက်က တဏှာမာနဒိဋ္ဌိ မပေါ်တော့ဘူး။ နောက်က တဏှာ မာန ဒိဋ္ဌိ မပေါ်အောင် ရှေ့က အရှုဉာဏ်ကစေ့ ကျေးဇူး ပြုပေးလိုက်ပါတယ်။

အရှုခံက ဖြစ်ပျက်၊ ရှုတဲ့ ဉာဏ်က မဂ်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ဆောင်သွားတဲ့ တဏှာ၊ မာနဒိဋ္ဌိက သမုဒယသစ္စာ၊ သမုဒယတို့ရဲ့ ချုပ်ရငြိမ်းရာ သိမ်းရာက နိရောဓသစ္စာ။ သစ္စာလေးချက် ဆိုက်သွားပါပြီ။

နိဗ္ဗာန်နဲ့ညှိပြီးမှာ ဉာဏ်ကရှေ့၊ နိဗ္ဗာန်က နောက်။ နိဗ္ဗာန်ရောက်ဖို့ရာ ရှေ့က ဝိပဿနာဉာဏ်က ကျေးဇူးပြုလိုက်တာလာ ပုရေစာတာတွေညွှန်းပါပဲ။ ပုရေစာတာတွေညွှန်းကို မော်ကော်မြင်းသည် နိဗ္ဗာန်ကို ရည်ရွယ်ပါတယ်။ တဏှာ မာနဒိဋ္ဌိတွေ ကုန်ခန်းပြီးတော့ နိဗ္ဗာန်ကို ထားလုပ်နိုင်မို့ နိဗ္ဗာန်ရည်မှန်း ဖြတ်ပဋ္ဌာန်း ဒေသနာ ဆောင်တော်မူခဲ့တယ်လို့ မှတ်ကြရပါမယ်။



# ၁၁။ ပစ္ဆာဇာတပစ္စည်း

## ပစ္ဆာဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသ ပါဠိတော်

ပစ္ဆာဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသ ပါဠိတော်ကြီးကို ရွတ်ဆိုပူဇော်ခြင်းဖြင့် ရှင်တော်မြတ်ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကြီးနှင့်တကွ ဂုဏ်တော်တမ်းတ ပုံတော်ရှုမှန်းဆောက်တည် ဖြင့် ဗုဒ္ဓ ရည်မှန်း ပဋ္ဌာန်းဒေသနာတော်ကြီးအား ဦးခိုက်ဂါရဝပြု ရှိခိုးကြရအောင်ပါ။

**ပစ္ဆာဇာတပစ္စယောတိ—**

**ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။**

## နောက်စိတ်က စောင့်ရှောက်ပေးတယ်

ပစ္ဆာဇာတပစ္စည်း ဆိုတာ နောက်နောက်ဖြစ်သော စိတ်စေတသိက ရှေ့ရှေ့သော ရုပ်တွေကို ကျေးဇူးပြုတာပါပဲ၊ ပေါင်းစုံတစ်ခုတွေ အစ တည်ရှိနေနိုင်တယ်၊ တာရှည်တည်နိုင်တယ်။ သွားနိုင်လာနိုင် လောက်လောက်အောင် အရုပ်တွေ လှုပ်ရှားရှင်သန်နိုင်တယ် ဆိုတာ လူရှင်မို့လို့ လှုပ်ရှားနိုင်တာပေါ့။ လူသေဆိုရင် လှုပ်ရှားနိုင် တော့ဘူး။ အဲဒီလို ရုပ်သန္တာန်လှုပ်ရှားနေအောင် ဘယ်သူက အမြဲ ရှောက်ပေးနေတာလဲ ဆိုရင် စိတ်က စောင့်ရှောက်ပေးနေတာပါ။

စိတ်ဆိုပေမယ့်လည်း စိတ်တိုင်း စိတ်တိုင်းကတော့ မဆောင့်ရွက်နိုင်ပါဘူး။ နောက်နောက်သော စိတ်ကသာ ဆောင့်ရွက်ပေးနိုင်တယ်။ အဲဒါကို ပဋ္ဌာနဓာတပစ္စည်းလို့ ဆိုပါတယ်။ တရားနာနေတဲ့ အချိန်မှာ ကိုယ့်ဟာစိတ်တွေ ရှုရှိုက်နေတယ်။ ရှုနေတဲ့အချိန်မှာ ရှုစိတ်ကလေး ဖြစ်တယ်။ ရှုစိတ်ကလေးက ဖြစ်ပြီးတာနဲ့ ချုပ်တယ်။ ရှုစိတ်ကလေး ချုပ်သွားလို့ နောက်စိတ်က အခွား မထိုးရင် လူသေဖြစ်သွားမယ်။ အဲဒီလို မသေအောင်လို့ နောက်စိတ်ကလေးက အခွားထိုးဖြစ်ခြင်းဖြင့် ဆောင့်ရွက်ပေးပါတယ်။

ရှေ့စိတ်ချုပ်ပြီး နောက်စိတ် အခွားထိုးရင် လူရှင်၊ အခွား မထိုးရင် လူသေ။ နောက်နောက်သော စိတ်က အခုလို တရားနာနိုင်အောင် လောကီလောကုတ္တရာ အလုပ်တွေ လုပ်နိုင်အောင် ဆောင့်ရွက်ပေးတယ်၊ အဲဒီလို ဆောင့်ရွက်ပေးတာဟာ ပဋ္ဌာနဓာတပစ္စည်းရဲ့ သတ္တိပါပဲ။ ပဋ္ဌာနဓာတပစ္စည်းရဲ့ ဂုဏ်သတ္တိက အဲဒီလောက် ကြီးကျယ်ပါတယ်။

ပဋ္ဌာနဓာတပစ္စည်းရဲ့ သတ္တိကို သိရတယ်။ သူ့ရဲ့ ဂုဏ်သတ္တိ ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ သိရတယ်။ အဲဒီလို သိရတာဟာ ဘုရားမြတ်စွာ လောကအလယ်မှာ ထင်ရှားပွင့်တော်မူလို့ ဖြစ်ပါတယ်။ ဘုရားရှင်သာ ပွင့်တော်မမူဘူးဆိုရင် အခုလို နားလည်ဖို့ရာ အသာထားလို့ နာမည်လေးတောင်မှ သိမှာ မဟုတ်ပါဘူး။ မြတ်ပဋ္ဌာန်းဒေသနာကို ဓမ္မညာဏ်ရောက်သိလေ၊ ဘုရားရှင်ရဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို အံ့ဩမဆုံး လေးစားကြည်ညိုမဆုံး ဖြစ်ရပါတယ်။ မြတ်ဘုရားရဲ့ တရားတော်တွေကို နှစ်ပေါင်း ၂၅၀၀ ကျော်သည့် ယနေ့ကာလတိုင် မပျောက်မပျက်အောင် ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ကြတဲ့ ရဟန္တာ၊ ဝိပဿနာ ဝန်ဆောင် အရှင်ကောင်း အရှင်မြတ်ကြီးတွေကို ဘုရား ကျေးဇူးတင်ရှိ ကောင်းပါတယ်။

ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကြောင့် လိုက်နာကျင့်သုံးသူတွေ အားလုံးကို အပါယ်လေးပါးက လွတ်မြောက်အောင် ကာကွယ်ထိန်းသိမ်းပေးနိုင်ပါတယ်။ အခုလို ဝိပဿနာတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်အတွက် တစ်ချိန်မှာ ပေါ်ပေါက်လာမည့် နောက်နောက်သော ဘဝဇာတ်ဆိုတာ ရှိနေပါတယ်။ အဲဒီ နောက်နောက်သော ဘဝဇာတ်က ဝိပဿနာ အလုပ်ကို ကြိုးစားအားထုတ်နေကြတဲ့ ယောဂီတို့ကို နိဗ္ဗာန်ရောက်သည်အထိ ပို့ဆောင်ဆောင်ရွက် သွားပါလိမ့်မယ်။

## လင်းတအာ ပဏ္ဍာဇာတ

ပဏ္ဍာဇာတဝတ္ထုရဲ့ သဘောကို နားလည်အောင် အဓ္ဓဂလာ ဆရာများက ရှေးဟောင်း လင်းတလေးများနဲ့ ဥပမာဆောင်ပြီး ရှင်းပြထားပါတယ်။

လင်းတတွေရဲ့ သဘာဝက သားသေမြွေလာရင် မြွေပေါက်ကလေးမှာပဲ အလိုက်လဲမှာ ဒီအတိုင်း ပစ်ထားခဲ့တယ်။ အမေ ဖြစ်တဲ့ လင်းတမကြီးက မွေးပြီးတာနဲ့ အစာရှာထွက်တယ်။ ကျန်ရစ်တဲ့ လင်းတပေါက်စလေးတွေကတော့ တကျိုကျို တကျွာကျွာနဲ့ ဆာလောင်မွန်းလို့ အော်မြည်နေရစ်ခဲ့ကြရတယ်။ သူတို့ရဲ့စိတ်ထဲမှာတော့ "အမေ အစာသွားရှာနေတယ်၊ အမေ ပြန်လာရင် ငါတို့အတွက် အစာတွေ ပါလာလိမ့်မယ်" ဆိုတဲ့ ဆန္ဒတွေနဲ့ပေါ့။ အချိန်တန်လို့ လင်းတမကြီး ပြန်လာတော့လည်း ဘာအစာမှ မပါလာခဲ့ဘူးတဲ့။

လင်းတဆိုတဲ့ အမျိုးဟာ သူ့အတွက်ပဲ ကြည့်တယ်။ သူ့ဝဲ နားလည်တယ်။ ကိုယ်တွေ့လာတဲ့ သားသေကိုတော့

အောင့်ရှောက်ရမှန်း မသိတဲ့ အမျိုး။ အတော့ရှာမတွေ့ချင်ရင် နှိုက်ကိပါလား ဆိုတော့လည်း လင်းတာ ဂုဏ်ရှိုးဖို့ နှိုက်သစ္စာပါ မပျက်ပြန်ဘူး။ အဲဒီတော့ လင်းတဝေါက်စလေးတွေဟာ ဘာမှမစားရ မသောက်ရတဲ့ ဆယ်ရက်တစ်လဆိုတာလို ဆူကို သာဝလေးတွေ ရပ်တည်နေရတယ်။ ဘယ်လို ရှင်သန်ပြီး နေတာလဲ မေးရင် နောက်နောက် ဖြစ်လောကစိတ်၊ မျှော်လင့်ယောစိတ်နဲ့ ရှင်သန်တာပေါ့။ "အမေ ပြန်လာရင် ငါတို့အတွက် စားစရာ ပါလာလိမ့်မယ်" ဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ပေါ့။ နောက်တချိန် စားရလိမ့်မယ်ဆိုတဲ့ စိတ်က အနေထား ရှင်သန်ရပ်တည်မှုကို ကျူးစူးပြုလိုက်တာ။ အဲဒီ နောက်နောက်သော မျှော်လင့်စိတ်နဲ့ လင်းတလေးတွေ ရှင်သန်နေတယ်။

လင်းတလေးတွေဟာ နောက်နောက်သော မျှော်လင့်စိတ်နဲ့ ရှင်သန်နေသလိုပဲ နောက်နောက်သော စိတ်က ရှေ့ရှုသော ရုပ်တရားကို ကျူးစူးပြုတာဟာ ဗွေ့ဓာတာပစ္စည်းရဲ့ သဘော ဖြစ်ပါတယ်။

လူ့လောကမှာလည်း လင်းတတွေလို ကိုယ့်အတွက် ကိုယ်ကြည့်တဲ့ မိဘမျိုးတွေ ရှိနေတာပဲနော်။ သားသမီးတွေ မွေးထားလို့သာ မိဘရယ်လို့ ဖြစ်လာကြတာ၊ ကိုယ့်သားသမီးကို လောကီအမွေ ပေးရကောင်းမှန်းမသိ၊ လောကုတ္တရာအမွေ ပေးရကောင်းမှန်း မသိတဲ့ မိဘတွေ အများကြီး။ တချို့ဆို သောက်စားမူးယစ်ပြီး ပြန်လာလို့ အိမ်မှာ အမြည်းကောင်းကောင်း လုပ်မထားရင် မိန်းမနဲ့ သားသမီးကို ဆဲဆိုရိုက်နှက် လုပ်ကြသေးတာ။

တချို့ကျပြန်တော့ မိဘတွေရှုနား သိပ်ကျတယ်။ ကိုယ့်အတွက်ထက် သားတွေသမီးတွေ စားရဝတ်ရဖို့က ပိုပြီး အရေးကြီးတယ်

ဆိုပြီး ရှိတာ၊ အလွန်ဝေးတော့ပဲ။ အဲဒီလို ကျေးရွာများကဲ့ မိဘ ကျတော့လည်း မိဘကိုပြန်ပြီး လုပ်ကျွေးရကောင်းမှန်း သိတဲ့ သားနှိုးသမီးဆိုးတွေနဲ့ တွေ့ရတတ်သေးတာပေါ့။ သားသမီး အတွက် စေတနာထားတဲ့ မိဘလည်း လင်းတလိုပဲ၊ မိဘကို ပြန် လုပ်ကျွေးဖို့ စေတနာထားတဲ့ သားသမီးဟာလည်း လင်းတမျိုးပဲ ပါသွားတယ်။

လောကထဲမှာ ကိုယ့်အတွက် ကိုယ်သာ ကြည့်တတ်တဲ့ လင်းတမျိုးတွေ ဘယ်လောက်များနေမလဲနော်။ အဲဒီတော့ သတိ ထားရမှာက သားသမီးရှိရင် သားသမီးအတွက် ပူရတာပဲ။ နည်း နည်းရှိရင် နည်းနည်းပူ၊ များများရှိရင် များများပူ။ သားသမီး ကြောင့်ပူ၊ ကားကြောင့်ပူ၊ တိုက်ကြောင့်ပူနဲ့ အပူတွေ သိပ်များ ကြစေချင်ဘူး။

## ရှောက် ဝင့်သန္တေ့စိတ်က
## ရှေ့ကသေသေကြည်ကို တွေ့ရှုရ

တကယ်တော့ မိဘရယ် သားသမီးရယ်လို့ ဘဝဘဝမှာ သာပြီး ဆုံကြတယ် ဆိုတာက **ပုဗ္ဗေစသန္နိဝါသေန**–ရှေးရှေး အတိတ်ဘဝတွေတုန်းက ဒါနကောင်းမှု သီလကောင်းမှု ဘာဝနာ ကောင်းမှုတွေ အတူတူပြုပြီး နေလာခဲ့ကြတဲ့အတွက် ဒီဘဝမှာ သားရယ် သမီးရယ် မိဘရယ် လာဖြစ်ကြတာပဲ။ အဲဒီလိုသား သမီး မိဘ တော်စပ်လာတဲ့အခါမှာလည်း တစ်ဦး နဲ့တစ်ဦး ကျေးဇူးနဲ့တော်စပ်တဲ့ ကိုယ့်တာဝန် ကိုယ်ကျေပြွန်ပြီးတော့ အကျိုးဆောင်ပေးကြရမယ်။ **ပစ္စုပ္ပန္နဟိတာယ**–ဆိုတဲ့အတိုင်း ဒီဘဝမှာ အကျိုးစီးပွား ဆောင်ပေးဖို့ လိုအပ်တယ်။

ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

ရှေ့ဘဝမှာ ဒါနသီလ ဘာဝနာ ကောင်းမှုတွေနဲ့ အတူနေ ထိုင်ခဲ့ဘူးရယ်၊ ဒီဘဝမှာလည်း တစ်ယောက်အကျိုး တစ်ယောက် ဆောင်ရွက်ပေးတာရယ်ဟာ မိဘနဲ့သားသမီး ချစ်ခင်ရာ ချစ်ခင် ကြောင်း၊ စည်းလုံးရာ စည်းလုံးကြောင်း၊ အိမ်ထောင်ဘက်ချင်း ကပ သဘောကျရာ သဘောကျကြောင်း ဖြစ်တယ်၊ ဒါကြောင့် သားသမီးနဲ့ မိဘ တစ်ယောက်နဲ့တစ်ယောက် ကောင်းရာကောင်းကြောင်း ဖေးမကူညီ လုပ်ကိုင်ပေးကြရင် အိမ်ထောင်တစ်ခုဟာ စီးပွား တည်းတက်၊ လူမှုရေးလည်း အဆင်ပြေပြီးတော့ ချမ်းမြေ့ကြည် လင် နေကြရပါလိမ့်မယ်တဲ့။ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟော ကြားတဲ့ ဩဝါဒတော်ပါ။

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ-နောက်မှနောက်ဖြစ် သော စိတ်စေတသိက်တွေဟာ၊ ပုရေဇာတဿ ဣမဿ ကာယဿ- ရှေ့ရှေ့ဖြစ်သော ရုပ်ခန္ဓာနဲ့တကွ ကာယကြီးတစ်ခုလုံးကို။ ပစ္ဆာ ဇာတပစ္စယေန ပစ္စယော-ပစ္ဆာဇာတ ပစ္စည်းသတ္တိနဲ့ ကျေးဇူး ပြုအပ်၏။

ပစ္ဆာဇာတပစ္စည်းရဲ့ ကျေးဇူးပြုပုံက ဒီဘဝ ဒီခန္ဓာကြီး ရဲ့ မကျော်ခင် ပဋိသန္ဓေ ဘဝမှာကတည်းက ထင်ရှားပါတယ်။ ဘဝမှာ ပဋိသန္ဓေတည်ပြီဆိုရင် ကလလရေကြည်လိုတဲ့ ရေစွန် ရေစက်လောက်ပဲ ရှိတဲ့ ရုပ်ကလေးက အစဦးဖြစ်တယ်။ နောက် တော့မှ ပဋိသန္ဓေစိတ်ဆိုတာ ဖြစ်လာတာ။ အဲဒီရှေ့က ဖြစ်နှင့် နေတဲ့ ကလလရေကြည် ရုပ်ကလေး ပျက်စီးမသွားအောင်၊ ပျက်

စီးမသွားအောင်၊ နောက်နောက်က ပဋိသန္ဓေစိတ်က စောင့်ရှောက် ပေးပါတယ်။ ပဋ္ဌာနတရားတော်နည်းအနေနဲ့ ကျေးဇူးပြုပေးတယ်။

## သားသမီးကြီးပွားရေး မိဘစိတ်က စောင့်ရှောက်ပေး

ကိုယ့်အကျိုးပဲ ကြည့်ပြီးတော့ သားသမီးကို မစောင့်ရှောက် တဲ့ အမွေမပေးနိုင်တဲ့ မိဘကိုတော့ လင်းတမိဘလို့ ခေါ်ရပါမှာ ပေါ့။ ဒါပေမဲ့ မိဘမှန်ရင် လင်းတလိုမျိုး ကျင့်တာ ရှားတော့ ရှား ပါတယ်။ ဥစ္စာစု တတ်နိုင်တဲ့ မိဘက အမွေပေးမယ်၊ မတတ် နိုင်တဲ့ မိဘကတော့ အမွေမပေးနိုင်ဘူးပေါ့။ အမွေပေးလောက် အောင် မချမ်းသာပေမယ့် သားသမီးကို စွမ်းနိုင်သမျှ အတတ် စောင့်ရှောက်ပေးကြတဲ့သူတွေ များပါတယ်။

မိဘတွေက ပဋိသန္ဓေတည်စဉ်ကလည်း စောင့်ရှောက်ပေးတယ်။ မွေးလာတော့လည်း ကြီးပြင်း လူလားမြောက်လာအောင် ကျွေး မွေးပြုစုတယ်။ တဖြည်းဖြည်းနဲ့ အရွယ်ရောက်လာတဲ့ ကိုယ့် သားလေး သမီးလေးတွေရဲ့ ရုပ်ဖြောင့်တာလေးကို ကြည့်ပြီး "ငါ့ သားလေး ငါ့သမီးလေး အရွယ်ရောက်လာပြီ။ မူကြိုပို့ရမယ်။ မူကြိုပြီးရင် မူလတန်းကျောင်း ပို့မယ်။ သူတို့ ကြီးလာလို့ ပညာတတ်ကြီးတွေဖြစ်လို့ လုပ်ကိုင်စားသောက်နိုင်ရင် ငါတို့က ဖြန့် ဖြူးတော့ မိရှုရှာပဲ" ဆိုပြီး ပီတိဖြစ်နေကြတာပါ။

၁။ ပဉ္စ ဌာနာနိ သမ္ပဿံ၊
ပုတ္တံ ဣစ္ဆန္တိ ပဏ္ဍိတာ။
ဘတော ဝါ နော ဘရိဿတိ၊
ကိစ္စံ ဝါ နော ကရိဿတိ။

၂။ ကုလဝံသော စိရံ တိဋ္ဌေ၊
ဒါယဇ္ဇံ ပဋိပဇ္ဇတိ

အပေ ဝါ ပန ဆေတနံ
ဗေဒိုးက အနုဂ္ဂဟသေဘိ။ (အံ၊ ၂၊ ၃၇)

ဆိုတဲ့ ပုဗ္ဗသုတ္တန်အရ သားသမီးအပေါ်မှာ မိဘက မျှော်လင့်ထားတာတွေ ရှိပါတယ်။ သူတို့ မွေးမြူတုန်းက ငါတို့ ကျွေးမွေးခဲ့တဲ့အတွက် ငါတို့အိုပြီ ဆိုရင်လည်း သူတို့က ပြန်ကျွေးမွေးစောင့်ရှောက်ကြလိမ့်မယ်။ သူတို့အတွက် ရှေးကတည်းကအစ စွဲရှာ လုပ်ကိုင်ပေးခဲ့လို့ ငါတို့မလုပ်နိုင် မကိုင်နိုင်တဲ့အခါမှာ ငါတို့ကို သူတို့က ပြန်ပြီး လုပ်ကျွေးကြမှာပဲ စသည်ဖြင့် မျှော်လင့်အားကိုးခဲ့ကြတယ်။

မိဘတွေကသာ မျှော်နေတာပါ။ သားသမီးကဖြင့် အတောင်စုံပြီ ဆိုတာနဲ့ ကြင်ယာပါလာပြီး ပြန်မကြည့်နိုင်တော့ပါဘူး။ ဒီတော့လည်း မိဘတွေက "စုန်ရေသာ ရှိတယ်၊ ဆန်ရေ မရှိဘူး" ဆိုပြီး ညည်းညူတတ်ကြတာပါပဲ။ ကိုယ်က အိုကြီးအိုမ ဆင်းတောင့်ဆင်းရဲ ဖြစ်နေဦးတော့ သားသမီးအရေးဆိုရင် ကြွလာခဲ့ကြတာချည်းပဲ။ သားလေးက ဘာတဲ့ဆိုရင် အဆင်သင့်ပဲ။ သားလေးချက်ချင်း အလေဆံမခံနိုင်ဘူး။ သမီးလေးက ဘာတဲ့ ဆိုရင်လည်း ဖြစ်အောင် လုပ်ပေးတာပဲ။ သားသမီး မျက်နှာငယ်တာ မကြည့်ရက်နိုင်ဘူးလေ။

ဘယ်မိဘမှ ကိုယ့်သားသမီးကို စိတ်ဆင်းရဲစေချင်ကြပါဘူး။ ဒါက မိခင်တိုင်းရဲ့ ဆန္ဒ မိဘတိုင်းရဲ့ ဆန္ဒပါ။ သားသမီးတွေ ဘယ်လောက်ဆိုးဆိုး ပစ်မထားဘူး။ "တောင်းဆိုးလည်း ဆိုးသော ပစ်ချိုးတုံးမဲ့ ရှိတယ်၊ သားဆိုး သမီးဆိုးကို ဘယ်တော့မှ ပစ်ချိုးတုံးမဲ့ မရှိဘူး" တဲ့။ သားသမီးတွေ ဘယ်လိုပဲ ခေါ်မှုပါစေ၊ မိဘတွေကတော့ မျှော်ကိုးနေ စိတ်ကလေးနဲ့ စောင့်ကြ

နေတာပေါ့။ သားသမီးတွေ ချမ်းသာတယ် ကြားရင် နောက်က မိဘတွေက ဝမ်းသာကြည်နူးနေကြတယ်။ သားသမီး ကောင်းစားနေတာ သူတို့ကိုယ်တိုင် ခံစားနေရတာ မဟုတ်ပေမယ့် ဝမ်းသာတယ်။ နောက်ဆုံးနေထိုင်သော မိဘရဲ့စိတ်တွေက ရှေးရှေးက သားသမီးတွေရဲ့ ညည်းတိမ်ငူစွာ ကြွယ်ဝချမ်းသာမှု ရပ်ဝန်းညီတွေကို သောက်ပုံတွေးရှုမြင်နေတာ ပျော်စရာကောင်းသေးပေါ့။

## မေ့ပါလော နှင်းဆီမြှုပ် သတ္တိနှင့်

သားသမီးတွေ ပေးဆပ်တဲ့ သူတို့ကြီးလာရင် ငါတို့ကို ပြန်လုပ်ကျွေးမှာပါလို့ မျှော်လင့်ချက်လေး ရှိကြတာပါ။ ကြီးလာတို့ သားသမီးက ကျွေးမွေးပြန်မှုရှိရင်လည်း ဘယ်မိဘမှ ဝမ်းနည်းမနေကြပါဘူး။ မိဘဆိုတာ သူတို့ကသာ ကျွေးချင်မွေးချင် ပေးချင်တတ်ချင်တာပါ။

သားသမီး ဆယ်ယောက်ကို မိဘတစ်ယောက်က လုပ်ကျွေးနိုင်ပေမယ့် မိဘတစ်ယောက်ကို သားသမီး ဆယ်ယောက်က လုပ်မကျွေးနိုင်ဘူး။ ဒါတွေကို အမေ သိတယ်။ အမေ ခံစားနိုင်တယ်။ ဒီကလေးရဲ့ ဘဝအစမှာ

**ပျော်စရာ ဝိပ္ပစ္စတာသိက္ခ ဖွေ့ ပုရေရှတော**
**ကျွမ်းသော တောယသာ ပျော်စရာ ဝမ္မယေနိ ပမ္မတော။**

ဆိုတဲ့အတိုင်း ရှေးရှေးသော ကာလကရေပြည် ဆိုတဲ့ ရှိကလောဝ်ဆေးကို ပဋိသန္ဓေဝင်က စောင့်ရှောက်ပေးခဲ့တယ် မဟုတ်လား။ အဲဒါ ပျော်စရာ ပဋ္ဌာန်းအရနဲ့ ကျေးဇူးပြုပေးခဲ့တာ။ ဒီကလေးဟာ ပဋိသန္ဓေကတည်းက ရှင်ဖို့နှာဖ် ရှိလာခဲ့တယ်လေ။

ပဋိသန္ဓေကနေ့ကတည်းက ရှင်ဖို့ရှာမ်း အမြဲဖိရောက်လာတော့မှ ကိုယ်ဝန်ကြွက်ကြီးလာ မွေးလာကြီးဆိုတော့မှ သားလေး

မွေးရင် "ငါ့သားလေး" သမီးလေးမွေးတော့ "ငါ့သမီးလေး" ရယ်လို့ သာမှတ်သတ္တနဲ့ သားရယ်သမီးရယ် ခွဲခြားလာကြတယ်။ ကာလယ်တော့ ဒီသား ဒီသမီး ဆိုတာက ပဋိသန္ဓေ ထိန်း ကတည်းက ရှင်နဲ့နာမ်နေ့ပြီ။

သားရယ် သမီးရယ် သိပေလာစဉ် တွယ်ရစ်လာလေမယ့် ဒီသားသမီး ဘယ်ဘဝက ရောက်လာတယ်ဆိုတာ အဖေအမေက မသိဘူး။ ကိုယ့်ဝမ်းထဲမှာ လာပြီးတော့ ပဋိသန္ဓေ ထိန်းလာညှိပါ တွယ်လို့လည်း ဘယ်အဖေ့ထံက လာတယ် မခေါ်ခဲ့ပါဘူး။ မခေါ် ဘဲနဲ့ လာခဲ့တယ်။ အချိန်တန်တော့ ကံကြမ္မာအရ အရွယ်လေး မရောက်ခင် ပျက်စီးသွားတာလည်း ရှိတာပဲ။ ဘယ်မိဘမှ ကိုယ့် သားသမီး ငယ်ငယ်ရွယ်ရွယ်နဲ့ ပျက်စီးစေချင်ကြပါဘူး။

**အခေါ်မလာ ကိုယ့်တော်ကျ၊ သွား ပြည်ဘ မရှက် သုဓေ။**

**နံ့ ပဉ် ဆွာ ဘဂ်ရို တော၊ ပယာဝေနေ့ မရှုမှာ။**

ဆိုတာလို ဘယ်နေ့ဘယ်အချိန် ဘယ်ရောဂါနဲ့ ဘယ်လို သေမယ်ဆိုတာ ဘယ်သူမှမသိကြပါဘူး။ ကံကြမ္မာက ခေါင်း ပေါ်ကတဲ့အတိုင်း "ဖင်း ၁၀ နှစ်ပဲနေ၊ အနှစ် ၂၀ ပဲနေ" ဆိုတဲ့ အတိုင်း ဖြစ်ကြရသား။ ဟို ကံကြမ္မာက သေမှုအချိန်မတန်သေးရင် မြင်းမိုရ်တောင်ကြီးနဲ့ ဖိကြိတ်တာတောင် မသေဘူး။ ငယ်ငယ် နဲ့ သေရရှာသည့်အကြောင်းဟာ ပါလာခဲ့တဲ့ ကံဆေးဝါးနဲ့ပဲ ကုသ ပေးတာပါပဲ။ ဒီ ဒီလို့ အကျိုးပေးကို ယုံစမ်းပါ။

အချိန်တန်တော့ "သားရေ သွားတော့"၊ "သမီးရေ သွား တော့" လို့ နှင်တာ ဟုတ်ပါရဲ့လား။ အကြောင်းမရှိကြောင့် ခေတ် ပေါ် ဖြစ်ခြင်းသာပါပဲ။ သားသမီးဆိုတာ ပဲတုန်းကလည်း မခေါ် ဘဲနဲ့ လာတယ်။ ပြန်တော့လည်း ခွင့်ဘဲနဲ့ ပြန်သွားတာပါပဲ လို့ သက်ပ်လိုက်နိုင်ရမယ်။

## ရှေ့လောကကို နောက်အသိဉာဏ်နဲ့ခံပါ

အားလုံးသော ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှသည် လာချိန်တန်ရင် လာရလည်း လာတာပဲ။ ပြန်ချိန်တန်ရောလည်း ပြန်ကြတာပဲ။ ဧည့်သည်ကို အမြဲရှိမှတ်ထားနေပါနဲ့။ သားသမီးတွေလည်း ဧည့်သည်ချည်းပါပဲ။ ဧည့်သည်ကို အမြဲရှိမှတ်တော့ သားကလေး "ဘာတဲ့ဟေ့" ဆိုရင် မျက်ရည်ကျ၊ သမီးလေး "ဘာတဲ့" ဆို မျက်ရည်ကျ။ ကျရှုံးမှာပဲ၊ ကိုယ်ကိုယ်ကိုတိုင်က နှလုံးသွင်း မှားနေတာကိုး။

မျက်ရည် ဘယ်သူက အကျနိုင်ဆုံးလဲ မေးရင် နောက် စိတ် နောက်စိတ် ဖြစ်တဲ့ ကိလေသာတွေက ကျနိုင်ဆုံးပေါ့။ နောက်နောက်ဖြစ်တဲ့ ကိလေသာစိတ်တွေက ရှေးရှေးဖြစ်တဲ့ ရုပ်ကို ဝမ်းနည်းစေတယ်၊ ပူဆောင်စေတယ်၊ နွမ်းရိစေတယ်။ အားကိုး အားထားရာ ရတနာသုံးပါး ကံကံရဲ့ အကျိုးတရား၊ အပေါ်မှာ ယုံကြည်မှု သဒ္ဓါတရားနဲ့ သစ္စာတရားတွေက ထိန်းထားပေးလို့ သာပေါ့။ နို့မို့ရင် ဒီအခြေကြီး ခံနိုင်ဘူး။ သားခေါ်သမီးခေါ် အဆော်ခံရပါတယ်။

နိုင်ငံခြားမှာဆိုရင် သားကြောင့် သမီးကြောင့် ကိုယ့်ကိုယ်ကို သေကြောင်းကြံကြတဲ့အထိ ဖြစ်ကြရတယ်။ ဓမ္မ တရားမရှိလို့၊ တရားလက်လွတ် ရက်စောင်ကျွတ် ဖြစ်တာပဲ။ ဘောင်တို့မှာ ဘာသာရေး အသိဉာဏ်၊ သစ္စာလေးပါး အသိဉာဏ်တွေ အများကြီး ရှိတယ်။ ရှေးရှေးသော ဝေဒနာတရားကြီးကို နောက် နောက်သော အသိဉာဏ်စိတ်တွေက အပြုံးမပျက် အလွမ်းမလာ မျက် လှုပ်ရှားနိုင်အောင် ကျေးဇူးပြုပေးပါတယ်။

သားခေါ် သမီးခေါ် ရွှေခေါ်ရိုးခေါ် ခံရတဲ့သူ တစ် ယောက်မှ မရှိပါဘူး။ ဒီလောကဓံကို ခံနိုင်အောင် ဘယ်သူက

ဆောင့်ရှောက်ပေးသလဲ ဆိုတော့ စိတ်က ဆောင့်ရှောက်ပေးပါတယ်။ အသိဉာဏ်နဲ့ ယှဉ်တဲ့ နှောင်နှောင်သောစိတ်က ရှေ့က ရုပ်ကို လောကကြီးနဲ့ ယှိုင်နဲ့သွားရအောင် ဆောင့်ရှောက်ပေးလိုက်တာ ပဋ္ဌာနပစ္စည်းရဲ့ သတ္တိပါပဲ။

## ရှုမြင်တတ်အောင် သိကောင်းစရာ

ဝိညာဏကျွန်ုပ် ဆိုတဲ့စိတ်က အမြဲတည်တံ့နေတာ မဟုတ်ပါဘူး။ စိတ်အခေါ်မှာ မှိုင်တယ်မြဲတယ်လို့ ထင်ရပေမယ့် ဟုတ်လိုက်ရင် သေသေတင်ရှိ ဖြစ်ပါတယ်။ စိတ်ဟာ ကမ်းကိမ်းပြီးတော့ တစ်ခုခု ဖြစ်နေတယ်။ ရှေ့စိတ်မချုပ်ဘဲနဲ့ နောက်စိတ် အစား ထိုးတဲ့ ထုံးစံ မရှိပါဘူး။

ပစ္စုပ္ပန္နာ ဝိညာဏကသိဏာ စေတ နာမရူပဓမ္မာ ရှုပဿ ဘာယသာ ပစ္စုပ္ပန္နတ္ထာယ ဟေတုနော။

နောက်နောက်သော စိတ်တွေဟာ ရှေ့ရှေ့သော စိတ်တွေကို ပစ္စယော ပစ္စည်းအနေနဲ့ ကျေးဇူးပြုပေးတာပေါ့။ ဒီ့ထက်တွေ အနုလုံ သင်္ချိုင်းသွားလာ လှုပ်ရှားနေတာတွေ အားလုံးဟာ နောက်နောက်သော စိတ်ကြောင့်ပဲ။ လောကကြီးကို ခံနိုင်တယ် ဆိုတာလည်း နောက်နောက်သော ပေါ်လာတဲ့ ဉာဏ်စိတ်ကြောင့်ပဲ။ ဒီဉာဏ်စိတ်သာ မရှိခဲ့ရင် လောကကြီးနဲ့ ရင်ဆိုင်တဲ့နေရာမှာ မငြိမ်သင့်တာငြိမ်၊ မလုပ်သင့်တာတွေ လုပ်မိပြီး ကိုယ်ပဲ ရုက်ရည်ကျရမှာပါ။

“ဖြစ်ပျက်–ခဏ”ကို ကြည့်ရင်လည်း ဖြစ်ပျက်ဟာ အရှုံး၊ သိတဲ့ဉာဏ်က အရှုဉာဏ်။ အရှုံးနဲ့ အရှုဉာဏ်မှာ အရှုဉာဏ်က နောက်ဖြစ်တယ်။ နောက်ဖြစ် အရှုဉာဏ် အားကောင်းလေလေ၊

အရှုံးအမြင် ဝင်လေထွက်လေပါပဲ၊ ကမ္မဋ္ဌာန်းမှာ မူလကမ္မဋ္ဌာန်းနဲ့ ကြားဆိုးကမ္မဋ္ဌာန်း နှစ်မျိုးရှိတယ်။ မူလကမ္မဋ္ဌာန်း ဆိုတာက နှာသီးဖျားမှာ ထိသိရုပ်နာမ် ခွဲခြားမြင်ဖို့ ကြိုးစား၊ စိတ်နဲ့ဆို ရင်တော့ ရှုစိတ်ရှိုက်စိတ် ဖြစ်ပါတယ်။

ရှုစိတ်ကလေး ရှုနေတိုက်မှာ “ရှုစိတ်လေးပါလား”လို့ သိလိုက်ရင် ရှုစိတ်ကလေးရယ်၊ သိတဲ့စိတ်ကလေးရယ် နှစ်မျိုး ဖြစ်လာတယ်။ အဲဒီစိတ်နှစ်ခုမှာ ရှုစိတ်က အရင်ပေါ်ပြီး သိတဲ့ စိတ်က နောက်မှပေါ်တယ်။ နောက်မှ ပေါ်တာတောင်မှ တစ်နေ ရာစီ ပေါ်တာပါ။ ရှုစိတ်ကလေးက နှာခေါင်းမှာပေါ်ပြီး သိစိတ် ကလေးကတော့ ခေါင်းမှာ ပေါ်ပါတယ်။ ဒါကြောင့် “ခေါင်းကတော့ မနေဘဲပြည့်နေတော”လို့ ဆိုတယ်။ ရှေးကစိတ်ကို မိပြီးမှ နောက်က ခေါင်းအိမ်မှာ ဉာဏ်စိတ်ပေါ်ပါတယ်။

ဖော်စီတွင် သမားသူတော–ဆိုတဲ့အတိုင်း ဌာနတစ်ခုမှာ စိတ် တစ်ခုတည်းပဲ ဖြစ်ပါတယ်။ စိတ်ဟာ ဌာနတစ်ခုထဲမှာ နှစ်ခု ပြိုင်ပြီးတော့ ပေါ်ရိုးထုံးစံ မရှိပါဘူး။ ရှုစိတ်ကလေး ရှုနေရင် ရှုစိတ်လို့ သိတယ်။ ရှုတာကအရင် သိတာကနောက်။ ဒါကြောင့် ပဋ္ဌာနတာလို့ ခေါ်ပါတယ်။

## ဝိပဿနာဉာဏ်ရဲ့ ပဋ္ဌာနလေလေညီးဖြစ်ပုံ

ရှုစိတ်ကလေးက နှာသီးဖျားမှာပေါ်တယ်။ သိတာက ခေါင်းမှာ ပေါ်တယ်။ ရှေ့စိတ်ကို နောက်စိတ်နဲ့ သိတာဟာ သဘော ဖြစ်ပါတယ်။

**သစ္စာသစ္စာမှန်နေသည်ပါ မိုးရွှေနို ဝိပဿနာ။**

**မိုးရွှေနို**–ရှုစိတ်ကလေးအပေါ်ပြီး သမုဒယသစ္စာနဲ့သည် ပါ ဖြစ်ခြင်းသဘောကို အမှန်အကန်ရှုမြင်ရှိသည်ဖြစ်၍ ဝိပဿနာ – ခေါ်၏။

ရှုစိတ်ကို ရှုစိတ်လို့ သိတာက အဖြစ်ကိုသိတာ၊ အဖြစ်ကိုသိတာက သစ္စာ၊ ရှုလို့လည်း ပြီးသွားရော မရှိတော့ဘူး။ မရှိတော့တာကို သိတာက အပျက်ကို သိတာ။ အပျက်ကိုသိရင် ဝိပဿနာ ဖြစ်တယ်။ **ဝယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံ ဝိဟရတိ။**

မရှိတာရယ်၊ မရှိမှန်း သိတာရယ်မှာ မရှိတာက ရှေ့၊ သိတာက နောက်။ ရှုစိတ်လို့ သိလိုက်တော့ သဿတဒိဋ္ဌိ စင်တယ်။ မရှိတော့ပါလားလို့ သိလိုက်တော့ သဿတဒိဋ္ဌိ စင်တယ်။ ပျက်ပြီးတော့ ပြီးသွားတဲ့ အဆုံးတိုင်တာ ဆက်လာတယ်။ အဆုံးတိုင်တာနဲ့ ပျက်တာမှာ ပျက်တာကအရင်၊ အဆုံးသိတာက နောက်။ အဆုံးတိုင်မှန်း သိလိုက်တော့ ပြတ်တယ်ဆိုတဲ့ အယူ မလာနိုင်တော့ဘူး။ အဲဒီတော့ ဥစ္ဆေဒဒိဋ္ဌိ စင်တယ်။

ပျက်တာကို ပျက်မှန်းသိတာလည်း အမှန်သိပဲ။ အဆုံးတိုင်တာကို အဆုံးတိုင်မှန်း သိတာလည်း အမှန်သိပဲ။ အမှန်သိတာက နောက်စိတ်ပါ။ နောက်နောက်စိတ်တွေက ရှေ့က စိတ်စေတသိက်တွေကိုလည်း အမှန်အတိုင်း သိခွင့်ရှိတယ်။ နောက်နောက်သော ကိလေသာကိုလည်း ပယ်သတ်ပါတယ်။ ခင်လို့ ခေါ်ရခြင်း အကြောင်းကိုက

**ကိလေသေ ဇာနရေဒ္ဒေ နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ။**

**ကိလေသေ** — ဒိဋ္ဌိစသော ကိလေသာတို့ကို၊ **ဇာနရေဒ္ဒေ** — ပယ်သတ်လျက်၊ **နိဗ္ဗာနံ** — နိဗ္ဗာန်သို့။ **ဂစ္ဆတိ** — ပို့ဆောင်ပေးတတ်၏။ **ဣတိတသ္မာ** — ထို့ကြောင့်။ **မဂ္ဂေါ** — မဂ်မည်၏။ ထိုတို့အတိုင်း နောက်နောက်သော ဉာဏ်စိတ်၊ မဂ်စိတ်က ကိလေသာကို ပယ်သတ်တယ်၊ နိဗ္ဗာန်လည်း ပို့ဆောင်တယ်တဲ့။ အဲဒီတော့ မဂ်ဆိုက်တဲ့ ဉာဏ်စိတ်ဟာ နောက်စိတ်အစနဲ့ ရှေ့ကကိလေသာ ပယ်သတ်ခြင်း၊ နိဗ္ဗာန်ကို ပို့ဆောင်ခြင်းတွေကို ဆောင်ရွက်ပေးခြင်းဟာ မဂ္ဂသစ္စာရဲ့ သဘောပဲ ဖြစ်ပါတယ်။

သည်း ဝိုက်တွန်းသလို လုပ်ပေးပါတယ်။ ရှေ့က ရှုမိတဲ့ စလေး ခေါ်နေဦးတော့ ဉာဏ်မလိုက်တဲ့သူ၊ အသိဉာဏ်မကြွယ်ဝတဲ့ သူတွေအတွက် ကိုဋ္ဌိကာလေ နှုတ်ရေးရာတ ပစ္စယာနံ ပစ္စယောလို ဖြစ်ကြတယ်။ ဉာဏ်မပါတဲ့ ရှုရှိုက်ခြင်းဟာ အလေ့ကျပါ၊ အကျိုး မရှိဘူး။ ပုရိုဟိတ်ပစ္စည်း မတော်ဘူး။ ဆိုင်ဉာဏ်မပါတဲ့ ရှုရှိုက် ခြင်းဟာ လူပျင်းလူအတွေရဲ့ ရှုရှိုက်ခြင်းသာ ဖြစ်ပါတယ်။

## မြတ်သော အသက်ရှည်ခြင်း ဖြစ်ပါစေ

ကယ်သူမရှိ နေ့ရက်ရှိနေ့တိုင်း မိနစ်မလပ် စက္ကန့်မလပ် အသက်ရှူနေကြရတယ်။ ရှူရှိုက်နေတာလေး ရပ်သွားတဲ့ အချိန်မှာ အဲဒီလူ အသက်မရှိတော့ဘူး။ ဒါကြောင့် လေရှူတယ်လို့ မပြောဘဲ အသက်ရှူတယ်လို့ ပြောနေကြတာပေါ့။ အသက်ရှူ ခြင်းကို လူတိုင်း ကောင်းနိုင်ကြူး။ ဒါပေမဲ့ လူတိုင်း မြင်ရဲ့လား ဆိုတော့ မြင်တဲ့လူမှ မြင်တယ်။ တခြားကို လိုက်ရှာစရာ မလို ဘဲနဲ့ ကိုယ့်ခန္ဓာမှာ အလွယ်တကူ တွေ့နိုင်တဲ့ ရှူရှိုက်ခြင်းကို မှ မမြင်လိုက်ဘူးဆိုရင် သူ့ရဲ့အသက်ရှင်ခြင်းဟာ အဓိပ္ပာယ် မရှိဘူး။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ဆိုတဲ့ မြတ်ဗုဒ္ဓ ဟောကြားတော်မူတဲ့ ဓမ္မပဒ ပါဠိတော်ကြီးနဲ့ အညီ ရှူခြင်း ရှိုက်ခြင်းကို တစ်ချက်မှမမြင်ဘဲ အနှစ်တစ်ရာ ရှည်ခြင်းဟာ ယုတ်သော အသက်ရှည်ခြင်း၊ ရှူခြင်းရှိုက်ခြင်းကို တစ်ရက်၊ တစ်မိနစ်၊ တစ်နာရီ၊ တစ်မိနစ်လေးမှ မြင်တဲ့ပုဂ္ဂိုလ်ရဲ့ အသက်ရှင်ခြင်းသည်သာ မြတ်သောအသက်ရှည်ခြင်းပါတဲ့။ ဆိုလို တာက ရှူဟာ ရှိုက်တာလေးကို ကောင်းမြင်တဲ့နဲ့ အသက်တစ်ရာ

ရှည်တဲ့လူဟာ အသက်ရှည်ရာ မရောက်ဘူး။ ရှုသေ ရှိပါတာကို ညာဏ်နဲ့ သိမြင်လိုက်ရင်တော့ အဲဒီလူဟာ တစ်နာရီ တစ်မနက် အသက်ရှင်ရုံပေမယ့် အသက်ရှည်တယ်။ အသက်တစ်ရာ ရှည်တဲ့ လူထက်တိုပြီးတော့ အသက်ရှည်ရာ ရောက်ပါတယ်တဲ့။

မြတ်သော အသက်ရှည်ခြင်းနဲ့ အသက်ရှည်ရုံတယ် ဆိုရင် ရုပ်နာမ် ဖြစ်ပျက်ကလေးကို မမေ့လိုက်ပါနဲ့။ မြတ်သောသူ မြင်ချင်တယ်ဆိုရင် ရှုနေတဲ့အချိန် ရှုမှန်းသိလိုက်ပါ။ ရုပ်နာမ်ကလေး ဖြစ်သွားပါလားလို့ သိလိုက်ပါ။ ပျက်ပါလားလို့ သိလိုက်တာဟာ ညာဏ်ပါပဲ။

အရှိန် ရုပ်နာမ်ကလေး ပေါ်လာတာကို အရှုညာဏ်စိတ်က နောက်ကနေ သိနေတာ ဖြစ်ပါတယ်။ ဖြစ်ပြီးမှ ကျေးဇူးပြုတာပါ။ မဖြစ်ဘဲနဲ့ ကျေးဇူးပြုတာ မဟုတ်ပါဘူး။ အဲဒါလို နောက်ကနေ ဖြစ်ပြီးမှ ကျေးဇူးပြုတာကို ပစ္ဆာဇာတပစ္စည်းလို့ ခေါ်ရတာပါ။

## ဝိပဿနာ ညာဏ်က နိဗ္ဗာန်ကို ကျေးဇူးပြုပုံ

ရှုစိတ် ရုပ်နာမ်ကလေးက ဖြစ်ပျက်၊ ရှုတဲ့ညာဏ်က နောက်။ ဖြစ်ပျက်က ရှေ့၊ သိတာက နောက်။ ဖြစ်ပျက်က အရှေ့၊ သိတဲ့ညာဏ်က အနောက်။ ရှေ့က အရှုခံက ပစ္ဆာဇာတပစ္စည်းနဲ့ ကျေးဇူးပြုလိုက်တဲ့အတွက် နောက်ညာဏ်လေး ရလာတယ်။

အရှုခံကြောင့် အရှုညာဏ်ရတယ် ဆိုပေမယ့် လွတ်ငြိမ်းတော့ မရသေးဘူး။ ဝိပဿနာ အလုပ်ကို လုပ်နေတဲ့သူမှ ရတယ်။ ရုပ်နာမ်ရုပ်နာမ်ကလေးက ဖြစ်ပျက်၊ သိတဲ့ညာဏ်က နောက်။ ဖြစ်ပျက်က ခုတ္တသမ္ပ၊ သိတဲ့ညာဏ်က ဇာတသမ္ပ၊


ရုပ်နာမ် ရုပ်နာမ်တို့ ရုပ်နာမ်ရုပ်နာမ်လို့ သိတယ် ဆိုက တည်းက ပါရမီ ပါရမီကတယ်လို့ မိန့် တော်မူလေး။ "မင်း

သောက်ပါဘူး" ဖျက်တာလေးကို မြင်လိုက်တဲ့အတွက် "ငါ့ကို ဘာဖြစ်နေသလဲ" လို့တဲ့ မေးမလာတော့ပါဘူး။ ဘယ်အရာမဆို ဖျက်တာတွေချည်းပဲလို့ သိသွားတော့ ဟိုဟာလိုချင် ဒီဟာလိုချင် ဆိုတဲ့ လောဘလည်း မလာတော့ပါဘူး။

အပါယ်ဒုဂ္ဂတိ ရစေတဲ့ အကုသိုလ် ဓမ္မတွေလည်း ကိုက်မှာပဲ။ သုဂတိရွှေ့ရစေတဲ့ ကုသိုလ်ဓမ္မတွေလည်း ကိုက်မှာပဲ။ ဘယ်ဓမ္မကိုကိုင်ကိုင် ဒုက္ခသစ္စာပါ။ ဒုက္ခသစ္စာလို့ သိနေတော့ လိုချင်တဲ့ တဏှာလည်း ချုပ်တယ်။ တဏှာ မာန ဒိဋ္ဌိ ချုပ်ရာဟာ ရှေ့က အရှုဉာဏ် ဝိပဿနာဉာဏ်ပေါ်လို့ပဲ။ အရှုဉာဏ် ပေါ်လိုက်တော့ နောက်က တဏှာမာနဒိဋ္ဌိ မပေါ်တော့ဘူး။ နောက်က တဏှာ မာန ဒိဋ္ဌိ မပေါ်အောင် ရှေ့က အရှုဉာဏ်ကနေ ကျူးပြီး ဖြုတ်ပေးလိုက်ပါတယ်။

အရှုခံက ဖြစ်ပျက်၊ ရှုတဲ့ ဉာဏ်က မဂ်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ပယ်ရှားတဲ့ တဏှာ၊ မာနဒိဋ္ဌိက သမုဒယသစ္စာ၊ သမုဒယတို့ရဲ့ ချုပ်ရာငြိမ်းရာ သိမ်းရာက နိရောဓသစ္စာ။ သစ္စာလေးပါးနဲ့ ဆိုက်သွားပါပြီ။

နိဗ္ဗာန်နဲ့ဉာဏ်မှာ ဉာဏ်ကရှေ့၊ နိဗ္ဗာန်က နောက်။ နိဗ္ဗာန် ရောက်ဖို့ရာ ရှေ့က ဝိပဿနာဉာဏ်က ကျေးဇူးပြုပို့လိုက်တာပဲ ပုဗ္ဗဘာဂသစ္စာလမ်းပါပဲ။ ပုဗ္ဗဘာဂလမ်းစဉ်ကို ယောဂီတော်ပွားခြင်းသည် နိဗ္ဗာန်ကို ရည်မှန်းပါတယ်။ တဏှာ မာနဒိဋ္ဌိတွေ ကုန်ခန်းပြီး တော့ နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်ဖို့ နိဗ္ဗာန်ရည်မှန်း မြတ်ပွားနိုး ဒေသနာ ဟောတော်မူခဲ့တယ်လို့ မှတ်ကြရပါမယ်။



[illegible]

# ၁၁။ ပစ္ဆာဇာတပစ္စည်း

## ပစ္ဆာဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသ ပါဠိတော်

ပစ္ဆာဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသ ပါဠိတော်ကြီးကို ရွတ်ဆိုပူဇော်ခြင်းဖြင့် ရှင်တော်မြတ်ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကြီးနှင့်တကွ ဂုဏ်တော်တမ်းတ ပုံတော်ရှုန်းဆင်ချက် မြတ်ဂုဏ် ရည်မှန်း ပဋ္ဌာန်းဒေသနာတော်ကြီးအား ဦးခိုက်ဂါရဝ ရှိခိုးကြရအောင်ပါ။

ပစ္ဆာဇာတပစ္စယောတိ—

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

## နောက်ဖြစ်စိတ်က စောင့်ရှောက်ပေးတယ်

ပစ္ဆာဇာတပစ္စည်း ဆိုတာ နောက်နောက်သော စိတ်တွေက ရှေ့ရှေ့သော ရုပ်တွေကို ထောက်ပံ့ပြုတာပါပဲ။ ဆေးဝါတို့ကစ်တွေ အခု ဘာရေးနေနိုင်တယ်၊ ဘာရေးယူနိုင်တယ်။ သွားနိုင်လာနိုင် သောက်စီလေကျပ် ဆေးဝိုင်တွေ လှုပ်ရှားရုန်းကန်နိုင်တယ် ဆိုတာ ကရှင်မို့လို့ လှုပ်ရှားနိုင်တာနော်၊ လူသေဆိုရင် လှုပ်ရှားနိုင်သေးဘူး။ ဒါကြောင့် ရုပ်သန့်လှုပ်ရှားနေအောင် ဘယ်သူက စောင့်ရှောက်ပေးနေတာလဲ နောက် စိတ်က စောင့်ရှောက်ပေးနေတာပါ။

စိတ်ဆိုးပေမယ့်လည်း စိတ်တိုင်း စိတ်တိုင်းဟာတော့ မကောင့်ရောက်နိုင်ပါဘူး။ နောက်နောက်သော စိတ်ကသာ ကောင့်ရောက်ပေးနိုင်တယ်။ အဲဒါကိုပဲ ပစ္စာဇာတပစ္စည်းလို့ ဆိုပါတယ်။ တရားနာနေတဲ့ အချိန်မှာ တိုဟာစ်တွေ ရှုမှတ်နေတယ်။ ရှုနေတဲ့အချိန်မှာ ရှုစိတ်ကလေး ဖြစ်တယ်။ ရှုစိတ်ကလေးက ဖြစ်ပြီးတာနဲ့ ချုပ်တယ်။ ရှုစိတ်ကလေး ချုပ်သွားလို့ နောက်စိတ်က အစားမထိုးရင် လူသေဖြစ်သွားမယ်။ အဲဒီလို မသေအောင်လို့ နောက်စိတ်ကလေးက အစားထိုးဖြစ်ခြင်းဖြင့် ကောင့်ရောက်ပေးပါတယ်။

ရှေ့စိတ်ချုပ်ပြီး နောက်စိတ် အစားထိုးရင် လူရှင်၊ အစားမထိုးရင် လူသေ။ နောက်နောက်သော စိတ်က အခုလို တရားနာနိုင်အောင် လောကီလောကုတ္တရာ အလုပ်တွေ လုပ်နိုင်အောင် ကောင့်ရောက်ပေးတယ်။ အဲဒီလို ကောင့်ရောက်ပေးတာဟာ ပစ္စာဇာတပစ္စည်းရဲ့ သတ္တိပါပဲ။ ပစ္စာဇာတပစ္စည်းရဲ့ ဂုဏ်သတ္တိက အဲဒီလောက် ကြီးကျယ်ပါတယ်။

ပစ္စာဇာတပစ္စည်းရဲ့ သတ္တိကို သိရတယ်။ သူ့ရဲ့ ဂုဏ်သတ္တိ ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ သိရတယ်။ အဲဒီလို သိရတာဟာ ဘုရားဖြစ်မှ လောကအလယ်မှာ ထင်ရှားပွင့်ပေါ်မှုလို့ ဖြစ်ပါတယ်။ ဘုရားရှင်သာ ပွင့်တော်မမူဘူးဆိုရင် အခုလို နားလည်ဖို့ရာ အသံလေးလို့ နာမည်လေးတောင်မှ ဘယ်မှာ ပေါက်ပါဘူး။ မြတ်ပဋ္ဌာန်းဒေသနာကို နှလုံးဉာဏ်ရောက်သိလေ ဘုရားရှင်ရဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ဆုံးဖြတ်ရေး လေးစားကြည်ညိုရေး ဖြစ်ရပါတယ်။ မြတ်ဘုရားရဲ့ တရားတော်တွေကို နှစ်ပေါင်း ၂၅၀၀ ကျော်တည်း ယနေ့တိုင်အောင် မကွယ်မပျောက်အောင် ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ကြတဲ့ ပရိယတ္တိ ပဋိပတ္တိ ဝန်ဆောင် အရှင်ကောင်း အရှင်မြတ်ကြီးတွေကို အထူး ကျေးဇူးတင်ဖို့ ကောင်းပါတယ်။

ရှာနေသည့်ပေါ်ရဲ့ ဂုဏ်ကျေးဇူးကြောင့် ကိုက်နာကျင်ဆုံး သူတွေ အားလုံးကို အပေါ်ယံလေးပါးက လွတ်မြောက်အောင် ကာကွယ်ထိန်းသိမ်းပေးနိုင်ပါတယ်။ အခုလို ဝိပဿနာတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်အတွက် တစ်ချိန်မှာ ပေါ်ပေါက်လာမည့် နောက်နောက်သော မဂ်ဖိုလ်ဆိုတာ ရှိနေပါတယ်။ အဲဒီ နောက် နောက်သော မဂ်ဖိုလ်က ဝိပဿနာ အလုပ်ကို ကြိုးစားအားထုတ် နေကြတဲ့ ယောဂီတို့ကို နိဗ္ဗာန်ရောက်သည်အထိ ပို့ဆောင်ဖော် ရောက် သွားပါလိမ့်မယ်။

## လင်းတပျော ပဉ္စတန္တ

ပဉ္စတန္တပုံပြင်ရဲ့ သဘောကို နားလည်အောင် အခု ကသာ ဆရာများက ဖွေးကင်းစ လင်းတလေးများနဲ့ ဥပမာဆောင် ပြီး ရှင်းပြထားပါတယ်။

လင်းတတွေရဲ့ သဘာဝက သားသမီးမွေးလာရင် မွေး ပေါက်စလေးမှာပဲ အသိုက်ထဲမှာ ဒီအတိုင်း ပစ်ထားခဲ့တယ်။ အမေ ဖြစ်တဲ့ လင်းတကြီးက မွေးပြီးတာနဲ့ အစာရှာထွက်တယ်။ ကျန်ရစ်တဲ့ လင်းတပေါက်စလေးတွေကတော့ တကျိုကျို တကျော် ကျော်နဲ့ ဆာလောင်လွန်းလို့ အော်မြည်နေရစ်ခဲ့ကြရတယ်။ သူတို့ ရဲ့စိတ်ထဲမှာတော့ "အမေ အစာသွားရှာနေတယ်၊ အမေ ပြန်လာ ရင် ငါတို့အတွက် စားစရာတွေ ပါလာလိမ့်မယ်" ဆိုတဲ့ သန္ဓေ နဲ့ပေါ့။ အချိန်တန်လို့ လင်းတကြီး ပြန်လာတော့လည်း သား စားစရာမှ မပါလာခဲ့ဘူးတဲ့။

လင်းတဆိုတဲ့ အကောင်ဟာ သူ့အတွက်ပဲ ကြည့်တယ်။ သူ့ ရဲ့ နားလည်တယ်။ ကိုယ်ကမွေးလာတဲ့ သားသမီးတို့ကော

ကောင်းရှုတတ်ရမှန်း မသိတဲ့ အမျိုး အစေ့ရှာစေချွေးရျင်းရင် နဲ့ တိုက်ပါလား၊ ခိုးတော့လည်း လင်းတက ငှက်မျိုးဖို့ နဲ့တိုက် သင့်ပါ မဟုတ်ပြန်ဘူး။ အဲဒီတော့ လင်းတပေါက်စလေးတွေဟာ ဟာမစားရ မသောက်ရဘဲနဲ့ ဆယ်ရက်တစ်လလောက်ထိ သူတို့ ကလေးတွေ ရပ်တည်နေရတယ်။ ဘယ်လို ရှင်သန်ပြီး နေတာ လဲ ဆိုရင် နောက်နောက် ဖြစ်သောစိတ်၊ မျှော်လင့်သောစိတ်နဲ့ ရှင်သန်တာတဲ့။ “အမေ ပြန်လာရင် ငါတို့အတွက် စားစရာ ပါလာလိမ့်မယ်” ဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ပေါ့။ နောက် ကျရင် စားရလိမ့်မယ်ဆိုတဲ့ စိတ်က အနေထဲ ရှင်သန်ရပ်တည် မှုကို ထောက်ပံ့ပြုလိုက်တော့၊ အဲဒီ နောက်နောက်သော မျှော်လင့် စိတ်နဲ့ လင်းတလေးတွေ ရှင်သန်နေတယ်။

လင်းတလေးတွေက နောက်နောက်သော မျှော်လင့်စိတ် နဲ့ ရှင်သန်နေသလိုပဲ နောက်နောင်သော စိတ်က ရှေ့ရှေ့သော ရုပ်တရားကို ထောက်ပံ့ပြုတယ်ဟာ ပစ္ဆာဇာတပစ္စည်းရဲ့သဘော ဖြစ် ပါတယ်။

လူ့လောကမှာလည်း လင်းတတွေကို ကိုယ့်အတွက် ကိုယ် ကြည့်တဲ့ မိဘမျိုးတွေ ရှိနေတာပဲနော်။ သားသမီးတွေ မွေးထား လို့သာ မိဘရယ်လို့ ဖြစ်လာကြတာ၊ ကိုယ့်သားသမီးကို လောကီ အမွေ ပေးရကောင်းမှန်းမသိ၊ လောကုတ္တရာအမွေ ပေးရကောင်း မှန်း မသိတဲ့ မိဘတွေ အများကြီး။ တချို့ဆို သောက်စားမူးယစ် ပြီး ပြန်လာလို့ အိမ်မှာ အကြမ်းကောင်းကောင်း လုပ်လေ့ရှိ မိန်းမနဲ့ သားသမီးကို ဆဲဆိုရိုက်နှက် လုပ်ကြသေးတာ။

တချို့ကျတော့ မိဘတွေရေး သိပ်ကျွေးတယ်။ ကိုယ့်အတွက် ထက် သားတွေသမီးတွေ စားရဖို့က ပိုပြီး အရေးကြီးတယ်

ဆိုပြီး ရှိတာ အတွေ့နဲ့ပေးတာပဲ။ အဲဒီလို ကျေးဇူးများတဲ့ မိဘ ကျေးတော့လည်း မိဘကိုပြန်ပြီး လုပ်ကျွေးရကောင်းမှန်း မသိတဲ့ သားဆိုးသမီးဆိုးတွေနဲ့ တွေ့ရကတ်သေးတာနော်။ သားသမီး အတွက် မသိတတ်တဲ့ မိဘလည်း လင်းတလိုပဲ။ မိဘကို ပြန် လုပ်ကျွေးဖို့ မသိတတ်တဲ့ သားသမီးဟာလည်း လင်းတမျိုးထဲ ပါသွားတယ်။

လောကထဲမှာ ကိုယ့်အတွက် ကိုယ်သာ ကြည့်တတ်တဲ့ လင်းတမျိုးတွေ ဘယ်လောက်များနေမလဲနော်။ ယောက်တို့ သတိ ထားရမှာက သားသမီးရှိရင် သားသမီးအတွက် ပူရတာပဲ။ နည်း နည်းရှိရင် နည်းနည်းပူ၊ များများရှိရင် များများပူ။ သားသမီး ကြောင့်ပူ၊ သားကြောင့်ပူ၊ တိုက်ကြောင့်ပူနဲ့ အပူတွေ သိပ်များ ကြွစေနိုင်ဘူး။

## မြောက် ပင်သေမွေးမိဘက
## ရှုကာလပလေ့ရကြည်ကို လျှော့ပြီ

တကယ်တော့ မိဘရယ် သားသမီးရယ်လို့ ဘဝတစ်ခုမှာ လာပြီး ဆုံကြတယ် ဆိုတာက ပုဗ္ဗေစသန္နိဝါသေန - ရှေးရှေး အတိတ်ဘဝတွေတုန်းက ဒါနကောင်းမှု သီလကောင်းမှု ဘာဝနာ ကောင်းမှုတွေ အတူတူပြုပြီး ခုလာဆုံကြတဲ့အတွက် ဒီဘဝမှာ သားရယ် သမီးရယ် မိဘရယ် လာဖြစ်ကြတာပဲ။ အဲဒီလိုသား သမီး မိဘ ချွေမျိုးတွေလို့ တော်စပ်လာတဲ့အခါမှာလည်း တစ်ဦး နဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် ကိုယ့်တာဝန် ကိုယ်ကျေပြီးတော့ အကျိုးဆောင်ပေးကြရမယ်။ ပုဗ္ဗေကတပုညတာ ပါ ဆိုတဲ့အတိုင်း ဒီဘဝမှာ အကျိုးစီးပွား ဆောင်ပေးဖို့ လိုအပ်တယ်။

ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္န ဟိတေနဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

ရှေးဘဝမှာ ဒါနသီလ ဘာဝနာ ကောင်းမှုတွေနဲ့ အတူနေထိုင်ခဲ့ကြရယ်၊ ဒီဘဝမှာလည်း တစ်ယောက်အကျိုး တစ်ယောက် ဆောင်ရွက်ပေးကြရလို့ဟာ မိဘနဲ့သားသမီး ချစ်ခင်ရာ ချစ်ခင်ကြောင်း၊ ရည်းစုံရာ ရည်းစုံကြောင်း၊ အိမ်ထောင်တစ်ခု ဘဝသာယာရာ သာယာကြောင်း ဖြစ်တယ်။ ဒါကြောင့် သားသမီးနဲ့ မိဘ တစ်ယောက်နဲ့တစ်ယောက် ကောင်းရာကောင်းကြောင်း ပေးဆောင်ကို လုပ်ကိုင်ပေးကြရင် အိမ်ထောင်တစ်ခုဟာ ဒီရေ လည်းတက်၊ ကြာလည်း အဆင်ပြေပြီးတော့ ချမ်းမြေ့ကြည်လင် နေကြရလိမ့်မယ်တဲ့။ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတဲ့ ဂါထာတော်ပါ။

ပဏ္ဍိတော သီလသမ္ပန္နော၊ ဇလံ အဂ္ဂီဝ ဘာသတိ၊
ဘောဂေ သံဟရမာနဿ၊ ဘမရဿေဝ ဣရီယတော။

ပဏ္ဍိတော သီလသမ္ပန္နော၊ ဇလံ—နေ့တိုင်းနေ့တိုင်းဖြစ် ဆောက်တည်စောင့်ထိန်းတတ်သူ။ အဂ္ဂိ ဘာသတိ—ရှေ့ရှေ့ဖြစ်သော ရုပ်ချောနဲ့တကွ တောက်ပြောင်တစ်ခုလုံးကို။ ဘောဂေ သံဟရမာနဿ—ပဏ္ဍိတာ ပစ္စည်းအခြေနဲ့ ကျေးဇူး ပြုပါ။

ပဏ္ဍိတာပစ္စည်းရဲ့ ကျေးဇူးပြုပုံက မိဘက မိဘလောကကြီး ထဲ မရောက်ခင် ပဋိသန္ဓေ ဘဝမှာကတည်းက ထင်ရှားပါတယ်။ ဘဝမှာ ပဋိသန္ဓေတည်ပြီဆိုရင် ကလလရေကြည်ဆိုတဲ့ ရေနှစ် စက်လောက်ပဲ ရှိတဲ့ ရုပ်ကလေးက အစပြုတယ်။ နောက် တော့မှ ပဋိသန္ဓေမိတ်ဆိုတာ ဖြစ်လာတာ။ အဲဒီရေ့က ဖြစ်နှင့် နေတဲ့ ကလလရေကြည် ရုပ်ကလေး ပုပ်သိုးမသွားအောင်၊ ပျက်

စီးဖွားအောင်၊ နောက်နောက်က ပဋိသန္ဓေမိတ်က စောင့်ရှောက် ပေးပါတယ်။ ဗုဒ္ဓဘာသာဝင်ညီအနေနဲ့ ဆွေးနွေးပြပေးတယ်။

## သားသမီးကြီးပွားရေး မိဘမိတ်က စောင့်ရှောက်ပေး

ကိုယ့်အကျိုးပဲ ကြည့်ပြီးတော့ သားသမီးကို မစောင့်ရှောက် တဲ့ အမွေမပေးနိုင်တဲ့ မိဘကိုတော့ လင်းတမိဘလို့ ခေါ်ရမိ မယ်။ ဒါပေမဲ့ မိဘမှန်ရင် လင်းတလိုမျိုး ကျင့်တာ ရှားတော့ရှား ပါတယ်၊ ဥပမာနေ တတ်နိုင်တဲ့ မိဘက အမွေပေးမယ်၊ မတတ် နိုင်တဲ့ မိဘကတော့ အမွေမပေးနိုင်ဘူးပေါ့။ အမွေပေးလောက် အောင် မချမ်းသာပေမယ့် သားသမီးကို ရှာနိုင်သမျှ အတူနဲ့ စောင့်ရှောက်ပေးကြတဲ့သူတွေ များပါတယ်။

မိဘတွေက ပဋိသန္ဓေကတည်းက စောင့်ရှောက်ပေးတယ်။ မွေးလာတော့လည်း ကြီးပြင်း လူလားမြောက်လာအောင် ကျွေး မွေးပြုစုတယ်။ တဖြည်းဖြည်းနဲ့ အရွယ်ရောက်လာတဲ့ ကိုယ့် သားလေး သမီးလေးတွေရဲ့ ကျောပြင်ကလေးကို ကြည့်ပြီး "ငါ့ သားလေး ငါ့သမီးလေး အရွယ်ရောက်လာပြီ။ မူကြိုပို့ရမယ်။ မူကြိုပြီးရင် မူလတန်းကျောင်း ပို့မယ်။ သူတို့ ကြီးလာလို့ ပညာတတ်ကြီးတွေဖြစ်လို့ လုပ်ကိုင်ရှာဖွေနိုင်ရင် ငါတို့က ပြန် ပြီးတော့ မှီရမှာပဲ" ဆိုပြီး စိတ်ကြံစည်နေကြတာပါ။

၁။ ပဉ္စ ဌာနာနိ သမ္ပဿံ၊
ပုတ္တံ ဣစ္ဆန္တိ ပဏ္ဍိတာ။
ဘတော ဝါ နော ဘရိဿတိ၊
ကိစ္စံ ဝါ နော ကရိဿတိ။
၂။ ကုလဝံသော စိရံ တိဋ္ဌေ၊
ဒါယဇ္ဇံ ပဋိပဇ္ဇတိ

အဿ ဝါ ဝရံ မောက္ခံ
ခဏ္ဍိတံ အနုပ္ပဒဿာမိ။ (ဇာ၊ ၂၊ ၃၇)

ဆိုတဲ့ ပုဏ္ဏလုဏ္ဏနံအရ သားသမီးတွေပေါ်မှာ မိဘက မျှော်လင့်ထားတာတွေ ရှိပါတယ်။ သူတို့ ငယ်ငယ်တုန်းက ငါတို့ ကျွေးမွေးခဲ့တဲ့အတွက် ငါတို့အိုပြီ ဆိုရင်လည်း သူတို့က ပြန်ကျွေးမွေးစောင့်ရှောက်ကြလိမ့်မယ်။ သူတို့အတွက် မျိုးကလေးတစခန့်မှာ လုပ်ကိုင်ပေးခဲ့လို့ ငါတို့မလုပ်နိုင် မကိုင်နိုင်တဲ့အခါမှာ ငါတို့ကို သူတို့က ပြန်ပြီး လုပ်ကိုင်ပေးကြမှာပဲ မသည်ဖြင့် မျှော်လင့်အားကိုးခဲ့ကြတယ်။

မိဘတွေကသာ မျှော်နေတာပါ။ သားသမီးတွေဖြင့် အဆောင်ရပြီ ဆိုတာနဲ့ ကြင်ယာပါ့လသပြီး ပြန်မကြည့်နိုင်တော့ပါဘူး။ ဒီတော့လည်း မိဘတွေက “မုန့်ရေသာ ရှိတယ်၊ ဆန့်ရေ မရှိဘူး” ဆိုပြီး နှင့်လွှတ်လိုက်ကြတာပါပဲ။ ကိုယ်က အိုကြီးအိုမ ဆင်းတောင့်ဆင်းရဲ ဖြစ်နေဦးတော့ သားသမီးအရေးဆိုရင် ပြေးလာခဲ့ကြတာချည်းပဲ။ သားလေးက ဘာလဲဆိုရင် အဆင်သင့်ပဲ။ သားလေးမျက်နှာ အငယ်မခံနိုင်ဘူး။ သမီးလေးက ဘာလဲ ဆိုရင်လည်း ဖြစ်အောင် လုပ်ပေးတာပဲ။ သားသမီး မျက်နှာငယ်တာ မကြည့်ရက်နိုင်ဘူးလေ။

ဘယ်မိဘမှ ကိုယ့်သားသမီးကို စိတ်မကောင်းဖြစ်စေချင်ကြပါဘူး။ ဒါက မိခင်တိုင်းရဲ့ ဆန္ဒ၊ ဖခင်တိုင်းရဲ့ ဆန္ဒပါ။ သားသမီးတွေ အပေါ်လောက်ဆိုးဆိုး မမြင်ပါဘူး။ “ဓားကောင်းဆိုးလည်း ဆိုတော့ ပစ်စရာလည်း ရှိတယ်၊ သားဆိုး သမီးဆိုးကို ဘယ်တော့မှ ပစ်စရာလည်း မရှိဘူး”တဲ့။ သားသမီးတွေ ဘယ်လိုပဲ ဖြစ်နေပါစေ၊ မိဘတွေကတော့ မေတ္တာစေ့ စိတ်ကလေးနဲ့ တောက်ပို့

နေတာပါပဲ။ သားသမီးတွေ ချမ်းသာတယ် ကြားရင် နောက်ပေး မိဘတွေက ဝမ်းသာကြည်နူးနေကြတယ်။ သားသမီး ကောင်းစားနေတာ သူကိုယ်တိုင် မိစားနေရတာ မဟုတ်ပေမယ့် ဝမ်းသာတယ်။ နောက်နောက်ကသော မိဘရဲ့စိတ်တွေက ရှေးရှေးသော သားသမီးတွေရဲ့ နည်းစီစိုစွာ ကြွယ်ဝချမ်းသာမှု ရုပ်ဝတ္ထုတွေကို ပေါက်ဖွားကျေးဇူးပြုပေးနေတာ ပစ္ဆာဇာတပစ္စည်းပေါ့။

## မခေါ်ဘဲလာ မနှင်ဘဲပြန် သွားခဲ့သူ

သားသမီးတွေ ပေါ်ခဲ့ကတော့ သူတို့ကြီးသောရင် ပါကိုကို ပြန်လုပ်ကျွေးမှာပါလို့ မျှော်လင့်ချက်လေး ရှိကြတာပါ။ ကြီးလာလို့ သားသမီးက ကျေးဇူးပြန်မပြုရင်လည်း ဘယ်မိဘမှ ဝမ်းနည်းမနေကြပါဘူး။ မိဘဆိုတာ သူတို့ကသာ ကျွေးချင်မွေးချင် ပေးချင်ကမ်းချင်တာပါ။

သားသမီး ဆယ်ယောက်ကို မိဘတစ်ယောက်က လုပ်ကျွေးနိုင်ပေမယ့် မိဘတစ်ယောက်ကို သားသမီး ဆယ်ယောက်က လုပ်မကျွေးနိုင်ဘူး။ ဒါတွေကို အစစ သိတယ်။ အစစ ခံစားနိုင်တယ်။ ဒီကလေးရဲ့ ဘဝအစမှာ

**ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော။**

ဆိုတဲ့အတိုင်း ရှေးရှေးသော ဘဝဘဝရဲ့ပြည် မိတဲ့ ရုပ်ကလာပ်လေးကို ပဋိသန္ဓေစိတ်က ဆောင်ရွက်ပေးခဲ့တယ် မဟုတ်လား။ ဒါဒါ ပစ္ဆာဇာတ ပစ္စည်းအပနဲ့ ကျေးဇူးပြုပေးခဲ့တာ။ ဒီကလေးဟာ ပဋိသန္ဓေကတည်းက ရုပ်နဲ့နာမ် ရှိလာခဲ့တယ်နော်။

ပဋိသန္ဓေကိုင်းကတည်းက ရုပ်နဲ့နာမ်၊ အမြဲရှာယိကား ဟောခုစ ကိုယ့်ဝမ်းကြီးတိုင်က မွေးလာပြီးတဲ့အခါမှ ဘေးဘေး

နေ့ရောင် "ငါ့သားလေး" သမီးလေးမွေးတော့ "ငါ့သမီးလေး" ရယ်လို့ သမုတ်သစ္စာနဲ့ သားရယ်သမီးရယ် ဖြစ်လာကြတယ်။ တကယ်တော့ ဒီသား ဒီသမီး ဆိုတာက ပဋိသန္ဓေကိန်း တတည်းက ရုပ်နဲ့နာမ်စုနော်။

သားရယ် သမီးရယ် သံယောဇဉ် တွယ်ရစ်ကာဝေခဲ့ ဒီသားသမီး ဘယ်ဘဝက ရောက်လာတယ်လို့ အဖေအမေက မသိဘူး။ ကိုယ့်ဝမ်းထဲမှာ လာပြီးတော့ ပဋိသန္ဓေ ကိန်းလှည့်ပါ တွယ်လို့လည်း ဘယ်အမေကမှ လက်ယပ် မခေါ်ခဲ့ပါဘူး။ မခေါ် ဘဲနဲ့ လာခဲ့တယ်။ အချိန်တန်တော့ ကံကြွေးအရ အရွယ်လေး မရောက်ခင် ပျက်စီးသွားတာလည်း ရှိတာပဲ။ ဘယ်မိဘမှ ကိုယ့် သားသမီး ငယ်ငယ်ရွယ်ရွယ်နဲ့ မပျက်စီးစေချင်ကြပါဘူး။

**အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။**
**န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။**

ဆိုတာလို ဘယ်နေ့ဘယ်အချိန် ဘယ်ရောဂါနဲ့ ဘယ်လို သေမယ်ဆိုတာ ဘယ်သူမှမသိကြပါဘူး။ ကံကြွေးက စေခိုင်း လိုက်တဲ့အတိုင်း "မင်း ၁၀ နှစ်ပဲနေ၊ အနှစ် ၂၀ ပဲနေ" ဆိုတဲ့ ကာလ ပါပြီးသား။ သူ့ကံကြွေးမှာက သေဖို့အချိန်မတန်သေးရင် မြင်းမိုရ်တောင်ကြီးနဲ့ ဖိကြိတ်တာတောင် မသေဘူး။ ယင်ယင် နဲ့ သေရမည့်အကြောင်းတရား ပါလာရင် ဘာဆေးဝါးနဲ့ပဲ ကုကု သေတာပါပဲ။ ကံ ကံရဲ့ အကျိုးပေးကို ယုံကြည်ပါ။

အချိန်တန်တော့ "သားရေသွားတော့"၊ "သမီးရေ သွား တော့" လို့ နှင်တာ ဟုတ်ပါ့ရဲ့လား။ အကြောင်းစုံကြောင့် အကျိုး ပေါ် ဖြစ်ရခြင်းသာပါပဲ။ သားသမီးဆိုတာ လာတုန်းကလည်း မခေါ် ဘဲနဲ့ လာတယ်။ ပြန်တော့လည်း မနှင်ဘဲနဲ့ ပြန်သွားတာပါပဲ လို့ လက်ခံလိုက်နိုင်ရမယ်။

## ရှေ့လောကစက်ကို နောက်အသိဉာဏ်နဲ့ခံပါ

အားလုံးသော ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှသည် လောချိန်တန် တော့လည်း ဟောတတ်၏။ ဖြန့်ချိန်တန်တော့လည်း ဖြန့်ကြတ၏။ ဧည့်သည်ကို အိမ်ရှင်မှတ်နေပါနှံ့။ သားသမီးတွေလည်း ဧည့် သည်ချည်းပါပဲ။ ဧည့်သည်ကို အိမ်ရှင်မှတ်တော့ သားတစ်ယောက် "ဘာတဲ့ပေါ့" ဆိုရင် မျက်ရည်ကျ၊ သမီးလေး "ဘာတဲ့" ဆို မျက် ရည်ကျ။ ကျွန်မှာပဲ၊ ကိုယ်ကိုယ်ကိုကတော့ နှလုံးသွင်း မှားနေတော့ဦး။

မျက်ရည် ဘယ်သူက အကျနိုင်းသလဲ မေးရင် နောက် စိတ် နောက်စိတ် ဖြစ်တဲ့ ကိလေသာတွေက ကျနိုင်းတာပေါ့။ နောက်နောက်ဖြစ်တဲ့ ကိလေသာစိတ်တွေက ရှေးရှေးဖြစ်တဲ့ ရုပ် ကို ပင်ပန်းစေတယ်၊ ပူလောင်စေတယ်၊ နွမ်းရိစေတယ်။ အားကိုး အားထားရာ ရုပ်နာမ်သုံးပါး ကံကံရဲ့ အကျိုးတရား၊ အပေါ်မှာ ယုံကြည်မှု သဒ္ဓါတရားနဲ့ သစ္စာတရားတွေက ထိန်းထားပေလို့ တာပေါ့။ နို့မို့ရင် ဒီဇာမကြီး မခံနိုင်ဘူး။ သားခက်သမီးခက် အတော်ခံရပါတယ်။

နိုင်ငံခြားမှာဆိုရင် သားကြောင့် သမီးကြောင့် ကိုယ့်ကိုယ် ကို သေကြောင်းကြံကြတဲ့အထိ ဖြစ်ကြရတယ်။ အဲဒါ တရားမရှိ လို့၊ တရားလက်လွှတ် ဖုတ်လောင်ကျွတ် ဖြစ်တာပဲ။ ယောဂီ တို့မှာ ကံသဘောရေး အသိဉာဏ်၊ သစ္စာလေးပါး အသိဉာဏ်တွေ အများကြီး ရှိတယ်။ ရှေးရှေးသော လောကဓံတရားကြီးကို နောက် နောက်သော အသိဉာဏ်စိတ်တွေက အပြုံးမပျက် အလွှားအလော ပျော် လှိုက်ရှားနိုင်အောင် ကျေးဇူးပြုပေးပါတယ်။

သားခက် သမီးခက် ခွေးခက်မျိုးပေါ် မခံရတဲ့လူ တစ် ယောက်မှ မရှိပါဘူး။ ဒီလောကစက်ကို ခံနိုင်အောင် ဘယ်သူက

စောင့်ရှောက်ပေးသလဲ ဆိုတော့ စိတ်က စောင့်ရှောက်ပေးပါတယ်။ အသိဉာဏ်နဲ့ ယှဉ်တဲ့ နောက်နောက်သောစိတ်က ရှေ့က ရုပ်ကို လောကဓံနဲ့ ယိုင်နဲ့မသွားရအောင် စောင့်ရှောက်ပေးလိုက်တော ပစ္ဆာဇာတပစ္စည်းရဲ့ သတ္တိပါပဲ။

## ရှုစိတ်ကအရင် သိတာကနောက်

ဝိပဿနာရှုမှာ ရှုတဲ့စိတ်က အမြဲတည်တံ့နေတာ မဟုတ်ပါဘူး။ စိတ်အဓော်မှာ ရှိုင်တယ်ပြောတယ်လို့ တသမတ်တည်း ယူလိုက်ရင် သဿတဒိဋ္ဌိ ဖြစ်ပါတယ်။ စိတ်ဟာ တစ်စိတ်ပြီးတော့ တစ်စိတ် ဖြစ်နေတာပါ။ ရှေ့စိတ်မချုပ်ဘဲနဲ့ နောက်စိတ် အစား ထိုးတဲ့ ထုံးစံ မရှိပါဘူး။

**ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။**

နောက်နောက်သော စိတ်စေတသိက်တို့ ရှေ့ရှေ့သော ရုပ်တွေကို ပစ္ဆာဇာတ ပစ္စည်းသတ္တိနဲ့ ထောက်ပံ့ပြုပေးတယ်တဲ့။ တို့တစ်တွေ အရပ်ရဲ့ ဓာတ်ရှင်သွားသော ရုပ်ရှုံ့နေတာတွေ အားလုံးဟာ နောက်နောက်သော စိတ်ကြောင့်ပဲ။ လောကဓံကို ခံနိုင်တယ် ဆိုတာလည်း နောက်နောက်သော ပေါ်လာတဲ့ ဉာဏ်စိတ်ကြောင့် ပဲ။ ဒီဉာဏ်စိတ်သာ မရှိခဲ့ရင် လောကဓံနဲ့ ရင်ဆိုင်တဲ့နေရာမှာ မကြံ့ခိုင်သင့်တော့ပြီ၊ မလှုပ်သင့်တာတွေ လှုပ်ပြီး ကိုယ်ပဲ မျက် ရည်ကျရမှာပါ။

“ဖြစ်ပျက်-ဝင်”ကို ကြည့်ရင်လည်း ဖြစ်ပျက်က အရှု့ သိတဲ့ဉာဏ်က အရှုဉာဏ်။ အရှုနဲ့ အရှုဉာဏ်မှာ အရှုဉာဏ်က နောက်ဖြစ်တယ်။ နောက်ဉာဏ် အရှုဉာဏ် အားကောင်းလေလေ

အရှုခံအမြင် စိတ်လေလေလေပါပဲ။ ဘဝမွှဈာန်မှာ ရူပါဝစရဈာန်နဲ့ ကြားထိုးဘဝမွှဈာန်၊ နှစ်မျိုးရှိတယ်။ ရူပါဝစရဈာန်၊ ဆိုတာက နှာသီးဖျားမှာ ထိတိရှပ်နေခဲ့ ခန္ဓာဖြစ်ပျက်ကို မြင်ရာတာ။ စိတ်နဲ့ဆို ရင်တော့ ရုပ်စိတ်ရှိုက်စိတ် ဖြစ်ပါတယ်။

ရှုစိတ်ကလေး ရှုနေစိုက်မှာ "ရှုစိတ်လေးပါလား"လို့ သိလိုက်ရင် ရှုစိတ်ကလေးရယ်၊ သိတဲ့ စိတ်ကလေးရယ် နှစ်မျိုး ဖြစ်လာတယ်။ အဲဒီစိတ်နှစ်ခုမှာ ရှုစိတ်က အရင်ပေါ်ပြီး သိတဲ့ စိတ်က နောက်မှပေါ်တယ်။ နောက်မှ ပေါ်တာတောင်မှ တစ်နေ ရာစီ ပေါ်တာပါ။ ရှုစိတ်ကလေးက နှာခေါင်းမှာပေါ်ပြီး သိစိတ် ကလေးကတော့ ဓနေရာမှာ ပေါ်ပါတယ်။ ဒါကြောင့် "ဓနေရာတော့ ဓနေရာမသွားတာတော့"လို့ ဆိုတာပါ။ ရှေးကစိတ်ကို ချုပ်ပြီးမှ နောက်က ဓနေရာမှာ ဖြစ်တဲ့စိတ်ပေါ်ပါတယ်။

**ဧကစိတ္တံ သမသယုတ္တ**–ဆိုတဲ့အတိုင်း ဥာနတစ်ခုမှာ စိတ် တစ်ခုတည်းပဲ ဖြစ်ပါတယ်။ စိတ်ဟာ ဥာနတစ်ခုထဲမှာ နှစ်ခု ပြိုင်ပြီးတော့ ပေါ်နိုင်ထုံးမဲ့ မရှိပါဘူး။ ရှုစိတ်ကလေး ရှုနေရင် ရှုစိတ်လို့ သိတယ်၊ ရှုတာကအရင် သိတာကနောက်၊ ဒါကြောင့် ပစ္စာဘာလို့ ခေါ်ပါတယ်။

## ဝိပဿနာဉာဏ်ရဲ့ ပစ္စက္ခဘာသာရှည်းဖြစ်ပုံ

ရှုစိတ်ကလေးက နှာသီးဖျားမှာပေါ်တယ်။ သိတာက ဓနေရာမှာ ပေါ်တယ်။ ရှေ့စိတ်ကို နောက်စိတ်နဲ့ သိတာဟာ သဘော ဖြစ်ပါတယ်။

**သမ္မသနဉာဏ်ပေါ် စိတ္တသို့ ဝိတရက်။**

**စိတ္တချို**–ရှုစိတ်ကလေးပေါ်ပြီး သမ္မသနဉာဏ်ပေါ် ဖြစ်ခြင်းသဘောကို အဆင့်ဆင့်ရှုလေ့ရှိသည်ဖြစ်၍ ဝိတရက် – ဖေနော်။

ရှုစိတ်ကို ရှုစိတ်လို့ သိတာက အဖြစ်ကိုသိတာ။ အဖြစ်ကိုသိတာက သမထ။ ရှုလို့လည်း ပြီးသွားရော မရှိတော့ဘူး။ မရှိတော့တာကို သိတာက အပျက်ကို သိတာ၊ အပျက်ကိုသိရင် ဝိပဿနာ ဖြစ်တယ်။ ဝေဒနာ နုပဿီ ဝိဟရတိ။

မရှိတာရယ်၊ ရှိမှန်း သိတာရယ်မှာ ရှိတာက ရှေ့၊ သိတာက နောက်။ ရှုစိတ်လို့ သိလိုက်တော့ သမုဒယ ဒိဋ္ဌိ ဝင်တယ်၊ မရှိတော့ပါလားလို့ သိလိုက်တော့ သဿတဒိဋ္ဌိ ဝင်တယ်။ ပျက်ပြီးတော့ ပြီးသွားတဲ့ အစားထိုးတာ ဆက်လာတယ်။ အစားထိုးတာနဲ့ ပျက်တာမှာ ပျက်တာကအရင်၊ အစားထိုးတာက နောက်။ အစားထိုးမှန်း သိလိုက်တော့ ပြတ်တယ်ဆိုတဲ့ အယူ မထားနိုင်တော့ဘူး။ အဲဒီတော့ ဥစ္ဆေဒဒိဋ္ဌိ ဝင်တယ်။

ပျက်တာကို ပျက်မှန်းသိတာလည်း အမှန်သိပဲ။ အစားထိုးတာကို အစားထိုးမှန်း သိတာလည်း အမှန်သိပဲ။ အမှန်သိတာက နောက်စိတ်ပါ။ နောက်နောက်စိတ်တွေက ရှေ့က စိတ်တွေသိတ် တွေကိုလည်း အမှန်အတိုင်း သိခွင့်ပြုတယ်။ နောက်နောက်သော စိတ်လေသာတွေလည်း ပယ်သတ်ပါတယ်။ ဖင်လို့ ဖေါ်ရခြင်း အကြောင်းကတော့

**ကိလေသေ ဓာတုရွေ့ တိဋ္ဌာနံ ဂစ္ဆတိတိမဂ္ဂေါ။**

**ကိလေသေ** – ဒိဋ္ဌိစသော ကိလေသာတို့ကို။ **ဓာတုရွေ့** – ပယ်သတ်လျက်။ **နိဗ္ဗာနံ** – နိဗ္ဗာန်သို့။ **ဂစ္ဆတိ** – ပို့ဆောင်ပေးတတ်၏။ **ဣတိအလျှ** – ထိုအကြောင်း။ **မဂ္ဂေါ** – မဂ်မည်၏။ ဆိုတဲ့ အတိုင်း နောက်နောက်သော ဉာဏ်စိတ်၊ မဂ်စိတ်က ကိလေသာကို ပယ်သတ်တယ်၊ နိဗ္ဗာန်လည်း ပို့ဆောင်တယ်တဲ့။ အဲဒီတော့ မဂ်စိတ်ဆိုတဲ့ ဉာဏ်စိတ်ဟာ နောက်စိတ်အနေနဲ့ ရှေ့ကကိလေသာ ပယ်သတ်ခြင်း၊ နိဗ္ဗာန်ကို ပို့ဆောင်ခြင်းတွေကို ဆောင်ရွက်ပေးခြင်းဟာ ဓမ္မာနုပဿနာရဲ့ သဘောပဲ ဖြစ်ပါတယ်။

အကြောင်းတွေက ကုသိုလ်လည်း ရှိမယ်၊ အကုသိုလ်လည်း ရှိမယ်။ ကုသိုလ်ကို အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ်လုပ်ရင် ကုသိုလ် အာသေဝန၊ အကုသိုလ်ကို အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ်လုပ်တော့ အကုသိုလ်အာသေဝနပေါ့။

ဘုရားရဟန္တာ သူတော်ကောင်းကြီးတွေကတော့ အကုသိုလ် မလုပ်ပေမယ့် ကုသိုလ်လုပ်သေးတယ်။ ဒါပေမဲ့ ကုသိုလ် အာသေဝနလို့ မခေါ်ဘူး။ ပြုတာမျှရှိ ကြိယာဇောနကို ခေါ်တယ်။ ကြိယာဇောနဆိုတာ နောက်ထပ်အကျိုး မပေးတော့ ဘူးလို့ ပြောတာ ဖြစ်ပါတယ်။ ယောဂီတို့ လုပ်မှတဲ့ ကုသိုလ် ကတော့ အကျိုးပေးဦးမယ်။ ဘာဖြစ်လို့လဲဆိုတော့ အဝိဇ္ဇာတဏှာ ကို အကြွင်းမဲ့ မပယ်သတ်နိုင်သေးလို့။ အနာဂါမ်ဖြစ်ရင်တောင်မှ အကုသိုလ် မဖြစ်တော့ပေမယ့် ကုသိုလ်က အကျိုးပေးတော့ သုဒ္ဓါဝါသဘုံမှာ ဖြစ်ရဦးမှာပဲ။

ဘုရား ရဟန္တာပုဂ္ဂိုလ်များကျတော့ ကုသိုလ်ကလည်း လိုက်ပြီးတော့ အကျိုးမပေးနိုင်ဘူး။ အကုသိုလ်ကလည်း လိုက်ပြီး တော့ အကျိုးမပေးနိုင်တော့ဘူး။ ကုသိုလ် အကုသိုလ်ရဲ့အကျိုးကို အရဟတ္တမဂ်ဉာဏ်နဲ့ အပြီးတိုင် ဖြတ်တောက်လိုက်ပြီ၊ ဒါကြောင့် ဘုရား ရဟန္တာများလုပ်တဲ့ ကုသိုလ်ကောင်းမှု လုပ်ငန်းတွေကျရင် 'ကြိယာဇောနတွေ'လို့ ခေါ်ရပါတယ်။

**ပုရိမာ ပုရိမာ ကြိယာဇောနာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဇောနာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။**

ဘုရားရှင်ကိုယ်တော်မြတ်ကြီး၊ တရားဟောတော်မူတိုင်း တရားဟောတော်မူတိုင်း ကြိယာဇောန၊ ဒါနလုပ်ရင်လည်း

ကြီးသာရှာကြတာ၊ မေတ္တာပေးဝေတိုင်းလည်း ကြီးသာရှာကြတာ ဖြစ်ပါတယ်။ ရုပ္ပဒုဂ္ဂိုလ်ကြီးတွေမှာလည်း ဒီအကြောင်းပဲ ကြီးသာရှာကြတာပဲ ဖြစ်ကြတယ်။ ကိုယ်တစ်တွေ ကုသိုလ်လုပ်ရင်တော့ ဘာဖြစ်တာလဲနော်။

## အာသေဝနဆိုတာ အနံ့စွဲတဲ့ဖက်ပမာ

အာသေဝနပစ္စည်းကို အဋ္ဌကထာဆရာကြီးတွေက 'ဖက်'နဲ့ ဥပမာပေးကြပါတယ်။ ဖက်ထဲကို စမ္ပကာနံ့သာပန်းတွေ ထည့်ပြီး ထုပ်ထားမယ်။ တစ်ညလုံးထားပြီးတော့ မနက်ကျရင် ပန်းတို့ ဘုရားမှာ တင်မယ်။ ဦးခေါင်းမှာပန်မယ်။ ဖက်ထဲမှာ ပန်းမရှိတော့ပေမယ့် အဲဒီဖက်ကလေးကို နမ်းရှိုက်ကြည့်လိုက်ရင် ပန်းရနံ့တွေ စွဲနေတယ်။ အကယ်လို့ ငါးဝယ်ပြီး ထုပ်ထားမယ်ဆိုရင် ဖက်မှာ ငါးနံ့တွေ စွဲနေမှာပေါ့။

လူတွေရဲ့ ဘဝမှာလည်း အဲဒီလိုပါပဲ။ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ထားမယ်ဆိုရင် ပန်းထုပ်ထားတဲ့ ဖက်ကလေးလို မွှေးနေမယ်။ အကုသိုလ်တွေ ပြုလုပ်ထားရင်တော့ ငါးထုပ်ကို ထုပ်ထားခဲ့သလို နံစော်နေတော့မှာပဲ။

ကိုယ်တစ်တွေဟာ နေ့စဉ်နေ့တိုင်း ဈေးဝယ်ဖို့ သားရေး သမီးရေး၊ စီးပွားရေးတွေ အလုပ်ပေါင်း အဆက်အကြားတွေနဲ့ အချိန်ကုန်နေကြတဲ့ ကြားထဲကနေ အခွင့်ကြုံတဲ့ ဝိပဿနာကို ခဏအချိန်နဲ့တူ ဘာဝနာကြံပြီးတော့ မှန်မှန်လေး အားထုတ်မယ်ဆိုရင် နေ့စဉ်အခါကြုံတဲ့ ကုသိုလ်က ကုသိုလ်အာသေဝန ဖြစ်သွားပါတယ်။ နိဗ္ဗာနကိုသာ အဆင်ကြီး တည်ထောင်ထားပြီး ငါးဆယ်ထက်ပါရှိရင်တော့ ငါးဆယ်၊ တစ်ရာထက်ရှိရင်တော့ တစ်ရာ စုဆောင်းကြတယ်၊ ငါဘုရားအဖ ကျောင်းအမဖြစ်ရမယ်" ဆိုပြီး

စုလာလိုက်ကြတာ။ ပုဂ္ဂလိက်သွားနှံမောင် စွန့်စွားနှံသက်သက် ရည်မှန်းပြီးတော့ သာသနာ့တော်ကြီးအတွက် လုပ်နေကြတာကို ကုသိုလ်အာသေဝနတွေ နေ့စဉ်ရှေ့တိုင်း ရနေကြတယ်။

အကုသိုလ်ကို နေ့တိုင်း လုပ်နေရင်လည်း အကုသိုလ် အာသေဝနဖြစ်မှာပဲ။ နေ့စဉ်နဲ့အမျှ နွားသတ်နေတဲ့ လူတစ်ယောက် ဟာ ထမင်းစားရင် အမဲသား မပါဘဲ မစားနိုင်ဘူးတဲ့။ တစ်နေ့ တော့ ဈေးဝယ်သွားတော့။ အဲဒီအချိန်မှာ နွားသတ်သမားရဲ့ သူငယ်ချင်းက ရောက်လာပြီး အမဲသားကျွန်တော့ဆီကို မေးတယ်။ "တော့သူငယ်ချင်းအတွက် ဖျန်တားတာပေးပါ ကျွန် တယ်"လို့ ပြောတော့ "ပေးလိုက်ပါ့မယ် ပြောလိုက်"ဆိုပြီး ယူသွား တယ်။ ဒါနဲ့ ထမင်းစားမယ်လုပ်တော့ အမဲသားက မပါတော့ဘူး။ နေ့စဉ်နဲ့အမျှ အမဲသားစားလာခဲ့တဲ့ အကုသိုလ် အာသေဝနက အထုံပါနေတော့ မစားရ မနေနိုင်ဖြစ်ပြီး နွားက မိုးလိုက်လို့ အရှင်လတ်လတ်နွားတစ်ကောင်ရဲ့ ပါးစပ်ကိုဖြဲပြီး လျှာကို ဖြတ်ယူ လိုက်သတဲ့။ အဲဒါ အလေ့အကျင့်ရနေကြောင်းပြပြီးတော့ အကုသိုလ် ဖြစ်ရတယ်၊ နေ့တိုင်းစားနေကျမို့ မစားရမနေနိုင် အာသေဝန ဖြစ်နေတယ်။ အကုသိုလ် အာသေဝနပေါ့။

နေ့စဉ် စားနေကျဆိုတော့ မစားရမနေနိုင်ဖြစ်ပြီး နွားလျှာကို ဖြတ်ပြီးတော့ မီးကင်စားမယ်ဆိုတဲ့ ထမင်းနဲ့စားဖို့ နွားလျှာလင်းကို သူ့လျှာပေါ်လည်း တင်လိုက်တော့ နွားသတ်သမားရဲ့ လျှာ ဟာ လည်း အမြစ်လိုက် 'ဟက်ခနဲ ထမင်းပန်းကန်ထဲကို ပြုတ်ကျ သွားသတဲ့။ အကုသိုလ် အာသေဝနက အကျိုးပေးရင် နောက်ဘဝ ထိအောင်တောင် မစောင့်ကူးနော်၊ မျက်မြင်တွေ့ ကောင်းလှ ပါတယ်။

## ၆၆ အကုသိုလ်ကြောင့် သူတော်စင်း မနက်ဖြန်ရောနေ့

ယောဂီတို့တစ်တွေဟာ လူ့ဘောင်လောကထဲမှာ နေရတော့ ဆိုတော့ စားဝတ်နေအတွက် စီးပွားဟာတော့ မဖြစ်မနေ ရှာရမှာပဲ။ စီးပွားရှာတာ အပြစ်မဟုတ်ပါဘူး။ ဒါပေမဲ့ ပေါ်လာတဲ့ လောဘ ဒေါသ မောဟတွေကို ထိန်းထိန်းသိမ်းသိမ်းဖြစ်အောင်တော့ လုပ်ပါ။ စကားများလို့ ဒေါသဖြစ်တာတွေ သိမ်းမှုလာရင် အာသယာနု ဖြစ်သွားတတ်တယ်။

စီးပွားရှာတဲ့ နေရာမှာ တိုက်ဆိုင်တာနဲ့ ကျေနပ်ဖို့ အရေး ကြီးပါတယ်။ မတင်းတိမ် မရောင့်ရဲနိုင်ဘူးဆိုရင် ဘာနဲ့မှ ဆိုက် ဘူးတော်တယ်။ စီးပွားရေးမှာ ဖောင်နေမရှိဘူး၊ စီးပွားရေးမှာ ဆွေမျိုးမရှိဘူး။ စီးပွားရေးမှာ မိဘမရှိဘူးတဲ့။ စီးပွားရေးနဲ့ ပတ်သက်လာရင် အဖဲလုပ်ရလုပ်ရ တယ်သူ့ပဲ ဖော်ကားရ ဖော်ကားရ ဘယ်သူ့ပဲဖြစ်ဖြစ်ရ ဖြစ်မှာရတော့။ စီးပွားရေးမှာ ကျူးလူးတရားတွေ ဘာတွေ လာပြောနေလို့ မရဘူး။ အဲဒီလိုဆိုရင် အကုသိုလ်တွေ အာသယာနုတတ် သွားပြီ။

အကုသိုလ် အာသယာနု ဖြစ်တော့အတွက် ဘာမှ အနှစ် သာရမရှိတဲ့ ရွှေတိုရွှေစကြောင့် အနှစ်သာရရှိတဲ့ ကိုယ်ကျင့်တွေ ပျက်ကွက်ခဲ့ရတယ်။ အနှစ်သာရ မရှိတဲ့ အရွက်ရှုအတွက် အတိုး တန်တဲ့ စီလရွှေစွာကို စွန့်လွှတ်ခဲ့ရတယ်။

အကုသိုလ် အာသယာနု နေ့တိုင်းဖြစ်နေပေမယ့် ဒါ အကုသိုလ် ပါလားလို့ မသိဘူး။ မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာ က သင်္ခါရ၊ အဝိဇ္ဇာတွယာ သင်္ခါရ၊ အကြောင်းတရား ဖြစ်တာ တယ်။ အကြောင်းတရားတာလည်း တစ်ကြိမ်တစ်ခါလုပ်တာ မဟုတ်ဘူး။ နေ့စဉ်နေ့တိုင်းလုပ်တော။ နေ့စဉ်နေ့တိုင်းဆိုတော့ အာသယာနု ဖြစ်ရော။

ဒါကြောင့် အကုသိုလ်ဆိုတာ ဖြစ်ဖန်များရင် အကျင့်ပါပြီး အကုသိုလ် အာသေဝနပစ္စည်း တပ်ပြီးတော့ အပြစ်ကြီးတတ်ပါတယ်။ အခုလို ပဌာန်းတရားတော်ကြီးကို ကြားကြရပြီး ကာယကံ ဝစီကံ မနောကံတွေကို သတိမွေ့တတ်ရင်နဲ့ မပြောပါနဲ့၊ မကြံပါနဲ့၊ မပြုပါနဲ့တော့။ ဒါ့ရဲ့ ကာယကံ ဝစီကံ၊ မနောကံကြောင့် သူ တစ်ဖက်သား နစ်နာပါစေနဲ့လို့ စိတ်ကောင်းမွေးပြီး ပြုပြင်သွား ကြရပါမယ်။

## စေတနာသုဒ္ဓရဲ့ ကုသိုလ်အာသေဝန

လူ့ဘဝမှာနေရတာ ခဏလေးပဲ့ ကုသိုလ်ကောင်းမှုကို အားစိုက်ပြီး လုပ်နေရမယ်။ အသက်လွန်တာပဲ ကိုယ့်အပေါ် မကောင်း သည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ။ ကိုယ့်ဘက်ကတော့ အကောင်း ဆုံးဖြစ်နေရမယ်။ အသက်တွေကြီးလာလေ နေရဖို့ အချိန်ကလျော့ လာလေ၊ သေဖို့ နီးလာလေပဲ။ ကျန်နေတဲ့ အချိန် ကလေးကို အသန့်ရှင်းဆုံးဖြစ်အောင်နေမယ်လို့ ဆုံးဖြတ်ပြီး စိတ်ကောင်း မွေးကြပါ။ သံဝေဂဉာဏ် ဖြစ်သွားအောင် ဆင်ခြင်ကြပါ။

ဓမ္မတို့မှာ "**ပုဗ္ဗေကတ ဥပနိဿယ ပစ္စယေန ပစ္စယော**" ဆိုတဲ့အတိုင်း ဘုရားဟောသော အမြင့်မြတ်ဆုံး ပဋ္ဌာန်းတော်ကြီးကို မှီရာရခဲ့ကြလို့ အခုလို အသိဉာဏ်မျိုး ရနေကြ ပါတယ်။ ဘုရားဟော ဓမ္မကထာလည်း မကြားရမှုလှမ်းမှတ်မနာ ရရင် ဒီအသိဉာဏ်မျိုး မရနိုင်ပါဘူး။

တစ်ယောက်နဲ့တစ်ယောက် ကုသိုလ်ချင်းက မတူညီ ကြဘူးလေ။ ဓမ္မတာ ဟိုရှေး ကုသိုလ်ကံအားကြီးတော့ ဒီဘဝ တည်း နတ်တွေ ဖန်ဆင်းထားတဲ့အတိုင်း ရတနာတွေနဲ့ စီခြယ် ထားတော့ မဟာဓါတ်တိုင်းက နေမြင့်ရှိတယ်။ သူထားတဲ့ အမျိုး

သတိုးတာလည်း ချမ်းကြွယ်ကျွန်းသူ ခံတုလောကကြီး ထမင်းချက်တော တောင်မှ သူက မီးသင်းအရှူနဲ့ မချက်နိုင်ဘူး။ မြစ်ကျောက် အနေအားနဲ့ ချက်တယ်။ အဲဒီလောက် နူးညံ့တဲ့ အမျိုးသမီးနှင်း။

ဇောတိက သူဌေးရဲ့ ဗိမာန်အိမ်တော်ကြီး နာမည်ကြီးကျော်ကြား လို့ ဗိမ္ဗိသာရမင်းကြီးက လာလည်မယ်ဆိုတော့ ဇောတိကက သူ့ အမျိုးသမီးကို "ရှင်မရေ ငါတို့ အိမ်ကို ရှင်ဘုရင်လာလိမ့်မယ်။ ဘုရင်ဆိုတော့ ထမင်းကျွေးရအောင်၊ ရှင်မက ဘုရင်ထမင်းစားနေတုန်း မှာ ယပ်တောင်ခတ်ပေးစမ်းပါ" လို့ ပြောတယ်။ အဲဒီတော့ သတုလ ကာယီက "ကုသိုလ်များ ခေါ်နဲ့ရှင်လိုက်ပါတော့။ သူ့မှာ ထမင်းစား တာကို အနားကနေ ယပ်ခတ်ပေးရမယ်တဲ့" လို့ ညည်းသတဲ့။

ဗိမ္ဗိသာရမင်းကြီး ကြွလာလို့ ထမင်းဟင်းပွဲတော်တွေနဲ့ တည်ခင်းကျွေးမွေးတော့ ဖောဖောက နိုင်သားကဲ့အတိုင်း သတုလ ကာယီ သူဌေးကတော်ချော ယပ်ခတ်ပေးရှာတယ်ပေါ့။ အဲဒါ ယပ်ခတ်ပေးနေရင်းက ဘုရင်ဆီက ကိုယ်ရှိန်တွေ ရိုက်ခတ်လို့ သတုလကာယီမှာ မျက်ရည်ပေါက်ပေါက်ကျရှာသတဲ့။ အဲဒီလောက် နုတာနော်။

သတုလကာယီရဲ့ မျက်ရည်ကျတာကို ကြည့်ပြီး ဗိမ္ဗိသာရမင်း ကြီးက "ဇောတိကရေ... မင်းမိန်းမတော့ မျက်ရည်တွေ ကျနေ တယ်။ ငါ အနားကို ထမင်းလာစားတာ မကျေနပ်လို့များလား" မေးတော့ ဇောတိကသူဌေးက "မဟုတ်ရပါဘူး အရှင်မင်းကြီး သူက ချမ်းကြွယ်ကျွန်းသူဆိုတော့ အပင်ပန်းနည်းပါတယ်။ အရှင် မင်းကြီးရဲ့ နွေးထွေးပါကြွယ်ရွှဲ ကိုယ်ရှိန်တွေကြောင့် သူ့မျက်လုံး တွေ နာလို့ မျက်ရည်ကျတာပါ" လို့ လျှောက်သတဲ့။ အဲဒီတော့ ဗိမ္ဗိသာရ မင်းကြီးက အားကောင်းနှုတ်ဆက်ဆိုတော့ "အဲဒီလောက်

ဘုန်းတော် ကြီးရှာသလားကွာ။ သာဓုသာဓု” လို့ မုဒိတာပွားလိုက် သတဲ့။

ဗိမ္ဗိသာရ မင်းက အဲဒီလို သူတော်ကောင်းဖို့လို့ မုဒိတာ ပွားတာ၊ အကျပါလာတဲ့ သားဖြစ်သူ အဇာတသတ်ကတော့ အဖေလို မုဒိတာ မပွားနိုင်ဘူး။ “ငါ ဘုရင်ဖြစ်ရင် ဇောတိကရဲ့ စည်းစိမ်တွေ အကုန်ကိုလိုက်ယူမှာပဲ” လို့ တွေးနေသတဲ့။ တကယ် ဘုရင်ဖြစ်လာတော့လည်း အဇာတသတ်ဟာ တိုက်ယူဖို့ ကြံတော ပါပဲ။ ဒါပေမဲ့ တံတိုင်းခုနစ်ထပ် ကြားက ဇောတိကရဲ့ စစ်သည် တွေကို မြင်တာနဲ့ နောက်ဆုတ်လာခဲ့ရတာ။ အမှန်ကတော့ ဇောတိကမှာ ဘာအစောင့် ဘာစစ်သည်မှ ရှိတာ မဟုတ်ဘူး။ ဘုန်းကံ ကုသိုလ်ကြီးမားလွန်းလို့ အစောင့်အရှောက်တွေ ရှိသလို ထင်ရတယ်။ ဘုန်းကုသိုလ်ဘုန်းကံကြောင့် ဖြစ်လာတဲ့ စည်းစိမ် ဥစ္စာကို ဘယ်သူမှ လုယူလို့ မရဘူးတဲ့။

ဇောတိက အိမ်ကို တိုက်လို့မရတော့ အဇာတသတ်ဟာ ဘုရားကျောင်းတော်ကို ဆက်သွားတယ်။ ကျောင်းတော်မှာ ဇောတိက သူဌေး တရားနာနေတာကို တွေ့တော့ စိုးပြည်သွားတော ပေါ့။ အဲဒါနဲ့ ဇောတိကသူဌေးကို မေးမြန်း “အရှင်မင်းကြီး ကျွန်ုပ်ရဲ့ စည်းစိမ်တွေကိုရဖို့ မပြောနဲ့၊ ယောဒိလက်မှာ ပတ်ထား တဲ့ လက်စွပ်တစ်ကွင်းကိုရအောင် အရင်ချွတ်ကြည့်ပါဦး” လို့ ပြောတယ်။ အဇာတသတ် ချွေးကျနေအောင် ချွတ်ပေမယ့် မရပါဘူး။ ဇောတိကသူဌေးရဲ့ ကုသိုလ် အာနိသင်နဲ့ကာ သာမန် မဟုတ်ဘူးနော်။

နောက်တော့ ဇောတိကသူဌေးက “အရှင်မင်းကြီး ခါးသတ် ပုဆိုးခံပါ” လို့ ပြောပြီး လက်ကို အလယ်လေးချိန်းဆိုက်တာ

တော်ရွှင် ၁၀ ကျင်းလုံး ချွေခနဲကျလာတယ်။ မောင်ကာလေညှိုး ငြိမ်းဖိမ့်ရှုစွာနဲ့ ရှိန်သွမ်းပေါ်ပေါ်နဲ့ ဆက်ဆံပုံကို တော်တွေ့သိမြင် ပြီးတော့ သံဃာတော့အံ့ရပြီး ရဟန်းပြုသွားပါတယ်။ မောင်ကာ ရဟန်းပြုပြီးဆိုတာနဲ့ အတုလတာရိတည်း မဂ်ဖိုလ်ကျွန်းကို ပြန် သွားတယ်။ သူ့ဘုန်းတံခါးကြောင့် ဖြစ်ပေါ်လာတဲ့ မီးတုန်းဒဏ်ကြီး တာတည်း အလိုလို ပျောက်ကွယ်သွားပါတော့တဲ့။

## ကုသိုလ်အာသေဝနပစ္စည်း ကြီးသည်ထက် ကြီးပါစေ

ကုသိုလ်အာသေဝန ကြီးမားခဲ့တဲ့ မောင်ကာလရှေး၏ အဘ အကျိုးပေး ဘယ်လောက်ကြီးကျယ်လိုက်ပါသလဲ။ လောကထဲမှာ ကြီးပွားအောင် ချမ်းသာအောင်ဆိုပြီး စီးပွားရေးတွေလုပ်နေလိုက် ကြတာ။ အောင်မြင်မို့ ကြီးတာရှိသေး ပျက်စီးရတာနဲ့၊ သားတာ နိုင်ငံကော်၊ ဆမီးတာနိုင်ငံကော်၊ မီးကနိုင်ငံကော်၊ ရေတာနိုင်ငံကော်နဲ့နော်။ အခါ ဘာတွေဟာလဲဆိုရင် ကုသိုလ်ထဲမှာ အကုသိုလ်တွေ ရောနဲ့ ကြလို့ပေါ့။

အဲဒီတော့ အာသေဝနပစ္စည်းသည် ကုသိုလ်က ကုသိုလ် အလေ့အကျင့် အကုသိုလ်က အကုသိုလ်အလေ့အကျင့်၊ ကြီးလေ ရှာလေ လေလေညီး ကြီးသာရှာတာတာအလေ့အကျင့် အကျိုးပေးပါတယ်။ မောင်ကာတို့တော့ နေ့စဉ်နဲ့အမျှ ပြုလုပ်နေတဲ့ ကုသိုလ် ကံတွေကလည်း တကယ်တဲ့အကျိုးတွေကိုပဲ ပေးသွားပါလိမ့်မယ်။ အာသေဝန ကုသိုလ်တွေ အကြိမ်ကြိမ် အထပ်ထပ်များလေလို ဖြစ်ရှုက်ပက်တိုက်ဆေးပြီဆိုရင် ငံသသနာဝေမှုသည် လောကာဝန် သဘောပါပါ အနာဂါမ် ရဟန္တာတွေ ဖြစ်သည့်တိုင် အကျိုးများတွေ ပေးသွားပါလိမ့်မယ်။


နေ့စဉ် အဆမတန် အားထုတ်နေတဲ့ ကုသိုလ်အာသေဝန တွေ များလာတဲ့အခါ ဖြစ်ပျက်တာ ရှုတွေ့သွား၊ သိတဲ့ဉာဏ်က ရင့်သွား၊ ဝေဝံ့သွားတဲ့ တဏှာ မာန ဒိဋ္ဌိတွေက သမုဒယသွား၊ သမုဒယတို့ရဲ့ ချုပ်ရာ ငြိမ်းရာက နိရောဓတေ့သွားလို့ သစ္စာလေး ချက် တစ်ပြိုင်နက် ထိုးခွင့် ရှိလာပါတယ်။


သစ္စာလေးချက်ဆိုက်ဖို့ ဘာဝနာနဲ့တည်ဆောက်ထားမပါဆိုရင် မသိဘဲလုပ်ခဲ့တဲ့ အကုသိုလ်တွေ လိုက်ပြီးတော့ အကျိုးပေးခွင့် မရတော့ပါဘူး။ ကုသိုလ် အာသေဝနကလည်း ဆုတောင်းနဲ့တော့ မရဘူးနော်။ နေ့တိုင်း အကြိမ်ကြိမ် အဖန်ဖန်ပွားများနေရ ရပါတယ်။ နေ့စဉ်နေ့တိုင်း ခန္ဓာဉာဏ်ရောက် ပွားများနေတာဟာ ကုသိုလ်အာသေဝနပစ္စည်း တပ်နေတာပါပဲ။ အဲဒီ ကုသိုလ် အာသေဝနပစ္စည်းက အားကြီးလာတဲ့အခါမှာ နိဗ္ဗာန်ချမ်းသာ အထိ အကျိုးပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကုသိုလ် အာသေဝနပစ္စည်းကို ကြီးမားသည်ထက်ကြီးမား၊ အားကောင်း သည်ထက် အားကောင်းလာအောင် အာသေဝနဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းရပါတယ်။

# ကမ္မပစ္စည်း

# နှင့်

# ဝိပါကပစ္စည်း






(၁၃) [illegible]

# ၁၄။ ကမ္မပစ္စည်းနှင့် ၁၅။ ဝိပါကပစ္စည်း

## ကမ္မပစ္စည်းနှင့် ဝိပါကပစ္စည်း ပစ္စယုဒ္ဒေသပါဠိတော်

ကမ္မပစ္စည်းနဲ့ ဝိပါကပစ္စည်းရဲ့ ပစ္စယုဒ္ဒေသပါဠိတော်များကို ရွတ်ပွားလျက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် ဗုဒ္ဓရည်မှန်း မြတ်ပဋ္ဌာန်းတရားတော်များကို ရှိခိုးပူဇော်ကြရအောင်ပါ။

ကမ္မပစ္စယောတိ–

ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ဝိပါကပစ္စယောတိ။

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

## သစ္စာသိစေချင်လို့ ဟောတော်မူခဲ့တာ

ယောင်းစပေါင်း ဘုံဘဝကောင်းတို့ သံသရာမှာ ကျင်လည်ကြတဲ့အခါမှာ ဝဋ်ဆင်းရဲနဲ့ ကျင်လည်ကြရတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ ဘုရားကိုယ်တော်မြတ်ကြီး ဒေသနာ အလယ်မှာ ပွင့်ပေါ်လာချိန်မှာ

ရုဇ္ဇါ ဟောဓမေယျ၊ မုစ္စော နေဓဓေယျ၊
ကိဉ္စော ကတေရယျ။

ဆိုတဲ့အတိုင်း ဖြတ်ရှုသည့် ကိုယ်တော်တိုင် သစ္စာလေးပါးအဆောင် ကြီးတွေးတော်မူသလို သစ္စာပါ အနန္တ ကိုလည်း သစ္စာသိစေချင် တော်မူပါတယ်။ ဒါကြောင့် ဘုရားဖြစ်တော်မူပြီးတဲ့ အချိန်က စပြီး ပရိနိဗ္ဗာန် စံတော်မူတဲ့အချိန်အထိ ၄၅ ဝါ ကာလပတ်လုံး နေ့မအား ညမနား ဟောကြားတော်မူခဲ့တာပါ။ ဘုရားဖြတ်စွာ ဟောကြားတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ သုတ် ဝိနည်း အဘိဓမ္မာ နိကာယ်ငါးရပ် ပိဋကသုံးပုံ အလုံးစုံသော တရားတော်တွေကို အကျဉ်းချုပ်လိုက်ရင် ဗောဓိပက္ခိယ ၃၇ ပါး ရပါတယ်။

ဗောဓိပက္ခိယမှာ ဗောဓိဆိုတာက "ဗောဓိ = ဗောဓဉာဏ" သစ္စာသိတဲ့ဉာဏ်။ ပက္ခိယက ထောက်ပံ့တတ်တဲ့တရား။ ပြန်ဆိုရင် သစ္စာသိရန် ထောက်ပံ့တတ်သော တရား။

ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟာ သစ္စာသိဖို့ရာ ဟောခဲ့တဲ့ တရားတွေပါ။ အဲဒါကို အကျဉ်းချုပ်လိုက်တော့ ဗောဓိ ပက္ခိယတရား ၃၇ ပါးရတယ်။ ထပ်ပြီး အနှစ်ချုပ်လိုက် မယ်ဆိုရင် မဂ္ဂင်ရှစ်ပါး ရပါတယ်။

ပိဋကသုံးပုံမှာ ဝိနယ ပိဋကက သီလ၊ သုတ္တန္တ ပိဋကက သမာဓိ၊ အဘိဓမ္မာ ပိဋကက ပညာ။ အဲဒါကို သီလ သိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ သိက္ခာသုံးရပ် အကျဉ်းဖြတ်လို့ ပေါ်တာပါ။ မဂ္ဂင်ရှစ်ပါးဟာလည်း သီလ၊ သမာဓိ၊ ပညာသုံးပါး ကို ပေါင်းထားတာပါပဲ။

မဂ္ဂင်ရှစ်ပါးမှာ မုချဒေသနာအားဖြင့် ပွားဖက်က ငါးပါး၊ ဖိုက်ဖက်က ရှစ်ပါး ဖြစ်ပါတယ်။ မဂ္ဂင်ရှစ်ပါး ပွားဖက် ဖိုက်ဖက်တွေ

နဂို ရှုမှတ်မှု မြစ်ရေကြီးကို မြင်ပါတယ်။ မြစ်ရေကြီး ဘယ်မှာ ရှိတာလဲဆိုတော့ ခန္ဓာမှာ ရှိပါတယ်။ ခန္ဓာမြစ်ရေကြီးက ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့ တဏှာဒိဋ္ဌိ ဥပါဒါန်တွေက သမုဒယသစ္စာ၊ တဏှာဒိဋ္ဌိတွေ ချုပ်ရာက နိရောဓသစ္စာ ဆိုပြီး တော့ သစ္စာလေးပါး ရှိပါတယ်။ ဘုရားမြတ်စွာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဟောတော်မူခဲ့တာဟာ သစ္စာသိစေချင်လို့ ဟောခဲ့တာ ဖြစ်ပါတယ်။

## ဘယ်လိုပဲကျင့်ကျင့် သစ္စာသိဖို့ အဓိက

ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာထောင်တွေ ဘုရားဟောကြားတော်မူခြင်းရဲ့ ရည်ရွယ်ချက်က သစ္စာသိစေချင်တာ ဖြစ်တဲ့အတွက် တရားတော်များကို လေ့လာမှတ်သား နာကြား အားထုတ်နေကြတဲ့ ယောဂီတို့ အဓိကမှာလည်း သစ္စာသိမှ လိုရင်းကို ရောက်ပါမယ်။

ရှင်တော်မြတ် ဗုဒ္ဓက ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်မှာ ဟောကြားခဲ့တာကတော့–

**ဗဟုမ္ပိစေ သံဟိတံ ဘာသမာနော။**

**န တက္ကရော ဟောတိ နရော ပမတ္တော။**

**ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ။**

**န ဘာဂဝါ သာမညဿ ဟောတိ။**

တရားတွေ ဘယ်လောက်ဟောဟော၊ ဓမ္မစာအုပ်တွေ ဘယ်လောက်လေ့လာလေ့လာ၊ ဗဟုသုတ ဘယ်လောက်များတယ်ဆိုဆို သစ္စာမသိရင် လိုရင်း မရောက်ပါဘူး။ ဥပမာအားဖြင့် ဆိုကြရင် နွားပိုင်ရှင်က နွားကျောင်းသားကို နွားတွေ ရေတွက်အပ်လိုက်ပြီးတော့ နွားကျောင်းခိုင်းတယ်။ နွားကျောင်းသားသည် နွားတွေကို ကျောင်းနေရပေမယ့် နွားနို့ရဲ့ အရသာကိုတော့ သုံးဆောင်ခွင့်

မရောက်ကြဘဲ၊ ပိဋကသုံးပုံ ကုရုတိုင်းသားတော်တွေ အမှုံကြီး ပေဘာ ပြောနေပေမယ့် မေ့လျော့နေပါတယ်ပြီး မကျင့်ကြံဘဲနေတဲ့ သူဟာ မဂ်ဖိုလ်အရသာကို မခံစားရနိုင်ပါဘူး။

ဓမ္မပဒတော် ဂါထာလည်း

**ဗဟုမ္ပိ စေ သဟိတံ ဘာသမာနော၊ န တက္ကရော ဟောတိ နရော ပမတ္တော။**

**ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ၊ န ဘာဂဝါ သာမညဿ ဟောတိ။**

မထားဘဲ ကျင့်ကျင့်၊ ပေပြီးကျင့်ကျင့်၊ တစ်ယောက်တည်း ကျင့်ကျင့်၊ လူကြီးကျင့်ကျင့်။ တောထဲမှာနေနေ၊ မြို့ပေါ်မှာ နေနေ။ အဲဒါတွေက အဓိကမကျပါဘူး။ ဖြစ်ပျက်ကို မရောက် လို့ရှိရင် လိုရင်း မရောက်ပါဘူး။ ဘယ်လိုပဲကျင့်သည်ဖြစ်စေ အဓိကက သစ္စာသိဖို့ဖြစ်ပါတယ်။

## ဝဋ်လည်ကြောင်း ဝဋ်ပြတ်ကြောင်း

သစ္စာသိဖို့က အဓိကဆိုတော့ သစ္စာသိတဲ့နေရာမှာ အသိ သုံးမျိုးရှိပါတယ်။ စာဖတ်ပြီးတော့ သိတာ၊ ဆရာသမားတွေ ပြောပြလို့ သိတာဆိုတဲ့ သုတမယအသိ။ ကိုယ်တိုင်စဉ်းစားကြည့် ပြီးတော့ သိတဲ့ စိန္တာမယအသိ။ ခန္ဓာဉာဏ်ရောက် ကျင့်ပြီးတော့မှ သိတဲ့ ဘာဝနာမယအသိလို့ သုံးမျိုးရှိပါတယ်။ အဲဒီအသိ သုံးမျိုး ထဲက ယောဂီတို့က ဘာဝနာမယအသိ ခန္ဓာဉာဏ်ရောက် ကျင့်ပြီးတော့ သိတဲ့ အသိမျိုးထိအောင် သွားကြရပါမယ်။

ရှေးက ဆရာသမားတွေ ဟောပြခဲ့တဲ့ သွန်သင်ချက်တွေကို နာကြားမှတ်သားထားတဲ့ သုတမယ အသိတာလည်း အားပေးနေ ရမည်၊ ကိုယ်တိုင်စဉ်းစား တွေးခေါ်ကြည့်ပြီး သိတဲ့ စိန္တာမယ အသိတာလည်း အားပေးနေရမည်။ အဲဒီလို ရှေးကနေ အားပေးနေ

ပစ္စည်းတွေ အားကောင်းလာတဲ့အခါ ဘာဝနာမယဉာဏ်ဟာ ဥပနိဿယပစ္စည်း နဲ့ အထောက်အပံ့ ပေးလိုက်တော့ မဂ်ဖိုလ် နိဗ္ဗာန်ရအောင် ကျေးဇူးပြုတာ ဖြစ်ပါတယ်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက အဲဒီ သဘောကို "ချင့်ချိန်ဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ ဖျတ်ရောက်ပြုပါရစေ" လို့ ဆုတောင်းချက်လျှောက်ပွားနဲ့ မိန့်တော်မူလိုက်တာ အတုယူစရာ ကောင်း လှပါတယ်။

ရှင်တော်မြတ်ဗုဒ္ဓ ဓမ္မက္ခန္ဓာတွေ ဟောတော်မူခဲ့တာက သစ္စာ သိဖို့။ ဘုရားပွင့်တော်မူခြင်း ရည်ရွယ်ချက်က သတ္တဝါတွေ ဝဋ်သုံးပါးက လွတ်စေဖို့နော်။ သတ္တဝါတို့ကို ဝဋ်သုံးပါးက လွတ် စေချင်တာ ဘုရားရှင်ရဲ့ ကရုဏာစေတနာဖြစ်ပါတယ်။ ဘုရား ရှင်ရဲ့ ကရုဏာစေတနာတွေနဲ့ ထိုက်တန်အောင် ဝဋ်ပြတ်ကြောင်း ဝဋ်လွတ်ကြောင်း ဝဋ်ငြိမ်းကြောင်း အလုပ်တွေ လုပ်သင့်တာပေါ့။ ဘယ်လိုနေရင် ဝဋ်လည်မယ်၊ ဘယ်လိုကျင့်ရင် ဝဋ်ပြတ်မယ် ဆိုတာကိုလည်း ပိုင်ပိုင်နိုင်နိုင် သိဖို့လိုပါတယ်။

## ဥပါဒါန်ရဲ့သတ္တိ

ဝဋ်တရားက ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်လို့ သုံးမျိုး ရှိတယ်။ အဲဒီမှာ အဝိဇ္ဇာ တဏှာ ဥပါဒါန်က ကိလေသဝဋ်သုံးပါး၊ သင်္ခါရ နဲ့ ကမ္မဘဝက ကမ္မဝဋ်နှစ်ပါး၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ မရဏတွေက ဝိပါက ဝဋ်ရှစ်ပါးဖြစ်ပါတယ်။

လောကီတို့မှာရှိတဲ့ ဝဋ်သုံးပါးကို အကျဉ်းချုပ်လိုက်တော့ ရုပ်နဲ့နာမ်ရတယ်။ ဝဋ်ခွဲမှုပုဒ်အလိုအရ နှစ်အကွက် အကျဉ်း

တရား၊ အကျိုးပေးဖို့လို့ ဝိပါကတဲ့။ ယောဂီတို့ အခု တရားရှာ နေတဲ့ အချိန်ကလေးမှာတောင် ခန္ဓာကိုယ်က အောင့်တယ် ကျဉ်တယ် ကိုက်တယ်ခဲတယ် ပေါ်နေတော့ မဆင်းရဲဘူးလား။ ခန္ဓာမှာ အောင့်တာ နာတာ ယားတာတွေက နှိပ်စက်နေတယ်။ အဲဒါတွေ ဒုက္ခတွေ ပေါ်နေတယ်။

ခန္ဓာထဲမှာပေါ်တဲ့ နှိပ်စက်မှုက ခန္ဓာကို နှိပ်စက်နေတာပဲ။ ကိုယ်ခန္ဓာမှာ ဖြစ်ပေါ်လာတဲ့ ဖောက်ပြန်မှုက ကိုယ့်ခန္ဓာကိုယ် ပြန်နှိပ်စက်ပါတယ်။ နှိပ်စက်တဲ့အတွက် ခန္ဓာကြီးက ဒုက္ခသစ္စာ။ ခန္ဓာထဲမှာ နှိပ်စက်တာ ဖောက်ပြန်တာကို ပထမတော့ သုတမယ ဉာဏ်နဲ့သိတယ်။ ပြီးရင် ဘာဝနာမယဉာဏ်နဲ့ သိရမယ်။

အသိခံရတာက ဒုက္ခသစ္စာ၊ သိလိုက်တာကဉာဏ်၊ သစ္စာကို သိတဲ့ဉာဏ်မို့လို့ သစ္စဉာဏ်လို့ ခေါ်ပါတယ်။ လောကမှာ အသိဉာဏ်ဟာ အရေးကြီးပါတယ်။

အသိဉာဏ် ဘယ်လောက် အရေးကြီးတယ် ဆိုတာကို ဥပါဒ်နဲ့ အတူရှုံ့ ဝင်သက်လို့ ပြောပြမယ်။ သာဓက အမှန်တရား အားဖြင့် အမေ အဖေက ဆေးတော်တဲ့အမျိုး ဖြစ်တော့ သားသမီး လည်း ဆေးရှုမှာပဲ။ အမေ အဖေက နီဂရိုးဆိုရင် မွေးတော့ သားသမီးလည်း နီဂရိုးပဲ ဖြစ်ရမယ်နော်။ ဒါပေမဲ့ ဥပါဒါန်သတ္တိ လေး ပင်လယ်ကူး နီဂရိုးကြီးတစ်ယောက်ဟာ သူ့ကိုယ်သန့်ဆောင် တဲ့နေ့က စလို့ အိမ်နံရံမှာ ဖြူဖြူဖွေးဖွေး လေးရှက်ကလေးပုံကို ချိတ်ထားသတဲ့။ အမျိုးသန့်တော့ မွေးလာတဲ့ ကလေးက လေးရှက်ကလေးလို ဖွေးလို့၊ အဲဒါ ဥပါဒါန်ရဲ့သတ္တိ ဖြစ်ပါတယ်။

ဒေါ်နဲ့ ဖေဖေက ဖြူဖွေးနေပြီး မွေးလာတဲ့ ကလေးက နီဂရိုးရုပ် ဖြစ်နေတာတဲ့အမျိုးလည်း ရှိတာပဲ။ အဲဒါ ဘယ်လိုဖြစ်

တာလဲ သိချင်ရင် သူ့အိမ်ကို သွားကြည့်ပါ။ နိဂရိုးရုံတွေ ချိတ်ထားတာ တွေ့ရလိမ့်မယ်။ အဲဒီ နိဂရိုးရုပ်တွေ ဖွဲ့လမ်းပြီးတော့ နိဂရိုးရုပ်ကလေး မွေးလာတာပေါ့။ တကယ်လို့ မိခင်တွေ သန္ဓေ လွယ်နေတုန်း ကာတွန်းကြည့်ရင် ဆတ်ကော့လတ်ကော့လေးတွေ မွေးလာပါလိမ့်မယ်။ အစေခံးမလို့ရ။ အရေးခံးမလို့ရတဲ့ ကလေးတွေ မွေးလာမှာပါ။

အဲဒီလို မိဆုံးမ ခရေ ဘဆုံးမ ဝရ သားသမီးတွေ ရချင် ရှူးဆိုရင် မိခင်ဟာ သန္ဓေလွယ်ပြီ ဆိုကတည်းက သရဏဂုံ ဆောက်တည်ရမယ်။ သရဏဂုံလုံခြုံ၊ သီလကိုထိန်း၊ ဂုဏ်တော်တွေပွား၊ မေတ္တာထားရမယ်။ သူတော်ကောင်းအလုပ်တွေနဲ့ နေရမယ်။ အဲဒီ သူတော်ကောင်းတရားတွေရဲ့ အာသေဝနပစ္စည်း၊ ဥပနိဿယ ပစ္စည်းတွေရဲ့ သတ္တိကြောင့် မွေးလာတဲ့ ကလေးဟာ သူတော် ကောင်း ရတနာလေး ဖြစ်လာပါလိမ့်မယ်။

## ခန္ဓာကိုကြည့်ပါ

ခန္ဓာဟာ ဒုက္ခသစ္စာဆိုတော့ ကုလားက မွေးရင် ကုလား ကလေး၊ မြန်မာက မွေးတော့ မြန်မာကလေး၊ တရုတ်က မွေးတော့ တရုတ်ကလေး၊ ဒုက္ခသစ္စာက မွေးတော့ ဒုက္ခသစ္စာကလေးပေါ့။ ခန္ဓာကိုယ် ဖိုင်းဖြစ်တဲ့ တရားမှန်သမျှ ဟာလေတော့လည်း ဒုက္ခသစ္စာ၊ ကျူးတာလည်း ဒုက္ခသစ္စာ။ သိလိုက်တာက ညစ်ပေါ် သစ္စာနဲ့ ညစ်ပတ်နဲ့ ပေါင်းတော့ သစ္စာထူးပေါ့။

ယားတာ ကျင့်ကော ဆောင့်တာလေးတွေ ပေါ်လာတာ ဘာလုပ်ဖို့ ပေါ်လာတာလဲဆိုရင် နှိပ်စက်ဖို့တဲ့။ ဘယ်သူ့ကို နှိပ်စက်မှာလဲဆိုတော့ ခန္ဓာကို။ ခန္ဓာဟာ နေ့စဉ်နေ့တိုင်း အနှိပ်စက်ခံနေရပါတယ်။

ပဋိသမ္ဘိဒါပါဠိတော် ဒုက္ခသစ္စာ အနက်လေးချက်မှာ နံပါတ်တစ်က "ဒုက္ခဿ ပီဠနဋ္ဌော။ **ဒုက္ခဿ** - ဒုက္ခသစ္စာ၏၊ **ပီဠနဋ္ဌော** - ဖိနှိပ်ရသည့်ဟာကို ညှဉ်းဆဲတတ် အမြဲနှိပ်စက်ခြင်း သဘောသည်းကောင်း" တဲ့။ ခန္ဓာရှိလို့ ရှာကြံဆိုရင် သူ့ဟာ ကိုယ်ကိုယ် အနှိပ်စက်ခံကြရတာပေါ့။ ခန္ဓာလို့ သိတယ်ဆိုက တည်းက သစ္စာသိဒ္ဓိ ဖြစ်ပါတယ်။ ခန္ဓာဘာလုပ်ခံရတာလဲ ဆိုတော့ နှိပ်စက်ခံရတာ။ အလုပ်က ကိစ္စ၊ သိလိုက်တာက ဉာဏ် ပေါင်းလိုက်တော့ ကိစ္စဉာဏ်တဲ့။

ဘုရားမြတ်စွာရဲ့ သာသနာတွေထဲမှာ ပထမဆုံးသော သာသနာက အရှင်ကောဏ္ဍည ဖြစ်ပါတယ်။ အရှင်ကောဏ္ဍည သောတာပန်တည်တာ ဉာဏ်သုံးဉာဏ်နဲ့ပါ။ အဲဒီထဲမှာ နံပါတ် တစ် သစ္စဉာဏ်ကလည်း ခန္ဓာကိုပဲ မြင်စေပါတယ်။ ဒါကြောင့်

**ဆင်းရဲခန္ဓာ၊ အမြဲနှိပ်စက်၊ ခန္ဓာပျက်မှ နိဗ္ဗာန်။**

ဒီခန္ဓာကို အကြောင်းပြုပြီးတော့ နှိပ်စက်ခြင်း ဖြစ်ပါ တယ်။ ဘယ်သူမှ ခန္ဓာကို လွှဲပြီးတော့ နှိပ်စက်တယ်လို့ မရှိပါဘူး။ ခန္ဓာကို သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်နဲ့ မသိဘဲနဲ့ သောတာပန် မတည်ပါဘူး။

သောတာပန် တည်ချင်ရင် ခန္ဓာအကြောင်း ကောင်းကောင်း သိပါစေ။ မြတ်ပဋ္ဌာန်းဒေသနာကို ဟောတော်မူတာလည်း ခန္ဓာ အကြောင်း ကောင်းကောင်းသိစေဖို့ပါ။ ပဋိစ္စသမုပ္ပါဒ်ဒေသနာ ကလည်း ခန္ဓာအကြောင်း ကောင်းကောင်းသိစေဖို့၊ သစ္စာတရား ကလည်း ခန္ဓာအကြောင်း ကောင်းကောင်းသိစေဖို့ ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင် ပွင့်တော်မူပါးတို့ တရားဟောတော်မူတဲ့ နေရာမှာ ဘာကြည့်ပြီး ဟောတာ မဟုတ်ပါဘူး။ ခန္ဓာကို ကြည့်ပြီး ဟောတာ ပါ။ ယောဂီကိုလည်း ခန္ဓာကို ကြည့်ရမှာပါပဲ။

# ခန္ဓာနှိပ်စက်နေတာ မြင်ပါရဲ့လား

ဝိပရိဏာမဆိုတာ ခန္ဓာရဲ့ မှတ်တမ်းပါပဲ။ ဇီဝိယပိဋကာ၊ တည်လို့မြဲရင် အသက်ရှည်မယ်၊ ရောဂါကင်းမယ်။ သုခဝေဒနာရှိတာ၊ သာယာစိတ်တည်ငြိမ်ရင် နုပျိုမယ်၊ ဖြူဖောက်ကြည်လင်မယ်။ အတိခန္ဓာ ဝိရှာ ပညာရဲ့ရှင် ပွဲသယ်ထင်မယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို အရမြန် နိုင်မယ်။ ပညာရဲ့ရှင်တာက အကြောင်း၊ မဂ်ဖိုလ်နိဗ္ဗာန်က အကျိုး ဖြစ်ပါတယ်။

ယောဂီကို သောတာပန်တည်မြင်တယ်၊ ရဟန္တာပါက လွတ် ချုပ်တယ်ဆိုရင် သန္တညာဏ်၊ ဝိဇ္ဇာညာဏ်၊ ကတညာဏ်ဆုံးပါး တည်ပြုရပါမယ်။ ကျင့်တာ ဖုံတာ ထားတာ အောင့်ကာမွေ့တာ နှိပ်စက်တာ။ ဘယ်သူ နှိပ်စက်တာလဲဆိုတော့ ခန္ဓာနှိပ်စက်တာ။ အနှိပ်စက်ခံနေရတာ ခန္ဓာရဲ့ အလုပ်ပဲ။ အလုပ်က ဝိဇ္ဇာ၊ ညာဏ်နဲ့ ပေါင်းတော့ ဝိဇ္ဇာညာဏ်၊ ထားတာလေးပေါ်တာကို နှိပ်စက်ပြန်ပြီ လို့ ယောဂီတို့က သိရင် ဝိဇ္ဇာညာဏ် ဖြစ်ပါတယ်။

နှိပ်စက်နေတာကလည်း တစ်ကြိမ်တည်းမဟုတ်ဘူး။ အကြိမ်ကြိမ်နှိပ်စက်နေတယ်။ နှိပ်စက်လိုက်၊ ချုပ်သွားလိုက်နဲ့ ဖြစ်နေတယ်။ ဥပမာပြောရင် မြှားဆိုးကောင်းတဲ့ သားသမီးကို မိဘက ဘုတ်နဲ့ ရိုက်ဆုံးမတော့ ကလေးက နာတယ် ကျိုက်တယ်။ "ဒီမိဘမှာ နေရတာ ငြီးငွေ့လိုက်တာ၊ သူများတော့ သားသမီး မဟုတ်တဲ့ အတိုင်းပဲ နှိပ်စက်နေတယ်"လို့ ကလေးက ပြောတော့။ အရိုက်ခံရတာ နာတော့ သူ့ကို နှိပ်စက်နေတယ်လို့ ထင်တော့ တာပဲ။

ယောဂီတို့ ခန္ဓာမှာလည်း ဒေါ်ကိုင်း နာမှု ကျဉ်မှု ထုံမှုတွေ ရှိတာပဲ။ နှိပ်စက်တယ်လို့တော့ မြင်ရဲ့လား။ ဘာဖြစ်လို့ သောတာပ

ပန် ဖော်ညီသေးတော့ပါဘူးလို့ ထင်ထားပေါ့။ နှိပ်စက်တာကို နှိပ်စက်တယ်လို့ မြင်ရုံ သောတာပန် ဖြစ်တာကြောင့်ပေါ့။

ခန္ဓာကိုယ်ကြီးအတွက် မျက်နှာသစ်ရတာလည်း ဒုက္ခ၊ ဆံပင် ဖြီးရတာလည်း ဒုက္ခ၊ ရေချိုးရတာလည်း ဒုက္ခ၊ အဝတ်လဲရတာလည်း ဒုက္ခ၊ စားရတာလည်း ဒုက္ခ၊ အိပ်ရတာလည်း ဒုက္ခ။ ဒါ နှိပ်စက်နေတယ်လို့ သိရဲ့လား။ ဟိုမှာ ဘဝဘေးက သူ့ကို နှိပ်စက်တာကို နှိပ်စက်တယ်လို့ မြင်တယ်။ လူကြီးတွေက အဲဒီအမြင်မျိုးရှိရဲ့လား။

## ခန္ဓာ အနှိပ်စက်ခံရတာ ဝိပါကဝဋ်ပါ

နှိပ်စက်ခံနေရတာဟာ ဝဋ်လည်နေတာပါပဲ။ ဘာဖြစ်လို့ ဝဋ်လို့ ပြောရသလဲဆိုရင် နှိပ်စက်ခံရလို့ပေါ့။ ရထားတဲ့ ခန္ဓာက အကြောင်းလား အကျိုးလားဆိုတော့ အကျိုး။ အကျိုးမို့လို့ ဝိပါက။ နေ့တိုင်းနှိပ်စက်ခံနေရလို့ ဝဋ်။ ဘာဝဋ်လဲဆိုရင် ဝိပါက ဝဋ်ပါ။

သူတို့ အရှုံးခံနေတာ လွတ်လွတ်လပ်လပ် မဟုတ် ဘူးနော်၊ ဝဋ်ခံပြီးတော့ နေနေရတာ။ ဟောဒီ ပုဂ္ဂိုလ်ကလည်း ဝဋ်ခံပြီးတော့ ဟောနေရတာပဲ။ ဒါကြောင့် ရှေးဆရာတော်ကြီး မိုးကုတ်ဆရာတော်ဘုရားကြီးက "ခင်ဗျားတို့ ဦးပုဇင်းတို့ ခေတ်များတို့က ဝဋ်ကောင်တွေ"လို့ ဟောတာနော်။ "ငါ့ကို ဘာကောင်မှတ်လို့လဲ" ပြောမနေနဲ့၊ အားလုံးဟာ ဝဋ်ကောင်တွေ ချည်းပါပဲ။

ရထားတဲ့ ခန္ဓာကိုယ်က အကျိုးတရား ဝိပါက နှိပ်စက် ခံနေရလို့ ဝဋ်။ ဝိပါကဝဋ်။ နေ့တိုင်း အကြိမ်ကြိမ် နှိပ်စက်ပြီး ဖျက်ဆီးလိုက်။ နာလိုက်ပျောက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်။

ဒီသဘောတရားလေးကို မြင်ရင်ရှိုင်တယ်၊ မြဲတယ်ခိုင်တဲ့ အရာ မလာတော့ဘူး။ ဘယ်သူ့နိဗ်ဖက်တာလဲဆိုတော့ ဓမ္မ၊ ဓမ္မလို့ သိတော့ သက္ကာယဒိဋ္ဌိ ပင်တယ်။ အကြိမ်ကြိမ်နိဗ်ဖက်တာလို မြင်တော့ မြဲတယ်ဆိုတဲ့ အယူမလာတော့ဘူး။ ဥစ္ဆေဒိဋ္ဌိ ပင်တယ်။

ဒိဋ္ဌိက ကိလေသာဝဋ်၊ ဓမ္မကြီးက ဝိပါကဝဋ်၊ ဝိပါကဝဋ်လို့ အမှန်အတိုင်းသိရင် ကိလေသာဝဋ် ပင်ပါတယ်။

**ဝိပါကဝဋ္ဋမောဟိ ဝိပါကော ဓမ္မာရုဏ ဓမ္မာ အမှုဝိနေ အညာဏ ဝိပါကဝဋ္ဋမေဝ ပဋ္ဋမော။**

အကျိုးပေးမှန်သမျှ အဆိုးတွေချည်းပါပဲ။ သုံးဆယ့်တစ်ဘုံ ဘယ်ဘုံမှာ အကျိုးပေးပေး၊ ဆင်းရဲကျိုးချည်းပဲ။ ဆင်းရဲကျိုးရဲ့ ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ပေးသွားတဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ တွေက သမုဒယသစ္စာ၊ သမုဒယတို့ရဲ့ ချုပ်ငြိမ်းရာက နိရောဓ သစ္စာ။ ဝိပါကဝဋ္ဋည်းပေသော ခန္ဓာပေါ် ဉာဏ်ရောက်ပြီ။ သံဝေဂဉာဏ်နဲ့အတူ ဉာဏ်သုံးပေါင်းပြီးတော့ နိဗ္ဗာန်ကို ရအောင် လို့ပါပဲ၊ ဝိပါကဝဋ္ဋည်းက အပိုင်ရတာ မဟုတ်ဘူး။ အကြောင်း တရားကြောင့်ပါ။ အကြောင်းတရားတော့ ကင်းရှင်းပါပဲ။

## သစ္စာသိပေါ် သရုပ်ဖောင်းရှုပါ

ယောဂီတို့တစ်တွေ ပဋိသန္ဓေနဲ့ သံသရာလည်တဲ့နေရာ မှာ ကမ္မဝဋ္ဋည်း ဝိပါကဝဋ္ဋည်း နှစ်ပါးက အကြောင်းအကျိုးအစေ့နဲ့ ဆောက်ပုံပြီးတော့ သံသရာလည်ကြရပါတယ်။ ကမ္မဝဋ္ဋည်းနဲ့ ဝိပါကဝဋ္ဋည်းဟာ တစ်ခုနဲ့တစ်ခု ပတ်သက်ဆက်နွယ်ခြင်းနဲ့ လျှော့ ပြုနေကြတယ်။ ဒါကြောင့် ကမ္မဝဋ္ဋည်းနဲ့ ဝိပါကဝဋ္ဋည်းကို တွဲပြီး တော့ ဟောနေရတာပါ။

ယောဂီတို့သည် ရခဲတဲ့ လူ့ဘဝ၊ ကြုံခဲတဲ့ သာသနာတော်နဲ့ ကြုံကိုက် ရှင်တော်မြတ်စွာရဲ့ အဆုံးအမ ဩဝါဒကို ခံယူနေကြတဲ့ ဗုဒ္ဓဘာသာဝင်များပီပီ ကမ္မဿကတာဉာဏ်၊ သစ္စာနုလောမိက ဉာဏ် နှစ်ပါးတိုးရအောင် လုပ်ကြရမယ်။

ကမ္မဿကတာဉာဏ်ဆိုတာ ကောင်းတာလုပ်ရင် ကောင်း ကျိုးပေးမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးမယ်ဆိုတဲ့ အသိဉာဏ်ပါ။ ဒီအသိဉာဏ်ကတော့ မိဘဆွေမျိုးတွေ ထံကဆင့် ငယ်စဉ်ကတည်းက ရှိကြပါပြီ။ သစ္စာနုလောမိကဉာဏ်ရဖို့ ကတော့ မိဘတွေပေးနိုင်လောက်ဘူး။ ဆရာကောင်း သမား ကောင်းတွေထံ နည်းခံမှ ဖြစ်လိမ့်မယ်။

**ယထာဘူတဉာဏေန သစ္စာ ပဋိဝေဓေတိ စေတ္တာ။** (ဒီဃ၊ ၁၊ ၄၄၅)

ကိုယ်တိုင် သစ္စာသိအောင် ကြိုးစားမည့် ဆရာကောင်းသမား ကောင်းကို ရှာရမယ်။ သစ္စာကို ဦးတိုက်ပြီးတော့ သစ္စာဉာဏ်သိတဲ့ ဆရာထံမှာ နည်းခံပါ။

## ဉာဏ်တုံးဆင့်နှင့် ဝိပဿနာဉာဏ်

“ချွတ်လဝ ကျွဲခေါက်နဲ့ ဆောက်တာထန်းအရံပသာ ဖြစ်နိုင်ပေတတ် တဲ့ မျိုးစေ့ရှိတဲ့ ပုဂ္ဂိုလ်ကိုတွေ့ရင် ဘယ်လိုမျှား တရားဟောပါ သလဲ” ဆိုတဲ့ အရှင်ဥပါလိအနေရဲ့အမေးကို ရှင်တော်မြတ်စွာဘုရား က တထောခြောက်ချက်ကို အစဉ်အားဖြင့် ဟောကြားကြောင်း မြွက်ကြားတော်မူခဲ့ပါတယ်။

တထောခြောက်ချက်ထဲမှာ ဒါနကထာ သီလကထာ သဂ္ဂကထာဟုခေါ်မျိုး အစဉ်ကြည့်စေအောင်။ ဒါန သီလတရား နှစ်ပါးသည် အကြောင်းတရား ဝင်တရား။ ဒီဒါန သီလရဲ့အကျိုး

ယေးကလေးတော့ သဂ္ဂကထာဆိုတဲ့ လူ့ပြည်နတ်ပြည် ကြယ်စွာပြည် ဖြစ်ပါတယ်။ ဒါနဲ့ သီလက အကြောင်း၊ လူ့နတ်ပြည်တွေက အကျိုး တရား။ အကြောင်းကြောင့် အကျိုးတရားရကြောင်း၊ ဒီကထာတို့မျိုး ကို ဟောပြစ်ရာလို့ မှတ်ပါ။

နံပါတ်လေးက ကာမာနဲ့ အာဒီနဝကထာတဲ့။ ဘယ်သား ဘယ်သမီး ဘယ်စည်းစိမ်တွေ ဘယ်လောက်ဝမ်းပြည့်စုံစုံ၊ 'ငါ့စည်းစိမ် သိတိုင်းပါတို့မျိုးရဲ့'ဆိုတဲ့ စကားကို ခန္ဓာငါးပါးကလည်း မမြဲတဲ့ တရား။ ဥစ္စာစည်းစိမ်တွေကလည်း ရန်သူမျိုးငါးပါး ပိုင်းရုံနေ ပါတယ်။

ရှိကြားတဲ့ ခန္ဓာဟာ 'ဖော့ရောဂါနဲ့ သာအောရုကာကာဝေနဲ့' ဆိုတဲ့ အတိုင်း ကိုးဆယ့်ခြောက်ဖြာ အနာမျိုးတွေနဲ့ အမြဲတွေ့ဆုံ သင်ဆဲနေရတယ်။ ရှိကြားတဲ့ သက်ရှိသတ်မဲ့ အားလုံးကို 'ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ'လို့ စွဲလမ်းနေရင်တော့ အပါယ်လေးဘုံ ကို ကျရောက်ရတော့မယ်။ ဘဝခန္ဓာစည်းစိမ်ဥစ္စာ ကာမဂုဏ် တရားအပေါ်မှာ ငြီးငွေ့လာအောင်၊ သံဝေဂဉာဏ်ရအောင် ဟော ပေးတဲ့ တရားဟာ ကာမာနဲ့ အာဒီနဝကထာ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုက နေက္ခမ္မကထာ။ နေက္ခမ္မကထာဆိုတာက ကာမဂုဏ်ရဲ့ အပြစ်တွေကို မြင်ပြီး ငြီးငွေ့လာတဲ့ ပုဂ္ဂိုလ်တွေကို အဲဒီ ကာမဂုဏ်တွေက လွတ်မြောက်အောင် ဝိပဿနာရှုနည်း၊ မှတ်ဉာဏ်ရင့်သန်လာအောင် ဟောတာပါ။

အဲဒီတော့ ဝိပဿနာရှုရင် ခန္ဓာကာယ ရှုရမယ်။ ခန္ဓာငါးပါး အကျဉ်းချုပ်တော့ ရုပ်နဲ့ နာမ်။ ခန္ဓာမှန်ရင် ဖောက်ပြန်ပျက်စီး နှိပ်စက် ခံနေရတယ်။ နှိပ်စက်ခံနေရတဲ့အတွက် ဒုက္ခသစ္စာ။ ဒီဒုက္ခသစ္စာ ကို ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင်သိရင် သစ္စာဉာဏ် ရပါတယ်။

သားတာလည်း ဒုက္ခသစ္စာ၊ နာတာလည်း ဒုက္ခသစ္စာလို့

အပေါင်းအပေါင်းကို သိတာက သမ္မသနဉာဏ်။ ယားတာ ကျဉ်တာ အောင့်တာတွေ ပေါ်လာတာက နှိပ်စက်ဖို့။ နှိပ်စက်ပြန်ပြီ နှိပ်စက်ပြန်ပြီ လို့ ဉာဏ်က သိနေတယ်။ ပေါ်လာတာ မှန်သမျှ နှိပ်စက်နေတာကိုပဲ သိနေရင် ဒုက္ခဉာဏ် နှိပ်စက်တာများတော့ ဒီခန္ဓာမျိုး နောက်ထပ် မလိုချင်တော့ဘူး။ အဲဒီလို ငြီးငွေ့စိတ်တွေ တဖွားဖွား ပေါ်နေတာက ဝေဒဉာဏ်။

ဒီသမ္မဉာဏ် ဒုက္ခဉာဏ် ကတာဉာဏ် သုံးဆင့်ကို ဝိပဿနာ ဉာဏ်လို့ ခေါ်ပါတယ်၊ ကလေးအနေနဲ့ ပြောရင် နေ့လွှမှုတာ။ နေ့လွှမှုက ထွက်မြောက်ခြင်း၊ ကိလေသာမှ ထွက်မြောက်ခြင်း၊ ကိလေသာမှ ထွက်မြောက်ချင်ရင် ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်ရပါမယ်။

## ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပျောက်

သတိပဋ္ဌာန်လေးပါးထဲက ဝေဒနာနုပဿနာ ရှုပွားနည်းကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချတော့ မယ့်နှစ်က ရန်ကုန် ဦးသံခိုင်အိမ်မှာ ဟောကြားသွားတော်မူခဲ့ တယ်။ သမ္မဉာဏ်၊ ဒုက္ခဉာဏ်၊ ကာယဉာဏ်နဲ့ ဝေဒနာနုပဿနာ ရှုပွားနည်းကို ဟောတော်မူခဲ့တာ သိပ်ကောင်းတယ်။

ဆရာတော်ဘုရားကြီးက “ယောဂီတို့ အသက်ကြီးလို့ မြစ် ဖျက်မမြင်သေးဘူးဆိုပြီး အားငယ်မနေနဲ့၊ ယားတာပေါ်ရင် နှိပ်စက်ပြန်ပြီ၊ အောင့်တာပေါ်ရင် နှိပ်စက်ပြန်ပြီ၊ နာတာပေါ်ရင် နှိပ်စက်ပြန်ပြီလို့ ဒီတင်းလုံးသာ သိအောင် ကြိုးစားပါ”လို့ မိန့်တော်မူခဲ့တာပါ၊ နှိပ်စက်တာက ဘယ်သူလဲဆိုတော့ ခန္ဓာ။ နာတာလေးကို နှိပ်စက်ပြန်ပြီလို့ သိလိုက်တော့ ငါ နာတယ်လို့

မယူတော့ဘူး။ ခန္ဓာပေါ် ဉာဏ်ရောက်တော့ ငါဆိုတဲ့အယူ သေသေးလား။ မသေ တော့ဘူးနော်။ ဒိဋ္ဌိအစွဲပြုတ်တယ် ဆိုတာ ငါးစပ်နဲ့ပြုတ်လို့ မရဘူးနော်။ ပေါ့ပေါ့ဘာနဲ့လည်း ပြုတ်လို့ မရဘူး။ ခန္ဓာပေါ် ဉာဏ်ရောက်အောင် ရှုသွားမှ ပြုတ်တာပါ။

ယောဂီတို့ နိုင်စက်ပြန်ပြီလို့ သိလိုက်တဲ့အချိန်မှာ ငါနာတယ် ဆိုတဲ့ အယူလာဦးမလား။ သက္ကာယဒိဋ္ဌိပြုတ်သွားတယ်။ ခန္ဓာ ဉာဏ်ရောက် ဒိဋ္ဌိပျောက်ဆိုတာ အဲဒါပေါ့။ နိုင်စက်ပြီးပြန်တော့ လည်း တည်နေတာ မဟုတ်ဘူး၊ ပျက်သွားတယ်။ ပျက်သွားတာ မြင်တော့ ရှိတယ် မြဲတယ်ဆိုတဲ့ အယူလာတော့ဘူး။ သဿတ ဒိဋ္ဌိ ငြိမ်တယ်။ နိုင်စက်တာဟာ တစ်ကြိမ်တည်းလား၊ အကြိမ်ကြိမ် လားဆိုတော့ အကြိမ်ကြိမ်ပေါ့။ ရှေ့က ချုပ်သိုက်၊ နောက်က နိုင်စက်လိုက်၊ အကြိမ်ကြိမ်ဖြစ်တယ် ဆိုတာကြည့်တော့ ပြတ်တယ် ဆိုတဲ့ အယူလာသေးလား။ မလာတော့ဘူး။ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်တယ်။

နိုင်စက်တာကို သိနေတဲ့အတွက် ဖောက်တဲ့ အဝိဇ္ဇာလည်း ချုပ်တယ်။ နိုင်စက်မှန်းသိနေတော့ ဟိုဟာ ဒီဟာ လိုချင်မှု မလာ တော့ဘူး။ တဏှာလည်း ချုပ်တယ်။ နိုင်စက်ပြန်ပြီလို့ ဓိဌာန်ချက် သိလိုက်တာနဲ့ အဝိဇ္ဇာ တဏှာဒိဋ္ဌိ သုံးမျိုး ငြိမ်သွားပါတယ်။

## ကလာပ်ဖြောက်ဖြာ ဝုံလင်ဂွာ

မြင်ယှက်ခင် တိုက်နေတဲ့အချိန်၊ ခန္ဓာပေါ် ဉာဏ်ရောက်နေ တဲ့အချိန်မှာ ကိလေသာတွေနေ ငွေ့ထနေပါတယ်။ အဲဒါကို ကိလေသာမှ ငွေ့ထဖြောက်ခြင်း၊ နေ့ကျွမ်းခြင်းလို့ ခေါ်ပါတယ်။ ကိလေသာမှ ငွေ့ထဖြောက်ဖို့အတွက် ခန္ဓာပေါ် ဉာဏ်ရောက် အောင် လုပ်ရပါတယ်။

နှိုင်းစက်နဲ့ဆဲ့ ရွှေပြည်ကြီးက ဒုက္ခသစ္စာ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ယောဂ္ဂါတဲ့ ဒိဋ္ဌိသုံးမျိုးနဲ့ ကိလေသာတွေက သမုဒယ သစ္စာ၊ သမုဒယလေးတွေ ကင်းလွတ်ငြိမ်းအေးနေတာက နိရောဓ သစ္စာ။ သစ္စာလေးချက်ကို သစ္စာကလေးလို့ ခေါ်ပါတယ်။

ကထာခြောက်မျိုးမှာ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ သုံးမျိုးက ကံအုပ်စု၊ ကာမာနံ အာဒီနဝကထာ၊ နေက္ခမ္မ ကထာ သစ္စကထာ သုံးမျိုးက ဉာဏ်အုပ်စု။ ဘုရားရှင် တရားဟောတော် မူတဲ့အခါ ဒီကထာခြောက်မျိုးစုံအောင် ဟောပါတယ်။ အခုခေတ် မှာ အဲဒီလိုစုံအောင် မဟောကြတော့ဘူး။ ဒါကြောင့် ကျေးဇူးတော် ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက 'ကွယ်သုံးကွယ်' လို့ မိန့်တော်မူခဲ့တယ်။ သာသနာတော် ကျော့ပါးရခြင်း အကြောင်း တရားပေါ့တဲ့။

ကွယ်သုံးကွယ်မှာ နံပါတ်တစ်က ဘုရားကို ခေါ်ကွယ် တယ်တဲ့။ ခေတ်ပုဂ္ဂိုလ်တွေဟာ အချိန်တိုနဲ့နေကြတော့ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော် အနန္တဂုဏ်ကို မသိကြတော့ဘူး။ နံပါတ် နှစ်က တရားကို ဖွက်ထားတာ ကွယ်တယ်။ ခေတ်ဉာဏ်ရောက် တရားတွေ ဝိပဿနာတရားတွေ ရုပ်လှုပ်ရှားလို့ လူနတ်ချမ်းသာရေး လောကီရေး ရှုပ်တန်းတင် ဟောပြောနေကြတယ်တဲ့။ ဒါက တရား တော်ရဲ့အပြစ်မဟုတ်ဘူး။ ဟောပြောသူရဲ့ အပြစ်ပဲ။ နံပါတ်သုံးက သံဃာကို ဘုန်းကြီးကွယ်တယ်တဲ့။ ဂုဏ်ရှိ ဝိပဿနာ ဆရာကြီးတွေက အားလုံးတော်လှကြတဲ့ အရှင်ကောင်း အရှင်မြတ်ကြီးတွေ ရှိနေ ပေမယ့် စီးပွားချမ်းသာရေး ရှုပ်တန်းတင်ပြီး သံဃာကို လှူဒါန်း ငါ့အစွဲတွေနဲ့ ကိုးကွယ်နေကြတာ။

ဒါဟာ ခေတ်ကာလ အခြေအနေကြောင့် ဖြစ်လာတာပဲ။ သာသနာကွယ်တယ်ဆိုတာ ကွယ်ချိန်တန်လို့ ကွယ်တာပဲ။ တရား

တော်တွေရဲ့ အပြစ်မဟုတ်ပါဘူး။ မတွယ်သင့်ချိန်မှာ မတွယ်ရ လေအောင် တွေးခေါ်တော်မူရှင် ဆရာတော်ကြီးတွေက သတိပေးတဲ့ အနေနဲ့ ပြောကြားဆုံးမတော်မူခဲ့ကြတာ ဖြစ်ပါတယ်။

## သစ္စာသိမြင်မှ လွတ်ပြီ

ရန်သူ့ဝိုင်းထား၊ ထိုမဟာလျှိုးကား၊
ပြေးသွားတို့ရှား၊ လမ်းပေါက်သာလျက်၊
ပြေးမတွက်၊ လမ်းတွက်မဟုတ်ချေ၊
မစင်လူးလျှံ၊ အဆင်ကြည်ညိုလင်သည့်
ရေစင်ရှိလျက်၊ မဆေးရက်
ရေတွက် မဟုတ်ချေ။

ရန်သူတွေ ဝိုင်းနေခိုက်မှာ လမ်းရှိပါလျက်နဲ့ မပြေးသွားတာ ဟာ လမ်းရဲ့အပြစ် မဟုတ်ပါဘူး။ ကိုယ့်မှာ မစင်တွေ လူးနေ ခိုက်မှာ ဆေးကြောသန့်စင်စရာ ရေရှိပါလျက်နဲ့ မဆေးလို့ ရေရဲ့ အပြစ်မဟုတ်ပါဘူး။ မဆေးတဲ့လူရဲ့ အပြစ်ပါပဲ။ အဲဒီဥပမာ အတိုင်းပဲ အနုစိတ်သာရှိတဲ့ တရားတော်တွေ ရှိနေပါလျက်နဲ့ တရားတော်ရဲ့ အဆီအနှစ်ကို မရသွားဘူးဆိုရင် ခံနာရာပါတယ်။

တသောပြောက်ချက်မှာ ကံဆုံမှ ဉာဏ်ဆုံမှုနှစ်မျိုးရှိတဲ့ အထဲက ကံဆုံမှုကတော့ ဘုရားဖွင့်ချိန်မှာလည်း ရှိပါတယ်၊ ဉာဏ်ဆုံမှုကတော့ ဘုရားပွင့်တော်မူလို့ ဘုရားတရားတော်ကို ကြတ်တော်မူကြား သိရတာပါ။ ဘုရားရှင် လောကကြီးမှာ ပွင့်တော်မူခြင်းရဲ့ အကျိုးကျေးဇူးပါဟာ သစ္စာတွေရဲ့ နက်နဲ သားမှာ သစ္စာဉာဏ်တက် အပေါ်တော် ကံနှိုးပဲ ဖြစ်ပါ တယ်။

ဘုရားပွင့်တော်မူလာခြင်းဟာ အဲဒီ ပယ်ဖို့ ဟောတော်ပါတယ်။ ကံပေါ် ဉာဏ်ဆောင်ဖို့ပါ။ ဒါန သီလ သမထလည်းလုပ်၊ စွန့်ပေါ် ဉာဏ်ရောက်အောင်လည်း လုပ်ရမယ်။ လျှော့ပါ သစ္စာသိပြီးတော့ လျှော့ရမယ်။ သစ္စာသိတာက ဝိဇ္ဇာ၊ လျှော့လိုက်တာက စရဏ။ ပေါင်းလိုက်တော့ ဝိဇ္ဇာစရဏ။ ဒီလို သစ္စာသိပြီး လျှော့ခြင်းဟာ ဘုရားဟောတော်၊ ဆရာတော်သခင်တော်တို့ရဲ့ ဩဝါဒ တွေနဲ့အညီ လုပ်ခြင်းဖြစ်ပါတယ်။

## အနိုင်ရိုင်းပြတဲ့ အဝိဇ္ဇာ

ယောဂီတို့တစ်တွေ အတိတ်က ကံအလုပ်တွေ လုပ်ခဲ့ကြ တယ်။ ပြုလုပ်တာက သင်္ခါရ။ ကံသင်္ခါရအလုပ်ကိုသာ လုပ်ခဲ့ ပြီး သစ္စာသိတဲ့ ဉာဏ် မရခဲ့ကြဘူး။ သစ္စာမသိတာက အဝိဇ္ဇာ။ မသိတော့ ဟိုဟာ ဒီဟာ လိုချင်တာက တဏှာ။ ခရေ့ခရေ စွဲလမ်းတာက ဥပါဒါန် ဖြစ်ပါတယ်။

အဝိဇ္ဇာ တဏှာ ဥပါဒါန်ကို ဝဋ်နဲ့ကြည့်ရင် ကိလေသာဝဋ် ပေါ့။ ကိလေသာဝဋ်ဆိုတာ ညစ်နွမ်းစေကြောင်း အလုပ်ကို လုပ်ခဲ့ တယ်တဲ့။ ကမ္မဝဋ်နှစ်ပါးဖြစ်တဲ့ သင်္ခါရနဲ့ကံမှာလည်း သင်္ခါရက ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရလို့ သုံးမျိုးရှိတယ်။ ပုညာဘိသင်္ခါရနဲ့ အာနေဉ္ဇာဘိသင်္ခါရက ကုသိုလ်၊ အပုညာဘိ သင်္ခါရက အကုသိုလ်ပေါ့။

ယောဂီတို့ အတိတ်က ကုသိုလ်တွေ လုပ်ခဲ့တယ်။ ဘယ်လိုနဲ့ လုပ်တာတုန်း။ မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက သင်္ခါရ။ ဘဝ ကောင်းစေပြီး လုပ်ခဲ့တာက တဏှာ၊ ခရေ့ခရေ စွဲလမ်းခဲ့တာက ဥပါဒါန်။

ပြုလုပ်တာက ကမ္မ၊ ထောင်တတာက ဘဝ။ ပေါင်းလိုက်တော့ ကမ္မဘဝ။ ပါဠိတော်မှာ "ဥပါဒါနပစ္စယာ ဘဝ" လို့ ရှိရာမှာ ဋီကာဆရာတော်ဘုရားကြီးက ပဋိစ္စသမုပ္ပါဒ်မှာ 'ကမ္မဘဝ' လို့ ဖွင့်ဆိုထားခဲ့တယ်၊ အဲဒါက ဘာပြောတာလဲဆိုရင် အဝိဇ္ဇာ တဏှာ ကောင်းတဲ့ ပုဂ္ဂိုလ်မှန်သမျှ ပြုလုပ်လိုက်တာက ကမ္မ၊ အဝိဇ္ဇာတဏှာ ကောင်းသေးရင် ခန္ဓာရမယ်။ လူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာခန္ဓာ။ အကုသိုလ်လုပ်ခဲ့ရင် ငရဲခန္ဓာ၊ ခွေးခန္ဓာ၊ တိရစ္ဆာန်ခန္ဓာ၊ အပါယ် လေးပါး ခန္ဓာ။ အဝိဇ္ဇာတဏှာ ကောင်းသေးသမျှ ခန္ဓာရမယ်။ ဒါကြောင့် ကမ္မဘဝလို့ ဆိုတာပေါ့။

ယောဂီတို့သည် ဒီကမ္မဘဝက မလွတ်ကင်းနိုင်သေးဘူး။ ပြုလုပ်တာက ကမ္မ၊ ထောင်တတာက ဘဝ။ ပေါင်းလိုက်တော့ ကမ္မဘဝ။ ဘဝတိုင်းမှာ အဝိဇ္ဇာရဲ့ အုပ်ချုပ်မှုကို အပြည့်အဝခံနေရတယ်ဆိုတာ သိစေချင်လို့ အဝိဇ္ဇာစေတနာမှာ အနိုင်ဂိုဏ်းနဲ့ ဝိုင်းပြထား တာ ဖြစ်ပါတယ်။

**အနမတဂ္ဂါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗာကောဋိ န ပညာယတိ၊ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။**

အစရှိတဲ့ အနမတဂ္ဂ သံယုတ်ပါဠိတော်နှင့်အညီ တွေ့ရှု တော်ရှင် ဋီကာဆရာတော်ဘုရားကြီးက ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်း ကို ပြုလုပ်ထားတာပါ။ ဘာမှ မသိဘဲနဲ့ ဟိုဖြတ်ဒီဖြတ် လုပ် သင့်ပါဘူး။

## ကာမဂုဏ်မှာ ပျော်တဲ့ ကလေးငယ်လေးများ

ယောဂီတို့ကလေးတွေ ဘာဖိုးလဲ အရာလုံး ကံအလုပ်နဲ့ အချိန် လုပ်ခဲ့ကြတယ်။ ဥပမာအလုပ်ဆိုတာ ယောင်လို့ကလေးစိမ့် ဓနုန်းနဲ့

ပါဘူး။ မိုးကုတ်ဝေရာဇော်ဘုရားကြီးက "ဒကာ ဦးသိမ်းမိုင်ရေ ကျုပ်က ရန်ကုန်ကြွသောတာဟာ ရန်ကုန်က အမိန့်တော်တွေကို တပ်မီ တဲ့ကာလနေ ဉာဏ်ဝိ ဉာဏ်က ပြောင်းပေးဖို့ ကြွသောတာ" လို့ မိန့်တော်မူခဲ့ပါတယ်။ "ဟဲ အလုပ်တွေနဲ့ အချိန်ကုန်နေကြတာ ခင်ဗျားတို့ ကျုပ်နဲ့တွေ့ရတာ နောက်ကျတယ်" တဲ့။

ယောဂီတို့ တစ်သံသရာလုံးက ဟဲ့ဒဲ့ အချိန်ကုန်ခဲ့ကြတာ။ ကိစ္စတော ပရိုဇ္ဇသမ္ဗုဒ္ဓ ဗုဒ္ဓရဲ့ သာသနာ။ သာသနာရဲ့ အလုပ်နဲ့ အချိန်ကုန်နေကြမှန်း သိအောင် သာသနာရေးမှာ ဝိုင်းကြိုးစားတယ်၊ တရားမှာလည်း ဝိုင်းကြိုးစားတယ်။

**တကြော့ တကြော သီနန္ဒနီ** – ဘယ်သံသရာ ဖြစ်ရတာမှာ ပျော်နေတယ်၊ ရုတ် ဘဝနဲ့ ပျော်နေတယ်တဲ့။ ဘာနဲ့ပျော်တာလဲ ဆိုတော့ တဏှာနဲ့ ပျော်တာ။ အဲဒါကို ဆရာတော်ဘုရားကြီးက သနားစွန်းလို့ သချိုင်းကကလေးနဲ့ဆယ်၊ မိန်းမကြီးပေါ်မှာ ချိုကြီး တော့ ဘီလူး ရေစိုးလေးနဲ့ ဆေးပေးတယ်။ သဘာဝ ရေမွှေးလေး တွေ ဖြန်းပေးတယ်။ ဝိပဿနာကိုတွေ့ ချစ်ကြူးတယ်။ ဒါတောင် တောင်းတောင်း မဖျော်ကြဘူး၊ အချိန်ကုန်တော့ အခွံပါးပါး ကာမဂုဏ်ရေးထဲ ပြန်ဝင်သွားကြတာနော်။

လူတွေက ဘာနဲ့ တူသလဲဆိုတော့ ခေါင်းထဲကလေးကောင်နဲ့ တူတယ်။ သနားစရာဆိုပြီး ဆယ်လို့ ချပေးပေးတယ်။ ကိုယ် မှန်တွေ့ ချစ်တွေ့ပေးမယ့် လာကိုမချင်ဘူး၊ အချိန်တန်တော့ အိမ်သာထဲ ပြန်ခိုကြတာပဲ။ ယောဂီတို့လည်း တရားပွဲပြီးတော့ အိမ်ပြန်တယ်၊ ဖြူးအဝရဲ့ သားသမီးအခရဲ့ ကာမဂုဏ်တွေထဲ ပြန်ခိုကြတော့ ထောက်ကလေးတွေအား "နေဝဲပေါ့။

## အကြောင်းသေချာရင် အကျိုးပေး သေချာသည်ပေါ့

ရဟန်းတစ်ပါးကို ခင်မင်နေတဲ့ တကာ၊ ခင်ခင်ရတဲ့ ဖွဲ့လမ်းတော့ ဥပါဒါန်။ ဒါကြောင့် တဏှာနဲ့ ဥပါဒါန်ကို ဝိုင်းကြ ထားတယ်။ အတိုင်း အဝင်းမှာ ဖွဲ့လမ်းစွဲကြတယ်နော်။ ဖွဲ့လမ်းတာက ဥပါဒါန်၊ ရတာက ဘဝ ခန္ဓာငါးပါး။ ဒီခန္ဓာကို စွဲလို့ ရလာတာဖြစ်လို့ ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်။

**ကုသလာကုသလံ ကံနဲ့ ဝိပါကနဲ့ ခန္ဓာနဲ့ ဘဝရှိသမျှ ရုပ်နဲ့ နာမ်တွေပေါ့ ပစ္စယော။**

ကမ္မဝဋ်ကြောင့်က ကျေးဇူးပြုလိုက်တော့ အခု ဝိပါကဝဋ်ကြီး ကို ရနေပြီ။ ဝိပါကဝဋ်က၊ ခန္ဓာငါးပါး ရုပ်နာမ်တွေ။ ဒီဘဝက နေ နောက်ဘဝ ရောက်အောင်၊ အဝိဇ္ဇာတဏှာ ဥပါဒါန်ကလေး ဖြစ်လာပြန်ရော။ ဖြစ်လာတော့လည်း နောက်ဘဝ ရပြန်ရော။

အတိတ်က ကိလေသာဝဋ်နဲ့ ကမ္မဝဋ် အကျိုးပေးလိုက်တော့ ဒီကနေ့ ဝိပါကဝဋ်ကြီး ရနေတယ်။ ဝိပါကဝဋ်မှာ အခုနက်မသိ တော့ မသိတာက အဝိဇ္ဇာ၊ လိုချင်တာက တဏှာ။ စွဲလမ်းတာက ဥပါဒါန်။ ဝိပါကဝဋ်ကနေ သစ္စာကြောင်း ကမ္မဝဋ် ဖြစ်လာပြန် ကိလေသာဝဋ် ဖြစ်လာပြန်ရော။ အဲဒီတော့ အနာဂတ်မှာ ဝိပါက ဝဋ် ဖြစ်ဦးမှာ အသေအချာပဲပေါ့။

ဒါကြောင့် “သစ္စာမသိရင် ဘုရားဟောနဲ့ လမ်းဝေးက သူ့နီး ကြမ်းပိုးနဲ့ မလွတ်ဘူး”လို့ ဆရာတော်ကြီးက မိန့်တော်မူတာ ပေါ့။ ဘုရားဟောကလည်း ဘုရားသခင်ရဲ့တရား သစ္စာလေးပါး။ သစ္စာမသိတာက အဝိဇ္ဇာ၊ ဖြစ်လာတာက သင်္ခါရ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတော့ အကျိုးတရားလေး၊ အကြောင်းတရားလေး အကြောင်းတရားနော်။

ဆင်းရဲခြင်း သစ္စာက သမုဒယသစ္စာ။ ကြမ်းပိုးလှမ်းတော့ နိုးဆိုး ဝိုက်ခိုက်နေတာကလည်း သစ္စာမသိလို့ပဲ။ မသိတာက အဝိဇ္ဇာ၊ ဖြုတ်ပစ်တာက သင်္ခါရ၊ အကြောင်းတရားက ဆင်းရဲခြင်းသစ္စာ သမုဒယသစ္စာပဲ။

ဘုရားဒကာနဲ့ သူ့ကြမ်းပိုး၊ ကုသိုလ်နဲ့ အကုသိုလ်ပဲကွာတယ်။ သစ္စာကျတော့ အတူတူပဲနော်။ ဒီလိုခြားတော့ ဘုရားဒကာ ကျောင်းဒကာတွေဘက်က နာတာပေါ့။ သူ့ကြမ်းပိုးနဲ့ အနိုင်း မချုပ်ရင် သစ္စာသိအောင် လုပ်ကြပေါ့၊ အကျိုးပေးလည်း ကြည့်ဦး။ ဘုရားဒကာ ကျောင်းဒကာက သုဂတိရွှေပေါ်ပါး ရောက်သွား။ သူ့ကြမ်းပိုးက ဒုဂ္ဂတိရွှေပေါ်ပါး ရောက်သွား။ သုဂတိနဲ့ ဒုဂ္ဂတိပဲကွာတယ်။ အကြောင်းသစ္စာတူတော့ အကျိုးပေးသစ္စာလည်း တူတာပေါ့ပဲ။

## ကံပေါ်ကြည့်ဆင့် ဉာဏ်ဘုရားပွင့်

လောကသားတွေ သစ္စာသိအောင်လို့ လောကအလယ်မှာ ဘုရားပွင့်တော်မူတာပေါ့။ သစ္စာမှ မသိရင် ဇွတ္တာသာလို့ ခြောက်မှာ ရှက်စရာ ကောင်းပါတယ်။ ယောဂီတို့တစ်တွေ ကံထူးနေချိန်မှာ ဉာဏ်လည်းထူးအောင် ကြိုးစားကြပါ။

ခန္ဓာကြီးက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကိုသိတာက ဉာဏ်။ သစ္စာကိုသိတဲ့ ဉာဏ်မို့လို့ သစ္စာဉာဏ်၊ နေတိုင်း နှိပ်စက်နေတာကို နှိပ်စက်ပြန်ပြီလို့ သိနေတာက ဒုက္ခသစ္စာ၊ နှိပ်စက်တဲ့ကိစ္စကို သိနေတဲ့ ဉာဏ်မို့လို့ ကိစ္စဉာဏ်။


နှိပ်စက်နေတာကို ငြိမ်ငြိမ်နိုင်နိုင်သိအောင် ဖောက်တဲ့အဝိဇ္ဇာလည်းချုပ်၊ ဘုံတဝ လိုချင်တဲ့ တဏှာလည်းပေး၊ စွဲလမ်းတဲ့

ဥပါဒါန်လည်းဘေး နှိပ်စက်နေတာ သိတာနဲ့ ကိလေသာဝဋ်ချုပ်။ ကိလေသာဝဋ် ချုပ်မှတော့ ကမ္မဝဋ်လည်း မလာတော့ဘူး။

အဲဒီတော့မှ ယောဂီတို့ ဆောက်တည်ထားပါနိုးတဲ့ ကျောင်းကန်ဘုရားတွေဟာ ကိုယ်ပေါ် ဥဇာဆင့်သွားပါတယ်။ ယောဂီတို့ နှလုံးသားထဲမှာ ဉာဏ်ဘုရား ပွင့်သွားပါပြီ။

ဒါကြောင့် လောကီရှိခိုးရဲ့ အနှိပ်စက်ခံနေရတဲ့အတွက် ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ လေလွှားတဲ့ ကိလေသာဝဋ်ကမ္မဝဋ်တွေက သမုဒယသစ္စာ၊ နောင် ဝိပါကဝဋ်ရစရာ မရှိတော့ တဲ့အတွက် ဝိပါကဝဋ် ချုပ်ရငြိမ်းရာ သိမ်းရာက နိရောဓသစ္စာလို့ သစ္စာလေးချက် ကိုက်ပါတယ်။ ကိလေသာဝဋ် ကမ္မဝဋ်ကလည်း လွတ်မြောက်ပါတယ်။ ဝိပါကဝဋ်ကလည်း လွတ်မြောက်ပါတယ်။

ဒီရှေ့မှာ ဟောခဲ့ပြီးတဲ့အတိုင်း ဘုရားကိုယ်တော်မြတ်က သူကိုယ်တိုင်လည်း ဝဋ်သုံးပါးက လွတ်မြောက်တော်မူတယ်။ အဲဒီလို လွတ်မြောက်တော်မူသလို သတ္တဝါ ဝေနေယျတွေကိုလည်း လွတ်မြောက်စေချင်ပါတယ်။ ဒါကြောင့် ဘုရားရဲ့ကျေးဇူးကိုသိပြီး ကျေးဇူးဆပ်ချင်တယ်ဆိုရင်တော့ ဘုရားမြတ်မှာ ရည်မှန်းတော် မူတဲ့အတိုင်း ဝဋ်သုံးပါးက လွတ်မြောက်အောင် ကြိုးစားကြဖို့ ဖြစ်ပါတယ်။



# ၁၅။ အာဟာရပစ္စည်း

## အာဟာရပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်

အာဟာရပစ္စယောတိ–

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

အာဟာရပစ္စည်းရဲ့ ပစ္စယနိဒ္ဒေသ ပါဠိတော်ကို ရွတ်ဆိုခြင်းဖြင့် ရှင်တော်မြတ်ဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနှင့်တကွ ဂုဏ်တော်တမ်းကို ပုံတော်မှန်းဆပြီးတော့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော ပဋ္ဌာန်းကျမ်းတော်ကြီးကို ပူဇော်လိုက်ကြပါစို့။ အာဟာရပစ္စည်းရဲ့ ဓမ္မဂုဏ်သိကို ဆွေးနွေးပြပုံကို ဆက်လက် မှတ်သားကြရအောင်ပါ။

## အာဟာရပစ္စယကို ရှင်းလင်းဟောကြားခြင်း

ဝဋ္ဋဒုက္ခပူပါဒ်ဖြေသနာ၊ မြတ်ပဋ္ဌာန်းဒေသနာ၊ သဗ္ဗညုဘုရားတော်တွေ မြတ်မုနိ ဟောကြားတော်မူခြင်းရဲ့ ရည်ရွယ်ချက်က

သတ္တဝါဝေနေယျတွေအတွက် ခန္ဓာအကြောင်း သိအောင် ဖြစ်ပါတယ်။

ခန္ဓာအကြောင်းသိဖို့ ဘယ်လောက်အရေးကြီးသလဲဆိုရင် ယောဂီတို့တစ်တွေဟာ အပြင်မှာသာ ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့ မြင်နေရပေမယ့် တကယ်တမ်း တရားနဲ့ရှုနေတာကတော့ ရုပ်နဲ့ နာမ်နေရတာပါ။ ခန္ဓာက ငါးပါးရှိတယ်၊ ရုပ်ခန္ဓာက တစ်ပါး၊ နာမ်ခန္ဓာက လေးပါး။ အကျဉ်းချုပ်ပြောရင် ရုပ်နဲ့နာမ်ပဲ ရှိပါတယ်။

ရုပ်ခန္ဓာမှာလည်း ရုပ်ကိုဖြစ်ပွားစေတဲ့အကြောင်း တရားတွေ ရှိတယ်၊ နာမ်ခန္ဓာမှာလည်း နာမ်ကိုဖြစ်ပွားစေတဲ့အကြောင်း တရားတွေ ရှိပါတယ်။ ရုပ်ခန္ဓာကို ဖြစ်ပွားစေတဲ့ အာဟာရ၊ နာမ်ခန္ဓာကို ဖြစ်ပွားစေသော အာဟာရ၊ နာမ်အာဟာရတွေနဲ့ ရုပ်ရော နာမ်ရော ဖြစ်ပွားစေတဲ့ အာဟာရတွေကို ခွဲခြားပြောပြသွားမှာပါ။

ယောဂီတို့ရဲ့ သန္တာန်မှာ တစ်သံသရာလုံးက စွဲကပ်နေတဲ့ ဒိဋ္ဌိဆိုတာ ရှိတယ်။ အခုထက်တိုင်က ယောဂီတို့မှာ ဒိဋ္ဌိက ရှိနေသေးတယ်။ မြတ်စွာဘုရားဟောသလို ရှိတာ မဟုတ်ဘူး။ တစ်သံသရာလုံးက အဲဒီလို ဖြစ်နေတာကို "ငါတို့ ခန္ဓာမှာ ဒီလို ဒီလိုတွေ ဖြစ်နေတယ်" လို့ ဟောပြပေးတော်မူတာ ဖြစ်ပါတယ်။ အဲဒီလို စွဲလာ ရှိနေတဲ့ ဒိဋ္ဌိကို ပယ်သတ်ဖို့အတွက် တရားဟောတော်မူခြင်း ဖြစ်ပါတယ်။

အာဟာရတရား၊ အဆောက်အဦတရား၊ ပစ္စည်းတရားတွေကို မြတ်စွာဘုရား ဖန်ဆင်းပေးတာ မဟုတ်ပါဘူး။ သဘာဝအနေအားဖြင့် ဖြစ်တည်နေကြတာပါ။ အဲဒီ သဘာဝအနေအားဖြင့် ဖြစ်တည်ပြီး ခန္ဓာကြီးတည်နေတာကို မြတ်စွာဗုဒ္ဓ ရှင်းလင်း ဟောပြတာ ဖြစ်ပါတယ်။

## အတ္တလိပ်ပြာ ဖန်ဆင်းရှင် အယူအဆ

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက ဇုန္တက ဘီလူးဆိုတာ ရှိတယ်။ အလွန် တန်ခိုးထက်မြက်တဲ့ နတ်ဘီလူး ကြီးပေါ့။ အဲဒီဇုန္တက နတ်ဘီလူးကြီးက တစ်နေ့သောအခါမှာ မြတ်စွာဘုရား ထံတော်မှောက်ကို ရောက်လာပြီး စကားတစ်ခွန်း လျှောက်ထားပါတယ်။

ဇုန္တက ဘီလူး လျှောက်ထားတာက "မြတ်စွာဘုရား... တပည့်တော်ကို သတ္တဝါတွေ သွားလာလှုပ်ရှား ရှင်သန်ဖြစ်တည် နေနိုင်အောင် တပည့်တော်တို့ရဲ့ ခန္ဓာကိုယ်ထဲက အတ္တဆိုတဲ့ အကောင်လေးက စောင့်ရှောက်ပေးနေတာပါဘုရား။ အတ္တ အသက် လိပ်ပြာ ဆိုတဲ့ အကောင်လေးဟာ တပည့်တော်တို့ ခန္ဓာကိုယ်ထဲမှာ မရှိရင် ပြိုလဲပျက်စီးပြီး အသက်ရှင်နိုင်မှာ မဟုတ် ပါဘူး။ သူက တပည့်တော်တို့ရဲ့ ခန္ဓာကြီးကို စောင့်ရှောက် ပေးထားတဲ့အတွက် အသက်ရှင်နေရတာပါ။ သူသာမရှိရင် အသက် မရှင်နိုင်ပါဘူး ဘုရား"လို့ သူ့ရဲ့ အယူအဆကို လျှောက်ထား သတဲ့။

ဘုရားပွင့်တော်မမူခင်က လူတွေ လက်ခံယုံကြည်ထားကြ တာက ယောဂီသတ္တဝါကြီးနဲ့တကွ အရာရာတိုင်းကို ဖန်ဆင်းရှင်ကြီးက ဖန်ဆင်းပေးတယ်။ ဖန်ဆင်းရှင်ကြီးရဲ့ ဝိညာဉ် တစ်စိတ်တစ်ပိုင်းကို ခွဲခြားတော့ တစ်နေ့တော်မတော်ကနေ သတ္တဝါ တစ်ယောက် ဝင်သနေတိုင်းမှာ ဝင်ထက်ကို လွှတ်ပေးတယ်။ လူတွေဟာ ဖန်ဆင်းရှင်က ပေးလိုက်တာလို့ လက်ခံယုံကြည် ကြတာပေါ့။

တချို့ကျတော့လည်း သဘောတရားရေးက လူတွေကို ဖန်ဆင်း ထားတာလို့ ယုံကြည်ကြတယ်။ ခရစ်ယာန်၊ အစ္စလာမ်၊ ဂျူး၊

မှောင်မှောင် ထဲ့ သာသနာအများအပြားလာ ဖန်ဆင်းရှင်ပါဝင်ကို
လက်ခံယုံကြည်လိုက်ရာ ဒီနေ့အထိပဲ။ ခေတ်ပညာတွေ တက်
လာပြီ။ ခေတ်မီတိုးတက်လာတယ်ဆိုတဲ့ လူတွေက ဒီအတိုင်းပဲယုံကြည်
နေကြတာနော်။ ဘုန်းကြီးနတ်သားလေးလေ အစ္စလာမ်ကြီး ဝိညာဉ်
ဟောင်ရှိတာကို ယုံသတဲ့။

အဲဒါကြောင့် ဒီနေ့ခေတ်မှာ ဘုံ့ဆွေအလ်လာယာပ်ရှင်ကြီး ပညာ
တော်ကြီးတွေ လုပ်နေသမျှ အယူအဆတိုင်းမှာတော့ လွဲချော်နေ
ကြတုန်းပဲ။ သူတို့သင်ထားတဲ့ ပညာက ဘဝဘဝ တစ်နပ်စာ
အတွက် အားကိုးရာ ဖြစ်ချင်ဖြစ်မယ်။ လောကသစ္စာညာဏ်တော်
တော်ကြီးနဲ့ ခွဲခြမ်းစိတ်ဖြာ ဟောကြားတော်မူတဲ့ အမှန်အသိ
ကိုမှ မရှာဆိုရင် အကယ်၍ပညာရှိလို့ မခေါ်နိုင်ပါဘူး။ သူတို့
အသိက မင်္ဂိုလ်နိမ့်ကျွန် ခဏလောက်ဦး၊ မိစ္ဆာဒိဋ္ဌိ အယူကိုတော်မှ
ပယ်သတ်နိုင်စွမ်း မရှိပါဘူး။

## သန္ဓေသားဘဝ အတိတ်ကရုပ်ကျော်မှုး

ဘုန်းကြီးနတ်သားက "မြတ်စွာဘုရား… တပည့်တော်တို့
ခန္ဓာကိုယ်ထဲမှာ အထွေထွေရောဂါဝေဒနာရှိတယ်ဘုရား။ သူက စောင့်
ရှောက်ပေးနေလို့ တပည့်တော်တို့ ရှင်သန်လှုပ်ရှားနေရတာပါ
ဘုရား" လို့ လျှောက်တော့ မြတ်စွာဘုရားက "သတ္တဝါတွေရဲ့
ခန္ဓာကိုယ်ထဲမှာ အထွေထွေဆိုတာ လုံးဝ မရှိဘူး။ ကံကြမ္မာရှိတော
က ခန္ဓာဝါဝါး ရုပ်နာမ်နှစ်ပါးသာရှိတယ်။ အဲဒီရုပ်နာမ်တွေကလည်း
အကြောင်းမဲ့ အလိုလိုရှိလာတာ မဟုတ်ဘူး။ အကြောင်းတရား
ရှိတယ်၊ အကြောင်းတရားကြောင့် ဖြစ်လာရတဲ့ အကျိုးတရား
တွေပဲ။ ရုပ်တွေဆိုရင် ကံစိတ်ဥတုအာဟာရ အကြောင်းတရား
လေးပါးကြောင့် ဖြစ်လာရတယ်" လို့ ရှင်းပြတော်မူခဲ့ပါတယ်။

သတ္တပါတ်လောက် ပဋိသန္ဓေနေပြီဆိုရင် ကလေး ရေကြည်အိတ်နဲ့ သန္ဓေဦးခေါင်းပစာကရှိတဲ့ အရာလေး ဖြစ်ပေါ် လာတယ်။ အဲဒီအရာဝတ္ထုလေးမှာ ကံ စိတ် ဥတု အာဟာရ အကြောင်းတရားတွေ ဆုံဆည်းသော ပစ္စယရုပ် ဖြစ်စေဖို့ လုံလောက် လှော့ ရုပ်ဓာတ်အတွင်းမှာ ဖြစ်ပေါ်နေပါတယ်။ ဘယ်ဆရာဝန် မှ စမ်းသပ်ပြီး မသိမြင်နိုင်တဲ့ ကံစွမ်းသတ္တိတွေ ဖြစ်ပါတယ်။ ဒီအကြောင်းကို ဘုရားမြတ်စွာ ဟောတော်မမူလာတာနဲ့ မသိနိုင် ပါဘူး။

တစ်လျှောက်သတ္တပတ်မှာ ပဋိသန္ဓေသားလေးဟာ အမြှုပ် ကလေး ဖြစ်ရှိနေတယ်။ အကြည်ကနေ သွေးရောင် အမြှုပ်အထိ ပဋိသန္ဓေသားလေးကို ကံ, စိတ်, ဥတုတွေက ပြုပြင်ပေးကြတယ်။ ဒီအထဲမှာ ဗြဟ္မာကြီး မပါဘူးနော်။ ထာဝရလည်း မပါဘူး။ ဘယ်သူကမှ ပြုပြင်ပေးတာ မဟုတ်ဘူး။

၂၁ ရက်ပြည့်တော့ အမြှုပ်ကလေးက အခဲကလေးဖြစ်လာ တယ်၊ အကြောကလေးတွေ ဆက်သွယ်လာပြီး မိခင်စားသောက် လိုက်တဲ့ အဟာရတွေက ကျေးဇူးပြုလာတယ်။

**ပဋိသန္ဓေကာလမှာ အဟာရရေး ဘုရားသခင် ကသာ အဟာရ ပေးသနား ပေးသလား။**

ဆိုတဲ့အတိုင်း သန္ဓေသားလေး (၂၁)ရက်ရောက်တဲ့အချိန် ကျမှ အဟာရက ကျေးဇူးပြုနိုင်ပါတယ်၊ ကလေးကလေးအာဟာရ ဆိုတာ အလုပ်အတွေးတဲ့၊ မိခင်စားသောက်လိုက်တဲ့ အစာ အဆေး စားစရာ သောက်စရာတွေထဲမှာ ပြီးအာဟာရဆိုတာ ပါတယ်။ အဲဒီအသောက်ဟာ ဘယ်တိုင်း အာဟာရ မဖြစ်ပါဘူး။ ခန္ဓာကိုယ်ထောက်ပံ့တဲ့ အဟာရသာ နည်းပါတယ်၊ ဟဲဒီ့ရဲ့ နှပ်

ကျင်ကြီး၊ ကျင်ငယ်တွေ ဖြစ်သွားတော့က ရှုံးတော့ပါ။ အဆီအနှစ် ကြွေ့တာနေ အာဟာရ ဖြစ်ပါတယ်။

## အမှားကြောတော့ အမှန်ဖြစ်တတ်တယ်

လူတွေ ဘယ်က ဖြစ်လာလဲဆိုရင် ဝဋ်သစ္စ ကမ္ဘာဦး ဆိုတဲ့ ကလလရေကြည်လေးက စဖြစ်တာပဲ။ ဘဝတစ်ခုရဲ့အစ ကို ပြောတာနော်။ သတ္တဝါတွေမှာ ဘဝတစ်ခုပြီးတစ်ခု ဆက်ခိုင် နိဗ္ဗာန် မရောက်သေးသမျှ ဖြစ်နေဦးမှာပဲ။ ခုတ်ပြီးတော့ ဝဋ်သစ္စ လာနေမှာပဲ။ ဒါ သဘော ဓမ္မတာပါ။

အဲဒါကို မသိတော့ ဗြဟ္မာက ဖန်ဆင်းတယ် ပြောလို့ပြော။ မျောက်ကနေ ဆင်းသက်တယ်လို့ ပြောတဲ့လူက ရှိသေးတယ်။ မျောက်ကနေပဲ လူဖြစ်လာလို့။ ဘာဆိုင်လို့လဲနော်။ မျောက်က တိရစ္ဆာန် အကုသိုလ် ဒုဂတိ။ လူက ကုသိုလ် သုဂတိ။ လူက ကုသိုလ်ကြောင့်ဖြစ်တာ။ ဇာတ်ချင်းမှ မတူတာနဲ့၊ အကြောင်းတရား ချင်းမှ မတူတာနဲ့ ဘယ်လိုလုပ် မျောက်က လူဖြစ်နိုင်မှာလဲ။

ဘုရားပွင့်တော်မမူခင်တစ်လောကလုံး အတ္တဝါဒက လွှမ်းမိုး နေခဲ့တာ။ တစ်လောကလုံး အတ္တဝါဒတွေ မိုးမွန်နေချိန်မှာ ဘုရားပွင့် တော်မူလာပြီး အတ္တဝါဒကို ရှင်းပြီးတော့ အနတ္တဝါဒကို တည် ထောင်ရတာ ဖြစ်ပါတယ်။ မှားနေတာ အရိုးစွဲနေတာကြောင့် အမှန်ရောက်အောင် ဆွဲခေါ်နိုင်တာ ဘုရားရှိလို့ပေါ့။ မခြား လူသားတို့ အတ္တဝါဒသမားတွေ တိုက်ခိုက်ပစ်လို့ အမှန်ဖြစ်သွား မယ်။

ဒါပေမဲ့ လူတွေက အဲဒီအတ္တဝါဒ ဗြဟ္မဝါဒတွေနဲ့ နေလာခဲ့ တာ ကမ္ဘာချီပြီးကြာနေပြီ။ ဒါကြောင့် -

အမှားကြီးခဲ့တော့ အမှန်ဖြစ်
အမှန်အစစ် အမှားထင်
ဘုရားရှင်တော် ဟောလို့ ကျွတ်။

ဆိုတဲ့အတိုင်း စွဲနေတဲ့ အတ္တပါဒက ဒီအတိုင်းတော့ ကျွတ်မသွားဘူး။ တစ်သံသရာလုံးက မှားခဲ့တဲ့အမှားတွေဟာ သစ္စာတရားကို နားကြားရမှ အမှန်ဖြစ်တာမှာပါ။ ဒါကြောင့် ရှင်တော်ဖြတ်ဘုရားသည် ၄၅ ဝါ တလေလေတော်မူ နေ့မစေ ပရိဿမမှုပါ တရား ဟောနိုးတရား သစ္စာတရားတွေကိုဟောကြားပြီး သတ္တဝါ ဝေနေယျတွေရဲ့ အနုသယ အသိအသိနဲ့ ပိုက်ဆံရှာညီတွေ ဖြစ်မည့် တရားပေါ် ဖွင့်လှစ်ပေါ်ပေါင်း ရှမ်းလောင်းလေးလောင်းကို ဟောကြားတော်မူခဲ့ရတာ ဖြစ်ပါတယ်။

## ပဋိသန္ဓေနေခြင်းဆောင်ရဲ

မိခင်ဝမ်းထဲကို ရောက်နေတဲ့ သန္ဓေသားလေးဟာ ၃၈ ရက် ကြာတော့ ခက်ပေါ်ခြောက်ခွာထက်လေးတွေ ဖြစ်လာတယ်။ ဟားထက်ကလေးက လက်သီးဆုပ်ထားတာ အရွယ်ရှိလာခဲ့ပြီ။ ဒီအချိန်မှာ မိခင်က စော်တော်မျိုးနှင့် ခံရတယ်။ ဝမ်းတိုက်ထဲမှာ အပိုဝစ္စညီးရောက်လာတော့ အခကြောင့် တင်းကြပ်လာပြီး နေရဆိုင်ရတာ မသက်သာဘူး။

နောက်တော့ မိခင်လောင်းမှာ ဝါးခေါ့ တုပ်လာတယ်၊ သွေးတွေအလျှော့ကိန်ညှိပြီး လမ်းလျှောက်ရ ခက်လာတယ်။ ဆံပင်တွေကျွန်းတွေ ကြွေကျတယ်၊ မျက်လုံးတွေ ရီဝေ ရီဝေ ဖြစ်လာတယ်။ ရင်ဘတ်ကို ထွားဆိုတဲ့အတွက် မူးနောက်ပြီး အော့ချင်အန်ချင် ဖြစ်လာတယ်။ ဒါနဲ့ ဆေးရုံနဲ့ သွားပြတော့ ဆရာဝန်က စမ်းသပ် ကြည့်ပြီးတော့ "ညည်း သန္ဓေသား နှစ်လရှိပြီ" လို့ ပြောလိုက်တယ်။

ဆေးရုံပေါ်က နှစ်လရှိမှ ဆင်းပြန်နိုင်တော့မှာ၊ ဒါကြောင့် စမ်းသပ် ကြည့်ရှုရသေးတာ။ ဘုရားက စမ်းသပ်တာနဲ့ နှစ်လကြာပြီးတော့ ဆင်းသွားနိုင်တယ်၊ သန္တာသား နှစ်လမကိုင်ခင်က ဖြစ်စဉ်ကို အစ ကနေ ပြောပြနိုင်တော့မှာ။

သန္တာသားလေးက နောက်တော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တွေနဲ့ တောက်ပနေကြောင့် ဆံပင်တွေ ပေါက်လာတယ်။ လက်သည်း ခြေသည်းတွေ ပေါ်လာတယ်။ တဖြည်းဖြည်းကလည်း လှုပ်ခနဲလှုပ်ခနဲ လှုပ်လာတယ်။

ကိုးလလွယ် ဆယ်လလွယ်ဆိုတဲ့အတိုင်း သန္တာသားကလည်း မိခင် ဝမ်းတိုက်ကျဉ်းကျဉ်းလေးထဲမှာ ကျပ်ကျပ်တည်းတည်းနဲ့ ဆင်းရဲကြီးစွာ နေရတယ်။ မိခင်လောင်းကလည်း နေရခက် ထိုင်ရခက်နဲ့ အခက်ကို ဆင်းရဲတယ်။ သန္တာသားလေးနေရပုံ က 'အာဟောင်းအကျင် သက်အောက်ဝန်းရံ'ဆိုတဲ့အတိုင်း အစာ ဟောင်းအိမ်၊ အစာသစ်အိမ်တွေကြားထဲမှာ နေရတာ။ အစာသစ် တွေလေး ခေါင်းပေါ်ရွက်၊ အစာဟောင်းအိမ်ကို ရက်ထိုင်ပြီး နေရ တယ်။ နံနံစော်စော် ကျဉ်းကျဉ်းမြောင်းမြောင်းနဲ့ ဘယ်လောက် ဆင်းရဲလိုက်မလဲလို့။

“ကျဉ်းမြောင်းမည်းမှောင်၊ မိဝမ်းတိုက်တွင်” ဆိုတဲ့အတိုင်း မိခင်ရဲ့ ဝမ်းတိုက်ထဲမှာ မေးစေ့ကို လက်ကလေးတွေတင်၊ ဒူးနှစ်လုံးပေါ်တင် ပြီး ငုတ်တုတ်ကလေးနေရတယ်။ “ပုနှစ်ဖျကြား၊ ဦးခေါင်းထားလျက်၊ ကျောကိုဝမ်းပြု”တဲ့။ မိခင်ရဲ့ ရှေ့ဘက်ကို ခေါင်းလှည့်ပြီး နေရတယ်။ ချက်ကြိုးတနေတစ်ဆင့် အမေစားသောက်တဲ့ အာဟာရဓာတ်ကို မှီခိုနေရတယ်။

အာဟာရတော့ အမေကို မှီခိုနေရတော့ “အမိစားခါ၊ ပူအေးတလည်း၊ ကိုယ်သားစပ်ပါ”တဲ့။ အမေက ဆောက်မြင်

သူတေးချင်တာတွေ လျှောက်ဆိုတေးရင် အပူတလေး တားလိုက်ရင်လည်း တလေးလေး မှုစပ်မှုလောင် ခံရတယ်။ အမေအေးလားလိုက်ရင်လည်း ကျုံပြီးတော့ ပွတ်ခါသွားတာပဲ။ အမေက ရေခဲမုန့် စားလိုက်၊ ရေတ်သီးတွေ ချဉ်စပ်တွေ စားလိုက်နဲ့ လုပ်လေး တလေးလေး ခံရတာပဲ။ “အမေရယ် ဒါတွေ မစားပါနဲ့၊ ကျွန်တော် မခံနိုင်ဘူး” လို့လည်း ပါးစပ်ကပြော မအော်နိုင်တဲ့ဘဝနော်။ ဝမ်းသစ္စနေခြင်း ဆင်းရဲဟာ သိပ်ကြောက်စရာ ကောင်းပါတယ်၊ နောက်ထပ် မိခင်ရဲ့ ဝမ်းထဲမှာ ဝမ်းသစ္စ နေချင်သေးတဲ့သူများ သတိသာ ထားကြပေတော့။

## မွေးဖွားခြင်းဆင်းရဲ

မိခင်လောင်းတွေက ယောင်ယောင်ရှယ်ရှယ်၊ ဗျာပါတတ် ဘာမတတ်။ ပေါ့သူတာ မရှိတဲ့ခဲ့ အိမ်ထောင်သားမွေးလုပ်ကြတော့ ကလေးတွေမှာ သိပ်ဆင်းရဲတာပဲ။ အပူတမှုန်း အအေးတမှုန်း မသိ စားပစ်လိုက်တော့ ကလေးမှာ အခံရခက်လို့ “ငါတယ်တော့ သေမလဲ” လို့ ပွေးနေရတယ်၊ “အလဗ္ဗယ်မိ၊ ဖြွယ်ရိုလို့” ဆိုတဲ့အတိုင်း အလဗ္ဗယ်လတ်တဲရောက်နေတဲ့ ဖြွယ်လေးလို သူဖြုသစ္စ နေနေရတဲ့တာပေ။

သနွေသားက အစွတ်လေးရတော့ ထွက်နိုင်ရှားနိုင်လာတယ်။ အခန့်ရတဲ့ရင် ပြောင်းတက်လာတယ်။ အမေက ခေါင်းအောက် မဆောင်ရွှင်လို့ မနေနိုင် ခတိုင်ဖြစ်ပြီး ကလေးက အနေအထားပြောင်းတာကို အမေက မွေးတော့မယ်လို့ ထင်တယ်။ သူ ရက်လွှလ မနေသေးပါနဲ့တော့ မထွက်နိုင်သေးဘူးလို့ သူ မသိဘူး။

အလေ့ကျွယ်လော်ထဲရောက်နေတဲ့ ရှုံ့လို့ နိုင်ငံတော်စီးသေးရ တော့ ဝင်ဝန်းနွမ်းနယ်နေတယ်။ ခမ်းကြွဲသွိုက် ကျုံးကျဉ်းလေး ထဲမှာ ကုတ်ကုတ်ကွက်ကွင်း နေရလို့ ကိုယ်ဖိတ်နှတ်ပါး မချိမ်းသာ ပါဘူး။ ဒီကလေး ဈေးချိုနိုရောက်ပြီဆိုတော့ "လောကမ္ဘာ၊ ဦးဇောက်ချုလျှက်" တဲ့။ ဟဲကြောင့် ဖြစ်တဲ့သောက အကောက်ကနေ မွှတ်ချုလိုက်ပြော့ ကလေးက ဖောက်တိုးဖြစ်သွားတယ်။ မိခင် လည်း စစ်ရပ်နိုင်အောင် နာကျင်ပြီးတော့ "အောင်မယ်လေး၊ လုပ်ကြပါဦး" အော်တော့တာပဲ။ ဆေးရုံ့ကို အမြဲ လုပ်ကြပြီ။

ကမ္ဘာလေးက လည့်ချဉ်လိုက်တော့ ကလေးက ကျွမ်းပြန် ကျသွားတယ်။ သဒ္ဒယဝတ္ထုက နောက်သွားပြီ ရေလုပ်ရောက် ဖြစ်သွား တယ်။ အပြင်ရောက်သောပဲကလေးက ရုတ်တရက် အသံမထွက် နိုင်ဘူး။ အထဲမှာ ငြိမ်ငြိမ်မဆိမ်ဆိမ် ငိုက်တိုက်ဆိုက်ဆိုက် နေတာ ရာကနေ့ အပြင်က လေတိုက်လိုက်တော့ အသားအရေတလည်း နှုန်းနယ်နယ်ရို့ အဝိနဲ့ ထိုးသလိုနာသတဲ့။

ကလေးလေးပါတ်စ ဖောက်လိုးချော့တောက်နှင့်ချောင်းကိုင်ပြီး တော့ တင်ပါးကို ဖြန်းခနဲရိုက်လိုက်တော့မှ ပါဒယဝတ္ထုက လန့်နိုး သွားတယ်။ "အူဝဲ အူဝဲ" ငိုသံထွက်လာတယ်။ အူဝဲဆိုတာ အရှူ ဆိုတဲ့ ပါဠိက လာတာနေ့ဘ်။ ပါဠိလို အမူး ဖြန်မာလို အမေ အမေလို့ ခေါ်တာတဲ့။ အော်ဒီရာဇနိမျှားတော့ သာဓလောင်လာတဲ့ အခါ မိခင်က နို့ချိုတိုက်ကျွေးတယ်။ သူ့မှာ ဝင်ခန်းဆောင်ရဲ့ရွှန်း လို့ ငိုနေရှာပေမယ့် မိဘနွေးမျိုးတွေကတော့ ဝမ်းသာလွန်းလို့ ရယ်နေကြတယ် ပျော်နေကြတယ်။

## ဩဇာလေးပါး အာဟာရရုပ်

ကျမ်းဂန်စာပေများမှာ အာဟာရဆိုတဲ့ စကားက အစား အသောက်တွေလည်း အာဟာရလို့ ခေါ်တယ်နော်။ အာဟာရလို့ ခြောက်ဆိုက်ရင်လည်း အစာရှာ ဆောက်စရာလို့ နားလည်ဖို့ကြိုး သား။ **အာဟာရမှာ အာဟ**-အရွှန်း၊ **အာရ**-သခေါက်ဝယ်ကို ရွှေ့ရွာ ဆောင်တတ်လို့ အာဟာရ။ အစားအစာတွေလည်း အသက် ရှည်အောင် ဆောင်တတ်လို့ အာဟာရလို့ ခေါ်တာဖြစ်ပါတယ်။

အာဟာရသည် ရုပ်အာဟာရ နာမ်အာဟာရလို့ နှစ်မျိုး ရှိတယ်။ ရုပ်အာဟာရက ရုပ်တရားကို အသက်ရှည်အောင် ဆောင်ပေးတယ်။ နာမ်အာဟာရက နာမ်တရားကို အသက်ရှည် အောင် ဆောင်ပေးတယ်။

**ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရ ပစ္စယေန ပစ္စယော။**

ကဗဠီကာရဆိုတာ အစားအသောက်ကို ဆိုလိုပေမယ့် ဒီနေ ရာမှာတော့ ဩဇာရုပ်ကို အာဟာရလို့ ဆိုလိုတာပါ။ ဩဇာရုပ် ဟာ ကံ စိတ် ဥတု အာဟာရ အကြောင်းတရားလေးပါးကြောင့် ဖြစ်တာမို့လို့ ကမ္မဇဩဇာ၊ စိတ္တဇဩဇာ၊ ဥတုဇဩဇာ၊ အာဟာရ ဩဇာလို့ လေးမျိုးရှိပါတယ်။

ကမ္မဇဩဇာမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ အဆင်း အနံ့ အရသာ ဩဇာဆိုတဲ့ ရုပ်ရှစ်ခု ပါဝင်တယ်။ ဩဇဋ္ဌမက ရုပ်လို့လည်း ခေါ်တယ်။ ကမ္မဇဩဇာက ကမ္မဇရုပ်ကို ရှင်သန်အောင် လုပ်ပေးတယ်။ စိတ္တဇရုပ် အသက်ရှင် သန်အောင် လုပ်ပေးတာကတော့ စိတ္တဇ ဩဇာပေါ့။

ဥတုဇရုပ်ကလာပ်မှာပါတဲ့ ဩဇာရုပ်ကတော့ ဥတုဇ ဩဇာ ပေါ့။ သူက ပဋိသန္ဓေ တည်ကတည်းက ပါလာတဲ့ ရုပ်ပါ။ ပဋိသန္ဓေတည်စမှာ ဥတုဇကာယဆိုတဲ့ ခန္ဓာကိုယ် စဖြစ်တော့ဖြစ်တယ်။ အဲဒီ ဥတုဇကာယကို အသက်ရှင်နေသရွေ့ ဥတုဇဩဇာက ကျေးဇူးပြုသွားပါတယ်။

အာဟာရဩဇာက အဇ္ဈတ္တဩဇာနဲ့ ဗဟိဒ္ဓဩဇာလို့ နှစ်မျိုး ရှိတယ်။ အစားအသောက်တစ်ခုမှာ အပြင်ဘက်ကနေ စားလို့ သောက်လို့ရတဲ့ အပိုင်းကိုတော့ ဗဟိဒ္ဓဩဇာ၊ ခန္ဓာကိုယ်ထဲမှာ နဂိုကတည်းက ရှိနေပြီးသား ဩဇာကိုကျတော့ အဇ္ဈတ္တဩဇာလို့ ခေါ်ပါတယ်။ အပြင်ဩဇာနဲ့ အတွင်းဩဇာနှစ်ခုပေါင်းပြီးတော့မှ အတွင်းထဲက ရုပ်ကို တိုးပွားလာအောင် လုပ်ပေးတယ်။ ကမ္မ ကာရော အာဟာရရောဆိုတဲ့ ဩဇာရုပ်လေးခုဟာ ကမ္မဇကာယ၊ စိတ္တဇကာယ၊ ဥတုဇကာယ၊ အာဟာရဇကာယ ဆိုတဲ့ ခန္ဓာကိုယ်ကြီးကို ထောက်ပံ့ပေးခြင်းဖြင့် ကျေးဇူးပြုနေကြပါတယ်။

## နာမ်အာဟာရသုံးမျိုး

အာဟာရက ရုပ်အာဟာရ၊ နာမ်အာဟာရလို့ နှစ်မျိုးရှိတော့ ရုပ်အာဟာရရဲ့ ဤခန္ဓာကိုယ်ကြီးကို ကျေးဇူးပြုပုံကို ပြောပြချင်လို့

**ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရ ပစ္စယေန ပစ္စယော။**

လို့ ပြောခဲ့တယ်။ ရုပ်အာဟာရသည် ဤခန္ဓာကိုယ်ကြီးဆိုတဲ့ ကာယကို ထောက်ပံ့တယ်။ ကျေးဇူးပြုတယ်ပေါ့။ အဲဒီတော့ ဒီခန္ဓာကိုယ်ကြီးဟာ ကာယကိုရဲ့ ရုပ်တစ်မျိုးသက်သက် မဟုတ်ဘူး။ နာမ်တရားလည်း ရှိသေးတယ်။ ရုပ်နာမ် ခန္ဓာလို့ ဆိုထားတဲ့ အတိုင်း ရုပ်နဲ့နာမ် ပေါင်းထားတဲ့ ခန္ဓာကိုယ်ကြီး ဖြစ်တာပေါ့။

ခန္ဓာကိုယ်ကြီးထဲမှာရှိတဲ့ ရုပ်ကို ရုပ်အာဟာရက ထောက်ပံ့ကျေးဇူးပြုတယ်ဆိုရင် အဲဒီခန္ဓာကိုယ်ကြီးထဲက နာမ်ကိုတော့ ဘယ်သူက ထောက်ပံ့ပါသလဲ။ ရုပ်အာဟာရက ရုပ်ကိုထောက်ပံ့သလို နာမ်အာဟာရကလည်း နာမ်ကို ထောက်ပံ့ပါတယ်။

**အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။**

**အရူပိနော အာဟာရာ** — နာမ်အာဟာရတို့သည်။ **သမ္ပယုတ္တကာနံ ဓမ္မာနံ** — နာမ်နှင့်ယှဉ်တဲ့ တရားတို့အားလည်းကောင်း၊ **တံသမုဋ္ဌာနာနဉ္စ ရူပါနံ** — နာမ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကလာပ်ရုပ်တို့အားလည်းကောင်း၊ **အာဟာရပစ္စယေန ပစ္စယော** — အာဟာရပစ္စည်းနဲ့ ကျေးဇူးပြုတယ်။

နာမ်အာဟာရက နာမ်နဲ့ယှဉ်တဲ့ တရား၊ နာမ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ကလာပ်ရုပ်တရားတွေကို ကျေးဇူးပြုတယ်။ ထူးခြားတာက ရုပ်အာဟာရသည်ရုပ်ကိုပဲ အသက်ရှင်အောင် လုပ်ပေးနိုင်တယ်။ နာမ်အာဟာရကတော့ ရုပ်ကိုရော နာမ်ကိုရော အသက်ရှင်အောင် လုပ်ပေးနိုင်ပါတယ်။

နာမ်အာဟာရက ဖဿ၊ စေတနာ၊ ဝိညာဏ်ဆိုပြီးတော့ သုံးမျိုးရှိတယ်။ ဖဿာဟာရ၊ စေတနာဟာရ၊ ဝိညာဏာဟာရ ပေါ့။ အဲဒီသုံးမျိုးထဲမှာ ဝိညာဏအာဟာရကို ပဋိသန္ဓေ ဝိညာဏ် အာဟာရလို့လည်း ခေါ်တယ်၊ ပဋိသန္ဓေဝိညာဏ်စိတ်ကလေးက ဘဝတစ်ခုမှာ အစဆုံးဖြစ်တဲ့ စိတ်ကလေး အရေးပါလည်းကြီးပါတယ်။ အဲဒီစိတ်ကလေး ရှိနေလို့ ထောက်ပံ့ပေးလိုက်လို့ တစ်ဘဝလုံးမှာ ရုပ်တွေ နာမ်တွေ ဖြစ်နေရတာပါ။ နာမ်တရား အတွက် ဝိညာဏအာဟာရက အရေးအကြီးဆုံး ဖြစ်ပါတယ်။

ဖဿာဟာရဆိုတာက ဖဿစေတသိက်ပေါ့၊ တွေ့ဆိုတဲ့ အတွေ့အထိ။ သူက အာရုံခြောက်ပါးလုံးနဲ့ တွေ့ထိဖြစ်ပေါ်အောင် လုပ်ပေးတယ်။ ရုပ်ရုံနဲ့တွေ့ထိပေးလိုက်တော့ မြင်စိတ်၊ သဒ္ဒါရုံနဲ့ တွေ့ထိပေးလိုက်တော့ ကြားစိတ် စသည်ဖြင့် စိတ်တွေဖြစ်ပေါ် နေအောင် လုပ်ပေးတယ်။ ဖဿာဟာရကလည်း နာမ်တရားတွေ အသက်ရှင်အောင် ထောက်ပံ့ပေးတယ်။

နောက်တစ်ခုက ဝေဒနာ ဟာရလဲ။ ဝေဒနာ စေတသိက် ပေါ့။ ဝေဒနာက ခံစားပေးလိုက်လို့ လူတွေအလုပ် လုပ်နေကြတယ်၊ အသက်ရှင်သန်နေရတယ်။ ဝေဒနာသာ မရှိခဲ့ရင် လူတွေ ဘာတစ်ခုမှ ကောင်းသည်ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ လုပ်နေကြမှာ မဟုတ်ဘူး။ ဝေဒနာမပါရင် နာမ်တရား တွေ အသက်မရှည်ပါဘူးတဲ့။

အဲဒီတော့ နာမ်အာဟာရသည် ဖဿ၊ ဝေဒနာ၊ ဝိညာဉ်လို့ သုံးမျိုးရှိတယ်။ အဲဒီ နာမ်အာဟာရသုံးမျိုးသည် ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ နာမ်တရားနဲ့အတူ ရုပ်တရားကိုပါ အာဟာရပစ္စည်းအနေနဲ့ ကျေးဇူးပြုတယ်လို့မှတ်ပါ။

## ခန္ဓာညာဏ်ရောက် နာမ်အာဟာရ များများလျှ

**ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရ ပစ္စယေန ပစ္စယော။**

ယောဂီတို့တစ်တွေ အခုလို ရှင်သန်နိုင်အောင် ထောက်ပံ့ ပေးတဲ့ အကြောင်းတရားလေးပါးရှိတယ်၊ အဲဒါတွေကတော့ ကံ စိတ် ဥတု အာဟာရတဲ့။ နောက်တစ်ခါ ပဋိသန္ဓေစိတ်ကလည်း ရုပ်တည်နိုင်အောင် ထောက်ပံ့ပေးတယ်။

ကဗဠီကာရအာဟာရ ရုပ်တရား၊ အရုပ်ဓာတ် အာဟာရ

က နာမ်တရား။ ရုပ်နဲ့နာမ်။ ကံစိတ်ဥတု အာဟာရတွေကလည်း ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူး။ ခန္ဓာအကြောင်းတရားလေးပါးက ပေါ်သည်၊ ရုပ်နာမ်နှစ်ပါးက ပစ္စယုပ္ပန်။ အကြောင်းနဲ့အကျိုး ဖြစ်ပါတယ်။ အကြောင်းခန္ဓာရဲ့ ဖြစ်ပြီးမှုကြောင့် ဖြစ်လာတဲ့အကျိုး တရားသည် ခန္ဓာပါပဲ။ ခန္ဓာတရားသည် တစ်ဆုပ်ထဲမှာ ရှိတာ မဟုတ်ဘူး။ ခန္ဓာမှာရှိတော့ တဆုပ်က ခန္ဓာရဲ့မှတ်တမ်း ဖြစ်ပါတယ်။

နာမ်အာဟာရဆိုတာ အာရုံနဲ့ဒွါရတိုက်လို့ ပေါ်လာရတာပါ။ အသက်အရွယ်ကြီးတော့ ပုဂ္ဂိုလ်များ စိတ်ခန့်ခေါ် ရပ်တည်နေတာဟာ နာမ်အာဟာရဆိုတဲ့ စိတ်တင်းထားလို့ပါပဲ။ "စိတ်ကောင်းတော့ ကိုယ်ကြံ့၊ စိတ်ပျော့တော့ ကိုယ်နွ"ဆိုတာလို သာမာ သွားလာရပ်တည်နိုင်အောင် နာမ်အာဟာရဆိုတဲ့ စိတ်က ထောက် ရှုကပ်ပေးနေတာပါ။

ခန္ဓာကိုယ်ကြီး တည်တံ့အောင် ကမ္မဇာတရုပ်တရား ဆိုတဲ့ ရုပ်တရားတွေကလည်း ကျေးဇူးပြုတယ်၊ အရှင်နေ အာဟာရဆိုတဲ့ နာမ်တရားတွေကလည်း ကျေးဇူးပြုတယ်။ ရုပ်အာဟာရ အရေးကြီးသလို စိတ်အာဟာရ နာမ်အာဟာရလည်း အရေးကြီးပါတယ်။ အခုလို တရားနာနေတာ တရားအားထုတ်နေတာတွေဟာ နာမ်အာဟာရ တိုက်ကျွေးနေတာပါပဲ၊ သီလ သမာဓိ ပညာ သိက္ခာ သုံးပါးနဲ့ ပြည့်စုံနေတာတွေလည်း နာမ်အာဟာရပါပဲ။ သီလ သမာဓိ ပညာ အားကောင်းလေ ခန္ဓာကိုယ်ကြီး ကျန်းမာလေ။ လောဘဒိဋ္ဌိတွေ လောင်းတဲ့ အကုသိုလ်တွေများလေ ခန္ဓာကိုယ်ကြီး ဆိုးလေဖြစ်ပါတယ်။ ဒါကြောင့် ယောဂီတို့ သစ်တွေ ရုပ်ပျို ပျိုချင်တယ်ဆိုရင် နာမ်အာဟာရတွေများ ကျွေးပါ။ နာမ်အာဟာရ ဖြစ်တဲ့ ခန္ဓာဥာဏ်ရောက်အလုပ်ကို များများလုပ်သွားရပါမယ်။

## အကြောင်းမဲ့ အကျိုးမရှိသော ရှိပါသည်

ယောဂီတို့ရဲ့ ဓမ္မကိုယ်ကြီးသည် ရုပ်နဲ့နာမ်နှစ်မျိုးတည်းပဲ ရှိပါတယ်။ ရုပ်မှာလည်း ရုပ်ဖြစ်ကြောင်းရှိတယ်၊ နာမ်မှာလည်း နာမ်ဖြစ်ကြောင်း ရှိတယ်။ အကြောင်းမဲ့ကြောင့် ဖြစ်လာတဲ့ အကျိုးမရှိတွေ ရှည်းပါဲ၊ အကြောင်းအကျိုးပဲရှိတယ်။ ဘယ်နတ် ဘယ်သိကြား ဘယ်ဗြဟ္မာမှ ဖန်ဆင်းပေးထားတာ မဟုတ်ပါဘူး။


ဗြဟ္မာ သိကြား၊ ဝေဒည်ရှုးက
သင်ရှုးမြှုပြင်၊ စီရင်ဖန်ဆင်း
အကြောင်းရှင်းကြောင့်၊ လူနတ်များမှာ
သတ္တဝါတို့၊ ဖြစ်လာရမှု
မဟုတ်ဟု၊ ဉာဏ်မြင် ရှုရှောင်၊

အကြောင်းမဲ့ကြောင့် အကျိုးမရှိ ဖြစ်တယ်လို့ သိလိုက်ရင် အကြောင်းမဲ့ အပေါ်မှာ ဉာဏ်ရှင်းတဲ့အတွက် ဝိစိကိစ္ဆာခေသ တယ်။ ကံ စိတ် ဥတု အာဟာရ အကြောင်းလေးပါးကြောင့် ဖြစ်တယ်လို့ သိလိုက်ရတဲ့အတွက် ဘာဝရ ဖန်ဆင်းတာလည်း မဟုတ်ဘူး။ အတ္တကောင် လိပ်ပြာလေး ရှိတယ်ဆိုတာလည်း မဟုတ်ဘူးလို့ ဉာဏ်နဲ့သိမြင် အမြင်ရှင်းသွားတဲ့အတွက် ဝိစိကိစ္ဆာ ပေါ်းလော ယုံမှားဖြစ်နေစရာ မရှိတော့ပါဘူး။ အခုလို သိလိုက်ရ တာဟာ ဘုရားရှင်တော် မွှန်ပေါ်တော်မူလို့ ဘုရားလောင်းကြီးတော် မူလို့သိရတာ ဖြစ်ပါတယ်။

အကြောင်းတရားဖြစ်တဲ့ ကံ စိတ် ဥတု အာဟာရ အပေါ်မှာ ဉာဏ်ရှင်းတော့ ဝိစိကိစ္ဆာလေသတယ်။ အကျိုးတရားဖြစ်တဲ့ နာမ်ရုပ် အပေါ်မှာ ဉာဏ်ရှင်းတော့ ဒိဋ္ဌိပြုတ်တယ်။ ဒီနေရာကနေ ရှိနေတဲ့ ရုပ်တရား နာမ်တရားတွေဟာ ပြုပြင်လိုက် ပျက်စီးလိုက်နဲ့

သွားနေတယ်။ မြူမြင်တာက သင်္ခါရ၊ ပျက်စီးတာက နိစ္စ။ “သင်္ခါရာ သဿတာ နတ္ထိ” ဆိုတဲ့ အတိုင်း သင်္ခါရတရားမှန်ရင် မြဲတယ်လို့ မရှိဘူး။

မြူမြင်တာသမျှ ဖြစ်ပြီးရင် ပျက်စီးမယ်၊ မွေးပြီးရင် သေမယ်။ ဒါကြောင့် ခန္ဓာက ဖြစ်ပျက်၊ ရှုတဲ့ညာဏ်က မဂ်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ညာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့ ဒိဋ္ဌိသုံးမျိုးက သမုဒယသစ္စာ၊ သမုဒယရဲ့ ချုပ်ရာ ငြိမ်းရာက နိရောဓသစ္စာ ဆိုပြီးတော့ သစ္စာလေးချက် ဆိုက်သွားပါပြီ။



# ၁၆။ ဣန္ဒြိယပစ္စည်း

## ဣန္ဒြိယပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်

ဣန္ဒြိယပစ္စည်းအကြောင်း ဟောကြားပြကြရာမှာ ရှေးဦးစွာ ဣန္ဒြိယပစ္စည်းရဲ့ ပစ္စယနိဒ္ဒေသပါဠိတော်ကြီးကို ရွတ်ဆိုပူဇော်ကြမယ်။ ရှင်တော်မြတ်ဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ဖူးမြော်မှန်းမြော်ပွားနိုး ဘုရားတော်ကြီးကို ရှိခိုးပူဇော်ကြရအောင်ပါ။

ဣန္ဒြိယပစ္စယောတိ—

စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

## ဣန္ဒြေ နှစ်မျိုးရှိတယ်

ဣန္ဒြိယပစ္စည်းဆိုတာက အစိုးရတယ်လို့ ပြောတာနော်။ ဒါ့ကြောင့် ဣန္ဒြိယ ဖြစ်နေတာလိုပြန်လိုက်တော့ ဣန္ဒြေတဲ့၊ ဣန္ဒြေတွေ က သယ်ဆောင်တောင်ရှိတယ်၊ အဘိဓမ္မာမှာ (၂၂)ပါးတောင် ပြထားတယ်။ လိုရင်းပြောရရင် ရုပ်ဣန္ဒြေနဲ့ နာမ်ဣန္ဒြေ နှစ်ပါးပဲ ရှိတယ်။ သတ္တဝါတွေရဲ့ ခန္ဓာကိုယ်ကို ကြည့်လိုက်တဲ့အခါ ရုပ်နဲ့ နာမ် နှစ်မျိုးပဲရှိတယ်။ ဣန္ဒြေဆိုတာက အစိုးရတာ၊ ဒီတော့ ရုပ်ကို အစိုးရတဲ့ ဣန္ဒြေက ရုပ်ဣန္ဒြေ၊ နာမ်ကို အစိုးရတဲ့ ဣန္ဒြေက နာမ် ဣန္ဒြေလို့ ခေါ်ရမယ်။

ရုပ်ဣန္ဒြေ၊ နာမ်ဣန္ဒြေ နှစ်မျိုးထဲမှာ ရုပ်ဣန္ဒြေက ရှစ်ပါး ရှိတယ်တဲ့။ အဘိဓမ္မာဆိုင်ရာတာတွေနော်။ အဲဒီရှစ်ပါးထဲမှာ ဣတ္ထိန္ဒြေ နဲ့ ပုရိသိန္ဒြေ နှစ်ပါးက ပဋ္ဌာန်းပစ္စယနိဒ္ဒေသမှာ မပါဘူး။ ဘာဖြစ်လို့ မပါတာလဲဆိုရင် အဲဒီနှစ်ပါးက ဣန္ဒြိယပစ္စည်း မတော် လို့။ "ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ ဝေဒနာ" မပါဘဲ ပဋ္ဌာန်းပါဠိ ပေတ်ကြီးမှာ ဟည့်ကြီးတော့ မဟောထားတာနော်။

ဣန္ဒြေဆိုတာ အစိုးရတာကို ခေါ်တာပဲ။ စက္ခု ဣန္ဒြေက မြင်တာအစိုးရတယ်၊ သောတိန္ဒြေက ကြားတာအစိုးရတယ်၊ ဃာနိန္ဒြေ က နံတာအစိုးရတယ်၊ ကာယိန္ဒြေက ထိတာအစိုးရတယ်။ အဲဒါက ပသာဒရုပ် လေးပါးနော်။ နောက်တစ်ခါ ရူပဇီဝိတိန္ဒြေ တဲ့။ အဲဒါက ဇီဝိတရုပ်ကို ပြောတာပဲ။ အဲဒီတော့ အဘိဓမ္မာမှာ ရုပ်ဣန္ဒြေ

ရှစ်ပါးရှိပေမယ့်၊ ပဋ္ဌာန်းဗေဒကျတော့ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ရုပ်ဇီဝိတိန္ဒြေလို့ ခြောက်မျိုးပဲ ရှိတယ်။

နာမ်ဣန္ဒြေကျတော့ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်မှာ အရူပိနော ဣန္ဒြိယာလို့ပဲပြောတယ်။ နာမ်ဣန္ဒြေလို့ တစ်ခုတည်း ပြောလိုက်တာ။ အသေးစိတ်ကျတော့ ၁၅ ပါးတောင် ရှိတယ်တဲ့။ ဇီဝိတိန္ဒြေ၊ မနိန္ဒြေတဲ့။ ဇီဝိတိန္ဒြေက နာမ်ဇီဝိတကိုပြောတာ၊ မနိန္ဒြေက စိတ်ကိုပြောတာ။ နောက်တစ်ခါ ဝေဒနာလိုပဲ သုခိန္ဒြေ ဒုက္ခိန္ဒြေ စသည်ဖြင့် ငါးပါးဖြစ်တယ်။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတွေလည်း ဣန္ဒြေတွေပဲ။ နောက်ထပ် ပညာနဲ့ ပတ်သက်တဲ့ ဣန္ဒြေတွေ သုံးပါးရှိသေးတယ်၊ အသေးစိတ်မှာ နာမ်ဣန္ဒြေ ၁၅ ပါးလို့ ပြောပေမယ့် ပဋ္ဌာန်းမှာကျတော့ နာမ်ဣန္ဒြေတစ်မျိုးတည်း ပေါင်းပြီး ခေါ်တယ်။ 'အရူပိနော ဣန္ဒြိယာ'တဲ့။

အဲဒီတော့ ဣန္ဒြိယပစ္စည်းမှာ ရုပ်ဣန္ဒြေ၊ နာမ်ဣန္ဒြေလို့ နှစ်မျိုးရှိတယ်။ ဣန္ဒြိယရဲ့ အဓိပ္ပာယ်က အစိုးရတယ်ဆိုတော့ ရုပ်ဣန္ဒြေက ရုပ်ကိုအစိုးရမယ်၊ နာမ်ဣန္ဒြေက နာမ်ကို အစိုးရမယ်။ အစိုးရတဲ့အတွက် ဣန္ဒြိယပစ္စည်း ခေါ်တယ်လို့ သဘောပေါက်ရအောင်နော်။

## ဣန္ဒြိယပစ္စည်းနဲ့ အဓိပတိပစ္စည်း

ဣန္ဒြိယပစ္စည်းက အစိုးရတယ်ဆိုတော့ ပဋ္ဌာန်းမှာ ရှေ့က ပြောခဲ့တဲ့ အဓိပတိပစ္စည်းကလည်း အကြီးအမှူးပဲ။ အကြီးအမှူး ဆိုတော့ ဘာလည်း အစိုးရတာပဲပေါ့။ ဒီပစ္စည်းနှစ်ခုက အဓိပ္ပာယ်

ဆင်တူနေတယ်။ အစိုးရတာနဲ့ အကြီးအကျယ်လို့ ထွေးသလဲ ကြည့်ရအောင်။

အဓိပတိပစ္စည်းက စကြဝတေးမင်းနဲ့ တူတယ်တဲ့။ စကြဝတေးမင်းက တစ်ကမ္ဘာလုံးကို အစိုးရသလို အဓိပတိပစ္စည်းက လည်း ပစ္စည်းတစ်ခုတည်းထားလိုက်ရင် ပြီးသွားပြီ။ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ ဆိုတဲ့ အဓိပတိလေးပါးလုံး တစ်ခါ မရလိုက်ဘူး။ ဆန္ဒာဓိပတိဖြစ်လိုက်ရင် ကျန်တဲ့ ပစ္စည်းတွေ တစ်ခုမှ မလိုတော့ဘူး။ အဲဒါကို အကြီးအကျယ်ကို ပြောတာနော်။

ဣန္ဒြိယပစ္စည်းကျတော့ ဒီလိုမဟုတ်ပြန်ဘူး။ ဣန္ဒြေတစ်ခု ပါရင် တစ်မျိုးပဲ အစိုးရတယ်။ စက္ခုန္ဒြေက စက္ခုဝိညာဉ်ကိုပဲ အစိုးရတယ်။ သောတိန္ဒြေကို အစိုးရမရဘူး။ ကိုယ့်နေရာနဲ့ကိုယ် တော့ ပိုင်ပိုင်နိုင်နိုင် အစိုးရကြတာ။ မြင်တဲ့ကိစ္စမှာ စက္ခုန္ဒြေက ပဲ လုပ်နိုင်တယ်။ ကြားတဲ့ကိစ္စမှာ သောတိန္ဒြေကပဲ လုပ်နိုင် တယ်။ သောတိန္ဒြေက မြင်အောင် မလုပ်နိုင်ဘူး။ မြင်ဖို့က စက္ခုန္ဒြေရဲ့ကိစ္စ၊ ကြားဖို့က သောတိန္ဒြေရဲ့ကိစ္စ၊ အဲဒီလို တစ်ခုချင်း အစိုးရတာက ဣန္ဒြိယပစ္စည်း ဖြစ်ပါတယ်။

## ကံမျက်လုံးနဲ့သော်လည်း ဉာဏ်မျက်လုံး လင်းရမယ်

ဣန္ဒြိယပစ္စည်းက ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ၊ သဟဇာတိန္ဒြိယ ဆိုပြီးတော့ သုံးမျိုးရှိပါတယ်။ ရှေးက ဖြစ်နှင့်ပြီးမှ အစိုးရတာက ပုရေဇာတိန္ဒြိယတဲ့။

လောကီတို့ရဲ့ သန္တာန်မှာ မျက်လုံးအကြည်၊ နားအကြည်စတဲ့ အကြည်ဓာတ်တွေ ရှိမနေနှင့်ရင် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်တွေ

ဖြစ်မလာနိုင်ဘူး။ မျက်လုံးအကြည်၊ နားအကြည်ဆိုတာတွေက ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ားမိန်းမတွေ၊ ရုပ်တရားတွေဆိုတော့ ရုပ်တရားပေါ့။ ရုပ်တရား၏ သတ္တိအတိုင်း ရုပ်ဆိုတာက ဖောက်ပြန်တဲ့သဘောရှိတယ်။ ဆိုင်ရာဆိုင်ရာ ရုပ်တရားက ဆိုင်ရာ ဆိုင်ရာ နာမ်တရားကိုပဲ လက်ခံနိုင်တယ်။ အဲဒီလို လက်ခံဖို့ရာ လည်း ရုပ်တရားက အရင်ဖြစ်နှင့် နေပါတယ်။ မြင်စိတ်ပေါ်ဖို့ရာ မျက်လုံးအကြည် ရှိနှင့်ရမယ်။ မြင်စိတ်ကလည်း မျက်လုံး အကြည်မှာပဲ ဖြစ်ပေါ်တာကိုး။ မျက်လုံးအကြည်ကို ကျော်လွန်ပြီး တော့ ဖြစ်လို့မရဘူး။

မျက်လုံးအကြည်ဟာ သူ့က ရှေ့က ဖြစ်နှင့်ပြီးမှ လွှမ်းမိုး အုပ်ချုပ်အမိုးရတဲ့အတွက် ပုရေဇာတပစ္စယလို့ ခေါ်ပါတယ်။ ပုရေဇာတပစ္စယက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုပြီးတော့ ခြောက်မျိုးရှိတယ်။ ဒီခြောက်မျိုးကို အချုပ်ချုပ် လိုက်တော့ ရုပ်နဲ့နာမ်ပဲ ရှိပါတယ်။ ရုပ်တရားတွေမှာလည်း သူ့အလိုလိုဖြစ်လာတာ မဟုတ်ဘူးနော်။ အကြောင်းတရားကြောင့် ဖြစ်လာရတယ်။ အကြည်ရုပ်လေးတွေက ကံကြောင့်ဖြစ်တဲ့အတွက် ကမ္မဇရုပ်လို့ ခေါ်တယ်။

အတိတ်က ကုသိုလ်ကံအကြောင်း အထောက်အပံ့ ရှိခဲ့တဲ့ အတွက် ယောဂီတို့မှာ အကြည်ရုပ်တွေ အင်္ဂါခြောက်တွေ ပြည့်ပြည့်စုံစုံ ရှိကြတယ်။ ရှေးကုသိုလ်ကံမကောင်းလို့ မျက်စိ ကွယ်ရတာ နားမကြားရတာ အင်္ဂါခြောက် မပြည့်စုံရတာတွေ ရှိတယ်နော်။ ဘုန်းကြီးဆိုရင် နှစ်နှစ်သားအရွယ်မှာ မျက်စိသဲ ဝက်သက်ပေါက်ပြီးတော့ မမြင်ရတဲ့ ဖြစ်နေတာ၊ ငါးနှစ်သား အရွယ်ရောက်မှ ပြန်မြင်ပါတယ်။ ဒါကြောင့် သူများတွေလို ပကတိအတိုင်း ကြည်ကြည်လင်လင်မြင်ရတာ မဟုတ်ဘူး။

ကံမျက်လုံးမွဲခဲ့ပေမယ့် ကျေးဇူးတော်ရှင် ပေဟာလေးရွာရဲ့ ဆရာတော်၊ မိုးကုတ်ဆရာတော်ဘုရားကြီးတွေရဲ့ အဆုံးအမတော်ကြောင့် ဉာဏ်မျက်လုံး ပွင့်ခဲ့ရတယ်၊ အဲဒီအတွက် ဘုန်းကြီးသိပ်ကျေနပ် ပါတယ်။ ကံမျက်လုံးမွဲပေမယ့် ဉာဏ်မျက်လုံး အလင်းရခဲ့ကြ ယောဂီတို့ကို ခုနလို ကျေးဇူးဆပ်ခွင့်ရခဲ့တာပေါ့။ အဲဒီတော့ ယောဂီတို့ ဘယ်လိုဖြစ်ဖြစ် အားမလျှော့ကြပါနဲ့၊ ဉာဏ်မျက်လုံး ပွင့်အောင် ဓမ္မဉာဏ်စောက် ကြိုးစားသွားကြဖို့ပဲ လိုတယ်။

## ရှေးက ကြိုတင်ကျေးမွေးပြုခဲ့တဲ့ ဓိဋ္ဌာန်ပါ

ယောဂီတို့ ခုလို လူ့ဘဝရနေတုန်း၊ သာသနာတော်ကြီးနဲ့ ကြုံခိုက် ဆရာကောင်းသမားကောင်းတွေ တွေ့နေရတုန်းမှာ ဓမ္မဉာဏ်စောက် ကြိုးစားသွားခဲ့ကြပါ၊ နောက်ပေါ် ဉာဏ်မရောက်ရင်တော့ ဒီဘဝ လူ့ဘဝနောက်ဆုံးဖြစ်ချင် ဖြစ်နေမှာနော်။ လူ့ဘဝဆိုတာ ငါးမျှားပေါက်က မှန်ညည်းနေလိုပဲ တင်တင်ကလေး တင်နေတာပါ။

ယောဂီ ဒီလောကကြွင်းလေတဲ့ကတော့ ကံနဲ့ဆိုင်ပါတယ်။ ဒီလောက ကျေးဇူးတော်ရှင်တို့လည်း အားမလျော့ကြပါနဲ့၊ ကံမွဲပေမယ့် ဉာဏ်ပွင့်အောင် ကြိုးစားသွားဖို့ပဲ လိုပါတယ်။ ဆင်းရဲပင်ပန်းတာနဲ့ သားသမီးတွေကို ပူလောင်ကျူးကျော်ရတဲ့ဘဝက ဒီဘဝနောက်ဆုံး ဖြစ်ရမယ်။ ဗိုလ်ရှုပမျှောင် နေ့မမျှောင် ပင်ပန်းလှ ပင်ပန်းခဲ့ရတဲ့ဘဝ ဒါနောက်ဆုံး ဖြစ်ရမယ်။ နောက်ဘဝ နောက်ဘဝတွေမှာ ဝါသနာ ဘဝနောက်ဖြစ်လာရင်လည်း ရှေ့ပါနဲ့ အေးချမ်းတဲ့ဘဝ ဖြစ်ရမယ်လို့ ယနေ့ကြွေးနဲ့ရတာပေါ့။ ရှေ့ဘဝနဲ့ ဆောင်ရွက်တဲ့ဘဝဆိုတာ ငွေရတဲ့ကာ ဘဝကြိုတင်ရှေ့ကြို ဖေဖေတယ်နိုင်လို့ ဆိုလိုပါတယ်။

ပိသာတောပန်းဖြစ်အောင်သာ ကြိုးစားကြပါ။ ပေဘေတာပန်းတာဝန် စနွာ ရုပ်ရှင်ကောင်— အလှန်ဆုံး ရုန်းတာဝဲ ရှိပါတယ်။

မိဘနဲ့ သားသမီးမှာတည်း ပုရေစာဝဏ်ဖြိုး ဖွဲ့ညီးပါတယ်။ မိခင်တွေမှာ ဒီတားဒီဘိ ကိုယ်ဝန်လွယ်ထားစဉ် ဆိုကတည်း က မွေးတော့လွှတ်နေရတာနော်။ မိုက်ကလေး ရွတ်ရွတ်ပြီးတော့ "ကြာ သားလိမ္မာလေး မွေးပါစေ၊ သမီးလိမ္မာလေး မွေးပါစေ သားယုတော်ကောင်း သမီးယုတော်ကောင်းလေး ဖြစ်ပါစေ။ သား ရတနာ သမီးရတနာဖြစ်ပါစေ" လို့ မွေးတော့လေးနေတယ်၊ ကိုယ်ဝန်ကလေး ရင့်လာလေလေလည်း မြောင်း သားရတနာ သမီးရတနာ ဖြစ်ရတော့မယ်ဆိုပြီး မှဒီတာတွေများလို့။ အဝှဲအခါ အစပ်ကလေးများ ဘားလိုက်ရင် လေလေးများ ဂုဏ်မှရောက်သွားလေ လေသလို ပုံညာပြီးတော့ ထားချင်သာ မသာတဲ့ ရှောင်တယ်၊ ဘယ်ကာလေတွေ ရှားနေတယ်။ ဒါ ပုရောဂါဖြိုးသ ဖွဲ့ညီးအစနှံ့ တွေးနှုးဖြုံနေတာနော်။

ဒီကလေးလေး မွေးဖွားရှင်သန်ဖို့တာရအောင် မိခင်ဖိတ် မွေး ပြီးတော့ ဝမ်းကြာလိုက်ထဲက ကလေးလေးရကြည်လေးကို တည် ဆောက်ခွင့် ပြုထားတယ်။ မိခင်မိဝမ်းမရှိရင် ဒီကလေးလေးကြည် လေး တည်ဆောက်ခွင့် မရှိဘူး။ အစမရဲ့ မေတ္တာနဲ့ ဆောင်ရွက် ပေးခဲ့ရင် မွေးလာကိုယ်ထဲမှာ အမျိုးမျိုးသော အကြောင်းတရားတွေနဲ့ ကိုယ်ဝန်ပျက်ကျသွားနိုင်သတဲ့။ ရှစ်ဆီသေးဆိုတဲ့ ကလေးလေးကြည် လေးနဲ့ နှစ်ဖီဒီဝင်သာဆိုတဲ့ ငရုံသခွေ့ဥညာဏ်ဖိတ်ဆိုတဲ့ အတောင် ကလေးမျက်အောင် ဆောင်ရွက်ပေးတဲ့ အမိအဘတွေရဲ့ ပုဂ္ ဆောင်ဖြိုးသပ္ပညီးနဲ့ တွေးနှုးဖြုံပေးတာပဲပေါ့။

လောကီတို့တစ်ခွေ ဒေါ်ပေါက်နှမ်ဝတိုး ပရိုးလတ်နှစ်သတ် လူနှမ်းသတ်ကာဆ ဘာသာဂနေ ပေါ်တာအလေယ်မှာ အသိဥာဏ်တွေ

ကြွယ်ပြီးတော့ လှတာစိုလုံး လှတာငိုလုံး ဖြစ်လာခဲ့တာ မိဘတွေရဲ့ ကျေးဇူး။ မွေးမွေးပြီး အပြင်ရောက်လာတော့ ရုပ်ခိုင်ခိုင် နာမ်ခိုင်ခိုင် ရှင်ကိုလည်း၊ စောင့်ရှောက်ရ၊ နာမ်ကိုလည်း စောင့်ရှောက်ရနဲ့ မိဘတွေရဲ့ ကျေးဇူးဟာ ဆပ်လို့မကုန်နိုင်အောင် ကြီးမားလှပါ တယ်။ သားသမီးတွေက ဖြန့်ပြီး ကျေးဇူးဆပ်ဖော်ဆပ် မပေးရှာသေး ဘဲနဲ့ ကြိုတင်ပြီးတော့ စောင့်ရှောက်ပေးနေတာ ပုရေစာပေါ်မှာ မစွန်းပါဘဲ။

## မိဘကောင်းမှ သားသမီးလိမ္မာမယ်

ယောဂီတို့ အခုတရားနာနေတာ အသက်ရှူတဲ့နေရာ အသက်ရှူပြီးတော့ တရားနာတာပေါ့။ ရှူရင်းနဲ့ တရားနာနေကြ တယ်။ ရှူရင် ရှူမိတ်ဖြစ်တယ်၊ ရှိုက်ရင် ရှိုက်မိတ်ဖြစ်တယ်။ ရှူမိတ် ရှိုက်မိတ်တွေက ယောဂီတို့တစ်တွေ သွားလာနေထိုင် လှုပ်ရှားနိုင်အောင် စောင့်ရှောက်ပေးနေတယ်၊ ကျေးဇူးပြုပေးနေ ပါတယ်။

စောင့်ရှောက်တာကို မိဘတဲ့။ မိဘတွေက သားသမီးကို မွေးခင်ကတည်းက မေတ္တာ ကရုဏာ မုဒိတာတရားတွေနဲ့ သားကောင်း သမီးကောင်းလေးရလာဖို့ စောင့်ရှောက် ခဲ့ကြတယ်။ ဒီသား ဒီသမီးလေး လူတော်လူကောင်းဖြစ်ပါစေဆိုတဲ့ ရည်မှန်းချက်ထားပြီးတော့ ရင်ထဲက ဝမ်းဗိုက်ထဲက သားသမီး အတွက် ဒါနတွေပြု သီလတွေ ဆောက်တည်ခဲ့ကြတယ်။ သဒ္ဓါ သီလ သုတ စာဂပညာစတဲ့ သူတော်ကောင်းတရားတွေ ပွားများ ပြီးတော့ သူတော်ကောင်းလေးတွေ ဖြစ်ပါစေလို့ ရည်မှန်းခဲ့ကြ တယ်။

မွေးလာတဲ့ သားသမီးဟာ မိဘတွေရဲ့ အပြုအမူပေါ်မှာ မူတည်ပြီးတော့ သူတော်ကောင်း သူယုတ်မာရယ်လို့ ဖြစ်လာကြရတာပါ။ အဲဒါ ဘာဝနာပဋိသန္ဓေသဘာဝလို့ ခေါ်ပါတယ်။ မိဘတွေမှာ သားသမီးသူတော်ကောင်းလေးတွေ မွေးလာအောင်လို့ သူတော်ကောင်းတရားတွေ ကျင့်ကြံနေတဲ့အပြင် မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေလည်း ရင်ထဲမှာ အမြဲထား ရှိတယ်။ အစားမှားရင် ငါ့ဝမ်းထဲက ကလေးဒုက္ခရောက်ရချေရဲ့ ဆိုပြီး အလကားရတဲ့ ပစ္စည်းတောင် မဟုတ်ကလို့ မစားဘူး။ ဥပေက္ခာ ပြုလိုက်ရတယ်။ အဲဒီလို ဗြဟ္မစိုရ်တရားလေးပါးလုံး ညီညွတ်အောင် ကျင့်သုံးနိုင်ကြလို့ မိဘတွေကို ဗြဟ္မာကြီးတွေနဲ့ တူတယ်လို့ ပြောတာပေါ့။ "ပုဗ္ဗာစရိယ၊ ဗြဟ္မာတိ" တဲ့။

မွေးခင် မမွေးခင် ရှေးကတည်းက မိဘတွေက သားသမီးကို စောင့်ရှောက်ခဲ့တယ်။ မိဘမရှိဘဲ သားသမီးဖြစ်လာနိုင်စရာ အကြောင်းမရှိဘူး။ အဲဒါက ပုဗ္ဗကာရီပဲ။ မိဘတွေရဲ့ စောင့်ရှောက်မှုနဲ့ လူဖြစ်လာရတာက ပုဗ္ဗကာရီပဲ၊ မိဘဆိုတဲ့ မိတ်ကောင်းဆွေကောင်းကြောင့် သားလိမ္မာ သမီးလိမ္မာ ဖြစ်လာရတာက သဟာယကာရီပဲလို့ မှတ်ရမယ်။

## ဝဋ်ဝတ် ကျွတ်တဲ့ ဘုရားမဟောပါ

သဟာယကာရီဖြစ်ဆိုတာ အတူတွေ ဖြစ်ပေါ်ဖွံ့ဖြိုးကာ တရားတွေကို ကြီးထိုးတယ်၊ စောင့်ရှောက်တယ်။ ချက်စိတဲ့ လူခြေတွေကို စောင့်ရှောက်ဆိုနှိုးထိန်းတာနဲ့ တော်သတ်ပြီးတော့ ဥစ္စာဂုဏ်ကို အဆောက်အအုံ လောကကိစ္စနှင့်ရှိတယ်၊ ရှင်တော်မြတ်ဘုရား ထံ ရောက်လာတဲ့ ဥစ္စာရှင်လင်ကို မြတ်စွာဘုရား "မင်းတို့ရဲ့

ကျောက်ကြီးက မျက်လုံးပေါက်ကနေ လောဘ ဒေါသ မောဟတွေ ဝင်မလာအောင် ဘယ်လို စောင့်ရှောက်ရမယ်၊ ဘယ်လို ထိန်းသိမ်းရမယ်၊ ဘယ်လို အစိုးရမယ်လို့ ခင်ဗျားတို့ဆရာတော်တွေကို သင်ကြရှိသလဲ”လို့ မေးတော့ ဥက္ကဋ္ဌပုဂ္ဂိုလ်က “သံဃာတော်တို့ ကျောက်ကြီးက မျက်လုံးပေါက်ကနေ လောဘ ဒေါသ မောဟတွေ ဝင်မလာအောင် မျက်လုံးပိတ်ထားပါ၊ နားပေါက်က လောဘ ဒေါသ မောဟ မလာအောင် နားပိတ်ထား၊ နှာခေါင်းပေါက်က မလာအောင် နှာခေါင်းပိတ်ထား၊ ပါးစပ်ပေါက်က မလာအောင် ပါးစပ်ပိတ်ထားလို့ သင်ပါတယ်ဘုရား”လို့ လျှောက်သတဲ့။

ပိတ်ကျင့်တယ်ဆိုတာ၊ အဲဒီကသာသာပဲ၊ ပိတ်ပိတ်ကျင့်တယ်ဆိုတာ ဘုရားဟော မဟုတ်ဘူး။ ဘာမှ မပြောမဆို နေခြင်းအားဖြင့် သမ္မာဝါစာရင် ချို့ယွင်းတယ်။ ဘုရားရှင်ရဲ့ အဆုံးအမတော်ကို လွန်ကျူးရာရောက်တဲ့အတွက် အဝေး ဝိတိက္ကမ္မရယ် ထိုက်ပါတယ်။ ရဟန်းတော်များ ပိတ်ကျင့်ရင် ဒုက္ကဋ်အာပတ် သင့်ကြောင်း ဝိနည်းမဟာဝါပါဠိတော် ပါဠိ ထွေစနထဂ်မှာ လာထားပါတယ်။

ပိတ်ပိတ်ကျင့်တာကို ဘုရားဟောထားသလိုလို၊ လေးရပါး ကျင့်စဉ်လိုလို ပြောနေကြတာ များပါတယ်။ ခွေးလို နွားလို ကျင့်တဲ့ အကျင့်မို့လို့ ဘုရားဟောတည်း မဟုတ်ပါဘူး။ လောကမှာ ရှိရှိကျင့် မြင့်မြင့်ကြီးက အကောင်းဆုံးပါပဲ။ အမြတ်ဆုံး နည်းလမ်း သားနဲ့ လောဘကို အလှဆင်နိုင်အောင် ကြိုးစားရမယ်။ ပုထုဇဉ် လောကသားတွေဆိုတော့ အဆင်းလှပ်ရင် အဟုတ်ဝင်နေတတ်ကြတာချည်းပါပဲ။ သာသနာအမျိုး ရှိရှိသာသာဆိုရင် အလုပ် ဖော်တတ်ကြတော့ လိမ်ကြည်သာတဲ့သူတွေ ဖြစ်လာနေတာပေါ့။

လောကမှာ အတုနဲ့အစစ် ဘယ်ဟာများသလဲ။ အတုများတဲ့ လောကမှာ အမှန်အတိုင်း ပြောရတာ ခက်လှချေရဲ့။ အတုကြီးကြီးဘဲတဲ့သူကို အစစ်အမှန်ပြောရင် ရန်ဖြစ်သူ ဖြစ်တာပဲ။ ပေးကမ်း ဖွန့်ဖြူးမှု သဒ္ဓါတရား အားနည်းတဲ့သူကို ဒါနအကြောင်း သွားပြောရင် ရန်သူပဲ။ ကိုယ်ကျင့်တရား ဖောက်တဲ့ သူကို သီလအကြောင်း ပြောရင် ရန်သူပဲ။ ပညာမဲ့တဲ့ သူကို ပညာရဲ့ အကြောင်း ပြောရင်လည်း ရန်သူပဲ။ အကြမ်းဖက်သမားကို ငြိမ်းချမ်းရေးတရားဟောရင် ကိုယ်ပါ အသတ်ခံရနိုင်တယ်။

မြွေဟာရုပ်ဟာရင် ရေပေါ်က လက်ဆေးရေ ပါသော တွေ ကြိုးထိုးတဲ့နေရာမှာ မြွေဟာရုပ်ဟာ ယောက်ျား သွားပေးတော့ ကားစင်ပေါ် အသတ်ခံရတာပဲ။ ကြမ်းတမ်းတဲ့ လေသမှာ နူးနူး ညံ့ညံ့ ပြောပြလို့ မရပါဘူး။ အယူအဆမှားနေတဲ့ သူကို အစစ်အမှန် ပြောပြရင် နားဝင်ချိုမှ ဝင်တတ်တာကို သတိ ထားဖို့ လိုပါတယ်။

## တိဆေသောမင်းအောင် ရှုမြဲနဲ့ စောင့်ရှောက်ပါ

ဥတ္တရလုလင်က မျက်စိပေါက်က လောဘ ဒေါသ မောဟ ဝင်မလာအောင် မျက်စိပေါက် ပိတ်ရမယ်၊ နားပေါက်၊ နှာခေါင်း ပေါက်၊ ပါးစပ်ပေါက်တွေ ပိတ်ရမယ်ဆိုတော့ မြတ်စွာဘုရားက "ဒီလိုဆိုရင် ကိုယ်ပေါက်က လောဘ ဒေါသ မောဟ ဝင်မလာ အောင် ဘယ်လိုပိတ်မယ်" လို့ မေးလိုက်တော့ ဥတ္တရလုလင် မဖြေနိုင်တော့ဘူး။ ကိုယ်ပေါက်ဆိုတာ ဆံညွန့်ရှိတိုင်းမှာ အပေါက်တွေရှိနေတော့ ဒီလောက်များတဲ့ အပေါက်တွေ ဘယ်လို လုပ် ပိတ်နိုင်မှာလဲ။

မျက်လုံးပေါက်က မလာဘ ဒေါသ မောဟတွေ ဝင်မလာအောင် လုပ်ချင်ရင် မြင်စိတ်ရဲ့သဘောကို အရင်သိအောင်လုပ်ပါ။ မြင်စိတ်ကလေး ပေါ်လာဖို့အတွက် မျက်လုံးအကြည်က ရှေးဦး ဖြစ်ခွင့်ရတယ်။ အဲဒါ ပုရေဇာတ်ပြီးလ ရှေ့ကဖြစ်နှင့်ပြီး ကျေးဇူး ပြုတာ။ မြင်စိတ်ကလေး မဖြစ်ခင်ကတည်းက မျက်လုံးအကြည်က ရှိနှင့်ရတယ်။ ရှေ့က အစောကြီးပေါ်နေသော ရုပ်ကောင်းကောင်း ရတနာရှိနှင့်မှ သားကောင်းရတနာ သမီးကောင်းရတနာဆိုတာ ပေါ်လာနိုင်ပါတယ်။

အဲဒီတော့ မျက်လုံးကနေ လောဘ ဒေါသ မောဟ ဝင်မလာရအောင် ဘယ်လိုလုပ်ရမလဲ။ တစ်မျိုးပြောရင် မြင်စိတ်ကို အကြောင်းပြုပြီးတော့ လောဘ ဒေါသ မောဟ မလာအောင် ဘယ်လို လုပ်ရမလဲဆိုတော့ ဉာဏ်လိုက်ရမယ်၊ ဉာဏ်လိုက်ရင် လောဘ ဒေါသ မောဟ မဝင်နိုင်တော့ဘူး။

မျက်လုံးပေါက်ကနေ ကိလေသာမဝင်နိုင်အောင် ဉာဏ်မြား ငါးပါးနဲ့ စောင့်ရှောက်ပါ။ ဒီတရားတော်ကို တကယ်ကျင့်ရင် တကယ်သက်ရောက်မယ်လို့ ယုံကြည်တာက သဒ္ဓါမြား၊ ယုံကြည်ချက် ရှိမှ ဒီတရားကို ကြိုးစားပြီး လုပ်နေတာက ဝီရိယမြား။ ခန္ဓာထဲမှာ စိတ်လေး ပေါ်လာတာ သိနေတာက သတိမြား။ ပေါ်လာတဲ့ စိတ်လေးမှာ ငြိမ်သက်ပြီး ဖြစ်နေတာက သမာဓိမြား။ ပေါ်လာတဲ့ စိတ်လေးတွေ ဖြစ်ပြီးရင် ပျက်သွားတာပဲလို့ မြင်တာက ပညာမြား။ ဒီဉာဏ်မြားငါးပါး နဲ့ စောင့်ရှောက်ရင် လောဘ ဒေါသ ဝင်မလာအောင် တားနိုင်ပါတယ်။

ဉာဏ်မြားငါးပါးက သဟဇာတ်ဖြစ်ပြီး ပစ္စည်းအစုနဲ့ အဆိုးတရား စောင့်ရှောက်လိုက်တော့ ကိလေသာတွေ ဝင်နိုင်တော့ဘူး။ အဲဒီလို မဝင်နိုင်အောင် ခန္ဓာဉာဏ်ရောက် အလုပ်လုပ်လာရမယ်။ ခန္ဓာ

ဉာဏ်ရောက် မလုပ်ကြဲ့တော့ ကိလေသာဝင်ဆောင် တားရို့ မရဘူး ဖြစ်ပါ။

## ကံမကြောက်ချင် ဉာဏ်မကြောက်ပါစေ

မျက်လုံးပေါက်ကနေ ကိလေသာမဝင်ရအောင် စောင့် ရှောက်တယ်၊ နားပေါက်ကနေ ကိလေသာမဝင်ရအောင် စောင့် ရှောက်တယ်ဆိုတာ လုပ်နိုင်တော့ မရဘူးပေါ့။ ဒါပေမဲ့ အားငယ် စရာမလိုပါဘူး။ ကိလေသာကြွကျိန်ရင် ပြင်ပေးရမယ်။ စမျှင်း တော့ မြင်စိတ်နောက်က လောဘ ဒေါသ မောဟ ဝင်အောင် ရှုလို့ မရဘူး။ မြင်စိတ်နောက်က ဉာဏ်မလိုက်နိုင်ဘူးဆိုတာ မြန်တယ် ပါတယ်။ ဘာမှ အားငယ်စရာ မလိုပါဘူး။

မြင်စိတ်နောက်က ဉာဏ်မလိုက်နိုင်သေးဘူးဆိုရင်လည်း မြင်ပြီး မကျေနပ်တာတွေ့ရင် မကျေနပ်တဲ့စိတ်နောက်ကို ဉာဏ်က လိုက်ပါ။ မကျေနပ်တဲ့စိတ်ကို ရှုလို့မရဘူးဆိုရင် မရိုက်ရ မနေနိုင်။ မဆဲရမနေနိုင်ဆိုတဲ့ ဥပါဒါန် ပေါ်လာလိမ့်မယ်။ အဲဒီဥပါဒါန်ကိုပဲ ရှုပေးပါ။ ဥပါဒါန်ကို မရှုလိုက်နိုင်ဘူးဆိုရင် ရိုက်မလို့ တုတ်ရဲ့ ရွယ်နေတဲ့ ကာယကံ၊ ဆဲမလို့ပြင်နေတဲ့ ဝစီကံတွေကို ရှုပါ။ ဒါဆို သူများပေါ်လည်း တုတ်လည်းမရောက် လက်လည်း မရောက်၊ သူများအပေါ် ဆဲဆို ကြမ်းတမ်းတဲ့ စကားတွေလည်း မထွက်တော့ပါဘူး။

ဒေါသကို ရှုနိုင်ရင် ဒေါသကို ရှုပါ။ ဒေါသကို မရှုနိုင်ရင် ဥပါဒါန်ကို ရှုပါ၊ ဥပါဒါန်ကို မရှုနိုင်ရင်တော့ ကံကိုရှုပါ၊ ကံကိုမှ မရှုနိုင်ဘူးဆိုရင်တော့ ဒုက္ခပြီ၊ ကုစားရေးလည်းတော့ မရတော့ဘူး။ အဲဒါကြောင့် ကံမကြောက်အောင် ဉာဏ်ရောက်အောင် အစု

ကာလကြီးက ရှုပါ လုပ်ပါလို့ တိုက်တွန်းချင်း ဖြစ်ပါတယ်၊ ကိုယ့်ဉာဏ်နဲ့ဖြစ်မှ ဖြစ်ပါတယ်။ အဆုံးအဦးစီ ဉာဏ်ဦးဆောင် လုပ်ရမှာပါ။

ယောဂီတို့ ရှုမှာ ကိလေသာမှုများချုပ်ငြိမ်းဖို့ရင် ဣန္ဒြေ နဲ့ ထောင့်ရောက်ရမယ်။ ထောင့်ရောက်ရမည့် ဣန္ဒြေက သဘာ အတိန္ဒြေ ငါးပါး။ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတွေ ဖြစ်ပါတယ်။ ဒီထဲက နှိုးဆွနိုးရအောင်လည်း ဣန္ဒြေ လာပဲ ကျေးဇူးပြုထောင့်ရောက်သွားပါတယ်။

ရှုပွား ဝုဏ်ဓာတိန္ဒြိယ၊ အရှုဉာဏ်က သမ္ဗောဓိန္ဒြိယ၊ အရှုဉ် အရှုဉာဏ်တွဲနေအောင် ဖစ်ပေးတာက ဝီရိယိန္ဒြိယ ဖြစ်ပါ တယ်။ ရှုပွား ဖြစ်ရတဲ့ သိတဲ့ဉာဏ်က ရဲ ဖြစ်ရတဲ့ ဒုက္ခသစ္စာ၊ ဣန္ဒြေငါးပါးက မဂ္ဂသစ္စာ၊ ပေသွားတဲ့ ကိလေသာက သမုဒယသစ္စာ၊ ဘာမှမချုပ်လို့ အပါယ်လေးတံ့ကျစရာ မရှိ တော့တဲ့ ခန္ဓာက နိရောဓသစ္စာ။ သစ္စာလေးချက် ဆိုက်ပြီး ဆောင်တာပေါ့ ဟည်ရအောင် ဣန္ဒြိယသစ္စာနည်းနဲ့ ရှုရည်မှန်း ဖြတ် ရွှာန်းလို့ ကျေးဇူးတင်လိုက်ခြင်းပါပဲ။

# ဈနှပဗ္ဗဦး



(၁၇) [illegible]

# ၁၇။ ဈာနပစ္စည်းနှင့် မဂ္ဂပစ္စည်း

## ဈာနပစ္စည်းနှင့် မဂ္ဂပစ္စည်းတို့၏ ပစ္စယနိဒ္ဒေသပါဠိတော်များ

ဈာနပစ္စည်းနဲ့ မဂ္ဂပစ္စည်း နှစ်ပါးရဲ့ ခင်းပိုင်နိဒ္ဒေသကို ဟောကြားပြီးပုံကို ဂုဏ်ကြီးရှုဖြစ်ခဲ့လို့ ရှင်ပေါင်းမြတ်ဘုရားနှင့် ဗုဒ္ဓ ရည်မှန်း မြတ်ပဋ္ဌာန်း ကျမ်းဂန်သနစာတော်ကြီးကို ပူဇော်သော အားဖြင့် ပစ္စည်းနှစ်ပါးရဲ့ ပစ္စယနိဒ္ဒေသပါဠိတော်များကို ရွတ်ဆို ကြရအောင်။

ဈာနပစ္စယောတိ—

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

မဂ္ဂပစ္စယောတိ—

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

## ဈာန်နှင့် ဈာန်အင်္ဂါ သင်္ချုပ်

ဈာန်ဆိုတာ ဈာနဆိုတဲ့ ပါဠိကို မြန်မာမှုပြုပြီးတော့ သုံးစွဲတာ ဖြစ်ပါတယ်။ ဈာနင် ဆိုတဲ့ သုံးသလို ဈာန်ကို

လည်း ဈာန်လို့ သုံးလိုက်တာပေါ့။ "ဝိတက်ဝိစာရမှုး၊ အထူးမြဲမြဲ၊ ရှုအာသေနဲ့၊ ဈာန်ဟု ခေါ်သတတ်" ဆိုတဲ့အတိုင်း အာရုံတစ်ခုတည်း အပေါ်မှာ စူးစိုက်ပြီးတော့ ကြည့်ရှုတာကို ဈာန်လို့ခေါ်ပါတယ်။ တရားအာရုံအပေါ်မှာပဲ မြဲမြဲမြံ၊ စကောင်းတဲ့အတွက် သားရေး သမီး ရေးမှာပဲမြဲမြဲမြံ စူးစိုက်ပြီး အာရုံတစ်ခုတည်းမှာ ရှုနေတာ ဈာန် ပါပဲ။

ဈာန်တွေက ကုသိုလ်ဈာန်၊ အကုသိုလ်ဈာန်၊ သမထဈာန်၊ ဝိပဿနာဈာန်၊ လောကီဈာန်၊ လောကုတ္တရာဈာန်၊ ပွားရမည့် ဈာန်၊ မပွားရမည့်ဈာန်၊ အားကိုးရမည့်ဈာန်၊ အားပေးရမည့် ဈာန် စသည်ဖြင့် အမျိုးမျိုးရှိပါတယ်။

ဈာန်ရဲ့ အဓိပ္ပာယ်နောက်တစ်မျိုး ရှိသေးတယ်။ အဲဒါက တော့ ကိလေသာတွေကို လောင်ကျွမ်းစေတတ်လို့ ဈာန်ခေါ်ပါ သတဲ့။ ကိလေသာတွေကို လောင်ကျွမ်းကုန်ခန်းအောင်လုပ်ပေး တတ်လို့ ဈာန်။ ဈာန်တရားတွေ ရှုပွားပြီး သမာဓိအားကောင်း နေချိန်မှာ ဘယ်ကိလေသာမှ ဝင်မလာနိုင်ဘူး။ သမာဓိရှိနေ သရွေ့ ကိလေသာကုန်ခန်းနေတယ်။ အဲဒါက ကုသိုလ်လုပ်ငန်း မှာပဲဖြစ်နိုင်တာနော်၊ အကုသိုလ်လုပ်ငန်းကျတော့ နဂိုကတည်း က ကိလေသာအကူအညီနဲ့မို့လို့ ဘယ်လိုလုပ် ကိလေသာကို လောင် ကျွမ်းအောင် လုပ်နိုင်မှာလဲ။

ဈာန်မှာ အင်္ဂါရပ်တွေ ရှိတယ်။ အဲဒီ အင်္ဂါရပ်တွေကို ဈာန်အင်္ဂါလို့ ခေါ်ပါတယ်။ ဈာန်အင်္ဂါတွေက ဘာတွေလဲဆိုတော့ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ငါးပါးဖြစ်ပါတယ်။ ဒီတရားတွေက ကုသိုလ်တာဝန်ရော အကုသိုလ်တာဝန်မှာပါ လိုအပ် တဲ့ ဈာန်အင်္ဂါတွေ ဖြစ်ပါတယ်။ ဈာန်အင်္ဂါငါးပါးထဲမှာ ဝိတက်

က စိတ်ကို အာရုံပေါ်တင်ပေးတယ်၊ တရားထိုင်တဲ့အခါ ရှူစိတ် ရှိုက်စိတ် အာရုံလေးပေါ်ရောက်နေအောင် ဝိတက်က လုပ်ပေးတယ်။ ဝိစာရက အာရုံကို သုံးသပ်တယ်။ ရှူစိတ် ရှိုက်စိတ်လေးကိုပဲ အထပ်ထပ် အဖန်ဖန် ရှုမှတ်နေတာကို ဝိစာရက လုပ်ပေးတယ်။ ပီတိက အာရုံကို နှစ်သက် ကျေနပ်နေတယ်။ ရှူစိတ်ရှိုက်စိတ် လေးလေး မှတ်နေရတာကို သဘောကျ ကျေနပ်နေတော့ ဒီအာရုံနဲ့ အကြာကြီးနေနိုင်တယ်။ အဲဒါ ပီတိက လုပ်ပေးတာ။ သုခကျတော့ ရှူစိတ်ရှိုက်စိတ် အာရုံလေးလေးမှာ နေနေရတော့ စိတ်ကလေးက ငြိမ်ငြိမ်းတော့ ချမ်းသာနေတယ်။ အဲဒါ သုခရဲ့ လုပ်ငန်းပေါ့။ ဧကဂ္ဂတာကျတော့ ချမ်းသာတာလေးနဲ့တင် ငြိမ်နေတော့တဲ့ ဒီသက်ဝိုင်းတော့ တည်တည်ကြည်ကြည် ငြိမ်ငြိမ် သက်သက် ဖြစ်လာတာပေါ့။

ဈာန်အင်္ဂါငါးပါးမှာ ဝိတက်က အာရုံကို စပြီး ပို့ပေးတယ်။ ဝိစာရက အာရုံကို အဖန်ဖန်သုံးသပ်တယ်။ ပီတိက အဲဒီအာရုံကို သဘောကျ ကျေနပ်တယ်။ သုခကျတော့ ချမ်းချမ်းသာသာ ဖြစ်လာတယ်၊ ဧကဂ္ဂတာက အဲဒီချမ်းသာကို ထေးရိုက်ပြီးတော့ ပိုပြီး တည်တည်ငြိမ်ငြိမ် ဖြစ်လာစေပါတယ်။

ဈာန်က ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်လို့ ငါးမျိုးရှိတယ်။ တစ်ဆင့်ပြီးတစ်ဆင့် ဈာန်အရည်အချင်းတွေ မြင့်မြင့်သွားတယ်။ ပဌမဈာန်မှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာလို့ ဈာန်အင်္ဂါငါးပါး ရှိမယ်။ ဒုတိယဈာန်ကျတော့ ဝိတက်မပါတော့ဘူး။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါလေးပါးတဲ့နဲ့ သွားတယ်။ တတိယဈာန်ကျတော့ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ သုံးပါးထဲနဲ့ သွား

တယ်။ တတိယဈာန်ကျတော့ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးထဲရှိတော့တယ်၊ စတုတ္ထဈာန်ကျတော့ သုခနေရာမှာ ဥပေက္ခာ ဝင်လာပြီး ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနဲ့ ဖြစ်လာပါတယ်။ တစ်ဆင့်ပြီး တစ်ဆင့် မြင့်လာတော့ ဝိတက်ခွာလိုက်၊ ဝိစာရခွာလိုက်၊ ပီတိခွာလိုက်၊ သုခခွာလိုက်နဲ့ အမြင့်ဆုံး အတည်ကြည်ဆုံး သမာဓိစခန်းကို ဆက်လှမ်းနေကြတယ်ပေါ့။

## ဈာန်အင်္ဂါငါးပါး လုပ်ငန်းများ

ဈာန်က လောကီဈာန်၊ လောကုတ္တရာ ဈာန်လို့ နှစ်မျိုး ရှိတယ်။ လောကီဈာန်ကတော့ သမာဓိပျက်တာနဲ့ ဈာန်လျှောကျ သွားနိုင်တယ်။ ကြားဖူးတယ် မဟုတ်လား။ သီဟိုဠ်ကျွန်းမှာ ကိုရင်ကလေးတစ်ပါး ဈာန်ရတယ်၊ ကောင်းကင်ကနေ ဈာန်နဲ့ ကြွသွားတော့ မြေပြင်က ယက်ကန်းသည်မလေး သီချင်းသံကြား ပြီးတော့ ဈာန်လျှောသွားလေ၊ ယက်ကန်းသည်မလေးနဲ့ ကိုရင်လှ တွေ့ကြည့်ပြီးတော့ ကိုရင်လူထွက်က ကောင်မလေးယူလို့ လုပ် ကျွေးတယ်။ တစ်နေ့မှာ အမျိုးသမီးက ထမင်းပို့တာ နောက်ကျလို့ ဓိတ်ဆိုးလို့ ယက်ကန်းသက်တောက် ဝင်ရိုးသံချောင်းနဲ့ ပစ်လိုက်တော့ မျက်စိမှန်ပြီး အမျိုးသမီးလေး ထန်းပါလေရော။ ဒါကြောင့် "ကိုရင်လေး ရှက်စရာ၊ ထန်းစေ့ညား"လို့ ဆိုတယ် မဟုတ် လား။

တကယ်တော့ ဈာန်ရတိုင်း ကောင်းဆင်းမြဲနိုင်သေးပါဘူး။ ဈာန်ငါးပါးလေးတွေ ရပြီး အဘိဉာဉ်ငါးပါး ဝင်စားနိုင်တဲ့ အဝိဇ္ဇာကို ပယ်ဖြတ်ရမှ ကောင်းကင်ပျံနိုင်ပါတယ်။ ဒါကလည်း လူသိုက် ဈာန်မှ ရနိုင်တာမှတ်။ အကုသိုလ်ဈာန်တွေတော့ မကောင်းဘဲ

အလုပ်တွေ လုပ်တဲ့နေရာမှာလဲ အဲဒီဈာန်အင်္ဂါတွေနဲ့ ဖူးဖူးငိုက် ငိုက်လုပ်ရင် ကောင်းတဲ့အလုပ်မှာ အောင်မြင်တာပဲရှိတယ်။ နိုးကြွင်းသက်ကြွင်း ဆိုတဲ့ ကောင်းမှုတွေ လုပ်တဲ့အခါ ပထမဆုံး ဝိတက်နဲ့ စိတ်ကူးမယ်၊ ဝိစာရနဲ့ ကြိုညှိသုံးသပ်မယ်။ ပီတိနဲ့ အကောင်အထည်ပေါ်လာရင် ပီတိဖြစ်မယ်၊ အောင်အောင်မြင်မြင် လုပ်နိုင်တော့ သုခချမ်းသာ ခံစားမယ်။ ကိုယ့်အလုပ်ကလေးနဲ့ ကိုယ်ငြိမ်နေတော့ ဧကဂ္ဂတာဖြစ်မယ်။ ဈာန်အင်္ဂါငါးပါးလုံး ပါသွားပါတယ်။

ဈာန်အင်္ဂါငါးပါးက သမထလုပ်ငန်း လုပ်တဲ့နေရာမှာ အနှောင့်အယှက်ဖြစ်နေတဲ့ ကောင်းတဲ့စိတ်တွေကို တားဆီး ပယ်ဖျက်ပေးနိုင်ပါတယ်။ ကုသိုလ်မဖြစ်စေအောင် အနှောင့်အယှက် ပေးနေတဲ့ နီဝရဏတရားတွေကို ဈာန်အင်္ဂါက ပယ်ဖျက်ပေးတယ်။ ဝိတက်က ထိုင်းမှိုင်းအိပ်ငိုက်နေတဲ့ ထိနမိဒ္ဓနီဝရဏတွေကို ပယ် တယ်၊ ဝိစာရက သံသယဖြစ်နေတဲ့ ဝိစိကိစ္ဆာနီဝရဏကို ပယ်တယ်၊ ပီတိက ဗျာပါဒ နီဝရဏကို ပယ်တယ်၊ သုခက စိတ်မငြိမ်မသက်နဲ့ ပူပန်နေတတ်တဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏတွေကို ပယ်တယ်။ ဧကဂ္ဂတာကတော့ ဟိုဟာလိုချင် ဒီဟာလိုချင်ဖြစ်နေ တဲ့ ကာမစ္ဆန္ဒ နီဝရဏကို ပယ်ပါတယ်။ ဈာန်ရဲ့ အနှောင့်အယှက် အတားအဆီးဖြစ်တဲ့ နီဝရဏတရားတွေကို ဈာန်အင်္ဂါတွေကပဲ တားမြစ်ပယ်ဖျက်ပေးရပါတယ်။

## ကုသိုလ်ဈာန်နဲ့ အကုသိုလ်ဈာန်

ကုသိုလ်ဈာန် အကုသိုလ်ဈာန် နှစ်မျိုးရှိတဲ့အထဲက ကုသိုလ် ဈာန်ကိုပြောရရင် ဘုရားရှင်ကို ရည်မှန်းကိုးကွယ်ကြတဲ့ ဥဒ္ဒိဿ

စေတီတော်မြတ်ကြီးမှာ ကြည်ညိုသဒ္ဓါနဲ့ ဖွေ့နှိုးလေးစား ဖူးမြော် တရားတွေ နာကြမယ်၊ ဘုရားဂုဏ်တော်တွေ ရွတ်ပွားမယ်၊ ဂုဏ်တော်တမ်းတ ပုံတော် မှန်းဆပြီး ဘုရားရှင်ကို အာရုံမှာ တင်ပေးလိုက်တာက ဝိတက်ပါ။ ဂုဏ်တော်အတွက် ဆက်လက် ဆင်ခြင်သုံးသပ် အာရုံပြုနေတာက ဝိစာရ၊ ဘုရားဂုဏ်တော် ကိုယ်တိုင်မြင်ပြီး ဘုရားကို အလွန်ကြည်ညိုလေးစားနှစ်သိမ့် သွားတာ က ပီတိ၊ ဘုရားနဲ့ တရားသံနဲ့ နေရတာ စိတ်ချမ်းသာလိုက်တာ ဆိုတာက သုခ၊ ဘုရားအာရုံတရားအာရုံ တစ်ခုတည်းမှာ ငြိမ်ပြီး တည်နေတာက ဧကဂ္ဂတာ ဖြစ်ပါတယ်။

ဘုရားရုပ်ပွားတော်ကို ဖူးမြော်ရင်းနဲ့ ဒီဘုရားက သပ္ပါယ် လိုက်တာဆိုတာက ဝိတက်၊ အရုပ် သဏ္ဌာန်လှပတဲ့ ဉာဏ်တော် တွေနဲ့ ပြည့်စုံပါလားဆိုတာက ဝိစာရ။ ကြည်ညိုပြီး ကြက်သီး မွေးညင်းထလောက်အောင် ပီတိဖြစ်လာတာက ပီတိ။ ဘုရား ဂုဏ်တော်၊ တရားအာရုံတွေမှာ စိုက်ပြီး ချမ်းသာနေတာက သုခ၊ ဘုရားတရားသံသာမှတစ်ပါး တခြားအာရုံမလာတာက ဧကဂ္ဂတာ ပါပဲ။

အကုသိုလ်ပေါ်တတ်က ဈာန်အင်္ဂါတွေကတော့ မွေးသင့်တဲ့ ဈာန်တွေပါပဲ။ ဒါ့ပြင်လည်း အကုသိုလ်လုပ်ငန်းတိုင်းမှာပဲ ဈာန် အင်္ဂါတွေ ရှိတတ်ပါတယ်။ တချို့လူတွေ ပြောကြတယ် မဟုတ်လား၊ ငါးမျှားရတာ သိပ်စိတ်ငြိမ်တာပဲလို့ ပြောနေကြတယ်။ ငါးမျှား နေတဲ့ သူကိုကြည့်ပါ၊ ငါးမျှားတံနှင့် ငါးစာချိတ်တော့ အာရုံ စူးစိုက်နေတာက ဝိတက်၊ ဟိုနေရာက ဟိုငါးမျိုးပေါ်နိုင်တယ်၊ ဒီနေရာက ဒီငါးမျိုးပေါ်နိုင်တယ်လို့ ကြံစည်တွေးတောတာက ဝိစာရ။ ငါးမျှားကြိုးလှုပ်ခါနဲ့ ဖြစ်သွားတော့ "ငါးရပြီဟေ့၊ ငါးအကြီးကြီးနဲ့

သွားတယ်၊ ဟန်ကျတယ်" ဆိုတာက ပီတိ။ ပါးစကြီးကြီး ရှုတယ် ကွာ၊ စိတ်ဓာတ်သာလိုက်တာ ဆိုတာက သုခ၊ နောက်နေ့လည်း ဒီနေရာမှာပဲ ငါးလာမျှားတော့မယ် ဆိုတာက ဧကဂ္ဂတာ ပါ။

## မျှားရမည့်ချိန်တွေ မှားနေကြတယ်

အမျိုးသားလေးတွေ လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ ရွှေခြံနဲ့ အပေါင်းတွေနဲ့ ထိုင်ပြီးတော့ ဟာသနဲ့ လက်သွားလမ်းလော မိန်းကလေးတွေကို ပေးနေကြတာ ရှိတယ်နော်။ အဲဒါ ငါးတော ပွန်မကြောင်တာတဲ့၊ သူတို့လူငယ်တွေ ပြောနေကြတာပဲ၊ အဲဒီငါးတဲ့ ကိစ္စမှာလည်း ဈာန်အင်္ဂါ လော့ပြန်တယ်။ အမျိုးသမီးလေးတွေ အပေါ် အာရုံကျနေတာက ဝိတက်၊ ဘယ်သူ့သမီးလဲ ဘယ်လမ်း ထဲကလဲ ဝိစာရ၊ ရင်ထဲမှာ ကြည်နူးပျော်ရွှင်နေတာက ပီတိ၊ ဒါမျိုးလေးသာရရင်တော့ ချမ်းသာသွားမှာက သုခ။ ဒီကောင်မလေး နောက်နေ့လည်း ဒီလမ်းကပဲ လာဦးမှာ၊ ငါလည်း လာဦးမယ် ဧကဂ္ဂတာ ဒါ အကုသိုလ်ဈာန်ပဲ။ ကောင်မလေး တစ်ယောက်လို မြင်လို့ အမြဲမရ ကြည့်နေရင် "ဟိုကောင် ဈာန်ဝင်နေပြီ" လို့ သူတို့အချင်းချင်း လက်တို့ကြတယ် မဟုတ်လား။

အကုသိုလ်ဈာန်ကတော့ မကောင်းတဲ့ ကိစ္စမှန်သမျှမှာ ရှိနေတာပဲ၊ ကိုရီးယားကား လူတွေစွဲကြတယ်။ ညနေရှစ်နာရီထိုး ရင် ကိုရီးယားကား မကြည့်ရ မနေနိုင်ဘူး။ TV ရှေ့ ရောက်တော့ တာပဲ။ အဲဒါ ဝိတက်။ ကြည့်ကောင်းနေတုန်းရှာ မီးပျက် သွားမလား၊ ဓာတ်အောင်းနေရာ ဆီအတော်လင် ရှိရဲ့လား။ ဟိုကောင် မလေးက ဘယ်လို ဖြစ်ညာလိုက်တာတွေက ဝိစာရ။ ကိုယ်ကြိုက် တဲ့ မင်းသားနဲ့ မင်းသမီးလေးနဲ့ တွဲသွားပြီဆိုရင် ပီတိ။ တစ်နေ့

ကုန်ပန်းသေချ ကိုရီးယားကား ကလေးနဲ့မှ လန်းတော လူဖ။ နောက်နေ့ မှန်မှန်ဝရိုလည်း T.V ရှေ့ ရောက်ဦးမယ် တွေးတော အပေါ်လောက် ပြန်ကျလာတဲ့လို့။

မေတ္တာတို့ တစ်နေ့တစ်နေ့ လှည့်လည်ရှာနိုင်နဲ့ အကုသိုလ်ရှာနိုင် မှာ အကုသိုလ်ရှာနိုင်တွေ များနေတယ်နော်။ အကောင်းအဝယ် ဈေးသည့်လုပ်တော့လည်း ရှာနိုင်အကြိမ်တွေ ပါတာပဲ။ အထည် ရောင်းလည်း ရှာနိုင်အကြိမ် ပါးပါး၊ မီးသွေးရောင်းလည်း ရှာနိုင်အကြိမ် ပါးပါး၊ အကြော်ရောင်းလည်း ရှာနိုင်အကြိမ်ပါးပါး၊ ရွှေရောင်းလည်း ရှာနိုင်အကြိမ် ပါးပါးပဲ။ ငွေသားရှာရည် ရှာနိုင်တွေကျတော့ နေ့တိုင်းများ နေကြတယ်။ ငွေ့ရှာရည် ရှာနိုင်ကျတော့ မများကြဘူးနော်။

## သမထရှာနိုင်ကို ဝိပဿနာဖျက်နိုင်

အားကိုးရမှည့်ရှာနိုင်က လောကုတ္တရာရှာနိုင်၊ အားမကိုးရမှည့် ရှာနိုင်က လောကီရှာနိုင်။ လောကီရှာနိုင်ဆိုတာ ကသိုဏ်း ပညတ် တရားတွေကို ရှုပြီးတော့ ရှာနိုင်ရအောင် လုပ်တဲ့ သမထလုပ်ငန်း တွေပေါ့။

ပထဝီကသိုဏ်းက မြေကြီးလေးလေး ဝိုင်းပြီးတော့ "ပထဝီ ပထဝီ မြေကြီး မြေကြီး"လို့ ရှုတယ်။ အာပေါကသိုဏ်းကတော့ ရေခွက်ထဲကရေတွေမှာ ရှုတည့်ပြီးတော့ "အာပေါ အာပေါ၊ ရေ ရေ"လို့ ရှုတယ်။ တေဇောကသိုဏ်းကျတော့ မီးကို ကြည့်ရတာ လည်း ရှိတယ်၊ နေကို ကြည့်တာလည်းရှိတယ်။ မီးကသိုဏ်း၊ နေကသိုဏ်းတွေ၊ လကို မီးအဝိုင်း ပြကြည့်နိုင်တဲ့သူတွေက ရောင် ... ပေါ်နေတာကို ကြည့်တယ်၊ တကယ်လို့ နေဝင်သွားရင် ... မှုန်သိုင်းလိုက်ဖြစ်သွားတယ်။ အဲဒါ အားလုံး လောကီ ... တွေပါပဲ။

မြတ်စွာဘုရား အလောင်းတော်ဆိုရင် လောကွတ်လောကြီးကို နေ့တိုင်မှာ အာရုံပြုနေတဲ့ ရသေ့ကြီးတွေထဲမှာ လောကီဈာန် ရအောင် ကျင့်ခဲ့သေးတယ်၊ လောကီသမာဓိတွေ ကျင့်ပြီးတော့ ဘာရတုန်းလဲမေးရင် လောကီဈာန်ပဲရမယ်။ လောကီဈာန်က ဘယ်လောက် ဆိုတော့ ရူပဈာန်က ၄ ပါး၊ အရူပဈာန်က ၄ ပါး၊ ပေါင်းလိုက်တော့ သမာပတ်ဈာန် ၈ ပါး။ အဲဒီ ၈ ပါးကို လောကီဈာန်လို့ ခေါ်ပါတယ်။

သမထနဲ့ အဆုံးက ပဉ္စမဈာန်ပဲ။ ၃၂ ကောဋ္ဌာသ ရှုရာမှာ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေတို့တဲ့တွေ က ပဋိကူလကို ရှုတာမို့လို့ သမထပဲ ရှိသေးတယ်။ လောကရဲ့ ရုပ်ကလာပ်ကို ကြည့်ပြီးတော့ အသုဘကမ္မဋ္ဌာန်း ရှုတာလည်း ပဋိကူလကို ရှုတာပဲ သမထပါပဲ။

ယိုးဒယားမှာ တစ်ခုသောလောက်ကျယ်တဲ့ နေရာမှာ ဗြောင်ပင်ကြီးတစ်ပင်ကို လှည့်ပြီးတော့ လူသေအလောင်းတွေ လှည့်ပတ်ချိတ်ထားသတဲ့။ ခိုနေ့သေတဲ့ ရုပ်ကလာပ်၊ သေပြီးလို့ နှစ်ရက်ကြာပြီးတဲ့ ရုပ်ကလာပ်၊ ခုနစ်ရက် ကြာတဲ့ ရုပ်ကလာပ်၊ တစ်လကြာတဲ့ ရုပ်ကလာပ်၊ သုံးလကြာတဲ့ ရုပ်ကလာပ်၊ ခြောက်လကြာတဲ့ အရိုးစု၊ ကိုးလကြာတဲ့အရိုးစု၊ တစ်နှစ်ကြာတဲ့ အရိုးစု တသြင်း ချိတ်ထားတယ်။ အသုဘကမ္မဋ္ဌာန်းရှုမည့် ယောဂီတွေ သေပြီးလို့ တစ်ရက်ကြာတဲ့ ရုပ်ကလာပ်ကနေ စပြီးတော့ ရှုမှာ သွားတိုင်ပြီး ရှုရတာ။ တဖြည်းဖြည်းနဲ့ အဆင့်တက်သွားပြီး နောက်ဆုံး အရိုးစုတိုင်အောင် သူက ကမ္မဋ္ဌာန်းအမြင်ဆုံးကို ရောက်သွားပြီတဲ့။

ဝိပဿနာလမ်းစဉ်အတွက် သွက်ခိုဆိုမှာ ဖော်ပြထားတယ်။ သမထကို ဝိပဿနာနဲ့တွဲပြီး ကျင့်နေကြတာပဲ။ အစ အသုဘရုပ် ကလာပ်

ရှုတာကိုပဲ ကြည့်ပေ၊ အသုဘရုပ်ကလာပ်ကို ဖော်ထုတ်ကြည့် ပြီးတော့ အာရုံပြုနေတာက ဝိဇ္ဇာ၊ သူ့လိုပဲ ပါမှာလည်း သေခြင်းရှိတယ်၊ ငါသည် မုချသေရမည်လို့ ဆင်ခြင်နေတာက ဝိဇ္ဇာ၊ ရုပ်ထဲမှာ အားလေးတာက ဝိဇ္ဇာ၊ စိတ်ထဲချမ်းသာလာတာ သုခ၊ အဲဒီအပေါ် အပျက်ကြီးမှတ်ပြီး လုပ်နေတာက ဓာတုကာ။ လောကီဈာန် သမထပဲ ရှိသေးတယ်။

သမထအားထုတ်တဲ့အတွက် 'နီဝရဏ် သမေတီတိ သမထော' ဆိုသော နီဝရဏတွေ ကင်းငြိမ်းရတော့ ရောက် ပါတယ်။ ကာမာဟနေ ဝိဇ္ဇာ ကိလေသာတွေလည်း သမထ ရှုတတ် နေနိုက်မှာ ငေးနေတာပါပဲ။ ဒါပေမဲ့ သူ အာရုံပြုနေတဲ့ ရုပ် ကလာပ်ကလည်း ဖြစ်ပြီးပျက်၊ သူ့ကိုယ်အကျိုးပေး ဖြစ်လာတာလည်း ဖြစ်ပျက်၊ ဖြစ်ပျက်သောတွေချည်းပဲ မမြင်သေးဘူး။ ဖြစ်ပျက် လောကတာနေ ဖြစ်ပျက်သောတဲ ပြန်ရောက်အောင် လုပ်နေတာ လောကီဈာန် ဖြစ်ပါတယ်။

## ဈာန်အဘိညာဉ်အတွက်
## သာသနာတည်ထောင်တာ မဟုတ်

ဘုရားအလောင်းတော် တောထွက်သာပြီးတော့ ဥရုဝေလ တောထဲမှာ အာဠာရ ဥဒက ရသေ့ဆရာကြီးတွေဆီ ရောက်သွား တယ်။ အဲဒီမှာ အာဠာရ ဥဒကရသေ့ကြီးတွေကလည်း “ဟာ ဟန်ကျလာပဲ၊ ဒီပုဂ္ဂိုလ် ဥပနိဿယ်ကောင်းတယ်၊ ငါတို့ သက် တောက်ခန့်ပြီးတော့ တပည့်တွေ အုပ်ချုပ်ပြီး ပြောဆိုခိုင်း ရမယ်” ဆိုပြီး အားရဝမ်းသာ သတ်မှတ်တယ်။ ဘုရားအလောင်း တော်ကလည်း ရသေ့ကြီးတွေရဲ့ နည်းစနစ်အတိုင်း ကျင့်ကြံ

အားထုတ် လိုက်တော့ ခဏလေးနဲ့ ဝေဒနာတွေ အကုန်ပျောက်သွားတယ်။ အဲဒီညတည်းကပြီးတော့ ရှေ့ကမ္ဘာလေးဆယ် နောက်ကမ္ဘာလေးဆယ်မြင်နိုင်တဲ့ ဉာဏ်အားတွေရှိပြီး မြေလျှိုးမိုးပျံနိုင်သေးတဲ့။

ဒီတော့ ဘုရားအလောင်းက မေးတယ်။ "ဆရာကြီးတို့ရဲ့ နည်းစနစ်က ဒါအကုန်ပဲလား" ဆိုတော့ "ကုန်ပြီ" တဲ့။ "ဒါဖြင့် ဒီဈာန် အဆင့်မြင့်တွေက ဘာလုပ်လို့ရတုန်း" မေးတော့။ "ဗြဟ္မာ ဖြစ်နိုင်တယ်" လို့ ပြောသတဲ့။ ဗြဟ္မာဖြစ်ရင်လည်း ဗြဟ္မာနေ့ ဗြဟ္မာနေ့တာမှာလည်း အိုနာသေ မလွတ်ဘူး။ သူလည်း အချိန်တန် အိုရ နာရ သေရမှာပဲ။ အလောင်းတော် တောထွက်လာတာက အိုနာသေ လွတ်ချင်လို့။ အိုနာသေမှ မလွတ်ရင် ဒီဈာန်ပဟာလည်း အလကား အားကိုးရမည့်ဈာန် မဟုတ်ဘူး။ အားကိုးရင် ကျွတ်တော့ဘူး ဆိုပြီး ရသေ့ကြီးတွေဆီကနေ ထွက်လာခဲ့တယ်။

ဘုရားအဖြစ် ရောက်တော်မူလာပြီး ဟောတာအလေ့မှာ မြတ်စွာဘုရားရှင်လို့ ဆင်ရှုးမွှင့်တော်မူလာပြီဆိုတော့ အရင်တုန်းက ဉာဏ်ပါးသလောက်နေကြတဲ့ တစ္ဆေတွေနှုန်းတွေ ဟိတ္ထိတွေကို လူတွေက မကြည်ညိုကြတော့ဘူး။ သူတို့ကို လျှံနေတဲ့ ဒကာဒကာမတွေ မလာကြတော့ဘူး။ အကုန်လုံးဟာ ဘုရားဆီ ရောက်ကုန်ကြတယ်။ အဲဒီမှာ တက္ကတွန်းတွေက တိုင်ပင်ကြတယ်။ ဒီရဟန်းဂေါတမ တို့ကြောင့် ရောက်လာမှ ငါတို့မှာ စားရမဲ့သောက်ရမဲ့ ဖြစ်ကုန်ပြီ။ ငါတို့ဒကာ ဒကာမတွေလည်း သူ့ဆီရောက်ကုန်ပြီ။ ဂေါတမရဟန်း ဓလေ့တမှာ ကုန်းကောင်း ယမ်းကောင်း ရှိသိန့်မယ်။ သူ့ဆီက နည်းတွေ ယူပြီး ငါတို့နည်းနဲ့ ရော လိုက်ရင် နာမည်ကြီးပြီးတော့ လူတွေ ငါတို့ဆီ ရောက်လာမှာပဲ" ပေါ့။

ဒါဆိုရင် မှတ်ဉာဏ်ကောင်းတဲ့လူကို လွှတ်မှဖြစ်မယ် သုသီမက ဉာဏ်ကောင်းတယ်ဆိုပြီး ဘုရားဆီလွှတ်တယ်။ သုသီမကလည်း "ကိုယ့်အဖို့အတွက် ကောင်းကျိုးရရေးအတွက်ပဲ တာဝန်ယူရမှာပေါ့"လို့ ဝန်ခံတယ်။ ဒါနဲ့ သုသီမက ဘုရားကျောင်းတော်ကို ရောက်လာတော့ အရှင်အာနန္ဒာနဲ့တွေ့ပြီး ရဟန်းပြုခွင့် တောင်းတယ်။ အရှင်အာနန္ဒာက သာသနာ့ယတ်ထွက်တွေ ရဟန်း ဝတ်ချင်တယ်ဆိုတာ အကြောင်းရှိရမယ်လို့ တွေးပြီးတော့ လက်မခံချင် ဘူး။ ဒါပေမဲ့ ဘုရားက "အာနန္ဒာ၊ သူ့ကို သင်္ကန်း ပေးလိုက်ပါကွာ"လို့ မိန့်တော်မူတာနဲ့ သုသီမ ရဟန်းပြုခွင့် ရသွားတယ်။

ရဟန်းဖြစ်သွားတော့ သုသီမလည်း တခြားရဟန်းတွေနဲ့ အတူနေခွင့် ရသွားပြီ။ တစ်နေ့မှာ တရားအားထုတ်ရာမှာ ပြန်လာ တဲ့ ရဟန်းတွေကို ဘုရားက "ကတံ ကရဏီယံ၊ ဝုသိတံ ဗြဟ္မစရိယံ" ချစ်သားရဟန်းတို့ ရဟန်းကိစ္စပြီးပြီလား"လို့ မေးတော်မူလိုက်တော့ ရဟန်းတော်တွေက "တပည့်တော်က သောတာပန်ဖြစ်ပြီဘုရား။ တပည့်တော်က သကဒါဂါမ်ပါ။ တပည့်တော်က အနာဂါမ် တည်ပါတယ်။ တပည့်တော်က ရဟန္တာ ဖြစ်ပါပြီဘုရား"နဲ့ ကိုယ်ရထိုက်တဲ့ တရားတွေနဲ့ လျှောက်ထားကြ တယ်။ ဘုရားကလည်း သာဓုသုံးကြိမ် ခေါ်တော်မူတယ်။

အဲဒီရဟန်းတွေ ဘုရားအနားက ထွက်လာကြတော့ သုသီမ က မေးတယ်။ "အရှင်ဘုရားတို့ ရဟန္တာဖြစ်ပြီပေါ့နော်" "အေး ဖြစ်ပြီ" "ဒါဆို အရှင်ဘုရားတို့ ပျံနိုင်ပြီလားဘုရား" "ငါ့ရှင် ရဟန္တာဖြစ်တိုင်းလည်း ပျံနိုင်ဘူး။ ပျံနိုင်တိုင်းလည်း ရဟန္တာ မဟုတ်ဘူး"လို့ မိန့်တော့ သုသီမက "ရဟန္တာဖြစ်ပြီး

ဘာ ဈာန်မရနိုင်ရင် ဘာလုပ်မှာလဲ"လို့ မေးတယ်။ အဲဒီတော့ ရဟန်းတွေက "သုသီမ၊ ငါတို့က ဈာန်ရနိုင်ဖို့ကို ကျင့်နေ ကြတာ မဟုတ်ဘူး။ ပညာနဲ့ ကိလေသာ ပယ်အောင် ကျင့်နေ ကြတာပဲ" ဆိုတော့ သုသီမက နားမလည်ဘူးတဲ့။ ဒါနဲ့ ဘုရားဆီ လျှောက်မေးဖို့ သွားတယ်။

သုသီမ ရောက်လာတော့ ဘုရားက "သုသီမ၊ အဲဒီ ရဟန်း တွေပြောတာမှန်တယ်။ ပညာဝိမုတ္တ သုသီမ ငါတို့ရဲ့ သာသနာတော်က ပညာကို အလွန်အလေးထားတယ်။ ဖြစ်ပျက် ကို မြင်တဲ့ပညာ၊ ဖြစ်ပျက်ကို ရှုနိုင်တဲ့ပညာ၊ ဖြစ်ပျက်အဆုံးကို မြင်တဲ့ပညာနဲ့မှ ကိလေသာက လွတ်မြောက်မယ်။ ငါဘုရား သာသနာတော်ကို ဈာန်အဘိညာဉ်အတွက် တည်ထောင်ထားတာ မဟုတ်ဘူး။ ဈာန်ရတာနဲ့ နိဗ္ဗာန်ရောက်တယ်လို့ ဘယ်ဘုရား ရှင်ကမှ မဟောဘူး"လို့ ရှင်းပြတော်မူလိုက်ပါတယ်။

## သစ္စာမြင်မှ သာဝကခံမယ်

ဘုရားရှင် သာသနာတော်သည် ဈာန်အဘိညာဉ်အတွက် တည်ထောင်ထားတာ မဟုတ်ပါဘူး။ ပညာဖြင့်သာ ကိလေသာမှ လွတ်မြောက်ရေးအတွက် တည်ထောင်ထားတာပါ။ ဈာန်နဲ့ ပတ်သက်တဲ့ ဘုရားရဲ့ ဟောတော်ဒေသနာ မှတ်ချက်အနေ ဒီဈာန်မျိုးပြသ အားကိုးစရာ မဟုတ်ပါဘူးတဲ့။

ဝဿကာရပုဏ္ဏားကြီးကို အရှင်အာနန္ဒာ ပြောပြခဲ့တဲ့စကား ရှိပါတယ်။ "ဗြာဟ္မဏကြီး ဘုရားရှင်ဟာ ဈာန်ကိုလည်း ချီးမွမ်း ပါတယ်၊ ဈာန်အားလုံးကိုလည်း ဟောပါတယ်၊ ဒါပေမဲ့ ဈာန်က ကာမသိုလ်ဈာန်၊ အကုသိုလ်ဈာန်၊ မှားယွင်းသောဈာန်၊ မဂ္ဂင်ရှစ်ပါးနဲ့ ညီ ဈာန် အကျိုးရစေတဲ့ဈာန်၊ အကျိုးမရစေတဲ့ဈာန်လို့ ခွဲပြပါတယ်။

လောကီချမ်းသာတွေက ရင်ညှင်း ဗိုလ်ဘဝအတွက် အားကိုးရာမညီ ချမ်း မပေးတော့ပါဘူး" ဆို ပြောဖူးတယ်။

မြတ်စွာဘုရားသခင် ဘုရားအဖြစ် ရောက်တော်မူတော့ ရော ကျေးဇူးဆပ်တရား ဟောချင်လို့ ကြည့်လိုက်တော့ ကျေးဇူးရှင် အာဠာရ ဥဒကရာမ ကြီးတွေက သက်တမ်းရှည်တဲ့ အရူပဗြဟ္မာ ကြီးတွေ ဖြစ်သွားကြပြီ။ သူတို့က အသေစောသွားကြီး။ ဈာန် အဘိညာဉ်ရထားတော့ အရူပဗြဟ္မာကြီးတွေ ဖြစ်နေကြပြီ။ အဲဒီမှာ ဘုရားက—

**"မဟာဇာနိယော ဓါ၊ အာဠာရော ဥဒကော ရာမပုတ္တော"**

အာဠာရ ဥဒကတို့ အရှုံးကြီးရှုံးပြီလို့ မိန့်တော်မူလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားတရားနာရရင် သူတို့ ရဟန္တာဖြစ်မှာ၊ ခုတော့ အသေစောသွားတယ်။ သစ္စာသိခွင့်မရတဲ့ သခေါသမား ကြီးတွေ ရှုံးပြီလေ။ ဘာကြောင့်ရှုံးတာလဲ ဈာန်အဘိညာဉ်တွေကရဲ့ သစ္စာမသိရင် ရှုံးတယ်။ လောကီချမ်းသာတွေဟာ အားမကိုးသင့်ဘူး။ ဒီဈာန်ရရုံနဲ့ ဘုရားသာမှမပေါ်ဘူး။ ဖြစ်ပျက်မြင်ပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်မှ သာမှုပေါ်ပါတယ်။

လောကီတို့ အားကိုးရာမညီချမ်းမဟာ ဝိပဿနာချမ်းဖြစ်ပါ တယ်။ အာဠာရ ဥဒကတို့ သက်တမ်းရှည်တဲ့ ဗြဟ္မာဘုံကိုရောက် ပေမဲ့ လူ့အကျင့်ကိုသူ အမှန်အတိုင်းမသိတော့ အဝိဇ္ဇာ၊ သင်္ခါရ အားဖြင့် အာနေ္တနဝိသင်္ခါရ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ ချမ်းသာ ကြောင်း မဟုတ်ပါဘူး၊ ဆင်းရဲကြောင်းပါ၊ ဆင်းရဲခြင်းဖြစ်တဲ့ သံသရာသစ္စာဖို့လို ဝယ်ရမှာပါ။ လောကီတို့ကတော့ ဗုဒ္ဓိမလေး "ချက်ချက် ချက်ချက်" နဲ့ သံသရာသွားနေကြတာနော်။


**ရှေးနကိုးမှို ရှုနသခွယသုတ္တ သန့် မွေးဖွား ဟိသမ္မာနုဿ ရှုပါနံ ရှုနဝတ္ထုယာ ဝတ္ထုယော။**

ရုပ်နာမ်က အကျိုးပေးလိုက်တော့ ဖြစ်ပျက်ခန္ဓာ၊ အိုနာသေ ဒုက္ခသစ္စာရှုနေမယ်။ ဒုက္ခရောက်မှာမို့လို့ အားမကိုးလောက်တဲ့ ရုပ်နာမ်ပါ။ ရုပ်နာမ်က သင်္ခါရသဘောမှာ၊ ခန္ဓာက ဒုက္ခသစ္စာ။ ဖြစ်ပျက်ဆိုလို့ အကောင်းမှတ်မနေနဲ့၊ ရုပ်ဖြစ်ရှုပ်ပါးထဲမှာ အသည်းသက် ဖြစ်ပျက် အရုပ်ဖြစ်ပျက်လည်းပါတယ်။ အာရွာရ ဥစ္စာတို့မှာ ညာဏ်ရှိမမြင့် တရားမပွင့်တဲ့အချိန်မှာ သွားဖြစ်နေရတော့ တရားရှာခွင့် မရတော့ဘူး။ တရားနဲ့တွေ့ပြီး သစ္စာတရားနာခွင့်ရရင် ကျွတ်တန်းဝင်ကြမှာ အမှန်ပဲ။

ဒီနေရာမှာ ခေါင်းရှုရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ခင်ဗျားတို့ တစ်ခါ တစ်ဖိုင်လောက်ရပြီးရင်တော့ ရုပ်နာမ် ပြန်လိုက်ရင် လိုက်တာပေါ့ဗျား။ ဘာကြောင့်လည်းဆိုတော့ အပါယ်လေးတံခါး အကြီးပိုင် ပိတ်ရုံသာမက ထွက်ခြောက်သွားပြီဗျ။ အခုတော့ နေပါဦးလို့ပဲ ထားဖြစ်ပါ့ရမေ။ ရှင်းပြီလားဗျ (၂၈၊ ၂၉၊ ၃၀၊ ၃၁-၁-၆၀ သုသိမ်စတွေ့ ဥပုသ်ပွဲ တရားကိုးနေ့ တရားမှာ အခေါ်အခေါ် ပြောကြားတော်မူခဲ့ပါတယ်။)

ဒီတော့ လောကီ သဖလစ္စာရုပ်နာမ်လမ်းပေ အားကိုးရမည့် တရား မဟုတ်ပါဘူး။ အားကိုးရမည့် ရုပ်နာမ်နဲ့ သစ္စာတရားကို သိပြီးတော့ ကြိုးကြားစေးတာပေါ့။

# ဧကူပဓေယာ



## ၁၈။ ဈာနပစ္စည်းနှင့် မဂ္ဂပစ္စည်း

### ဈာနပစ္စည်း မဂ္ဂပစ္စည်း ပစ္စယနိဒ္ဒေသပါဠိတော်

ဈာနပစ္စည်း၊ မဂ္ဂပစ္စည်းတွေရဲ့ ကျေးဇူးပြုပုံကို ရှင်းလင်း ပြောပြမှာဖြစ်လို့ အဲဒီပစ္စည်းတွေရဲ့ ပစ္စယနိဒ္ဒေသပါဠိတော်များကို ရွတ်ဆိုကြမယ်။ ပဋ္ဌာန်းမြတ်ဒေသနာတော်သခင် ရှင်တော်မြတ် ဂုဏ်ကျေးနှင့် ဗုဒ္ဓရည်မှန်း မြတ်ပဋ္ဌာန်းကျမ်းတော်ကြီးကို ပူဇော်ရာ လည်း ရောက်ပါတယ်။

ဈာနပစ္စယောတိ–

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

မဂ္ဂပစ္စယောတိ–

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

### မဂ္ဂင်အကြောင်း သိကောင်းစရာ

ဈာနပစ္စည်းနဲ့ မဂ္ဂပစ္စည်းက သဘောတရားမှာ ဝိသေသ သဘောမှာ လုပ်ငန်းတွေနဲ့ ဆက်စပ်နေတာချင်း တူကြလို့ နှစ် ပစ္စည်းတွဲပြီးတော့ ပြောခဲ့ပါတယ်။ ဈာန် ဈာနင်္ဂါနဲ့ ပတ်သက်

လို့ ဆိုကြသင်းသမဝေတော် ပြောပြီးပါပြီ၊ ထပ်ပြောစရာတည်း ရှိပါသေးတယ်၊ အခုဆုံး မဂ္ဂင်ဖွဲ့အကြောင်း အရင်ပြောရ အောင်။

**မဂ္ဂင်နဲ့ မဂ္ဂသမ္ပယုတ္တတရားနဲ့ မွေးနေ့ ဗေဒမဂ္ဂင်ဘုရား ရွှေနဲ့ ဗုဒ္ဓဘာသာ ဝဋ္ဋဆင်း။**

မဂ္ဂင်က ရှစ်ပါးရှိပါတယ်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ မဂ္ဂင်ကို ရှစ်ပါးတောင် ၁၂ ပါးလို့ ပြောတဲ့အခါမှာ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိ ဆိုတဲ့ မိစ္ဆာမဂ္ဂင်လေးပါးကို ပေါင်းထည့်လိုက်ပါ။ မဂ္ဂင်ရှစ်ပါးက ကုသိုလ်မဂ္ဂင်၊ မိစ္ဆာမဂ္ဂင်လေးပါးက အကုသိုလ်မဂ္ဂင် ဖြစ်ပါတယ်။ ပဋ္ဌာန်းကျမ်းမှာ မဂ္ဂင် ၁၂ ပါးလုံးကို ပြောပါတယ်။

ဒီနေရာမှာ ကုသိုလ်ချင်း၊ အကုသိုလ်ချင်း ရှိသလို မဂ္ဂင်မှာလည်း ကုသိုလ်မဂ္ဂင်၊ အကုသိုလ်မဂ္ဂင်နှစ်မျိုး ရှိတာပဲ။ ကုသိုလ် မဂ္ဂင်က သုဂတိဘုံနိဗ္ဗာန်ရောက်ကြောင်း၊ အကုသိုလ် မဂ္ဂင်က အပါယ်လေးပါး ရောက်ကြောင်းပါ။

မြတ်စွာ ဘုရားရှင်ဟာ ဟောကြားတော်မူခဲ့တဲ့ တရားဦး ဓမ္မစကြာမှာကတည်းက မဂ္ဂင်ရှစ်ပါးကို ဖြိုးဟောကြားတော်မူ ခဲ့တာပါ။ မဂ္ဂင်ရှစ်ပါးက မဇ္ဈိမပဋိပဒါ အလယ်အလတ် လမ်းစဉ် ဖြစ်ပါတယ်။ အလယ်အလတ် မှန်ကန်ကောင်းမြတ်တဲ့ လမ်းစဉ် ဆိုတော့ အလယ်အလတ် မဟုတ်တဲ့ အစွန်းရောက်တဲ့တရားတွေ လည်း ရှိရမယ်။ အဲဒီအစွန်းတရားတွေကို ဘုရားက

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ ကတမေ

ဝိ၃ —

ဝေနည်းဖြင့် ဟောကြားတော်မူခဲ့ပါတယ်။ အစွန်းတရား နှစ်ပါးက ဘာလဲဆိုတော့ ကာမသုခလ္လိကာနုယောဂ ခေါ်တဲ့ အကျင့်၊ အတ္တကိလမထာနုယောဂ အပင်ပန်းအညှိုးဆဲခြင်း ကျင့်တဲ့အကျင့်တွေ။ အဲဒီအစွန်းနှစ်ပါးက လွတ်အောင် ဘယ်လို ကျင့်ရမလဲ မဇ္ဈိမပဋိပဒါ အကျင့်ကို ကျင့်ရမှာ။ မဇ္ဈိမပဋိပဒါက ဘာလဲဆိုရင် "တထာဂတေန အဘိသမ္ဗုဒ္ဓါ မဇ္ဈိမာ ပဋိပဒါ" စသည် ဖြင့် မဂ္ဂင်ရှစ်ပါးဖြစ်တဲ့အကြောင်း ဘုရားကိုယ်တော်တိုင် ဟော ကြားတော်မူခဲ့တာပါ။

မဂ္ဂင်ရှစ်ပါး တရားထဲမှာ မိစ္ဆာမဂ္ဂင်လေးပါး မပါဘူး။ သူတို့က အပါယ်ရောက်ကြောင်းတွေမို့လို့ မဂ္ဂင်ရှစ်ပါး တရားထဲ မဝင်ဘူး။ သုဂတိ ဘဝကိုရောက်ကြောင်း ကုသိုလ်ကောင်းမှုတွေ လုပ်တဲ့နေရာမှာ မဂ္ဂင်ရှစ်ပါးနဲ့အညီ ကျင့်ကြံအားထုတ်ရမှာပါ။ ကောင်းတဲ့ သမ္မာမဂ္ဂင်များကိုသာ မဂ္ဂင်ရှစ်ပါးလို့ တရားသွင်း ပါတယ်။ မဂ္ဂင်ရှစ်ပါးမှာလည်း ဝိပဿနာရှုသွားတဲ့ အခါမှာတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်ငါးပါးပဲ ပါဝင်ပါတယ်။ ကျန်တဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဝိရတီမဂ္ဂင်သုံးပါး မပါဘူး။

## သမ္မာဉာဏ်ရှုမှ ဘုရားဟု ဝန်ခံတော်မူ

ဘာဝနာက သမထဘာဝနာ၊ ဝိပဿနာဘာဝနာလို့ နှစ်မျိုး ရှိတယ်။ ဗုဒ္ဓါနုဿတိအစ မရဏာနုဿတိ အဆုံး အနုဿတိ တရားဆယ်ပါးကို ကမ္မဋ္ဌာန်းအားနဲ့ ပွားနေရတာက သမထ ဘာဝနာဖြစ်ပါတယ်။ သမထနဲ့ အကျိုးပေးတာ ဖြည့်ဆည်းမှုလို့ ဆိုရာလေးကောင်းတဲ့ ရှုဖွားစရာပါ။

သမထဈာန်ဟာ ကုသိုလ်ဈာန်ဖြစ်စေမယ့် သမုဒယသစ္စာ ဖြစ်နေတဲ့အတွက် အားမကိုးသင့်တဲ့ ဈာန်ပဲ။ ဝိပဿနာ ဘာဝနာ အဆင့် ထိရောက်အောင်သွားနိုင်မှ ဘုရား သာဓုခေါ်ပါတယ်။ ဈာန်ကလည်း အကုသိုလ်ဈာန် ကုသိုလ်ဈာန်ရှိနေတော့ အကုသိုလ် ဈာန်နဲ့တာရင် သမထဈာန်က ကုသိုလ်ဈာန်မို့လို့ တော်ပါသေးရဲ့လို့ ပြောရင် ရပေမယ့် သူလည်း ဒုက္ခသစ္စာရှာတဲ့နော်။ ဒါကြောင့် အားမကိုးသင့်ဘူး။ အဆိုးဆုံးကတော့ အကုသိုလ်ဈာန်ပါ။

အကုသိုလ်ဈာန်ဆိုလို့ ဝေးဝေးလံလံ ကြီးကြီးမားမားတွေ လိုက်ရှာကြည့်မနေပါနဲ့။ ကိုယ့်အိမ်ထဲမှာပဲ အဆင်သင့်ရှိနေပါတယ်။ အိမ်မှာ သားလေးသမီးလေးတွေ မွေးပြီးကြည့်ပြီးတော့ အာရုံကျနေရတာ ဝိတက်။ သားသမီးလေးက အမေနဲ့တူလို့ လှတာက ဝိစာရ။ ကိုယ့်သားသမီး တော့သပ်ရင်သပ်နဲ့ နှစ်သက် နေတာက ပီတိ။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဖြစ်ရလို့ စိတ်ချမ်းသာတာက သုခ။ နေ့စဉ်နဲ့အမျှ သားအာရုံ သမီးအာရုံ ရှိနေတာက ဧကဂ္ဂတာ။ ပေါင်းလိုက်တော့ ဈာန်အင်္ဂါငါးပါး။ သားသမီး အာရုံပြုနေတဲ့ ဈာန်မို့လို့ အကုသိုလ်ဈာန် ဖြစ်တယ်။

ဈာန်ကို ဝင်စားလေ့ရှိခဲ့ရင် ပြောရင် အာနေဉ္စာဘိသင်္ခါရ အကြောင်းတရား၊ သမုဒယသစ္စာပါ။ အာနေဉ္စာဘိသင်္ခါရလုပ်ရင် အကျိုးပေးကျတော့လည်း ဖြစ်ပွားစရာ ဒုက္ခသစ္စာပဲရမယ်။ ဒါကြောင့် ဒုက္ခသစ္စာပဲ ရမယ်လို့ မသိတာက အဝိဇ္ဇာ၊ ဈာန်သမထ အလုပ် တွေနဲ့ အချိန်ကုန်နေခဲ့တာက သင်္ခါရ။ အဲဒါကြောင်း သမုဒယ သစ္စာ၊ သမုဒယသစ္စာက ပယ်ရမည့် တရားပါပဲ။

(တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

"အရင်တုန်းက ငါဟာ ဒါကို သစ္စာလေးပါးလို့ မသိခဲ့သေးဘူး၊ အဲဒီအချိန်တုန်းက ငါဟာ ဘုရားဖြစ်ပြီလို့ ဝန်မခံသေးဘူး။ အခု ဒီအကြောင်းတရားဟာ သစ္စာလေးပါး၊ ဒီသစ္စာလေးပါးကို ပယ်ရမယ်လို့ သိလာပြီမို့ ငါဘုရားဖြစ်ပြီလို့ ဝန်ခံတယ်" တဲ့။ သစ္စာသိမှ ဘုရားဖြစ်ပြီလို့ ဝန်ခံတော်မူပါတယ်။ သစ္စာသိတဲ့ ဉာဏ်ရမှ ဘုရားဖြစ်ပြီလို့ မိန့်တော်မူတာပါ။

## ဝိတက်နှင့်ဉာဏ် တွဲလိုက်ယှဉ်

ဝိတက်ဆိုတာ သမထမှာသာ ရှိတာမဟုတ်ပါဘူး။ ဝိပဿနာမှာလည်း ရှိပါတယ်။ ဆောက်တို့ ရှုရှိုက်ပြီး တရားမှတ်နေတဲ့ အချိန် ရှုနေချိန်မှာ ရှုစိတ်၊ ရှိုက်နေချိန်မှာ ရှိုက်စိတ်ဖြစ်နေတယ်။ ရှုစိတ်ရှိုက်စိတ်က အရှုခံတရား၊ ရှုတာကို သိနေတာက သိစိတ်ဉာဏ်။ ရှုစိတ်က အရှုခံ၊ နောက်က သိတာက အရှုဉာဏ်ပေါ့။ ဒါ ရှုစိတ်ပါလားလို့ အရှုခံအာရုံကို တင်ပေးလိုက်တာက ဝိတက်။ ရှုစိတ်လို့ သိတာလည်း ဝိတက်၊ ရှိုက်စိတ်လို့ သိတာလည်း ဝိတက်။ ဒါ ဝိတက်က ကြည့်ရင်ပေါ့။

ရှုစိတ် ရှိုက်စိတ်က အရှုခံ၊ ဝိတက်က အရှုခံအာရုံကို တင်ပေးတယ်။ ရှုတဲ့အချိန်မှာ ရှုစိတ်လို့သိတာ အမှားဖြစ်လား၊ အမှန်ဖြစ်လားဆိုတော့ အမှန်ဖြစ်ပေါ့။ မှန်တာက သစ္စာ၊ မြင်တာက ဒိဋ္ဌိ။ သမ္မာဒိဋ္ဌိ ဖြစ်သွားတယ်။ ဒီတော့ ဝိတက်နဲ့ ဉာဏ် တွဲသွားပြီ။

ရှုလိုက်ပြီးတဲ့အချိန်မှာ ရှုစိတ်မရှိတော့ဘူး၊ ရှိုက်လိုက်ပြီးတဲ့ အချိန်မှာ ရှိုက်စိတ်မရှိတော့ဘူး။ ဖြစ်တာလည်း သိတယ်၊ ပျက်တာလည်း သိတယ်။ ရှုစိတ်တလေး၊ ဘယ်အချိန်ဖြစ်လာတယ်၊ ဘယ်အချိန်ပျက်သွားတယ်လို့ အဖြစ်လည်းသိ၊ အပျက်လည်း သိနေ

ကာလ ရှုနိုင်နဲ့ပြောရင် ဝိဇ္ဇာရ၊ ရှေ့ဝင်ရဲ့ ပြောတော့ သမ္မာသင်္ကပ္ပ ရှင်။

ရှုစိတ်ကလေးကို သိတယ်ဖြစ်တယ်ဆိုတာက ရုပ်ဆောင်း လို့ ဖြစ်တာ မဟုတ်ဘူး။ ဆောင်ကြည့်လို့ ဖြစ်တာပါ။ ဝိတက် ညွှန်းပါတယ်။ ဝိစာရ ရည်းပါတယ်။ ဝိတက်က ပေါ်ရာစရွက်ကို ဒီတာ၊ ဝိစာရက ပေါ်ရာစရွက် အပျက်ကလေးကို သုံးသပ်တာ။ ဆောင်ကြည့်တာက ဝါယာမ၊ အမှန်အတိုင်းသိတော့လို့ သမ္မာ ဝါယာမ။

ဖြစ်ရင်ဖြစ်မှန်းသိ၊ ပျက်ရင်ပျက်မှန်းသိ သိနေတာဟာ စိတ် တည်ကြည်လို့ပဲ။ ဆောက်တည်ရလို့ပေါ့။ ဆောက်တည်နေတာက သမ္မာသတိ၊ စိတ်ကလေးတည်ကြည်နေတာက သမ္မာသမာဓိ။ ဖြစ်ပျက်အာရုံ မှာတင်ပါ။ တခြားအာရုံ မလာဘူးဆိုတာက ဧကဂ္ဂတာ။

ဖြစ်ပျက်တွေမြင်ပါများလာတော့ ခန္ဓာကဖြစ်ပျက်၊ ရုပ်တဲ့ ဉာဏ်က မင်း။ မဂ္ဂင်ငါးပါး ရှုသွားတယ်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ မဂ္ဂင်ငါးပါးနဲ့ ဝိတက် ဝိစာရတဲ့ ဈာန်အင်္ဂါငါးပါး တွဲမိသွားပါတယ်။

## လောကုတ္တရာဈာန် သောတာပန်အကျိုး

ဖြစ်ပျက်တွေ မြင်ပါများလာတဲ့အခါမှာ ခန္ဓာကဖြစ်ပျက်၊ ရုပ်နဲ့ဉာဏ်က မင်း။ ဖြစ်ပျက်မင်း တိုက်ပါများလာတော့ မင်းရဲ့ ရှိမ်းရည်သဘောက–

ကိလေသေ ဘာဝေတွာ နိဗ္ဗာနံ ဂစ္ဆတိ ဝေဒ္ဒါ။

ကိလေသေ – ကိလေသာတို့ကို၊ ဘာဝေတွာ–ပယ်သတ် ပြီးလျှင်၊ နိဗ္ဗာနံ– နိဗ္ဗာန်သို့၊ ဂစ္ဆတိ–သွားတတ်၏။ ဉာဏ်တော်ရှင်–

ကိုယ်ကြောင့်ပဲ ဓလေ့-ဓမ်းရည်းပါ။ ဒီတုံးတိုင်း ဆုင်ကြ ကိလေသာ ကို သတ်တယ်။ မျက်နှာအင်္ဂါက ကိလေသာကို ထားဖြစ်ပါတယ်။

ဥပစာဖြစ်ရင် အနုသယပေါ်လိမ့်မှာ အဲဒီအနုသယကို သတ်သလိုပဲ ကုသပေးနိုင်တဲ့ဆေးနဲ့ လုံးဝပျောက်အောင် ကုပေး နိုင်တဲ့ ဆေးရှိတယ်လို့ ဆရာနှစ်ယောက်ရှိတယ် ဆိုပါစို့။ ဒီဆရာ နှစ်ယောက်မှာ ဘယ်ဆရာနဲ့ ကုမလဲ။ ပျောက်အောင်ကုပေးတဲ့ ဆရာနဲ့ပဲကုမှာပေါ့။ အဲဒီလိုပါပဲ သမထက ကိလေသာကို သတ်သလိုပဲ ထားနိုင်တယ်။ ဝိပဿနာမဂ်ဉာဏ်ကတော့ ကိလေသာကို ပယ်သတ်ပြီးတော့ ပျောက်အောင် လုပ်ပေးနိုင် ပါတယ်။ သမထ တောက်လျှောက်က ကိလေသာကို သတ်သလိုပဲ ထားနိုင်တယ်၊ ဝိပဿနာလောကုတ္တရာ မဂ်ကြီးကတော့ ကိလေသာကို အပြီးတိုင် ပယ်သတ်နိုင်ပါတယ်။

အဲဒီတော့ သမထနဲ့ ဝိပဿနာဟာ ဘယ်ဟာက အားကိုး ထိုက်ပါသလဲ။ သမထက ဖြေဖျောက်ဖို့ ရုပ်နာမ်အသိဉာဏ်တွေ ရနိုင်ပေမယ့် နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့အတွက် အားမကိုးသင့် ပါဘူး။ ဝိပဿနာကတော့ နိဗ္ဗာန်မင်း မှီသည်အထိ အာရုံပြုနိုင်တာမို့ အားကိုး ထိုက်တဲ့တရားဖြစ်ပါတယ်။

ဝိပဿနာရှုနည်းအင်္ဂါဖြစ်စဉ်ကို ပြောပါမယ်။ ဖြစ်ပျက်မြင်နေ တဲ့အခါ ဝိတက် ဝိစာရ ဖြစ်ပျက်တွေ မြင်ပါရှုနေတော့ ကိလေသာတွေတော့ ရှင်းတဲ့ ဒေါ်ပြီး နှိမ်သတ်ထား ပီတိ၊ သုခ၊ လေထဲမှာ သုခ၊ ဖြစ်ပျက်အတွက် နူးညံ့သိမ်မွေ့လိုက် တော့ဦးတိုးတော့ မရှုလာ မနေနိုင်တော့ဘူး။ နေ့တိုင်း လုပ်နေရင် အချိန်မှာ မလုပ်ရမနေနိုင် ဖြစ်သွားတာက စေတနာကို ဝိပဿနာ ရှုနည်းအင်္ဂါတွေ လိုက်လာပါတယ်။ ဖြစ်ပျက်နဲ့ပတ်ပြီး ဖြစ်တဲ့ရှာနိမိတ်လို့ ဝေနာတွက်ရှာကျွမ်း၊ စင်ညာဏ်ဖို့သိဉာဏ်ကို

ကျော့ရှုံးပြီးမည်ရှာနိုင်ဖို့လို့ လောကုတ္တရာရှာရှာနိုင်။ လောကီရာဇ ပန္နည်းရဲ့ အကျိုးပေးက ပြဿနာတွေ၊ ဓမ္မပန္နည်းရဲ့ အကျိုးပေးတာ နိဗ္ဗာန်မို့ လို့ ရောင်ကို ဖွားထားရသော စန္ဒာဝေါ ညွှတ်နေရာပါပြီး ဒီလဝ လောကထဲမှာ တည်နိုင်မှာ ဖြစ်ပါတယ်။

## လောကီရှာနဲ့ အပါယ်သံသရာလည်ဦးမှာ

လောကီရှာနဲ့ သမထဘာဝနာတွေက ဝိပဿနာရှေးစေ။ ပြဿနာဖြစ်နိုင်ခဲ့မယ့် တစ်ချိန်မှာ အပါယ်ငရဲ ကျနိုင်သေးတယ်။ လောကုတ္တရာ ရှာနိုင်မှသာ အပါယ်လေး သံသရာပည်တဲ့ သားကနေ ငြိမ်းအေးနိုင်ပါတယ်။ သာဓကတစ်ခု ပြောပြမယ်။

ဒီကမ္ဘာမှာ (၅၁) ကမ္ဘာထက်မှာ ဝိပဿီမြတ်စွာဘုရား ထင်ရှားပွင့်တော်မူတော့ သာသနာဝ ရသေ့တစ်ဦးဟာ လောကီ သမထ ရှာနဲ့တွေ့ပြီးတော့ မြေကြီးမိုးပျံလုပ်နိုင်သတဲ့။ တစ်နေ့ တော့ ကောင်းကင်ခရီးကို ရှာနဲ့သွားနေစဉ် ဘုရားကိုယ်တော် မြတ်ဖွင့်လိုက်တဲ့ ရောင်ခြည်တော်တွေကို မြင်ပြီး အောက်ကို ဆင်းလာတယ်။ ဘုရားရှင်ကို ကြည်ညိုလွန်းလို့ မွှေးဆောင်းရိုတဲ့ ပန်းတွေနဲ့ ဘုရားကို ပူဇော်တယ်။ ဘုရားရဲ့ခေါ် မြတ်နှင်းကျက်မှာ တစ်ပွင့်၊ နောက်ကျောမှာတစ်ပွင့်၊ အောက်မှာ တစ်ပွင့်ခင်းပြီးတော့ လှူသတဲ့။

အဲဒီမှာ ဘုရားရှင်က ရသေ့ကို သာဓုခေါ်ပေး စေ့ပေါ် ညာဏ်ရောင် တရားဟော လောကြီးဝေဝါရှုပြယ်။ နားက အရော နာ၊ ညာဏ်က ဓမ္မလှည့်။ စေ့ကာဖြစ်ပျက်၊ ရှုတဲ့ညာဏ်က မင်း။ ဖြစ်ပျက်က ရုပ်နာမ်၊ သိတဲ့ညာဏ်က မသိသေး။ ဖြစ်ပျက်မင်း ကိုက်နေပေမယ့် ရှာနဲ့အာဘိညာဉ် သမထအပေါ်မှာ ထက်ရှေ့တင်

နိုင်တဲ့ ဖွဲ့စနေတယ်။ တရုတ်ကောင်းမှန်းတော့ သိပါရဲ့။ ပျာနိုကို လက်မလွှတ်နိုင်ဘူး။ သာယာနေတယ်။

သာယာတာက တကယ်၊ ဖွဲ့တမ်းတာက ဥပါဒ်၊ သူကျင့်ထားတဲ့ သင်္ဂီတအလုပ်တွေက ဂန္ထဝင်မြောက်ထားပါလားလို့ မသိတာက အစိမ့်။ ဝင့်နဲ့ကြည့်တော့ တီလေသဝင်း။ ဆရာရဲ့ရော့ လ ပျာနိုသာပုံနိုင်တာ၊ တီလေသာ မတွေ့ခဲ့သေးဘူး။

ပျာနိုပုံတဲ့ သင်္ဂီတက ကမ္ဘာဝင်။ ဆရာရဲ့ရော့နေ့စဉ် ပျာနိုပုံ နေရတာ တီလေသဝင်နဲ့ ကမ္ဘာဝင် ဘုရားနဲ့တွေ့ပေမယ့် ဘာ လေ့ကျင့်ရာ တရားထူးမှ မရဘူး၊ ရလာတာက လေကော ပျာနိုရထားတဲ့အတွက် ပြည်ပြည့်ရောက်သွားတယ်။ ဖြတ်လမ်း ရသွားတယ်။ ဖြတ်လမ်းလည်း ခွဲရနေတော့ အချိန်တန် သေရ ပြန်တယ်။

ပြည်တော်တာနေသေတော့ လူ့ပြည်ရှာ အငွေ့နံ့ရှိုက်သောတဲ့ ဖနီးဖောင်နံ့ထဲမှာ သစ်ခွတေယ်။ သားလေးတကျိုးလေး ဖြစ်လာ တယ်။ တစ်နေ့မှာ အဖလုပ်တဲ့သူက သားအား ဂိုရဲအတွက် တင်းလျှာအနေနဲ့ ချက်ပြုတ်ဖို့ အမဲသားတွေ ထုံးတစ်ကုန်း အမဲသားကို ကျိုးတစ်ကောင်က သုတ်ချီသွားတဲ့။ ကလေးက ကျိုးကို မကျေနပ်တာနဲ့ ကျောက်တွင်းနဲ့ပေါက်တော့ မိလာတယ်။ မိလာတဲ့ကျိုးရဲ့ခြေထောက်ကို ကြိုးနဲ့ ချည်လိုက်သတဲ့၊ အဲဒါ အဖေကမြင်လို့ "လုပ်ပါနဲ့သားရယ်" လို့ ပြောတော့ အဖေ ကလည်း လွှတ်ပြည့်လိုက်တာ၊ အလှပါးဖင်လိုပါ သိတ်နဲ့တိုးနို ကောင်းတယ်" လို့ နှင်းဆိုင်းပေးတာ ချဉ်ပေါင်လိုက်သတဲ့။

တစ်ချိန်က ပျာနိုတော် ပုဂ္ဂိုလ်ကြီးတာ မိဘလေးလျောက်တော့ ကျိုးကိုလည်း တဖက်နဲ့ တိုးပေါက်ပစ်လေးတယ်။ အမြင် မတော် လို့ ဖလုပ်သင့်လို့ ထားလာတဲ့ အမှုကိုလည်း ပေါက်ချမြောက်

ဖော်ကားလိုက်သေးတယ်။ အဓမ္မ ဘာယိုလိုက်တာလား လောင်းမစ်တဲ့ သူတစ်ပါးအသက် ရက်ရက်စက်စက်ကြီး ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ အကုသိုလ်ကြောင့် ဒီကလေး ဘဝတွဲအခါမှာ ဝဋ်ကျွေးရတော့တာပဲ။ ရှာနိုင်သေးတဲ့ ဗုဒ္ဓလိပ်တည်း အပေါ်ယံလဲက ချမ်းသာစေမယ်ပါဘူး။ သံသရာတာတည်း ငြိမ်းအေးနိုင်ပါဘူး။

## ဝဋ်ကြွေးခံရတဲ့ ဥတ္တရသာမဏေ

လောကီချမ်းသာ လောကုတ္တရာချမ်းသာ နှစ်မျိုး ရှိရာမှာ လောကုတ္တရာချမ်းသာဟာ သံသရာဘေး လွတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လောကုတ္တရာချမ်းသာကို အားထုတ်ရမယ်။ လောကုတ္တရာချမ်းသာအားထုတ်မှာဆိုရင် ရှင်နဲ့ တွဲရမယ်။ ရှင်နဲ့တွဲမှ ဖြစ်မြောက်မြင်မယ်။ ဓမ္မက ဖြစ်ရုံ၊ ရှုတဲ့ဉာဏ်က မင်း၊ ဒီမင်းထဲမှာ ချမ်းသာပေါ်တဲ့အတွက်ကြောင့် “ချမ်းမင်း၊ နိဗ္ဗာန်ဝင်” လို့ ဆိုရိုးစကားပြောရမယ်။

ဖြစ်ပျက်သာမြင်အောင် ကြိုးစား၊ သမထပေါ်ပြီးသား။ ဖြစ်ပျက်သာမြင်အောင်ကြိုးစား၊ ချမ်းပေါ်ပြီးသား။ ဖြစ်ပျက်သာမြင်အောင်ကြိုးစား၊ လောကုတ္တရာချမ်း ပေါ်ပြီးသား။ သံသရာကို ငြိမ်းအေးစေနိုင်တဲ့ သတ္တိရှိလို့ လောကုတ္တရာချမ်းသာကို ဘုရားဟောစ ခေါ်ပါတယ်။ အသောစိသုတ္တန်၊ သုဒိဗ္ဗသုတ္တန်၊ ဂဇ္ဇလိသုတ္တန် တွေကို အခြေခံပြီးတော့ ပြောနေတာပါ။

သမ္ဗုဒ္ဓ ဘုရားရှင်လက်ထက်တော်က ချမ်းရသာသာမှာ လောကီရတော့ပေး၊ မြို့ရွာမြည်မှာ မြို့ကျမ်ဖြစ်တယ်၊ နေ့လုံ သူရွှေးသားဖြစ်တယ်။ ကိုးကို တစောချိန်နဲ့ ထိုးနဲ့တွဲအကုသိုလ် ကြောင့် ဝဋ်ကျွေးတယ်၊ နောက်တစ်ခါတော့ တိုးမြင့်ရွာတရား လက်ထက်တော် သာသနာ့မြည်က ချမ်းသာတဲ့အမျိုးမှာ သူဌေး

သားလေး ဖြစ်လာတယ်။ အဖေတော်က ရှင်တော်မြတ်ဗုဒ္ဓအား ပေးလှူလေ့ကာပန်းတွေ လှူခဲ့တဲ့ ကုသိုလ်ကြောင့် အသားအရေဝါ ဝင်းဝါစိုပြည် အိညှက်နေသတဲ့။

အဖေတော်က ဗျာနီ အဘိဥ္ဆုဦ့နဲ့ နေလာခဲ့တဲ့အတွက် ဒီကလေးဟာ ဉာဏ်အမြွန်ထက်တယ်။ ဟိမ္မာရှုခြား ရှိတယ်။ သမာတကျော်ရှုဲ့ ရွာနှံ့လို့ ကြီးပြင်လာ ကြီးမားတယ်။ လူတိုင်းက ရှိုးသေတာ ခံရတယ်။ "သူ့ရဲ့ ဂုဏ်သတင်းဟာ နယ်ပယ်ဒေသ ရှားစွာ ပျံ့နှံ့ကျော်ကြား လင်ရှားတယ်။ မိဘတွေက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ ဆွမ်းခံပါတကာတွေဆိုတော့ သူလည်း အရှင်သာရိပုတ္တရာရဲ့ တပည့် ဖြစ်နေတာပေါ့။ နာမည်က ဥတ္တရ လုလင်တဲ့။

ဥတ္တရလုလင်ရဲ့ ကောင်းသတင်းတွေ ပျံ့လွှင့်နေတော့ ရာဇဂြိုဟ်ပြည်က အမတ်ချုပ်ကြီး ဝဿကာရက သူ့ရဲ့သမီးနဲ့ စုံဖက်ဖို့ သတို့သား လိုက်ရှာရင်းနဲ့ သဘောကျသွားသတဲ့။ အမတ်ချုပ်ကြီးက သူ့သမီးကို ပေးစားဖို့ ပြောတော့ ဥတ္တရလုလင်က သံဝေဂဉာဏ်ရှိုသန်နေတဲ့လူဖြစ်ပီ "မိန်းမဆိုတာလည်း ဆွေးဝါးတဲ့ ရုပ်နာမ်တရား အသုဘကြီးပါပဲ"ဆိုပြီး ငြင်းလွှတ်လိုက်သတဲ့။ အမတ်ချုပ်ကြီးတော့ အကြီးအကျယ် မကျေမနပ် ဖြစ်နေတာပေါ့။

နောက်တော့ ဥတ္တရလုလင်က မိဘတွေဆီ ခွင့်တောင်းပြီး အရှင်သာရိပုတ္တရာ ထံတော်မှာ ရှင်သာမဏေဝတ်တယ်။ ဆရာ့ ဝတ်တော့ကျွန်ပွတ်တုံ့အတွက် ဥတ္တရ သာမဏေလေးလို နေ့စဉ်ကြီး လာမြဲကြတယ်။ တစ်နေ့မှာ တော့ဖြစ်ပေ ရှင်သာရိပုတ္တရာ ဝေဒနာ ခံစားနေရတာမြင်တော့ ဥတ္တရသာမဏေ ဆေးဝိဇ္ဇာ သလဲ။ ဆရာ့ရဲ့ ဝေဒနာရောဂါက တော့ဆေးတည်းပေးရရင် ပျောက်

ပေါ်လို့ သိရတော့။ နောက်ခါတော ဆွမ်းခံထွက်ရင် တော့မှ
အလှူခံဖို့ ကြုံတယ်။ နည်းနည်းမေ့နေတာနဲ့ မြို့ထိပ်မှာရှိတဲ့
ရေတွင်းမှာ ဆင်းပြီး မျက်နှာသစ်တယ်။ သပိတ်ကလေး ကိုတော့
တန်ဆောင်ပေါ်တင် ထားခဲ့တာပေါ့။

အဲဒီအချိန်မှာ မြို့ထဲက ခိုးရာက်ပြီး ပြေးလာတဲ့ သူခိုးက
နောက်က လိုက်လာတဲ့ သူတွေကို ပုန်းရှောင်ဖို့ တန်ဆောင်
ပေါ် ရောက်လာတာတဲ့။ နောက်က လူသံ သူသံတွေ ကြားတာနဲ့
သူခိုးက ခိုးလာတဲ့ ဥစ္စာထုပ်ကို သပိတ်ထဲထည့်ထားခဲ့ပြီး
ထွက်ပြေးသတဲ့။ နောက်ကလိုက်လာတဲ့ ရဲတွေကလည်း သူခိုး
မိအောင် လိုက်သွားတော့၊ ဒီကိုရင်ကို မသင်္ကာဘူးဆိုပြီး သပိတ်
မှောက်ကြည့်တော့ ဥစ္စာထုပ်ကို တွေ့သွားရော။ ဒါနဲ့ ဥက္ကရာဇမတော
လေးကို ဖမ်းပြီး အမတ်ချုပ်ကြီး ဝေဿကာရထံ ခေါ်သွားသတဲ့။

ဝေဿကာရကလည်း ကိုရင်လေးကို မိဘအမည်တွေ
စစ်ဆေး မေးမြန်းလိုက်တော့ သူ့သမီးကို ငြင်းပယ်ခဲ့တဲ့သူမှန်း
သိသွားတာနဲ့ ဆက်မေးမနေတော့ဘူး။ ဘားစင်တင်သတ်စေလို့
အမိန့်ချလိုက်တယ်။ ကိုရင်လေးကို မြို့ပြင်ခေါ်ပြီး ဘားစင်မှာ
လက်ပါးတွေကင်ပြီး သံတွေရိုက်ဖောက်တာ ခံရတယ်။ ကျီးကန်း
ကို တစ်ချက်နဲ့ ထိုးသတ်ခဲ့တဲ့ ဝဋ်ကြွေးက လိုက်လာတာနော်။
ဝေဒနာက ပြင်းထန်လွန်းတော့ တစ်ခါတစ်ခါ မေ့မျောသွားသတဲ့။
သတိပြန်လည်လာတာနဲ့ မြော် ငါ့ဆရာ လေနာနေရာ ဖြစ်နေ
တာ သတိသာ သိလောက်ရဲ့လား။ ငါ့ကို ရှာနေရှာမှာပဲ
မသဖြင့် ခြည်ဘမ်းမြုပ်ဆိုတယ်။ သူခိုးမဟုတ်ဘဲနဲ့ သူခိုးလို့
စွပ်စွဲခံရတာတော့ ရှေးတုန်း မိခင်ကို ဝေါဒနဲ့ ပြန်ပြောပြီး
ပြစ်မှားခဲ့တဲ့ ဝဋ်ကြွေးပေါ့။

## ဗျာနိယုဥ္ဇိမှင် ဥဏ္ဏရသတောဏ နိဒ္ဒါနိဒင်

ဥဏ္ဏရေသဝဏ္ဏနာလေးက ကားစင်မှာ ပြင်းထန်တဲ့ ဝေဒနာ တွေ ခံစားနေရင်းနဲ့ အနားမှာ ငိုင်းရှိုက်နေတော့ သော်ကြည့်နေကြတဲ့ ပရိသတ်ကို ဆောင်းပန်စကားဆိုလိုက်တယ်က–

နီလဂ္ဂီ ပဗ္ဗ မေဒါယာ၊ ဒဒေသာသ ဓမ္မဇာတုယာ။

ကေသိပ္ပါဝတ် ဝိပဿိတာ၊ ဓမ္မပဿ၊ သမုဇ္ဇေဝီယာ။

**ဒေသာရွှေ**= သူသန်ဝမ် ကားစင်မှာ ရောက်လာကြပါတဲ့ ဒိုသူကက်တော်ပျိုး။ **မေ**=ဝီပါကာဝင့်တရားကြောင်း ကြားရတတ် တဲ့တစ်ခွင် မမြင်နိုင်တဲ့ ကံတရားရယ်ကြောင့် ခံစားနေကျင်နေရ ပါသော အကျွန်ုပ်၏၊ **ဓိဓရွှေ**=ထွေးမြိုင်မြိုင်ဝိုရှိ၍ လှော်သော မွှေသော၊ ကစ်ခါသာ ထင်မြန်းခဲ့ရပါသော ယော်ဒီ ဗောဇ်သီသော်နီး ကလေးကိုလည်းကောင်း၊ **ပဗ္ဗ**= သူနဲ့ကာ အသက်ဓမ္မခဲ့ရပါတဲ့၊ အလှမဲ့ ဝှာင်၊ ရှည်းနက်မှိုက် ယော်ဒီ ဆံဝိဘ်တလေးကိုလည်း ကောင်း။ **အဒေါယ** = ယူဇော်နုကြကုန်ပြီး၍၊ **ဓမ္မာယာ ဓမ္မာ့** = ဓမ္မရှင်ဓမြတိန်ယ်ဖြေးဆီက မယ်တုရားလို့ခေါ်တဲ့ ကိုရှင်ရဲ့ မယ်တော် ဒါယိကာမကြီးကို။ **ဒေသာသ**= ပြထော်ရှလိုက်ကြပါ။ **တ်** = ကျွန်ုပ်ပေးလိုက်တဲ့ သတ်နီးသဝိတ် ဝန်ကွဲရာလေး တွေကို၊ **ဓမ္မဇာတုန**= သားဆိုတဲ့ အမြင်နဲ့ ထင်ရတ်ကာ ကြည့်ရှုရလည်း ရှိပေါ်၊ **ဝိပဿိတာ**= ယောကစီးအမှုတောတ်လို့ရို ဖျက်ရည်ပေါက် ကြီးငယ် ဆလှုပ်သွယ်ကျဆင်း၍၊ **ဓမ္မဓဿီ** = ပင်ပန်းတော် မူရှာပါလိမ့်မည်၊ **ဓမ္မီ ဇုတေနာ**= ကံဆိုးလို့ ကြုံရပါတဲ့ ယော်ဒီ ကုန်းမြင့်ပေးပေါ်ပြီး၊ **သမုဇ္ဇေဝီယာ** = ဝင်ခွန်တိုင် ရှေ့ရှေ့သွား ရမိနဲ့ မလေးမွှားရယ်က တလှလှ ပုံရေ့ ကုသိုလ်ရှာဆောင်ရို သဘောသန္ဓာမှန်း၊ ထွန်းစေတ်ဖြူဖြူလေးပါ၊ **ဓမ္မဇာတုယာ** = တည်းထား

တော်မူလိုက်ကြစမ်းပါ။ ဗုဒ္ဓဘုရား = တန်ခိုးတော်ကလည်း တရှိန်ရှိန် ထိုးတက်၍ ရွှေသရဖီ ဖူးချိန်ရှိ စေတီတော်ကို ရည်မှန်းကာ သည်ပြီလား တော် နှုတ်လိုက်ကြစမ်းပါရယ်လို့။

ကိုရင်ကလေးက "ကျွန်ုပ်ဟာ ဟောဒီသာကီနွယ်ဝင် ကလေးတွေကို ရှိခိုးတော့ အားဆောင်ခဲ့ရပါတယ်။ မိခင်နဲ့ အတူတဲ့ ဟောဒီ သာကီဝင်မင်းဆက်တွေ ရှိကြပါ။ ကျွန်ုပ်ရဲ့ ရှင်ကလေးလက်ကိုလည်း ဟောဒီကုန်းလေးပေါ်မှာ စေတီလေး တည် ထားပါ။ စေတီလေးကို ဝင်ရောက်ဖူးတဲ့ လူမှန်သမျှ အကျည်းလေး ပါ" ရယ်လို့ "စေတီဟာ အားကိုးလို့ရတဲ့ လောကီချမ်းသာတွေကို အားကိုးနိုင်အောင် ကိုယ်တော်ဝင် တန်ခိုးတွေ ရှိနေခဲ့ပါတယ်။ အခါ ဝင်ရောက် ဆုတောင်းကြပါစေ" လို့ လာသမျှ ပရိသတ်ကို ပြောကြား ပြောပြနေတဲ့အချိန် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ဒီနေ့ ဘယ်သူ့ကို ကယ်တင်ရမှာလဲလို့ ကြည့်တော်မူလိုက်တော့ ဥက္ကာ သာအစားလေးကို မြင်တော်မူတယ်။ ရောင်ခြည်တော် ဖြာထွက် လွှတ် လွှတ်တော်မူလိုက်တာ အလင်းတန်း ပဟာလောလေး ပန်းလှူ ခဲ့တဲ့ ကုသိုလ်ကြောင့် ပါတော်ရောင်ခြည်တော်ကို ဆာရုံမြင်ပြီးတော့ သာဓုခေါ်တွေ မြန်မြန်ဆန်ဆန် ရလာတယ်။ လောကီချမ်းရလော ခဲ့တဲ့ စေတီဟာ ကုသိုလ်ကြောင့်ပါ။ အဲဒီမှာ ခန္ဓာပေါ် ဥက္ကာ ရောက်စေ့

**ကာယဗ္ဗ ပရိတ္တ အလှူမှူး ဥက္ကဋ္ဌ ကာယဗိန္ဒုဘာ ဝိမ္ဗာ သင်္ဂဟ ဖဆသာ ဆောဝဏ္ဏဟာ ဝေဒနာ**


ကာယဗိန္ဒုဟာ ခန္ဓာကြည်မှာ အရွေ့ဆုံး ပန်းပွားနဲ့ တွေ့ ကြီးတော့ ကာယဗိန္ဒုသာဝိကာ ဖြစ်လာတယ်။ အဆွေ့ ဖသာ အကြောင်းကြောင့် ဝေဒနာဝေးနေရတယ်။ ခန္ဓာဝေဒနာက ဖြစ် ပျက် ရှုပ်ညွှတ်ကာ၏။ သာဓုခေါ် အားတောင်းလေတဲ့ အခါ


စန္ဒာဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ဝေဒနာကို အာရုံပြုသော ဝိတက် ဖြစ်ပျက်ကို ဆင်ခြင်သော စိတ်ချေ၊ ဖြစ်ပျက်တွေ အမြင်ဝိစိတ်တော့ နှစ်သက်တရား ပီတိ၊ ချမ်းသာ လောကသုခ သုခ၊ ဝေဒနာ အာရုံပေါ်မှာ တည်နေသော ဧကဂ္ဂတာ။ ရုပ်နှိမ်အင်္ဂါငါးပါးနှင့် ပြည့်စုံပြီးတော့ စန္ဒာဖြစ်ပျက် ရှုတဲ့ဉာဏ်ကစင်၊ ဖြစ်ပျက်ခြင်းတော့ ရှုင်ငါးပါးဆိုတာရှိတယ်။ သာမန်ရုပ်နှိမ်ပေးတဲ့ ဈာန်နဲ့ ယှဉ်တဲ့ရုပ်နှိမ် ဖြစ်နေပါတယ်။ မဂ်ရှင့်၊ လောကုတ္တရာရုပ်နှိမ်၊ အားလုံးရှိပြီ ရုပ်နှိမ်ရနေပါပြီ။

စန္ဒာဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ဆဲလျှော့တဲ့ ခိုင် ခိုင်ကိုပွားတော့ လေ့လာသစ္စာ၊ သမုဒယချုပ်ရာ ငြိမ်းရာက နိရောဓသစ္စာ။ သစ္စာလေးပါး ထားစဉ်ပေါ်မှာ ထင် ဆိုကြပါတယ်။ ဆေးတကနဲ့၊ သတေါဂါမိ၊ အနာဂါမိ၊ ရဟန္တာ ကစီးသင့်ပြီးတစ်ဆင့် တက်သွားပြီး ဥက္ကဋ္ဌ သာဓကလေးသည် တားစင်တက်မှာပင် ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားပါတော့ တယ်။

ရုပ်နှိမ်လာတိဖြစ်ရှိခြင်း၊ ဆယ်လေကာတရားနှင့်ယှဉ်ခြင်း၊ သစ္စာ တရားနှလုံးသွင်းခြင်း၊ အဘိဓမ္မာ ထိုးထွင်းသိမြင်ခြင်း၊ ဒီမျိုးဆေးရှင်လေး ဟောခဲ့ပါတယ်။ “ရုပ်နှိမ်ကို ရုပ်နှိမ်သာမှတ်၊ ဓမ္မာနိ၊ ဓမ္မဂိနို ဓမ္မသစ္စာတစ်ပါး ဓမ္မာနို” ဆိုတဲ့အတိုင်း မဂ်ခြင်ရတဲ့ ရုပ် ဖြစ်လာတဲ့အခါ ဒီတရားတော်နှင့်တည်းဆည်း စောည်ယေးရှင် နေ့တိုင်းတ ဆေးတရားနှင့်တည်ကြည်ပြီ “ရုပ်နှိမ်ဂုဏ် ရှိလှနိုင်” လောကုတ္တရာရုပ်နှိမ်နဲ့ ယှဉ်တဲ့ မဂ္ဂင်တရားကို ဆေးတိုးရာ အစစ် ဖြစ်တဲ့အကြောင်း သိရပါတယ်။

# သမ္ပယုတ္တပစ္စည်း၊
# ဝိပ္ပယုတ္တပစ္စည်း






(၂၀) [illegible]

# ၁၉။ သမ္ပယုတ္တပစ္စည်း ၂၀။ ဝိပ္ပယုတ္တပစ္စည်း

## သမ္ပယုတ္တပစ္စည်းနှင့် ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်

ဗုဒ္ဓရည်မှန်း မြတ်ပဋ္ဌာန်း တရားတော်ကြီးကို နာယူကြ ရောက်လာကျင့်ကြကြသည့် ယောဂီသူတော်ကောင်းတွေ အနေနဲ့ ပဋ္ဌာန်းကျမ်းမြတ် အစဉ်ရှင်တော်မြတ်ဘုရား၏ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးနှင့်တကွ ဆိုသဗ္ဗညုတ ရွှေဉာဏ်တော်ကြီးဖြင့် ဟောကြားတော်မူခဲ့သော ပဋ္ဌာန်းဒေသနာတော်ကြီးကို ကြည်ညို လေးစားသောအားဖြင့် သမ္ပယုတ္တပစ္စည်းနဲ့ ဝိပ္ပယုတ္တပစ္စည်းတို့ရဲ့ ပစ္စယနိဒ္ဒေသပါဠိတော်ကြီးကို ရွတ်ဆိုပူဇော်ကြပါဦးစို့။

သမ္ပယုတ္တပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တ ပစ္စယေန ပစ္စယော။

ဝိပ္ပယုတ္တပစ္စယောတိ–

ရူပိနော ခန္ဓာ အရူပီနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အရူပိနော ခန္ဓာ ရူပီနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

# လူရွှင်လေးတွေနဲ့ ဟောပေးမယ်

ယောဂီတို့ ဘာနာကြားနေကျ ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာတရား၊ ခန္ဓာဂုဏ်တော်ရောက်ကြောင်းတွေနဲ့ ဒေသနာတော်တွေအားလုံးဟာ ဝိပဿနာဆိုင်ရာ အဘိဓမ္မာဒေသနာတော်တွေ အခက်အခဲ ဖြစ်ပါတယ်။ အဘိဓမ္မာဒေသနာတော်ဟာ အလွန်နက်နဲတဲ့ တရား၊ အလွန်ခက်ခဲတဲ့ ပညာဉာဏ်နဲ့ ထိုးထွင်းနိုင်မှ သိနားလည်နိုင်တဲ့ တရား၊ ဉာဏ်ကြီးရှင်တွေသာလျှင် နားလည်တဲ့အား ပြုလုပ်နိုင်တဲ့ တရားတွေ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓဟောတော်မူခဲ့တဲ့ရှိရာ အတွက်လည်း မသိမဖြစ် သိထိုက်ရမြဲ့ တရားတော်တွေပါ။ တရားတော်တွေက သိမ်မွေ့နက်နဲတော့ ဟောပြောဖို့လည်း ခက်လှမှ နည်းပါးပါတယ်။ မြန်မာတို့က ဘာသာစကား “တရားခြောက်”လို့ ခေါ်တယ်။ ဟောတဲ့လူနည်းသလို နာတဲ့လူထက်လည်း သိပ်မရှိကြပါဘူး။

ဒီတရားတော်တွေဟာ သုညတဆိုတဲ့ တရားတော်တွေ ဖြစ်ပါတယ်။ သုညတဆိုတာက ယောက်ျားမိန်းမ လူ့ဂုဏ်သတ္တဝါ အသက်ဝိညာဉ် အစိုးရတယ်ဆိုတဲ့ အနတ္တတွေ ဆိတ်သုဉ်းသွားတာ၊ ခဲ့ဒီလို သုညတဆိုင်တော် တရားတဲ့ ဒီဇွဲကုတ်တရားတော်တွေဖြစ်လို့ အလွန်နက်နဲခက်ခဲပါတယ်

ဒီတရားတော်တွေကို အဘိဓမ္မာသင်ဆိုလေးနဲ့ ဟောမယ် ဆိုရင် ယောဂီတို့အားလုံး အလွန်ဖိုက်နိုင်မှာ။ တရားတော်က နက်နဲလွန်းတော့ အားလုံးလိုက်နာနိုင်အောင် ပရိယာယ် အဖြေအနေ ကိုကြည့်ပြီးတော့ ဟောရပါတယ်။ ပရိယာယ်ထဲမှာ ဉာဏ်နဲ့ ကြင်လင် ဉာဏ်ရှင် သုံးမျိုးသုံးစား ရှိနေတော့ ပရိယာယ် အခေါ်မှာ မှတ်ပြီး ပရိယာယ်ကို ကြည့်ပြီး ဟောရပါတယ်။

တရားဆိုတာကလည်း ဘယ်ဟာဝါဒီရှိတယ် ဖြစ်နေလေလေ့ အချိန်တန်မှ နားကြားရှင် ရကြတာပါ။ တရားနာတဲ့အခါမှာလည်း အားလုံးဟာ ကျွတ်တမ်းဝင်ကြမယ့် သူတော်ကောင်းရတနာတွေ ဖြစ်နေလေမယ် ဟုတ်လိမ့်ကိုက်လေ့မှာ မတွေ့ညီကြတဲ့အတွက်တရား ရသူ တရားမရသူ ကွဲပြားသွားပါတယ်။ ပျော်ရွှင်စေချင် မဟာ ဂန္ဓာရုံဆရာတော်ဘုရားကြီး အမိန့်ရှိဖူးတာက "တရားတော်က နက်နဲလိုက်တာ၊ သိရလေတွေကလည်း များလိုက်တာ၊ ကိုယ်သိတဲ့ အတိုင်းသာ ပြောလိုက်ရင် လူတွေမှာလည်း မပေါက်ဘူး၊ နားလည်ကြမှာ မဟုတ်ဘူး" တဲ့။

အဲဒါကြောင့် ဓာတ်ရှေ့ကတရားတော်တွေရဲ့ နက်နဲခက်ခဲတဲ့ အဓိပ္ပာယ်တွေကို အကုန်ဖြေကြားနေရတော့တဲ့ ပရိယတ်အများနဲ့ နား လည်နိုင်အောင် ဆုတွန်းတရားလေးတွေပါ ညှပ်ပြီးတော့ ဟောပေး ရပါတယ်။

## ခန္ဓာညွှာ ငြိမ်းမှ ရှိမှ

လောကီတို့မှာ ကုသိုလ်စုဆောင်းထားတဲ့ ရွှေငွေဥစ္စာရတနာ တွေဟာ ရှိရင်လည်း မကောင်းဘူး။ ရှိပြန်တော့လည်း အသုံး ချတတ်ဖို့ အရေးကြီးပြန်ပါတယ်။ အဲဒါကို ပြောချင်တာက ငြိမ်းနှံ့ထားတယ်တဲ့။ ဘုရားဟောညွှန်တဲ့အခါ ငြိမ်းလိုတယ်၊ ငြိမ်းအောင် ရတယ်။ ဘုရားမှာ ငြိမ်းအေးတယ်ဆိုတာ ကြီးမြတ်တဲ့အတွက် ပဲ။ ဘုရားကြီးလို့ ထီးဆောင်းပင်ဖြစ်ရင် ငြိမ်းကို ချက်ခနင်းတယ် ပေါ့တလား။

ငြိမ်းဖြစ်တဲ့ကိုကြီး၊ ငြိမ်းရှုဝိနည်းနိုး
ဂျက်စီးတွေနဲ့ရြောင်၊ နိဗ္ဗာန်ရောက်ဖို့အားကိုးပြောင်း။
ဆိုတဲ့ ဝါရင့်ဘုန်းတော်ကြီးကြောင်အတွက်အတိုင်း ခိမ်းတို့ရှုမျှ

ရှိသားတဲ့ စည်းစိမ်ဥစ္စာရတနာတွေဟာ တရားထူးတရားမြတ် ကျင့်နိုင်ဖို့ ရှုဖို့ သွယ်ဝိုက်သောနည်းနဲ့ ကျေးဇူးပြုပေးပါတယ်၊ ထောက်ရှောက်ပေးပါတယ်။ တရားကျင့်တဲ့နေရာမှာ ဆာလောင်တဲ့လည်း ကျင့်လို့မရဘူး၊ နေရေးထိုင်ရေး အဆင်မပြေတဲ့နေ့လည်း ကျင့်လို့မရဘူး၊ ကျန်းမာရေးမကောင်းတဲ့နေ့လည်း ကျင့်လို့မရဘူး။ ဒီစား-ဝတ်နေရေးတွေ ဖူလုံတာရှိမှ လိုပြန်တယ်။

ယောဂီတို့ရဲ့ ခန္ဓာကိုယ်ကြီးဟာလည်း တရားထူး တရားမြတ်ရဖို့ သောတာပန်ဖြစ်ဖို့ ကျင့်နေကြတဲ့အခါ ငြိမ်းလိုပါပဲ။ ဖြစ်ပျက်မြင် နှုန်းဆုံးလို့ သောတာပန်တည် အရိယာထီးဆောင်ပြီး ရင်တော့ ငြိမ်းပေလိုတော့ဘူး။ ထပ်မံပြောရရင် ယောဂီတို့ရဲ့ ခန္ဓာ ရှိသားတဲ့ ဥစ္စာရတနာတွေဟာ ကြာပင်အောက်က ရွှံ့အိုင်တွေနဲ့ တူတယ်။ ရွှံ့ဟာ ရွံ့စရာကောင်းပေမယ့် ရွှံ့ရှိနေလို့သာ ကြာပင် လေး ဖြစ်လာတာနော်။ အဲဒီလိုပဲ တရားထူးတရားမြတ် ကြာပင် လေး ပေါက်လာဖို့ ခန္ဓာ ဥစ္စာ ရွှံ့နွံအိုင်တွေရဲ့ ကျေးဇူးလိုအပ် ပါတယ်။ ဒါပေမဲ့ ရွှံ့နွံကို ရွှံ့နွံလောက်ပဲ သဘောထားရမယ်။ ဘာမဟုတ်တဲ့ ရွှေငွေဆိုတာ ရွှံ့နွံတွေအပေါ်မှာ နှလုံးသွင်း မှားပြီးတော့ ငါ့ကိုယ် ငါ့ဥစ္စာနဲ့ တွယ်တာနေကြမယ်ဆိုရင် အပါယ်လေးပါးနဲ့ ကျွေကြီးရှုံးပြီး နစ်နာရော ဖြစ်လာတတ် ပါတယ်။

## ဗိုက်နဲ့ခေါင်းမှာ ရွှံ့ထုတ်ထိုးမရှိ

ဒီကနေ့ ဖြတ်ပွားနီးလေးသနာမှာ သစ္စာလုပ်ရွှန်နည်းတို့ ပြောမယ်။ သစ္စာလုပ်ပုံနည်းဆိုတာ လုပ်ငန်းလုပ်ဖိုက် အလွန်မြင့် ဝတ်ဆေးမြင့် ကျေးဇူးပြုတယ်။

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

အရူပိနော ဆိုတာ ရုပ် မဟုတ်သောတဲ့ နာမ်ခန္ဓာလေးပါး ပေါ့။ နာမ်ခန္ဓာလေးပါးဟာ ဧကုပ္ပါဒ — တူသောဖြစ်ခြင်း၊ ဧကနိရောဓ — တူသောချုပ်ခြင်း၊ ဧကာလမ္ဗဏ — တူသော အာရုံရှိခြင်း၊ ဧကဝတ္ထုက — တူသော တည်ရာဝတ္ထုရှိခြင်း လက္ခဏာ လေးပါးနဲ့ ပြည့်စုံတယ်၊ နာမ်ခန္ဓာလေးပါးဟာ ဖြစ် အတူ ချုပ်အတူအာရုံအတူ မှီရာအတူ ကျကြတယ်၊ ဖြစ်ရင်လည်း တစ်ပြိုင်နက်၊ ချုပ်ရင်လည်း တစ်ပြိုင်နက် ဖြစ်ကြချုပ်ကြ တယ်တဲ့။

နာမ်ခန္ဓာလေးပါးကို ဗုဒ္ဓအလိုတော်ကျအတိုင်း အဋ္ဌကထာ ဆရာကြီးများက စတုမဓုနဲ့ ဥပမာပေးတယ်။ စတုမဓုဆိုတာက တင်လဲ၊ ပျားရည်၊ နှမ်းဆီ ထောပတ်လေးမျိုးကို သမအောင် ရောထားတဲ့ ဆေးအာဟာရတစ်မျိုး။ အဲဒီအထဲမှာ တင်လဲဆိုတာက သကြား မဖြစ်ခင်ကလေးကို ပြောတာ။ တင်လဲ၊ ပျားရည်၊ ထောပတ်၊ နှမ်းဆီတွေကို သမအောင် ရောလိုက်ရင် ထောပတ်အနေနဲ့ လည်း ခွဲမရတော့ဘူး။ နှမ်းဆီအနေနဲ့လည်း ခွဲမရတော့ဘူး၊ အရသာကျ တော့လည်း ဒါက ပျားရည်အရသာ၊ ဒါက ထောပတ်အရသာလို့ ခွဲလို့မရတော့ဘူး။

နာမ်ခန္ဓာလေးပါးကလည်း စတုမဓုရောထားသလိုပဲ၊ ယှဉ်တွဲထားပေါ်လာရင် ဒါက ဝေဒနာ၊ ဒါက စိတ်ပဲလို့ ခွဲလို့ မရဘူး။ ရှုကွက်နဲ့ ရိုက်ချိုးလိုက်မှာ ဝေဒနာထင်းအကွက် ဆိုရင် ဥပေက္ခာဝေဒနာ၊ စိတ်သဘောအကွက်ဆိုရင် သားတိုက်ကို အစည်းနေ ကွဲသွားပါတယ်။ ပြောတော့ဟာ ဝေဒနာရယ်

စိတ်ရယ် ခွဲခြားနေစရာမလို ဖြစ်တော့ တပေါင်းတည်းဖြစ်တယ်။ ဒါက ဝေဒနာပဲလေးချက်၊ ဒါက စိတ်ရဲ့ခံစားချက်လို့ မရှိပါဘူး။ သားစိတ်နဲ့ ဒုက္ခဝေဒနာဟာ တစ်ပြိုင်တည်းဖြစ်ပြီး တစ်ပြိုင်တည်း ပျက်တယ်။ စိတ်နဲ့ဝေဒနာကို ခွဲထုတ်လို့ မရပါဘူး။

## ဖြစ်ပျက်ပေါ်မှာ နာမ်ခန္ဓာလေးပါးလုံးပါတယ်

သညာက္ခန္ဓာ မှတ်သားမှုလေးဟာ ယားရင် ယားတယ်၊ ကျင်ရင် ကျင်တယ်လို့ မှတ်သားတယ်။ ယားတာနဲ့ ယားတယ်လို့ မှတ်သားတာဟာ တစ်ပြိုင်နက်တည်း ဖြစ်ပါတယ်။

**ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။**

ဖဿဆိုတာ တွေ့ထိတာ။ ဖဿကို ခန္ဓာငါးနဲ့တော့ သင်္ခါရက္ခန္ဓာ ရတယ်။ နာမ်ခန္ဓာ လေးပါးဟာ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ လေးပါးပါ။ အရာဝတ္ထုတစ်ခုခုကို အဝါလို့သိခြင်း၊ အစိမ်းလို့သိခြင်းဟာ ဝိညာဏက္ခန္ဓာဖြစ်ပါတယ်။ ဝိညာဏက္ခန္ဓာက ခေါင်းဆောင်ပိုင်တော့ ကျန်တဲ့နာမ်ခန္ဓာသုံးပါးက နေလို့ မရတော့ဘူး။ အကုန်ပါလာရတယ်။

သိသိခြင်း မြင်စိတ်၊ ဝေဒနာနဲ့ပြောတော့ ဥပေက္ခာဝေဒနာ၊ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏံ၊ ဥပေက္ခာသဟဂုတ်-ဥပေက္ခာဝေဒနာနှင့်တကွ၊ စက္ခုဝိညာဏံ-မြင်စိတ်ကလေးသည်။ ဥပ္ပဇ္ဇတိ-ဖြစ်၏။ မြင်လိုက်တာနဲ့ ဥပေက္ခာဝေဒနာဖြစ်တယ်။ မြင်ကာ မတွေ့၊ ဥပေက္ခာဝေဒနာနဲ့ မြင်စိတ်၊ အဝါရောင်လေးမြင်လိုက်တယ် လို့ မှတ်သားတာကတော့ သညာ၊ အဆင်းနဲ့မျက်လုံးတို့တိုက်တာက

ဖယောင်း ဖယောင်းကို ခွန်ရဲ့တော့ သင်္ဘောရာလွန်း။ အိုးလို အင်္ဂလိပ် ဖထေယာ အိုးတိုအတိုင်း နုတ်ခမ်းလေး ပေါင်းဆုံဖြစ်သွားလော့ ပါတယ်။

မြင်တယ်ဆိုရင် မြင်နေရလေးပါ။ ကြားတယ်ဆိုရင် ကြား နေရလေးပါ။ နုတ်ခမ်းလေးပါး တပေါင်းတည်းဖြစ်ပြီး တစ်ခုနဲ့ တစ်ခု ရောယှက်နေပြုပါတယ်။

ဝိညာဏ်တွေမှာ ဖြစ်ပျက်မက် ဖြစ်ပျက်မက် အလေးစိတ် မြင်နေပြီဆိုရင် ရင်တဲ့မှာ အေးချမ်းနေပေါ်။ ရှုရတဲ့နေတဲ့ ဉာဏ်က လေးနေသလဲနေနော်။ မွေးတော့သက်သက် သညာ ဆိုက်နေတဲ့ သဘောဆိုတော့ မှတ်သားမှု အားကောင်းနေတယ်။ ဖြစ်တာလည်း မှတ်တယ်၊ ပျက်တာလည်းမှတ်တယ် ဆိုတော့ သညာ။ မှတ်အား တွေကောင်းအောင် မိမိုးပြန်နဲ့ ကြိုးစားနေတာက သင်္ခါရ။ ဖြစ်ပျက် မက်ဆိုတဲ့အထဲမှာ နုတ်ခမ်းလေးပါးလုံး ပါနေတယ်နော်။

## ဉာဏ်ခွာ ဦးဆောင်တဲ့အခါ ဝေါဟာရကြွယ်ဝင်မှုာ

ရှေ့ဝါးပါးက သင်္ခါရတွေနော်။ သင်္ခါရတွေက ဦးဆောင်လို့ ဖြစ်ပျက်လေးကို သိသိနေတယ်။ လားလည်းသိ၊ လှေသို့လည်း သိ၊ ဖောက်ပြန်လည်းသိ၊ သိနေတာက ဝိညာဏ်တွေနော်။ သိတိုင်း သိတိုင်း လေးနေသလဲနော်၊ ယားရင်ယားတယ်လို့ မှတ်သား နေတာက သညာ။ နုတ်ခမ်း လေးပါးလုံး ပါတယ်။

ဒီနေရာမှာ ဝေဒနာကို ခွဲခြမ်းပြ မှတ်သားရမှာက အမြဲတမ်း သည်း ဆောင်နေသလိုနေနော်လို့ မှတ်ပါ။ တစ်ချက်ဖြစ်တိုင်း ဝေဒနာ ပါပြီးသားပဲ။ အနှစ်လည်း ဝေဒနာ၊ အမြဲတမ်းလည်း ဝေဒနာပဲ။ အရှိန်ကတော့ ခွန်းပေါ်မှာ ရှေးရင် ခုတ္တဝေဒနာ မိတ်ဆက်ရဲ့ရင်

ဒေါမနဿဝေဒနာ၊ အရှုံးအောက်တော့ ကာဝဲဖြစ်ဖြစ် သောမနဿ ဝေဒနာ ဖြစ်ပါတယ်။

တစ်ချက်သိတိုင်း ဝေဒနာလည်းပါတယ်၊ စိတ်လည်း ပါတယ်၊ သညာလည်းပါတယ်၊ ဖြစ်ရင်ဖြစ်တယ်၊ သွားရင်သွား တယ်လို့ မှတ်သားတဲ့ သညာလည်းပါတယ်။ နာမ်ခန္ဓာလေးပါး တွဲဖြစ်တယ်နော်၊ ဟိတယ် ဆိုကတည်းက သညာလည်းပါ၊ ဝိညာဏ်လည်းပါ၊ ဝေဒနာလည်းပါလာတာပဲ။ ဉာဏ်စိတ်က ဦးဆောင်တော့လည်း ဉာဏ်စိတ်ဖြစ်လို့ ဝေဒနာကတော့ သောမနဿ ဝေဒနာပေါ့။ ဉာဏ်စိတ်ရဲ့ နောက်မှာ ဝေဒနာလည်း ပါလာတယ်။ မှတ်သားမှုသညာကလည်း ရှင်းရှင်းလင်းလင်း လိုက်လာတယ်။ သညာလည်း တက်တက်ကြွကြွ ပါလာတယ်။

ဝိညာဏက္ခန္ဓာက သားရေးသမီးရေး စီးပွားရေး ဦးဆောင် နေတာ မဟုတ်ဘဲ နိဗ္ဗာန်ရောက်ဖို့ ခန္ဓာဉာဏ်ရောက် ကောင်းတဲ့ ဘက်မှာ ဦးဆောင်နေတော့ ကျန်တဲ့ နာမ်ခန္ဓာတွေကလည်း နူးညံ့ရတယ်။ သိမ်မွေ့ရတယ်၊ ဖျိုသာရတယ်၊ ယဉ်ကျေးရတယ်၊ အေးချမ်းရတယ်။ ရှေ့က ဝိညာဏက္ခန္ဓာက နောက်ကဖြစ်တဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရကို ဆျွဲဆူဖြုတယ်။

ဉာဏ်စိတ်ကလေး ဆောနေတော့ ပေါ်တဲ့မှာလည်း ချမ်းသာ လာတယ်။ ဉာဏ်စိတ်က ဝိညာဏက္ခန္ဓာ၊ ချမ်းသာတာက သောမနဿ ဝေဒနာ၊ မှတ်သားမှုတွေ အေးကောင်း၊ အကျက်တွေ အမြင်စိစစ်ပြီး ဒီအလုပ်ပဲ လုပ်ချင်တာတာတာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ။

ရှေ့က ဉာဏ်တည်းဟူသော ဝိညာဏက္ခန္ဓာ ခေါင်းဆောင် တော့ ကျန်တဲ့ နာမ်ခန္ဓာတွေလည်း အေးချမ်းလို့ ပေါ်ပါးလို့

ကြည်လင်ဖို့ သွက်လက်ဖို့၊ ပူလောင်မှုတွေကင်းဖို့၊ ဘာကယ် သာဖြစ်ပျက် မြင်နေရရင် နေရထိုင်ရတာ ပေါ့ပေါ့ပါးပါးနဲ့ အေးချမ်းနေတယ်။ အဲဒါ နာမ်ခန္ဓာအချင်းချင်း ကျေးဇူးပြုပေး နေတာပါ။

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တ ပစ္စယေန ပစ္စယော ဆိုတဲ့ သမ္ပယုတ္တပစ္စည်းရဲ့ အရသာဟာ ဖြစ်ပျက်မြင် တိုက်သွားရင် အလုံးစုံပေါ်လွင်လာပါတယ်။

## နာမ်မပေါ်မှသာ ရုပ်ချွေးဖြစ်ရပုံ

လိုချင်တာလောဘဆိုတဲ့ သင်္ခါရတွေမှာ ခေါင်းဆောင်တဲ့ အခါမှာလည်း ကျန်တဲ့ ဝိညာဏ်တို့ သင်္ခါရတို့ကလည်း မလိုက်လို့ မရဘူး၊ သင်္ခါရက မိုးရွာမရှောင် နေပူမရှောင် သွားလာလှုပ်ရှား နေတော့ ဝိညာဏ်တွေကလည်း တရှုပ်ဆွဲပြီး လိုက်ရတာပဲ။ ဝေဒနာတွေကလည်း မိုးရွာလည်းခံ နေပူလည်းခံ၊ ချောင်းဆိုး ရင်ကြပ် ဒုက္ခဝေဒနာ ဖြစ်ချင်ဖြစ်လိုက်ရတာပဲ။ သညာတွေက လည်း ဆိုင်းဆိုင်းမှိုင်းမှိုင်း ဟိုဟာလေ ဒီဟာလေနဲ့ လိုက်လာတာပဲ။ သင်္ခါရတွေကလည်း လှုပ်ချင် လှုပ်ချင်နဲ့ လိုက်လာတာပဲ။

နာမ်ခန္ဓာလေးပါးက ကောင်းတဲ့ဘက်မှာ ဦးဆောင်သလို၊ မကောင်းတဲ့ဘက်မှာလည်း ဦးဆောင်တယ်။ ကောင်းစေချင်ရင် လည်း သူ့ကတ်သတ်က ဘာမှမရှိတော့ဘူး။ ဒါကြောင့် "နာမ် မပေါ်မှာရင် ရုပ်ချွေးဖြစ်တယ်"လို့ ပြောတာပေါ့။

ငါ့သား မဟုတ်တာကို ငါ့သားလို့ မှတ်တာကသညာ၊ ငါ့သားကို ငါချစ်ရမှာပေါ့ဆိုတာက သင်္ခါရ၊ သားကလေးကို ကြည့်ပြီးတော့ ဝမ်းသာနေတာက ဝေဒနာ၊ ငါ့သားလို့ သိတာက

ဝိညာဏ်။ အဲဒီ နာမ်ခန္ဓာလေးပါးက အကျိုးပေးလိုက်ရင်တော့ ဒယ်အိုးထဲရှိတယ်။

ဝိညာဏကျွန်တော့ ခေါင်းဆောင်ရင် ကျန်တဲ့ခန္ဓာသုံးပါးက လိုက်ရတယ်၊ စေတနာကျွန်တော့ ခေါင်းဆောင်ရင်လည်း ကျန်တဲ့ ခန္ဓာတွေက လိုက်ရတာပဲ။ ဒေါ်မနုသာ ဝေဒနာချည်း ဖြစ်ပြီဆိုရင် ရုပ်သားမှုတွေရော ဝိညာဏ်တွေရော အကုန်လုံးမောက်ကာ ဖြစ်ကုန်ရော ဥပမာ ဆေးတောက်တာ မှားတယ်ဆိုပါတော့၊ သညာကျွန်မှာ မှားသွားတယ်။ ဒီတော့ စေတနာကော ရုပ္ပဝေဒနာ၊ လေဝင်ချင် ဖောက်ချင် နှုးဆွဲကြ သင်္ခါရကျွန်မှာ ပါဝင်ချင်ဘူးက ဝိညာဏကျွန်တော့ဆိုပြီး အကုန်ပျက်စီးကုန်တော့တာပါ။

## ယှဉ်ဖက်ယှဉ်ဘော်တဲ့ ကျေးဇူးပြုကြတဲ့ သမ္ပယုတ္တ

ယောဂီတို့ အခုနေရကြတာ နာမ်ရဲ့ ထောင့်ရောက်မှုကြောင်း ပါဘူး။ နာမက္ခန္ဓာ လေးပါးလုံးက ထောင့်ရောက်နေကြပါ။ စိတ်က ထောင့်ရောက်တယ်ဆိုလေမယ့် နာမ်ခန္ဓာလေးပါးလုံးပါတယ် နာမ်ခန္ဓာလေးပါးလုံး တစ်ဝေါင်းတည်း ကျေးဇူးပြုကြတယ်လို့ မှတ်ရမယ်။

ရှေ့က ခေါင်းဆောင်ဖြစ်တဲ့ ဝိညာဏ်က ပုဂ္ဂိုလ်မဟုတ်ဘူး ရှေ့ပါ။ နောက်က ကျေးဇူးပြုရတဲ့ ခန္ဓာတွေကလည်း ပုဂ္ဂိုလ် မဟုတ်ဘဲ ဓမ္မတွေသာ ဖြစ်ပါတယ်။ အကြောင်းမဲ့ကြောင့် အကျိုးဖြစ်ရပါကပါ။ ဒီခန္ဓာတိုင်ကြီး သွားလာလှုပ်ရှားနိုင် အောင် ထောင့်ရောက်ပေးတာက စိတ်ပါ။ စိတ်က နာမ်ခန္ဓာ ဖြစ်ပါတယ်။ နာမ်ခန္ဓာလေးပါးလုံးဟာ တွဲဖြစ်ကြတယ်၊ အုပ်စု လိုက် ဖြစ်ကြတယ်၊ အချင်းချင်း ကျေးဇူးပြုကြတယ်။ နာမ်ခန္ဓာ လေးပါး ယှဉ်ဖော်ယှဉ်ဖက် အနေနဲ့ ကျေးဇူးပြုတာကို သမ္ပယုတ္တ

ပစ္စည်းလို့ ခေါ်ပါတယ်။ ဝိပ္ပယုတ္တပစ္စည်းကျတော့ မယှဉ်တဲ့ ကျေးဇူးပြုတာပေါ့။

**ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။**

**အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။**

ရုပ်နဲ့နာမ်ဟာ ပဋိသန္ဓေ ကတည်းက ရုပ်နဲ့နာမ်လို့ ခွဲပြီး ခြားနေကြပေမယ့် ရုပ်ကရုပ်၊ နာမ်ကနာမ်ပေါ့။ ရုပ်နဲ့နာမ် ကျတော့ ဝိပ္ပယုတ္တ ဖြစ်တယ်၊ ရုပ်နဲ့နာမ်ဟာ အတူတူယှဉ်ပေါ် ယှဉ်ဖက် မဟုတ်ပေမယ့် ကျေးဇူးပြုကြတယ်၊ ရုပ်ကလည်း နာမ်ကို ကျေးဇူးပြုတယ်၊ နာမ်ကလည်း ရုပ်ကို ကျေးဇူးပြုတယ်။

ဝိပ္ပယုတ္တပစ္စည်းရဲ့ သဘောကိုခြုံပြောရရင် သွေးမတော် သားမစပ် လူမှုရေးအရ ကူညီစောင့်ရှောက်ရသလိုမျိုးပေါ့။ ကိုယ်နဲ့ ကိုးကွယ်ရာ ဘာသာချင်း မတူတဲ့ သူတွေရဲ့ ပွဲလမ်းတွေမှာ သွားရလာရသလိုပေါ့။ လူမျိုးချင်း မတူပေမယ့် ကုန်သည် အချင်းချင်းဖြစ်နေတော့ စီးပွားရေးကို ကြည့်ပြီး ပေါင်းသင်းဆက်ဆံ ရတာပဲ မဟုတ်လား။

လူမှုရေးဘက်မှာ ဘာသာရေး ခဏထားပြီး သွားရလာရတာ ရှိတယ် လူမှုဝတ္တရားအရ ကူညီစောင့်ရှောက် ပေးရတာတွေ ရှိတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ကျယ်ပြန့်တဲ့ လူ့နလုံးသား ဖြတ္တဖိုးရိုးတရားနဲ့အညီ လုပ်ဆောင်ပေးတာ ဝိပ္ပယုတ္တပစ္စည်းရဲ့ သဘောဖြစ်ပါတယ်။ ကိုယ့်ဘာသာဝင် အချင်းချင်း လူမှုရေး ကူညီရေးလုပ်ရင် သမ္ပယုတ္တ၊ အားလုံးဟာ လူသားတွေ ချည်းပဲဆိုပြီးတော့ လူမျိုး ဘာသာ မခွဲခြားတဲ့ လူမှုကူညီရေး ကိစ္စကိုနဲ့သနဲ့လုပ်ရင် ဝိပ္ပယုတ္တလို့ မှတ်ပါ။

**အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။**

ပဋိသန္ဓေနေတော့ ပဋိသန္ဓေစိတ်စေတသိက်တို့ နာမ်တရား

ယောက ကလလရေကြည် ရုပ်ကလေး မွေးပီးရအောင် ယှဉ်ဖော် ယှဉ်ဖက် မဟုတ်ဘဲနဲ့ ကျေးဇူးပြုတယ်။ တစ်ခါ ပဋိသန္ဓေစိတ်နဲ့ အတူ နာမ်ခန္ဓာလေးပေါ်၊ ရုပ်တည်နိုင်ရေးအတွက် ကလလရေ ကြည် ဆိုတဲ့ ရုပ်တရားက မှီရာအဖြစ် ကျေးဇူးပြုပေးလိုက်တယ်။ အဲဒါ ဝိပ္ပယုတ္တပစ္စည်းပဲ။

**ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။**

ယောဂီတို့ရဲ့ ခန္ဓာမှာ ဖောက်ပြန်နေတယ်။ ဖောက်ပြန်နေတာပဲ ရုပ်၊ သိတာက နာမ်။ ဖောက်ပြန်နေတာနဲ့ သိတာ ယှဉ်ဖော်ယှဉ်ဖက် မဟုတ်ဘဲနဲ့ ကျေးဇူးပြုတာက ဝိပ္ပယုတ္တပစ္စည်း ပါ။

## သုညတာဆိုက်ရဲ့ နိဗ္ဗာန်ရှုနည်း


ဖောက်ပြန်တာက ရုပ်၊ ရှုတဲ့ဉာဏ်ကနာမ်။ မင်းထဲမှာ နာမ်ခန္ဓာ လေးပါပါတယ်။ ရုပ်နဲ့နာမ်က မယှဉ်ဘဲနဲ့ ကျေးဇူး ပြုတယ်။ ရုပ်ရဲ့ဖြစ်ပျက်ကို မြင်တာနဲ့ နာမ်မှာ ဉာဏ်တော်ရွှေ ထိန်းနေတာ၊ မီဉာဏ်လေးပေါ်လာရေးအတွက် ရုပ်ကယှဉ်ဖော် ယှဉ်ဖက် မဟုတ်ဘဲနဲ့ ကျေးဇူးပြုပါတယ်။

ရုပ်ခန္ဓာဖြစ်ပျက်က ရူပိနောဓမ္မာ၊ နာမ်ခန္ဓာဖြစ်ပျက်က အရူပီနံ ဓမ္မာနံ။ မယှဉ်ဘဲနဲ့ ကျေးဇူးပြုပါတယ်။ ရုပ်ရုပ်ချင်းက သမ္ပယုတ်၊ နာမ် နာမ်ချင်းက သမ္ပယုတ်။ ရုပ်နဲ့နာမ်က ဝိပ္ပယုတ်။ သမ္ပယုတ္တပစ္စည်းနဲ့ ဝိပ္ပယုတ္တပစ္စည်းကို နားလည်လို့ ခန္ဓာပေါ် ဉာဏ်ရောက်အောင် လှည့်လိုက်တော့ ခန္ဓာ ဖြစ်ပျက်က ရုပ်ရော နာမ်ရော ဘယ်တုန်းကမှ မရှုသွား။ တစ်ခုနဲ့တစ်ခု ကျေးဇူးပြုနေကြတာကို ယောဂီအခုမှ ရှုပြီးသိရှာပါ မဟုတ်ဘူး။ အမြဲတမ်းနေ ကြောင့် အကျိုးပေးနေတာပဲလို့ သိတယ်။ အကြောင်းနဲ့မပါ

ညာဏ်ရှင်းရင် ဝိစိကိစ္ဆာ သေတယ်။ အကျိုးမဲ့မေးပါမှာ ညာဏ်ရှင်းတော့ ဒိဋ္ဌိပြုတ်တယ်။

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်တော့ သမုဒယသစ္စာသေတယ်။ သမုဒယ ကိလေသာတို့ရဲ့ ချုပ်ငြိမ်းရာ ဆိတ်သုဉ်းရာသည် နိဗ္ဗာန်ဖြစ်ပါတယ်။ ဆိတ်သုဉ်းတာကို သုညတဲ့၊ ခန္ဓာငါးမှ ဆိတ်သုဉ်းတယ်၊ ဖြစ်ပျက်ဒုက္ခမှ ဆိတ်သုဉ်းတယ်၊ ကိလေသာမှ ဆိတ်သုဉ်းတယ်။ ကိလေသာမှ ဆိတ်သုဉ်းတာက နိဗ္ဗာန် ဖြစ်ပါတယ်။

ရှင်တော်မြတ်ဘုရား မြတ်ပွားနိုးဒေသနာ ဟောတော်မူခဲ့တာဟာ နိဗ္ဗာန်ရစေဖို့ သုညတဆိုက်စေဖို့ ဟောတော်မူခဲ့ခြင်း ဖြစ်ပါတယ်။ နာမ်ခန္ဓာလေးပါးက ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ရုပ်ခန္ဓာကလည်း ရုပ် ၂၈ ပါး။ ပထဝီ တေဇော အာပေါ ဝါယော စသည်ဖြင့် အမျိုးမျိုးရှိတယ်။ နာမ်ဆိုတဲ့ အကြောင်းတရားတွေကလည်း အမျိုးမျိုး ရုပ်ဆိုတဲ့ အကြောင်းတရားတွေကလည်း အမျိုးမျိုးရှိ ဝ-အကြောင်းတရား မိုလို့ ခန္ဓာက ဌာန၊ ပေါင်းလိုက်တော့ပဋ္ဌာန်းဖြစ်လာပါတယ်။ လောကီတို့ ခန္ဓာဟာ ပဋ္ဌာန်းခန္ဓာလို့ ညာဏ်ရှင်းပြီး သဘောကျပါ။ ဘုရားမြတ်စွာ ပဋ္ဌာန်းမြတ်ဒေသနာ ဟောတော်မူခဲ့ခြင်းသည် သုညတဆိုက်ဖို့ဖြစ်လို့ သုညတဆိုက်ရင် နိဗ္ဗာန်ရောက်ပါပြီ၊ နိဗ္ဗာန်ရောက်အောင် ခန္ဓာညာဏ်ရောက် ဖြစ်ပျက် မမြဲတွေကို မြင်မှန်း ဆုံးအောင် ရှုပွားပြီးတော့ သုညတဆိုက်အောင် ကြိုးစားကြပါလို့ တိုက်တွန်းပါတယ်။



## ၂၈။ အတ္ထိပစ္စည်း

### အတ္ထိပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်

အတ္ထိပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်ကြီးကို ရွတ်ဆို ပူဇော်ခြင်းအားဖြင့် ရှင်တော်မြတ်ဘုရား၏ သဗ္ဗညုတဉာဏ်တော် နှင့် မြတ်ပဋ္ဌာန်းဒေသနာတော်ကြီးကို ကြည်ညိုကြရအောင်ပါ။

အတ္ထိပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

## ကျွတ်တမ်းဝင်စေမှာ မြတ်ပဋ္ဌာန်းဒေသနာ

ယောဂီအပေါင်း သူတော်ကောင်းတွေ ပဋ္ဌာန်းတရားကြီးကို နာကြားလာခဲ့ကြတာ အမှတ် (၂၁)ရောက်လာပြီနော်။ ပဋ္ဌာန်း ဒေသနာတော်ကြီးမှာ ရှင်တော်မြတ်ဘုရားက ဗုဒ္ဓလိသဗ္ဗဝါ ရော၊ ဓမ္မသဘောဘာသာ ဟောကြားတော်မူခဲ့ပါတယ်။ ပဋ္ဌာန်းတရားမြတ်ဟာ သိပ်တန်ခိုးကြီးတယ်။ ရှင်တော်မြတ်ဗုဒ္ဓ သည်ပင် အဘိဓမ္မာဒေသနာတော်ကြီးမှာ ရေ(၆)ကျမ်းကို ဆင်ခြင် တော်မူစဉ်က ခန္ဓာကိုယ်ထဲက ဘာမှ ထူးထူးခြားခြား မဖြစ်၊ ပဋ္ဌာန်းကျမ်းတော်ကြီးကို ဆင်ခြင်သုံးသပ်တော်မူမှ ရောင်ခြည်တော် ခြောက်သွယ် ထွန်းပြူထွက်ပေါ်လာခဲ့ပါတယ်။

ပဋ္ဌာန်းတရားတော်ကြီးကို လူသားထဲက ပထမဆုံးနာယူခွင့် ရတာက အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးပါ။ အရှင်သာရိပုတ္တရာ ထံတော်က ပထမဆုံး သင်ယူခွင့်ရကြတဲ့သူတွေက တပည့်ရဟန်း ငါးရာပါ။ အဲဒီ အရှင်သာရိပုတ္တရာရဲ့ တပည့်ရဟန်းတွေ အနက်ကို ဆေးဒီရှူသာရား၊ ပဋ္ဌာန်းတရားတွေကို နာယူခွင့်ရခြင်းဟာ ဟို အတိတ်ဘဝ လင်းနို့သားငါးရာဖြစ်ခဲ့စဉ်က လိုဏ်ဂူထဲမှာ ရဟန်း တော်တစ်ပါး ရွတ်ဖတ်တဲ့ ပဋ္ဌာန်းတရားတော်တွေ နာကြားခဲ့ကြ လို့ပဲ။ အဲဒီတုန်းက တိရစ္ဆာန်ဖြစ်နေတော့ အသိဉာဏ် ဘာမှမရှိတော့ တရားကို နားမလည်နိုင်ဘူးပေါ့။ အဲဒီလို နားမလည်ပေမယ့် နာ ကြားခဲ့တဲ့ ကုသိုလ်ကြောင့် အဲဒီ ဘဝကနေ စုတိစိတ်ကျလို့ ဘုရားသာသနာတော်မှာ အမျိုးကောင်းသားဖြစ်ပြီးတော့ အရှင် သာရိပုတ္တရာ ဟောကြားတဲ့ တရားကို ပထမဆုံးနာယူခွင့်ရကြ တယ်။ ဖြစ်ပျက်မြင်မှုနဲ့ ရဟန္တာဖြစ်ပြီးတော့ ယောဂါဝစရ ဘဝ ခဲ့ကြ တယ်။

လင်းနို့သားငါးရာ ဘာမှ အနက်အဓိပ္ပာယ် ကျကျနန မသိတဲ့ အဘိဓမ္မာကိုရွတ်နေတာကြောင့် လူ့ဘဝလူ့ခန္ဓာအကျိုးပေးတယ်၊ ဘုရားသာသနာတော်နဲ့တွေ့ပြီး နောက်ဆုံးဘဝရောက် ကျင့်သုံးလို့ သောတာပန် သကဒါဂါမိ အနာဂါမိ ရဟန္တာအထိ ဖြစ်ရတယ် ဆိုတာ ပဋ္ဌာန်းမြတ်ဒေသနာရဲ့ ကျေးဇူးတော့ပါ။ ပဋ္ဌာန်းတရားကို နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ ရိုရိုသေသေနဲ့ နာကြားရမယ်။ ယခုတို့ ဒီလိုနာကြားခွင့် ရတယ်ဆိုတာ အင်မတန် ကျေးဇူးများလှပါတယ်။ ဒီဘဝကျွတ်တမ်းမဝင်ရင်တောင် နောက်ဘဝ ကျွတ်တန်းဝင်ဖို့ အထောက်အပံ့ပေးနိုင်တဲ့ ပဋ္ဌာန်းမြတ် ဒေသနာတော်ကြီးပါ။

## အကျိုးတရား ကျေးဇူးများ

ပဋ္ဌာန်းမြတ်ဒေသနာတော်ကို ဟာနေလို့ နာကြားရုံတင် မဟုတ်ဘဲနဲ့ မိမိတို့အိမ်မှာလည်း ရွတ်ဖတ်သရဇ္ဈာယ် ကြရပါမယ်။ ပဋ္ဌာန်းရွတ်တဲ့နေရာမှာ ဖြည်းဖြည်းမှန်မှန်လေး ရွတ်ပြီးတော့ အနက်အဓိပ္ပာယ်ကိုလည်း ကိုယ်နားလည်သလောက် ဆင်ခြင် သွားပါ။ ဥပမာ ဒီလေနေ့ အစွဲပစ္စည်း ဆိုပါတော့ “စက္ခာယတနံ အရှိစရာ အညာရည် အစ္ဆိပစ္စယေန ပစ္စယော” လို့ ရွတ်ရင်းနဲ့ ‘မြင်...နာမ်ခန္ဓာလေးပါဆိုတာ ဝါလနဲ့ဘက်မှာ ရှိနေတာပါလား’ လို့ ဉာဏ်လေးနဲ့ ဆင်ခြင်ရမယ်။

ဘုရားမြတ်စွာ လောကအလယ်မှာ ပွင့်တော်မူလာပြီး ဟောကြားပေးတော်မူခဲ့လို့သာ ပဋ္ဌာန်းတရားတွေကို သိခွင့်ရတာ လို့ ဘုရားကို ကျေးဇူးတင်နေရမယ်။ အဓိပ္ပာယ်မသိဘဲ ရွတ်ရင် ကုသိုလ်ရတယ်၊ အဓိပ္ပာယ်သိပြီး ရွတ်ရင် ပိုပြီးတော့ ကုသိုလ် ရတော့ပေါ့။ ရွတ်ဆိုရုံနဲ့တင် အားမရဘဲ နောက်ပေါ် ဉာဏ်ရောက်

သွားမယ်ဆိုရင် နိဗ္ဗာန်ရသည်အထိ ကျေးဇူးပြုသွားပါလိမ့်မယ်။ အဲဒီလောက် ကောင်းတဲ့ တရားတော်ကြီးပါလားလို့ အားရကျေနပ် ဝေချင်ပါတယ်။

ဒီတနေ့ ပြောမှာက အတ္ထိပစ္စည်း။ မြန်မာလိုပြောတော့ အရှိတရားက ကျေးဇူးပြုတာ၊ မြေတည်းဟူသော အရာဝတ္ထု မရှိဘဲနဲ့ သစ်ပင်ပေါက်ဖောက်တွေ ဖြစ်လာစရာ အကြောင်းမရှိပါဘူး။ သစ်ပင်ပေါက်ဖောက် ဖြစ်တည်လာဖို့အတွက် ပေါက်ပထမ မြေကြီးက ရှိနှင့်ရပါတယ်။ အရှိတရားကနေ ကျေးဇူးပြုတာ အတ္ထိပစ္စည်း ဖြစ်ပါတယ်။

ရေကန်ငါးမှာ ရေကအရင်ဖြစ်တယ်။ ရေတည်းဟူသော အရှိတရားမရှိဘဲနဲ့ ငါးလိပ်ပကတ်ရိုးတွေ ရှိလာနိုင်ဘူး။ အဖေဆိုတဲ့ အရှိတရား မရှိဘဲနဲ့ သားသမီးဆိုတာ ရှိလာနိုင်စရာ အကြောင်း မရှိပါဘူး။ အဖေက အရှိတရားအနေနဲ့ သားသမီးကို ကျေးဇူး ပြုပါတယ်။ အမေသည် အတ္ထိပစ္စည်းအနေနဲ့ သားသမီးတွေ အောင်မြင် တိုးတက်ကြီးပွားအောင် ကျေးဇူးပြုတယ်။

ဥတုရာသီ ဆောင်းကောင်းရေမြေ ဒီတဆော့ သာယာတွေက အတ္ထိပစ္စည်း၊ လောကမှာ သက်ရှိသက်မဲ့ အရာဝတ္ထုတွေ ဖြစ်ထွန်း ပေါ်ပေါက်လာတာက အကျိုးတရား။ အတ္ထိပစ္စည်းက အကြောင်း၊ ဖြစ်ထွန်းလာတာက ပစ္စယုပ္ပန် အကျိုးတရား၊ ပစ္စည်းနဲ့ ပစ္စယုပ္ပန်။ အကြောင်းနဲ့ အကျိုးပေါ့။ ရှေ့ကရှိနှင့်ပြီးသော အရာတွေမှာ အဓိကရှိမှ ဘုရားရှိမှ သရေရှိမှနဲ့ နားလည်အောင် ဥပမာတင်ပြီး ပြောနေတာပါ၊ ဘုရားမြတ်စွာ တကယ်သိစေချင်ရတာက ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းတဲ့ ဓမ္မကို ရောက်စေချင်တာ ဖြစ်ပါ တယ်။

## နာမ်ခန္ဓာလေးပါး ကျေးဇူးတရား

ယောဂီတို့တစ်တွေ သွားလာလှုပ်ရှားနိုင်အောင် ဆောင်ရွက်ပေးတာက စိတ်ပါ၊ ရှေ့စိတ်ချုပ်လို့ နောက်စိတ်အစားထိုးရင် လှုပ်ရှင်။ ရှေ့စိတ်ကလေးက ခန္ဓာကိုယ်ကို ပုပ်မသိုးအောင် ဆောင်ရွက်ပေးတယ်။ စိတ်မရှိရင် ဒီလိုသွားလာလှုပ်ရှားမှု မလုပ်နိုင်ပါဘူး။

**စတ္တာရော ခန္ဓာ၊ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။**

စိတ်ဆိုတာ နာမက္ခန္ဓာလေးပါး၊ နာမ်ခန္ဓာလေးပါးမှာ ပါတယ်။ နာမ်ခန္ဓာလေးပါးဆိုတာက ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလေးပါး။ ယခုလို သွားလာနေတာဖြစ်ဖြစ် နာယူနေကြတာ သိကြားရဲ့ကျေးဇူး မဟုတ်ဘူး။ နာမ် ခန္ဓာရဲ့ ကျေးဇူး၊ နာမ်ခန္ဓာလေးပါး အရှိတရားက ကျေးဇူးပြုနေတာကို အတ္ထိပစ္စည်း ဖြစ်ပါတယ်။

စားစရာ ဝတ်စရာ နေစရာထိုင်စရာနဲ့ လုပ်ကိုင်ပေးမည့် သားလိမ္မာ သမီးလိမ္မာတွေ ရှိနေပေမဲ့ အမေတို့ အချိန်တန်တော့ရော၊ အချိန်တန်သွားရင် ဘာမှ ပြင်စရာမရှိဘူးပေါ့။ အဲဒီလို မပြင်ရအောင် အရှိတရားတွေဖြစ်တဲ့ ဒိုးအိမ်ကြီးကိုတော့ အဆောက်အဦး ရွှေငွေ ဆန်စပါး သားသမီးတွေက အတ္ထိပစ္စည်းအနေနဲ့ ကျေးဇူး ပြုပေးတယ်။ ယခုလို အေးအေးချမ်းချမ်း တရားနာနိုင်တာ တရားအားထုတ်နိုင်တာဟာ ရှိနေကြသော အရာဝတ္ထုတွေ ရှိနေလို့ပဲ။

ပစ္စည်းဥစ္စာဆိုတာက 'တသသျှမဟာ လားသမ္မ ပဲဘေး၊ ပြည်သူ့ ကုသိုလ်အဝင်၊ ယခုကာလ ဘာဝတော်တွင် စားသည်းဖော်၊

ထားလည်းထား၊ ဖြုလည်း ဖြုကြမှတော်မည်ပဲ'တဲ့။ လျှော့ဆို တိုင်းလည်း အကျန်လျှာရှာ မတွေ့တော့ဘူး။ စားလည်းစားရမယ် ထားလည်း ထားရမယ်။ ကုသိုလ်အဝင်ကလေးကလည်း ဖိုက်ရမယ်။

ဒါနအဝင်ကလေး စိုက်ထားတော့ နောက်ဘဝမှာ မကြောင့်ကြ မကောင့်မကြ နေရမယ်။ အခုလို စားရသောက်ရ နေရထိုင်ရ လူ့အလယ်မှာ တင့်တင့်တယ်တယ် နေနိုင်တယ်ဆိုတာ အတိတ်က ဒါန ကုသိုလ်လုပ်ခဲ့လို့ပဲ။ အတိတ်က ဒါနကုသိုလ် သည် အကြွေး ကုသိုလ်ရှိနေလို့ ကုသိုလ်က အကျိုးပေးနေတယ်၊ ကုသိုလ်က အကြွေး၊ အကျိုးပေးတဲ့အကြောင်း ထင်ထားက ငွေယော။ အကြွေး ငွေယော ဖြစ်ပါတယ်။

နာမ်ခန္ဓာက လေးပါး၊ အမျိုးမျိုးအပြားပြားနဲ့–မ။ ဒီခန္ဓာကြီး ရပ်တည်နိုင်အောင် ထောက်ပံ့ပြုတဲ့ အကြောင်းတရားနဲ့လို–ရှုနေး ခန္ဓာနဲ့–ကခန့ ပဋ္ဌာန်းဖြစ်လာပါတယ်။ အကြောင်းနဲ့အကျိုးမို့လို့ အကြောင်းက ပဋိစ္စ၊ အကျိုးက သမုပ္ပါဒ်၊ ပဋိစ္စသမုပ္ပါဒ်လည်း ဖြစ်ပါတယ်။

## အားထုတ်ကျင့်ကြံ ပေါ်မြဲစေရန်

ယောဂီတို့ ဖန်တလဲလဲ အလုပ်လုပ်နေတာဟာ ပုထုဇဉ် ဘဝကနေ အရိယာဘဝကို ကူးဖို့အတွက် လုပ်နေတာဖြစ်ပါတယ်။ ပုထုဇဉ်ဘဝဟာ ဝေးမဖြုံပါဘူး။ ဥစ္စာရှာမဖောရဲ့ ဘဝဖြစ်စဉ် ကို ပြန်ကြည့်ပါ။ ဗုဒ္ဓလောင်းဘဝကနေ ဖြူ့ခန္ဓာရ၊ လူ့ခန္ဓာရ၊ နတ်ခန္ဓာကနေ ဗြဟ္မာခန္ဓာ၊ ဗြဟ္မာခန္ဓာကနေ လူ့ခန္ဓာရ ထိုပြီးတော့ အတိတ်ကပြုခဲ့တဲ့ ကုသိုလ်တွေ အကုသိုလ်တွေက အကျိုးပေး လိုက်တာ ကောင်းတာတွေခံရ၊ မကောင်းတာတွေခံရ ခံစား နောက်ဆုံးဘဝ ဝဋ်ထွက်ဝင်ခါနီး ဥစ္စာရှာမဖောဘဝမှာတောင် ဘားမင်းဝင် ခံလိုက်ရသေးတယ်။

ဘုရားမြတ်စွာရဲ့ အလောင်းတော်ဘဝတွေကို ပြန်ကြည့်တဲ့အခါ သုမေဓာရှင်ရသေ့ဘဝမှာ သင်္ခါရုပကျွာညဏ် အသိ ရှိခဲ့တယ်။ ဆက်သွားရင် အရိယာဘဝရောက်မှာပဲ။ ပါတစ် ယောက်တည်း နိဗ္ဗာန်ဝင်စံလို့ ရပေမယ့် သတ္တဝါတွေနေ့ယူကိုလည်း ကယ်တင်ချင်သေးတယ်ဆိုပြီးတော့ သံသရာထဲမှာ လည်ခဲ့ရတယ်။ သံသရာထဲမှာ ဘဝများစွာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း လည်ခဲ့ရာမှာ သုဂတိ ခန္ဓာဘဝ ရခဲ့တာက နည်းတယ်၊ ဒုဂ္ဂတိခန္ဓာတွေ ရခဲ့တာက များတယ်။ ဒါတောင် ပါရမီရှင်ကြီးနော်။

တကယ်တော့ အပါယ်လေးပါး ဒုဂ္ဂတိခန္ဓာဆိုတာက "စတ္တာရော အပါယာ သဒါ ဂေဟသဒိသာ" ဆိုတဲ့အတိုင်း ကိုယ့်ရဲ့ အိမ်ဂေဟာဝမှာ အဖြစ်များတဲ့ နေရာကြီးပါ။ မှတ်ရင် ကမ္ဘာတစ်သိန်း သေလို့ သုဂတိကို တစ်ခါလောက် ရောက်နိုင်ပါဘူး။ ဒီတော့ကာနေ သေရင် သုဂတိကနေ ဒုဂ္ဂတိကို မရောက်အောင် ကြိုးစားရမယ်။ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း တပ်ကာ ဆပ်ကာ "ကျင့်ကြစမ်းပါ၊ အားထုတ်ကြစမ်းပါ" လို့ မိန့်တော်မူခဲ့ပါတယ်။ သုဂတိကနေ ဒုဂ္ဂတိကို ပြန်ကျသွားမှာစိုးလို့ မိန့်တော်မူတာ ဖြစ်ပါတယ်။

သတ္တဝါတွေကို အပါယ်လေးပါး ဆွဲချနေတာက ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာနှစ်ပါးပါ။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ နှစ်ပါးသေရင် အပါယ်မကျတော့ဘူး။ ဒီနှစ်ပါးသေစေချင်ရင် ခန္ဓာပေါ်ကို ညာဏ်ရောက်အောင် ကြိုးစားကြရပါမယ်။

## ပဋ္ဌာန်းဆိုတာ ခန္ဓာထဲမှာရှိတယ်

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အညမညပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညံ အညမညပစ္စယေန ပစ္စယော။

နာမ်ခန္ဓာလေးပါး အချင်းချင်း အတွဲတစ္စည်းအနေနဲ့ ကျေးဇူးပြုသလို၊ ပဋိသန္ဓေဖော အာဂေါင်ပါလာ ဝိညာဉ်တဲ့ ရုပ်တရားတွေဟာလည်း သူတို့အချင်းချင်း အတွဲတစ္စည်း အနေနဲ့ ကျေးဇူးပြုကြတယ်။ ရုပ်ရုပ်ချင်း၊ နာမ်နာမ်ချင်း ကျေးဇူးပြုတာနော်။ ရုပ်နဲ့နာမ် အချင်းချင်း ကျေးဇူးပြုပုံကတော့

**ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အညမညပစ္စယေန ပစ္စယော။**

ပဋိသန္ဓေနေဆဲခဏမှာ အမိဝမ်းကြာတိုက်မှာ နာမ်ခန္ဓာလေးပါးနဲ့ ရုပ်တွေအချင်းချင်း အတွဲတစ္စည်းအနေနဲ့ ကျေးဇူးပြုကြတယ်။ ကလလရေကြည်ဆိုတဲ့ ရုပ်ကလာပ်လေး မရှိတဲ့နဲ့ ပဋိသန္ဓေစိတ်ဆိုတဲ့ နာမ်ခန္ဓာလေးပါး ရပ်တည်နိုင်စရာ အကြောင်း မရှိဘူး။ နာမ်ခန္ဓာလေးပါးတို့ရဲ့ ထောက်ပံ့တည်ရာမရတဲ့နဲ့လည်း ကလလရေကြည် ရုပ်ကလေးဟာ ထွားကြီးပွားစရာ မရှိဘူး။

ပဋိသန္ဓေကိန်းတုန်းက ယောကျ်ားမိန်းမလား၊ ရုပ်နာမ်လေး ဆိုရင် ရုပ်နာမ်နော်။ တရားကိုင်တဲ့အခါမှာလည်း ခေါင်းခါး ခြေလက်ရှုရမှာလား၊ ခန္ဓာလေးဆိုရင် ခန္ဓာကိုရှုရမှာ။ ဝိပဿနာ ရှုတော့မယ်ဆိုတော့ ပညတ်ကိုခွာပြီးတော့ ခန္ဓာရဲ့ ဖြစ်ပျက်ကို မြင်အောင်ရှုရမယ်။ ပစ္စုပ္ပန်တည့်တည့် ခန္ဓာကို ရှုရပါမယ်။

အခုရှုကြိုက်ဆဲ ကလေးလိုပဲ ရှုရမယ်။ ရှုနေတဲ့အချိန်မှာ ရှုစိတ်ဖြစ်တယ်။ ရှုလိုက်တဲ့လောက ရုပ်တရား။ ရှုတဲ့စိတ်က နာမ်တရား၊ ပေါင်းလိုက်ရင် ရုပ်နဲ့နာမ်ပဲ ရှိပါတယ်၊ ယောဂီတို့ သွားလာလှုပ်ရှားနိုင်အောင် ထောက်ပံ့ပေးနေတာလည်း ရုပ်နဲ့ နာမ်ပါပဲ။ ဒီရုပ်တရားနဲ့ ကျေးဇူးပြုနေတာနဲ့ အတွဲတစ္စည်း ဖြစ်ပါတယ်။ အတွဲတစ္စည်းဟာ ခန္ဓာထဲမှာရှိတယ်။ ယောဂီတို့ ခန္ဓာဟာ ပစ္စုပ္ပန်ခန္ဓာပါ၊ ယောဂီတို့အခါကာလည်း ပစ္စုပ္ပန်ကာလပါ၊

သီဟိုဠ်က ရဟန်းတော်တစ်ပါး ပင်လယ်ခရီးကို သင်္ဘောစီးပြီး မဇ္ဈိမဒေသကို ဘုရားဖူးကြွတော့ ပင်လယ်ကြီးကို ကြည့်ရင်းနဲ့ "ပင်လယ်သမုဒ္ဒရာကြီးဟာ ကျယ်ဝန်းလှပါလား။ မြတ်စွာဘုရားရဲ့ ပဋ္ဌာန်းတရားတော်ကြီးဟာလည်း သမုဒ္ဒရာကြီးလော ကျယ်ဝန်းလှပါလား" လို့ ဆင်ခြင်တွေးတောမိရင်း ပဋ္ဌာန်းဒေသနာတော်ကြီးနဲ့ မြတ်စွာရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကို ကြည်ညိုခဲ့တယ်။ အားရဝမ်းသာပီတိတွေ ဖြစ်တယ်။ ပီတိကို ရှုပြီး ဝိပဿနာဉာဏ်ရောက် တရားအားထုတ်လိုက်တော့ ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားပါတယ်။ အဲဒါ ပဋ္ဌာန်းတန်ခိုးဖြစ်ပါတယ်။

## အလှူမတူ့ ဓါတ်ကြီးမယ်

အတွင်းပစ္စည်း အကျိုးတရားက ခန္ဓာထဲမှာ ရှိပါတယ်။ ခန္ဓာထဲမှာ ပူခနဲ့ အေးခနဲ့ လှုပ်ခနဲ့ ရှိန်းခနဲ့ ပေါ်လာတာဟာ ဓာတ်ပြန်တာပါပဲ။ ဓာတ်ပြန်တာဟာ ရုပ်တရားပါပဲ။ ရုပ်တရားမှာ အသည်သဘောနဲ့ ပုံဟန်လုံးရုပ် မရှိပါဘူး။ ဓာတ်ပြန်တဲ့ သဘောသာ အရှိတရားပါ။

မာမှုပျော့မှု ပူမှုအေးမှု ယိုစီးမှုကိုတဲ့ သဘောလေးပါးကို ဓာတ်ကြီးလေးပါးလို့ ခေါ်ပါတယ်။ ဓာတ်ကြီးလေးပါး တစ်ခုနဲ့ တစ်ခု ကိုးရော့တိုက်ခိုက်တာဟာ အကြောင်းတရား။ ဓာတ်ပြန်မှုလေးတွေ ပေါ်လာတာက အကျိုးတရား။ ဓာတ်ပြန်မှု ပေါ်လာဖို့ အကြောင်းခံသာတာက ဓာတ်ကြီးလေးပါးပါ။ ဓာတ်ကြီးလေးပါးသည် ရှိပြီးသား တွေ့ရှုံးမြဲတဲ့အတွက် အတွင်းပစ္စည်း ဖြစ်ပါတယ်။

ဓာတ်ကြီးလေးပါးက အကြောင်းတရား၊ ဓာတ်ပြန်မှုက အကျိုးတရား။ ဓာတ်ပြန်တာက အကြိမ်ကြိမ် အဖိုးဖိုးအထားထား

မှီငြိ-ပ။ အကြောင်းခံတရား—ဟူ၍၊ ပစ္စဲ—ပဋ္ဌာန်းပါ။ ဝင်းထဲမှာ တောင်ကြီးလေးပါးက ပစ္စည်း၊ ဖောက်ပြန်ပုံတရား ပစ္စယုပ္ပန်၊ ပစ္စည်းနဲ့ ပစ္စယုပ္ပန်ဆိုတာ ပဋိစ္စသမုပ္ပါဒ်အရပြောရင် အကြောင်းနဲ့ အကျိုးပါပဲ။

ခန္ဓာဝယ်မှာ နာမ်ခန္ဓာလေးပါးရှိတယ်။ တောင်ကြီးလေးပါး ရှိတယ်။ အတွင်းပစ္စည်း အနေနဲ့ရှိပြီးတော့ ပေါင်းစုဖြစ်နေကြတယ်။ အကြောင်းတရား အပေါ်မှာ ဉာဏ်ရှင်းရင် ဝိစိကိစ္ဆာပေးတယ်။ အကျိုးတရားအပေါ်မှာ ဉာဏ်ရှင်းရင် ဒိဋ္ဌိပြုတ်ပါတယ်။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အပြီးတိုင် ပယ်ရင် သောတာပန် တည်ပါတယ်။ သောတာပန်တည်ရင် ပုထုဇဉ်နယ်ကနေ အရိယာနယ် ရောက်သွားပြီ။ အရိယာနယ်ရောက်ရင် အပါယ်လေးဘုံ ကျစရာ မလိုတော့ဘူး။ ဒါကြောင့် အပူငြိမ်းရင် ဂတိမြဲတယ်လို့ ပြောတာ ဖြစ်ပါတယ်။

## အပူငြိမ်းရေး ခန္ဓာဉာဏ်ရောက်ပါ

ဂတိမြဲချင်ရင် အပူငြိမ်းစေနဲ့။ အပူငြိမ်းအောင် ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်ပါ။ ခန္ဓာပေါ် ဉာဏ်ရောက်ရင် အပူငြိမ်း တော့ပါဘူး။ အပူငြိမ်းတယ်ဟာ ပဋ္ဌာန်းတရားကို နားလည်လို့ ဖြစ်ပါတယ်။ ပဋ္ဌာန်းတရားကို သဘောနားလည်မှု မှတ်တမ်း ခန္ဓာဉာဏ်ရောက် နားလည်မှ ဂတိမြဲပါလိမ့်မယ်။

ခန္ဓာဉာဏ်ရောက် နားလည်ခြင်းသည် ဗုဒ္ဓရည်မှန်း မြတ် ပဋ္ဌာန်းရဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ပင်လယ်ကို သင်္ဘောနဲ့ ဖြတ်ကူး နေတဲ့ သင်္ကိစ္စက ဟောဒီမြင်နေရတဲ့ ပဋ္ဌာန်းတရားတော်ကို ဆင်ခြင်ရင်း၊ အကြောင်းအကျိုးတွေ သိမြင်ပြီးတော့ ဖြစ်ပျက်မြင် နှင့်တိုးလို့ ပင်လယ်ထဲက သင်္ဘောပေါ်မှာတင် ရဟန္တာ ဖြစ် သွားပါတယ်။ ရဟန္တာဖြစ်ချင်ရင် ပဋ္ဌာန်းမြတ်ဒေသနာကို ခန္ဓာပေါ် ဉာဏ်ရောက်အောင် ဆင်ခြင်ရပါမယ်။

ဘုရားရှင်က "မင်းကိုခန္ဓာထဲမှာ ဖြစ်တဲ့တရားနဲ့ ပျက်တဲ့ တရားပဲရှိတယ်။ "ဥပ္ပါဒဝယ ဓမ္မိနော ဖြစ်တဲ့တရားနဲ့ ပျက်တဲ့ တရားတွေသို့ ယောကျ်ားမိန်းမ မရှိပါဘူး" တဲ့။ ဖြစ်ပျက်က အနိစ္စတရား ဖြစ်ပျက်ကို မြင်အောင်ကြည့်တဲ့အတွက်ကြောင့် ဓမ္မတာ ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်၊ ဖြစ်ပျက်က အလုပ်ပစ္စည်း၊ မဂ်က အလုပ်ပစ္စည်းရဲ့ ဖွမ့်ပုံပွန်း။ အလုပ်ပစ္စည်းက မဂ်ကို ကျေးဇူးပြု နေတယ်။

အနိစ္စတရားဖြစ်တဲ့ ဉာဏ်ဓာတ်က ကျေးဇူးပြုထားတဲ့ အတွက် ကြောင့် ကိလေသာ ဒိဋ္ဌိတရားတွေ အနားမကပ်နိုင်တော့ဘူး။ အဲဒါ မဂ်ရဲ့ကျေးဇူးပဲ။ မဂ်က အနိစ္စရဲ့ အလုပ်ပစ္စည်း။ ဖြစ် ပျက်မြင်နေတဲ့အချိန် ကိလေသာဝေးနေတော့ ရင်ထဲအေးနေတာပေါ့ မဂ်အလုပ်ပစ္စည်းက ကျေးဇူးပြုနေတာပါ။

ဖြစ်ပျက်အလုပ်ပစ္စည်းက မဂ်ကို ကျေးဇူးပြုတယ်။ မဂ်အလုပ် ပစ္စည်းက ကိလေသာကို ပယ်သပ်တာရယ်၊ ငြိမ်းအေးမှု ရှိအောင် ပေးတာရယ် နှစ်ခုကျေးဇူးပြုပါတယ်။ ငြိမ်းအေးတာကတော့ နိဗ္ဗာန်ပါ။ အဲဒီတော့ အနိစ္စတရား အလုပ်ပစ္စည်းတွေကို သစ္စာလေးပါး နဲ့ဖြေရင် ရုပ်နာမ်နှစ်ပါး ဖြစ်ပျက်အလုပ်ပစ္စည်းက ဒုက္ခသစ္စာ၊ သိလိုက်တဲ့ဉာဏ် အလုပ်ပစ္စည်းက မဂ္ဂသစ္စာ၊ ပယ်သွားတဲ့ ဒိဋ္ဌိ ကိလေသာက သမုဒယသစ္စာ၊ ငြိမ်းအေးမှု ပေါ်လာတဲ့ အလုပ်ပစ္စည်း က နိရောဓသစ္စာ။ သစ္စာလေးချက်ကို အလုပ်ပစ္စည်းနဲ့ ဆိုက်ရအောင် ခန္ဓာဉာဏ်ရောက် ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်။

# ဣဋ္ဌပစ္စည်း



## ၂၂။ နတ္ထိပစ္စည်း

### နတ္ထိပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်

ပဋ္ဌာန်းတရားကို ဟောကြားတဲ့အခါ ပဋ္ဌာန်းကျမ်းမြတ် သခင် ရှင်တော်မြတ်ဘုရားနှင့် ရှင်တော်မြတ်ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ဟောကြားတော်မူထားခဲ့တဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကို ကြည်ညိုလေးစား မြတ်နိုးသောအားဖြင့် ဆိုင်ရာ ဆိုင်ရာ ပစ္စည်းများရဲ့ ပစ္စယနိဒ္ဒေသပါဠိတော်များကို ရွတ်ဆိုခဲ့ကြတယ်။ ယခုလည်း နတ္ထိပစ္စည်းရဲ့ သဘောကို ဟောပြောနာယူကြမှာ မို့လို့ နတ္ထိပစ္စည်း ပစ္စယနိဒ္ဒေသပါဠိတော်ကို ရွတ်ဆိုကြအောင်။

နတ္ထိပစ္စယောတိ–

သမနန္တရ နိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

### လူအားလုံးနဲ့ဆိုင်တဲ့တရား

ဆောက်ကိုယ်ယောဂီများ ဖြင့် ပဋ္ဌာန်း ဒေသနာတော်ကို နာကြားလာခဲ့တာ (၂၁)ကြိမ် ရှိခဲ့ပြီနော်။ ပဋ္ဌာန်းတရားတော်ကြီး နဲ့တကွ ပဋိစ္စသမုပ္ပါဒ်တရား သဘောတရားတွေက စိတ်ရှိသူတိုင်း နဲ့ သက်ဆိုင်တဲ့ တရားဖြစ်ပါတယ်။ ဘယ်ဘာသာဝင်မှာဆို

ခန္ဓာငါးပါး ရှိကြတယ်။ အစ္စလာမ် ဘာသာဝင်တွေမှာလည်း ခန္ဓာငါးပါး၊ ခရစ်ယာန်ဘာသာဝင်တွေမှာလည်း ခန္ဓာငါးပါး၊ ဗုဒ္ဓဘာသာဝင်တွေမှာလည်း ခန္ဓာငါးပါးရှိကြတယ်။ အဲဒီတော့ လူသား အားလုံးနဲ့ဆိုင်တဲ့ တရားပါပဲ။

ပဋ္ဌာန်းမြတ်ဒေသနာတော်သည် ခန္ဓာရှိသူတိုင်းနဲ့ သက်ဆိုင်တဲ့တရား၊ ဗုဒ္ဓဘာသာဝင်တွေပဲ သက်ဆိုင်တယ်လို့ မမှတ်ယူလိုက်ပါနဲ့။ အစ္စလာမ်ပဲဖြစ်ဖြစ်၊ ခရစ်ယာန်ပဲဖြစ်ဖြစ်၊ မှန်ကန်တဲ့ အတွေးအခေါ်နဲ့ ခန္ဓာဉာဏ်ရောက် ကျင့်မယ်ဆိုရင် အကုန်လုံးဟာ အကျိုးရှိနိုင်ပါတယ်။ နိဗ္ဗာန်ဟာ ငြိမ်းအေးတယ်၊ ငြိမ်းအေးတဲ့ နိဗ္ဗာန်ကို ဘယ်ဘာသာဝင်ဆို မှန်မှန်ကန်ကန် ကျင့်ကြံအားထုတ်ပြီးတော့ ရောက်သွားနိုင်ကြပါတယ်။

မြတ်စွာဘုရားက "ငါ့ကို မိတ်ဆွေကောင်း တစ်ယောက်လို သဘောထားပါ" တဲ့။ ဆွမ်းတော်တင်မှ ဘုရားဖူးမှ မဟုတ်ပါဘူး။ ငါ့ကို ကိုးကွယ်ချင်ရင်ကွယ် မကိုးကွယ်ချင်ရင် နေပါ၊ ဘုရားတစ်ဆူရယ်လို့ မကိုးကွယ်ချင်နေပါ။ ဆွမ်းတော်မကပ်လည်း ဘာမှ မပြောဘူး၊ ရေတော်မကပ်ရင်လည်း ဘာမှ မပြောဘူး။ ပန်းဆီမီးတွေ မလှူရင်လည်း ဘာမှမပြောဘူး။ အဓိက ခင်ဗျားတို့ကို ပြောချင်တာက "ငါ့ကို မိတ်ဆွေကောင်း တစ်ယောက်လို သဘောထားပြီး ငါပြောတာ နားထောင်စေချင် ကျေနပ်ပါပြီ" တဲ့။

## အားလုံးနဲ့ ကိုက်အောင် ဟောရတယ်

တရားဟောတဲ့နေရာမှာ ပရိသတ်အမျိုးမျိုးရှိပါတယ်။ ဉာဏ်နုသူ၊ ဉာဏ်အလယ်အလတ်၊ ဉာဏ်ရင့်သူလို့ သုံးမျိုးသုံးစား ခွဲခြားသလို၊ အရွယ်အားဖြင့်လည်း အသက်ငယ်သူ၊ အရွယ်လတ်၊ အသက်ကြီးသူ အမျိုးမျိုး ရှိနေပါတယ်။ ထိုဉာဏ် အနုအရင့်

အသက်ကြီး အသက်ငယ် အားလုံးနားလည်အောင် ပြောပြရ ပါတယ်။

အဲဒီလို အားလုံး နားလည်အောင် ပြောပြရတဲ့အခါ ရှင်တော်မြတ်ဘုရားရဲ့ အနတ္တလက္ခဏသုတ်တရားရယ် ဂုဏ်တော်ကြီး ကို အရင်ပြပြီးတော့ ပြောရတယ်။ ရှင်တော်မြတ်ဘုရား တရားဟောတော်မူတဲ့ နေ့ရက်။ "အနတ္တလေ့ ပရိယတ္တိလက္ခဏာရုပ်" ဂုဏ်တော်ကြီးရဲ့အညီ ဟောပြောတော်မူပါတယ်။ အဲဒီဂုဏ်တော် ကြီးရဲ့ အဓိပ္ပာယ်က ဘယ်လိုလဲ။

* ဆုံးမသင့်ရှုန်း သတ္တဝါမှုန်းဆော်
ခြောက်တန့်လျှင်ခြောက်၊ ခြောက်တန့်ခြောက်ဖြူ
ဆောက်ဆောက်ထက်ပူထင်၊ ဆင့်ဆင့်ရှုမှီ
ရှုနှိုးသင်လေး၊ အဓဋ္ဌိုးလျှောက်

ယခုကြေးလေအောင် ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်သော ဤအကြောင်းခြောင်လည်း အနတ္တလက္ခဏသုတ် ဟုသော ဂုဏ်တော်ကြီးနှင့် အံ့ချီးကျေနပ် ကြည်ညိုစေတော်မူသော မြတ်စွာဘုရား။

သတ္တဝါတွေရဲ့ လူခန္ဓာရိုက် အကြိုက်ကို ကြည့်ပြီးတော့ ခြောက်တန့်ခြောက် ခြောက်တန့်ခြောက် ဟောရတယ်။ သတ္တဝါ တွေလို နည်းအမျိုးမျိုးနဲ့ ပေးဖေးဖေ ဟောပြပြီးတော့ ယဉ်ကျေး အောင် ဆုံးမတော်မူတာ "အနတ္တလက္ခဏသုတ်ရင် ဂုဏ်တော်" ပါပဲ။ တချို့ပရိသတ်က ထိုကို ဦးဆောင်ပြီးတော့ ဟောစ နားလည်တယ်၊ တချို့ကျတော့ ပရိသတ်တတော့ ညာက်ကို ထိုက်ရိုက်ပေးဟော ရတယ်။ တချို့ကျတော့ က်ပေါ်ညာက်ဆင့်ပြီး ဟောရတယ်။ တချို့ပရိသတ်တတော့ အားပေး ဝိုက်ဖေးတွေ ဆောင်ပြီးဟော နားလည်တယ် သဘောကျတယ်။ အဲဒီလို သဘောကျပြီးတော့ လုပ်ရကောင်းမှန်းသိတယ်။

ပရိသတ်ရဲ့ အနေအထားနဲ့ ကိုက်ညီအောင် ဟောရလည်း သဘောသဘောပေါက်ပါတယ်။ ရှင်တော်မြတ်ဘုရားသည် ဗုဒ္ဓမြွေမရိုက် အကျင့်ကို ထောက်ဆပြီးတော့ ဟောပေးမှုရသလို၊ ပရိသတ် အလိုက်၊ အကြိုက်တူအောင် ဟောနိုင်မှုလည်း နားဝင်သက်ခံ ကြွေနှာ ဖြစ်ပါတယ်။ အဓိကအားဖြင့် ပရိသတ်က တရားမှာ နားဝင်ပြီး လက်ခံကျင့်သုံးလာအောင် ဟောပြောပေးရတာ မဟုတ် လား။

## ချုပ်တာနဲ့ ချက်ချင်း အစားထိုး

အရှေ့ပြောခဲ့သည့် နတ္ထိပစ္စည်းက မရှိတဲ့နဲ့ ကျေးဇူးပြုတာတဲ့။ ကျေးဇူးပြုတယ်ဆိုတာ ရှိတုန်းက ကျေးဇူးပြုတာက တစ်မျိုး၊ မရှိတဲ့နဲ့ ကျေးဇူးပြုတာက တစ်မျိုးနော်။ ပြီးခဲ့တဲ့ အတ္ထိပစ္စည်း ကတော့ ရှိနေတုန်း ကျေးဇူးပြုတာပေါ့၊

ခန္ဓာကိုယ်ထဲမှာ ဓာတ်ကြီးလေးပါးရှိတယ်။ အဲဒီဓာတ်ကြီး လေးပါးကနေ ပေါက်ပြန့်ပျက်စီးနေတဲ့ ဖြစ်ပျက်တွေလာတယ်။ ခန္ဓာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်ကမြင်၊ ဒီဓမ္မပေါ်ရတာဟာ ဖြစ်ပျက် ကို မှီပြီးပေါ်ရတာမို့ အတ္ထိပစ္စည်း။

နတ္ထိပစ္စည်းကျတော့ သမနန္တရ ဝိဂတ—ခြားမရှိ ချုပ်ပြီး တုန်းလေး တဲ့။ ဥပမာပြောရရင် ရှုနေတဲ့အချိန်လေးမှာ ရှုစိတ် ဖြစ်တယ်။ ရှုလို့လည်းပြီးရော ရှုစိတ်မရှိတော့ဘူး။ အကယ်၍ ရှုစိတ်ကလေး ရှိနေရင် နောက်ကရှုစိတ် အစားထိုးလို့မရဘူး။ နောက်ကရှုစိတ်ကလေး အစားထိုးခွင့်ရအောင် ရှေ့က ရှုစိတ် ကလေးချုပ်ပေးပြီး ကျေးဇူးပြုတယ်။ သူ့ချုပ်ပေးတာ နောက်စိတ် အတွက်ပဲ၊

"နောက်လူတစ်ယောက်၊ ကောင်းရာရောက်ဖို့၊ ရှေ့ကလူမှာ ပျက်စီးရတာ၊ မစွာကာတည်း" ဆိုသလို ရှေ့ကလူ ပျက်မှ နောက်ကလူ အဆင်းတိုးပြီး နေရာရသလိုပဲတဲ့။ ရှေ့စိတ်ချုပ်သွားတယ်၊ ပျက်သွားတယ်ဆိုတော့ မရှိတော့ဘူး။ မရှိတာက နတ္ထိ။ မရှိမှ ကျေးဇူးပြုတယ်၊ ရှိနေတုန်း ကျေးဇူးမပြုနိုင်ဘူး။ နောက်က ပေါ်လာတဲ့ စိတ်ကလေးကလည်း ပျက်သွားရတယ်။ သူပျက်မှ နောက်ထပ် စိတ်ပေါ်ရမှာ။

ဒါကြောင့် ရှေ့စိတ်ချုပ်၊ နောက်စိတ်အဆင်းတိုး။ ရှုစိတ်ချုပ် ရှိတ်စိတ် အဆင်းတိုး။ မရှိမှ ကျေးဇူးပြုတာ နတ္ထိပစ္စည်းပေါ့ပဲ။ သမနန္တရ နိရုဒ္ဓါဆိုတာ ချုပ်ပြီးတာနဲ့ အဆင်းတိုးတယ်။ ဘဝင်ကောင် မှ မခြားဘူး။ ဥပမာပြရရင် လူ့ခန္ဓာချုပ်တာနဲ့ ငရဲခန္ဓာဖြစ်မယ် ဆိုရင် ငရဲခန္ဓာချက်ချင်း အဆင်းတိုးတယ်။ ပြိတ္တာဖြစ်မယ်ဆိုရင် ပြိတ္တာခန္ဓာ ချက်ချင်း အဆင်းတိုးတယ်။ နတ်ဖြစ်မယ်ဆိုရင် နတ်ခန္ဓာ ချက်ခြင်းအဆင်းတိုးတယ်။ ဘဝင်ကောင် မခြားဘူး။ ဒီက ချုပ်တာနဲ့ ဟိုမှာ အဆင်းတိုးဖြစ်နေပြီ။

## ဒိဋ္ဌိက အပါယ်ဆွဲချမှာ

လောကမှာ လူတစ်ယောက် ကွယ်လွန်ပြီဆိုရင် သုံးရက်လည်း၊ ငါးရက်လည်း၊ ခုနစ်ရက်လည်း လုပ်နေကြတာတွေ ရှိတယ်။ အဲသလိုလုပ်ထုံး လုပ်နည်းတွေတော့ မပြောလိုပါဘူး။ ဒါပေမဲ့ သေသူနဲ့ ဝိညာဉ်က လည်ပြီး ခံနေတယ်လို့ ထင်ရင် သဿတဒိဋ္ဌိ၊ ဝိညာဉ်ရှိတယ်လို့ထင်ရင် သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။

လူတွေ နတ်တွေ လှည့်လည်သွားလာနိုင်တဲ့ ဝိညာဉ်ရဲ့ သတ္တိလို့ အထင်ရောက်ကြတယ်။ ဒီအဆွေ့ပါတော ဖြေလျှော့ကြ သတ်သတ်ပါ။ ဗုဒ္ဓဘာ မဟုတ်ပါဘူး။ ဗုဒ္ဓပါဘာ ရှေ့စိတ်ချုပ်

ပြီး ဘဝင်တောင်မကြွားတော့ဘူး။ သမနန္တရ ရှိရှို — ရှေ့စိတ် ချုပ်ပြီးတာနဲ့ နောက်စိတ်အစားထိုးတယ်တဲ့။ ပစ္စုပ္ပန်နဲ့ စိတ္တစေတသိကနဲ့ မျှကုံ — ဖြစ်ပေါ်နေတာဟာ စိတ်စေတသိကတွေပါပဲလို့ နားလည်ရင်၊ ရှေ့စိတ်ကလေးလို့ သိလိုက်ရင်ပဲ သက္ကာယဒိဋ္ဌိစင်သွားတယ်။ ချုပ်တယ်ဆို့ သိတာနဲ့ သဿတဒိဋ္ဌိ စင်သွားတယ်။ နောက်စိတ်ကလေး အစားထိုးတယ်လို့ သိလိုက်တော့ ဥစ္ဆေဒဒိဋ္ဌိ စင်သွားပါတယ်။

ရှေ့စိတ်ကလေးချုပ်လို့ နောက်စိတ်ကလေး အစားထိုးတာပဲလို့ ဘဝကျွတ်တဲ့ ကိစ္စမှာတည်း မြင်နိုင်ရမယ်။ ဒါမှ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိတွေ စင်ပြီးတော့ အပါယ်လေးပါးက လွတ်နိုင်ပါတယ်။ အပါယ်လေးပါးကို ဆွဲချနေတာ ခရစ်ယာန် ဆိုင်းဘုတ်၊ အစ္စလာမ်ဆိုင်းဘုတ်၊ ဗုဒ္ဓဘာသာဆိုင်းဘုတ်တွေက ဆွဲချတာမဟုတ်ဘူးနော်။ ရင်ထဲမှာ ဒိဋ္ဌိရှိနေလို့ ဒိဋ္ဌိက အပါယ်ဆွဲချ နေတာပါ။

နတ္ထိပစ္စည်းကို မြတ်စွာဘုရား ဟောတော်မူတာဟာ ရှေ့ကို့သန္တာန်မှာ တစ်သိသရုပ်လုံးက ရှိပြီး ကပ်နေတဲ့ ငြိနေတဲ့ ဒိဋ္ဌိကို ဖြတ်ပေးချင်လို့ပါပဲ။ ရှေ့စိတ်ကလေးချုပ်မှ နောက်စိတ် အစားထိုးနိုင်ပါတယ်။ ချုပ်တဲ့စိတ်က ချုပ်ပြီး မရှိခြင်းအားဖြင့် ကျေးဇူးပြုတယ်။ အဲဒါကို နတ္ထိပစ္စည်းလို့ မှတ်ပါ။

## နတ္ထိတော့ သိမှ ဝိဂတနှစ်

ရှေ့တစ်စိတ်က ချုပ်ပြီး အပျက်တရား မရှိတရားနဲ့ ကျေးဇူး ပြုတယ်။ နောက်တစ်စိတ်က ဖြစ်ပြီး အရှိတရားနဲ့ ကျေးဇူးပြု တယ်။ မီးခွက်ကြီးမှာ အမှောင်ကလည်း ကျေးဇူးပြုတယ်၊ အဖြစ် ကလည်း ကျေးဇူးပြုတယ်။

အမျက်က ကျေးဇူးပြုပုံကို ကြည့်ရင်း ဆီးတိုးဝင်ကို ခိုတာတွေက အမျက်တွေပဲ။ သူတို့ အပြင်ကို ရုန်းရုန်းထွက်လေးမှ သန့်သန့်ဖာမှာ သွားလာလှုပ်ရှားနိုင်မယ်။ နို့မဟုတ်ရင် ဆီးချုပ် ဝမ်းချုပ်ဖြစ်ပြီးတော့ တပ်မှုပ်နိုင်မှာ မဟုတ်ဘူး။ ရွှန့်ပစ်စရာ ရှိတာ ရွှန့်ပစ်ရမှာပဲ။ ရွှန့်ပစ်လိုက်တော့ မရှိတော့ဘူး။ မရှိတော့ နတ္ထိ။ နတ္ထိပစ္စည်းက ကျေးဇူးပြုနေပါတယ်။

မရှိတာကို တွေ့မှ ယောဂီတို့ နိဗ္ဗာန်ရမှာနော်။ မရှိတာက အမျက်၊ ရှုတဲ့ဉာဏ်က ဝင်။ အဖြစ်ကို မြင်ရင် သမထ၊ အမျက်ကိုမြင်မှ ဝိပဿနာ။ ဝိပဿနာဖြစ်လာဖို့အတွက် မရှိက အမှန်တရားက ပျက်ပေးရတာပါ။ "ခြောင် မရှိတော့ပါလား" လို့ သိလိုက်တဲ့ ဉာဏ်ကမှ ဝိပဿနာဖြစ်ပါတယ်။

မရှိတာက နတ္ထိ၊ သိလိုက်တာက ဝင်။ နောက်က ဝင်အပေါ်မှာ ရှေ့က အရှင်က ပျက်ပြီး ကျေးဇူး ပြုပေးရတယ်။ အဲဒါ နတ္ထိ ပစ္စည်းနဲ့ ကျေးဇူးပြုတာနော်။ ပျက်တာကအကြောင်း မရှိတော့ပါလားလို့ သိလိုက်ရတာက အကျိုး။ အကြောင်းနဲ့ အကျိုးပါပဲ။ ပျက်သွားတာက ပစ္စည်း၊ မရှိတော့ပါလားလို့ သိတာက ပစ္စယုပ္ပန် ဖြစ်ပါတယ်။ နတ္ထိပစ္စည်းက ယောဂီတို့ကို ဝိပဿနာဉာဏ်တွေ ရင့်သန်လာအောင် ကျေးဇူးပြုပေးပါတယ်။

တေသံ ဝူပသမော သုခေါ။

တေသံ– ထိုအဖြစ်အပျက်နှစ်ပါးတို့၏၊ ဝူပသမော– ချုပ်ငြိမ်းခြင်း၊ ငြိမ်းခြင်း မရှိခြင်းသည်၊ သုခေါ–ချမ်းသာတဲ့ နိဗ္ဗာန်ပါပဲ။ ဖြစ်ပျက် မရှိတာကိုမြင်မှ နိဗ္ဗာန်ကို မြင်နိုင်ပါတယ်၊ ယောဂီတို့ အပါယ်လေးပါးက လွတ်အောင် ဖြစ်ပျက်က လုံးလုံးချုပ်ငြိမ်း ပေးရတယ်။ ဖြစ်ပျက်ချုပ်ရာ ငြိမ်းရာသည် နတ္ထိ၊ မရှိတော့ပါလား လို့ သိတာကဉာဏ်။ ဒီဉာဏ်က အပျက်ကိုမြင်လို့ ရတယ်။

အဖျက်ခံ နတ္ထိ၊ ဝိတက္ကစိတ်။ မဂ်ပေါ်အောင် နတ္ထိ ပစ္စည်းက ကျေးဇူးပြုတာပါ။

ယောဂီတို့ တစ်ခါတလေ ဝိပဿနာရှုလို့ ခန္ဓာမှာဖြစ်ပျက်၊ ပျက်ဆို တာ မရှိတော့ပါလားလို့ သိနေတာပါ။ အဲဒီလို သိနေအောင် နတ္ထိပစ္စည်းက ကျေးဇူးပြုပါတယ်။ နတ္ထိပစ္စည်း အားကောင်းလေ လေး အပေါ်ယံလေးပါးက ဖျက်ပြောက်ဖို့ မိုးလေလေလို့ မှတ်ရမယ်။

## ကိလေသာမရှိတာ နိဗ္ဗာန်ပါ

ပဋ္ဌာန်းဒေသနာတော်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့တယ်။ ဗုဒ္ဓမြတ်စွာသာသနာတော်ကို အားထား ကိုးကွယ်ယုံကြည်တဲ့ နေရာမှာ မဟာယာန ဗုဒ္ဓဘာသာနဲ့ ထေရ ဝါဒ ဗုဒ္ဓဘာသာလို့ နှစ်မျိုးရှိတော့ မဟာယာန ဗုဒ္ဓဘာသာဝင်တွေ က ပဋ္ဌာန်းဒေသနာတော်ကို လာဘ်လာဘရဖို့အတွက် အသုံးချ တယ်။ အန္တရာယ်ကင်းဖို့အတွက် အသုံးချတယ်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေကတော့ ပဋ္ဌာန်းဒေသနာတော်ကို ဘဝငြိမ်းအေး ဖို့အတွက် အသုံးချပါတယ်။

ပဋ္ဌာန်းရွတ်တဲ့အခါ သောက်ရေအိုးတွေမှာ ၂၄ ပစ္စည်း ရေးထားတယ်။ ပဋ္ဌာန်းပွဲလာတဲ့ ပရိသတ်က အိုးထဲကရေတွေ သောက်တယ်၊ လွှတ်လွှားတဲ့အိုးကို ဖြည့်ကြတယ်။ အကြောင်း ကောင်းအောင်လို့ ဟေတုပစ္စည်းအိုးထဲကသောက်၊ ဟေတုပစ္စည်း အိုးရေမပျက်ရင် ဖြည့်ပေး။ ကံကောင်းအောင်လို့ ကမ္မပစ္စည်းအိုးကို ဖြည့်တယ်၊ သောက်တယ်။ သူတို့မသောက်တဲ့ မဖြည့်တဲ့အိုးက နတ္ထိပစ္စည်းပဲ။ နတ္ထိဆိုတော့ ဘာမှမရှိဘူးပေါ့။ ကျက်သရေ မရှိ ဘူးပေါ့။ အမှန်က နတ္ထိဆိုတာ ဖြစ်ပျက်တို့ရဲ့ ချုပ်ငြိမ်းရာ သိမ်းရာ နိဗ္ဗာန်ပေါ့။

ဖြတ်ပဋ္ဌာန်း ဒေသနာတော်ကြီးကို နိဗ္ဗာန်ရောက်ဖို့၊ ဒိဋ္ဌိပြုတ်ဖို့၊ ခန္ဓာပေါ် ညွတ်ရောက်ဖို့ ရည်ရွယ်ချက်တွေနဲ့ ဟောထားတာပါ။ အခုတော့ ကောက်ယူတာ ရှောက်ကိုးပြီး လုပ်နေကြတယ်။ 'ပေါင်းတာနဲ့တဲ့ စကားရယ်ပေါ့' ဆိုတာလို ဟစ်သိန်းတန် ရွှေဖလားကို ဝါကြီးလျော်နဲ့ လဲစားနေကြတာနော်။

သာဓကနဲ့ ရှင်းရအောင် မိတ္တဗေဒဝါသိတာစွာ ပဠာဝန္နဝင်နဲ့ ပိဋ္ဌ ခေတ္တာသိတာနဲ့ ခမ္မာနဲ့။ ခန္ဓာကဖြစ်ပျက်၊ ရုပ်နဲ့ညွတ်တယ်။ ဒီမင်ပေါ်ဖို့ နတ္ထိပစ္စည်းက ကျေးဇူးပြုတယ်။ ရှေ့ကအပျက်က ကျေးဇူးပြုတာကို နတ္ထိပစ္စည်းလို့ ခေါ်ပါတယ်။ နောက်တို့ ခန္ဓာမှာ ဖြစ်ပျက်မင် ကိုက်နေပြီဆိုရင် နတ္ထိပစ္စည်းက ကျေးဇူး ပြုနေတာလို့ မှတ်ပါ။

ဖြစ်ပျက်မင်ကိုက်နေချိန်မှာ ရင်ထဲမှာ အေးလာတယ်။ ရင်ထဲမှာ အေးတာ ကိလေသာဝေးလို့ပါ။ ရင်ထဲမှာ ကိလေသာ မရှိတာ နတ္ထိပဲ။ နတ္ထိက ကျေးဇူးပြုတော့ ရင်ထဲမှာ ငြိမ်းအေးတဲ့ ရသလေး ပေါ်လာတယ်။ အနုစာနဲ့ မှန်းကြည့်ရင် သိနိုင်ပါတယ်။ နတ္ထိပစ္စည်းက ကိလေသာမရှိခြင်းအားဖြင့် ကျေးဇူးပြုလိုက်တော့ နိဗ္ဗာန်ဆိုတာ ဖြစ်လာတယ်။ ဖြစ်ပျက်အရှုခံတရား အပျက်က ကျေးဇူးပြုလိုက်တော့ ဝိပဿနာမင် ဖြစ်လာတယ်။ ကိလေသာ ငြိမ်းအေးမှုက ကျေးဇူးပြုလိုက်တော့ နိရောဓဆိုတဲ့ နိဗ္ဗာန်ကို မှန်းဆလို့ ရလာပါတယ်။ ဒါ နတ္ထိပစ္စည်းရဲ့ သတ္တိပဲပဲ။

## သူ့အဖြစ်မှ နင်အဖြစ်သို့ နတ္ထိကျေးဇူး

နတ္ထိပစ္စည်းက မရှိဘူးဆိုတာတော့ ဖုန့်တယ်။ ဘာမှ မရှိဘူး ဆိုတာကကို ကျေးဇူးပြုတယ်တဲ့။ သာမန်အားဖြင့် ကြည့်ရင် သဘောပေါက်စရာ မရှိဘူး။ ဘီနုဘသာပသာဆိုတာ

နတ္ထိပစ္စည်းပဲ။ ဆိုပြီဆိုရင် ရှိပြီဖို့ မရှိတော့ဘူး။ နာပြီဆိုတော့ ကျန်းမာခြင်း မရှိတော့ဘူး။ သေပြီဆိုရင် အသက်မရှိတော့ဘူး။ အဲဒီ မရှိခြင်းက ဘာတွေ ကျေးဇူးပြုသလဲဆိုရင် အသည်းတိုနေသော နတ္ထိပစ္စည်းက ကျေးဇူးပြုလိုက်လို့ သံဝေဂဉာဏ် ရတယ်။ ခန္ဓာ အိုနေသော နတ္ထိပစ္စည်းက ကျေးဇူးပြုလိုက်လို့ ဝိပဿနာဉာဏ် ရတယ်။ ပါးလေသောနတ္ထိပစ္စည်းက ကျေးဇူးပြုလိုက်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရတယ်။ အဲဒါ နတ္ထိပစ္စည်းရဲ့ သတ္တိဖြစ်ပါတယ်။

သာဝတ္ထိပြည်က အဒိန္နပုဗ္ဗက သူဌေးကြီးဆိုတာ အင်မတန် နှမြောတတ်ပေးနည်းသတဲ့။ ဘာမှ လှူရကောင်းမှန်း မသိဘူး။ တစ်ခါမှ မလှူဖူး မကျွေးဖူးတဲ့အတွက် အဒိန္နပုဗ္ဗကလို့ ခေါ်တာ။ နှမြောပုံများ ကိုယ့်ဝမ်းကိုယ်တောင် မဝေဝါဘူးတဲ့။ သူ့မှာ သားကလေးတစ်ယောက်ရှိတယ်။ မဋ္ဌကုဏ္ဍလီတဲ့။ အဲဒီသားလေး နေမကောင်းဖြစ်တော့ ဆေးဖိုးကုန်မှာစိုးလို့ ဆေးမကုပေးဘူး။ ဆရာဆီသွားပြီး ဆေးနည်းမေးပြီးတော့ ဆေးမြစ်တိုလေးနဲ့ ကုသတဲ့။

ကြာတော့ ကလေးက ရောဂါသွမ်းပြီးပက်လက်ကလေး ဖြစ်သွားပြီ။ မကြာခင် သေတော့မယ်။ အဲဒီမှာ ဘုရားရှင်က ချီးမြှောက်ရမည့် ပုဂ္ဂိုလ်ကို ကြည့်လိုက်တော့ မဋ္ဌကုဏ္ဍလီ သတို့သားကို သွားမြင်တော်မူတယ်။ မြတ်စွာဘုရားက သနားတော် မူတာနဲ့ သူ့ဆီကို ကြွလာပြီး ရောင်ခြည်တော်တွေ လွှတ်လိုက် တော့ မဋ္ဌကုဏ္ဍလီ ရောင်ခြည်တော်တွေ ကြည်ညို ရှိခိုးခွင့် ရသွားတယ်။ သုံးလောကထွဋ်ထား မြတ်ဘုရားဆိုတာ တော်ပါရဲ့လို့ ဘုရားအပေါ်မှာ ကြည်ညိုစိတ်တွေ ဝင်လာတယ် "အရှင်ဘုရား တပည့်တော်ကို ခွင့်လွှတ်ပါဘုရား" လို့ တောင်းပန်တဲ့အတွက် အိပ်ရာ ပေါ်ကနေ လက်အုပ်ချီကန်တော့ရင်း ဘုရားအာရုံပြုလို့ သေရှာ

ရော။ ဘုရားကျွေးမွေးတော်ကြောင့် နတ်ပြည်ရောက်ပြီး နတ်သား ဖြစ်သွားတယ်။

ကျွန်ုပ်ရဲ့ အမေဖြစ်သူ အဒိန္နပုဗ္ဗက ကလေး သားလေး ဆုံးသွားတော့ ပူဆွေးငိုကြွေး နေရှာတာပေါ့။ မဋ္ဌကုဏ္ဍလီကလည်း နတ်သားဖြစ်သွားပြီး "ငါ ဘာကုသိုလ်ကြောင့် နတ်ပြည်ရောက် တာလဲ" လို့ ကြည့်လိုက်တော့ "ဘုရားရဲ့ ကျောင်းမြည်တော်မူရ လို့ပဲ" လို့ သွားတွေ့တယ်။ လူ့ပြည်မှာ ကျန်နေရစ်တဲ့ အဖေ ကို သတိရလို့ ကြည့်လိုက်တော့ သုသာန်က သူ့မြေပုံနားမှာ ငိုနေတာ မြင်တယ်။ ဒါနဲ့ အရင်လူ့ဘဝတုန်းက ပုံအတိုင်း ဖန်ဆင်းပြီးတော့ သူ့အဖေရဲ့ ရှေ့မှောက်မှာ လာပြီးတော့ ငိုနေလိုက်သတဲ့။ သူ့ကိုမြင်တော့ သူဌေးကြီးက "သားလေးလို ပူဆွေးနေရတဲ့အထဲ ဘယ်ကလေးက ငါ့နားမှာ လာငိုနေပါလိမ့်" လို့ ကြည့်လိုက်တော့ သူ့သားနဲ့ တစ်ပုံတည်း ကောင်လေးကို မြင်တော့ စိတ်ဝင်စားသွားတယ်။

"ဟေ့ကောင် ဘာလို့ ငိုနေတာလဲ" ဆိုတော့ "ကျွန်တော့် မှာ ရထားရှိတယ်၊ ဘီးမရှိလို့ ငိုနေတာပါ" လို့ ပြောသတဲ့။ "ဘီး အတွက်များ ငိုနေရသလား၊ ငါ ပေးမယ်ကွာ၊ ကြိုက်တဲ့ဘီးပြော၊ ရွှေဘီးလုပ်မလား၊ ငွေဘီးလုပ်မလား" ဆိုတော့ ကောင်လေးက "အဖေရယ် ကျွန်တော်က ကောင်းကင်က နေမင်းနဲ့ လမင်းကို ဘီးလုပ်ပြီးတော့ စီးချင်တာပါ" ဆိုတော့ "ဟေ့ကောင် လောကထဲမှာ မရှိတာကို တောင့်တရသလား၊ ရူးနေလား" လို့ ပေါက်ကွဲသတဲ့။

အဲဒီတော့ ကောင်လေးက ပြန်မေးတယ် "အဖေကရော ဘာဖြစ်လို့ ငိုနေတာလဲ" "ငါက ငါ့သားလေး သေသွားလို့ ငိုနေတာပေါ့" "သေသွားပြီဆိုတော့ မရှိတော့ဘူးပေါ့၊ မရှိတဲ့ သားအတွက် ငိုနေလို့ ဘာကျေးဇူးများမှာလဲ၊ ကျွန်တော်ငိုတာ

တမှ မြင်နေရတဲ့ နေနဲ့လအတွက် ငိုတာ။ အဖေက မြင်လည်း မမြင်ရသဲ့နဲ့ ငိုတယ်၊ အဖေက မရှိတာ တောင့်တပြီး ငိုတယ်၊ ကျွန်တော်က ရှိတာ တောင့်တပြီးတော့ ငိုတာ ကျွန်တော်နဲ့ အဖေ ဘယ်သူက ပိုမိုက်သလဲ" ဆိုမှတော့မှ "အေး မင်းပြောတာ မှန်တယ်" ဆိုပြီး အငိုရပ်သွားတယ်တဲ့။

မဋ္ဌကုဏ္ဍလီ သတို့သားဟာ မရှိတော့ဘူး။ မရှိတရားက ကျေးဇူးပြုလိုက်တော့ နတ်သားဖြစ်သွားတယ်။ အဲဒါ နတ္ထိပစ္စည်း ရဲ့ ကျေးဇူးပြုပုံပေါ့။

## နတ္ထိပစ္စည်း ကျေးဇူးမြင် နိဗ္ဗာန်လို

တောဒေယျ ပုဏ္ဏားသေတော့ ခွေးဖြစ်တယ်။ အဲဒီတော့မှ လူ့သား ဗုဒ္ဓဘာသာဝင်ဖြစ်တယ်။ မရှိတရားက ကျေးဇူးပြုတာ နော်။ သေလွန်သွားတဲ့ မရှိတော့တဲ့ အဖေကို အကြောင်းပြုပြီး သားဖြစ်သူ နှလုံးသားထဲမှာ အမြင်မှန် ရသွားတယ်။ သူတို့ ဗြာဟ္မဏ အယူက သေရင် ဗြဟ္မာဖြစ်တယ်လို့ ယူထားတာနော်။ အဲဒီအယူ မမှန်ပါလားလို့ အမြင်မှန် ရသွားတယ်။

အမှန်အားဖြင့် ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုး ပေးမယ်။ မကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုးပေးမှာပဲ။ ဗြာဟ္မဏဖြစ်တာနဲ့တော့ ဗြဟ္မာဖြစ်မသွားဘူး။ အကြောင်းဖြစ်ရင် အကျိုးဖြစ်မယ်၊ အကြောင်းချုပ်ရင် အကျိုးချုပ်မယ်လို့ သိသွားတဲ့ အတွက် သဿတဒိဋ္ဌိ ပယ်တယ်။ အကြောင်းတရားမပြတ်သမျှ အကျိုးတရား အစဉ်တိုးလာမှာပဲလို့ သိတဲ့အတွက် ပြတ်တယ် ဆိုတဲ့ အယူမလာတော့ဘူး။ ဥစ္ဆေဒဒိဋ္ဌိ ပယ်သွားတယ်။ သူ့အဖေ တောဒေယျ ရှိနေတုန်းက သူဟာ မိစ္ဆာဒိဋ္ဌိနော်။ အဲဒါ အဖေမရှိ တော့ခြင်း နတ္ထိပစ္စည်းက ကျေးဇူးပြုတာပါ။


မနုဿလောကကြီးအကြောင်း ဆက်ရရင် သားသေလို့ ငိုကြွေးနေတဲ့ အမိန္တမ္မဂ္ဂျယာ သူ့ကို အငိုတိတ်အောင် လုပ်ပေးနိုင်တဲ့ ကလေးကို ကျေးဇူးတင်လို့ "မင်းက လူလား၊ နတ်လား" လို့ မေးတယ်။ "နတ်ပါဗျား၊ အရင်ဘဝက အမေ့သား မဋ္ဌကုဏ္ဍလီပါပဲ" ဆိုတော့ "မင်းက ဘာကုသိုလ်တွေလုပ်လို့ နတ်ပြည်ရောက်ရတာတုန်း" "ကျွန်တော် သေခါနီးမှာ ဘုရားကြွလာပြီး ရောင်ခြည်တော်တွေ လွှတ်တော့ ရောင်ခြည်တော်တွေ ဖူးမြော်ရတဲ့ ကုသိုလ်ကြောင့် နတ်သားဖြစ်ရတာပါ" "ဘုရားရောင်ခြည်တော် ကြည်ညိုခွင့်ရတာနဲ့တောင် နတ်ရွာရတယ်ဆိုရင် ဘုရားတရားနားထောင်ပြီး ကုသိုလ်ကောင်းမှုတွေလုပ်ရင် ဘယ်လောက်ရလိမ့်မလဲ" "ဟုတ်တာပေါ့ အမေ။ ကုသိုလ်ကောင်းမှုလေး နည်းနည်းလေးနဲ့တောင် နတ်ပြည်ကို ရောက်လေးတာ။ အမေလည်း ကုသိုလ်ကောင်းမှုတွေ အများကြီး လုပ်ခွင့်ရနေတုန်း လုပ်စေချင်လို့ လာခဲ့တာပါ" တဲ့။

သားဖြစ်သူက လူ့ဘဝမှာ မရှိတော့မှ သာပြီး သတိပေး ကျေးဇူးပြုတာ နတ်ဘဝနည်းပေါ့။ တချို့မိဘတွေ သေလို့ မကျွတ်မလွတ်ဖြစ်ပြီး အိပ်မက်ပေးတယ်။ "အမေ မကျွတ်လွတ်လို့ပါ၊ ကောင်းမှုပြုပြီး အမျှပေးနိုင်အောင် လုပ်ပေးပါ" လို့ လာပြောတာမျိုး ကြားဖူးတယ် မဟုတ်လား။ ဒါလည်း နတ်ဘဝနည်းနဲ့ ကျေးဇူးပြုတာပါပဲ။


တစ်ခါတုန်းက ဗျော်မြိုင်ကျောင်းဆောင်နဲ့ နတ်ပြင်ကျောင်းနည်း လာခဲ့တဲ့ သူဌေးကြီး။ သားက လက်တွေ့ တရားပြတော့မှ ဘုရားဆီ သွားရတောင်းနှုန်း သိတော့တယ်။ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ပင့်ဖိတ်ပြီးတော့ ဆွမ်းကပ်တယ်။ သတင်း ဝမ်းမြောက်နေတဲ့ ဗျူဟာ။ ဘုရားရှင်က ဆွမ်းဘုဉ်းပေးတော့

နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့်ကြည့်လိုက်တဲ့အခါ ခန္ဓာဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ပေါ်လာတဲ့ဒိဋ္ဌိတွေက သမုဒယသစ္စာ၊ သမုဒယရဲ့ ချုပ်ငြိမ်းရာ နိရောဓသစ္စာလို့ သစ္စာလေးချက် တစ်ပြိုင်နက် ဆိုက်ပြီးတော့ သောတာပန်တည် သွားပါတယ်။

ဒုက္ခသမုဒယတွေရဲ့ မရှိရာသည် နိဗ္ဗာန်ဖြစ်လို့ နိဗ္ဗာန်ကို နတ္ထိပစ္စည်းက ကျေးဇူးပြုလိုက်တယ်။ ပေါ်လွင်နေသားလို့ မရှိတော့တဲ့ သားက ကျေးဇူးပြုလိုက်တော့ ဖခင်နှင့်မိခင် သောတာပန်တည်ရတာ ပေါ့။ နတ္ထိပစ္စည်းရဲ့ ကျေးဇူးပါပဲ၊ နတ္ထိပစ္စည်းသည် ပဋ္ဌာန်းတော်၊ ပစ္စယ်ဝိဘင်းထဲမှာ ကိန်းဝပ်နေတဲ့ အနတ္ထိပစ္စည်းလို့ သဘောကျပါ။ ဒါကြောင့် ကိုယ်တိုင်လည်း ခန္ဓာကြည့်ရှောင် အားထုတ်ပြီး ဒုက္ခသမုဒယတို့ရဲ့ မရှိရာ နိဗ္ဗာန်ကို ရအောင် ကြိုးစားအားထုတ် ကြစို့ပါ။


ဝိဂလာပဋ္ဌလော

## အဝိဂတပစ္စယော



(၂၄) [illegible]

# ၂၃။ ဝိဂတပစ္စည်းနှင့် ၂၄။ အဝိဂတပစ္စည်း

## ဝိဂတပစ္စည်းနှင့် အဝိဂတပစ္စည်း၏ ပစ္စယနိဒ္ဒေသပါဠိတော်

ဝိဂတပစ္စယောတိ-

သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

အဝိဂတပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနဉ္စ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

သောတာယတနဉ္စ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ဃာနာယတနဉ္စ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ဇိဝှာယတနဉ္စ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ကာယာယတနဉ္စ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနဉ္စ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

သဒ္ဒါယတနဉ္စ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနဉ္စ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ရသာယတနဉ္စ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနဉ္စ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနဉ္စ သဒ္ဒါယတနဉ္စ ဂန္ဓာယတနဉ္စ ရသာယတနဉ္စ ဖောဋ္ဌဗ္ဗာယတနဉ္စ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ

ပစ္စည်း၊ ထင်း ရှူးပင် စေနေ့မှာတော့ယောက်ျား ဗုဒ္ဓဟူးနေ့မှာတော့ယောက်ျား ဝ တံဆိပ်ခေါင်းရိုက်နှိပ်ထားတဲ့ ဓမ္မာရုံ အဂ္ဂိရတ်ဝန်ဆောင် ဝန်ထမ်း၊

ဝိဂတပစ္စည်းနဲ့ အဝိဂတပစ္စည်းတို့ရဲ့ ဝေဖန်ချက်တွေ ပါဌ်တော် များဖြင့် ရှင်တော်မြတ်ဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ဟောကြားတော်မူအပ်သော ဗုဒ္ဓရည်မှန်း မြတ်ပဋ္ဌာန်း ကျမ်းတော် ကြီးကို ကန်တော့ရှိခိုးကြပြီးတဲ့နောက် ဝိဂတ အဝိဂတပစ္စည်း များရဲ့ သဘောကို လေ့လာနာယူမှတ်သားကြရအောင်ပါ။

## ဆရာတော်ကြီးများ ကျေးဇူးတော်

ဗုဒ္ဓရည်မှန်း မြတ်ပဋ္ဌာန်း ကျမ်းတော်ကြီးကို ယောဂီတို့ နာကြားလာခဲ့တာ အပတ် (၂၂)ကို ရောက်လာပြီ။ ဒီနေ့တော့ ကျန်ရှိနေတဲ့ ဝိဂတနဲ့ အဝိဂတနှစ်ပစ္စည်းကို အပြီးသတ်အနေနဲ့ ဟောပြောသွားမှာ ဖြစ်လို့ ပဋ္ဌာန်းတရားတော်ကြီး နာကြားတာ အောင်မြင်ပြီးမြောက်တဲ့နေ့ ပဋ္ဌာန်းအောင်ပွဲတရားတော်ကြီးလို့ ဆိုနိုင်ပါတယ်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် ကျေးဇူး တော်ရှင် လေဒီဆရာတော်ဘုရားကြီးများရဲ့ ဥပနိဿယ ကို ခံယူပြီးတော့ ဆရာတော်ကြီး နှစ်ပါးရဲ့ အဆိုအမိန့်တို့ကို အမှီပြုပြီး ပဋ္ဌာန်းဒေသနာတော်ကြီးကို ဟောပေးခဲ့ပါတယ်။ နောင်လာနောက်သား ယောဂီသူများနှင့် အမိအဘ ညီအစ်ကို မောင်နှမ သားသမီးတို့ အားလုံးကို ရှေးရှေးက သူတော်ကောင်း ကြီးတွေရဲ့ အမှီပြုဖြစ်နိုင်တဲ့ အဆုံးအမကြောင့်ပါ၊ သာသနာပြု မိတ်ဆွေ၊ အတွေ့အကြုံ အမြော်အမြင်တွေနဲ့ ကျေးဇူးဆပ်ပေး ခဲ့တာပါ။ အနာဂတ် သာသနာတော်အတွက် ကျေးဇူးများစွာ များကြောင်း ရည်မှန်းချက်ဖြင့် ဟောပြောပေးခဲ့တာ ဖြစ်ပါတယ်။

ပဋ္ဌာန်း (၂၄)ပစ္စည်းထဲမှာ ရှုနေတဲ့ပစ္စည်းကလဲ ပြီးတော့ မှာနေ.

မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ အဝိဂတ ဆိုတဲ့ ပစ္စည်းတွေက ထိမိနေကြပါတယ်။ အလွန်နက်နဲတဲ့ ပဋ္ဌာန်းဒေသနာ တော်ကို ဂျုပ်ဖြိုနိုးနားပေါက် ဉာဏ်ရောက်အောင် သားငယ် သမီးငယ် လူငယ်လူရွယ်များ စိတ်ဝင်စားလာအောင် သိနားလည် အောင် ဟောပြောဖို့ လွယ်ပါဘူး။ ဆရာကောင်းသမားကောင်း တွေရဲ့ ဟောပြောဆုံးမ ဥပဒေသသမ္ပယ်ကို မရခဲ့ရင် ပြန်ပြောပြဖို့ မလွယ်လှပါဘူး။

ပဋ္ဌာန်းကျမ်းတော်ကြီးကို လေ့လာဖူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက အစအဆုံး ဟောခဲ့ပေမယ့် ကျေးဇူး ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကတော့ မဉ္စိုက်ဆက် ကိုက် ဟောကြားတော်မမူခဲ့ပါဘူး။ သင့်လျော်တဲ့နေရာတွေမှာ ပဋ္ဌာန်းဖြတ် ဒေသနာတော်ကြီးကို ထည့်သွင်းဟောကြားတော်မူခဲ့ပါ တယ်။ ရှင်တော်မြတ်ဗုဒ္ဓ အလိုကျ အလုပ်ပေးတရားပိုင်းမှာ ပဋ္ဌာန်းဖြတ်ဒေသနာ ထည့်သွင်းဟောကြားထားတာတွေကို ပြန်ပြီး တော့ စုစည်းလိုက်ရပါတယ်။

မိုးကုတ်ဆရာတော်ဘုရားကြီးက နေ့ဉာဏ်ရောက် အလုပ် ပေးကို အဓိကထားပြီးတော့ ဟောကြားတော်မူခဲ့တယ်။ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးကတော့ ပဋ္ဌာန်းဖြတ်ဒေသနာကို ကိုယ်တွေ့ တရားကောင်းဖို့၊ လူ့ဘဝမှာ နေထိုင်တတ်ဖို့ ပေါင်းသင်း ဆက်ဆံတတ်ဖို့၊ စိတ်နေစိတ်ထားပြုပြင်ဖို့ မြတ်ဗုဒ္ဓသာသနာ တော်ကြီး ထွန်းပအောင် ပေါ်ပေါက်ထိန်းသိမ်း စောင့်ရှောက်ဖို့ တော့ ရည်ရွယ်ချက်တွေနဲ့ နည်းစနစ်ပေးပြီး ဟောကြားခဲ့ပါတယ်။

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက လူသားတွေရဲ့ အဖွဲ့အစည်း နှလုံးသားထဲမှာ လူမှုရေးစိတ် လူရေးမှုနဲ့၊ ဘာရေးစိတ် ဘာရေးမှုနဲ့၊ သာသနာစိတ် သာသနာမှုနဲ့တွေ ကိန်းအောင်းလာအောင် ဟယ်လိုရပ်

ရမယ်။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့ဖို့အောင် ဆရာဒကာ ညီညာစွာပေါင်းစပ်ပြီး ကာယ်လုပ်ကိုယ်နှိုက် စောင့်ရှောက် ရမယ်ဆိုတာတွေကို သတိပညာပေးပြီး ဟောကြားခဲ့ပါတယ်။ ဆရာ တော်ကြီးက ကိုယ်တိုင်ကတိုင် သာသနာတော်ရဲ့ အနာဂတ်အတွက် အင်မတန် ရင်လေးတော်မူခဲ့တာပါ၊ ဆရာတော်ကြီးရဲ့ ပဋ္ဌာန်း တရားတော်ကို လေ့လာကြည့်ရင်း အနာဂတ်သာသနာတော်နဲ့ ပတ်သက်တဲ့ အကြံအစည်တွေဟာ ကြက်သီးမွေးညှင်းထလောက် အောင် ကောင်းပါတယ်။ သတိထားရမယ့်အချက်၊ လိုက်နာရမယ့် အချက်တွေ အများကြီးပါပါတယ်။

ဆရာတော်ဘုရားကြီး နှစ်ပါးလုံးက ကရုဏာအပြည့် အသိတော်တွေနဲ့ ဟောကြားထားတာမို့ ဘုန်းကြီး ဘယ်လိုပဲ ပြောပြော ဆရာတော်ကြီးများရဲ့ ခြေဖဝါးအောက်က မြူမှုန်အဆင့် မျှသာ ရှိမှာပါ။ ဆရာတော်ကြီးများရဲ့ တရားတော်တွေဟာ အလွန်တရာ ထက်မြက်စူးရှလှပါတယ်။ အားလုံးသဘောပေါက် နားလည်အောင် ဟောပြောရေးသားတော် မူထားကြတာမို့ ဆရာ တော်ကြီးများရဲ့ စာပေတွေ တရားတော်တွေကို ရှာဖွေ ဖတ်ရှု လေ့လာကြပါလို့ တိုက်တွန်းလိုပါတယ်။

## ဝိဂတ အဝိဂတ ကင်းပုံ မကင်းပုံ

ဒီနေ့ပြောရမယ့် ဝိဂတပစ္စည်းနဲ့ အဝိဂတပစ္စည်းမှာ ဝိဂတ ပစ္စည်းက ကင်းသောအားဖြင့် ကျေးဇူးပြုတယ်၊ အဝိဂတ ပစ္စည်းက မကင်းသောအားဖြင့် ကျေးဇူးပြုတယ်၊ ဝိဂတပစ္စည်း ရဲ့ ကင်းသောအားဖြင့် ကျေးဇူးပြုပုံ၊ ကင်းမှ ကျေးဇူးပြုလို့ ရတယ်ဆိုတာကို ဥပမာနဲ့ ပြောပြပါမယ်။

မီးတောက်ဖြစ်ပျက်၊ ရှုကြည့်ဉာဏ်ကမြင်။ ဖြစ်ပျက်ပေါ် ထိုင်နေ

ပြီ။ သင်္ခါရုပေက္ခာ ဉာဏ်အဆင့်အထိ ရောက်အောင် ကြိုးစား ထားပြီဆိုရင် သင်္ခါရုပေက္ခာ ဉာဏ်ဆိုတာက ဖြစ်ပျက် မြင်တဲ့ မှုလောကမှလွန်းအဆင့်၊ ပေါ်ရာခန္ဓာ ထင်ရှားရာ လှည့်ပတ် ရှုနေ ရတဲ့ ကြိုးထိုးအဆင့် မဟုတ်တော့ဘူး။ ရုပ်လုံးရိုက်လိုက်တွေ့ သမာဓိတည်သောင်ပြီး ခန္ဓာကိုယ်ပေါ် ဉာဏ်လေးဖူးရိုက်လိုက် ပြီဆိုတာနဲ့ ခန္ဓာကိုယ်ထဲကအရှုခံတရားတွေရဲ့ “ဖျတ်ဖျတ် ဖျတ်ဖျတ်”နဲ့ ရိပ်ရိပ်မှန်မှန် ဖြစ်နေတာတွေကို တောက်လျှောက် မြင်တော့တာပါ။

ခန္ဓာက ဝေဒနာဖြစ်နေရင် အရင်ကတော့ နာရင်နာတဲ့ သဘော လောက်ပဲ သိတယ်။ သင်္ခါရုပေက္ခာဉာဏ်ရပြီဆိုတဲ့အခါ မှာ ကျတော့ ဘယ်လိုတယ်ပုံ နာတယ်။ နာမှုတယ်လို ပြောင်းလဲ သွားတယ်၊ နာရင်းက လျှော့သွားလိုက် တိုးပြီးနာသလား လျော့ပြီး နာသလားမြင့် ပြောင်းလဲနေတာတွေအထိ မြင်လာရတယ်။ သဘောမှုလည်း မလာတော့ဘူး၊ ဖြစ်မှုပျက်မှုလည်း မလာတော့ဘူး၊ ပျောက်ချုပ်တာလည်း မလာတော့ဘူး။

သဘောမှုက လော၊ ဖြစ်မှုတွားက ဒေါသ၊ ပျောက် ချုပ်တာလည်း လောဘပါပဲ။ ဒေါသပေါ်လာတော့ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တယ်။ ထင်လာကတည်းပဲလို့ ယူလိုက်တော့ သဿတဒိဋ္ဌိ ဖြစ်တယ်။ သဿတဒိဋ္ဌိက “ဒီဝေဒနာကြီး ဘယ်တော့မှ ပျောက်မှာ မဟုတ်ပါဘူး။ အနာကြီးက ဆက်တိုက်ကြီးဖြစ်နေတယ်”လို့ ယူတာ နော်၊ အခုလို သင်္ခါရုပေက္ခာ ဉာဏ်ရပြီဆိုတဲ့အခါမှာ ဝေဒနာရဲ့ ပေါ့ ပြောင်းလဲနေပုံကို တွေ့တော့ ခိုင်မြဲတယ်ယူတာ မလာတော့ ဘူး။ အဖြစ်ကို မြင်တော့ ဥစ္ဆေဒဒိဋ္ဌိ ပင်တယ်၊ ပြောင်းလဲနေတာ ကိုမြင်တော့ သဿတဒိဋ္ဌိ ခင်ပါတယ်။

ဥစ္ဆေဒဒိဋ္ဌိက ဒေါသစရိုက်၊ သဿတဒိဋ္ဌိက လောဘစရိုက်။

လောဘနဲ့ဒေါသ၊ ဥစ္ဆေဒနဲ့ သဿတ၊ ဥစ္ဆေဒလမ်းကိုလည်း မလိုက်ဘူး။ သဿတလမ်းကိုလည်း မလိုက်ဘူး။ လောဘ ဒေါသ သင်းကွဲသွားတာဟာ ဝိဂတပစ္စည်းပါပဲ။

ဖြစ်ခြင်းရဲ့ အရှုံးက "ဖျက်ဖျက်ဖျက်" နဲ့ "ရိုက်ရိုက်ရိုက်" နဲ့ ပြောင်းလဲနေတယ်၊ ရုပ်နဲ့သားလိုက် ပျောက်သွားလိုက်၊ ထိုးသား လိုက် ပျောက်သွားလိုက်။ တကယ်စောင့်ကြည့်ရင် တကယ်မြင် ရတယ်။ "မတူပါလား၊ ပြောင်းလဲနေတာပါလား" လို့ ဆုံးဖြတ် ချက်ချတာက ဉာဏ်။ ဒီဉာဏ်က စနစ်မှာ ပေါ်တယ်။ ဒီဉာဏ် နဲ့ အသိနဲ့ မကင်းဘူး။ ကင်းလို့ မရဘူး မကင်းတော့အဖြစ် ကျေးဇူးပြုတဲ့ အဝိဂတပစ္စည်း ဖြစ်ပါတယ်။

## ကိလေသာကင်း ဉာဏ်ကောင်း

ကင်းတယ်ဆိုတာက သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနဲ့ ကင်းတယ်။ လောဘ ဒေါသနဲ့ကင်းတယ်။ မကင်းတာက ဉာဏ်နဲ့မကင်းတာ ဖြစ်။ ထုံးရိုးရှိတာ—

"ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"

ချစ်သားတို့ နိဗ္ဗာန်လိုချင်ရင် အစွန်းနှစ်ပါးကို ရှောင်ရမယ်၊ သဿတလမ်းကိုလည်း မလိုက်နဲ့၊ ဥစ္ဆေဒလမ်းကိုလည်း မလိုက်နဲ့၊ လောဘဘက်လည်း မယိုင်နဲ့၊ ဒေါသ ဘက်လည်း မယိုင်နဲ့၊ အလယ်ခေါင် လမ်းကို လိုက်နိုင်အောင် ကြိုးစားရမယ်တဲ့။

ဒီရှုမှတ်တရားပေါ်မှာ အမြင့်စိတ်လို့ သဘောတူ ဖြစ်မှာနေ ကင်းတာက ဥပေက္ခာ။ ရုပ်ရိုက်မှုဖြစ်ပျက် သဘောက သင်္ခါရ၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ကင်းနေတာက ပညာ။ ဒုက္ခလို့ ဆုံးဖြတ်ချက်ချတာက ဉာဏ်။ ပေါင်းလိုက်တော့ သင်္ခါရုပေက္ခာ ဉာဏ်လို့ ခေါ်ပါတယ်။

သင်္ခါရလောကအညာဏ် ရပြီဆိုရင် ဉာဏ်ကောင်းတော့လို့ ဝိပဿနာ စပြီး ဖြစ်ပါတယ်။ သင်္ခါရလောက ညာဏ်လေး ဝမ်းထဲမှာ ထိန်းနေရင် လောဘလည်း မလာတော့ဘူး။ ဒေါသလည်း မလာတော့ဘူး။ လောဘ ဒေါသတွေက ကိလေသာ၊ ရုပ်ရုပ်နာမ်နာမ်လေး မြင်နေချိန်မှာ ညာဏ်လေးပေါ်လာတယ်။

**အသောဝါနံ ဓမ္မာ အနုဒေသံ ဓမ္မတောတိမုတ္တိ ပညာဂါမုတ္တိ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ။**

လို့ အင်္ဂုတ္တိုရ် ပါဠိတော်မှာ လာရှိပါတယ်။ "ဘာဝိတာ ဗဟုလီကတာ" ဆိုတဲ့အတိုင်း အနိစ္စ၊ အနိစ္စလက္ခဏာ၊ အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်၊ အနိစ္စလို့ သိရမယ်တဲ့။ ဘုရားရှင်တော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီးက ရှင်တော်မြတ်ဗုဒ္ဓအလိုတော်ကျ သတိ ပဋ္ဌာန် နည်းသုံးတန်နှင့်အညီ ကျကျနန အလုပ်ပေးတရားမှာ ဟောပြီး ဆင့်သွားခဲ့ပါတယ်။ ယောဂီတို့ မကျင့်ဘဲနဲ့ နိဗ္ဗာန်မရ ဘူးနော်။

နိဗ္ဗာန်ဆိုတာ ငြိမ်းအေးတာ။ ကိလေသာ အပူတော် အလောင်တော်ကနေ ငြိမ်းအေးတာပဲ။ ဖြစ်ပျက်မဂ် ကိုက်ခန့် ချိန်မှာ ခန္ဓာက ဖြစ်ပျက်၊ ရှုတဲ့ညာဏ်မဂ်။ ဖြစ်ပျက်နဲ့ မဂ်နဲ့ မတောင်းဘူး။ ဖြစ်ပျက် မြင်နေချိန် ညာဏ်နဲ့မတောင်းဘူး။

ခန္ဓာက ဖြစ်ပျက်၊ ရှုတဲ့ညာဏ်က မဂ်။ ဒီညာဏ်လေး ပေါ်ရတာ ဖြစ်ပျက်နဲ့လည်း မကင်းဘူး။ ဖြစ်ပျက်နဲ့ မကင်းဘဲနဲ့ ညာဏ်ပေါ် ရတယ်။ ဖြစ်ပျက်မဂ် ကိုက်နေရင် လောဘဒေါသ အပူတရားတွေ ဝမ်းထဲမှာ ဝင်လို့မရတော့ဘူး။ လောဘ ဒေါသ ကိလေသာက အပူတရား၊ ညာဏ်က အေးတရား။ ကိလေသာပင်စွင့် မရတော့ ရင်ထဲမှာ အေးနေတာ ညာဏ်ရဲ့ သတ္တိပါ။

အဝိဇ္ဇာမကင်းသေးသောဖြင့် ဘေးရှုပြုတယ်ဆိုတာ ညာဏ်

နဲ့တော့ မကောင်းဘူး။ ကိလေသာနဲ့ ကင်းတာက ဝိဝေက။ ညာဏ်စိတ်လေး ပေါ်နေချိန် ကိလေသာပေါ်ခွင့် မရဘူး။ အဲဒါ သမုစ္ဆေဒ ဝိဝေကပဲ။ ကိလေသာ ကင်းနေချိန်မှာ ညာဏ်စိတ်ကလေးကော လိမ်နေတယ်။ ယောဂီတို့ အိုမှာသေတင်းချင်ရင် ညာဏ်နဲ့မကင်းအောင် နေရမယ်လို့ မှတ်ပါ။

## ဝိပဿနာညာဏ်ဟာ ဖြစ်ပျက်နဲ့မကင်းသာ

ယောဂီတို့ အစိမ်း အဝါ အပြာ မြင်ရတယ်ဆိုတဲ့ ယောဂီတို့သန္တာန်မှာ စက္ခုပသာဒ မျက်စိအကြည်လေး ရှိနေလို့ မြင်ရတာ နော်။ မြင်စိတ်ကလေးပေါ်ဖို့ မျက်စိအကြည်နဲ့ ကင်းလို့ မရဘူး။ အဆင်းနဲ့လည်း ကင်းလို့ မရဘူး။

**စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။**

**ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။**

ဆိုတဲ့အတိုင်း မျက်လုံးအကြည်ဟာလည်း အဆင်းနဲ့ ကင်းပြီးတော့ မြင်စိတ်ပေါ်ရိုးထုံးစံ မရှိပါဘူး။ နားအကြည်ဟာလည်း အသံနဲ့ ကင်းပြီးတော့ ကြားစိတ် ပေါ်ရိုးထုံးစံ မရှိပါဘူး။ မြင်စိတ်ပေါ်ဖို့ မျက်စိအကြည်နဲ့ အဆင်းက ကောင်းသောအားဖြင့် ကျေးဇူး ပြုပါတယ်။ ကြားစိတ်ပေါ်ဖို့ နားအကြည်နဲ့ အသံက ကောင်းသောအားဖြင့် ကျေးဇူးပြုပါတယ်။ နံ့သိစိတ်ပေါ်လာဖို့ နှာခေါင်းအကြည်ဓာတ်နဲ့ အနံ့က ကောင်းသောအားဖြင့် ကျေးဇူးပြုပါတယ်။ လျှာစိတ်ပေါ်လာဖို့ လျှာအကြည်ဓာတ်နဲ့ အရသာက ကောင်းသောအားဖြင့် ကျေးဇူးပြုပါတယ်။ ခန္ဓာကိုယ်မှာ ယားတာ

နာတာ၊ ကျင်တာ၊ ကိုက်ခဲတာ ပေါ်လာဖို့အတွက် ကိုယ်အကြည် ဓာတ်နဲ့ တွေ့ထိမှုရဲ့ တွေ့ထိရာ မကောင်းသောအားဖြင့် ကျေးဇူး ပြုပါတယ်။ ဝမ်းထဲမှာ ညှော်အောင့်သလိုပေါ်လာဖို့ရာအတွက် ဆရုံအလုံးဆိုတဲ့ ဖြစ်ပျက်မှုရှုနဲ့ မနေ့အခါမှာနဲ့ မကောင်းသော အားဖြင့် ကျေးဇူးပြုပါတယ်။

ယောဂီတို့ တရားအားထုတ်တဲ့နေရာမှာ ဖြစ်ပျက်ဆိုတဲ့ မှုရုံလည်း ရှိရမယ်။ မနေ့အခါလည်း ရှိရမယ်။ ဖြစ်ပျက်နဲ့ မနေ့အခါ၊ မှုရုံနဲ့ မနေ့မှာ ကိုက်တဲ့နဲ့ မနေ့ပိတ်ဉာဏ် ဆိုတာ ဖြစ်လာစရာ အကြောင်းမရှိပါဘူး။ ဒါကြောင့် "ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ" ဆိုတဲ့အတိုင်း ဖြစ်ပျက်နဲ့ ကင်းပြီးတော့မှ ဝိပဿနာဉာဏ် ပေါ်ရိုးထုံးစံ မရှိပါဘူး။

ယောဂီတို့ ခန္ဓာမှာရှိနေတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ကိုယ်၊ စေနာ ဘဝင်ကြည်တိုက်တဲ့ ဖြစ်ပေါ်ပါး၊ ပေါ်ဂန်ထွင်မှာ ကလည်း အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ ကြီးတွေ စရာ မှုရုံတွေက ရှိနေတော့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်၊ ကြီးတွေးစိတ်တွေက ဖြစ်ပျက် ပေါ်လာဖို့ ဉာဏ်မိတ်တစ်ခုကို ကောင်းသောအားဖြင့် ကျေးဇူး ပြုနေကြပါတယ်။

မကောင်းသောအားဖြင့် ကျေးဇူးပြုတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ စတာတွေကလည်း မှုဂိုလ်သစ္စာပါ ဖော်တတ်တယ်။ မှုတရား ပါပဲ။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာတွေကလည်း မှုဂိုလ်သစ္စာပါ ဖော်တတ်တဲ့ မှုတရားတွေပါပဲ။ အကြောင်းမှုကြောင့် အကျိုးမှုတွေ ပေါ်နေတယ်။ အကြောင်းနဲ့ အကျိုး၊ ရုပ်နဲ့နာမ်၊

ရုပ်လာ နာမ်ကို ကျေးဇူးပြုတာလည်း အမျိုးမျိုး၊ နာမ်က ရုပ်ကို ကျေးဇူးပြုတာလည်း အမျိုးမျိုး အမျိုးမျိုးရှိလို့-ပ၊ အကြောင်း တရားရှိလို့-ဋ္ဌာန၊ ပေါင်းလိုက်တော့ ပဋ္ဌာန-ပဋ္ဌာန်းလို့ ဖြစ်လာ ပါတယ်။

## မြေဩဇာကောင်းတော့ ရှင်သန်း
## ဓါတ်မကောင်းတော့ ကြမ်းတမ်း

ကိလေသာအကြောင်းခံ ကျေးဇူးပြုရင် နေရ ထိုင်ရတာ ပူလောင်တဲ့အကျိုး ခံစားရမယ်။ ဉာဏ်စိတ်အကြောင်းခံ ကျေးဇူးပြုရင် ငြိမ်းချမ်းတဲ့ အကျိုး ခံစားရမယ်။ မြေဩဇာကောင်းလေး ရှိတဲ့မှာ ကိန်းနေတဲ့ မျက်နှာကို မြင်လိုက်ရင် ရှင်သန်းတက်ကြွလာ တယ်။ ဒေါသကိန်းနေပြီဆိုရင် အဲဒီလူဟာ ထန်လို့ ဆန်လို့၊ ပြောတဲ့စကားလုံးတွေကလည်း ကြမ်းတမ်းလို့နေတယ်။

ဓမ္မဆိုတာ အမှန်တရား။ ဒီအမှန်တရားအတိုင်း ဘု လမ်းခင်း အတိုင်း လူဖြစ်လာနေပြီ။ ပရမတ္ထတရားတွေဟာ "မဖောက်မပြန်၊ မှန်ကန်တည်ငြိမ်၊ ဂုဏ်သဘာဝ၊ ရေမဝင်ကျုံ့ခေါ်" ဆိုတဲ့အတိုင်း ဘယ်တော့မှ မဖောက်ပြန်ဘဲ မှန်ကန်တယ်။

လောဘီတို့ရဲ့ သန္တာန်မှာ ကြမ်းတမ်းခက်ထန်နေတယ်ဆိုရင် အဲဒါ မကောင်းသော တရားတွေကြောင့်ပဲ။ ဘာနဲ့မကောင်းတာလည်း ဆိုတော့ ဒေါသနဲ့မကောင်းတာ။ ဒေါသနဲ့မကောင်းတော့ ကြမ်းတမ်း တာပဲ။ မြေဩဇာနဲ့မကောင်းရင် နွမ်းညှိုးလာတယ်။ နွမ်းကာ နွမ်းညှိုးတဲ့ မြေဩဇာင်လာတော့ ရုပ်ကလည်း နွမ်းညှိုးသိမ်မွေ့လာတော့ပါပဲ။

သားသမီးနဲ့ မိဘ မကောင်းသလို၊ ဘယ်သူ့ကိုကလည်း ဆရာ နဲ့ တပည့်ကျေး၊ လူမပြောနဲ့ ခွေးနွားတောင်မှ မြေဩဇာမိတ်၊ သစ်ပင်

ကို ချစ်တဲ့စိတ်၊ သံယောဇဉ်စိတ် ရှိတယ်။ သခင်ပြန်လာရင် အမြီး ကလေးနန့်ပြီး ကြိုတော့ သခင်ကလည်း ချော့ကာ ချီကာ ပြုရ တယ် မဟုတ်လား။ အကယ်လို့ ဒီခွေးက ခေါ်သဖိတ်ဝင်ပြီး ကိုက်ဖြည့်ပုံပေါက်နေရင် “ဒီခွေး အနားကပ်မခံနဲ့၊ ရိုက်လွှတ် လိုက်။ ကျေးဇူးကန်းတဲ့ခွေး” လို့ ပေါက်လွှတ်မှာပဲ။

## အမေ့မေတ္တာ မကောင်းတရား

မေတ္တာတရားဟာ လူသားတွေမပြောနဲ့ တိရစ္ဆာန်မှာလည်း ရှိတယ်။ ခွေးမကြီးတစ်ကောင်ဟာ ခွေးကလေးတွေ မွေးပြီး နို့ တိုက်ပေးတယ်။ ခွေးကလေးတွေ နို့တိုက်ပြီးမှ တစ်နေရာကို အစာ ရှာထွက်ပြီး ပြန်လာတော့ ခွေးမကြီးရဲ့ ကိုယ်မှာ ဓားဒဏ်ရာ နဲ့။ ဒီလောက် သေလုနီးပါး ခံစားနေရတာတောင် ကလေးတွေ ဆီ ရောက်အောင် ပြေးလာပြီး အနံ့ကျူးရှူတယ်။ သူ့ကလေး တွေ လျှာနဲ့လျက်ပေးရင်းနဲ့ သေသွားရှာတယ်။ အမေ့မေတ္တာ ဟာ အံ့ဩစရာကောင်းတယ်နော်။ သားသမီးကို အသက်စွန့်ပြီး တော့ကို ချစ်ရှာတယ်။

တစ်ခါတုန်းကလည်း ဖုံရှာ ဓမ္မရုံသီရိုသာမှာ ကြုံဖူးတယ်။ ခွေးသားအုပ်မတစ်ကောင် ဘယ်ကရောက်လာမှန်း မသိဘူး။ ခွေးကလေးတွေ လေးငါးကောင် မွေးပြီးတော့ ခွေးမကြီး သေသွား ရော။ ခွေးကလေးတွေက အာလို့ ဟောင်လို့ တငိုငိုနဲ့ အော် ကြတော့ ကျောင်းမှာရှိနေတဲ့ ခွေးပိန်မကြီး သူ့သားသမီးလည်း မဟုတ်ပဲနဲ့ ခွေးကလေးတွေကြားဝင် ဝင်အိပ်ပြီး နို့တိုက်သတဲ့။ ခွေးပိန်မ ပိန်ချုပ်ချုပ်ဆိုတော့ နို့က မထွက်ဘူး။ ခွေးကလေးတွေ က ပိုင်းပြီးဆွဲကြပေမယ့် နို့မထွက်မှန်းသိတော့ ဗွာလွှားကြတယ်။

ဒါနဲ့ မွေးမေက အဟာရငတ် အစာစားပြီးမှ နိုးလာတော့တယ်တဲ့၊ အစာရှာလိုက် နို့တိုက်လိုက် လေးငါးခါလောက် လုပ်တော့ နို့ ထွက်လာသတဲ့။

အဲဒါ မိခင်မေတ္တာစိတ်ပဲ၊ အမေအစစ် မဟုတ်တဲ့ မွေးဝင်နို့မ အမြဲမဝေကင်မှ မေတ္တာစိတ်ဝင်လာရင် နို့ထွက်တယ်နော်။ လူ မကြာနဲ့ ဟိုရှေ့ခွန်တောင်မှ မေတ္တာက ကောင်းကျေးအစရှိနဲ့ တွေးစူးပြုတယ်။ ယောဂီတို့အားလုံးသည် အမေမေတ္တာနဲ့ တင်း ပြီးတော့ လှကားချမြတ်သောရတဲ့ သူတစ်ယောက်မှ မရှိဘူး။ အမေ မေတ္တာနဲ့မတင်းတဲ့ ကြီးပြင်းလာခဲ့ကြရသူတွေချည်းပဲ။ အမေ မေတ္တာသည်လည်း အဖိုးတန်ဆုံး ဖြစ်ပါတယ်။

## သဒ္ဓါနဲ့ကင်းပြီး အကိုးယာမဖြစ်ပါ

ယောဂီတို့တစ်တွေ ယခုလို မှန်ကန်တဲ့ အသိဉာဏ် ရရှိ လာကာလာ လောကအသယ်မှာ ရှင်တော်မြတ်ဗုဒ္ဓ သင်ရှုးပွင့် တော်မူလာလို့ပါ။ ရှင်တော်မြတ်ဗုဒ္ဓသာ လောကအသယ်မှာ ပွင့် တော်မမူလာဘူးဆိုရင် ဒီလို အသိဉာဏ်မျိုး ရရှိဖို့ မလွယ်ပါဘူး၊ လက်ဝဲတော်ရံ၊ လက်ယာတော်ရံ သာဝကကြီးများ ဖြစ်ကြတဲ့ အရှင် မောဂ္ဂလာန်တို့၊ အရှင်သာရိပုတ္တရာတို့ကအစ ရှင်တော်မြတ် ဗုဒ္ဓရဲ့ ကြွပါးဆုံးမတော်မူတဲ့ တရားတွေကနေ အသိဉာဏ် ဖွံ့ဖြိုး လာကြရတာပါ။

သဒ္ဓါအသိဉာဏ်ကင်းပြီးတော့ အကိုးယာဖြစ်တယ်လို့ ထုံးစံ မရှိပါဘူး။ သဒ္ဓါတရားက ကောင်းသောအားဖြင့် လျှော့ရှုမြှော အဖိုးတန်ဆုံးပဲပါ။ ဓမ္မက ဖြစ်ပျက်၊ ရုပ်နာမ်ဉာဏ်က စင်။ ဖြစ် ပျက်စက် တိုက်ပွားတော့ အိမ်လောကကင်းသွားတယ်။ ကိန်းလောက ကင်းတော့ ရှင်ငဲမှာ ဆေးသွားတယ်။

ရှင်ထံမှာ အေးသွားတော့ ကိလေသာကင်းသွားလို့ပဲ၊ ကောင်းသောအားဖြင့် ကျေးဇူးပြုတယ်။ ဥပမာ ကိုယ့်ရဲ့ ဓမ္မမိတ်ဆွေတစ်ယောက် ဆုံးပါးသွားတယ်ဆိုပါစို့။ "မနေ့ကမှ ဒီကောင် တရားနာစနဲ့သေးတယ်၊ အခု သေပြီတဲ့။ သေခြင်းတရားဆိုတာ ဘာမှ မကြာလိုက်ပါလား" လို့ သံဝေဂဉာဏ်ဖြစ်ပြီးတော့ တရားအလုပ် ကြိုးကြိုးစားစား အားထုတ်ဖြစ်တယ်ဆိုရင် သေသူကို အကြောင်းပြုပြီးတော့ သံဝေဂဉာဏ်ရတာ၊ သူနဲ့တော့ ကင်းသွားတယ်၊ ဒါပေမဲ့ ကိုယ်က သံဝေဂဉာဏ်ရလိုက်တယ်။ အဲဒါ ကောင်းသောအားဖြင့် ကျေးဇူးပြုတဲ့ ဝိဂတပစ္စည်းပဲ။

ဒါကြောင့် ပဋ္ဌာန်းပစ္စည်းတရားနဲ့ ကျေးဇူးပြုတဲ့နေရာမှာ ကောင်းသောအားဖြင့် ကျေးဇူးပြုတာ ရှိသလို မကောင်းသောအားဖြင့် ကျေးဇူးပြုတာလည်း ရှိတယ်လို့မှတ်ပါ။ ဝိဂတပစ္စည်း၊ အဝိဂတပစ္စည်းများနဲ့ ကျေးဇူးဆပ်ရာမှာ ရှေ့ပိုင်းက ပရမတ္ထနယ်က ကျေးဇူးဆပ်ပြီးတော့ နောက်ပိုင်းမှာ သားငယ်သမီးငယ်တွေကို နားလည်စေချင်တဲ့ ဆန္ဒနဲ့ ပညတ်ဓမ္မတွေ ထည့်ပြီး ကျေးဇူးဆပ်ခဲ့ပါတယ်။ လောကုတ္တရာဘက်မှာလည်း နားလည်သွားပါပြီ။ လောကီဘက်မှာလည်း သားငယ်သမီးငယ်လေးတွေ ဖြစ်ရပ်ကို ရှုပြီးတော့ ကျေးဇူးဆပ်ခဲ့တာ နားလည်နိုင်ကြပါလိမ့်မယ်။

## ကိလေသာမှတ် ဉာဏ်ကိုးဆက် နှုတ်ဆက်စကား

ခေတ်ပြွတ် လောကီများအတွက် လောကုတ္တရာနယ်သက်က သစ္စာ့ပဲကျွမ်းဉာဏ်ဆိုတဲ့ မကောင်းတရားနဲ့ ကျေးဇူးဆပ်ခဲ့သလို သားသမီးတွေအတွက် ဝိတ်ရဲ့ ကောင်းနိုင်တဲ့ ဓမ္မတာတရားနဲ့ တောက်နယ်တဲ့ ကျေးဇူးဆပ်ခဲ့ပါပြီ။ အားလုံး ပစ္စည်းတရား

ကို နားလည်သဘောပေါက်ပြီးတော့ လိုက်နာ ကျင့်ကြံပွားများ အားထုတ်ရှိမဲ့ လိုပါတော့တယ်။

အလှူဒါန ကုသိုလ်ကောင်းမှုတွေ လုပ်ပါ· မစွဲလမ်းပါနဲ့။ အကျိုးပေးကို ယုံပါ၊ မတောင့်တပါနဲ့။ ငါ့ဝတ္ထုဥစ္စာ၊ ငါ့ဥစ္စာ၊ ငါ လှူထားတဲ့ကောင်းမှုလို့ မစွဲလမ်းပါနဲ့။ ကိုယ်လှူထားပြီးသား ဝတ္ထုဟာ အများအတွက် အကျိုးရှိပါစေ၊ အလုပ်လုပ်တဲ့နေရာမှာ ငါ ကောင်းစားရေးပါးကို ရှေ့ရှုထားပြီးတော့ ထင်အောင်လုပ်နိုင်ရမယ်။ အများကောင်းစားရေးပါဒ မကောင်းတရား မေတ္တာထားပြီးတော့ လုပ်ကြံရမယ်။

ပဋ္ဌာန်းတရား နာကြားတော့ကြတဲ့ ယောဂီပုဂ္ဂိုလ်များ ဝိသမှာ ကင်းသင့်တဲ့ လိုဘဒေါသကိုလည်း ကင်းနိုင်အောင် ကြိုးစားကြပါ။ ကောင်းသင့်တဲ့ မေတ္တာတရား၊ ဥပေက္ခာတရားကိုလည်း ကောင်းအောင် ကြိုးစားကြပါ။ လိုဘဒေါသကို ကင်းအောင်အားဖြင့် ကျေးဇူးပြုမှ မေတ္တာတရားနဲ့ ဥပေက္ခာတရားကို ကောင်းအောင်အားဖြင့် ကျေးဇူးပြုမှ နိဗ္ဗာန်ရမှာ ဖြစ်ပါတယ်။

ယောဂီတို့ နိဗ္ဗာန်ရောက်ချင်တယ်ဆိုရင် ခန္ဓာပေါ် ဥပေက္ခာရောက်အောင် လုပ်ရမယ်။ ခန္ဓာဖြစ်ပျက်ကို ဒုက္ခသစ္စာ သိတဲ့ ဥပေက္ခာ မဂ္ဂသစ္စာ၊ ဆင်းရဲတဝင်စည်းအနေနဲ့ ကောင်းသောအားဖြင့် ကျေးဇူးပြုတာပါ။ ဆောင်းရွက်တဲ့ လိုဘဒေါသတွေဟာ သမုဒယသစ္စာ ဝိဂတပစ္စည်းအနေနဲ့ ကင်းပြီးတော့ ကျေးဇူးပြုပါတယ်၊ သမုဒယတို့ရဲ့ ချုပ်ကျငြိမ်းရာ သိမ်းရောက နိရောဓသစ္စာ၊ နိရောဓသစ္စာသည် နိဗ္ဗာန်။ နိဗ္ဗာန်သည် ပဋ္ဌာန်းလာ ပစ္စည်းကောင်းကိုနဲ့ ကင်းပြီး ရောက ဝိဂတပစ္စည်း ဖြစ်ပါတယ်။

ဒါကြောင့် ဝိဂတပစ္စယော၊ အဝိဂတပစ္စယော ယောဂီတို့ ဗုဒ္ဓရည်မှန်း ဖြတ်ပွားနည်းစာသင်တန်းကြီး (၂၂) ကြိမ် မြောက်ကြီး

ဖွဲ့တဲ့ တရားပွဲစဉ်ကို နိဂုံးချုပ်တဲ့အနေနဲ့ နှုတ်ဆက်ရပါတယ်၊ နှုတ်ဆက်တယ်ဆိုရာမှာ နှုတ်တာရယ်၊ ဆက်တာရယ် နှစ်ခုရှိတယ်၊ နှုတ်တာက ကိလေသာကို နှုတ်ပါ။ ကိလေသာနဲ့ ကင်းပါစေ ဝိဂတပစ္စည်း။ ဆက်တာက ဉာဏ်ကိုဆက်ပါ။ ဉာဏ်နဲ့ မကင်းပါစေနဲ့ အဝိဂတပစ္စည်း။

ကိလေသာကို နှုတ်မယ်၊ ဉာဏ်ကိုဆက်မယ်။ နှုတ်သည်၊ ဆက်သည်၊ နှုတ်ဆက်ခဲ့ပါသည်။ ဒါကြောင့် ပဋ္ဌာန်းတရား အောင်ပွဲအနေနဲ့ ကိလေသာကို နှုတ်ပြီး ဉာဏ်ကိုဆက်တာ အားထုတ်သွားမယ်ဆိုရင် ဒီဘဝ ဒီခန္ဓာနဲ့ နိဗ္ဗာန်ရမယ်။ ကိလေသာကို နှုတ်၊ ဉာဏ်ကို ဆက်တာ သူတော်ကောင်း ရဟန္တာအစစ်ကြီးတွေဖြစ်အောင် ကြိုးစားအားထုတ်တော်မူနိုင်ကြပါစေလို့ နှုတ်ဆက်လိုက်ပါတယ် လောကီသူတော်ကောင်းတို့။

ရွှေရုံသီ ဆရာတော် ဟောကြားရေးသားအပ်သော

ဓမ္မတရားများကို ဓမ္မဒါနပြုလုပ်လှူဒါန်းလိုပါက

ဆရာတော်ဦးစီးတည်ထောင်သော

(၁) မိုးကုတ် ရွှေရုံသီရိပ်သာ
ဖုန်း-၀၈၆ ၂၀၂၇၄ / ၀၈၆ ၂၀၇၈၇
(၂) မန္တလေး ရွှေရုံသီရိပ်သာ
ဖုန်း-၀၂ ၅၀၂၅၉ / ၀၂ ၅၀၂၄၄
(၃) မုံရွာ ရွှေရုံသီရိပ်သာ
ဖုန်း- ၀၇၁ ၆၄၅၀၀၈၉/ ၀၇၁ ၆၄၅၀၂၀၀
(၄) အလောက်ပြန့်ပွားပြည့် ဖြန့်ချိရေးဌာန
ထွန်းဦးအေးဝေ၊ မန္တလေးမြို့။
ဖုန်း-၀၂ ၇၃၅၀၂ /၀၂ ၃၉၈၅၁ /၀၂ ၃၉၈၀၀
(၅) အလောက်ပြန့်ပွားပြည့် ဖြန့်ချိရေးဌာန
သင်္ဃာ့ရေလျှိုင် ဝိပဿနာစခန်းဆိုင်
အမှတ် (၂) (၃)၊ ရွှေတိဂုံစေတီတော်တောင်မုခ် စျေးတော်ရှိ။
ဖုန်း-၀၁ ၃၈၇၈၄၉ /၀၉ ၅၁၂၅၂၈၇
ရန်ကုန်မြို့။

(၆) ဓမ္မရံသီ စာအုပ်များကို ရိုက်နှိပ်ထုတ်ဝေသော ဌာန
ဆုလာဘ်ပြည့် ပုံနှိပ်တိုက်
အမှတ် ၃၅၇/၁၃ လမ်း (၃) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁ ၅၇၁၆၈၀

ဓမ္မရံသီ ဆရာတော် ဟောကြားရေးသားအပ်သော ဓမ္မစာပေနှင့် တိတ်ခွေ VCD, MP3, CD, DVD သကျူးခွေများ ဖြန့်ချိရေးမှ ရရှိသော ငွေများ အကြွင်းကြွင်းဖြင့် ဆရာတော် ဦးစီး တည်ထောင်သော မိုးကုတ် ဓမ္မဝေ ရွာ ဓမ္မရံသီ ရိပ်သာကြီး များနှင့် ဘာသာစန်းအသီးသီးသို့ အရှုံးပေါင်းစု မြတ်ကောင်းမှု ဖြင့် ပေးသည်လှူဒါန်းသွားရန် ဖြစ်ပါသည်။

မွန်ရုံသီတင်းစဉ်မှ ဆက်လက်ထွက်ရှိတော့မည့်

**စာအုပ်ကောင်းများ**

(က) အခြေခံ ဝိပဿနာရှုပွားနည်း အလုပ်သင်
(ကာယာနုပဿနာ)

(ခ) အခြေခံ ဝိပဿနာ ရှုပွားနည်း အလုပ်သင်
(စိတ္တာနုပဿနာ)

(ဂ) အခြေခံ ဝိပဿနာရှုပွားနည်း အလုပ်သင်
(ဝေဒနာနုပဿနာ)

(ဃ) အခြေခံဝိပဿနာရှုပွားနည်း အလုပ်သင်
(ဓမ္မာနုပဿနာ)

(င) အဖိုးတန်လှပေ သတိရှုကွက် အလုပ်သင်
တရားတော်

ဓမ္မရုံသိ ဟောစဉ် ၁

မိုးကုတ် ဓမ္မဝေး ရုံမှ

ဓမ္မရုံသိ မိုးကုတ်ဦးဝိသာကကျောင်းတိုက်ကြီးများ၏

ဦးစီး ပဓာန နာယက

နိုင်ငံတော် ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပ

သာသနာပြု ဓမ္မကထိက ဆရာတော်

ဘဒ္ဒန္တသုန္ဒ ၏

# ပုဗ္ဗကာယ ငါးမျိုးနှင့် သမ္မာလေးပါး

တရားတော်တဆုပ်

အရှင်ကောဝိဒ (ရွှေကျင်)

ရေးသား စီစဉ်ပူဇော်သည်

# ဓမ္မရုံသိ တာဝင် ၂

မိုးကုတ် ရွှေဝေး ဝံ့ရှာ
ဓမ္မရုံသိ မိုးကုတ်မိုင်သာကျောင်းတိုက်ကြီးများ၏
ဦးစိုး ပဓာန နာယက
နိုင်ငံတော် ဟမ္မဓမ္မာစရိယ ပြည့်ထွန်းပြည်ဝ
သာသနာ့ပြု ဓမ္မကထိက ဆရာတော်
ဘဒ္ဒန္တသုန္ဒ၏

## ထုလို ခိုးစသား ရှုမရေး
တရားတော်စာအုပ်

ဓမ္မဒါန

အရှင်မေတ္တာသာရ (ဆွမ်းကျွေး)
ရေးသား စိတ်ပြုစုသည်

# ဓမ္မရုံသီ တဝဍ္ဍ ၃

မိုးကုတ် ရွှေလေး ရုံမှ
ဓမ္မရုံသီ မိုးကုတ်မြို့ခံသားကျောင်းတိုက်ကြီးများ၏
ဦးစီး ပဓာန နာယက
နိုင်ငံတော် တမ္မဒွါရာစရိယ ပြည်တွင်းပြည်ပ
သာသနာပြု ဓမ္မကထိက ဆရာတော်
ဘဒ္ဒန္တ သုနန္ဒ ၏

## ဓမ္မာရုံကျော်ရောက် ဒိဋ္ဌိပျောက်

## ပဋိစ္စသမုပ္ပါဒ်သင်တန်း တရားတော်စာအုပ်

အရှင်တေဇောသာရ (ရွှေကျား)
ရေးသား စိစစ်ပြုစုသည်

ရွှေကျင်သီ တစ်ဦး ၄

ဦးကျော် ရွှေလေး နှင့်
ရွှေဂုဏ် ဦးကျော်ဒိဋ္ဌိသာသနာ့ချောင်းလိုက်ကြီးများ၏
ဦးစီး ဝဏ္ဏ ဓာယသာ
နိုင်ငံတော် ကမ္ဘာ့နာမရှိယ ပြည်ထွန်းပြည်ဝ
သာသနာ့ပြု ဓမ္မကထိက ဆရာတော်
ဘဒ္ဒန္တ သုနန္ဒ ၏

# လောကီလောကုတ္တရာ အသုံးချပညာ
# ကြီးပွားကြောင်းရာ မင်္ဂလာ
တရားတော်တော်စုံ

အရှင်ဇောတိကာရ (ရွှေကူး)
ရေးသား စီစဉ်ပြုစုတော်မူသည်

ရွှေရုံသီ တ၀ဥ် ၊

နိုးကုတ် မန္တလေး ဗုံရှာ
ရွှေရုံသီ နိုးကုတ်ရိပ်သာကျောင်းတိုက်ကြီးများ၏
ဦးစီး ပဓာန နာယက
နိုင်ငံတော် ဓမ္မာစရိယ ပြည်တွင်းပြည်ပ
သာသနာပြု ဓမ္မကထိက ဆရာတော်
ဘဒ္ဒန္တ သုနန္ဒ ၏

# ဗုဒ္ဓရည်မှန်း မြတ်ဝတ္တန်း

တရားတော်စာစဉ်

အရှင်ကောဝိဿရ (ဓိုရှုး)
ရေးသား စီစဉ်ပူဇော်သည်



**ပဋ္ဌာန်းလင်းရောင် ဉာဏ်တန်ဆောင်ဖြင့် မိုက်မှောင်ပယ်ခွင်း နိဗ္ဗာန်ချင်းဆို့**

**နာနာပကာရဋ္ဌာနာနိ၊ ဗောဓိတာ နေတ္ထမုနိနာ။**

**အနန္တ နယ ပဋ္ဌာနံ၊ ဝန္ဒေ အနန္တ ဂေါစရံ။**

**ဧတ္ထ၊**

ဤအနန္တနယ သမန္တ ပဋ္ဌာန်းတော်ကြီး၌

**မုနိနာ၊**

မုနိထွဋ်တင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်

**နာနာပကာရဋ္ဌာနာနိ၊**

ဟေတု အာရမ္မဏ စသည်များစွာ အကြောင်းအရာတို့ကို

**ဗောဓိတာနိ၊**

သဗ္ဗညုတ ဉာဏ်တော်သာဖြင့် ဦးစွာကျနု သိပြီးမှလျှင်

များလှဝေနေ သိစေတော် မူခဲ့လေပြီ။

**အနန္တဂေါစရံ၊**

အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာဖြစ်သော

**တံ အနန္တ နယ ပဋ္ဌာနံ၊**

များပြောင်ပေါ်ယယ် နည်းစုံကြွယ်သား

ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို

**ဝန္ဒေ၊**

တစ်သက်တစ်ခါ ကြုံခဲ့စွာမို့ ကြုံလာသည့်ခိုက်

ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ ဘုရား။